ညောင်လေးပင်မြို့ - တောရကျောင်းတိုက်

နာယကဆရာတော်

ဦးအရိယမထေရ်မြတ်

ရေးသားစီရင်တော်မူအပ်သော

# ဒွေမာတိကာဘာသာ

နှင့်

ဝိနယကောသလ္လကျမ်း

ဝိနည်းမှတ်စု, ဝိနည်းမှတ်စုလက်ာ

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၁



အဂ္ဂမဟာပဏ္ဍိတ
ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီး၏
ပုံတော်

# နိဒါန်း

**သာသနာစည်ပင်မှု**……ဝိနည်းတရားတော် ဟူသည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒပင်ဖြစ်သည်၊ ထိုအဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးကြသော ရဟန်းတော်များသာလျှင် အသက်ရှိသော ရဟန်းတော်များဟူ၍ ခေါ်ဆိုရပေသည်။ လိုက်နာကျင့်သုံး အားထုတ်မှု မရှိသောရဟန်းတော်များ ကိုကား ဘိက္ခုဘာဝပင်ရှိသော်လည်း ရဟန်းသက်ကင်းပျောက် ဝိနည်းတရားခြောက်သွေ့သောရဟန်းတော်များဟူ၍ ခေါ်ဆိုထိုက်ပေသည်။ သို့ဖြစ်၍ ထိုဘုရားရှင်၏ အဆုံးအမဩဝါဒကို လိုက်နာ ကျင့်သုံးကြသော ရဟန်းတော်များ မြောက်မြားစွာ ပေါ်ထွန်း ပေါက်ပွါးမှသာလျှင် သာသနာ တည်သည်၊ သာသနာထွန်းကားသည်၊ သာသနာပြန့်ပြောစည်ပင်သည်ဟူ၍ ခေါ်ဆိုနိုင်ပေ၏။ မှန်ပေသည်……ထိုဘုရားရှင်၏ အဆုံးအမ ဩဝါဒကို မလိုက်နာ,မကျင့်သုံးဘဲ တော်လှန် ပုန်ကန်နေသော ဟန်ဆောင်မှု ဖုံးလွှမ်းသော အရေခြုံရဟန်းတော်များ များပြားတိုးပွါးနေပါလျှင် ရဟန်းအပေါင်း ထောင်သောင်းပင် ဖြစ်သော်လည်း သာသနာ ထွန်းကားသည်၊ သာသနာပြန့်ပြော စည်ပင်သည်ဟူ၍ စင်စစ် မဆိုနိုင်သောကြောင့်ပင်။

**နယူပဒေသ-ဩဝါဒ**……ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို လိုက်နာကျင့်ကြံ အားထုတ်မှုများသည်လည်း စင်စစ် ဝိနည်းငယ်လေးစောင်ပါဠိကို နှုတ်တက်ရရုံ၊ ဝိနည်း ငါးကျမ်းပါဠိကို နှုတ်တက်ရရုံ ဘတ်တတ်ရုံနှင့် ကျင့်ကြံအားထုတ် တတ်ပြီဟု မဆိုနိုင်သေးပေ။ အကျင့်သိက္ခာ ဝိနည်းအရာ၌ လိမ္မာတော်မူကြကုန်သော ရှေးရှေးဆရာတော်ကြီးများ၏ နယူပဒေသကို ဟတ္ထရဂ္ဂ လက်ဆုပ် လက်ကိုင်ရရှိတော်မူကြကုန်သော သိက္ခာကာမ သီလဝန္တ ဆရာကောင်း သွားကောင်းများထံတွင် ကျင့်ပုံ-ကြံပုံ-အားထုတ်ပုံနည်းဥပဒေသကို လက်တွေ့ ခံယူကြမှသာလျှင် ဆရာကောင်း သွားကောင်းတို့၏ ဒိဋ္ဌာနုဂတိကိုရ၍ အချိုးကျကျ ရဟန်းကောင်းဗီသ နိုင်ပေလိမ့်မည်၊ ဤသို့လက်တွေ့မခံယူကြရသော အချို့ရဟန်းတော်များမှာ စာ

# နိဒါန်း

မှာသာတတ်၍ ကိုယ်မှာမတတ်ဘဲ ရှိတတ်ပေသည်။ ဥပမာ တချပြဆို ရလျှင်။ ။ဘူတဂါမ သမာရမ္ဘေ၊ ပါစိတ္တိ ကတကပ္ပိယံ။ **နခေန ဝါ ဂ္ဂိ သမ္ဘူဟိ**၊ ဘဝေ သမဏကပ္ပိယံ။..... စသော ချဒ္ဒသိက္ခာ စကားရပ်ဝယ် ကြံစသော အဆစ်မျိုးစေ့၊ ငြုတ်စသော အစေ့မျိုးစေ့ စသော အားဖြင့် ဗီဇငါးမျိုးကို အသုံးပြုရာတွင် "ကပ္ပိယံ ကရောဟိ-ကပ္ပိယံ ဘန္တေ"စသည်ဆိုစေ၍ အသုံးပြုမှသာလျှင် ဒုက္ကဋ်အာပတ်မှ ကင်းလွတ်သည်ဟု ဩဝါဒရှိသည့်ဖြစ်ရာ ထိုဩဝါဒကို မလိုက်နာသည့်ရဟန်းတော်များကို အများအပြားပင်တွေ့ရပေသည်။ ထိုရဟန်းတော် များတွင် အချို့မှာတကယ်ပင်မသိ၍ သော်၎င်း, အချို့မှာဆရာအစဉ်အဆက် ဒိဋ္ဌာနုဂတိမရခဲ့၍သော်၎င်း မပြုလုပ်ကြသည်ကို တွေ့မြင်ရပေသည်။ ဤသို့လျှင် ဆရာကောင်း သွားကောင်းများထံတွင် နည်းမခံရ၍ ဖြစ်ရသောအပြစ်များမှာ များစွာပင်ဖြစ်ပေသည်။ သို့ဖြစ်၍ နည်းစံနစ်ကျကျခံယူရရှိ၍ နယူပဒေသ ဩဝါဒပိုင်ဘို့လည်း အရေးကြီးလှသည်။

**ရည်ရွယ်ချက်နှင့်ရေးသားစီရင်**.....ဤသို့ သေးသေး ကွေးကွေး အာပတ်ကလေးများကို အရေးမပြု ဂရုမစိုက် မထေမဲ့မြင်ပြုလိုသောစိတ်ထားရှိပါလျှင် ကြီးလေးသော အာပတ်များ၌လည်း ထို့အတူပင် စိတ်ထားရှိကြပေလိမ့်မည်။ ဥပမာ ညစာစားသောအပြစ်များကိုသာမဟုတ် ဒေသနာကြားလျှင် ပြေပျောက်ထာဘဲဟု စိတ်ထဲ၌မထေမဲ့မြင် အောက်မေ့ပါလျှင် ကြီးလေးသော ပါရာဇိက, သံဃာဒိသိသ် အာပတ်တို့ကိုလည်း တဖြည်းဖြည်းလေးစားတော့မည်မဟုတ်ပေ။ သေးကွေးသော အာပတ်ကလေးများကို လေးစားရိုသေသည့်ရှိသော် ကြီးလေးသောအာပတ်များ၌ကား အဘယ်မှာ မလေးစားနိုင်ဘဲ ရှိတော့အံ့နည်း။ သေးကွေးသောအာပတ်ကလေး များမှစ၍ ကြီးလေးသောပါရာဇိက, သံဃာဒိသိသ် အာပတ်များကို အလေးဂရုပြုမှသာလျှင် သီလဝန္တ သိက္ခာကာမ ဝိနယဂရုက ရဟန်းတော်တကားဟု ခေါ်ဆိုနိုင်သည် ဖြစ်ရာ ကျွန်ုပ်တို့၏ ကျေးဇူးရှင် **ညောင်လေးပင်မြို့-တောရကျောင်းတိုက်၊ ပဓာနနာယကဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည်** မိမိကိုယ်တိုင်လျှင် ရှေးရှေးဆရာတော်ဘုရားကြီ

## နိဒါန်း

များမှ ဝိနယကုက္ကုစ္စ ဖြစ်ပုံ-ကျင့်ပုံ-ကြံပုံ- အားထုတ်ပုံတို့ကို လက်တွေ့ရရှိခဲ့သည်ဖြစ်၍ မြန်မာပြည်တွင် ရှိရှိသမျှရဟန်းတော် များအား ဝိနယဂရုက သိက္ခာကာမ ရဟန်းတော်ချည်းသာ ဖြစ်ကြစေလိုသော စိတ်ဆန္ဒအာသီသ ပြင်းထန်လှသည့် အလျောက် အရသာအရှိဆုံး ဖြစ်သော ဝိနည်းတရားတော်ကို ဒွေမာတိကာနိဿယနှင့် ပူးတွဲ၍ "**ဒွေမာတိကာ အရသာ**" ဟူသော အမည်ဖြင့်စီရင်ရေးသားတော်မူအပ်ပေသည်။

ယင်းသို့ ရေးသားစီရင်တော်မူအပ်သော ဒွေမာတိကာ အရသာနှင့် ရွှေကျင်နိကာယဒုတိယသာသနာပိုင် **မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး** ရေးသားစီရင်တော်မူအပ်သော "**ဝိနယကောသလ္လ**"ကျမ်းတို့ကို **ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ပါဠိဆရာကြီး— ဆရာဥာဏ်အမှူးရှိသော ပါဠိဆရာ-ဦးမောင်ကြီး၊ ဦးကြွင်မောင်၊ ဦးစိုးဝင်း၊ ဆရာကြွင်၊ ဦးစိုးမြင့်၊ ဦးထွန်းမင်း**-စသော ပါဠိဆရာအဖွဲ့ဝင်တို့အား အက္ခရာပဒ ပုဒ်-ပါဌ် အမှားအယွင်းမရှိစေရအောင် စောင့်ရှောက်သုဓ်သင် ပြင်ဆင်စေလျက် . ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်စေရာ အောင်မြင်ပြီးစီးပါသတည်း။

### ဟောန္တိ စေတ္တ

**အမှာ ကမာစေရ ဘူတော၊ ညောင်လေးပင် ဇာတိဝိသုတော။**
**နဂရေ အရညာရာမေ၊ ပဓာနတ္တမုပါဂတော။**
**မဟာထေရဝရောကာသိ၊ ဝိနယေ မာတိကာယ ယံ။**
**ဝဏ္ဏနံ မြမ္မဘာသာယ၊ ရသဝန္တံတ္တဒီပနိံ။**
**မုဒ္ဒါလယမှိ ဝိချာတေ၊ ဟံသာဝတီတိ သညိတေ။**
**သာ သော မုဒ္ဒိတာ သောတု၊ ဇနာနံ ဟိတသာဓိကာ။**

"အရှင်ခေမိန္ဒ"

# ချွတ်ယွင်းတတ်ပုံသတိပြုရန်

သုဏာတု မေ ဘန္တေ သံဃော အဇ္ဇုပေါသထော…… စသည်၌ ဘကုန်း၊ ဃကြီး၊ ထဆင်ထူးတို့ကို ကံဆောင်ရာ၌ သိထိလယောင်ယောင်၊ ဓနိတယောင်ယောင် မကွဲအောင် ခပ်ဇွေ အချိုချွတ်ဆို၏။ အထိး၊အမ-မပီသသော နပုံပဏ္ဍုက်နှင့်တူ၏။ ဝါ၊ မိန်းမရှာနှင့် တူ၏ဟူ၍ ငင်း, အချိုပြင်းထန်စွာ အော်ဟစ်ကာ ချွတ်ဆို၏။ ဇာနန္ဒြမဲ့သည်ဟူ၍ငင်း အပြစ်အဆိုခံရတတ်သည်။မဖြို့မပဒိုပဒါဖြစ်အောင်သတိပြုသင့်၏။အချို ဝစ်စပေါက်သံဖြင့်အရှိန်ပြင်းစွာချွတ်ဆို၏။ပုဇ္ဇေယျံ… ကို ပုဇ္ဇေးယမ်း… ဟူ၍ငင်း, အဇ္ဈေသေယျံ ……ကို အဇ္ဈေသေးယမ်း …… ဟူ၍ငင်း, ဝိသဇ္ဇေယျံ……ကို ဝိသဇ္ဇေးယမ်း ဟူ၍ငင်း သံဃံ……ကို သန်းဃံ– ဟူ၍ငင်း– သိထိလ,ဓနိတလည်းမမှန်ဘဲ ချွတ်တတ်၏။ သတိပြုသင့်သည်။

ဘိက္ခု-ဂဏနာဝ ……ကို……ဘိက္ခု–ဂဏ+နာဝ……

| | | |
|---|---|---|
| ဝဇ္ဇနီယာစ ပုဂ္ဂလာတသ္မိံ | …… | ဝဇ္ဇနီယာစ ပုဂ္ဂလ+တသ္မိံ…… |
| သဗ္ဗေဝ–သန္တာ | …… | သဗ္ဗေ+ဝသန္တာ |
| ကာရယံ·မာနေန | …… | ကာရ+ယမာနေန…… |
| သာရု·ဝတ-မံ | …… | သာရုဝ+တမံ |
| ဓာနာတိ နော-ဘာသတိ | …… | ဓာနာတိ+နောဘာသတိ |
| အဇ္ဈတဂ္ဂေတေ-အာဂုသော | …… | အဇ္ဈတဂ္ဂေ+တေအာဂုသော |
| ကေကာသ မေ | …… | ကေ+ကာသမေ |
| ကဒ္ဒမံ ဝါ | …… | ကဒ္ဒ+မံဝါ…… |
| ဝေါသာသ မာနရူပါ | …… | ဝေါသာ+သမာနရူပါ |
| ဘဂိနိ | …… | ဘဂနိ |
| နဲ ထူပက–တော | …… | နဲ ထူပ+ကတော…… |
| ဝိဟောသာယ | …… | ဝိဟောသ+ယ…… |

ဥ-ကွိဋ္ဌကာယ …… ဥ–ကွိဋ္ဌ+ကာယ……

ကာယံ•ပွစာလက် …… ကာယပွ+စာလက်……

ဤသို့စသည်ဖြင့် ချွတ်ယွင်းတတ်ပုံ မချွတ်ယွင်းအောင် သတိပြုနိုင်ကြပါစေ။

[ဤစာအုပ်ကို ပြီးမြောက်ပါစေခြင်းငှါ ညောင်လေးပင်ဘုန်းကြီး ဦးဇိဝက, အင်းရိုင်းတောရဘုန်းကြီး ဦးကေသရ, မုတ်ပလ္လင်ဘုန်းကြီး ဦးပညာဝံသတို့၏ ဒါယကာ ဒါယိကာမတို့က ဝိုင်းဝန်း ပံ့ထောက် ချီးမြှောက် ကူညီကြကုန်၏။]

# မာတိကာ


စာမျက်နှာ

## ဘိက္ခုပါတိမောက်

မဟာနမက္ကာရ ...... ...... ...... ၁
ပုဗ္ဗကရဏလေးပါး ...... ...... ...... ၂
ပုဗ္ဗကိစ္စငါးပါး ...... ...... ...... ၃
ပတ္တကလ္လအင်္ဂါလေးပါး ...... ...... ၄
အာရာဓနာကာရ ...... ...... ...... ၅

## နိဒါနုဒ္ဒေသ

၁။ ဉတ်ထားခြင်း ...... ...... ...... ၆
၂။ ပုဗ္ဗကိစ္စမေးခြင်း ...... ...... ...... ၇
၃။ သဝနဝိဓိ ...... ...... ...... ၇
၄။ ဝိသုဒ္ဓါရောစနဝိဓိ ...... ...... ...... ၈
၅။ အနာရောစနာပတ္တိ ...... ...... ...... ၈
နိဂုံး ...... .... ...... ၁၀
သမုဋ္ဌာန် ၆-ပါး၊သိသ ၁၃-ပါး ...... ၁၁

## ပါရာဇိကုဒ္ဒေသ

၁။ မေထုနသိက္ခာပုဒ် ...... ...... ၁၂
၂။ အဒိန္နာဒါန ...... ...... ...... ၁၃
၃။ မနုဿဝိဂ္ဂဟ ...... ...... ၁၄
၄။ ဥတ္တရိမနုဿဓမ္မ ...... ...... ...... ၁၅
နိဂုံး ...... ...... ...... ၁၇

## သံဃာဒိသေသုဒ္ဒေသ

၁။ သုက္ကဝိဿဋ္ဌိ ...... ...... ...... ၁၈
၂။ ကာယသံသဂ္ဂ ...... ...... ...... ၁၈
၃။ ဒုဋ္ဌုလ္လဝါစာ ...... ...... ...... ၂၀

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၄။ | အတ္တကာမပါရိစရိယ ...... ...... | ၂၁ |
| ၅။ | သဉ္စရိတ္တ ...... ...... ...... | ၂၂ |
| ၆။ | ကုဋိကာရ ...... ...... ...... | ၂၃ |
| ၇။ | ဝိဟာရကာရ ...... ...... ...... | ၂၅ |
| ၈။ | ဒုဋ္ဌဒေါသ ...... ...... ...... | ၂၆ |
| ၉။ | အညဘာဂိယ ...... ...... ...... | ၂၇ |
| ၁၀။ | သံဃဘေဒက ...... ...... ...... | ၂၈ |
| ၁၁။ | ဘေဒါနုဝတ္တက ...... ...... ...... | ၃၀ |
| ၁၂။ | ဒုဗ္ဗစ ...... ...... ...... | ၃၂ |
| ၁၃။ | ကုလဒူသန ...... ...... ...... | ၃၄ |
| | နိဂုံး ...... ...... ...... | ၃၇ |

## အနိယတုဒ္ဒေသ

| | | |
|---|---|---|
| ၁။ | ပဌမအနိယတ ...... ...... ...... | ၄၀ |
| ၂။ | ဒုတိယအနိယတ ...... ...... ...... | ၄၁ |
| | နိဂုံး ...... ...... ...... | ၄၂ |

## ဝိတ္ထာရုဒ္ဒေသ(နိဿဂ္ဂိပါစိတ်)
## စီဝရဝဂ်

| | | |
|---|---|---|
| ၁။ | ပဌမကထိန ...... ...... ...... | ၄၃ |
| ၂။ | ဥဒ္ဒေါသိတ ...... ...... ...... | ၄၄ |
| ၃။ | တတိယကထိန ...... ...... ...... | ၄၅ |
| ၄။ | ပုရာဏစီဝရ ...... ...... ...... | ၄၆ |
| ၅။ | စီဝရ ပဋိဂ္ဂဟဏ ...... ...... ...... | ၄၇ |
| ၆။ | အညာတကဝိညတ္တိ ...... ...... | ၄၇ |
| ၇။ | တတုတ္တရိ ...... ...... ...... | ၄၈ |
| ၈။ | ဥပက္ခဋ ...... ...... ...... | ၄၉ |
| ၉။ | ဒုတိယ ဥပက္ခဋ ...... ...... ...... | ၅၀ |
| ၁၀။ | ရာဇ ...... ...... ...... | ၅၂ |

# မာတိကာ

စာမျက်နှာ

## ဧဠကလောမဝဂ်


| | | |
|---|---|---|
| ၁။ | ကောသေယျ | ၅၆ |
| ၂။ | သုဒ္ဓကာဠက | ၅၆ |
| ၃။ | ဒွေဘာဂ | ၅၆ |
| ၄။ | ဆဗ္ဗဿ | ၅၇ |
| ၅။ | နိသီဒနသန္ထတ | ၅၇ |
| ၆။ | ဧဠကလောမ | ၅၈ |
| ၇။ | ဧဠကလောမဓောဝါပန | ၅၉ |
| ၈။ | ရူပိယ | ၆၀ |
| ၉။ | ရူပိယသံဝေါဟာရ | ၆၁ |
| ၁၀။ | ကယဝိက္ကယ | ၆၁ |


## ပတ္တဝဂ်


| | | |
|---|---|---|
| ၁။ | ပတ္တ | ၆၂ |
| ၂။ | ဦနပဉ္စဗန္ဓန | ၆၃ |
| ၃။ | ဘေသဇ္ဇ | ၆၄ |
| ၄။ | ဝဿိကသာဋိက | ၆၅ |
| ၅။ | စီဝရ အစ္ဆိန္ဒန | ၆၇ |
| ၆။ | သုတ္တဝိညတ္တိ | ၆၇ |
| ၇။ | မဟာပေသကာရ | ၆၈ |
| ၈။ | အစ္စေကစီဝရ | ၆၉ |
| ၉။ | သာသင်္က | ၇၀ |
| ၁၀။ | ပရိဏတ | ၇၂ |
| | နိဂုံး | ၇၃ |


## သုဒ္ဓပါစိတ် (မုသာဝါဒဝဂ်)


| | | |
|---|---|---|
| ၁။ | မုသာဝါဒ | ၇၄ |
| ၂။ | ဩမသဝါဒ | ၇၄ |
| ၃။ | ပေသုည | ၇၅ |

## မာတိကာ

စာမျက်နှာ


၄။ ပဒသောဓမ္မ ...... ...... ...... ၇၅
၅။ သဟာသေယျ ...... ...... ...... ၇၆
၆။ ဒုတိယသဟာသေယျ ...... ...... ...... ၇၇
၇။ ဓမ္မဒေသံနာ ...... ...... ...... ၇၇
၈။ ဘူတာရောစန ...... ...... ...... ၇၈
၉။ ဒုဋ္ဌုလ္လာရောစန ...... ...... ...... ၇၉
၁၀။ ပထဝီခဏန ...... ...... ...... ၇၉


## ဘူတဂါမဝဂ်


၁။ ဘူတဂါမ ...... ...... ...... ၈၀
၂။ အညဝါဒက ...... ...... ...... ၈၁
၃။ ဥဇ္ဈာပနက ...... ...... ...... ၈၁
၄။ ပဌမသေနာသန ...... ...... ...... ၈၂
၅။ ဒုတိယသေနာသန ...... ...... ...... ၈၃
၆။ အနုပခဇ္ဇ ...... ...... ...... ၈၄
၇။ နိက္ကဍ္ဎန ...... ...... ...... ၈၅
၈။ ဝေဟာသကုဋိ ...... ...... ...... ၈၅
၉။ မဟလ္လကဝိဟာရ ...... ...... ...... ၈၆
၁၀။ သပ္ပါဏက ...... ...... ...... ၈၇


## ဘိက္ခုနောဝါဒဝဂ်


၁။ ဩဝါဒ ...... ...... ...... ၈၇
၂။ အတ္ထင်္ဂတ ...... ...... ...... ၈၈
၃။ ဘိက္ခုနုပဿယ ...... ...... ...... ၈၈
၄။ အာမိသ ...... ...... ...... ၈၉
၅။ စီဝရဒါန ...... ...... ...... ၈၉
၆။ စီဝရသိဗ္ဗန ...... ...... ...... ၉၀
၇။ သံဝိဓာန ...... ...... ...... ၉၀
၈။ နာဝါဘိရုဟန ...... ...... ...... ၉၁

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၉။ | ပရိပါစိတ | ၉၁ |
| ၁၀။ | ရဟောနိသဇ္ဇ | ၉၂ |

## ဘောဇနဝဂ်

| | | |
|---|---|---|
| ၁။ | အာဝသထပိဏ္ဍ | ၉၂ |
| ၂။ | ဂဏဘောဇန | ၉၃ |
| ၃။ | ပရမ္ပရဘောဇန | ၉၄ |
| ၄။ | ကာဏမာတာ | ၉၅ |
| ၅။ | ပဝါရဏာ | ၉၆ |
| ၆။ | ဒုတိယပဝါရဏာ | ၉၇ |
| ၇။ | ဝိကာလဘောဇန | ၉၇ |
| ၈။ | သန္နိဓိကာရက | ၉၈ |
| ၉။ | ပဏီတဘောဇန | ၉၉ |
| ၁၀။ | ဒန္တပေါဏ | ၁၀၀ |

## အစေလကဝဂ်

| | | |
|---|---|---|
| ၁။ | အစေလက | ၁၀၁ |
| ၂။ | ဥယျောဇန | ၁၀၂ |
| ၃။ | သဘောဇန | ၁၀၃ |
| ၄။ | ပဋိစ္ဆန္နာသန | ၁၀၃ |
| ၅။ | ရဟောနိသဇ္ဇ | ၁၀၄ |
| ၆။ | စာရိတ္တ | ၁၀၄ |
| ၇။ | မဟာနာမ | ၁၀၅ |
| ၈။ | ဥယျုတ္တ | ၁၀၆ |
| ၉။ | သေနာဝါသ | ၁၀၆ |
| ၁၀။ | ဥယျောဓိက | ၁၀၇ |

## သုရာပါနဝဂ်

| | | |
|---|---|---|
| ၁။ | သုရာပါန | ၁၀၈ |
| ၂။ | အင်္ဂုလိပတောဒက | ၁၀၈ |

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၃။ | ဟာသဝဂ္ဂ | ၁၀၈ |
| ၄။ | အနုဒ္ဒရိယ | ၁၀၉ |
| ၅။ | ဘိံသာပန | ၁၀၉ |
| ၆။ | ဇောတိကာ | ၁၀၉ |
| ၇။ | နှာန | ၁၁၀ |
| ၈။ | ဒုဗ္ဗဏ္ဏကရဏ | ၁၁၁ |
| ၉။ | ဝိကပ္ပနာ | ၁၁၂ |
| ၁၀။ | အပနိဓာန | ၁၁၃ |

## သပ္ပါဏကဝဂ်

| | | |
|---|---|---|
| ၁။ | သဉ္စိစ္စပါဏ | ၁၁၄ |
| ၂။ | သပ္ပါဏက | ၁၁၄ |
| ၃။ | ဥက္ကောဋန | ၁၁၄ |
| ၄။ | ဒုဋ္ဌုလ္လ | ၁၁၅ |
| ၅။ | ဦနဝီသတိဝဿ | ၁၁၆ |
| ၆။ | ထေယျသတ္တ | ၁၁၆ |
| ၇။ | သံဝိဓာယ | ၁၁၇ |
| ၈။ | အရိဋ္ဌ | ၁၁၈ |
| ၉။ | ဥက္ခိတ္တသမ္ဘောဂ | ၁၂၀ |
| ၁၀။ | ကဏ္ဍက | ၁၂၁ |

## သဟဓမ္မိကဝဂ်

| | | |
|---|---|---|
| ၁။ | သဟဓမ္မိက | ၁၂၃ |
| ၂။ | ဝိလေခန | ၁၂၄ |
| ၃။ | မောဟန | ၁၂၅ |
| ၄။ | ပဟာရ | ၁၂၇ |
| ၅။ | တလသတ္တိက | ၁၂၇ |
| ၆။ | အမူလက | ၁၂၈ |
| ၇။ | သဉ္စိစ္စ | ၁၂၈ |
| ၈။ | ဥပဿုတိ | ၁၂၉ |

# မာတိကာ


| | | |
|---|---|---|
| | | စာမျက်နှာ |
| ၉။ | ကမ္မပဋိဗာဟန ...... ...... ...... | ၁၃၀ |
| ၁၀။ | ဆန္ဒံအဒတွာဂမန ...... ...... ...... | ၁၃၀ |
| ၁၁။ | ဒုဗ္ဗလ ...... ...... ...... | ၁၃၁ |
| ၁၂။ | ပရိဏာမန ...... ...... ...... | ၁၃၂ |
| | **ရတနဝဂ်** | |
| ၁။ | အန္တေပုရ ...... ...... ...... | ၁၃၂ |
| ၂။ | ရတန ...... ...... ...... | ၁၃၃ |
| ၃။ | ဝိကာလ ဂါမပ္ပဝေသန ...... ...... | ၁၃၄ |
| ၄။ | သူစိဃရ ...... ...... ...... | ၁၃၅ |
| ၅။ | မဉ္စ ...... ...... ...... | ၁၃၅ |
| ၆။ | တူလောနဒ္ဓ ...... ...... ...... | ၁၃၆ |
| ၇။ | နိသီဒန ...... ...... ...... | ၁၃၇ |
| ၈။ | ကဏ္ဍုပ္ပဋိစ္ဆာဒိ ...... ...... ...... | ၁၃၈ |
| ၉။ | ဝဿိကသာဋိကာ ...... ...... | ၁၃၉ |
| ၁၀။ | နန္ဒတ္ထေရ ...... ...... ...... | ၁၃၉ |
| | နိဂုံး ...... ...... ...... | ၁၄၀ |
| | **ပါဋိဒေသနီ** | |
| ၁။ | ပဌမပါဋိဒေသနီ ...... ...... ...... | ၁၄၁ |
| ၂။ | ဒု–ပါဋိဒေသနီ ...... ...... ...... | ၁၄၂ |
| ၃။ | တ–ပါဋိဒေသနီ ...... ...... ...... | ၁၄၃ |
| ၄။ | စတုတ္ထ-ပါဋိဒေသနီ ...... ...... | ၁၄၄ |
| | နိဂုံး ...... ...... ...... | ၁၄၅ |
| | ပြလတ္တံ့သော သေခိယ၏ဂုဏ်ထူး ...... | ၁၄၆ |
| | **သေခိယ (ပရိမဏ္ဍလဝဂ်)** | |
| ၁။ | ပရိမဏ္ဍလနိဝါသန ...... ...... | ၁၄၈ |
| ၂။ | ပရိမဏ္ဍလပါရုပန ...... ...... | ၁၄၉ |

# မာတိကာ


| | | | | စာမျက်နှာ |
|---|---|---|---|---|
| ၃။ | သုပ္ပဋိစ္ဆန္န ဂမန | ...... | ...... | ၁၄၉ |
| ၄။ | သုပ္ပဋိစ္ဆန္န နိသီဒန | ...... | ...... | ၁၅၀ |
| ၅၊၆။ | သုသံဝုတ | ...... | ...... | ၁၅၀ |
| ၇၊၈။ | ဩက္ခိတ္တစက္ခု | ...... | ...... | ၁၅၁ |
| ၉၊၁၀။ | ဥက္ခိတ္တက | ...... | ...... | ၁၅၁ |

## ဥဇ္ဇဂ္ဃိကဝဂ်

| | | | | |
|---|---|---|---|---|
| ၁၊၂။ | ဥဇ္ဇဂ္ဃိက | ...... ...... | ...... | ၁၅၂ |
| ၃၊၄။ | အပ္ပသဒ္ဒ | ...... ...... | ...... | ၁၅၂ |
| ၅၊၆။ | ကာယပ္ပစာလက | ...... ...... | ...... | ၁၅၃ |
| ၇၊၈။ | ဗာဟုပ္ပစာလက | ...... ...... | ...... | ၁၅၃ |
| ၉၊၁၀။ | သီသပ္ပစာလက | ...... ...... | ...... | ၁၅၃ |

## ခမ္ဘကတဝဂ်

| | | | | |
|---|---|---|---|---|
| ၁၊၂။ | ခမ္ဘကတ | ...... ...... | ...... | ၁၅၃ |
| ၃၊၄။ | ဩဂုဏ္ဌိတ | ...... ...... | ...... | ၁၅၄ |
| ၅။ | ဥက္ကုဋိက | ...... ...... | ...... | ၁၅၄ |
| ၆။ | ပလ္လတ္ထိက | ...... ...... | ...... | ၁၅၄ |
| ၇။ | သက္ကစ္စ ပဋိဂ္ဂဟဏ | ...... ...... | ...... | ၁၅၄ |
| ၈။ | ပတ္တသညီ | ...... ...... | ...... | ၁၅၅ |
| ၉။ | သမသူပက | ...... ...... | ...... | ၁၅၅ |
| ၁၀။ | ထူပီကတ | ...... ...... | ...... | ၁၅၅ |

## သက္ကစ္စဝဂ်

| | | | | |
|---|---|---|---|---|
| ၁။ | သက္ကစ္စဘုဉ္ဇန | ...... ...... | ...... | ၁၅၆ |
| ၂။ | ပတ္တသညီ | ...... ...... | ...... | ၁၅၆ |
| ၃။ | သပဒါန | ...... ...... | ...... | ၁၅၆ |
| ၄။ | သမသူပက | ...... ...... | ...... | ၁၅၆ |
| ၅။ | ထူပက | ...... ...... | ...... | ၁၅၇ |

## မာတိကာ


စာမျက်နှာ

၆။ ဩဒနပဋိစ္ဆာဒန ...... ...... ...... ၁၅၇
၇။ သူပေါဒနဝိညတ္တိ ...... ...... ...... ၁၅၇
၈။ ဥဇ္ဈာနသညီ ...... ...... ...... ၁၅၈
၉။ အတိမဟန္တ ...... ...... ...... ၁၅၈
၁၀။ ပရိမဏ္ဍလ အာလောပ ...... ...... ၁၅၉


### ကဗဠဝဂ်


၁။ အနာဟဋ ...... ...... ...... ၁၅၉
၂။ သဗ္ဗဟတ္ထ ...... ...... ...... ၁၅၉
၃။ သကဗဠမုခဗျာဟရဏ ...... ...... ...... ၁၆၀
၄။ ပိဏ္ဍုက္ခေပက ...... ...... ...... ၁၆၀
၅။ ကဗဠာဝစ္ဆေဒက ...... ...... ...... ၁၆၀
၆။ အဝဂဏ္ဍကာရက ...... ...... ...... ၁၆၁
၇။ ဟတ္ထနိဒ္ဓုနက ...... ...... ...... ၁၆၁
၈။ သိတ္ထာဝကာရက ...... ...... ...... ၁၆၁
၉။ ဇိဝှါနိစ္ဆာရက ...... ...... ...... ၁၆၁
၁၀။ စပုစပု ...... ...... ...... ၁၆၁


### သုရုသုရုဝဂ်


၁။ သုရုသုရု ...... ...... ...... ၁၆၂
၂။ ဟတ္ထနိလ္လေဟက ...... ...... ...... ၁၆၂
၃။ ပတ္တနိလ္လေဟက ...... ...... ...... ၁၆၂
၄။ ဩဋ္ဌနိလ္လေဟက ...... ...... ...... ၁၆၃
၅။ သာမိသဟတ္ထ ...... ...... ...... ၁၆၃
၆။ ပတ္တဓောဝန ...... ...... ...... ၁၆၃
၇။ ဆတ္တပါဏိ ...... ...... ...... ၁၆၄
၈။ ဒဏ္ဍပါဏိ ...... ...... ...... ၁၆၄
၉။ သတ္ထပါဏိ ...... ...... ...... ၁၆၅
၁၀။ အာဝုဓပါဏိ ...... ...... ...... ၁၆၅

# မာတိကာ

စာမျက်နှာ

## ပါဒုကဝဂ်


| | | |
|---|---|---|
| ၁။ ပါဒုကာ | ...... ...... ...... | ၁၆၅ |
| ၂။ ဥပါဟနာ | ...... ...... ...... | ၁၆၆ |
| ၃။ ယာနံ | ...... ...... ...... | ၁၆၆ |
| ၄။ သယနံ | ...... ...... ...... | ၁၆၇ |
| ၅။ ပလ္လင္ကိက | ...... ...... ...... | ၁၆၇ |
| ၆။ ဝေဠိတ | ...... ...... ...... | ၁၆၇ |
| ၇။ ဩဂုဏ္ဌိတ | ...... ...... ...... | ၁၆၇ |
| ၈။ ဆဓာ | ...... ...... ...... | ၁၆၈ |
| ၉။ နိစာသနံ | ...... ...... ...... | ၁၆၈ |
| ၁၀။ ဋ္ဌိတ | ...... ...... ...... | ၁၆၈ |
| ၁၁။ ပဏ္ဍုတောဂမနံ | ...... ...... ...... | ၁၆၉ |
| ၁၂။ ဥပ္ပထဂမနံ | ...... ...... ...... | ၁၆၉ |
| ၁၃။ ဋ္ဌိတဥစ္စာရ | ...... ...... ...... | ၁၆၉ |
| ၁၄။ ဟရိတ | ...... ...... ...... | ၁၇၀ |
| ၁၅။ ဥဒက | ...... ...... ...... | ၁၇၀ |
| နိဂုံး | ...... ...... ...... | ၁၇၁ |
| အဓိကရဏသမထ | ...... ...... ...... | ၁၇၁ |
| နိဂုံ | ...... ...... ...... | ၁၇၃ |
| မဟာနိဂုံ ကြီး | ...... ...... ...... | ၁၇၃ |


## ဘိက္ခုနီပါတိမောက်


| | | |
|---|---|---|
| နိဒါန္ဒေသ | ...... ...... ...... | ၁၇၅ |


## ပါရာဇိကုဒ္ဒေသ


| | | |
|---|---|---|
| မေထုနံ | ...... ...... ...... | ၁၇၆ |
| ၁။ သိက္ခာပုဒ် | ...... ...... ...... | ၁၇၆ |
| ၂။ သိက္ခာပုဒ် | ...... ...... ...... | ၁၇၇ |
| ၃။ သိက္ခာပုဒ် | ...... ...... ...... | ၁၇၉ |

# မာတိကာ


စာမျက်နှာ

၄။ သိက္ခာပုဒ် ...... ...... ...... ၁၀၀
နိဂုံး ...... ...... ...... ၁၀၂

## သံဃာဒိသေသုဒ္ဒေသ

၁-မှ၊ ၁၀-အထိ သိက္ခာပုဒ် ...... ...... ၁၀၃
နိဂုံး ...... ...... ...... ၁၉၇

## ဝိတ္ထာရုဒ္ဒေသ(နိဿဂ္ဂိပါစိတ်

သိက္ခာပုဒ် (၁၀) ...... ...... ...... ၂၀၀
သိက္ခာပုဒ် (၂) ...... ...... ...... ၂၀၅
နိဂုံး ...... ...... ...... ၂၀၆

## သုဒ္ဓပါစိတ်

လသုဏဝဂ်(၁၀) ...... ...... ...... ၂၀၇
ရတ္တန္ဓကာရဝဂ် (၁၀) ...... ...... ၂၁၂
နဂ္ဂဝဂ် (၁၀) ...... ...... ...... ၂၁၇
တုဝဋ္ဋဝဂ် (၁၀) ...... ...... ...... ၂၂၂
စိတ္တာဂါရဝဂ် (၁၀) ...... ...... ...... ၂၂၇
အာရာမဝဂ် (၁၀) ...... ...... ...... ၂၃၂
ဂဗ္ဘိနီဝဂ် (၁၀) ...... ...... ...... ၂၃၀
ကုမာရိဘူတဝဂ် (၁၃) ...... ...... ၂၄၂
ဆတ္တုပါဟနဝဂ် ( ၁၃ ) ...... ...... ၂၄၀
နိဂုံး ...... ...... ...... ၂၅၃
သမုဋ္ဌာနဝိနိစ္ဆယအထူ ...... ...... ၂၅၃
ပါဋိဒေသနီ( သိက္ခာပုဒ်-၈-၃-) ...... ...... ၂၅၄
နိဂုံး ...... ...... ...... ၂၅၆
မဟာနိဂုံးကြီး ...... ...... ...... ၂၅၆

## ဝိနယကောသလ္လကျမ်း


| | | |
|---|---|---|
| ၁။ | စီဝရံ | ၂၅၉ |
| ၂။ | ပဇ္ဇော | ၂၆၂ |
| ၃။ | ထာလကာ | ၂၆၃ |
| ၄။ | ပတိဂ္ဂဟော | ၂၆၅ |
| ၅။ | ပဝါရိတော | ၂၆၅ |
| ၆။ | ဥပေါသထော | ၂၆၈ |
| ၇။ | ပဝါရဏာခ | ၂၇၀ |
| ၈၊၉။ | သဆန္ဒ၊ပါရိသုဒ္ဓိစ | ၂၇၁ |
| ၁၀။ | ကုဋိ | ၂၇၂ |
| ၁၁။ | ကာလိကာ | ၂၇၃ |
| ၁၂။ | နိဿိတမုတ္တောခ | ၂၇၅ |
| ၁၃။ | နိဿယောပဇ္ဈာ | ၂၇၆ |
| ၁၄။ | ဝိဝါဒဆွေ့ဒေါ | ၂၇၈ |
| | မာတိကာစဉ်ဂါထာ | ၂၈၀ |


## ဝိနည်းမှတ်စုများ


| | |
|---|---|
| ဒေသနာကြားပုံ | ၂၈၁ |
| ဂရုကေဒွာတပ္ပသဘော | ၂၈၂ |
| သက်နှိုးသပိတ်အဓိဋ္ဌာန်စသည် | ၂၈၃ |
| ဥပုသ်၊ပဝါရဏာတို့ | ၂၈၅ |
| ဗိဇဂါမ်ကပ္ပိခြင်း | ၂၈၇ |
| အတိရိတ်ဝိနည်းကံ | ၂၈၈ |
| နိဿယည်းယူခြင်းတို့ | ၂၈၉ |
| တောင်းပန်၊ဝါကပ်၊ဝါပန်တို့ | ၂၉၀ |
| ကထိန်ခင်း၊အနုမောဒနာ | ၂၉၁ |
| နေလွဲရှာဝင်၊ဥဿာဝန်ပြုပုံ | ၂၉၁ |
| မကိုင်ကောင်းများ၊သံဝေဝါဟာရကိုးမျိုး | ၂၉၂ |

# မာတိကာ


| | စာမျက်နှာ |
|---|---|
| အကပ္ပိယစတုက္က | ၂၉၃ |
| သပိတ်ကိုးလုံး၊ သင်္ကန်းကိုးထည် | ၂၉၄ |
| ကြွင်းသင်္ကန်းချားပမာဏ | ၂၉၅ |
| စောရပဋ္ဌစတုက္က | ၂၉၅ |
| ဌေဝကစတုက္က | ၂၉၆ |
| ရဟန်းဆေးကုနည်းမှတ်ဘွယ် | ၂၉၇ |
| ပရိတ်ရွတ်၊ မသာလိုက်၊ ဆွမ်းဦးပေး | ၂၉၈ |
| သိက္ခာပုဒ်ပေါင်း နှင့်ကံကြီးခုနစ်ပါး | ၂၉၉ |
| ဝတ်ပျက်ကြောင်း၃-ပါး၊ ၄-ပါး | ၃၀၀ |
| ရေချိုးဖုံးလွှမ်း ၃-ပါး | ၃၀၀ |
| သပိတ်မှောက်၊ အပ္ပသာဒရှစ်ပါးစီ | ၃၀၁ |
| လောကာယတ၊ တိရစ္ဆာနဝိဇ္ဇာ | ၃၀၁ |
| လဲ၊ ခေါင်းအုံး၊ ဘုံလျှို | ၃၀၂ |
| ဒေဝဒတ်ဆု ၅-ပါး၊ ဘတ်-၁၄ | ၃၀၃ |
| အုံဘွယ်ရှစ်ပါးနှင့် အစ္စယဒါန | ၃၀၃ |
| အာနန္ဒာဒုက္ကနိုင်ငါးပါးစသည် | ၃၀၄ |
| ဝေသာလီအဓမ္မဝတ္ထုဆယ်ပါး | ၃၀၄ |
| ညစ်နွမ်းကြောင်းလေးပါး | ၃၀၅ |
| ဒေသနာကြားမရည်ရှစ်ခု | ၃၀၅ |
| ပဒေသပညပ်လေးပါး | ၃၀၆ |
| ဂါရဝ၊ သာရဏီယ ၆-ပါးစီ | ၃၀၆ |
| အာပတ်သင့်သူ၊ မသင့်သူ၊ ဘုရားရှိ မရှိ အာပတ်၊ အပုည ဒါန ၅-ပါး | ၃၀၇ |
| မတရားဒေသနာကြားခြင်း | ၃၀၈ |
| မျက်ကွယ်ကံရှစ်ပါး | ၃၀၈ |
| အဓိကရဏ်း၊ စော၊ ရ၊ အနုဝိဇ္ဇက စသည်တို့၏ ကျင့်ဝတ်-စသည် | ၃၀၈ |
| ပါရာဇိကဆုံးဖြတ်နည်း | ၃၁၄ |
| ဒုတိယပါရာဇိကဋ္ဌ သြဝါဒ | ၃၁၄ |

## မာတိကာ

စာမျက်နှာ

### ဝိနည်းမှတ်စုလင်္ကာ


| | | | |
|---|---|---|---|
| နိဒါန်းလင်္ကာ(၁-မှ ၁၈) | ...... | ...... | ၃၁၅ |
| ပညပ်ကျိုးစသည် (၁၉-မှ ၂၆) | ...... | ...... | ၃၁၇ |
| ပါရာဇိက(၂၇-မှ၅၁) | ...... | ...... | ၃၁၈ |
| သံဃာဒိသိသ်(၅၂-မှ၈၄) | ...... | ...... | ၃၂၁ |
| နိဿဂ္ဂိ(၈၅-မှ ၁၂၄) | ...... | ...... | ၃၂၅ |
| ပါစိတ်(၁၂၅-မှ ၁၇၇) | ...... | ...... | ၃၃၀ |
| သမထ (၁၇၈-မှ၁၈၅) | ...... | ...... | ၃၃၇ |
| ဘိက္ခုနီပါစိတ်(၁၈၆-မှ၁၉၀) | ...... | ...... | ၃၃၇ |
| မဟာဝါ(၁၉၁-မှ၂၂၄) | ...... | ...... | ၃၃၈ |
| စူဠဝါ(၂၂၅-မှ ၂၃၀) | ...... | ...... | ၃၄၂ |
| ပရိဝါ(၂၃၁-မှ ၂၃၄) | ...... | ...... | ၃၄၃ |
| ဝိသုဒ္ဓိမဂ်(၂၃၅-မှ၂၅၆) | ...... | ...... | ၃၄၄ |
| နိဂုံး | ...... | ...... | ၃၄၆ |

# ဓမ္မပါတိကာဝအရသာ

## ဘိက္ခုပါတိမောက်

### မဟာနမက္ကာရ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော-အာရကဿ၊ကိလေသာတို့မှ ဝေးကွာတော်မူသော။ အရ+ဟတော-အရိ+ဟတဿ၊ ကိလေသာရန်သူတို့ကို+သတ်တော်မူသော။ အရ+ဟတော-အရ+ဟတဿ၊ သံသရာစက်၏ အကန့်တို့ကို+ဖျက်ဆီးတော်မူသော။အရဟတော-အရဟန္တဿ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ အ+ရဟတော-အ+ရဟဿ၊ မကောင်းမှုကိုပြုစရာ ဆိတ်ကွယ်ရာ+မရှိသော။ (ငါးနက်။)သမ္မာ+သ+မ္ဗုဒ္ဓဿ၊ အလုံးစုံသောတရားတို့ကို မဖောက်မပြန်+ကိုယ်တော်တိုင်+သိတော်မူသော။ ဘဂ+ဝတော-ဘာဂျ+ဝန္တဿ၊အထွန့် အထိပ်သို့ ရောက်သော ဒါနစသော ပါရမီဘုန်းကံ+ရှိတော် မူသော။ဘဂ+ဝတော—ဘဂ္ဂ+ဝန္တဿ၊ အသိန်းမကသော ကိလေသာအကျဉ်းအားဖြင့် မာရ်ငါးဖြာကိုချိုးဖွဲ့ဖျက်ဆီး+တော်မူသော။ဘဂ+ဝတော-ဘဂ+ဝန္တဿ၊ ဠာဿရိယစသော တရားခြောက်ပါး+ရှိတော်မူသော၊ ဘဂ+ဝတော-ဝိဘတ္တ+ဝန္တဿ၊ ကုသိုလ်စသောအပြား၊ ခန္ဓာစသော အပြားတို့ဖြင့် တရားတို့ကိုဝေဘန်ဟောကြား+တော်မူသော၊ဘဂ+ဝတော-ဘတ္တ+

ဝဍ္ဎသဿ၊ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်တို့ကို အကြိမ်ကြိမ် မှီဝဲဆည်းကပ်+တော်မူသော။ ဘ+ဂ+ဝတော-ဘဝ+ဂမန+ဝဍ္ဎသဿ၊ ဘဝတို့၌+ပြေးသွားတတ်သော တဏှာကို+ထွေးအန်တော် မူသော။ (ခြောက်နက်။) တဿ၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ အဘုံ၊ ငါသည်။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။ မယှံ၊ ငါ၏။ နမော၊ ဦးနှိမ် ညွတ်ကျိုးရှိခိုးခြင်းသည်။ သမိဇ္ဈတု၊ ပြည့်စုံအောင်မြင်ပါစေသတည်း။ (နမောအနက်သုံးနည်း။)

ဂဏ်တော်ဖွင့် အဋ္ဌကထာတို့၌ အရဟံ-ငါးနက်၊ ဘဂဝါ-
ခြောက်နက်တို့ကို ဂါထာဖြင့် အသီးသီး၍သို့ပြသည်။

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရိန သောမုနိ။ (၂)
ဟတ သံသာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။ (၂)
န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။ (၁)
ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။ (၄)
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။ (၂)

---

## ပုဗ္ဗကရဏလေးပါး။

ဤဓွေမာတိကာ ပါတိမောက်သည် သိမ်ထဲ၌ဥပုသ်ပြုပုံ ခွင့်ပြုသော ပါတိမောက်ပြခြင်းပါတိမောက္ခုဒ္ဒေသ ငါးမျိုးနှင့်လေးမျိုးဖြစ်၏။ ထို့ကြောင့် ပါတိမောက်ပြဆိုအံ့သောနေ့၌ ရှေးဦးစွာ ပြုထိုက်သော ပုဗ္ဗကရဏလေးပါးကို အစပြုထားသည်။

**သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။**
**ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။**

သမ္မဇ္ဇနီစ၊ တံမြက်လှည်းခြင်းငင်း။ ပဒီပေါစ၊ ဆီမီး ညှိထွန်းခြင်းငင်း။ အာသနေန၊ နေရာခင်းခြင်းနှင့်တကွ။ ဥဒကဥ္စ၊ သောက်ရေ သုံးရေ တည်ထားခြင်း ငင်း။ ဣတိ၊ ဤသို့။ ဧတာနိ၊ ဤလေးပါး တို့ကို။ ဥပေါသထဿ၊ ဥပုသ်ကံ၏။ပုဗ္ဗကရဏန္တိ၊ (သံဃာ မစည်းဝေးမီ ရှေးအဘို့၌ပြုအပ်သောကြောင့်)ပုဗ္ဗကရဏမည်၏ဟူ၍။ဝုစ္စတိ-ဝုစ္စန္တေ၊ မိန့်ဆိုအပ်ကုန်၏။

**မှတ်ချက်။** ။( )ဤသို့ကွင်းထားရာကို တပည့်ညာဏ် အခြေနှုလျှင် မပို့ချသင့်။ စာခက်သည်ဟု အယူသည်း၍ သာသနာမှ တွန့်လိပ်တတ်သည်။ ။ဥပုသ်နေ့၌ ဤပုဗ္ဗကရဏ လေးပါးကို သိမ်ထဲ၌ ပြုနိုင်ရန် သင့်လျော်သော သိမ်တင်ငယ်ကို မထေရ်ကြီးစေနိုင်ရသည်။ ။မှောင်မိုက်လျှင်မီးထွန်းရသည်။ အရပ်ဝေးမှ ရဟန်းများရောက်လာလျှင် သောက်ရန်၊ ခြေဆေးရန်ဟု သောက်ရေ သုံးရေတည်ရသည်။ ။ ဥပုသ်သည် နေ့စွမ်းဖြင့်စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ—ဟု သုံးမျိုး။ ကာရကစွမ်းဖြင့် သံဃ၊ ဂဏ၊ ပုဂ္ဂလ—ဟု သုံးမျိုး။ ကာတဗ္ဗာ ကာရစွမ်းဖြင့် သုတ္တုဒ္ဒေသ၊ပါရိသုဒ္ဓိ၊အဓိဋ္ဌာန်—ဟု သုံးမျိုး။ ဤသို့ ဥပုသ်ကိုးမျိုး သိရသည်။

## ပုဗ္ဗကိစ္စ ငါးပါး။

**ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။**
**ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။**

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနဉ္စ၊ ဆန္ဒကို လျှောက်ကြားခြင်း၊ ပါရိသုဒ္ဓိကို လျှောက်ကြားခြင်း၊ ဥတုပက္ခတို့ကို လျှောက်ကြားခြင်းရင်း။ ဘိက္ခုဂဏနာ စ၊ ရဟန်းအပေါင်းကို ရေတွက်၍ လျှောက်ကြားခြင်း ရင်း။ ဩဝါဒေါ စ၊ ဘိက္ခုနီမတို့ တောင်းပန်သောဩဝါဒကို လျှောက်ကြားခြင်းရင်း။ ဣတိ၊ ဤသို့။ ဧတာနိ၊ ဤငါးပါး တို့ကို။ ဥပေါသထဿ၊ ဥပုသ်ကံ၏။ ပုဗ္ဗကိစ္စန္တိ၊ (သံဃာ စည်းဝေးပြီးနောက် ပါတိမောက် မပြမီ၊ပါရိသုဒ္ဓိမကြားမီ၊အဓိဋ္ဌာန်မပြုမီရှေးအဘို့၌ပြုအပ်သောကြောင့်) ပုဗ္ဗကိစ္စမည်၏ဟူ၍။ ဝုစ္စတိ-ဝုစ္စတေ၊ မိန့်ဆိုအပ်ကုန်၏။

ဥပုသ်ပြုပြီးသူ၊ နာသူ၊ ကိစ္စရှိသူ သုံးယောက်သည် တသိမ်ထည်းတည်းလျက် သံဃာ့ဟတ္ထပါသ်သို့မလာနိုင်လျှင်၊ မသောလိုလျှင်—ရဟန်းတပါးထံ ဆန္ဒပေးရသည်။ ထိုဆန္ဒကို ပါတိမောက်မပြမီ သံဃာကိုလျှောက်ရသည်။ အကျိုးကား သံဃာ၏ ဥပုသ်ကံ၊ သံဃာ၏ တပါးသောကံတို့ကို ပြီးစေ၏။ မိမိ၏ ဥပုသ်ကိစ္စကား မပြီး။ နာသူ၊ ကိစ္စရှိသူနှစ်ယောက်သည် ပါရိ

သုဒ္ဓိပေးရသည်။ မိမိ၏ဥပုသ်ကံ၊ သံဃာ၏ဥပုသ်ကံတို့ကို ပြီးစေ၏။ တပါးသောကံကား မပြီး။ ဆန္ဒ၊ ပါရိသုဒ္ဓိ နှစ်ပါးလုံးပေးလျှင် ကံအားလုံးကိုပြီးစေ၏။ တသိမ်စီဖြစ်အံ့ ဆန္ဒပါရိသုဒ္ဓိပေးဘွယ်မရှိ။ ပေးသော်လည်း မရောက်။ အဓိဋ္ဌာန်ဥပုသ်ပြုရာ၌ ဆန္ဒပါရိသုဒ္ဓိလျှောက်ကြားဘွယ်မရှိသော်လည်း ဒေသနာသောတာပတိဟာစွာ ဖြင့်သာ ဆိုသည်။

## ပတ္တကလ္လအင်္ဂါလေးပါး။

**ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊**
**သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။**
**ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊**
**ပတ္တကလ္လန္တိ ဝုစ္စတိ။**

ဥပေါသထော စ၊ ဥပုသ်နေ့ ဖြစ်ခြင်းရင်း။ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ ဥပုသ်ကံအားလျော်စွာ ရဟန်းအနည်းဆုံးလေးပါး (ယာဝတိကာ၊ အကြောင်းမျှလောက်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကမ္မပ္ပတ္တာ၊ ဥပုသ်ကံအားလျော်ကုန်၏။ တာဝတိကာ၊ ထိုမျှလောက်သော ရဟန်းတို့သည်။ ဧကသီမာယံ၊ တသိမ်ထည်း၌။ ဟတ္ထပါသံ၊ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ ဌိတာ စ၊ တည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ အနက်ဆိုလိုသည်။) ရှိခြင်းရင်း။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊ ပတ္တ၊ သဘောတူ အာပတ်မရှိခြင်းရင်း။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ထိုသံဃာ့ ဟတ္ထပါသ်အတွင်း ဝဇ္ဇနီယပုဂ္ဂိုလ်မရှိခြင်းရင်း။ ဣတိ၊ ဤသို့။ အင်္ဂါလေးတန်ရှိသောကံကို။ ပတ္တကလ္လန္တိ၊ (လျှောက်ပတ်သောအခါရှိသောကြောင့်) ပတ္တကလ္လဥပုသ်ကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အနက်ခက်သည်ဟု တွန့်လိုင်ကြသောကြောင့် သိလွယ်စွာ အဓိပ္ပါယ်နက်မှုပေးသည်။ ။ဥပုသ်သုံးနေ့တနေ့နေ့ဖြစ်ခြင်း၊ အနည်းဆုံးလေးပါး တသိမ်ထည်း၌ နှစ်တောင့်ထွာဟတ္ထပါသ်အတွင်း တည်ခြင်း၊ ဝါ-တပါးနှင့်တပါး တထွာထက်မဝေးကွာခြင်း၊ သဘောတူဝတ္ထုလွန်ကျူးမှုကြောင့် သင့်သောအာပတ်မရှိခြင်း၊ လူ၊ ဘိက္ခုနီ-စသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီ

ယပုဂ္ဂိုလ်တို့ သံဃာ့ ဟတ္ထပါသ် အတွင်း မရှိခြင်း–ဤအင်္ဂါ လေးပါးကြုံလျှင် ဥပုသ်ကံသည် ပတ္တကလ္လကံမည်၏။ ထိုအခါမျိုး၌ အရပ်တပါး သွားလျှင်လည်း သံဃဥပုသ်ကံသာ ပြုရသည်။ တောကျောင်းတပါးထည်းနေသူသည်လည်း ဆွမ်းခံရွာမှ မိမိကျောင်းသို့ တိုက်ရိုက် မလာဘဲ ထိုသံဃ ဥပုသ်ကံ ပြုရာ တကျောင်းကျောင်းသို့ဝင်အံ့၊ ထိုကျောင်း၌ ထိုသံဃဥပုသ်ကံ ပြုပြီးမှ မိမိကျောင်းသို့ ပြန်ရသည်။ ဝါ၊ သံဃာဆောင်၍ မိမိကျောင်း၌ သံဃဥပုသ်ပြုရသည်။

## အာရာမနာကာရ။

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ၊ ပုဗ္ဗကရဏလေးပါး,ပုဗ္ဗကိစ္စငါးပါးတို့ကို။ သမာဒပေတွာ၊ ကောင်းစွာပြီးစေပြီး၍။ ဒေသိတာပတ္တိကဿ၊ ကြားအပ်သောအာပတ်ရှိသော။ (ဝါ၊ အာပတ်ဒေသနာကြားပြီးဖြစ်၍ ပတ္တကလ္လဥပုသ်ကံရှိသော။) သမဂ္ဂဿ၊ စိတ်ဘုံ ကိုယ်မှု ဖြစ်သော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ အနုမတိယာ၊ အလိုဆန္ဒအားလျော်သောအားဖြင့်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသိတုံ၊ ပြခြင်းငှါ။ အာရာဓနံ၊ အားထုတ်ခြင်းကို။ ဝါ၊ နှုတ်သက်ခြင်းကို။ မယံ၊ ငါတို့သည်။ ကရောမ၊ ပြုကုန်အံ့။ (သံရှေးရှိသော အပဓာတ်ဖြင့် သမာပေတွာ–သာ၍ကောင်းသည်ဟု သဒ္ဒါဆရာမြတ်တို့ မိန့်ဆိုအပ်ကုန်၏။

ပါတိမောက်သည် ဩဝါဒ ပါတိမောက်, အာဏာပါတိမောက်ဟု နှစ်မျိုးရှိ၏။ ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့ "ခန္တီပရမံ တပေါ တိတိက္ခာ"စသည်ဖြင့်သာ ပြကြသည်။ ဘုရားရှင်အာဏာဖြင့် ပညတ်သော ပါတိမောက်ကို သာဝကတို့သာပြကြသည်။ တသိမ်ထည်း အတူနေ၍ ကံကြီး ကံငယ် အတူပြုကောင်းသော ပကတတ် ရဟန်းကောင်းသည် သမဂ္ဂသံဃာမည်၏။ ဥက္ခိတ္တကကံ ပြုခံရသော ကမ္မနာနာသံဝါသက

ရဟာန်း၊ဥက္ကဋ္ဌာနုဝတ္တကဖြစ်သော လဋ္ဌိနာနာသံဝါသကရဟာန်း နှစ်မျိုးကား သမဂ္ဂသံဃာမမည်။ ။ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ, ပတ္တကလ္လ-ဂါထာသုံးခုသည် အဋ္ဌကထာဆရာတို့ချုံး၍ပြသော ဂါထာတို့ဖြစ်ကုန်၏။ အာရာဓနာကာရကား မူလသိက္ခာကျမ်း၌ လာသည်။ထိုဆရာမြတ်တို့၏ အတ္တနောမတိ ဖြစ်သော်လည်း သင့်လျော်သောကြောင့် ယခုတိုင်ထင်ရှား၏။

## နိဒါနုဒ္ဒေသ။

ပါတိမောက်ပြခြင်းအစဖြစ်သော ဤနိဒါန်း၌ဉာတ်ထားခြင်း, ပုဗ္ဗကိစ္စမေးခြင်း,သဝနဝိဓိ, ဝိသုဒ္ဓါရောစနဝိဓိ, အနာရောစနာပတ္တိ-ဟူ၍ ဝိဘာဂ္ဂငါးခုသိရသည်ဟု ကင်္ခါဋီကာ၌ဆိုသည်။

၁။ **ဥာတ်ထားခြင်း။** ။သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇုပေါသထော ပန္နရသော။ ယဒိသံဃဿ ပတ္တကလ္လံ သံဃော ဥပေါသထံ ကရေယျ၊ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ဘန္တေ၊အရှင်ဘုရားတို့။သံဃော၊သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။) သုဏာတု၊ နာတော်မူလော။ အဇ္ဇ၊ ယနေ့။ ဥပေါသထော၊ဥပုသ်နေ့သည်။ပန္နရသော၊တဆယ့်ငါးရက် ပြည့်သော နေ့တည်း။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသော အင်္ဂါလေးတန် ဥပုသ်ကံသည်။ ယဒိ–သိယာ၊အကယ်၍ ဖြစ်ငြားအံ့။(ဇုံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။) သံဃော၊ သံဃာတော် သည်။ ဥပေါသထံ၊ ဥပုသ်ကံကို။ ကရေယျ၊ပြုရာ၏။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ဥဒ္ဒိသေယျ၊ပြရာ၏။ဝါ၊ရွတ်ဆိုရာ၏။

သံဃာဟူသည် ဝိနည်းကံစွမ်းဖြင့် စတုဝဂ္ဂသံဃာ,ပဉ္စဝဂ္ဂ သံဃာ, ဒသဝဂ္ဂသံဃာ, ဝီသတိဝဂ္ဂသံဃာ, အတိရေက ဝီသတိဝဂ္ဂသံဃာ-ဟု ငါးမျိုးပြား၏။ စတုဝဂ္ဂသံဃာသည် ဥပ သမ္ပဒ၊ပဝါရဏာ၊အဗ္ဘာန-ကံ သုံးခုဖယ်၍ သံဃာ့ကံအားလုံး ပြုနိုင်သည်။ပဉ္စဝဂ်သည် မဇ္ဈိမဒေသဥပသမ္ပဒ၊ အဗ္ဘာန-ကံနှစ် ခုဖယ်၍ အားလုံးပြုနိုင်သည်။ ဒသဝဂ်သည် အဗ္ဘာန-ကံတခု ဖယ်၍ အားလုံးပြုနိုင်သည်။ ဝီသတိဝဂ်, အတိရေကဝီသတိဝဂ် ကား မပြုနိုင်သောကံမရှိ၊ အားလုံးပြုနိုင်သည်။ အတိရေကဝီ

သတိဝင်ကို မိန့်ဆိုကျိုးကား မည်သည့်ကံမဆို မိုင်ခြားလေး သော သံဃာထက်လွန်လျှင် ပြုကောင်း၏။ ယုတ်လျှင် မပြု ကောင်းဟု သိစေကျိုးရှိ၏။ ထိုထိုကံ၌ ထိုထိုပစ္စုကလှအင်္ဂါ သည် အမျိုးမျိုးပြားသည်။

**၂။ ပုဗ္ဗကိစ္စမေးခြင်း။** ။ကိံ သံဃဿ ပုဗ္ဗကိစ္စံ။ ပါရိ သုဒ္ဓိံ အာယသ္မန္တော အာရောစေထ၊ ပါတိမောက္ခံ ဥဒ္ဒိ သိဿာမိ။

သံဃဿ၊သံဃာသည်။ပုဗ္ဗကိစ္စံ၊ ရှေးဦးပါးသော ပုဗ္ဗကိစ္စကို ကတံ– ကိံ၊ပြုအပ်ပြီလော။အာယသ္မန္တော၊အရှင်တို့။ပါရိသုဒ္ဓိံ၊ ငါ၏စင်ကြယ် ခြင်းကို။အာရောစေထ၊ပြောကြားကြကုန်လော။ [ပြောကြားသင့်သော အကြောင်းကား]အဟံ၊ငါသည်။ပါတိမောက္ခံ၊အာဏာပါတိမောက်ကို။ ဥဒ္ဒိသိဿာမိ၊ပြပေအံ့။

ပါဠိတော်အတိုင်း ပုဗ္ဗကိစ္စကိုပါးကို အဋ္ဌကထာတို့၌ ပုဗ္ဗ ကရဏလေးပါး ပုဗ္ဗကိစ္စငါးပါးဟုခွဲသည်။ ပုဗ္ဗကိစ္စကိုပါးကို မပြုဘဲ ပါတိမောက်မပြကောင်း။ ထို့ကြောင့် မေးရသည်။ အာပတ် မစင်ကြယ်သူလည်း ပါတိမောက် မနာကောင်း။ ထို့ကြောင့် စင်ကြယ်ခြင်းပြောကြပါဟု တိုက်တွန်းရသည်။ဤ၌ ငါပါတိမောက်ပြမည်ဟု ဆိုသည်။ဉာတ်၌ သံဃာသည် ဥပုသ် ကံပြုရာ၏။ပါတိမောက်ပြရာ၏-ဟု ဆိုသည်၊ရှေ့နောက် မညီ မညီဟု အပြစ်တင်ဘွယ်ရှိ၏။ သံဃာ၏ညီညွတ်ခြင်း, ဂဏ ၏ ညီညွတ်ခြင်းကြောင့် ပုဂ္ဂိုလ်တယောက်ပြလျှင် ဝါ-ငါပြလျှင် သံဃာပြသောပါတိမောက်သာမည်၏။ ဤလက္ခဏာဖြင့် ရှေ့ နောက်ညီသည်ဟု ဖြေဆိုအပ်၏။

**၃။ သဝနဝိဓိ။** ။တံ သဗ္ဗေဝ သန္တာ သာဓုကံ သုဏောမ မနသိကရောမ။

တံ၊ထိုပါတိမောက်ကို။[ငါပြသောသံဃာပြပါတိမောက်ကိုဟူသို၊] သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ သန္တာ၊ (ပရိသတ်၌) ထင် ရှားရှိကုန်သော။မယံ၊ငါတို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏောမ၊ နာကုန်အံ့။မနသိကရောမ၊နှလုံးသွင်းကုန်အံ့။

ပါတိမောက်ကို ငါပြမည်ဟု ဆိုခဲ့ခြင်းကြောင့် သင်တို့ နားထောင်ကြ–ဟု ဆိုသင့်သည်မဟုတ်လော။ အဖြေကား–ဤသို့ ဆိုလျှင် သံဃာပြသော ပါတိမောက်မဟုတ်ရာ ကျသည်။ သံဃာအညီအညွတ်ပြုသော သံဃာဥပုသ်၊ သံဃာပါတိမောက် ဖြစ်ရကား ပါတိမောက်ပြသောပုဂ္ဂိုလ်လည်း နားထောင်သော သံဃာ၌ အကျုံးဝင်၏။ ထို့ကြောင့် သံဃာပြပါတိမောက်ကို သံဃာဖြစ်သော ငါတို့နားထောင်ကုန်အံ့ဟု ဆိုရသည်။

**၄။ ဝိသုဒ္ဓါရောစနဝိဓိ။** ။ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ။ အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ။ တုဏှီဘာဝေန ခေါ ပနာယသ္မန္တေ ပရိသုဒ္ဓါတိ ဝေဒိဿာမိ။ ယထာခေါ ပန ပစ္စေကပုဋ္ဌဿ ဝေယျာကရဏံ ဟောတိ။ ဧဝမေဝ ဧဝရူပါယ ပရိသာယ ယာဝတတိယံ အနုဿာဝိတံ ဟောတိ။

ယဿ၊ အကြင်ရဟန်း အား။အာပတ္တိ၊အာပတ်သည်။ သိယာ၊ ရှိငြားအံ့။သော၊ထိုရဟန်းသည်။အာဝိကရေယျ၊ ထင်စွာပြုရာ၏။အာပတ္တိယာ၊ အာပတ်သည်။အသန္တိယာ၊မရှိလတ်သော်။တုဏှီ၊ဆိတ်ဆိတ်။ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ တုဏှီဘာဝေန ခေါပန၊ဆိတ်ဆိတ်နေခြင်းဖြင့်သာလျှင်။ (ဝါ၊ ဆိတ်ဆိတ်နေခြင်းကြောင့်သော်လည်း။) အာယသ္မန္တေ၊ အရှင်တို့ကို။ ပရိသုဒ္ဓါတိ၊ စင်ကြယ်ကုန်၏ဟူ၍။ ဝေဒိဿာမိ၊သိရလတ္တံ့။ ပန၊ဥပမာ တူပုံကား။ပစ္စေကပုဋ္ဌဿ၊အသီးသီးမေးအပ်သောသူ၏၊(ဝါ၊အသီးသီး အမေးခံရသည်ရှိသော်။)ဝေယျာကရဏံခေါ၊ (ငါ့ကိုမေးသည်ဟုသိ၍) ဖြေကြားခြင်းသည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့တည်း ။ဧဝမေဝ၊ ဤအတူသာလျှင်။ (ဝါ၊ ဤသို့သာလျှင်။) ဧဝရူပါယ၊ ဤသို့ (ဆိတ်ဆိတ်နေ၍ ဖြေကြားခြင်း) သဘောရှိသော။ ပရိသာယ၊ ရဟန်းပရိသတ်၌။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ အနုဿာဝိတံ၊ပြော ကြားအပ်သည်။ဝါ၊ မေးစစ်အပ်သည်။ဟောတိ၊ဖြစ်၏။

အာပတ်ရှိလျှင် ဖုံးမထားဘဲ ထင်စွာပြုရသည်။ အနီးရဟန်း ထံ၌ဖြစ်စေ·····ငါသည် ဤအာပတ်သို့ရောက်၏။ ဤဥပုသ်အိမ်မှ ထသောအခါ ကုစားပါမည်····· ဟူ၍ဖြင်း၊ ယံုမှားရှိလျှင်······

ယိုမှားကင်းသောအခါ ကုစားပါမည်……ဟူ၍ရင်း ထင်စွာ ပြောကြားရသည်။မရှိလျှင် ဆိတ်ဆိတ်နေရသည်။ဆိတ်ဆိတ်နေခြင်းသည် စင်ကြယ်ပါသည်ဟု ပြောကြားသည် မည်၏။ဝိနည်းထုံးစံ ဆိတ်ဆိတ်နေသော ပရိသတ်၌ သုံးကြိမ်မေးရသောပါတိမောက်ဖြစ်သည်။ဤ၌ အာပတ်မရောက်သူ၊ ရောက်သော်လည်း ဝုဋ္ဌာနဂါမ်၊ ဒေသနာဂါမ်တို့ဖြင့် ကုစားပြီးသူ၊ မကုစားရသေးသော်လည်း ထင်စွာပြောကြားသူ ဤသုံးယောက်သည် အာပတ်မရှိသည်မည်၏။(နှစ်ယောက်မချ၊တယောက်ပရိယာယ်ဟူလို။) ပါတိမောက်နာကောင်း၏၊အန္တရာယ်လွတ်သူမည်၏။

**၅။ အနာဝရောစနာပတ္တိ။** ။ယောပနဘိက္ခု ယာဝ တတိယံ အနုသာဝိယမာနေ သရမာနော သန္တိံ အာပတ္တိံ နာဝိကရေယျ။ သမ္ပဇာနမုသာဝါဒဿ ဟောတိ။ သမ္ပဇာန မုသာဝါဒေါ ခေါ ပနာယသ္မန္တော အန္တရာယိကော ဓမ္မော ဝုတ္တော ဘဂဝတာ။

ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ အနုသာဝိယမာနေ၊ အဖန်တလဲလဲ မေးစစ်အပ်သည်ရှိသော်။သရမာနော၊ သိလျက်။ သန္တိံ၊ ထင်ရှားရှိသော။ အာပတ္တိံ၊ အာပတ်ကို။ နာဝိကရေယျ၊ ထင်စွာမပြုငြားအံ့။ အဿဘိက္ခုနော။ ထိုရဟန်းအား။သမ္ပဇာနမုသာဝါဒေါ၊ သိလျက်ချွတ်ယွင်းသောစကားကို ဆိုခြင်းမည်သည်။( ဝါ၊မုသာဆိုခြင်းကြောင့် ဒုက္ကဋ်အာပတ်သည်။ ) ဟောတိ၊ ဖြစ်၏။ အာယသ္မန္တော၊ အရှင်တို့။ သမ္ပဇာနမုသာဝါဒေါ၊ သမ္ပဇာနမုသာဝါဒကို။ ခေါပန၊ စင်စစ်။ အန္တရာယိကောဓမ္မော၊ အန္တရာယ်ပြုတတ်သော အာပတ်ဟူ၍။ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တော၊ဟောအပ်၏။

တသ္မာ သရမာနေန ဘိက္ခုနာ အာပန္နေန ဝိသုဒ္ဓါပေက္ခေန သန္တီ အာပတ္တိ အာဝိကာတဗ္ဗာ။ အာဝိကတာ ဟိဿ ဖာသု ဟောတိ။

တသ္မာ၊ ထို့ကြောင့်။ သရမာနေန၊ သိသော။ အာပန္နေန၊ အာပတ်သင့်ခြင်းမှ။ ဝိသုဒ္ဓါပေက္ခေန၊ စင်ကြယ်ခြင်းကိုအလိုရှိသော။ဘိက္ခုနာ၊ ရဟန်းသည်။ သန္တီ၊ ထင်ရှားရှိသော။ အာပတ္တိ၊အာပတ်ကို။ အာဝိကာတဗ္ဗာ၊ ထင်စွာပြုအပ်၏။ ဟိ၊ထင်စွာ ပြုခြင်း အကျိုးကား။ အာဝိကတာ၊ အာပတ်ကို ထင်စွာပြုခြင်းကြောင့်။ အဿ၊ ထိုရဟန်းအား။ ဖာသု၊ ချမ်းသာသောအကျင့်သည်။ ဟောတိ၊ ဖြစ်၏။

အာပတ်ရှိလျက် **အဓမ္မိကပဋိညာ**ဖြင့် ဆိတ်ဆိတ်နေသော်လည်း "**မနော၁ဒွါရေအနာပတ္တိ**" ပြောသင့်သည်ကို မပြောခြင်းဟူသော **အကြိယသမုဋ္ဌာန်ကြောင့်သာ** ဝစီဒွါရ၌ ဒုက္ကဋ်သင့်သည်။"**သမ္ပဇာနမုသာဝါဒေ ကိံ ဟောတိ၊ဒုက္ကဋံ ဟောတိ**"–ဟု ဥပေါသထက္ခန္ဓက၌ ဟောသည်။ ပရိဝါ၌လည်း–"ကျယ်စွာလည်းမဆို၊တိုးတိုးပင်မမြွက်ဘဲနှုတ်ကြောင့်အာပတ်သင့်ပုံကို သိအပ်၏–"ဟုဝိနည်း ပြဿနာပြုသည်။ မုသာဝါဒ ဒုက္ကဋ် မှသော်လည်း နတ်ရွာ နိဗ္ဗာန် ချာန် မဂ်ဖိုလ်–မရနိုင်သောကြောင့် အန္တရာယ်ဖြစ်သည်။ထင်စွာ ပြောကြားလျှင် သုခပဋိပဒါ–လွယ်ကူစွာသော အကျင့်ဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော နိဒါနံ၊တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ…နိဒါနုဒ္ဒေသော ပဌမော။

အာယသ္မန္တော၊ အရှင်တို့။ နိဒါနံ၊ နိဒါန်းကို။ ဥဒ္ဒိဋ္ဌံခေါ၊ ပြအပ်ပြီးသည်သာဘည်း။တတ္ထ၊ ထိုနိဒါန်း၌။ အာယသ္မန္တေ၊အရှင်တို့ကို။ပုစ္ဆာမိ၊ ငါမေး၏။ ကစ္စိ၊ အသို့နည်း။ ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ပုစ္ဆာမိ……။ကစ္စိ……။ ပရိသုဒ္ဓါ……။အတ္ထ…… ။တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ပုစ္ဆာမိ……။ ကစ္စိ……။ ပရိသုဒ္ဓါ……။ အတ္ထ……။ ဧတ္ထ၊ ဤနိဒါန်း၌။ အာယသ္မန္တော၊ အရှင်တို့သည်။ (ယသ္မာ၊ အကြင်ကြောင့်။) ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေခြင်းသည်။ အတ္ထိ၊ ဖြစ်ပြီ။

ဇဝံ၊ ဤသို့ဆိတ်ဆိတ်နေခြင်းဖြင့်။ ဇတံ၊ထိုစင်ကြယ်ခြင်းကို။ ဓာရယာမိ၊ ငါသိ၏။ ·····ဣတိ၊ဤသို့သောစကားအစဉ်ဖြင့်။ပဌမော၊ရှေးဦးစွာသော။ နိဒါနုဒ္ဒေသော၊ နိဒါန်းပြခြင်းသည်၊ သမတ္တော၊ ပြီးပြီ။

ဤနိဒါန်း၌ အာပတ်သီးခြားမရှိ။"ယဿသိယာ အာပတ္တိ"ဟု ဆိုရာ၌အာပတ် ခုနစ်ပါးလုံးနှင့် ဆက်ဆံ၏။ ထိုအာပတ်တို့ကို ထိုသို့နောက်ဥဒ္ဒေသတို့၌ မဆက်ဆံစေဘဲ သရုပ်သီးခြားပြလတ္တံ့။

## သမုဋ္ဌာန် ၆–ပါး။ ···· သီသ–၁၃–ပါး။

ဤမှစ၍ သိက္ခာပုဒ်တိုင်း–သမုဋ္ဌာန်၊ သစိတ္တက စသည် သိလွယ်စေခြင်းငှါ–ကာယ၊ ဝါစာ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တ–ဟု ပဌမ၊ ဒုတိယ–စသော အစဉ်ဖြင့် သမုဋ္ဌာန်ခြောက်ချမြင်ရသည်။ သမုဋ္ဌာနသီသ ၁၃ ခုကိုလည်းသိရသည်။

"စ–မေထုနာ-(၇၆)။ သစိတ္တာသုံး ဗရုံး-ဒိန္နာ(၇၁)။ သဉ္စာ-သဗ္ဗ–(၅၀)။ သမနု–ဆာ–(၃၇)။ ဘိနာ–တ၊ ဆ–(၂၉)။ ပ၊စ-ဇွန်(၄၄)။ ဒု၊မံ ပဒ-(၇)။ ပ၊တ၊ စ၊ဆာ-ယူပါအဒ္ဓ–(၁၅)။ စ၊ ဆ-ထေယျာ-(၇)။ ဓမ္မာ-ပဋ္ဌမ–(၁၁)။ ရှေကတယော–ဘူတာရော-မှိ-(၁)၊စောရီ-မ၊ ဆာ(၁)။ နာနုညာတ-ဒု၊တ၊မ၊ဆံ-(၁)။ပေါင်းထည့်ပြန်၊မှတ်ရန်သမုဋ္ဌာန်ကျဉ်းတည်း(၃၅၀)။"

ဤလင်္ကာ နှုတ်ဘက်လေ့လာရသည့် "စ-မေထုနာ-၇၆။"ဟူသည်၌ စ-စတုတ္ထဖြစ်သောကာယစိတ္တကြောင့်သာ အာပတ်သင့်လျှင်မေထုနာ-ပဌမပါရာဇိက သမုဋ္ဌာန်မည်၏၊ ၇၆-ခွဲမာတိကာ၌အလားတူသိက္ခာပုဒ်ပေါင်း ၇၆-ခုရှိ၏။ ဤနည်းဖြင့် လင်္ကာပုဒ်၌ အဖြေ ထုတ်ဆိုနိုင်ရသည်။ နောက်သုံးခုကြောင့် သစိတ္တက၊ ရှေ့သုံးခု သက်သက်ရင်း, ရောလျှင်ရင်း အစိတ္တက–ဟု ခွဲနိုင်သည်။

---

## ပါရာဇိကကဏ္ဍသ။

တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

တတြ၊ ထိုပါတိမောက်၌။ [ငါပြမည်ဟု ဆိုခဲ့သော သံဃာပြပါတိမောက်၌ ဟူလို၊] စတ္တာရော၊ လေးပါးကုန်သော။ ပါရာဇိကာ ပါရာဇိက အမည်ရှိကုန်သော။ ဓမ္မော၊ ဤသိက္ခာပုဒ်တို့သည်။ (ဝါ၊

ဤအာပတ်တို့သည်။ ) ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည် အဖြစ်သို့။ အာဂန္တုတ္တိ၊ ရောက်ကုန်၏။

**၁။ မေထုနသိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မေထုနံဓမ္မံ ပဋိသေဝေယျ အန္တမသော တိရစ္ဆာနဂတာယပိ။ ပါရာဇိကော ဟောတိ အသံဝါသော။ (စ-မေထုန၂-၇၆။)

ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သိက္ခာ သာဇီဝ သမာပန္နော၊ သိက္ခာသာဇီဝသို့ရောက်လျက်။ သိက္ခံ၊ သိက္ခာကို။ အပစ္စက္ခာယ၊ မချမူ၍။ ဒုဗ္ဗလျံ၊ သာဇီဝ၌အားနည်းခြင်းကို။ အနာဝိကတွာ၊ ထင်စွာ မပြုမူ၍။ မေထုနံဓမ္မံ၊ မေထုန် အကျင့်ကို။ ပဋိသေဝေယျ၊မှီဝဲငြားအံ့၊အန္တမသော၊အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မ၌ သော်လည်း။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပါရာဇိကော၊ ပါရာဇိက အာပတ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ အသံဝါသော၊ အတူပေါင်းဘော်ခြင်း မရှိသောသူသည်။ ဟောတိ၊ ဖြစ်၏၊

သိက္ခာမချဘဲ မေထုန်မှုပြုလျှင် ရဟန်းအသက် ထွက်၏။ သီလသည် ရဟန်းအသက် မည်၏။ ဦးခေါင်းပြတ်လျှင် ပြန်စပ်သော်လည်း အသက်မရှင်သူနှင့်တူ၏။ မှီဝဲလိုသော စိတ်ရှိခြင်း, မဂ်ဖြင့်မဂ်သို့သွင်းခြင်း- အင်္ဂါနှစ်ပါး။{စ-မေထုန၁-ကာယစိတ္တ-တချကြောင့်သာ- ပဌမပါရာဇိကာသမုဋ္ဌာန် မည်၏။ အလားတူ ၇၆-ချက်ရှိ၏။သဇိတ္တက။} ရဟန်းတို့၏ စောင့်စည်းခြင်း ကိုယ်နှုတ် အမူအရာသည်–အဓိသီလ မည်၏။ **"သိက္ခာ"**မည်၏။ လူသာမဏေတို့၏ သီသထက် လွန်သောကြောင့်**"အဓိသီလ"**မည်၏။ ပညပ်တော်သိက္ခာပုဒ် အပေါင်းသည် **"သာဇီဝ"** မည်၏။ ရဟန်းတို့အတူ အသက်ရှင်ခြင်းဖြစ်ရာ သိက္ခာပုဒ် အပေါင်း ဖြစ်၏။ ကုဋေ--၉၁၈၀–ငါးသန်း သုံးသောင်း ခြောက်ထောင် ရှိ၏။အဓိသီလကို ပြည့်အောင်ကျင့်ခြင်း၊သိက္ခာပုဒ်အပေါင်းကို မလွန်ကျူးခြင်းသည် **"သိက္ခာသာဇီဝ"**သို့ ရောက်သည်မည်၏။ သံဝါသသုံးပါးအတူမရှိသောရဟန်းသည် အသံဝါသ မည်

၏၊သုံးပါးကား- ဇကဏ္ဍသ-အတူ ပါတိမောက်ပြခြင်း။ဝါ၊အတူ ဥပုသ်ပြုခြင်း။ကေကမ္မ–အတူ ကံကြီးကံငယ် ပြုခြင်း။သမသိက္ခတာ–တူသော သိလသိက္ခာ ရှိခြင်းတည်း။ ပါရာဇိကလောက်သော အယုတ်သုံးတိရစ္ဆာန်ကား–အခြေမဲ့တွင် မြွေ ငါး၊ ခြေနှစ်ချောင်းတွင် ကြက်၊ခြေလေးချောင်းတွင် ကြောင်။

၂။အဒိန္နာဒါန။ ။ယောပနဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ။

ယောပနဘိက္ခု၊အကြင်ရဟန်းသည်။ ဂါမာဝါ၊ရွာမှရင်း။ အရညာဝါ၊ တောမှရင်း။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ ထေယျသင်္ခါတံ၊ ခိုးလိုသောစိတ်အစုဖြင့်၊ အာဒိယေယျ၊ ခိုးယူငြားအံ့။

ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနေယျုံ ဝါ ဗန္ဓေယျုံ ဝါ ပဗ္ဗာဇေယျုံ ဝါ စောရောသိ ဗာလောသိ မူဠှောသိ ထေနောသီတိ၊ တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော။ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။ (သစ္စာ သုံး ရှုံးဒိန္နာ-၇၁။)

ယထာရူပေ၊ အကြင်သို့(တမတ်, တမတ်တန်, ထိုထက် အလွန်) သဘောရှိသော။ အဒိန္နာဒါနေ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ ဟနေယျုံဝါ၊ ညှဉ်းဆဲမှုလည်း ညှဉ်းဆဲကုန်ရာ၏။ ဗန္ဓေယျုံဝါ၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏၊ ပဗ္ဗာဇေယျုံဝါ၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏။ တွံ၊ သင်သည်၊ စောရော၊ ခိုးသူသည်။ အသိ၊ ဖြစ်၏။ ဗာလော၊ လူမိုက်သည်။ အသိ၊ ဖြစ်၏။ မူဠှော၊ တွေဝေသည်။ အသိ……။ထေနော၊ ဓါးပြတတ်သည်။ အသိ……။ဣတိ၊ ဤသို့စသော စကားတို့ဖြင့်။ ပရိဘာသေယျုံဝါ၊ ဆဲရေးမှုလည်း ဆဲရေးကုန်ရာ၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ အာဒိယမာနော၊ ခိုးယူသော။ အယမ္ပိဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော၊ ပါရာဇိကအာပတ်သို့ရောက်သည်။ ဟောတိ……။ အသံဝါသော၊ အတူပေါင်းဖော်ခြင်းမရှိသောသူသည်။ ဟောတိ……။

တမတ်တန်ခိုးလျှင် ရဟန်းအသက်ထွက်၏။ သစ်ရွက်ကြွေ-ပြန်မစိမ်းပြီ။ လူသိမ်းဆည်းသောဥစ္စာဖြစ်ခြင်း, သူတပါးသိမ်းဆည်းသည်ဟု အမှတ်ရှိခြင်း, တမတ်တန်စသော ဂရုပရိက္ခာရ ဖြစ်ခြင်း, ခိုးလိုသောစိတ်ရှိခြင်း, ခိုးခြင်း ၂၅-ပါး တပါးပါးဖြင့် ခိုးခြင်း-အင်္ဂါငါးပါး။{သမုဋ္ဌာန်သုံး-ရုံးဒိန္နာ။ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တ-သုံးခု တခုခုကြောင့်။ အဒိန္နာဒါနသမုဋ္ဌာန်မည်၏။အလားတူ ၇၁-ခု ရှိ၏။သမုဋ္ဌာန်က} ဂေါပက ဒါနဒ္ဒ စောင့်သူသည် ဈာသရဖြစ်၏ဟု သာမန် ဆိုသည်။ နတ်ပစ္စည်း လူစောင့်ရှိလျှင် မယူအပ်ဟု သာရတ္ထဋီကာ၌ အထူးဆိုသည်။ ထို့ကြောင့် ဘုရားပစ္စည်း, နတ်ပစ္စည်း, တိရစ္ဆာန် ပြိတ္တာတို့၏ ပစ္စည်းပင်ဖြစ်စေ စောင့်သူလူဖြစ်လျှင် ဤအာပတ် သင့်နိုင်သည်။ ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်းပေးမှ အပေးမြောက်သည်။ စိတ်ပေးကား အပေးမမြောက်။ မိဘပစ္စည်း ဖြစ်သော်လည်း မိဘမသိအောင်ဟု နေရာရွှေ့မိလျှင် ပါရာဇိက ဖြစ်နိုင်သည်။ ထို့ကြောင့် သူတပါးပစ္စည်းကို အမှတ်မဲ့ မကိုင်ရ။ သမဏ သညာကြီးစွာထား၍ မြွေဆိုးတနဲ့ မီးခဲပမာ သတိပြုရာ၏။

**၃။မနုဿဝိဂ္ဂဟ။** ။ယောပန ဘိက္ခု သဉ္စိစ္စ မနုဿ ဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ။ သတ္ထဟာရကံ ဝါဿ ပရိယေသေယျ၊ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ၊ မရဏာယ ဝါ သမာဒပေယျ အမ္ဘော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန။ မတံ တေ ဇီဝိတာ သေယျောတိ။

ယောပန ဘိက္ခု ......။သဉ္စိစ္စ၊ သညာစေတနာနှင့် တကွအားထုတ်၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ၊ ချငြားအံ့။ အဿ၊ ထိုလူဇာတ် ဖြစ်သော သူ၏။ သတ္ထဟာရကံဝါ၊ အသက်ကိုဆောင်တတ်သောလက်နက်ကိုမူလည်း။ ( ဝါ၊ ရှာပေးအပ်သော လက်နက်ကိုမူလည်း။ ) ပရိယေသေယျ၊ ရှာမှီး၍ အနီး၌ထား ငြားအံ့။ မရဏဝဏ္ဏံဝါ၊ သေခြင်း ကျေးဇူးကိုမူလည်း။ သံဝဏ္ဏေယျ၊ ချီးမွမ်းငြားအံ့၊ မရဏာယဝါ၊ သေခြင်းငှါမူလည်း။ သမာဒပေယျ၊ ဆောက်တည်စေငြားအံ့။ အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။

တုယှံ၊ သင်အား။ ပါပကေန၊ ယုတ်ညံ့သော၊ ဇာမိနာ ဒုဋ္ဌိဝိတေန၊ ဤ မကောင်းသော အသက်ရှင်ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ တေ၊ သင်အား။ မတံ၊ သေခြင်းသည်။ ဇီဝိတာ၊ အသက်ရှင်ခြင်းထက်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤကား ချီးမွမ်းပုံစကားတည်း။

ဣတိ စိတ္တမနော စိတ္တသင်္ကပ္ပေါ အနေကပရိယာယေန မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ၊ မရဏာယ ဝါ သမာဒပေယျ။ အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။ (အဓိပ္ပာ။ ·····)

ဣတိ စိတ္တမနော၊ ဤသို့ သေစေလိုသော စိတ်နှလုံးရှိသည်ဖြစ်၍။ ဣတိ+စိတ္တ+သင်္ကပ္ပေါ၊ ဤသို့+ဆန်းကြယ် များပြားသော+အစီအမံ ရှိသည်ဖြစ်၍။ အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ မရဏဝဏ္ဏံဝါ၊ သေခြင်းကျေးဇူးကိုမူလည်း။ သံဝဏ္ဏေယျ····· ။မရဏာ ယဝါ၊ သေခြင်းငှါမူလည်း။ သမာဒပေယျ·····။အယမ္ပိဘိက္ခု·····။ပါရာ ဇိကော·····။ ဟောတိ ····။ အသံဝါသော·····။ ဟောတိ·····။

လူကို အသက်ထွက်အောင်ပြုလျှင် ရဟန်းအသက်ထွက်၏။ ကျောက်ဖျာကွဲ ပြန်မစပ်ပြီ။လူဓာတ်ဖြစ်သောသတ္တဝါဖြစ်ခြင်း, သတ္တဝါဟူသော သညာရှိခြင်း, သေစေလိုသော စိတ်ရှိခြင်း, လုံ့လပြုခြင်း, ထိုလုံ့လဖြင့် သေခြင်း–အင်္ဂါ ငါးပါး။ သတ္တဝါ သညာနှင့်တကွ ထိုသူကိုသတ်မည်ဟူသောစေတနာဖြင့် အား ထုတ်ခြင်းသည် "**သဉ္စိစ္စ**"မည်၏။ သင်္ကပ္ပဟူသည် ဝိတက်တခု တည်းမဟုတ်။ သညာ၊ စေတနာ၊ အဓိပ္ပါယ–သုံးမျိုးဖြင့် ရေ တွက်အပ်သောအစီအမံဖြစ်၏၊ သေစေလိုသော သညာရှိသူ၊ စေတနာရှိသူ၊ အဓိပ္ပါယရှိသည်ဟူလို။ အဓိပ္ပါယကား ဝိတက် ပင်တည်း။ ဒုက္ခိတကိုသနားလွန်း၍ အမြန်သေအောင် ပြုခြင်း သည် ရုန့်ရင်းသော ဝဓကစေတနာပင်တည်း။သေစေလိုသော ဒေါသသည် ကရုဏာအသွင်ဖြင့် လျှပြန်ကိုလှည့်စားတတ်သည်။

၄။ **ဥတ္တရိမနုဿဓမ္မ**။ ။ယောပန ဘိက္ခု အနဘိဇာနံ ဥတ္တရိ မနုဿဓမ္မံ အတ္တုပနာယိကံ အလမရိယဉာဏဒဿနံ သမုဒါစရေယျ ဣတိဇာနာမိ ဣတိပဿာမီတိ။

ယောပနာဘိက္ခု......။ အနဘိဇာနံ၊ မသိဘဲလျက်။ အလမရိယဉာဏ ဒဿနံ၊ ကိလေသာကိုဖျက်ဆီးခြင်းငှါစွမ်းနိုင်သော မြတ်သော ဉာဏ် အမြင်ရှိသေး။ ဥတ္တရိ မနုဿဓမ္မံ၊ ဈာန်မဂ်ဖိုလ်တရားကို။ အတ္တူပနာ ယိကံ၊ မိမိသို့ဆောင်သည်ကို။ ကတွာ၊ ပြု၍။ ဣတိဇာနာမိ၊ ဤသို့ငါသိ၏။ ဣတိပဿာမိ၊ ဤသို့ငါမြင်၏။ ဣတိ၊ ဤသို့။ သမုဒါစရေယျ၊ ပြောဆို ငြားအံ့။

> တတော အပရေန သမယေန သမနုဂ္ဂါဟိယမာနော ဝါ
> အသမနုဂ္ဂါဟိယမာနော ဝါ အာပန္နော ဝိသုဒ္ဓါပေက္ခော ဧဝံ
> ဝဒေယျ အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ။ အပဿံ
> ပဿာမိ။ တုစ္ဆံ မုသာ ဝိလပိန္တိ အညတြ အဓိမာနာ။ အယမ္ပိ
> ပါရာဇိကော ဟောတိ အသံဝါသော။ (အဒိန္နာ.....)

တတော၊ ထိုသို့ပြောဆိုပြီးသည်မှ။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟိယမာနောဝါ၊ မေးစစ်အပ်သော်ရင်း။ အသမနုဂ္ဂါဟိယ မာနောဝါ၊ မမေးစစ်အပ်သော်ရင်း။ အာပန္နော၊ အာပတ်သို့ရောက်ပြီး သော ရဟန်းသည်။ ဝိသုဒ္ဓါပေက္ခော၊ စင်ကြယ်ခြင်းကို အလိုရှိသည် ဖြစ်၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ( ဝန်ခံစကား )ဆိုရာ၏။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ အဇာနံ၊ မသိဘဲလျက်။ ဧဝံဇာနာမိ၊ ဤသို့ငါသိ၏ဟူ၍ရင်း။ အပဿံ၊ မမြင်ဘဲလျက်။ ဧဝံပဿာမိ၊ ဤသို့ငါမြင်၏ဟူ၍ရင်း။ အဝစံ၊ ဆိုမိပါပြီ။ တုစ္ဆံ၊ အချည်းနှီးသော။ မုသာ၊ ချွတ်ယွင်းသောစကားကို။ ဝိလပိံ၊ ဆိုမိပါပြီ။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ အဓိမာနာ၊ ( ရနိုးခြင်းရှိ၍ ရပြီဟု လွန်ကဲသော မှတ်ထင်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ အယမ္ပိ ဘိက္ခု......။ ပါရာဇိကော......။ ဟောတိ..။ အသံဝါသော...။ ဟောတိ....။

ဈာန်မဂ်ဖိုလ်ဖြင့်ဝါကြွားလျှင် ရဟန်းအသက်ထွက်၏။ ထန်း လည့်ဆစ်ပြတ်—ပြန်မစည်ပြီ။ မိမိ၌ ဥတ္တရိမနုဿဓမ္မမရှိခြင်း, ယုတ်မာသော အလိုဖြင့်ပြောခြင်း, သူတပါးကို ညွှန်းသကဲ့သို့ မဟုတ်ဘဲ မိမိကိုယ်ကို တိုက်ရိုက်ပြောခြင်း, လူဇာတ်ဖြစ်သူ အား ပြောခြင်း,ထိုခဏသိခြင်း—အင်္ဂါငါးပါး။ ။ကုသိုလ်ကမ္မ ပထဆယ်ပါးသည် "**မနုဿဓမ္မ**"မည်၏၊ ထိုထက် လွန်သော မဟဂ္ဂုတ်၊ လောကုတ္တရာတရားသည် "**ဥတ္တရိမနုဿဓမ္မ**"

မည်၏။သင်၏ကျောင်း၌နေသော ရဟန်းသည် ရဟန္တာ–ဟုဆို အံ့၊မိမိကိုယ်ကို တိုက်ရိုက်မဆိုဘဲ သွယ်ဝိုက်၍ဆိုသည်မည်၏၊ ပါရာဇိကမသင့်။ ငါအတိတ်ဘဝ၌ရဟန္တာဟုဆိုအံ့၊ တိုက်ရိုက် မဟုတ်၊ ငါနိရောဓသမာပတ်ဝင်စားသည်ဟုဆိုအံ့၊ တိုက်ရိုက် မဟုတ်။ ထိုသမာပတ်သည် မဟာဂ္ဂုတ်, လောကုတ္တရာလည်း မဟုတ်။ ငါ ဟာသိတုပ္ပါဒ်ဖြင့် ရယ်သည်ဟုဆိုအံ့၊ တိုက်ရိုက် မဟုတ်။မဟာဂ္ဂုတ်, လောကုတ္တရာလည်းမဟုတ်။ "သုညာဂါရေ အဘိရမာမိ-ဆိတ်ငြိမ်ရာ၌ငါမွေ့လျော်၏" ဟုဆိုရာ၌ ပါရာဇိက မဟုတ်သေး။ ဆိတ်ငြိမ်ရာ၌ ဈာန်သမာပတ်ဖြင့် မွေ့လျော်၏ဟု ဆိုပါမှ "ပါရာဇိက"။ ။[အဓိဂတ ဈာန်မဂ်ဖိုလ်မရှိဘဲ ရပြီဟု+ မာန–မှတ်ထင်ခြင်းသည် "အဓိမာန" မည်၏၊ တနည်း၊အဓိက- လွန်ကဲသော+မာန–မှတ်ထင်ခြင်းသည် "အဓိမာန" မည်၏။] ယနေ့နက်ဖြန် တရားထူး ရတော့မည်ဟု အားသာ ထက်သန် သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အားသာ အဓိမာန ဖြစ်သည်။ အရိယာအား မဖြစ်၊ ဒုသီလအား မဖြစ်၊ အိမ်ကာမစာ ကာနေ သော သီလဝန္တအား မဖြစ်။

**နိဂုံး**။ ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော စတ္တာရော ပါရာဇိကာ ဓမ္မာ။ ယေသံ ဘိက္ခု အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇိတွာ န လဘတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ ယထာ ပုရေ၊ တထာ ပစ္ဆာ ပါရာဇိကော ဟောတိ အသံဝါသော။

အာယသ္မန္တော၊ အရှင်တို့၊ စတ္တာရော၊ လေးပါးကုန်သော။ ပါရာဇိကာ၊ ပါရာဇိကအမည်ရှိကုန်သော။ ဓမ္မာ၊ အာပတ်တို့ကို၊ (ဝါ၊အာ ပတ်တို့ကို။)ဥဒ္ဒိဋ္ဌာခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည် သာတည်း။ ဘိက္ခု၊ ရဟန်းသည်။ ယေသံ၊ ယင်းပါရာဇိကလေးပါးတို့တွင်။ အညတရံဝါ အညတရံဝါ၊ တပါးပါးသော ပါရာဇိကသို့လည်း။အာပဇ္ဇိတွာ၊ ရောက်သည်ရှိသော်။ ပုရေ၊ ရှေး လူသာမဏေ အခါ၌။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ အတူပေါင်းဘော်ခြင်းကို။ န လဘတိ ယထာ၊ မရသကဲ့သို့။ တထာ၊ ထိုအတူ။ ပစ္ဆာ၊ နောက်၌။ န လဘတိ၊ မရ။ ပါရာဇိကော....။ဟောတိ....၊ အသံဝါသော....။ ဟောတိ....။

တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။ ။ပါရာဇိကုဒ္ဒေသော ဒုတိယော။

တတ္ထ၊ ထိုလေးပါးသော ပါရာဇိကတို့၌။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပုစ္ဆာမိ၊ ငါမေး၏။ ကစ္စိ၊ အသို့နည်း။ ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဒုတိယမ္ပိ၊ နှစ်ကြိမ် မြောက်သည်း။ ပုစ္ဆာမိ……။ကစ္စိ……။ပရိသုဒ္ဓါ……။အတ္ထ……။တတိယမ္ပိ……။ ပုစ္ဆာမိ…။ ကစ္စိ……။ပရိသုဒ္ဓါ……။အတ္ထ……။ဧတ္ထ၊ ဤပါရာဇိက၌။ အာယသ္မန္တော၊ အရှင်တို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ပရိသုဒ္ဓါ……။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေခြင်းသည်။ အသိ၊ ဖြစ်ပြီ။ ဧဝံ၊ ဤသို့ ဆိတ်ဆိတ်နေခြင်းဖြင့်။ ဧတံ၊ ထိုစင်ကြယ်ခြင်းကို။ ဓာရယာမိ၊ ငါသိ၏။ ဣတိ၊ ဤသို့သော စကားစဉ်ဖြင့်။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပါရာဇိ ကုဒ္ဒေသော၊ ပါရာဇိက ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဤပါရာဇိက သုံးကြိမ်မေးခြင်းအဆုံး၌ ပါရာဇိက ရှိလျက် ထင်စွာမပြုဘဲ ဆိတ်ဆိတ်နေလျှင် သမ္ပဇာနမုသာဝါဒ ဖြစ်၏။ သဂ္ဂမောက္ခအန္တရာယ်ဖြစ်၏။ သို့ရာတွင် ပါရာဇိကမစင်ကြယ်သူအား ဒုက္ကဋ်အာပတ် မသင့်စကောင်း။ ။ပါရာဇိကပေါင်း ၂၄-ပါးရှိ၏။ ထိုတွင်ငါးပါးဘိက္ခုနှင့်မဆိုင် ရေတွက်နိုင်ရမည်။

---

## သံဃာဒိသေသုဒ္ဒေသ။

ဣမေ ခေါ ပနာယသ္မန္တော တေရသ သံဃာဒိသေသာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အာယသ္မန္တော၊ အရှင်တို့။ တေရသ၊ တဆယ့်သုံးပါး ကုန်သော။ သံဃာဒိသေသာ၊ သံဃာဒိသိသ်အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။(ဝါ၊ဤအာပတ်တို့သည်။)ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

**၁။ သုက္ကဝိဿဋ္ဌိ။** ။သဉ္စေတနိကာ သုက္ကဝိဿဋ္ဌိ အညတြ သုပိနန္တာ သံဃာဒိသေသော။ (မေထုနာ။)

သုပိနန္တာ၊ အိပ်မက်၌ သုက်လွတ်ခြင်းကို။ အညတြ၊ ကြဉ်၍။ သဉ္စေတနိကာ၊ စေတနာထင်ရှားရှိသော။ သုက္ကဝိဿဋ္ဌိ၊ သုက်လွတ် ခြင်းသည်။ သံဃာဒိသေသော၊ သံဃာဒိသိသ် အမည်ရှိသော။ အာပတ္တိနိကာယော၊ အာပတ်အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။

စေတနာရှိခြင်း,လုံ့လပြုခြင်း,လွတ်ခြင်း-အင်္ဂါသုံးပါး။ ။ထိုတွင် လုံ့လပြုခြင်းကို အဇ္ဈတ္တရုပ်ဖြင့်, ဗဟိဒ္ဓရုပ်ဖြင့်, အဇ္ဈတ္တဗဟိဒ္ဓရုပ်ဖြင့်, ကောင်းကင်၌ ခါးလှုပ်ခြင်းဖြင့်-ဤလေးမျိုး တမျိုးမျိုးဖြင့် နိမိတ်ကိုလုံ့လပြုခြင်းဟု သိအပ်၏၊ လွတ်စေလိုသော စေတနာသာ အာပတ် အင်္ဂါ။လွတ်ပြီး လွတ်ဆဲ စေတနာ အနာပတ္တိ။ ။သံဃ သံဃာကို+ အာဒိ-အစပရိဝါသ်ကံ၌ ၎င်း+ သေသ-ကြွင်းသောမာနတ်ကံ၊ မူလာယပဋိကဿနကံ၊အဗ္ဘာနကံတို့၌ ၎င်း+ အလိုရှိအပ်သောကြောင့် **“သံဃာဒိသေသ”** မည်၏။ ဤအာပတ်ကုစားသောကံတိုင်း သံဃာပြည့်ရသည်။ ။ “အာပတ်တခုကိုလည်း အာပတ်အပေါင်း”ဟု တင်စားသည်။

**၂။ ကာယသံသဂ္ဂ။** ။ယောပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇေယျ ဟတ္ထဂ္ဂါဟံ ဝါ ဝေဏိဂ္ဂါဟံ ဝါ အညတရဿ ဝါ အညတရဿ ဝါ အင်္ဂဿ ပရာမသနံ သံဃာဒိသေသော။ (မေထုနာ။)

ယောပနဘိက္ခု…။ဩတိဏ္ဏော၊ ရာဂသက်ဝင်သည်ဖြစ်၍။ဝိပရိဏတေန၊ ဖောက်ပြန်သော။ စိတ္တေန၊ စိတ်ဖြင့်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ကာယသံသဂ္ဂံ၊ ကိုယ်သက် နှီးနှောခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဟတ္ထဂ္ဂါဟံဝါ၊ လက်ကိုင်ခြင်းသို့ရင်း။ ဝေဏိဂ္ဂါဟံဝါ၊ ဆံသုံးကိုင်ခြင်းသို့ရင်း။အညတရဿဝါ အညတရဿဝါ၊ တပါးပါးလည်း ဖြစ်သော။ အင်္ဂဿ၊ အင်္ဂါကြီးငယ်ကို။ ပရာမသနံ၊ သုံးသပ်ခြင်းသို့။ သမာပဇ္ဇေယျ……။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သံဃာဒိသေသော……။အာပတ္တိနိကာယော……။ဟောတိ……။

လူမိန်းမဖြစ်ခြင်း, မိန်းမဟုအမှတ်ရှိခြင်း, ကာယသံသဂ္ဂရာဂရှိခြင်း, ထိုရာဂဖြင့် လုံ့လပြုခြင်း, လက်ကိုင်ခြင်း စသည့်တို့သို့ ရောက်ခြင်း-အင်္ဂါငါးပါး။ ။မိန်းမကိုယ်ကိုထိအံ့ဟု အဝတ်ကိုထိအံ့ "**ထုလ္လစ္စဉ်း**"။ အဝတ်ကိုထိအံ့ဟုကိုယ်ကိုထိအံ့ "**သံဃာဒိသိသ်**"။ ကာယသံသဂ္ဂရာဂမှ တပါးသော ရာဂဖြင့် ကိုင်အံ့-မေထုနရာဂပင် ဖြစ်စေ-"**ဒုက္ကဋ်**"။ ချိုင်းထိုးကစားသော်လည်း "**ဒုက္ကဋ်**"။အမိ, နှမဟူသော ချစ်ခြင်းဖြင့်ကိုင်အံ့ "**ဒုက္ကဋ်**"။အမိရေမျောသည်ကိုပင် ဆင်းမဆယ်အပ်၊ ဝါး စသည် ချပေးအပ်၏။ ဤ၌ ဆွဲကိုင်လောဟု မဆိုအပ်၊ ဆွဲကိုင်လျှင် ချမ်းသာတတ်သည်ဟု ဆိုအပ်၏။ ဆွဲကိုင်သောအခါ ပရိက္ခရာဘဏ္ဍာကို ငင်မည်-ဟု ငင်အင်၏။ ကြောက်လန့်၍ ချန်ဘက်အံ့- မခါတွက်အပ်။ ကုန်းပေါ်သို့အရောက်ပို့အပ်၏။ ခြေကိုဆုပ်နယ်ကာ ငိုးချလိုပါသည်-ဟု မာတုဂါမဆိုအံ့-တားရသည်။ မတားသာလျှင် ခြေကိုအဝတ်ဖုံ့ရသည်။ မဖုံးသာလျှင် မတုန်မလှုပ်နေရသည်။အကျိုးကား စိတ်သာယာသော်လည်းမတုန်မလှုပ်သူအား အနာပတ္တိ။ ။ မာတုဂါမဟူသမျှ၌ နတ်မ၊ တိရစ္ဆာန်မတို့ကို မဟော။ လူမိန်းမတမျိုးကိုသာ ဟောသည်။

၃။ **ဒုဋ္ဌုလ္လဝါစာ**။ ။ယောပနဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသေယျ ယထာတံ ယုဝါ ယုဝတိံ မေထုနုပသံဟိတာဟိ သံဃာဒိသေသော။ (အဒိန္နာ။)

ယောပနဘိက္ခု…… ။ဩတိဏ္ဏော၊ ရာဂသက်ဝင်သည်ဖြစ်၍။ ဝိပရိဏတေန၊ ဖောက်ပြန်သော။ စိတ္တေန……။ မာတုဂါမံ၊ မာတုဂါမကို။ ဒုဋ္ဌုလ္လာဟိ၊ ရုန့်ရင်းကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ ဩဘာသေယျ၊ ပြက်ရယ်စကား ပြောဆိုငြားအံ့။ ယုဝါ၊ လုလင်ပျိုသည်။ ယုဝတိံ၊ မိန်းမပျိုကို။ မေထုနုပသံဟိတာဟိ၊ မေထုန်နှင့်စပ်သော စကားတို့ဖြင့်။( ဝါစာဟိ…… ထိ၊ဗဟုရစ်ငဲ့သည်။ )ဩဘာသေယျယထာ၊ပြက်ရယ်စကားပြောဆိုသကဲ့သို့။ဩဘာသေယျ… ။တဿဘိက္ခုနော……။ သံဃာဒိသေသော……။အာပတ္တိနိကာယော…… ။ဟောတိ …။

လူမိန်းမ ဖြစ်ခြင်း, မိန်းမဟုအမှတ်ရှိခြင်း, ဒုဋ္ဌုလ္လဝါစာ· သာဒရာဂရှိခြင်း, ထိုရာဂဖြင့်ပြက်ရယ် ဆိုခြင်း, ထိုခဏသိ ခြင်း-အင်္ဂါငါးပါး။ ။မသူတော်စကားသည် ချီးမွမ်းခြင်း၊ကဲ့ရဲ့ ခြင်း( ၂ )တောင်းခြင်း၊ သွယ်ဝိုက်၍ တောင်းခြင်း၊ မေးခြင်း၊ သွယ်ဝိုက်၍မေးခြင်း၊ မေး၍ပြောပြခြင်း၊ ဆုံးမစကား ပြောပြ ခြင်း ( ၆ )ဆဲခြင်း ( ၁ )ဤသို့ ကိုးမျိုးရှိ၏။ ထိုတွင် ချီးမွမ်းကဲ့ရဲ့ နှစ်မျိုးသည် မဂ်နှစ်ခုနှင့်စပ်မှ အာပတ်သင့်သည်။ တောင်း၊မေး၊ ပြော-ခြောက်မျိုးသည် မေထုန်နှင့်စပ်မှ အာပတ်သင့်သည်။ ဆဲ ခြင်းတမျိုးသည်-နင့်အသားစွန်း ရှည်သည်။ ဂင်္ဂနှစ်ခု ဆက်နေ သည်၊ ဥဘတောဗျည်းဖြစ်သည်ဟု ဆဲခြင်းသုံးချဖြစ်၏။ထိုသုံးခု ဖြင့် အာပတ်သင့်သည်။ "ဤသို့ အဆဲသုံးခု၊ မဂ်နှစ်ခု၊ မေထုန် တခု—ပေါင်းခြောက်ခုသည် **အာပတ္တိကရ စကားခြောက်ခွန်း** မည်၏။" လက်အမှုအရာဖြင့်ပြလျှင်လည်း ဤအဘူသာ တည်း။ ။ဒေါသကြွမ်းဖြင့်ဆဲလျှင် အာပတ်ငယ်ငယ်။ ရာဂနှ ဖြင့် ဆဲလျှင် အာပတ်ကြီးကြီး။

**၄။ အတ္တကာမပါရိစရိယ**။ ။ယောပနဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမဿ သန္တိကေ အတ္တကာမ ပါရိစရိယာယ ဝဏ္ဏံ ဘာသေယျ၊

ယောပနဘိက္ခု……။ဩတိဏ္ဏော……။ဝိပရိဏတေန ……။စိတ္တေန……။ မာတုဂါမဿ၊ မာတုဂါမ၏။ သန္တိကေ၊အထံ၌။ အတ္တ+ကာမ+ပါရိ စရိယာယ၊ မိမိအလို၌+မေထုန်ကာမဖြင့်+လုပ်ကျွေးခြင်း၏။ ဝဏ္ဏံ၊ အကျိုးကျေးဇူးကို။ဘာသေယျ၊ပြောဆိုငြားအံ့။

ဧတဒဂ္ဂံ ဘဂိနိ ပါရိစရိယာနံ ယာ မာဒိသံ သီလဝန္တံ ကလျာဏဓမ္မံ ဗြဟ္မစာရိံ ဧတေန ဓမ္မေန ပရိစရေယျာတိ မေထုနူပသံဟိတေန သံဃာဒိသေသော။ အဒိန္နာ……)

ဘဂိနိ၊ နှမ။ ယာ၊ အကြင်မိန်းမသည်။ သီလဝန္တံ၊ သီလရှိသော။ ကလျာဏဓမ္မံ၊ ကောင်းသော တရားရှိသော။ ဗြဟ္မစာရိံ၊ မြတ်သော အကျင့်ကို ကျင့်သော။ မာဒိသံ၊ ငါကဲ့သို့သောသူကို။ ဧတေနဓမ္မေန၊ ဤမေထုန်အကျင့်ဖြင့်။ပရိစရေယျ၊လုပ်ကျွေးငြားအံ့။ တဿာ၊ ထိုမိန်းမ

၏။ ဧတံ–ဧသာ၊ ထိုလုပ်ကျွေးခြင်းသည်။ ပါရိစရိယာနံ၊ လုပ်ကျွေးခြင်း တဘာဝတို့ထက်။ အဂ္ဂံ-အဂ္ဂါ၊မြတ်၏။ ဣတိ၊ ဤသို့။ မေထုနူပသံဟိတေန၊ မေထုန်နှင့်စပ်သော စကားဖြင့်။ (ဝစနေန……နပုံ၊ ဧကေဝုစ်ငဲ့သည်။) ဘာသေယျ၊ပြောဆိုငြားအံ့။ တဿဘိက္ခုနော…။သံဃာဒိသေသော…။ အာပတ္တိနိကာယော……။ဟောတိ……။

လူမိန်းမဖြစ်ခြင်း, မိန်းမဟုအမှတ်ရှိခြင်း, အတ္တကာမ ပါရိစရိယ ရာဂရှိခြင်း,ထိုရာဂဖြင့်ကျေးဇူးဆိုခြင်း,ထိုခဏသိခြင်း-အင်္ဂါငါးပါး။ ။လက်အမူအရာဖြင့်လည်းဤအဘူတည်း။မေထုန ရာဂ၊ ကာယသံသဂ္ဂရာဂ၊ ဒုဋ္ဌုလ္လဝါစာ ရာဂ၊ အတ္တကာမ ပါရိစရိယ ရာဂ–ဤရာဂတို့ကို ကွဲဧရသည်၊ မရောယှက်စေရ။

၅။ **သဉ္စရိတ္တ**၊ ။ယောပနဘိက္ခု သဉ္စရိတ္တံ သမာပဇ္ဇေယျ ဣတ္ထိယာ ဝါ ပုရိသမတိံ ပုရိသဿ ဝါ ဣတ္ထိမတိံ ဇာယတ္တနေ ဝါ ဇာရတ္တနေ ဝါ အန္တမသော တင်္ခဏိကာယပိ သံဃာဒိသေသော။(သဉ္စာ-သဗ္ဗ-၅၀။)

ယောပနဘိက္ခု……။သဉ္စရိတ္တံ၊အောင်တမန်သွားလာခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဣတ္ထိယာဝါ၊မိန်းမအားလည်း။ ပုရိသမတိံ၊ ယောကျ်ားတို့အလိုကို။ပုရိသဿဝါ၊ယောကျ်ားအားလည်း။ဣတ္ထိမတိံ၊ မိန်းမ၏အလိုကို။ ဇာယတ္တနေဝါ၊မယား၏ဖြစ်ခြင်းဟူသော အကြောင်းကြောင့်ရင်း။ ဇာရတ္တနေဝါ၊လင်၏ဖြစ်ခြင်းဟူသော အကြောင်းကြောင့်ရင်း။အာရောစေယျ၊ပြောကြားငြားအံ့။[ဇာယ-အမြဲဖြင်ခြင်းအကြောင်း။ ဇာရ–အမြောင်ဖြစ်ခြင်းအကြောင်း ဟူ၍လည်း ဆိုနိုင်သည်။] အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ တင်္ခဏိကာယပိ၊ ထိုခဏမျှပေါင်းဘော်အပ်သော မိန်းမအားလည်း။အာရောစေယျ……။တဿ ဘိက္ခုနော……။ သံဃာဒိသေသော……။အာပတ္တိနိကာယော……။ဟောတိ……။

အောင်တမန်သွားလာအပ်သူ နှစ်ဦးလုံး၏ လူဇာတ်ဖြစ်ခြင်း, အလံဝစနီယ-မိန်းမဖြစ်ခြင်း, ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ပြောခြင်း-အင်္ဂါငါးပါး။ {သဉ္စာ-သဗ္ဗ-၆ ပါး တပါးပါးကြောင့် သဉ္စရိတ္တ သရုဋ္ဌာန်မည်၏၊ အလားတူ ၅၀။ အစိတ္တက။} မပြတ်မစဲ ခေတ္တခွဲနေလျှင် အလံဝစနီယမဟုတ်။ အောင်သွယ်ဘွယ်မရှိ။

တဘို့ကို။ ဂေါစရိယာနံ၊ ကြောင်သောသိုးမွေးတို့၏။ စတုတ္ထံ၊ လေးချ
မြောက် တဘို့ကို။ အာဒါတဗ္ဗံ၊ ယူအပ်၏။ ဘိက္ခု၊······သည်။ သုဒ္ဓကာ
ဠကာနံ······။ ဧဠကလောမာနံ ··။ဒွေဘာဂေ၊နှစ်ဘို့တို့ကို။ဩဒါတာနံ······။
တတိယံ၊······ကို။ ဂေါစရိယာနံ ····။စတုတ္ထံ၊······ကို။ အနာဒါ၊ မယူမူ၍။
နဝံ······။သန္ထတံ၊······ကို။ ကာရာပေယျ······။ တဿဘိက္ခုနော······။
နိဿဂ္ဂိယံ······။ပါစိတ္တိယံ······။ဟောတိ······ ။

အမည်းနှစ်ဘို့ထက်လွန်ခြင်းနှင့် အင်္ဂါသုံးပါး။ ။အမည်း၊
အဖြူမှ ကြွင်းသမျှသည် အကြောင်မည်၏။ ဤသန္ထတအခင်း
သုံးချလုံးစွန့်ပြီး ပြန်ရလည်း ထိုအတိုင်း မသုံးအပ်။

**၄။ ဆဗ္ဗဿ။** ။နဝံ ပန ဘိက္ခုနာ သန္ထတံ ကာရာပေ
တွာ ဆဗ္ဗဿာနိ ဓာရေတဗ္ဗံ။ ဩရေန စေ ဆန္နံ ဝဿာနံ တံ
သန္ထတံ ဝိဿဇ္ဇေတွာ ဝါ အဝိဿဇ္ဇေတွာ ဝါ အညံ နဝံ သန္ထ
တံ ကာရာပေယျ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ
ပါစိတ္တိယံ။ (သဒ္ဒါ······)

ဘိက္ခုနာ၊······သည်။ နဝံ····။သန္ထတံ ····။ကာရာပေတွာ၊ပြုစေပြီး၍။
ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ဓာရေတဗ္ဗံ၊ ဆောင်ထား အပ်၏။
ဆန္နံ ဝဿာနံ၊ ခြောက်နှစ်တို့၏။ဩရေန၊ အတွင်း၌။ တံသန္ထတံ၊ ထို
အခင်းကို။ ဝိဿဇ္ဇေတွာဝါ၊ စွန့်၍ငင်း။ အဝိဿဇ္ဇေတွာဝါ၊ မစွန့်မူ၍
ငင်း။ အညံ၊တပါးသော။ နဝံ ····။သန္ထတံ····။စေကာရာပေယျ၊······အံ့။
ဘိက္ခုသမ္မုတိယာ၊ဂိလာနရဟန်းအားပေးသော သမ္မုတိကို။အညတြ၊
ကြဉ်၍။တဿ ဘိက္ခုနော ··။နိဿဂ္ဂိယံ···။ပါစိတ္တိယံ······။ဟောတိ ····။
အင်္ဂါသုံးပါးပင်တည်း။ သူတပါးပြုပြီးကိုရသျှင် အပ်၏။

**၅။ နိသီဒနသန္ထတ။** ။နိသီဒနသန္ထတံ ပန ဘိက္ခုနာ
ကာရယမာနေန ပုရာဏသန္ထတဿ သာမန္တာ သုဂတဝိဒတ္ထိ

အာဒါတဗ္ဗာ ဒုဗ္ဗဏ္ဏကရဏာယ၊ အနာဒါ စေ ဘိက္ခု ပုရာဏ
သန္ထတဿ သာမန္တာ သုဂတဝိဒတ္ထိံ နဝံ နိသီဒနသန္ထတံ
ကာရာပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သန္ထာ……)

နိသီဒနသန္ထတံ၊ နိသီဒိုင် အခင်းကို။ ကာရယမာနေန……။ ဘိက္ခုနာ……။ ပုရာဏသန္ထတဿ၊ အခင်းဟောင်း၏။ သာမန္တာ၊ နံပါးတဘက်မှ။ သုဂတဝိဒတ္ထိ၊ မြတ်စွာဘုရား၏ တထွာမျှအရပ်ကို။ ဒုဗ္ဗဏ္ဏကရဏာယ၊ အဆင်းပျက်အောင် ပြုခြင်းငှါ။ အာဒါတဗ္ဗာ၊ ဖြတ်၍ ယူအပ်၏။ ဘိက္ခု၊……သည်။ ပုရာဏ သန္ထတဿ……။ သာမန္တာ……။ သုဂတဝိဒတ္ထိံ၊……ကို။ အနာဒါ……။ နဝံ……။ နိသီဒနသန္ထတံ……။ စေကာရာပေယျ……။ တဿ ဘိက္ခုနော……။ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ……။ ဟောတိ……။

ယခင်ကဲ့သို့အင်္ဂါသုံးပါး။ ။ဤသန္ထတ အားလုံးသည် သက်န်း ကဲ့ထည်၌မပါ၊ ဗိဝရမည်။ အဓိဋ္ဌာန် ဝိကပ္ပနာ မလောက်။ နိသီဒိုင်၌ ပမာဏကား အလျားနှစ်ထွာ၊ အနံတထွာ ခွဲ၊ အဆာတထွာဟုပြလတ္တံ့။ ပကတိအားဖြင့် အလျားလေး တောင်ထွာ၊အနံသုံး တောင် ကိုးသစ်၊အဆာ နှစ်တောင် ခြောက် သစ်၊ဘေး၌ ဖြစ်စေ ထင်၌ဖြစ်စေ အဆာကို နှစ်ချသောနေရာ၌ အညီခွဲလျှင် အစိတ်အခြမ်း သုံးခုဖြစ်၏။ ဝေသာလီ အဓမ္မဝါဒီ ဆယ်ပါး၌ အဆာမပါသောနိသီဒိုင် အပ်သည်ဟု ပရဝါဒီတို့ ပြကုန်၏။ဒုတိယသင်္ဂါယနာ၌ မအပ်ဟု သကဝါဒီတို့ ပယ်ကုန် ၏။အဆာရှိအနေကြီး လှက် အဆာမပါလျှင် မအပ်ပါ၍ဟူလို။

၆။ **ဧဠကလောမ**။ ။ဘိက္ခုနော ပနေဝ အဒ္ဓါနမဂ္ဂပ္ပဋိ ပန္နဿ ဧဠကလောမာနိ ဥပ္ပဇ္ဇေယျုံ။အာကင်္ခမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ပဋိဂ္ဂဟေတွာ တိယောဇနပရမံ သဟတ္ထာ ဟာရိတဗ္ဗာနိ အသန္တေ ဟာရကေ။ တတော စေ ဥတ္တရိ ဟာရေ ယျ အသန္တေပိ ဟာရကေ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။(ပါ၊စ-၆၆-၄၄)

အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ၊ အဝေးနှံရှည်သော ခရီးသို့သွားသော။ ဘိက္ခုနော ပနေဝ၊……အားသာလျှင်။ ဧဠကလောမာနိ၊ သိုးမွေး တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ငြားအံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ……သည်။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ခံယူအပ်ကုန်၏။ ပဋိဂ္ဂဟေတွာ၊ခံယူ

ပြီး၍။ ဟာရကော၊ ဆောင်သောသူသည်။ အသတ္ထေ၊ မရှိလတ်သော်၊ တိယောဇနပရမံ၊ သုံးယူဇနာ ပမာဏရှိသော အရပ် တိုင်အောင်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဟရိတဗ္ဗာနိ၊ ဆောင်အပ် ကုန်၏။ ဟာရကော……သည်။ အသတ္တေပိ၊ မရှိသော်လည်း။ တတော၊ ထိုသုံးယူဇနာ ထက်။ဥတ္တရိ……။စေဟရေယျ……။တသဘိက္ခုနော……။နိဿဂ္ဂိယံ‥။ ပါစိတ္တိယံ‥‥။ဟောတိ……။

သိုးမွေးတို့၏ ကတာဘဏ္ဍ-ဘဏ္ဍာပြုပြီး မဟုတ်ခြင်း,ရှေးဦးစွာ ရသောသိုးမွေးဖြစ်ခြင်း,ကိုယ်တိုင်ဖြစ်စေ-သူတပါးယာဉ်၌ မသိအောင်ထည့်၍ဖြစ်စေ သုံးယူဇနာကိုလွန်စေခြင်း, ဆောင်ပြီးတဖန် ပြန်ဆောင်သည်မဟုတ်ခြင်း,နေလို၍သွားသည်မဟုတ်ခြင်း-အင်္ဂါငါးပါး။ ။နား‌ပေါက်၌ အနည်းငယ်ထည့်၍ ဆောင်လျှင်လည်း သုံးယူဇနာလွန်လျှင် "**နိဿဂ္ဂိပါစိတ်**"။ {ပါ၊စ-၄၂၊ ပဋ္ဌမကြောင့် စတုတ္ထကြောင့် ဧဠကလောမ သမုဋ္ဌာန်။ အလားတူ ၄၄-အစိတ္တက။} ချည်ဖြင့်ဖွဲ့ကာမှုလည်း ကတာဘဏ္ဍ မည်၏။ အပြစ်မရှိ။သုံးယူဇနာအထိဆောင်သွား၍ တဖန်ပြန်ဆောင်အံ့၊ နေလို၍သွားပြီးမှ တဖန်တနေရာရွှေ့အံ့၊ ခိုးသူလုသွားရာမှ ပြန်ရအံ့၊ ဝိနည်းကံဖြင့် စွန့်ပြီးပြန်ရအံ့၊ လူတပါးသိအောင် ပြု၍ ဆောင်ခိုင်းအံ့-အပြစ်မရှိ။

**၇။ ဧဠကလောမဓောဝါပန**။ ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ဧဠကလောမာနိ ဓောဝါပေယျ ဝါ ရဇာပေယျ ဝါ ဝိဇဋာပေယျ ဝါ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဒ္ဒါ……)

ယောပန ဘိက္ခု……။ အညာတိကာယ……။ ဘိက္ခုနိယာ၊……ကို။ ဧဠကလောမာနိ၊……တို့ကို။ ဓောဝါပေယျဝါ၊ ဖွပ်မှုလည်း……။ ရဇာပေယျဝါ၊ ဆိုးမှုလည်း……။ ဝိဇဋာပေယျဝါ၊ အရှုပ်အထွေးကို ဖြေမှုလည်း ဖြေစေငြားအံ့။ တဿဘိက္ခုနော……။ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ……။ဟောတိ‥‥။

သင်္ကန်းဖွပ်ခိုင်းသကဲ့သို့ အင်္ဂါသုံးပါး။

ဂ။ ရူပိယ။ ။ယောပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ဥပနိက္ခိတ္တံ ဝါ သာဒယေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဒ္ဒါ…… )

ယောပနဘိက္ခု……။ ဇာတရူပရဇတံ၊ ရွှေငွေကို၊ ဥဂ္ဂဏှေယျဝါ၊ ကိုယ်တိုင်လည်း ယူငြားအံ့။ ဥဂ္ဂဏှာပေယျဝါ၊ သူတပါး ကိုလည်း ယူစေငြားအံ့။ ဥပနိက္ခိတ္တံဝါ၊ အနီးသို့ ဆောင်၍ လှူသည်ကိုလည်း၊ သာဒယေယျ၊ သာယာငြားအံ့၊ တသဘိက္ခုနော……၊ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ…… ။ဟောတိ……၊

ရွှေငွေဖြစ်ခြင်း, မိမိအလို့ငှါ ညွှန်းခြင်း,ယူခြင်း-ယူစေခြင်း– သာယာခြင်းတို့တွင် တပါးပါးဖြစ်ခြင်း-အင်္ဂါသုံးပါး၊ ။ရွှေကား ထင်ရှား၏။ ငွေမှစ၍ကုန်သွယ်ခြင်းသို့ရောက်သော သစ်သား၊ သံ၊ ကြေး၊ ခဲ၊ စက္ကူစသည်လည်း ''ရဇတ'' မည်၏၊ အနီး၌ထား၍ လှူသောငွေကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သည်းခံခြင်း သည် သာယာသည် မည်၏။ ကိုယ်နှုတ်ဖြင့် ဤ ရွှေငွေ မအပ်-ဟု ပယ်ရသည်။ စိတ်ဖြင့်သော်လည်း ငါတို့အား မအပ်-ဟု နှလုံး သွင်းရသည်။ ။ရွှေငွေခံယူ သာယာမိလျှင် သံဃာ့အလယ်၌သာ စွန့်ရသည်။ လူတယောက်ရောက်လာလျှင်သိလော-ဟု ဆိုရ သည်၊ ထိုလူယူသွားလျှင် မတားရ၊ ''သစ်သီးစသည်ဝယ်လှူ'' ဟု မဆိုအပ်။ ဝယ်လှူလျှင်တပါးသောရဟန်းတို့အားအပ်သည်၊ ငွေခံသူအား မအပ်။ ထိုသစ်သီးမှ ဖြစ်သော သစ်ပင်၏မှုန်းတည့် ရိပ်ပင်မအပ်၊ တိရစ္ဆာန်ပစ္စည်း,ပံသုကူပစ္စည်း ဖြစ်သွားသော် လည်း မအပ်၊ ထိုလူမယူလျှင် ရဟန်းတပါးကို ရွှေငွေ စွန့်သူဟု သမုတ်အပ်၏။ မစင်ကိုကဲ့သို့ မမှတ်မသား စွန့်အပ်၏၊ မှတ်၍စွန့် လျှင်''ဒုက္ကဋ်''၊ သံဃာ့အလယ်၌ မစွန့်ဘဲဝယ်ကျွေးလျှင် တသာ သနာလုံး မအပ်။ ။ငွေလာလှူသည်ကိုပယ်သော်လည်း အတင်း ထားခဲ့အံ့-စောင့်ရှောက်ကောင်း၏၊ လူတယောက်လာ၍ ဘယ် မှာထားရမလဲ-ဟုမေးလျှင် ဤနေရာ၌ထား-ဟု မဆိုအပ်၊ ဤ သေတ္တာ၌လုံခြုံသည်ဟု ပြောအပ်၏၊ သပိတ်ကုန်သည် ရောက် လာ၍ အလိုရှိလျှင် ငါသပိတ်အလိုရှိ၏၊ ငွေလည်းရှိ၏၊ ကပ္ပိယ မရှိ-ဟု ဆိုအပ်၏။ တပည့်တော် ကပ္ပိယ လုပ်မည်ဟု ဆိုလျှင်

ဤ၌ ငွေရှိသည်-ဟု ဆိုအပ်၏။ယူ-ဟု မဆိုအပ်၊ငွေအရိယူလျှင် ငါ့ငွေပြန်ထား–ဟုမဆိုအပ်။ သင့်သပိတ် မလိုချင်တော့ဘူး၊ ထွက်လော–ဟု ဆိုအပ်၏။

**၉။ ရူပိယ သံဝေါဟာရ။** ။ယောပန ဘိက္ခု နာနပ္ပကာရံ ရူပိယသံဝေါဟာရံ သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဗ္ဗာ ..... )

ယောပနဘိက္ခု.....။ နာနာပ္ပကာရံ၊ (တန်ဆာပြုပြီး၊ မပြုသေး–စသည်ဖြင့် )များသောအပြားရှိသော။ ရူပိယသံဝေါဟာရံ၊ ရွှေငွေဖလှယ်ခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ဘသဘိက္ခုနေ့ာ.....။နိဿဂ္ဂိယံ .....။ပါစိတ္တိယံ .....။ဟောတိ .....။

ဖလှယ်သောပစ္စည်းတို့၏ ရူပိယဖြစ်ခြင်း,ဖလှယ်ခြင်း-အင်္ဂါ နှစ်ပါး။ ။ဤ၌ နိဿဂ္ဂိယပစ္စည်းမည်သော ရွှေ၊ ငွေ၊အသပြာ၊ မာသက-လေးမျိုးလုံး "**ရူပိယ**"မည်၏။ နိဿဂ္ဂိဝတ္ထုမည်၏။ နိဿဂ္ဂိဝတ္ထု လေးမျိုးနှင့် နိဿဂ္ဂိဝတ္ထု လေးမျိုးကို လဲအံ့– "**နိဿဂ္ဂိ**"ဖြစ်၏။(နိနှင့်နိလဲ–နိဟုလို။) ပုလဲစသောဒုက္ကဋ် ဝတ္ထု အမျိုးမျိုးကိုလဲအံ့-"**နိဿဂ္ဂိ**"။ (နိနှင့်ဒုက်လဲ-နိဟုလို။) ကပ္ပိယ ဝတ္ထုအမျိုးမျိုးကိုလဲအံ့ "**နိဿဂ္ဂိ**"။ (နိနှင့်ကပ်လဲ-နိဟုလို။ )(၃) ထိုနည်းဖြင့် ဒုက်နှင့်နိလဲ-နိ။ဒုက်နှင့်ဒုက်လဲ-ဒုက်။ဒုက်နှင့်ကပ်လဲ ဒုက်(၃)။ ကပ်နှင့်နိလဲ-နိ။ ကပ်နှင့်ဒုက်လဲ–ဒုက်။ ကပ်နှင့်ကပ်လဲ ကပ်။ ( ၃ )=လဲခြင်း ၉-မျိုး သိအပ်၏။ သိတင်းသုံးဘော်ချင်း သာကပ်နှင့်ကပ်-လဲကောင်းသည်။ဤရွှေငွေလဲသော နိဿဂ္ဂိကို စွန့်ခြင်းစသော အစီအရင်အားလုံးလည်း ရွှေငွေခံ နိဿဂ္ဂိ အတိုင်းပင်တည်း။ခံငွေဖြင့် ဖြစ်စေအပ်သော အကပ္ပိယ သပိတ် လေးလုံးတို့တွင် မဟာအကပ္ပိယသပိတ်ကို အင်အောင်ပြု၍မရ။ ထိုသပိတ်ကိုဖျက်၍ ငါးမျှားချိတ်ပြု၍ မျှားသော ငါးပင်မအပ်။ ငွေတောင်း၍ဈေးဝယ်ခြင်းဖြင့် ဤသိက္ခာပုဒ်အပျက်များ၏၊

**၁၀။ ကယဝိက္ကယ။** ။ယောပနဘိက္ခု နာနပ္ပကာရံ ကယဝိက္ကယံ သမာပဇ္ဇေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ(သဗ္ဗာ..)။ ။ ဋ္ဌေကလောမဝဂ္ဂေါ ဒုတိယော။

ယောပနဘိက္ခု……။နာနာပ္ပကာရံ၊ (သက်နီးဆွမ်းစသော ကပ္ပိယဘဏ္ဍာဖြင့်)များသောအပြားရှိသော။ကယဝိက္ကယံ၊ ဝယ်ခြင်း ရောင်းခြင်းသို့။ဝါ၊ လဲလှယ်ခြင်းသို့။သမာပဇ္ဇေယျ……။ တဿဘိက္ခုနော……။ နိဿဂ္ဂိယံ……။ပါစိတ္တိယံ……။ဟောတိ…။ ။ဒုတိယော……။ဇွေကလောမဝဂ္ဂေါ…… ။နိဋ္ဌိတော…… ။

ဖလယ်သောဘဏ္ဍာတို့၏ ကပ္ပိယဘဏ္ဍာဖြစ်ခြင်း, သီတင်းသုံးဘော် ငါးယောက်မဟုတ်ခြင်း,ဖလယ်ခြင်း-အင်္ဂါသုံးပါး။ ။ မိဘနှင့်သော်လည်း မလဲကောင်း။ ပေးကောင်းယူကောင်း၏။ ဤပစ္စည်းကိုစား၍ ယူ၍ မြက်သုတ်သင်လော-ဟုခိုင်းအံ့၊လဲခြင်းပင်တည်း။စွန့်စရာပစ္စည်းကားမရှိ၍ ပါစိတ်သာ။ ဤဘဏ္ဍာဖြင့် ဤဘဏ္ဍာကို ပြုပေးလော၊ အလိုရှိသည်-ဟုဆိုအံ့၊ အပြစ်မရှိ။ အဘိုးမေးခြင်းသည် အပြစ်မရှိ။ ဤမျှအဘိုးထားပါဟုဆိုအံ့- "ဒုက္ကဋ-မအပ်သောစီရင်ခြင်း"မည်၏။ ငွေဖြင့်ဝယ်လျှင် ကယဝိက္ကယမဖြစ်၊ ရူပိယသံဝေါဟာရဖြစ်၍ အပြစ်ကြီးသည်။ ကပ္ပိယဘဏ္ဍာချင်းလဲလျှင်သာ "**ကယဝိက္ကယ**"ဖြစ်သည်။

---

## ပတ္တဝဂ်။

၁။ **ပတ္တ**။ ။ဒသာဟပရမံ အတိရေကပတ္တော ဓာရေတဗ္ဗော။ဘံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။(ထိနာ..)

ဒသာဟပရမံ၊ ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေကပတ္တော၊ပိုလွန်သောသပိတ်ကို၊ဓာရေတဗ္ဗော၊ ဆောင်ထားအပ်၏။ ဘံ၊ထိုဆယ်ရက်ကို။အတိက္ကာမယတော၊ လွန်စေသောရဟန်းအား။နိဿဂ္ဂိယံ…… ။ ပါစိတ္တိယံ……။ဟောတိ……။

ဓာတ်ပမာဏပြည့်စုံသောသပိတ်ဖြစ်ခြင်း,မိမိဥစ္စာဖြစ်ခြင်း, အဓိဋ္ဌာန်ဝိကပ္ပနာပြုသည်မှ ပိုလွန်သောသပိတ်ဖြစ်ခြင်း, ဆယ်ရက်လွန်ခြင်း-အင်္ဂါလေးပါး။ ။ဓာတ်အားဖြင့်သံ၊ မြေ-နှစ်မျိုး။ ပမာဏအားဖြင့် ကိုးလုံးတို့တွင် နှစ်လုံးမအပ်။ အဓိဋ္ဌာန်တလုံးသာတင်ရသည်။ ဝိကပ္ပနာအများအပ်၏။ အဘိုးမပြေသေးလျှင် အဓိဋ္ဌာန်မတင်အပ်။အကြွေးနောက်မှဆပ်ပါ၊အဓိဋ္ဌာန်တင်ပါဟုဆိုလည်းမတင်အပ်။ရက်လွန်သော်လည်း ကိုယ်ပိုင်မဟုတ်ခြင်း

ကြောင့် နိဿဂ္ဂိမဖြစ်။ရဟန်းပိုင်ဖြစ်လျှင် သပိတ်အသက်လည်း ဆယ်ရက်။

**၂။ ဦနပဉ္စဗန္ဓန။** ။ယော ပန ဘိက္ခု ဦနပဉ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ စေတာပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ တေန ဘိက္ခုနာ သော ပတ္တော ဘိက္ခုပရိသာယ နိဿဇ္ဇိတဗ္ဗော။ ယော စ တဿာ ဘိက္ခုပရိသာယ ပတ္တပရိယန္တော၊ သော တဿ ဘိက္ခုနော ပဒါတဗ္ဗော။ အယံ တေ ဘိက္ခု ပတ္တော ယာဝ ဘေဒနာယ ဓာရေတဗ္ဗောတိ။ အယံ တတ္ထ သာမီစိ။ ( သဉ္စာ...... )

ယော ပန ဘိက္ခု.....။ဦနပဉ္စဗန္ဓနေန၊ ငါးဖွဲ့အောက် ယုတ်သော။ ပတ္တေန၊ သပိတ်ဖြင့်။ (ဝါ၊ ငါးဖွဲ့အောက်ယုတ်သော သပိတ်ရှိသည်ဖြစ်၍။) {ကြိုယာနှင့်စပ်သော ကရိဏ်း–ဖြင့်–မဟုတ်။ မှတ်သားကြောင်း "ဇာတ္တဇ္ဇမ္ဘူတလက္ခဏ"။သပိတ်ဖြင့် မှတ်သားအပ်သော ရဟန်းဟူလို။} အညံ၊ တပါးသော။ နဝံ၊အသစ်ဖြစ်သော။ပတ္တံ၊.....ကို။စေတာပေယျ၊ တောင်းပြောအံ့။တဿဘိက္ခုနော... ။နိဿဂ္ဂိယံ...။ပါစိတ္တိယံ.....။ဟောတိ..။တေန ဘိက္ခုနာ၊.....သည်။သော ပတ္တော၊ ...ကို။ဘိက္ခုပရိသာယ၊ ရဟန်းပရိသတ်၌။ နိဿဇ္ဇိတဗ္ဗော၊ စွန့်အပ်၏။ယော စ၊ အကြင်သပိတ် သည်ကား။ တဿာဘိက္ခုပရိသာယ၊ ထိုရဟန်းပရိသတ်၌။ ပတ္တပရိယန္တော၊ ( သံဃာငယ်စွန့်သော )အစွန်ဆုံး၌ တည်သောသပိတ်သည်။ ဟောတိ.....။သော၊ ထိုသပိတ်ကို။ တဿဘိက္ခုနော၊.....အား။ ပဒါတဗ္ဗော၊ပေးအပ်၏။"ဘိက္ခု၊ရဟန်း။ တေ၊ သင်သည်။ အယံပတ္တော၊ ဤသပိတ်ကို။ ယာဝ ဘေဒနာယ၊ ကွဲသည့်တိုင်အောင်။ ဓာရေတဗ္ဗော၊ ဆောင်အပ်၏။" ဣတိ၊ ဤသို့ဆို၍။ ပဒါတဗ္ဗော၊ ပေးအပ်၏။အယံ၊ ဤအစွန်ဆုံးသပိတ်ကိုပေးခြင်းသည်။တတ္ထ၊ ထိုသပိတ်စွန့်ရာ၌။သာမီစိ၊ ကျင့်ဝတ်တည်း။

အမိန့်ရှိသော သပိတ်၏ ငါးဖွဲ့အောက်ယုတ်ခြင်း, မိမိအတွက် ရည်ညွှန်းခြင်း,မအပ်သောတောင်းခြင်း, (ဝါ၊သံဃာ ပဝါရိတထံ တောင်းခြင်း။) တောင်း၍ရခြင်း-အင်္ဂါလေးပါး။ ။ နှုတ်ခမ်းရေးမှ အောက်ကွဲကြောင်းနှုတ်သစ်လျှင် တဖွဲ့ကျအားဖြင့်

ရှစ်သစ်လေးဖွဲ့အထိသည် ဝါ၊ နှစ်သစ်ကွဲလေးကြောင်း–လေး ဖွဲ့အထိသည် သပိတ်မည်သေး၏။ နှစ်သစ်ကွဲငါးကြောင်း–ဆယ် သစ်ကွဲတကြောင်းရှိလျှင် သပိတ်မမည်။ ဤကား မြေသပိတ်၌ တည်း။ သံသပိတ်၌ ဆယ်ပေါက်ရှိစေကာမူ သံပြားဖာ၍ ပြေ ပြစ်လျှင် သပိတ်မည်၏။ မပြေမပြစ်၊ အာမိသကပ်ငြိလျှင် သပိတ် မမည်။ ဤနိဿဂ္ဂိသပိတ်ကို သံဃာ့အလယ်၌သာစွန့်ရသည်။ သံဃာအားလုံးသည် မိမိကိုင်နေကျ အဓိဋ္ဌာန်တင်သော သပိတ် ကိုယူ၍ စည်းဝေးရသည်။ သပိတ်ခံစေသော သမ္မုတိရ–ရဟန်း သည် ဤသပိတ်ကို မထေရ်ကြီးအား ပေးရသည်။ မနှစ်သက်၍ မယူလျှင် အပြစ်မရှိ။ သနား၍မယူလျှင် "**ဒုက္ကဋ်**"။ ယူလျှင် မထေရ်ကြီး သပိတ်ကို ဒုတိယမထေရ်အား ပေးရသည်။ ဤ နည်းဖြင့် သံဃာငယ်တိုင်အောင် ပေးရသည်။ ဤကဲ့သို့လဲလှယ် ၍ သံဃာငယ်စွန့်လိုက်သော သပိတ်သည် "**ပတ္တပရိယန္တ**" မည်၏။ ထိုသပိတ်ကို ထိုသပိတ်တောင်းသော ရဟန်းအား ပေးရသည်။ ရှိသေစွာသုံးရသည်။ မရှိမသေသုံးအံ့၊ စွန့် ပစ်အံ့–"**ဒုက္ကဋ်**"။

၃။ **ဘေသဇ္ဇ**။ ။ယာနိခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ၊ သေယျထိဒံ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ။ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ။ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ထိနာ……)

ဂိလာနာနံ၊နာကုန်သော။ဘိက္ခူနံ၊……တို့၏၊ ပဋိသာယနီယာနိ၊လျက် ဘွယ်ဖြစ်ကုန်သော။ [စားဘို့ ကိုယ်တိုင် အကပ်ခံထားသည်ပဲလို။] ယာ နိခေါပန တာနိဘေသဇ္ဇာနိ၊ အကြင်ဆေးတို့သည်။ သန္တိ၊ ရှိကုန်၏။ သေယျထိဒံ၊ထိုဆေးတို့ကား။သပ္ပိ၊ထောပတ်။နဝနီတံ၊ဆီဦး။ တေလံ၊ ဆီ။မဓု၊ ပျား။ဖာဏိတံ၊တင်လဲ၊ဇာတိ၊ဤငါးပါးတို့တည်း။တာနိ၊ထိုဆေး တို့ကို။ပဋိဂ္ဂဟေတွာ၊အကပ်ခံ၍။သတ္တာဟပရမံ၊ခုနစ်ရက်အပိုင်းအခြား ရှိသောကာလပတ်လုံး။ သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြု၍။ ပရိဘုဉ္ဇိ တဗ္ဗာနိ၊သုံးဆောင်အပ်ကုန်၏။ တံ၊ထိုခုနစ်ရက်ကို။အတိက္ကာမယတော၊ ……အား။နိဿဂ္ဂိယံ……။ပါစိတ္တိယံ…… ။ဟောတိ……။

ကိုယ်တိုင်အကပ်ခံသော ဆေးငါးပါးဖြစ်ခြင်း, မိမိဥစ္စာ ဖြစ်ခြင်း, ခုနစ်ရက်လွန်ခြင်း—အင်္ဂါသုံးပါး။ ။ဆေးကိစ္စမပြုသော်လည်း ထိုငါးပါးသည် ဆေးမည်၏။ ဩဒိဿ ခုနစ်ပါး၌ ဘေသဇ္ဇောဒိဿမည်၏။ အကပ်မခံဘဲကောက်ယူထားလျှင် စားဘွယ်မဟုတ်သောကြောင့် နိဿဂ္ဂိယမဖြစ်။ လိမ်းဆေးအဖြစ်ဖြင့် ယူထားလျှင် ရက်များစွာလွန်မှ စားလိုလျှင် အကပ်ခံအပ်၏။ ထိုနေ့မှ ခုနစ်ရက်အပ်၏။ရက်မလွန်မီ လိမ်းဆေးပြုတော့အံ့၊မစားတော့အံ့-ဟု ဆောက်တည်အပ်၏။ နှစ်ဦးပိုင်ကို တဦးအကပ်ခံ၍ မဝေဘန်ဘဲထားအံ့၊အကပ်ခံသော မိမိဆေးကို သူတပါးအား ခုနစ်ရက်စားတော့ဟုပေးအံ့၊ ရက်လွန်လျှင် နှစ်ဦးစလုံး နိဿဂ္ဂိမဖြစ်။ အနာပတ္တိ၊ စားခြင်း၌ကားမအပ်။ အကပ်ခံပြီးနောက် စားရန်အဘွက် ဆေးအသက်ခုနစ်ရက်။ ။ထောပတ်မဖြစ်မီ "**နဝနီတ**"မည်၏။အဖတ်ကင်းသောကြံရည်မှစ၍ ကြံရည်ပြစ်ဟူသမျှ "**ဖာဏိတ**"မည်၏။"**ပါဠိယာဂတ**" ပါဠိတ် ဝတ္ထု။ ။ထန်းရည်၊ ထန်းလျက်၊ ပဲဆီ—စသည်ကား "**ပါဠိယာနာဂတ**"ဒုက္ကဋ်ဝတ္ထုမည်၏။

**၄။ ဝဿိကသာဋိက။** ။မာသော သေသော ဂိမှာနန္တိ ဘိက္ခုနာ ဝဿိကသာဋိကစီဝရံ ပရိယေသိတဗ္ဗံ။ အဍ္ဎမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေတဗ္ဗံ။

ဂိမှာနံ၊ နွေလတို့၏။ မာသော၊ အဆုံးတလသည်။ သေသော၊ ကြွင်းသေး၏။ ဣတိ၊ ဤသို့ဆိုအပ်သောအခါမှစ၍။ ဘိက္ခုနာ၊ ...သည်။ ဝဿိကသာဋိကစီဝရံ၊ မိုးရေခံသင်္ကန်းကို။ ပရိယေသိတဗ္ဗံ၊ ရှာအပ်၏။ ဂိမှာနံ၊ နွေလတို့၏။ အဍ္ဎမာသော၊ လခွဲသည်။ သေသော၊ ကြွင်းသေး၏။ ဣတိ၊ ဤသို့ဆိုအပ်သောအခါမှစ၍။ ကတွာ၊ ချုပ်ဆို၍။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။

ဩရေန စေ မာသောသေသော ဂိမှာနန္တိ ဝဿိကသာဋိကစီဝရံ ပရိယေသေယျ၊ ဩရေနဍ္ဎမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဗ္ဗာ .....)

ဩဝရေန၊ အတွင်း၌။ ဂိမှာနံ······။မာသော ···။ သေသော······။ ဇာတိ၊ ဤသို့နှုလုံးသွင်း၍။ ဝသိကာသာဒိုကစိဝရံ၊······ကို။ စေပရိယေသေယျ၊ အကယ်၍ရှာ၍ငြားအံ့။ ဩဝရေန၊အတွင်း၌။ ဂိမှာနံ······။အဆုမာသော······။ သေသော······။ဇာတိ၊ ဤသို့ နှုလုံးသွင်း၍။ ကတွာ၊ ချုပ်ဆိုး၍။ စေနိဝါသေယျ······။ တဿ ဘိက္ခုနော······။ နိဿဂ္ဂိယံ······။ ပါစိတ္တိယံ······။ ဟောတိ ····။

မိုးမိုးကို ရည်ညွှန်းသော မိုးရေခံသင်္ကန်းဖြစ်ခြင်း, အခါမဟုတ်သည်၌ ရှာခြင်း, ရှာ၍ရခြင်း-ရှာသော အာပတ်အင်္ဂါ သုံးပါး။ ။သင်္ကန်းရှိခြင်း, ဒိုးသူစသော် ဘေးရန်မရှိခြင်း,မိုးရေခံသင်္ကန်း၏ မိုးမိုးဥတုဖြစ်ခြင်း, အခါမဟုတ်ဘဲ ဝတ်ခြင်း-ဝတ်သော အာပတ် အင်္ဂါလေးပါး။ ။နယုန်လဆုတ်တရက်မှ တန်ဆောင်မုန်းလပြည့်ထိ ငါးလသည် "ကုစ္ဆိသမယ" မည်၏။ ဉာတကပဝါရိတဘ် တောင်းကောင်း၏။သံဃာအား လှူနေကျ နေ့ရာ၌-အချိန်တန်ပြီ-ဟု သတိပေးကောင်း၏။ ဝါဆိုလဆန်း တရက်မှစ၍ လေးလခွဲသည် ချုပ်ဆိုးဖိနှိုးထိုး၍ ဝတ်ကောင်း၏။ ဝါဆိုလဆုတ်တရက်မှစ၍ လေးလသည် အဓိဋ္ဌာန်တင်ကောင်း၏။ (ကုစ္ဆိ၌ သုံးချက်ကွဲစေ။) တန်ဆောင်မုန်းလဆုတ်တရက်နေ့မှစ၍ ခုနစ်လသည် "ပိဋ္ဌိသမယ" မည်၏။ပိဋ္ဌိသမယ၌ အညာတကထံ သတိပေး၍ ရှာအံ့။ ဤနိဿဂ္ဂိ။ တောင်းအံ့-"**အညာတကဝိညတ္တိနိဿဂ္ဂိ**"။ ဉာတကထံ သတိပေးအံ့၊ တောင်းအံ့-ဤနိဿဂ္ဂိ။ "**ပရိဝါ**"၌ "မိုးခံထံ သင်္ကန်းတောင်းအံ့-နိဿဂ္ဂိ၊ကြီးစည်အပ်၏" ဟုပြဆိုနာပြုသည်။ ။ဤသိက္ခာပုဒ်၌ ပြီးပြီးသော မိုးရေခံသင်္ကန်း၏ အသက်သည် နယုန်လဆုတ်တရက်မှစ၍တလ။ ဝါထပ်လျှင်နှစ်လ။ မပြီးသေးဖြစ်လျှင် တန်ဆောင်မုန်း လပြည့်ထိ ငါးလ။ဝါ-ခြောက်လ။ ကထိန်ခင်းလျှင် တပေါင်းလပြည့်ထိ ကိုးလ။ဝါ-ဆယ်လ။ပစ္စာသာရှိလျှင်နောက်တလနှင့်ဆယ်လ။ဝါ၊တဆယ့်တလ။အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော်လည်းနိဿဂ္ဂိမဖြစ်။ ပရိဟာရရ၏။ တန်ခူးလဆုတ် တရက်မှ နယုန်လပြည့်အထိ နှစ်လကို ဤ၌ ထည့်၍မဆိုပြီ။

**၅။ စီဝရအစ္ဆိန္ဒန။** ။ယောပနဘိက္ခု ဘိက္ခုဿ သာမံ စီဝရံ ဒတွာ ကုပိတော အနတ္တမနော အစ္ဆိန္ဒေယျ ဝါ အစ္ဆိန္ဒာပေယျ ဝါ နိဿဂ္ဂိယံ ပါစိတ္တိယံ။(အဒိန္နာ......)

ယောပနဘိက္ခု......။ဘိက္ခုဿ၊... အား။သာမံ၊ကိုယ်တိုင်။စီဝရံ၊...ကို။ဒတွာ၊ပေး၍။ကုပိတော၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊ နှလုံးမသာယာသည်ဖြစ်၍။ [မိမိအကျိုးဆောင်သော မိမိ၏+စိတ်ကောင်း+မရှိသူဖြစ်၍ဟူလို။]အစ္ဆိန္ဒေယျ ဝါ၊ကိုယ်တိုင်လည်း လုယက်ငြားအံ့။အစ္ဆိန္ဒာပေယျ ဝါ၊သူတပါးကိုလည်းလုယက်စေငြားအံ့။ တဿဘိက္ခုနော......။နိဿဂ္ဂိယံ ....။ပါစိတ္တိယံ......။ဟောတိ......။

ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းဖြစ်ခြင်း, ကိုယ်တိုင်ပေးခြင်း,သကသဉ္ဇာရှိခြင်း, ရဟန်း ဖြစ်ခြင်း, အမျက်ထွက်၍ လုခြင်း–လုစေခြင်း-အင်္ဂါငါးပါး။ ။အမှုကြီးငယ်ပြုလိမ့်မည်ဟု ပေး၍ မပြုခြင်းကြောင့် သကသဉ္ဇာဖြင့် ပြန်လုသည်။ ။ ဝိကပ္ပနာလောက်ဟုဆိုခြင်းကြောင့် စောင်၊ပုဝါဖြူကြီး ပေးပြီး ပြန်လုလျှင်လည်း ဤသိက္ခာပုဒ်ပင်တည်း။ သင်္ကန်းကိုးထည်လုံး သတိပြု။

**၆။ သုတ္တဝိညတ္တိ။** ။ယောပနဘိက္ခု သာမံ သုတ္တံ ဝိညာပေတွာ တန္တဝါယေဟိ စီဝရံ ဝါယာပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဉ္ဇာ .... )

ယောပနဘိက္ခု......။သာမံ၊ကိုယ်တိုင်။ သုတ္တံ၊ ချည်ကို။ ဝိညာပေတွာ၊တောင်း၍။တန္တဝါယေဟိ၊ရက်ကန်းသည်တို့ကို။စီဝရံ၊......ကို။ ဝါယာပေယျ၊ရက်စေငြားအံ့။တဿဘိက္ခုနော...။နိဿဂ္ဂိယံ......၊ပါစိတ္တိယံ......။ဟောတိ......။

သင်္ကန်းအလို့ငှါ တောင်းသော ချည်ဖြစ်ခြင်း, မိမိအလို့ငှါ ရည်ညွှန်းခြင်း,အကပ္ပိယရက်ကန်း သည်ကို အကပ္ပိယဝေါဟာရ ဟူသော တောင်းခြင်းဖြင့် ရက်စေခြင်း-အင်္ဂါ သုံးပါး။ ။ ဝိကပ္ပနာလောက်သော ပမာဏရက်ပြီးတိုင် "နိဿဂ္ဂိ"။ ခေါ်မစသော ဓာတုသင်္ကန်းခြောက်မျိုး အားလျော်စွာ ဓာတုချည်ခြောက်မျိုး။အနုလောမချည်လည်းခြောက်မျိုး။

**၇။ မဟာပေသကာရ။** ။ဘိက္ခုံပနေဝ ဥဒ္ဒိဿ အညာတကော ဂဟပတိ ဝါ ဂဟပတာနီ ဝါ တန္တဝါယေဟိ စီဝရံ ဝါယာပေယျ။

ဘိက္ခုံပနေဝ၊……ကိုသာလျှင်။ ဥဒ္ဒိဿ……။ အညာတကော၊ အမျိုးမတော်သော။ ဂဟပတိဝါ၊ ဒါယကာသည်၎င်း။ ဂဟပတာနီဝါ၊……မသည်၎င်း။ တန္တဝါယေဟိ၊……တို့ကို။ စီဝရံ……။ ဝါယာပေယျ၊ ရက်စေငြားအံ့။

> တဉ္စေ သော ဘိက္ခု ပုဗ္ဗေ အပ္ပဝါရိတော တန္တဝါယေ ဥပသင်္ကမိတွာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ ဣဒံ ခေါ အာဝုသော စီဝရံ မံ ဥဒ္ဒိဿ ဝိယုတိ၊ အာယတဉ္စ ကရောထ၊ ဝိတ္ထတဉ္စ၊ အပ္ပိတဉ္စ၊ သုဝီတဉ္စ၊ သုပ္ပဝါယိတဉ္စ၊ သုဝိလေခိတဉ္စ၊ သုဝိတစ္ဆိတဉ္စ ကရောထ။ အပ္ပေဝနာမ မယမ္ပိ အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျာမာတိ။

တဉ္စေ၊ ထိုရက်ကန်းသည်တို့ရှာ၍။ သော ဘိက္ခု၊ …. သည်။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဝါရိတော၊ ဘိတ်ကြားအပ်သူမဟုတ်ဘဲ။ တန္တဝါယေ၊……တို့သို့။ ဥပသင်္ကမိတွာ……။ စီဝရေ၊……၌။ ဝိကပ္ပံ၊ အလွန်စီရင်ခြင်းသို့။ အာပဇ္ဇေယျ၊……အံ့။ အာဝုသော၊ ဒါယကာတို့။ ခေါ၊ စင်စစ်။ ဣဒံ စီဝရံ…..၊ကို။ မံ၊ ငါ့ကို။ ဥဒ္ဒိဿ ….။ ဝိယျတိ၊ ရက်အပ်၏။ အာယတဉ္စ၊ အလျားရှည်သည်ကိုလည်း။ ကရောထ၊ ပြုကုန်လော့။ ဝိတ္ထတဉ္စ၊ အနံပြန့်သည်ကိုလည်း။ ကရောထ…။ အပ္ပိတဉ္စ၊ အသားထူသည်ကိုလည်း။ ကရောထ….။ သုဝီတဉ္စ၊ ညီစွာရက်သည်ကိုလည်း။ ကရောထ….။ သုပ္ပဝါယိတဉ္စ၊ ညီစွာခင်းသည်ကိုလည်း။ ကရောထ…။ သုဝိလေခိတဉ္စ၊ ကောင်းစွာနယ်ကန်သည်ကိုလည်း။ ကရောထ……။ သုဝိတစ္ဆိတဉ္စ၊ ကောင်းစွာဖြီးသည်ကိုလည်း။ ကရောထ ….။ မယမ္ပိ၊ ငါတို့သည်လည်း။ အာယသ္မန္တာနံ၊ ဒါယကာတို့အား။ ကိဉ္စိမတ္တံ၊ တစုံတခုသော ပေးကမ်းဘွယ်ကို။ အပ္ပေဝနာမ အနုပဒဇ္ဇေယျာမ၊ ပေးကမ်းနိုင်ကုန်ငြားအံ့လည်းမသိ။ [ပေးကမ်းကြရမှုကောင်းလေစွဟူလို။] ဣတိ၊ ဤသို့ဆို၍၊ ဝိကပ္ပံ…။ အာပဇ္ဇေယျ၊…… အံ့။

ဝေဠုသောဘိက္ခု၊ ဝတ္တာ ကိစ္စမက္ကံ အနုပဒဇ္ဇေယျ အနတ္တမနော၊ ပိဏ္ဍပါတမတ္တမ္ပိ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဋ္ဌာ……)

ဝေဠု၊ ဤသို့လျှင်။ သောဘိက္ခု၊……သည်။ ဝတ္တာ၊ ဆို၍။ ကိစ္စမက္ကံ၊…ကို။ အနုပဒဇ္ဇေယျ၊ ပေးကမ်းငြားအံ့။ အနတ္တမသော၊ အယုတ်ဆုံးအားဖြင့်။ ပိဏ္ဍပါတမတ္တမ္ပိ၊ ဆွမ်းမျှကိုသော်လည်း "ပေးကမ်းငြားအံ့။" တသော ဘိက္ခုနော……။ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ……။ ဟောတိ……။

အကပ္ပိယ ရက်ကန်းသည်တို့ထံ ချဉ်းကပ်၍ အလွန်စီရင်ခြင်း, မိမိအလိုငှါ ရည်ညွှန်းသောသက်န်းဖြင်ခြင်း, ထိုရဟာန်း၏စကားဖြင့် ချည်တိုးခြင်း, သက်န်းရခြင်း-အင်္ဂါလေးပါး။ ။ ဆွမ်းပေးရုံဖြင့် နိဿဂ္ဂိမဖြစ်။ ရဟာန်းစကားကြောင့် ရှည်ပြန့်ထူအောင် ချည်တိုး၍ကုန်စေမှ နိဿဂ္ဂိ။

**၈။ အစ္စေကစီဝရ။** ။ဒသာဟာနာဂတံ ကတ္တိကတေမာသိကပုဏ္ဏမံ ဘိက္ခုနော ပနေဝ အစ္စေကစီဝရံ ဥပ္ပဇ္ဇေယျ။ အစ္စေကံ မညမာနေန ဘိက္ခုနာ ပဋိဂ္ဂဟေတဗ္ဗံ။ ပဋိဂ္ဂဟေတွာ ယာဝစီဝရကာလသမယံ နိက္ခိပိတဗ္ဗံ။ တတော စေ ဥတ္တရိ နိက္ခိပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ထိနာ……)

ဒသာဟာနာဂတံ၊ ဆယ်ရက်ဖြင့်မရောက်သေးသော။ ကတ္တိကတေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်တိုင်အောင်သောနေ့၌။ (ဝါ၊ သီတင်းကျွတ်လဆန်းငါးရက်မှ လပြည့်အထိ၁၁-ရက်ပတ်လုံး၌။) ဘိက္ခုနော ပနေဝ၊ …အားသာလျှင်၊ အစ္စေကစီဝရံ၊ အဆောတလျင် လှူသော (အဝတ်) သက်န်းသည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြားအံ့။ အစ္စေကံ၊ အဆောတလျင် လှူသောသက်န်းဟူ၍။ မညမာနေန၊ သိသော။ ဘိက္ခုနာ၊……သည်။ ပဋိဂ္ဂဟေတဗ္ဗံ၊ ခံယူအပ်၏။ ပဋိဂ္ဂဟေတွာ၊ ခံယူပြီး၍။ ယာဝစီဝရကာလသမယံ၊ သက်န်းကာလပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ တတော၊ ထိုသက်န်းကာလထက်။ ဥတ္တရိ ….။ စေ နိက္ခိပေယျ၊ အကယ်၍ ထားငြားအံ့။ တသော ဘိက္ခုနော……။ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဒသာဟာနာဂတံ၊ ကတ္တိကတေမာသိက ပုဏ္ဏမံ-နှစ်ပုဒ်လုံးသည်ဝိဘတ်တူ၊အရတူ၊"အစ္စန္တသံယောဂ"စွမ်းဖြင့်ဩကာသအနက်ဒုတိယာသက်သည်။ ။ဝိကပ္ပနာလောက်သော အဌကသက်နိး၏ မိမိဥစ္စာဖြစ်ခြင်း, သီတင်းကျွတ်လဆန်း ငါး-ရက်မှစသောနေ့တို့၌ဖြစ်ခြင်း,အဓိဋ္ဌာန်ဝိကပ္ပနာမပြုခြင်း,စီဝရကာလ(တလ၊ငါးလ)ကိုလွန်ခြင်း-အင်္ဂါလေးပါး။ ။လဆန်း ငါးရက်မှ လပြည့်အထိ ၁၁-ရက်သည် "**အစ္စေက**"ခေတ်မည်၏။ ခရီးသွား၊ဂိလာန၊ကိုယ်ဝန်ဆောင်၊သဒ္ဓါသစ်ဖြစ်သူတို့သည်ထိုရက်အတွင်း ကြိုတင်၍ဝါဆိုသက်နိး လှူလိုပါသည်-ဟုဆို၍ လှူသော အဝတ်သက်နိး ဖြစ်၏။ ထုံးစံအားဖြင့် သီတင်းကျွတ် လဆုတ်တရက်မှ တန်ဆောင်မုန်း လပြည့်အထိ စီဝရကာလ၌သာ ဝါဆိုသည့်အတွက်ဟု ဝါဆိုသက်နိးကို လှူကြသည်။ အစ္စေကကိုဝါမကျွတ်မီတောန်လျှင် ထိုသက်နိး ရသူ ဝါမပျက်စေရ။ ဝါပျက်လျှင် သံဃိကပြန်ဖြစ်သည်။ ကထိန်အာနိသင် သက်နိးရထိုက်သူသာ ဝါဆိုသက်နိး ရထိုက်သည်။ ဝါဆိုဦးတွင် ဝါဆိုသက်နိး ဟုဆို၍ လှူသော်လည်း "**အကာလ**" သက်နိး သာတည်း။ "**ဝဿာဝါသိက**"သက်နိး မမည်။ ဤအစ္စေကသက်နိး၏အသက်သည် တဆယ့်တရက်လွန်သောတလ၊ ကထိန်ခင်းလျှင် တဆယ့်တရက်လွန်သော ငါးလ ဖြစ်၏။ အနစ္စေကသက်နိး၊ အဓိဋ္ဌာန်ချသော သက်နိး တို့၏ အသက်ကား -ဆယ်ရက်သာ။ တနည်း၊ သီတင်းကျွတ်လဆန်း ၆-ရက်နေ့မှစ၍ စီဝရကာလ တလ။ ဝါ၊ငါးလ ဖြစ်၏။

၉။ **သာသက်**။ ။ဥပဝဿံ ခေါပန ကတ္တိကပုဏ္ဏမံယာနိ ခေါပနတာနိ အာရညကာနိ သေနာသနာနိ သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ၊တထာရူပေသု ဘိက္ခုသေနာသနေသုဝိဟရန္တော အာကင်္ခမာနော တိဏ္ဏံ စီဝရာနံ အညတရံ စီဝရံအန္တရဃရေ နိက္ခိပေယျ။

အာရညကာနိ၊ တော၌ဖြစ်ကုန်သော။ သာသင်္ကသမ္မတာနိ၊ ရွံ့ရှာဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ [လူခိုးတို့ကိုမြင်၍ ဗိုးရိမ်ဘွယ်ရှိ

၏ဟူလို။] သပ္ပဋိဘယာနိ၊ ဘေးရန်နှင့်တကွဖြစ်ကုန်သော။ [လုယက်သတ်ဖြတ်သည်ကို မြင်ရ၍ဟူလို။] ယာနိ ခေါပနတာနိ သေနာသနာနိ၊ အကြင်ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပေသု၊ ထိုသို့သဘောရှိကုန်သော။ သေနာသနေသု၊ ကျောင်းတို့၌။ ဘိက္ခု၊ ရဟန်းသည်။ ဥပဝဿံ ခေါပန၊ ဝါကပ်ပြီး၍သာလျှင်။ ဝါ၊ ဝါကျွတ်ပြီး၍သာလျှင်။ ကတ္တိကပုဏ္ဏမံ၊ တန်ဆောင်မုန်း လပြည့်တိုင်အောင်။ ဝိဟာရန္တော၊ (၂၉-ရက်လုံး)နေလိုသည်ရှိသော်။ အာကင်္ခမာနော၊ အလိုရှိသောရဟန်းသည်။ တိဏ္ဏံ စီဝရာနံ၊ သုံးထည်သော သင်္ကန်းတို့တွင်။ အညတရံ စီဝရံ၊ တထည်ထည်သောသင်္ကန်းကို။ အန္တရဃရေ၊ (ဆွမ်းခံနေကျ) ရွာတွင်း၌။ နိက္ခိပေယျ၊ (၂၉-ရက်လုံး)ထားရာ၏။

သိယာ စ တဿဘိက္ခုနော ကောစိဒေဝပစ္စယော တေန စီဝရေန ဝိပ္ပဝါသာယ၊ ဆာရတ္တပရမံ တေန ဘိက္ခုနာ တေန စီဝရေန ဝိပ္ပဝသိတဗ္ဗံ။ တတော စေ ဥတ္တရိ ဝိပ္ပဝသေယျ အညတြ ဘိက္ခုသမ္မုတိယာ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။(ထိနာ......)

တဿဘိက္ခုနော၊ ထိုရဟန်းအား။ တေန စီဝရေန၊......နှင့်။ ဝိပ္ပဝါသာယ၊ ကင်း၍နေခြင်းငှါ။ ကောစိဒေဝပစ္စယော၊ တစုံတခုသာလျှင်ဖြစ်သောအကြောင်းသည်။ [အရပ်တပါး သွားခြင်း အကြောင်း ဟူလို။] သိယာစ၊ ရှိငြားအံ့။ ဆာရတ္တပရမံ၊ ခြောက်ညဉ့် ပတ်လုံး။ တေနဘိက္ခုနာ၊ ....သည်။ တေန စီဝရေန၊......နှင့်။ ဝိပ္ပဝသိတဗ္ဗံ၊ ကင်း၍ နေအပ်၏။ တတော၊ ထိုခြောက်ညဉ့်ထက်။ ဥတ္တရိ......။စေဝိပ္ပဝသေယျ၊ အကယ်၍ ကင်း၍နေငြားအံ့။ ဘိက္ခုသမ္မုတိယာ၊ ဂိလာနရဟန်း အားပေးသောသမ္မုတိကို။ အညတြ၊ ကြဉ်၍။ တဿ ဘိက္ခုနော ....။နိဿဂ္ဂိယံ.....။ ပါစိတ္တိယံ......။ဟောတိ.....။

အင်္ဂါ။မပြ။ဥဒေါသိတနှင့် တူ၏ဟုညွှန်းသည်။...။ပုရိမဝါကျွတ်ခြင်း, တန်ဆောင်မုန်းလပြည့်အထိ နေခြင်း, တာ-ငါးရာ ကွာဝေးသော တောကျောင်းဖြစ်ခြင်း, ခိုးသူမြင်၍ လုယက်သည်ကို မြင်၍ တွေ့တောဘွယ်ရှိသော တောကျောင်းဖြစ်ခြင်း-ဤအင်္ဂါလေးပါးစုံမှ သင်္ကန်းတထည်ထည်ကိုဆွမ်းခံရွာ၌ထား၍ ၂၉-ရက် ကင်းရသည်။ အရပ်တပါး သွားလျှင် ခြောက်ညဉ့်သာ

ကင်း၍ ပြန်လာရသည်။ ။ကထိန်မခင်းလျှင် စီဝရကာလဖြစ်ကာမျှဖြင့် "**အသမာဒါနစာရ**"အကျိုးမရ။အဓိဋ္ဌာန်တင်သောသင်္ကန်း ညဉ့်မကင်းရ--ဟု ဤသိက္ခာပုဒ်ဖြင့် သိသာ၏။ ။တာဝါးရာ၌ ပကတိလေးတောင်သည် ကုလလေးတာ တတာမည်၏။ မဇ္ဈိမလေးတောင်မဟုတ်။ အာစရိယမ္မနသည် ပကတိကိုးထွာ၊ညှိုတင်လျှင် လေးတောင်ရှိ၏။ ထိုပကတိလေးတောင်ဖြင့် ကုလလေးတာ ငါးရာယူရသည်။

၁၀။ **ပရိဏတ**။ ။ယောပနဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ (အဒိန္န......)။ ။ပဏ္ဍုဝဂ္ဂေါ တတိယော။

ယောပနဘိက္ခု......။ ဇာနံ၊ သိလျက်။ ပရိဏတံ၊ သံဃာသို့ ကိုယ်နှုတ်ဖြင့်ညွှတ်လေပြီးသော။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ (ဝါ၊ သံဃိက ဖြစ်လတ္တံ့သော။) လာဘံ၊ လာဘ်ကို။ အတ္တနော၊ မိမိသို့။ ပရိဏာမေယျ၊ ညွှတ်စေငြားအံ့။တသဘိက္ခုနော......။နိဿဂ္ဂိယံ......။ ပါစိတ္တိယံ......။ဟောတိ......။ ။တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပဏ္ဍုဝဂ္ဂေါ၊ ပဏ္ဍုဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

သံဃာသို့ညွှတ်ပြီးသော လာဘ်ဖြစ်ခြင်း, ထိုလာဘ်ကို သိလျက် မိမိသို့ညွှတ်စေခြင်း, ရခြင်း—အင်္ဂါသုံးပါး။ ။သံဃာရလတ္တံ့ဖြစ်သောကြောင့်"**သံဃိက**"ဟု ဆိုသည်။မုချသံဃိကမဟုတ်။ ဝိနည်းကံစွန့်ပြီး ပြန်ရသည်မှစ၍ အပြစ်မရှိ။ မုချသံဃိကကိုကား သံဃာသို့ပြန်ပေးရသည် သာတည်း။ သံဃာအား၊စေတီအား၊ပုဂ္ဂိုလ်အား ညွှတ်ပြီးကို×တပါးသော သံဃာသို့၊ စေတီသို့၊ ပုဂ္ဂိုလ်သို့ညွှတ်စေခြင်းအားဖြင့် ၃×၃ လီ,ကိုးချက် ရှိ၏။ သံဃာအားညွှတ်ပြီးကို မိမိသို့ညွှတ်စေအံ့-"**နိဿဂ္ဂိပါစိတ်**"၊ တပါးသောပုဂ္ဂိုလ်သို့ညွှတ်စေအံ့- "**သုဒ္ဓပါစိတ်**"။ ကြွင်းရှစ်ချက်၌"**ဒုက္ကဋ်**"။လှူမည်ဟုကိုယ်ပြု၊ နှုတ်ပြောနှစ်ချက်ဖြင့်သာ ညွှတ်သည်မည်၏။စိတ်ညွှတ်မဟုတ်။သံဃာကိုရည်ရွယ်၍ ယူလာသောလာဘ်မှ ထောပတ်အသိုရှိသော ဂိလာနသော်လည်း မတောင်းအပ်။"သင်တို့အတွက် ထောပတ်ပါလာလျှင်

ပေးပါ''ဟု တောင်းအပ်၏။ ထိုလာဘ်မှ ယူပေးလျှင်လည်း အပ်၏။ ရှေ့ရှုလှူအံ့ဟုဆောင်လာသောပစ္စည်းကိုတောင်းလျှင် ဝိညပ်ဒုက္ကဋ် မဖြစ်။ ခွေးနက်ကိုရည်ရွယ်၍ ယူလာသော အစာကို ခွေးဖြူကို ကျွေးနိုင်းအံ့။ ဤသိက္ခာပုဒ်နည်းဖြင့် ဒုက္ကဋ်။ ခွေးနက်စားနေစဉ်မောင်း၍ ခွေးဖြူကိုကျွေးနိုင်းအံ့–အာပတ်မရှိ။ အဒိန္နာဒါန် မဖြစ်။ အဝမ္ဘိကဒါနကိုးပါး၊ ဝမ္ဘိကဒါနသုံးပါး သိအပ်၏။ လှူသူ၊ ခံသူ၊ သုံးဆောင်သူအား အပြစ်မပြ၊ လှူနိုင်းသူအားသာ အပြစ် ရှိသည်ဟု ပြသည်။

**နိဂုံး။** ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမီတိ။ ။တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော၊ … တို့။ တိံသ၊ သုံးဆယ်သော။ နိဿဂ္ဂိယာပါစိတ္တိယာ၊……ကုန်သော။ ဓမ္မာ၊……တို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ သရုပ် အားဖြင့် ပြအပ်ကုန်ပြီးသည့်သာတည်း။ တတ္ထ၊ ထိုသုံးဆယ်သော နိဿဂ္ဂိပါစိတ် တို့၌။ အာယသ္မန္တေ၊……တို့ကို။ ပုစ္ဆာမိ……။ ကစ္စိ……။ ပရိသုဒ္ဓါ……။ အတ္ထ……။ ဒုတိယမ္ပိ……။ တတိယမ္ပိ……။ ပုစ္ဆာမိ……။ ကစ္စိ……။ ပရိသုဒ္ဓါ……။ အတ္ထ……။ ဧတ္ထ၊ ဤနိဿဂ္ဂိပါစိတ်၌။ အာယသ္မန္တော၊……တို့သည်။ ယသ္မာ……။ ပရိသုဒ္ဓါ……။ တသ္မာ……။ တုဏှီ……။ အသိ……။ ဧဝံ…။ ဧတံ……။ ဓာရယာမိ……။ ဣတိ၊ ဤသို့သော စကားအစဉ်ဖြင့်။ တိံသ……။ နိဿဂ္ဂိယာပါစိတ္တိယာ……။ ဓမ္မာ……။ နိဋ္ဌိတာ……။

---

## သုဒ္ဓပါစိတ်

ဣမေခေါပနာယသ္မန္တော ဒွေ နဝုတိ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အာယသ္မန္တော၊ …. တို့။ ဒွေနဝုတိ၊ ကိုးဆယ့်နှစ်ပါးသော။ ပါစိတ္တိယာ၊ ပါစိတ်အမည်ရှိကုန်သော။ ဣမေခေါပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။

ဝါ၊ ဤအာပတ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့်ပြအပ်သည်အဖြစ်သို့။ အာဂန္တုံ......။

## မုသာဝါဒဝဂ်။

**၁။ မုသာဝါဒ။** ။သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ။ (အဒိန္န......)

သမ္ပဇာနမုသာဝါဒေ၊ သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

မုသာဆိုမည်ဟုရှေးရှုပြုခြင်း,မုသာဆိုလိုသောစိတ်ဖြင့်ရည်မှန်းသူ သိအောင်လုံ့လပြုခြင်း-အင်္ဂါနှစ်ပါး။ ။သင့်ဥပဇ္ဈာယ်ထင်းလှည်းမောင်းသွားပြီဟု ပြောင်လှောင်ခြင်း၊ဆီအနည်းငယ်ကို ဆီတွေတင်ကျမ်းပြည့်ဟု ပူရဏကထာ- အမိုဆိုခြင်းတို့လည် "**မုသာဝါဒပါစိတ်**"။ ချာန်မင်္ဂဖိုလ်ဖြင့် ဝါကြွားခြင်း၌ မုသာဆိုအံ့ "**ပါရာဇိက**"။ အရင်းမရှိသောပါရာဇိကဖြင့် စွပ်စွဲခြင်း၌ မုသာဆိုအံ့ "**သံဃာဒိသိသ်**"။သံဃာဒိသိသ်ဖြင့် စွပ်စွဲခြင်း၌ မုသာဆိုအံ့ "**ပါစိတ်**"။ ကြွင်းအာပတ်ဖြင့် စွပ်စွဲခြင်း၌ မုသာဆိုအံ့ "**ဒုက္ကဋ်**"။သင်၏ ကျောင်းနေရဟန်းသည် ရဟန္တာဟုသွယ်ဝိုက်၍မုသာဆိုအံ့၊နာ ထောင်သူသိလျှင် "**ထုလ္လစ္စည်း**"။ မသိလျှင်"**ဒုက္ကဋ်**" တရားစွဲလျက်မုသာဆိုအံ့"**သဟပယောဂဒုက္ကဋ်**"။(အဒိန္နာဒါန် ပါရာဇိကအနီး၌ ဟုလို။) သက်သက်ရယ်ဖွဲ့လို၍သော်လည်း မုသာဆိုအံ့ "**ဤပါစိတ်**"။အမြန်ဆို၍ ချွတ်အံ့၊ ထိုင်းမှိုင်း၍ အလွဲလွဲဆိုအံ့—အနာပတ္တိ။

**၂။ ဩမသဝါဒ။** ။ဩမသဝါဒေ ပါစိတ္တိယံ။(အဒိန္န ...)

ဩမသဝါဒေ၊ နှိတ်လှန်ထိုးခြင်းကြောင့်။ (ဝါ၊ ရဟန်းကို ဆဲရေးခြင်းကြောင့်။) ပါစိတ္တိယံ......၊ဟောတိ ... ။

အဆဲခံရသူ ဥပသမ္ပန္န ဖြစ်ရှိခြင်း, သူတပါးကို မညွှန်းဘဲ ဆယ်ပါးတပါးပါးဖြင့် ဆဲခြင်း, ငါ့ကိုဆဲသည်ဟု သိခြင်း, အနက်ပါဠိ ဩဝါဒ ရှေးရှုသည်မဟုတ်ခြင်း—အင်္ဂါလေးပါး။ ။

မျက်မှောက်ကိုယ်တိုင်ဆဲခြင်းတည်း။ပါရာဇိကသို့ရောက်သော်
လည်း ရဟန်းအသွင်မစွန့်သူကို ဆယ်ပါး တပါးပါးဖြင့် ဆဲအံ့–
"**ပါစိတ်**"။ပါဠိတော်လာ ဆယ်ပါးမှတပါး-သူခိုး၊ခါးပိုက်နှိုက်
စသည်ဖြင့်ဆဲအံ့"**ဒုက္ကဋ်**"။ဘိက္ခုမှ တပါးသူကိုဆဲအံ့-"**ဒုက္ကဋ်**"။
ဘယ်သူ့အားမဆို မြူးတူးလို၍ကစားဆဲအံ့ "**ဒုဗ္ဘာသိ**"။

**၃။ပေသုည။** ။ဘိက္ခုပေသုညေ ပါစိတ္တိယံ။(အဒိန္နာ…)

ဘိက္ခုပေသုညေ၊ ရဟန်းတို့ကို ချောပစ်ဂုံးတိုက် ခြင်းကြောင့်။
ပါစိတ္တိယံ……။ဟောတိ……။

ဆဲခြင်း ဆယ်မျိုးဖြင့် သူတပါးကိုမညွှန်းဘဲ တိုက်ရိုက်ဆဲ
သောရဟန်း၏စကားကိုကြား၍ ရဟန်းထံသို့ဆောင်ခြင်း, ချစ်
စေလို ကွဲစေလို တခုခုရှိခြင်း, ဆောင်ရာ ရဟန်း၏ သိခြင်း–
အင်္ဂါသုံးပါး။ ။စောင်း၍ဆဲခြင်းကို ပါဠိတော်လာမဟုတ်သော
ဆဲခြင်းကိုကြား၍ဂုံးတိုက်အံ့- "**ဒုက္ကဋ်**"။ ဘိက္ခုမဟုတ်သူထံဂုံး
တိုက်အံ့–"**ဒုက္ကဋ်**"။

**၄။ပဒသောဓမ္မ။** ။ယောပန ဘိက္ခု အနုပသမ္ပန္နံ ပဒ
သော ဓမ္မံ ဝါစေယျ ပါစိတ္တိယံ။ (ဒု၊မံ-ပဒ–၇။)

ယောပနဘိက္ခု……။အနုပသမ္ပန္နံ၊ လူသာမဏေကို။ ပဒသော၊ ပုဒ်
ပြိုင်။ (ဝါ၊ ပဒ၊ အနုပဒ၊ အန္ဝက္ခရ၊ အနုဗျဉ္ဇနအားဖြင့်။ )ဓမ္မံ၊ ပါဠိအဋ္ဌ
ကထာ ဓမ္မကို။ ဝါစေယျ၊ (မာဂဓဘာသာဖြင့်) ပို့ချငြားအံ့၊ တသ
ဘိက္ခုနော ….။ပါစိတ္တိယံ…..။ဟောတိ …..။

ဘိက္ခု၊ ဘိက္ခုနီမှတပါးသော အနုပသမ္ပန္န ဖြစ်ခြင်း, ပါဠိ
အဋ္ဌကထာဓမ္မကို ပုဒ်ပြိုင်ပို့ ချခြင်း, တပေါင်းတည်းပြီးစေခြင်း-
အင်္ဂါသုံးပါး။ ။{ဒု၊မံ-ပဒ–ဒုတိယ ကြောင့် ပဌမကြောင့် ပဒ
သော ဓမ္မသမုဋ္ဌာန်၊အလားတူရ။အစိတ္တက။}အချီအချ ပြိုင်လျှင်
ပဒအားဖြင့် ပို့ချသည် မည်၏။အချီမပြိုင် အချပြိုင်လျှင် အနုပဒ
အားဖြင့်…။အစအက္ခရာတလုံးသာပြိုင်လျှင်အန္ဝက္ခရအားဖြင့်….။
ရှေ့ပုဒ်အနိစ္စနှင့် နောက်ပုဒ်အနိစ္စပြိုင်လျှင် အနုဗျဉ္ဇနအားဖြင့် ပို့
ချသည် မည်၏။ ။အရများသောစာကို ပြိုင်တူပြီးစေအံ့၊ ဝါ၊

တွဲဆိုအံ့။ ပရိသတ်အလယ်၌ ကြောက်ရွံ့စွာ ရွတ်ဆိုသော သာမဏေကို ပြုင်တူပြီးစေအံ့။ ဘာသာတပါးဖြင့် ပြုင်တူပြီး စေအံ့၊ ဝါ၊ တွဲဆိုပို့ချအံ့။ ၁၂–တောင်ဥပစာရလွှတ်၍ သင် သောသာမဏေကို ပြုင်တူပို့ချအံ့။ ပါဠိအဋ္ဌကထာမဟုတ်သော "မိလိန္ဒပဥှာ" စသော သကပဋိဘာနကို မာဂဓဘာသာဖြင့် သော်လည်းပို့ချအံ့ - အနာပတ္တိ။

၅။ **သဟသေယျ**။ ။ယောပနဘိက္ခု အနုပသမ္ပန္နေန ဥတ္တရိ ဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေယျ ပါစိတ္တိယံ။ (ဇွဲ)

ယောပနဘိက္ခု.....။ အနုပသမ္ပန္နေန၊ လူသာမဏေနှင့်။ ဥတ္တရိဒိရတ္တတိရတ္တံ၊ နှစ်ညဉ့် သုံးညဉ့်ထက်အလွန်။ သဟသေယျံ၊ တမိုးတရံထည်း သောကျောင်း၌+တကွ+အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနော.....။ ပါစိတ္တိယံ ....။ ဟောတိ.....။

ပါစိတ်ဝတ္ထုလောက်သောကျောင်းဖြစ်ခြင်း, ထိုကျောင်း၌ အနုပသမ္ပန္နနှင့်တကွ အိပ်ခြင်း, စတုတ္ထနေ့ နေဝင်ခြင်း အင်္ဂါ သုံးပါး။ ။ရဟန်းမှတပါး ပါရာဇိကလောက်သော တိရစ္ဆာန် ထိုးတိုင်အောင်ပုဂ္ဂိုလ်ဟူသမျှသည်"**အနုပသမ္ပန္န**"မည်၏။ ပါစိတ် သာ။ ကျောက်ကုန်းဆန့်ခြင်းလက္ခဏာရှိသော ခါးရိုးကြွမ်းထိ အိပ်ခြင်းသည် အိပ်သည်မည်၏။ "သေယျာ–တမိုးတရံထည်း သော ကျောင်း၌+သဟ–တကွ+သေယျံ–ကိုယ်ဆန့်၍ အိပ် ခြင်းကို။"ဤသို့ဆိုလိုလျက် သေယျတခုချေ၍ သဟသေယျံ– ဟု ဆိုသည်။အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ–အမိုး ငါးပါးနှင့်အဝတ်၊ ပျဉ်ပြား၊ ဖျာ-စသော အမိုးကိုလည်း ယူရ သည်။ အကာလည်း ထို့အတူတည်း။ အမိုးအားလုံး၊ အများ၊ ထက်ဝက်ရှိ ၃-ကျောင်းကိုအကာအားလုံး၊ အများ၊ ထက်ဝက် ရှိ ၃-မျိုးဖြင့်စက်လှည့်၍ ၉-ကျောင်း တို့တွင် အမိုးထက်ဝက်၊ အကာထက်ဝက်–ဤအနေမှလွန်သောကျောင်းဟူသမျှ ပါစိတ် ဝတ္ထု။ရှစ်ကျောင်း၊နှစ်ခုလုံးထက်ဝက်နှင့် တခုခုသာထက်ဝက် လွန်၍ တခုခုသာထက်ဝက်မရှိလျှင် ဒုက္ကဋ်ဝတ္ထု။ ငါးကျောင်း။ ထက်ဝက်အောက်ယုတ်လျှင်၊ အမိုးသာရှိလျှင်၊ အကာသာရှိ

လျှင်အနာပတ္တိဝဏ္ဏု။ငါးကျောင်း။ အကာသည်အမိုးမထိသေ၆လည်း ဝဇုကီဟဏ္ဍ--တတောင့်ထွာ၊ ပကတိလေးထွာခွဲအမြင့်ရှိအံ့-ခုနစ်ထပ်ကျောင်းဖြစ်စေ၊အခန် တရာရှိသည့် ဖြစ်စေ၊ မှန်ထွက်လေးဘက်ရှိသည်ဖြစ်စေ-သဟသေယျလောက်၏။အနှီမသိုရောက်လျက် ဝန်မခံသောခုပာန်းနှင့်တကွ အိပ်လျှင် သဟသေယျမဖြစ်။ ထိုသူ၏အကပ်ခံခြင်းလည်း အကပ် မြောက်၏။ အမိုး မျက်နှာကြက်၌ ခိုစသည်ဝင်၍အိပ်အံ့၊ ကျောင်းတွင်းသို့ဝင်နိုင်လျှင် သဟသေယျလောက်၏။ မဝင်နိုင်လျှင် နာနူပစာရမည်၏။အနာပတ္တိ။ အရုဏ်တက်အောင် သုံးညဉ့်ဆက်အိပ်လျှင် စတုတ္ထနေ့၌ အနုပသမ္ပန္န မရှိရာ၌ အိပ်အပ်၏။ ဒိရဏ္ဍကား စကားပြေဖြစ်ရုံအကျိုးရှိ၏။

**၆။ ဒုတိယသဟသေယျ။** ။ယောပနဘိက္ခု မာတုဂါမေန သဟသေယျံ ကပ္ပေယျ ပါစိတ္တိယံ။ (ဇွေ ..... )

ယောပနဘိက္ခု..... ။မာတုဂါမေန၊ မာတုဂါမနှင့်။ သဟသေယျံ၊ တမိုးတရုံထည်းသောကျောင်း၌+တကွ+အိပ်ခြင်းကို။ ကပ္ပေယျ .....။ တဿဘိက္ခုနော......။ပါစိတ္တိယံ .....။ဟောတိ .....။

ပါစိတ်ဝဏ္ဏုလောက်သောကျောင်းဖြစ်ခြင်း, ထိုကျောင်း၌ လူမိန်းမနှင့်တကွ အိပ်ခြင်း, နေဝင်ခြင်း အင်္ဂါသုံးပါး။ ။နေဝင်မှ အရုဏ်တက်အထိ ညဉ့်မည်၏။ အသက်ရှိသောလူမိန်းမသာ မာတုဂါမ မည်၏။ မေထုန ဝဏ္ဏုလောက်သော တိရစ္ဆာန်မနှင့်''ဒုက္ကဋ်''။ ကိုယ်ထင်ရှားသော်နတ်မနှင့်ရင်း၊ ပဏ္ဍုက်နှင့်ရင်း ''ဒုက္ကဋ်''။တိရစ္ဆာန်မ၊ နတ်မ၊ ဘီလူးမ စသည်တို့သည် မာတုဂါမ မဟုတ်၊ ဒုက္ကဋ်ဝဏ္ဏုသာ။

**၇။ ဓမ္မဒေသနာ။** ။ယောပနဘိက္ခု မာတုဂါမဿ ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ ဓမ္မံ ဒေသေယျ အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန ပါစိတ္တိယံ။ (မဒ .....)

ယောပနဘိက္ခု .....။မာတုဂါမဿ၊.....အာ ။ဥတ္တရိဆပ္ပဉ္စဝါစာဟိ၊ ငါးခွန် ခြောက်ခွန်းထက်လွန်သောစကားတို့ဖြင့်။ ဓမ္မံ၊ ပါဠိအဋ္ဌကထာ

ဓမ္မကို၊ ဒေသေယျ၊ (မာဂဓဘာသာဖြင့်) ဟောငြားအံ့။ ဝိညူနာ၊ သိကြားလိမ္မာသော၊ ပုရိသဝိဂ္ဂဟေန၊ လူ ယောက်ျားကို၊ အညတြ၊ ကြဉ်၍။ ဒေသေယျ ……။ တသဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ပါဠိအဋ္ဌကထာဓမ္မကို ခြောက်ခွန်းထက်အလွန် မာဂဓဘာသာဖြင့် ဟောခြင်း, သိကြားလိမ္မာသော လူမိန်းမဖြစ်ခြင်း, ဇာရိယာပုထ်မပြောင်းခြင်း, ကပ္ပိယကာရက ဟူသော ဝိညူပုရိသ မရှိခြင်း, မေ-ဖြေ မဟုတ်ခြင်း-အင်္ဂါ ငါးပါး။ ။ဂါထာ ပါဒ တခုသည် တခွန်းမည်၏။ ၁၂ တောင်ဥပစာရအတွင်းရင်သော ထိုင်သော စကားကောင်း,ဆိုးသိသော မကန်း,မပင်းသော လူ ယောက်ျားသည် "**ဝိညူ**"မည်၏။ လူအသွင်ဖြင့် တည်သော နတ်သည် ပုရိသဝိဂ္ဂဟ မဟုတ်။ ခြောက်ခွန်းထက်လွန်လျှင် ပုဒ်တိုင်း ပါစိတ်။ အက္ခရာဖြင့်ဟောလျှင် အက္ခရာတိုင်းပါစိတ်။ မိန်းမ အရေအတွက်ဖြင့်လည်း ပါစိတ်။ ဇာရိယာပုထ်ဖျက်၍ တဖန် ဟောအံ့။ တယောက်ခြောက်ခွန်းစီဟု ဟောအံ့၊ ပြဿနာမေး လျှင် တကျမ်းလုံးဖြေအံ့။ ဘာသာတပါးဖြင့်ဟောအံ့-အနာပတ္တိ။

၈။ **ဘူတာရောစန**။ ။ယောပနဘိက္ခု အနုပသမ္ပန္နဿ ဥတ္တရိမနုဿဓမ္မံ အာရောစေယျ ဘူတသ္မိံ ပါစိတ္တိယံ။ (ရှေးက တယော-ဘူတာရောမှီ-၁။)

ယော ပန ဘိက္ခု……။ အနုပသမ္ပန္နဿ၊……အား။ ဥတ္တရိမနုဿဓမ္မံ၊ ဈာန်မဂ်ဖိုလ်တရားကို။ အာရောစေယျ၊ ပြောကြားငြားအံ့။ ဘူတသ္မိံ၊ ဟုတ်မှန်သည် ရှိသော်။ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ဥတ္တရိမနုဿဓမ္မ ထင်ရှားရှိခြင်း, ဘိက္ခု၊ ဘိက္ခုနီမှတပါး သော အနုပသမ္ပန္နအား ပြောကြားခြင်း, ထိုခဏသိခြင်း, သူတပါးကို မညွှန်းခြင်း—အင်္ဂါလေးပါး။ ။{ရှေးကတယော-ဘူတာရောမှီ ရှေ့အစိတ္တက သုံးပါးကြောင့် ဘူတာရောစန သမုဋ္ဌာန်၊ ဤတခုသာ} ဒွယ်ငိုက်၍ပြောအံ့-သိသော်ရင်း၊ မသိ သော်ရင် "**ဒုက္ကဋ်**"။ အတုလိုက်စေလိုသော သင့်သော အ ကြောင်းကြောင့် ဥပသမ္ပန္နအား ပြောအံ့–အနာပတ္တိ။

**၉။ ဒုဋ္ဌုလ္လာရောစန၊** ။ယော ပန ဘိက္ခု ဘိက္ခုဿ ဒုဋ္ဌုလ္လံ အာပတ္တိံ အနုပသမ္ပန္နဿ အာရောစေယျ အညတြ ဘိက္ခုသမ္မုတိယာ ပါစိတ္တိယံ။(အဒိန္နာ……)

ယောပနဘိက္ခု……။ဘိက္ခုဿ၊ ……၏။ဒုဋ္ဌုလ္လံ၊ ရုန့်ရင် သော။ အာပတ္တိံ၊ သံဃာဒိသိသ်အာပတ်ကို။ အနုပသမ္ပန္နဿ၊ ……အား။အာရောစေယျ၊ …… အံ့။ဘိက္ခုသမ္မုတိယာ၊ဘိက္ခု သမ္မုတိမည်သော ကတိကာဝတ်ကို။အညတြ…… ။အာရောစေယျ…။တသဘိက္ခုနော…… ။ ပါစိတ္တိယံ…… ။ဟောတိ……။

ပါရာဇိကမရောက်သောရဟန်း၏ ဝတ္ထုနှင့် တကွသော သံဃာဒိသိသ်ဖြစ်ခြင်း, ဘိက္ခု၊ဘိက္ခုနီမှတပါးသော လူသာမ ဏေအားပြောခြင်း,ဘိက္ခုသမ္မုတိမှလွတ်ခြင်း–အင်္ဂါ သုံးပါး။ ။ မပြတ်အာပတ်သင့်သော ရဟန်း၏ နှောင်စောင့်စည်းခြင်းငှါ အာပတ်အပိုင်းအခြား၊တကာအပိုင်းအခြားပြု၍ရင်, မပြုမူ၍ရင် သုံးကြိမ်ပန်ကြာသော ကတိကာဝတ်သည် "**ဘိက္ခုသမ္မုတိ**" မည်၏။ဤမျှသောအာပတ်တို့ဖြင့် ပြော ကြား အပ်၏။ ဤမျှသော တကာတို့၌ ပြောကြားအပ်၏ဟု အပိုင်းအခြားပြုပုံကို သိအပ်၏။ဝတ္ထုမျှသက်သက်၊အာပတ်မျှသက်သက်ပြောအံ့၊ ကတိကာဝတ်အတိုင်းပြောအံ့-အနာပတ္တိ။သံဃာဒိသိသ်မှတပါး အာပတ်ခြောက်ခုကို ဝတ္ထုနှင့်တကွပြောအံ့။"**ဒုက္ကဋ်**"။

**၁၀။ ပထဝီခဏန။** ။ယော ပန ဘိက္ခု ပထဝိံ ခဏေယျ ဝါ ခဏာပေယျ ဝါ ပါစိတ္တိယံ(အဒိန္နာ……)။ ။ မုသာဝါဒ ဝဂ္ဂေါ ပဌမော။

ယောပနဘိက္ခု……။ပထဝိံ၊မြေစစ်ကို။ဝါ၊ဇာတပထဝီကို။ ခဏေယျဝါ၊ကိုယ်တိုင်လည်းတူးငြားအံ့။ခဏာပေယျဝါ၊ သူတပါးကိုလည်း တူးစေငြားအံ့။ တဿဘိက္ခုနော…… ။ ပါစိတ္တိယံ……။ ဟောတိ……။ ပဌမော……။မုသာဝါဒဝဂ္ဂေါ၊ မုသာဝါဒဝဂ်သည်။နိဋ္ဌိတော၊ပြီ ပြီ။

ဓာတုဇထဝိဖြစ်ခြင်း,ဓာတုပထဝိဟုအမှတ်ရှိခြင်း,တူးခြင်း-တူးစေခြင်း—အင်္ဂါသုံးပါး။ ။ထမင်းချက်ခြင်း၊ သပိတ်ဖုတ်ခြင်း စသည်ဖြင့် မီးလောင်သောမြေသည်-အဓါတ။မီးမလောင်သေးလျှင်-ဓာတ။ကျောက်စရစ်၊အိုးခြမ်း၊ သဲ-တခုခုသုံးပုံ တပုံထက်များလျှင်—အဓာတ။ သုံးပုံတပုံအထိ—ဓါတ။တူး၍ ရပုံထားသော မြေပုံသည် မိုယ်းစွတ်ပြီးနောက် လေးလမလွန်မီအဓါတ၊လေးလလွန်လျှင်—ဓာတ။ ကျောက်ဖျာ၌ သိမ်မွေ့စွာတင်နေသော မြေမှုန့်လည်း မိုယ်းစွတ်ပြီး လေးလလွန်လျှင်ဓာတမည်၏။ အဓါတကို ကိုယ်တိုင်လည်း တူးကောင်း၏။ဓာတကို—သိလော၊ ပေးလော၊ ကပ္ပိလော၊ အလိုရှိသည် ဟုကပ္ပိယဝေါဟာရဆိုကောင်း၏။ နေရာမမှတ်ဘဲ မြေတူးလော-ခွဲလော- စသည်ဖြင့် အကပ္ပိယဝေါဟာရ ဆိုလျှင်လည်းအနာပတ္တိ။နေရာမှတ်၍ဤမြေကိုတူးလော-ဟုခိုင်းအံ့ "ဒုက္ကဋ်"။တကြိမ် ခိုင်းလျှင် တနေ့လုံး တူးလည် "ပါစိတ်တချက်"။အောက်မြေနှင့် မစပ်သော မြေကွဲ၊မြေချပ်၊ နွား-ခွါစာ-စသည်လည်း အဓါတသာတည်း။

---

## ဘူတဂါမဝဂ်။

၁။ **ဘူတဂါမ**။ ။ဘူတဂါမ ပါတဗျာဘာယ ပါစိတ္တိယံ။ (အဒ္ဓိန္နာ……)

ဘူတ+ဂါမ+ပါတဗျတာယ၊ကြီး ပွါ ဆဲ ကြီးပွါးပြီးဖြစ်သော မြက်သစ်ပင်+ အပေါင်းကို+ ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ ….။ဟောတိ …. ။

ဘူတဂါမ်ဖြစ်ခြင်း, ဘူတဂါမ်ဟုအမှတ်ရှိခြင်း, ဖျက်ခြင်း-ဖျက်စေခြင်း—အင်္ဂါသုံးပါး။ ။မြေ၊ရေ၊တံတိုင် စသောတည်ရာ၌နှစ်၍ တည်ဆဲဖြစ်၍ မသေသေးသော အပင်သည် "**ဘူတဂါမ်**"မည်၏။ ပါစိတ်ဝတ္ထုမည်၏၊ ဓာတုပထဝီနည်းအတိုင်းကပ္ပိယဝေါဟာရကိုလည်းသိအပ်၏။တည်ရာမှလွတ်၍ မျိုးဖြစ်ကောင်းလျှင် "**ဗီဇဂါမ်**"မည်၏။ဒုက္ကဋ်ဝတ္ထု မည်၏။ ဗီဇဂါမ်

ဖြစ်မှ လက်သည်း၊ မီး၊ ထားတို့ဖြင့် ကပ္ပိရသည်။ ကပ္ပိသောအခါ တစပ်ထည်းရောသော သစ်ချက်စသည်ကိုအပေါက်၊ အပြတ်ထင်စေလျှင်လည်းအင်၏။ အကပ်မခံဘဲလည်း ကပ္ပိကောင်း၏။ ထည့်စရာ သစ်ရွက်ခွက်၌ရင်း, ကြိုက်ကိုစည်းသော နွယ်၊ ကြိုး၌ရင်း ကပ္ပိလျှင်မအပ်။ အသားအဆံချောင်သော သီးသီးဖြစ်လျှင် ခွက်၌ တည်သည်မည်၏။ အခွံ၌မကပ္ပိအပ်။ လက်ကောက်ရသော ယာဂုန္ဓ ဖြတ်စေ့တစပ်ထည်းမတည်လျှင် တစေ့စီကပ္ပိရသည်။ ဗီဇဂါမ်မှအမြစ်၊ အညွန့်ထွက်သော်လည်း အညွန့်မစိမ်းသေးလျှင် ဗီဇဂါမ်သာတည်း။ ထန် ဥတ်၊ အုန်းပင်ဥတ်၊ သီးပြီ သော ဌက်ပျောပင်၊ သီးပြီ သောဝါးပင်၊ ရေအိုးပြင်ပန်၌ မှော်၊ ရေညှိ၊ ကျောက်ပွေး၊ ကျောက်ခက်၊ မှိုငုံတို့သည် "**ဒုက္ကဋ်ဝတ္ထု**"။ ဗီဇဂါမ်မည်၏။ ရေအိုးအတွင်း၌ မှော်၊ ရေညှိ၊ ဒန်ပူစသည်၌ တက်သောမှို၊ ပွင့်ပြီ သော မှိုပွင့်တို့ကား အဗွောဟာရိက အနာပတ္တိဝတ္ထုဖြစ်ကုန်၏။

**၂။ အညဝါဒက။** ။အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံ။ (အဒိန္နာ······)

အညဝါဒကေ၊ မေးသည်မှတပါးသော စကားကိုဆိုခြင်းကြောင့်။ ဝိဟေသကေ၊ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့်။ ပါစိတ္တိယံ····။ဟောတိ·····။

မွေ့ကံဖြင့် အညဝါဒကကံ ဝိဟေသကကံပြုပြီးခြင်း, အာပတ်ဖြင့်ရင်း ဝတ္ထုဖြင့်ရင်း မေးစစ်ခြင်း, ဖုံကွယ်လို၍ အဖျင်းဖျင်း ဆိုခြင်း–ဝါ၊ ဆိတ်ဆိတ်နေခြင်း-အင်္ဂါသုံးပါး။ ။မေးရာမဖြေ တလွဲဖြေခြင်းသည် အဖျင်းဖျင် ပြုသည်မည်၏။ တလွဲဖြေခြင်း၊ ဆိတ်ဆိတ်နေခြင် ပြုလျှင် ကံပြုရသည်။ ကံပြုပြီးမှ ထိုအတူပြုပြန်လျှင် ပါစိတ်။ ကံမပြုမီ"**ဒုက္ကဋ်**"။ ဝတ္ထုနှစ်ခုကြောင့် ပါစိတ်နှစ်ခု။

**၃။ ဥဇ္ဈာပနက။** ။ဥဇ္ဈာပနကေ ခိယျနကေ ပါစိတ္တိယံ။ (အဒိန္နာ ·····)

ဥဇ္ဈာပနကေ၊ ကဲ့ရဲ့ခြင်းကြောင့်။ ခိယျနကေ၊ ရှုတ်ချခြင်းကြောင့်။ ပါစိတ္တိယံ······။ဟောတိ ····။

မွေကာံဖြင့် သမ္မုတိရခြင်း, ရဟန်းဖြစ်ခြင်း, အဂတိမလိုက်ခြင်း,ထိုရဟန်း၏အရှိန်အစော်မှဲ့စေလိုခြင်း,ရဟန်းထံပြောခြင်း, ကဲ့ရဲ့ခြင်း-ဝါ ရှုတ်ချခြင်း—အင်္ဂါခြောက်ပါး။ ။ကျောင်းညွှန်းသမ္မုတိစသော သံဃာသမ္မုတိကို မွေကာံဖြင့် သမ္မုတိရ၍ အဂတိမလိုက်ဘဲညွှန်းသော, ရဟန်းအား, အရှိန်အစော်ကင်းအောင်,ရဟန်းထံ၌,ကဲ့ရဲ့အံ့၊ရှုတ်ချအံ့-ဝဇ္ဇာနှစ်ချကြောင့် ပါစိတ်နှစ်ချ။လူသာမဏေထံ၌“ဒုက္ကဋ်”။သမ္မုတိမရသော ရဟန်းအား ကဲ့ရဲ့ရှုတ်ချအံ့ “ဒုက္ကဋ်”။ အထင်သေးအောင်ပြောသောစကားသည် ကဲ့ရဲ့သည်မည်၏။ အပြစ်ဘော်ပြသောစကားသည် ရှုတ်ချသည် မည်၏။

**၄။ ပဌမသေနာသန။** ။ယောပနဘိက္ခု သံဃိကံ မဉ္စံ ဝါ ပီဌံ ဝါ ဘိသိံ ဝါ ကောစ္ဆံ ဝါ အဇ္ဈောကာသေ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ တံ ပက္ကမန္တော နေဝ ဥဒ္ဓရေယျ၊နဥဒ္ဓရာပေယျ၊အနာပုစ္ဆံ ဝါ ဂစ္ဆေယျ ပါစိတ္တိယံ။ (ထိနာ……)

ယောပနဘိက္ခု ….။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ မဉ္စံဝါ၊ ညောင်စောင်းကိုရင်း။ပီဌံဝါ၊ အင်းပျဉ်ကိုရင်း။ ဘိသိံဝါ၊ ဘုံလျှိုကိုရင်း။ ကောစ္ဆံဝါ၊ ခတ်အခင်းကိုရင်း။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ သန္ထရိတွာဝါ၊ ခင်း၍ရင်း။ သန္ထရာပေတွာဝါ၊ ခင်းစေ၍ရင်း။ တံ၊ ထိုညောင်စောင်းအင်းပျဉ်စသည်ကို။ပက္ကမန္တော၊အရပ်တပါးသို့ ဖဲသွားသည်ရှိသော်။နေဝဥဒ္ဓရေယျဝါ၊ကိုယ်တိုင်လည်း မသိမ်းဌြားအံ့။နဥဒ္ဓရာပေယျဝါ၊သူတပါးကိုလည်းမသိမ်းစေဌြားအံ့။ အနာပုစ္ဆံဝါ၊မပန်ကြားမူ၍လည်း။ ဂစ္ဆေယျ၊သွားဌြားအံ့။တဿဘိက္ခုနော…။ ပါစိတ္တိယံ….။ ဟောတိ….။

ညောင်စောင်းစသည်၏ သံဃိကဖြစ်ခြင်း, လွင်တီးခေါင်၌ ခင်းခြင်း—ခင်းစေခြင်း, ထိုနေရာ၌ အစောင့်အရှောက်မရှိခြင်း, အသက်,သာသနာ-အန္တရာယ်မရှိခြင်း, မငဲ့ကွက်ဖဲသွားခြင်း, ခဲတကျလွန်ခြင်း-အင်္ဂါခြောက်ပါး။ ။လွင်တီးခေါင်၌ ခင်းသောကြောင့် ခဲတကျဖြင့် အင်္ဂါပိုင်းသည်။ မွေရာသည် ဘုံလျှိုမည်၏။ လူ၏ ဆံပင်မွေးညှင်း၊လဲသုံးမျိုး၊ပန်းညိုရွက်သက်သက်-အဆာမပြုအပ်။ အဝတ်ဖြစ်စေ၊ အပ်သောသားရေဖြစ်စေ အခွံပြု၍

တိရစ္ဆာန်အမွေး၊ သစ်ရွက်၊ မြက်၊ လျှော်၊ပုဆိုးကြမ်းငါးမျိုး
အဆာထည့်လျှင်ထိုင်ခြင်းအိပ်ခြင်းငှါအပ်၏။ ပမာဏကြီးငယ်
မရှိ။ထက်အောက်ကားကား ထက်စည်အလားရှိ၍ အလယ်၌
ခြသေ့ရေစသည် ကွပ်သော ထိုင်ခုံသည် "**ကော စ္ဆ-ခတ်
အခင်း**"မည်၏။ အကပ္ပိယသားရေလည်း အပ်၏။ သေနာသန
ဟူသည် ရွှေအတိပြီးသော်လည်းအပ်၏။ မိုယ် ဥတု၌ လွှင်တီး
ခေါင်နှင့် မိုယ်းစွတ်နိုင်သောမဏ္ဍပ် (၂)၊ဆောင်းဥတု၌ ဆီးနှင်း
မိုယ်းရွာရာ အရပ်(၁)၊ အခါမရွေး ၄က်တို့အသိုက်ဖွဲ့၍ နေရာ
သစ်ပင်ရင်း(၁)-၅၌လေးရသည်"**လွှင်တီးခေါင်**"မည်၏။ပကတိ
ခင်းထားရာ၌ ထိုင်မိလျှင်လည်း ထိုင်မိသောရဟန်း၏တာဝန်ဖြစ်
၏။ မိမိ၏ ပလိဗောဓကဲ့သို့ ကြောင့်ကြတတ်သော လဇ္ဇီသာမ
ဏေ၊ ကပ္ပိယအားဖြစ်စေ ပန်ကြား၍ အပ်နှင်း၍ ဖဲသွားရသည်။
ပုဂ္ဂလိက၌ "**ဒုက္ကဋ်**"။မိမိဥစ္စာ၊အကျွမ်းဝင်သော ပုဂ္ဂိုလ်၏ဥစ္စာ၌
အနာပတ္တိ။ခြသေ့ သစ်ကျားရောက်လာလျှင် အနှောင့်အယှက်
ရှိသည်မည်၏။ လူသူတို့က လွှင်တီးခေါင်၌သော်လည်း အလို
ရှိတိုင်းခင်း၍ သုံးတော်မူကြပါဟုဆိုလှူလျှင် ဆိုတိုင်းသုံးကောင်း
၏။ အပ်သောသားရေကားဇာကိမည်သောသားကောင်၊ သမင်
ပျံ၊ချေ၊ဆတ်၊ အောက်မားစိုင်တို့၏သားရေ၊ဆိတ်ရေ၊ သိုးရေ
ဖြစ်၏။ကျွဲနွားတို့၏ သားရေ၊ခြသေ့သစ်ကျား စသည်တို့၏ သား
ရေတို့ကား "**အကပ္ပိယစမ္မ**"မည်၏။ မိမိဥစ္စာပြု၍ရင်း၊သွားလေ
ရာ ဆောင်၍ရင်း၊ ညောင်စောင်းအထက်၌ခင်း၍ရင်း မသုံးအပ်။
သေနာသနပစ္စည်းပြု၍ မြေ၌ကြမ်း၌ ခင်း၍သုံးရသည်။အိတ်နှင့်
ဘိနပ်၌ လူသားရေမအပ်။ တပါးသော သားရေဟူသမျှအပ်၏။

**၅။ ဒုတိယသေနာသန။** ။ယောပန ဘိက္ခု သံဃိကေ
ဝိဟာရေ သေယျံ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ တံ ပက္က
မန္တော နေဝ ဥဒ္ဓရေယျ န ဥဒ္ဓရာပေယျ အနာပုစ္ဆံ ဝါ
ဂစ္ဆေယျ ပါစိတ္တိယံ။(ထိနာ .....)

ယောပန ဘိက္ခု .....။သံဃိကေ၊သံဃာ၏ဥစ္စာဖြစ်သော။ဝိဟာရေ၊
ကျောင်း၌။သေယျံ၊အိပ်ရာနေရာကို။(ဝါ-သေယျာဆယ်ပါးတပါးပါးကို။)

သန္တုရိတွာဝါ……။ သန္တာရာပေတွာဝါ……။တံ၊ထိုအိပ်ရာနေရာကို။ ပဏ္ဍမင့္တော……။ နေဝဥဋ္ဌာပေယျ……။ နဥဋ္ဌာပေယျ……။ အနာပုစ္ဆံဝါ……။ ဂစ္ဆေယျ……။တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

သေယျဆယ်ပါးတပါးပါးဖြစ်ခြင်း,သံဃိကသေယျဖြစ်ခြင်း, သံဃိကကျောင်း၌ ခင်းခြင်း-ခင်းစေခြင်း, အနှောင့်အယှက်မရှိခြင်,အန္တရာယ်မရှိခြင်း,မငဲ့မကွက်ဖဲသွားခြင်း,ဥပစာရသိမ်ကိုလွန်ခြင်-အင်္ဂါခုနစ်ပါး။ ။ကျောင်းတွင်း၌ ခင်းသောကြောင့်ဥပစာရသိမ်ဖြင့် အင်္ဂါပိုင်းသည်။ အာဝါသိတ်ု ခင်းပေးရာ၌ထိုင်ပြီးသော အာဂန္တုသည် ဖဲသွားလိုသောအခါ မသိမ်းသာလျှင် အိပ်ရာနေရာရုပ်သိမ်းကြပါဟု ပန်ကြားရသည်။ မပန်မိလျှင် ကျောင်းဦးလွန်အံ့ပါစိတ်။ သေယျဆယ်ပါးတွင် ပစ္စတ္ထရဏ အိပ်ရာခင်းကော်ဇောတို့၌ သားမွေးကော်ဇောဖြစ်လျှင်ညောင်စောင်း အင်းပျဉ်ထက် ခင်းမထိုင်အပ်။ ကြမ်း၌မြေ၌သာအပ်သည်။ ညောင်စောင်း၌ လူတို့ခင်းပေးလျှင် ထိုင်ကောင်း၏။ မအိပ်ကောင်း။ချည်ကော်ဇောကား နေရာမရွေး ခင်းထိုင်အိပ်ကောင်း၏။

၆။ **အနုပခဇ္ဇ**။ ။ယောပနဘိက္ခု သံဃိကေ ဝိဟာရေ ဇာနံ ပုဗ္ဗုပဂတံ ဘိက္ခုံ အနုပခဇ္ဇ သေယျံ ကပ္ပေယျ ယဿ သမ္ဗာဓော ဘဝိဿတိ၊သော ပက္ကမိဿတီတိ ဧတဒေဝ ပစ္စယံ ကရိတွာ အနညံ ပါစိတ္တိယံ။(မေထုနာ……)

ယောပနဘိက္ခု……။သံဃိကေ၊ ‥ သော။ဝိဟာရေ၊……၌။ ဇာနံ၊(မထေ စေအပ်သူဟု)သိလျက်။ ပုဗ္ဗုပဂတံ၊ ရှေးဦးစွာ ကပ်ရောက်သော။ ဘိက္ခုံ၊……ကို။အနုပခဇ္ဇ၊တိုးဝှေ့၍။သေယျံ၊အိပ်ခြင်း "ထိုင်ခြင်း"ကို။ ကပ္ပေယျ၊ ပြုငြားအံ့။ ယဿ၊ အကြင်ရဟန်းအား။သမ္ဗာဓော၊ ကျဉ်းမြောင်းခြင်သည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။သော၊ ထိုရဟန်းသည်။ ပက္ကမိဿတိ၊ ဖဲသွားလတ္တံ့၊ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဧတဒေဝ၊ ထိုကျဉ်းမြောင်းသူ ဖဲသွားခြင်းကိုသာလျှင်။ ပစ္စယံကရိတွာ၊ အကြောင်းပြု၍။ အနညံ၊အကြောင်းတပါးမရှိဘဲ။အနုပခဇ္ဇ……။သေယျံ၊အိပ်ခြင်း "ထိုင်ခြင်"ကို၊ကပ္ပေယျ……။တဿဘိက္ခုနော……။ ပါစိတ္တိယံ…။ ဟောတိ။

သံဃိကကျောင်းဖြစ်ခြင်း, မထေစေအပ်သူဟုသိခြင်း, ကျဉ်းမြောင်းစေလိုခြင်း, ဥပစာရ၌ထိုင်ခြင်း အိပ်ခြင်း– အင်္ဂါလေးပါး။ ။သိတင်းကြီး၊ သူနာ၊ သံဃာပေးသော နေရာရသူ-ဤသုံးယောက်သည် မထေစေအပ်သူမည်၏။ ဘဏ္ဍာစိုး၊ စာချ၊ ဝိနည်းဓိုရ် စသည်တို့အား ကျေးဇူးများခြင်း၊ ဂုဏ်ထူးရှိခြင်းကြောင့် သံဃာသည် နေရာသီးခြားပေးထားရသည်။ သိတင်းကြီးကို မိမိထက်ကြီးသောကြောင့်……။သူနာကို သနားဘွယ်ဖြစ်သောကြောင့်……။ ဂုဏ်ထူးရှိသူကို သံဃာနေရာ ပေးထားသောကြောင့် မထေစေအပ်။ ညောင်စောင်းအင်းပျဉ်၏ရင်း၊ ထွက်လမ်းဝင်လမ်း၏ရင်း ဝန်းကျင်တတောင့်ထွာသည် ဥပစာရမည်၏။

**၇။ နိက္ကဍ္ဎန။** ။ယောပနဘိက္ခု ဘိက္ခုံ ကုပိတော အနတ္တမနော သံဃိကာ ဝိဟာရာ နိက္ကဍ္ဎေယျ ဝါ နိက္ကဍ္ဎာပေယျ ဝါ ပါစိတ္တိယံ။(အဒိန္နာ……)

ယောပနဘိက္ခု……။ဘိက္ခုံ၊ …. ကုပိတော၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊ နှလုံးမသာယာသည်ဖြစ်၍၊ သံဃိကာ၊ သံဃာ၏ ဥစ္စာဖြစ်သော။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ကဍ္ဎေယျ ဝါ။ ကိုယ်တိုင်လည်း နှင်ထုတ်ငြားအံ့၊ နိက္ကဍ္ဎာပေယျ ဝါ၊ သူတပါးကိုလည်း နှင်ထုတ်စေငြားအံ့။ တဿ ဘိက္ခုနော……။ပါစိတ္တိယံ ….။ဟောတိ ….။

သံဃိကကျောင်းဖြစ်ခြင်း, ခိုက်ရန်စသည်မပြုသောရဟန်းဖြစ်ခြင်း, အမျက်ထွက်၍နှင်ခြင်း–နှင်စေခြင်း–အင်္ဂါသုံးပါး။ ။ ခိုက်ရန်ပြုလေ့ရှိသူကို သံဃာ့အရံတခုလုံးမှ…။ အလဇ္ဇီ၊ ဥမ္မတ္တက၊ ကျင့်ဝတ်ပျက်သော တပည့်တို့ကို မိမိနေရာမှ နှင်ထုတ်ကောင်း၏။ ယုတ်မာမှုကို စက်ဆုပ်သောအားဖြင့် သနားဘွယ်ဟု ဆုံးမခြင်း ဖြင့်နှင်ရသည်။

**၈။ ဝေဟာသကုဋီ။** ။ယောပနဘိက္ခု သံဃိကေ ဝိဟာရေ ဥပရိဝေဟာသကုဋိယာ အာဟစ္စပါဒကံ မဉ္စံ ဝါ ပီဌံ ဝါ အဘိနိသီဒေယျ ဝါ၊ အဘိနိပဇ္ဇေယျ ဝါ ပါစိတ္တိယံ။(ဇ……)

ယောပနဘိက္ခု……။သံဃိကေ ……။ဝိဟာရေ၊……၌။ဝေဟာသကုဋိယာ၊(ပျဉ်မခင်း၍) ဟင်းလင်းအပြင်ရှိသောကျောင်း၏။ ဥပရိ၊ ရက်မ ဆင့်တို့၏ အထက်၌။ထပိတံ၊ထားအပ်သော။အာဟစ္စပါဒကံ၊ အပေါင် ၌ အခြေတပ်သော။မဉ္စံဝါ၊……ကိုရင်း။ပီဌံဝါ၊……ကိုရင်း။ အဘိနိသီဒေယျဝါ၊တက်၍မှုလည်း ထိုင်ငြားအံ့။အဘိနိပဇ္ဇေယျဝါ၊တက်၍မှုလည်း အိပ်ငြားအံ့။တသာဘိက္ခုနော……။ပါစိတ္တိယံ……။ ဟောတိ……။

သံဃိကကျောင်း ဖြစ်ခြင်း,ဦးခေါင်းလွတ်အောင် မြင့်သော ဝေဟာသကုဋိဖြစ်ခြင်း,အောက်ထပ်၌အသုံးပြုခြင်း,စရွေးစွန်း၌ ကလန့် မယှန့် မတပ်သော အာဟစ္စပါဒက၌ထိုင်ခြင်း- အိပ်ခြင်း အင်္ဂါလေးပါး။

၉။ **မဟလ္လကဝိဟာရ။** ။မဟလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ ကာရယမာနေန ယာဝဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ အာလောကသန္ဓိပရိကမ္မာယ ဒွတ္တိစ္ဆဒနဿ ပရိယာယံ အပ္ပဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ။ တတော စေဥတ္တရိ အပ္ပဟရိတေပိ ဌိတော အဓိဋ္ဌဟေယျ ပါစိတ္တိယံ။(သဒ္ဒါ……။)

မဟလ္လကံ……။ ဝိဟာရံ……။ ကာရယမာနေန……။ ဘိက္ခုနာပန၊……သည်ကား။ ယာဝဒွါရကောသာ၊တံခါးပေါင်၏ နှစ်တောင့်ထွာ အရပ်တိုင်အောင်။ အဂ္ဂဠဋ္ဌပနာယ၊ တံခါးနှင့်တကွ တံခါး အိမ်ကို မြဲစွာထားခြင်း ငှါ။ အာလောက သန္ဓိပရိကမ္မာယ၊ အထက် လေသာပြူတင်းကို အပြေအပြစ်ပြုခြင်း ငှါ။ “ပုနပ္ပုနံ၊အထပ်ထပ်။လေပေတဗ္ဗော၊လိမ်းကျံ စေအပ်၏။” [အဋ္ဌကထာမှ-ပုနပ္ပုနံ စသည်လိုက်စေသည်။] ဆဒနဿ၊ အမိုး၏။ ဒွတ္တိပရိယာယံ၊ နှစ်စဉ်သုံးစဉ်မိုးခြင်းကို။ အပ္ပဟရိတေ၊ စိမ်း သောကောက်ပဲမရှိရာ၌။ဌိတေန၊တည်သဖြင့်။အဓိဋ္ဌာတဗ္ဗံ၊စီရင်အပ်၏။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်။ အပ္ပဟရိတေပိ၊……၌လည်း။ ဌိတော၊ တည်လျက်။ စေအဓိဋ္ဌဟေယျ၊အကယ်၍ စီရင်ငြားအံ့။ တသာဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

မဟလ္လကဝိဟာရဖြစ်ခြင်း, ဒါယကာရှိ တွင်းပလိမ်းကျံဟူ လို။ မိမိ၏ ဝါသာဂါရဖြစ်ခြင်း,အမိုးသုံးထပ်ထက်အလွန်စီရင်

ခြင်း-အင်္ဂါသုံးပါး။ ။တံခါးပေါင် ကျည်းခွေသည် "ဝိဠ္ဌသံဃာတ"မည်၏၊တံခါးရွက် တံခါးအိမ်သည် "အဂ္ဂဠ္ဌ"မည်၏။ မြက်၊ သစ်ရွက်နှစ်မျိုးဖြင့် လှည့်၍မိုးသည်။အုတ်၊ ကျောက်၊ အင်္ဂတေ သုံးမျိုးဖြင့် အဖြောင့်မိုးသည်။

**၁၀။ သပ္ပါဏက။** ။ယောပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ တိဏံ ဝါ မတ္တိကံ ဝါ သိဉ္စေယျ ဝါ သိဉ္စာပေယျ ဝါ ပါစိတ္တိယံ (အဒိန္နာ……)။ ။ဘူတဂါမဝဂ္ဂေါ ဒုတိယော။

ယောပနဘိက္ခု……။ဇာနံ၊ (မိုးသေလိမ့်မည်ဟု သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ တိဏံဝါ၊ မြက်သို့ရင်း။ မတ္တိကံဝါ၊မြေသို့ရင်း။ သိဉ္စေယျဝါ၊ ကိုယ်တိုင်လည်း သွန်းလောင်းငြားအံ့။ သိဉ္စာပေယျဝါ၊ သူတပါးကိုလည်း သွန်းလောင်း စေငြားအံ့၊ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။ ဒုတိယော……။ ဘူတဂါမဝဂ္ဂေါ……။နိဋ္ဌိတော……။

ပိုးရှိသောရေ ဖြစ်ခြင်း, သွန်းလောင်းလျှင် ပိုးသေလိမ့်မည် ဟုသိခြင်း, ခန်း၍ နောက်၍ ပိုးသေလောက်သော ရေအနည်းငယ်ဖြစ်ခြင်း, သေစေလိုသောစေတနာမရှိဘဲ ပြုဘွယ်ကိစ္စဖြင့် မြက်သို့ မြေသို့ လောင်းခြင်း-အင်္ဂါလေးပါး။ ပိုးကောင်ကျသေသည်ကိုသိလျက် ကုသိုလ်ဖြစ်–ဘုရားမိန့်တွန် လည်း ပါးတ်။ သိက္ခာပုဒ်မသိသောရဟန္တာအားလည်း ပါးတ်။ သေလောက်သော ပိုးရှိသောရေ၌မြက်၊ မြေစွန့်လည်း ပါးတ်။ ကုန့်ကွင်း ပိုးလောက်တို့အပေါ်၌ကျင်ကြီး ကျင်ငယ်စွန့်လျှင် ဖြစ်၍, မရှိ ညတ်ကွန့်မြူးသင့်၏။ ပိုးသေလောက်, မသေလောက် နှိုင်းချိန်သင့်၏။

---

ဘိက္ခုနောဝါဒဝဂ်။

**၁။ ဩဝါဒ။** ။ယောပန ဘိက္ခု အသမ္မတော ဘိက္ခုနိယော ဩဝဒေယျ ပါစိတ္တိယံ။ (ပဒ……)

ယောပနဘိက္ခု……။အသမ္မတော၊ သမ္မုတိမရဘဲ။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့ကို။ ဩဝဒေယျ၊ ဂရုဓမ်တရား ရှစ်ပါးဖြင့် ဆုံးမငြားအံ့။ တသဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

သမ္မုတိမရခြင်း, ဉာတတောဥပသမ္ပန္နာဘိက္ခုနီ ဖြစ်ခြင်း, ဩဝါဒစွမ်းဖြင့် အဋ္ဌဂရုဓမ္မ ဟောခြင်း-အင်္ဂါသုံးပါး။ ။ဧက တောအာ "ဒုက္ကဋ်"။ တပါးသောတရားဖြင့်လည်း "ဒုက္ကဋ်"။ ဘိက္ခုမာန်သာမဏေမအား အနာပတ္တိ။

၂။ **အတ္ထင်္ဂတ**။ ။သမ္မတောပိ စေ ဘိက္ခု အတ္ထင်္ဂတေ သူရိယေ ဘိက္ခုနိယော ဩဝဒေယျ ပါစိတ္တိယံ။ (ပဒ……)

သမ္မတော၊ သမ္မုတိရသော။ ဘိက္ခုပိ၊……သည်လည်း။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ ဘိက္ခုနိယော၊……တို့ကို။ စေဩဝဒေယျ၊ အကယ်၍ ဆုံးမငြားအံ့၊ တသဿဘိက္ခုနော…… ။ပါစိတ္တိယံ……။ဟောတိ……။

နေဝင်ခြင်း, ဉာတတောဘိက္ခုနီ ဖြစ်ခြင်း, ဆုံးမခြင်း-အင်္ဂါသုံးပါး။ ။ဂရုဓမ်မဟုတ်စေကာမူ နေဝင်လျှင် ပါ်တ်။

၃။ **ဘိက္ခုနုပဿယ**။ ။ယောပနဘိက္ခု ဘိက္ခုနုပဿယံ ဥပသင်္ကမိတွာ ဘိက္ခုနိယော ဩဝဒေယျ အညတြ သမယာ ပါစိတ္တိယံ။ တတ္ထာယံ သမယော ဂိလာနာ ဟောတိ ဘိက္ခုနီ၊ အယံ တတ္ထ သမယော။ (ပဒ……)

ယောပနဘိက္ခု……။ ဘိက္ခုနုပဿယံ၊ ဘိက္ခုနီမကျောင်းသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဘိက္ခုနိယော၊……တို့ကို။ ဩဝဒေယျ၊ ဂရုဓမ်တရားရှစ်ပါးဖြင့် ဆုံးမငြားအံ့။ သမယာ၊ အခါကို။ အညတြ ……။ ဩဝဒေယျ……။တသဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။တတ္ထ၊ ထိုဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမရာ၌။ အယံ၊ ဤဆိုလတ္တံ့. သည် ကား။ သမယော၊ အခါတည်း။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ဂိလာနာ၊ နာသည်။ [ဩဝါဒ၊ သံဝါသအလို့ငှါ မသွားနိုင်အောင် နာသည်ဟူလို။] ဟောတိ…… ။ အယံ၊ ဤသည်ကား။ တတ္ထ၊ ထိုဘိက္ခုနီမ ကျောင်းသို့ သွား၍ဆုံးမရာ၌။ သမယော၊ အခါတည်း။

ဘိက္ခုနီ၏ကျောင်းသို့ချဉ်းကပ်ခြင်း, ဥဘတော ဘိက္ခုနီဖြစ်ခြင်း, အခါမဟုတ်ခြင်း, ဂရုဓမ္မဖြင့် ဆုံးမခြင်း–အင်္ဂါလေးပါး။ ။ တည့်ဆွမ်းမျှ ဘိက္ခုနီနေသော အရပ်သည်လည်း ဘိက္ခုနုပဿယမည်၏။ သေခိယ၌ ညဥ့်နေခြင်း၌ ချဉ်းကပ်လျှင် ဝါသူပဂတ-ဟု "**ကန်ဒွိကာ**" ဖွင့်သည်။ ဤ၌နည်းယူဟာန်ရှိသည်။

**၄။ အာမိသ။** ။ယော ပန ဘိက္ခု ဧဝံ ဝဒေယျ အာမိသ ဟေတု ထေရာ ဘိက္ခူ ဘိက္ခုနိယော ဩဝဒန္တီတိ ပါစိတ္တိယံ။ (အဒိန္နာ……)

ယော ပန ဘိက္ခု……။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အာမိသ ဟေတု၊ အာမိသဟူသော အကြောင်းကြောင့်။ ထေရာ ဘိက္ခူ၊ မထေရ်ရဟန်းတို့သည်။ ဘိက္ခုနိယော၊……တို့ကို။ ဩဝဒန္တိ၊ ဆုံးမကုန်၏။ ဣတိ ဧဝံ……။ ဝဒေယျ၊……အံ့။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ရဟန်းဖြစ်ခြင်း, ဓမ္မကံဖြင့် သမ္မုတိရခြင်း, အာမိသ မငဲ့သူဖြစ်ခြင်း, ကဲ့ရဲ့လို၍ ဆိုခြင်း-အင်္ဂါလေပါး။ ။လာဘ်သည်၎င်း၊ ရိုသေသမှုသည်၎င်း–အာမသိယတေတိ အာမိသံ တဗျာဒိဋ္ဌ ကိလေသာတို့ဖြင့် သုံးသပ်အပ် သောကြောင့် "**အာမိသ**" မည်၏။

**၅။ စီဝရဒါန။** ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ ဒဒေယျ အညတြ ပါရိဝတ္တကာ ပါစိတ္တိယံ။ (သဉ္စာ……)

ယော ပန ဘိက္ခု……။ အညာတိကာယ……။ ဘိက္ခုနိယာ၊……အား။ စီဝရံ၊……ကို။ ဒဒေယျ၊ ပေးငြားအံ့။ ပါရိဝတ္တကာ၊ လဲလှယ်ခြင်းကို။ အညတြ……။ ဒဒေယျ……။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်း ဖြစ်ခြင်း, လဲလှယ်သည်မဟုတ်ခြင်း, အမျိုးမတော်သော ဥဘတောဘိက္ခုနီအား

ပေးခြင်း-အင်္ဂါသုံးပါး။ ။ဝိကပ္ပနာမလောက်သောလက်သုတ်ပုဝါစသည်ပေးအံ့-အနာပတ္တိ။

**၆။စီဝရသိဗ္ဗန။** ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ သိဗ္ဗေယျ ဝါ သိဗ္ဗာပေယျ ဝါ ပါစိတ္တိယံ။ (သဥ္ဥာ……)

ယောပနဘိက္ခု……။အညာတိကာယ……။ ဘိက္ခုနီသော၊ ……၏။ စီဝရံ……ကို။သိဗ္ဗေယျဝါ၊ကိုယ်တိုင်လည်း ချုပ်ငြားအံ့။ သိဗ္ဗာပေယျဝါ၊ သူတပါးကိုလည်း ချုပ်စေငြားအံ့။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ဟောတိ……။

အမျိုးမတော်သော ဥဘတောဘိက္ခုနီ၏ဥစ္စာဖြစ်ခြင်း, ဝတ်ရုံလောက်သောသင်္ကန်းဖြစ်ခြင်း, ချုပ်ခြင်း-ချုပ်စေခြင်း,အင်္ဂါသုံးပါး။ ။အပ်သွင်းချုပ်နှုတ်တိုင်းပါစိတ်။ ဝတ်ရုံလောက်မဟုတ်လျှင် အနာပတ္တိ။

**၇။ ။သံဝိဓာန။** ။ယောပနဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ အညတြ သမယာ ပါစိတ္တိယံ။ တတ္ထာယံ သမယော သတ္ထဂမနီယော ဟောတိ မဂ္ဂေါ သာသင်္ကသမ္မတော သပ္ပဋိဘယော။ အယံ တတ္ထ သမယော။ (ပါ၊ တ၊ စ၊ ဆာ—ယူပါအဋ္ဌ-၁၅။)

ယောပနဘိက္ခု……။ ဘိက္ခုနိယာ……နှင့်။ သဒ္ဓိံ……။ သံဝိဓာယ၊ (သွားချိန်ကို )တိုင်ပင်၍။ ဧကဒ္ဓါနမဂ္ဂံ၊ တကြောင်းထည်း အခွန့်ရှည်သောခရီးသို့။ ပဋိပဇ္ဇေယျ၊ သွားငြားအံ့။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ဂါမန္တရမ္ပိ၊ ရွာတပါးသို့သော်သည်း။ ပဋိပဇ္ဇေယျ……။သမယာ၊……ကို။ အညတြ……။ တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။ တတ္ထ၊ ထိုတိုင်ပင်၍သွားရာ၌။ အယံ၊……ကား။သမယော……။ မဂ္ဂေါ၊ လမ်းခရီးသည်။ သတ္ထဂမနီယော၊ အဘော်ကုန်သည်နှင့် တကွသွားအပ်သည်။ ဟောတိ……။သာသင်္က သမ္မတော၊ ရွံ့ရှာဘွယ်ရှိ၏ဟုသမုတ်အပ်သည်။ သပ္ပဋိဘယော၊ ဘေးရန်နှင့်တကွ ဖြစ်သည်။ ဟောတိ……။ အယံ၊ ဤသည်ကား။ တတ္ထ၊ ထိုတိုင်ပင်၍ သွားရာ၌။ သမယော……။

နှစ်ယောက်အတူတိုင်ပင်၍ ခရီးရှည်သွားခြင်း၊ သွားချိန်မချွတ်ယွင်းခြင်း၊ အခါမဟုတ်ခြင်း၊ ဘေးရန်မရှိခြင်း၊ ရွာတပါး၏ဥပစာသို့သက်ဝင်ခြင်း-ဝါ၊ ယူဇနာခွဲလွန်ခြင်း-အင်္ဂါငါးပါး။ ။ {ပါ၊တ၊ စ၊ ဆာ-ယူပါအဋ္ဌ.....ပဉ္စမ၊ တတိယ၊ စတုတ္ထ၊ ဆဋ္ဌကြောင့် အဋ္ဌါနှ သမုဋ္ဌာန်။ အသားတူ ၁၅။ အစိတ္တက။} ဘိက္ခုနီကျောင်း၊ ရဟန်းအရံအကွင်း၊ ဆွမ်းစားကျောင်း၊ တိတ္ထိကျောင်း-ဤလေးခုသည်“ကပ္ပိယဘူမိ”မည်၏။ထိုမှကြွင်းသောအကပ္ပိယဘူမိတို့၌ တိုင်ပင်ကာမှ“ဒုက္ကဋ်”။အချိန်လွဲ၍ သွားအံ့-အနာပတ္တိ။ သာသက်၊ သပ္ပဋိဘယဘိုက်ဆိုပြီးပြီ။ ဘယ်မှာဆိုသည် သိနိုင်ရမည်။ ( နိဿဂ္ဂ သာသက်။

၈။ **နာဝါဘိရုဟန**။ ။ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကံ နာဝံ အဘိရူဟေယျ ဥဒ္ဓံဂါမိနိံ ဝါ အဓောဂါမိနိံ ဝါ အညတြ တိရိယံ တရဏာယ ပါစိတ္တိယံ။ (အဋ္ဌ.....)

ယောပနဘိက္ခု.....။ ဘိက္ခုနိယာ.....။သဒ္ဓိံ.....။သံဝိဓာယ၊ (လှေစီးချိန်ကို)တိုင်ပင်၍။ ဥဒ္ဓံဂါမိနိံ ဝါ၊ အထက်သို့ ဆန်တက်သည့်လည်းဖြစ်သော။ အဓောဂါမိနိံ ဝါ၊ အောက်သို့စုန်ဆင်းသည်လည်းဖြစ်သော။ ဧကံနာဝံ၊ တစင်းတည်းသောလှေကို။ အဘိရူဟေယျ၊ စီးငြားအံ့။ တိရိယံ တရဏာယ၊ ဘီလာကူးသောလှေကို။ အညတြ.....။ အဘိရူဟေယျ.....။ တဿဘိက္ခုနော.....။ ပါစိတ္တိယံ.....။ ဟောတိ.....။

ယခင်ကဲ့သို့ အင်္ဂါငါးပါး။ ။ရွာမရှိသောကမ်း၌ရင်း၊တယူဇနာကျယ်သော မြစ်အလယ်၌ရင်း သွားလျှင် ယူဇနာခွဲတိုင်း ပါစိတ်။သမုဋ္ဌာန်ကား အလိုရှိတိုင်းသွားကောင်း၏။

၉။ **ပရိပါစိတ**။ ။ယောပနဘိက္ခု ဇာနံ ဘိက္ခုနီပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇေယျ အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ ပါစိတ္တိယံ။ (မေဘုနာ.....)

ယောပနဘိက္ခု·····။ ဓာနိ၊ သိလျက်။ ဘိက္ခုနီပရိပါစိတံ၊ ဘိက္ခုနီ စိရင်အပ်သော၊ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇေယျ၊ စားငြားအံ့။ ပုဗ္ဗေ၊ ရှေး၌။ ဂိဟိသမာရမ္ဘာ၊ လူတို့ စိရင်သည်ကို။ အညတြ·····။ တဿ ဘိက္ခုနော····· ။ပါစိတ္တိယံ····· ။ဟောတိ····· ။

ဉာဘတော ဘိက္ခုနီစိရင်ခြင်း, စိရင်သည်ကိုသိခြင်း, ဂိဟိ သမာရမ္ဘမဟုတ်ခြင်း, ဘောဇဉ်ငါးပါး ဖြစ်ခြင်း,မျိုခြင်း-အင်္ဂါ ငါးပါး။ ။ဘောဇဉ်ငါးပါးမဟုတ်လျှင် အနာပတ္တိ။

**၁၀။ ရဟောနိသဇ္ဇ။** ။ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ ပါစိတ္တိယံ (မေထုနံ·····)။ ။ဘိက္ခုနောဝါဒဝဂ္ဂေါ တတိယော။

ယောပနဘိက္ခု ····။ဘိက္ခုနိယာ၊····· နှင့်။ သဒ္ဓိံ······။ဧကော ဧကာ ယ·····။ရဟော၊ မျက်စိ၊ နား ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ ထိုင်ခြင်း ''အိပ်ခြင်း''ကို။ ကပ္ပေယျ······။တဿဘိက္ခုနော ····။ ပါစိတ္တိယံ······။ ဟောတိ ····။တတိယော·····။ဘိက္ခုနောဝါဒဝဂ္ဂေါ····။နိဋ္ဌိတော······။

ဒုတိယ အနိယတနှင့်ရင်း၊ ရှင်ဥပနန္ဒ၏စတုတ္ထ သိက္ခာပုဒ်နှင့် ရင်း တဖြတ်ထည်းဖြစ်၏။ အဋ္ဌုပ္ပတ်စွမ်းဖြင့် သီးခြား၏။ ဧက တောဘိက္ခုနီနှင့် အတူနေလျှင် ရှင်ဥပနန္ဒသိက္ခာပုဒ်ဖြင့်ပါစိတ်။

---

**ဘောဇနဝဂ်။**

**၁။ အာဝသထပိဏ္ဍ။** ။အဂိလာနေန ဘိက္ခုနာ ဧကော အာဝသထပိဏ္ဍော ဘုဉ္ဇိတဗ္ဗော။တတော စေ ဥတ္တရိ ဘုဉ္ဇေယျ ပါစိတ္တိယံ။ (ဧဠံ·····)

အဂိလာနေန၊ မနာ မဖျားသော၊ ဘိက္ခုနာ၊····သည်၊ ဧကော၊ တနေ့စားအပ်သော။ ဝါ၊ တကြိမ်စားအပ်သော၊အာဝသထ+ပိဏ္ဍော၊ ဧည့်သည်တို့ တည်းခိုရေးစရပ်၌+ထားသောဆွမ်းကို။ ဘုဉ္ဇိတဗ္ဗော၊ စားအပ်၏။ တတော၊ ထိုတနေ့ထက်။ ဝါ၊ တကြိမ်ထက်။ ဥတ္တရိ ·····။ စေဘုဉ္ဇေယျ····· ။ တဿဘိက္ခုနော····· ။ ပါစိတ္တိယံ ··· ။ဟောတိ·····။

စရပ်စသည်၌ မရည်ရွယ် မပိုင်းခြား တည်ထားသော ဘောဇဉ်ဖြစ်ခြင်း, မနာမဖျားခြင်း, နေ့တိုင်းနေ၍စားခြင်း–အင်္ဂါသုံးပါး။ ။ရောက်လာသူတိုင်း အဝစားရန်တည်ထားသော ဘောဇဉ် ငါးပါးသည် "**အာဝသထပိဏ္ဍ**"မည်၏။ ဘောဇဉ်ငါးပါး မဟုတ်အံ့၊ ဤအယူဝါဒရှိသူ အတွက်၊ ဤမျှသော သူအတွက်၊ တယောက်လျှင် ဤအနေမျှ အဝမဟုတ်ဟု ရည်ရွယ် ပိုင်းခြားအံ့-အနာပတ္တိ။ ယူဖနာခွဲမသွားနိုင်လျှင် ဂိလာန။

၂။ **ဂဏဘောဇန**။ ။ဂဏဘောဇနေ အညတြ သမယာ ပါစိတ္တိယံ။တတ္ထာယံ သမယော၊ ဂိလာနသမယော၊စီဝရဒါနသမယော၊ စီဝရကာရသမယော၊ အဒ္ဓါနဂမနသမယော၊ နာဝါဘိရူဟနသမယော၊ မဟာသမယော၊ သမဏဘတ္တသမယော။အယံ တတ္ထ သမယော။ (ဧဠ္ဌ......)

ဂဏဘောဇနေ၊ဂဏဘောဇဉ်ကိုစားခြင်းကြောင့်။ သမယာ၊အခါကို။ အညတြ ......။ ပါစိတ္တိယံ ......။ ဟောတိ ......။တတ္ထ၊ထိုဂဏဘောဇဉ်ကိုစားရာ၌။အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမယော၊......တည်း။ ဂိလာနသမယော၊ နာသောအခါ။ စီဝရဒါနသမယော၊ သင်္ကန်းလှူသောအခါ။ စီဝရကာရသမယော၊ သင်္ကန်း ချုပ်သောအခါ။ အဒ္ဓါန ဂမနသမယော၊ အဓွန့်ရှည်သော ခရီးသို့ သွားသောအခါ။ နာဝါဘိ ရူဟနသမယော၊ လှေသင်္ဘောစီးသောအခါ။ မဟာသမယော၊ ရဟန်းအများ ရုံးဝေးသောအခါ။ သမဏဘတ္တသမယော၊ ရဟန်းတို့ ထမင်းလှူသော အခါ။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။တတ္ထ၊ ထိုဂဏဘောဇဉ်စားရာ၌။ သမယော၊ အခါခုနစ်ပါးတည်း။

ဂဏဘောဇဉ်ဖြစ်ခြင်း, အခါခုနစ်ပါး မဟုတ်ခြင်း, စားမျိုခြင်း-အင်္ဂါသုံးပါး။ ။ဘတ္တ-ထမင်း၊ သြဒန ထမင်း ဤသို့စသော ဘောဇဉ်ငါးပါး အမည်ဖြင့် ပင့်ဘိတ်ခြင်းသည် "**အကပ္ပိယနိမန္တန**" မည်၏။ ထိုအမည်ဖြင့်တောင်းခြင်းသည်"**အကပ္ပိယဝိညာပန**"မည်၏။ ထိုနှစ်မျိုးကို ရဟန်းလေးပါးအတူခံယူခြင်သာ ဆိုလိုရင်း "**ဂဏဘောဇန**" မည်သည်။နှစ်ပါး သုံးပါး

ခွဲခံလျှင် ဂဏာဘောဇနမဖြစ်။ ခြေကွဲ၍ ဆွမ်းခံမသွားနိုင်လျှင် "**ဂိလာနသမယ**"……။ စီဝရကာလတလ၊ ငါးလသည် "**စီဝရဒါနသမယ**"…… ။အခါခရွေးသက်န်းချုပ်လျှင် "**စီဝရကာရသမယ**"……။ ယူဇနာခွဲသွားလို၊ သွားဆဲ၊ သွားပြီးခါစသည် "**အဒ္ဓါနဂမနသမယ**"…… ။လှေသင်္ဘော စီးလို၊စီးဆဲ၊စီးပြီးခါစသည်"**နာဝါဘိရူဟနသမယ**"……။ဆွမ်းခံရွာ၌ အနည်းဆုံးလေးပါးဆွမ်းခံ၍ မမျှလျှင် "**မဟာသမယ**"…… ။ သီတင်းသုံးဘောင်ငါးယောက်ဖြစ်စေ၊တိတ္ထိပရိဗိုဇ်ဖြစ်စေ-ကျွေးသောအခါသည်"**သမဏဘတ္တ သမယ**" မည်၍၊ဘောဇဉ်ငါးပါး မဟုတ်လျှင်အနာပတ္တိ။ဘိက္ခာ-ဆွမ်း၊ ပိဏ္ဍပါတ-ဆွမ်း ဤသို့စသောအမည်ဖြင့် ဘိတ်ခြင်း၊ တောင်းခြင်းသည်"**ကပ္ပိယနိမန္တန-ကပ္ပိယဝိညာပန**" မည်၍၊ဂဏဘောဇနမဖြစ်။

၃။ **ပရမ္ပရဘောဇန**။ ။ပရမ္ပရဘောဇနေ အညတြ သမယာ ပါစိတ္တိယံ။ တတ္ထာယံ သမယော၊ ဂိလာန သမယော၊ စီဝရဒါနသမယော၊ စီဝရကာရသမယော၊ အယံ တတ္ထ သမယော။ (ထိနာ……)

ပရမ္ပရဘောဇနေ၊(ရှေးရှေးဘိတ်သူ၏ဘောဇဉ်ကိုမစားဘဲ)နောက်နောက်ဘိတ်သူ၏ဘောဇဉ်ကိုစားခြင်းကြောင့်။သမယာ……။အညတြ…။ ပါစိတ္တိယံ……။ ဟောတိ……။ တတ္ထ၊ ထိုပရမ္ပရဘောဇဉ်ကို စားရာ၌။ အယံ……။သမယော……။ဂိလာနသမယော……။စီဝရဒါနသမယော……။ စီဝရကာရသမယော…။အယံ…။တတ္ထ……။သမယော……။

ပရမ္ပရဘောဇဉ်ဖြစ်ခြင်း,အခါသုံးပါးမဟုတ်ခြင်း,ဝိကပ္ပနာမပြုဘဲစားခြင်း-အင်္ဂါသုံးပါး။ ။အကပ္ပိယနိမန္တနဘောဇဉ်ငါးပါးသည်"**ပရမ္ပရဘောဇန**"ဖြစ်သည်။ ယခုကာလ ဆွမ်းဟူသော ဝေါဟာရဖြင့် ဘိတ်ရာ၌ ပရမ္ပရဘောဇနမဖြစ်။ "မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ……တုယှံ ဝိကပ္ပေမိ……။ဆုတ္ထန္နာ မသဒေမိ……ဆုတ္ထန္နာမသဝိကပ္ပေမိ"-ဟု မျက်မှောက်မျက်

ကွယ် ဝိကပ္ပနာပြု၍စားလျှင်အနာပတ္တိ။ ဘောဇဉ်ငါးပါးမဟုတ်လျှင် အနာပတ္တိ။တထိုင်ထည်းအဝမစားနိုင်လျှင် ဂိလာန။

**၄။ ကာဏမာတာ။** ။ဘိက္ခုံပနေဝ ကုလံ ဥပဂတံ ပူဝေဟိ ဝါ မန္ထေဟိ ဝါ အဘိဟဋ္ဌုံ ပဝါရေယျ၊ အာကင်္ခမာနေန ဘိက္ခုနာ ဒွတ္တိပတ္တပူရာ ပဋိဂ္ဂဟေတဗ္ဗာ။ တတော စေ ဥတ္တရိ ပဋိဂ္ဂဏှေယျ ပါစိတ္တိယံ။ဒွတ္တိပတ္တပူရေ ပဋိဂ္ဂဟေတွာ တတော နီဟရိတွာ ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ။အယံ တတ္ထ သာမီစိ။ (သဒ္ဓါ......)

ကုလံ၊ဒါယကာအိမ်သို့။ ဥပဂတံ၊ချဉ်းကပ်သော။ဘိက္ခုံပနေဝ၊ ..... ကိုသာလျှင်။ပူဝေဟိဝါ၊ လက်ဆောင်မုန့်တို့ဖြင့်ရင်း။မန္ထေဟိဝါ၊ ရိက္ခာမုန့်တို့ဖြင့်ရင်း။အဘိဟဋ္ဌုံ၊ခံယူစိမ့်သောငှါ။ ဝါ၊ရှေ့ရှုဆောင်၍။ ပဝါရေယျ၊ဘိတ်ပြောအံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ဘိက္ခုနာ၊..... သည်။ ဒွတ္တိပတ္တပူရာ၊ နှစ်သပိတ် သုံးသပိတ် ပြည့်သော မုန့်တို့ကို။ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်ကုန်၏။ တတော၊ ထိုထက်။ဥတ္တရိ ..... ။ စေပဋိဂ္ဂဏှေယျ၊.....အံ့။တသဿဘိက္ခုနော.....။ပါစိတ္တိယံ.....။ဟောတိ.....။ဒွတ္တိပတ္တပူရေ၊ နှစ်သပိတ် သုံးသပိတ်ပြည့်သောမုန့်တို့ကို။ ပဋိဂ္ဂဟေတွာ၊ ခံ၍။(ဝါ၊ခံပြီးလတ်သော်။)တတော၊ထိုခံရာအရပ်မှ။ နီဟရိတွာ၊ ဆောင်၍။ဘိက္ခူဟိ၊.....တို့နှင့်။သဒ္ဓိံ.....။သံဝိဘဇိတဗ္ဗံ၊ ဝေဘန်အပ်၏။ အယံ၊ ဤသို့ဝေဘန်ခြင်းသည်။တတ္ထ၊ ထိုနှစ်သပိတ် သုံးသပိတ် ပြည့်သောမုန့်ခံရာ၌။ သာမီစိ၊ကျင့်ဝတ်တည်း။

လက်ဆောင်မုန့် ခရီးရိက္ခာမုန့်ဖြစ်ခြင်း, အကြွင်းမဟုတ်ခြင်း, ခရီးသွားကိစ္စ မငြိမ်းသေးခြင်း, ဉာတကပဝါရိတမဟုတ်ခြင်း, သုံးသပိတ်ထက် အလွန်ခံခြင်း အင်္ဂါငါးပါး။ ။နှစ်သပိတ်ခံသူသည် တပါးသောရဟန်းကိုမြင်လျှင် ငါနှစ်သပိတ်ခံခဲ့ပြီ၊ သင်တသပိတ်ခံဟု ဆိုအပ်၏။ ထိုသည်လည်း တပါးကိုမြင်လျှင် ယခင်နှစ်သပိတ်ခံသွားပြီ၊ငါတသပိတ်ခံပြီ၊သင်မခံနှင့်ဟု ဆိုအပ်၏။တသပိတ်ခံလျှင်လည်း ဤနည်းဖြင့် အခွင့်ဆင့်ပြောအပ်၏။ သုံးသပိတ်ခံသူသည် တပါးသူကို မခံလင့်ဟုပြောအပ်၏။မပြောလျှင်“ဒုက္ကဋ်”။ ကြားလျက်ခံလျှင်လည်း“ဒုက္ကဋ်”။တသပိတ်ကို

မိမိအလိုငှါ ထားအပ်၏။အဓိကကို နိုးရာဆွမ်းစားကျောင်း စသည်သို့ ဆောင်၍ သံဃာအား လှူရသည်။ မိမိ၏ကပ္ပိယ ဘဏ္ဍာဖြင့် ယူလျှင် အနာပတ္တိ။

၅။ **ပဝါရဏာ**။ ။ယောပနဘိက္ခု ဘုတ္တာဝီ ပဝါရိတော အနတိရိတ္တံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ။(ထိနာ..... )

ယောပနဘိက္ခု.....။ဘုတ္တာဝီ၊ဆွမ်းစားစဉ်။ ပဝါရိတော၊ တန့်ပြီဟု မြစ်မိသည်ဖြစ်လျက်။အနတိရိတ္တံ၊ အတိရိတ်ဝိနည်းကံမပြုသော။ (ဝါ၊ အကြွင်းမဟုတ်သော။) ခါဒနီယံဝါ၊ ခဲဘွယ်ကိုရင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုရင်း။ခါဒေယျဝါ၊ ခဲမူလည်းခဲငြားအံ့။ ဘုဉ္ဇေယျဝါ၊ စားမူလည်းစားငြားအံ့။တဿဘိက္ခုနော.....။ ပါစိတ္တိယံ.....။ ဟောတိ.....။

ပဝါရိတ်သင့်ခြင်း,အတိရိတ္တမဟုတ်သော အာမိသဖြစ်ခြင်း, နံနက်အခါမျိုးခြင်း --အင်္ဂါသုံးပါး။ ။ဘောဇဉ်ကို ၁။ စားစဉ် ၂။ ဟတ္ထပါသ်တွင်းသို့ ၃။ ကိုယ်ဖြင့် ရွှေ့ရူဆောင်သော ဘောဇဉ်ကို ၄။ တန့်ပြီဟု ကိုယ်ဖြင့် နှုတ်ဖြင့် ပယ်မိလျှင် ၅။ ဤအင်္ဂါငါးပါးဖြင့် ပဝါရိတ်သင့်၏။ ထိုဣရိယာပုထ်မပျက် ဘဲဆက်၍စားနိုင်၏။ ဣရိယာပုထ်ပျက်ပြီးနောက် စားလိုလျှင် စားလိုသမျှ အပ်သည်ကို ကပ္ပိပြီးကို ၁။ အကာပ်ခံ၍ ၂။ ဝိနည်း ဓိုရ် ရဟန်းတပါးထံ မြောက်ကြွကာညွှတ်၍ ၃။ဟတ္ထပါသ်အတွင်း၌“အတိရိတ္တံ ကရောထ ဘန္တေ-အကြွင်းပြုပါ”ဟု မြွက်ဆို၍ ၄။ဝိနည်းကံပြုရသည်။ ခွက်အများလည်း ပြုကောင်း၏။ ဝိနည်းဓိုရ်သည် ပဝါရိတ်သင့်သူဖြစ်မူ မထသေးမီ ၅။ ပဝါရိတ်လောက်သော ဘောဇဉ်ကို မစားသေးသူဖြစ်မူ လိုသလောက်နိုက်စား၍ ၆။ “အလံမေတံ သဗ္ဗံ- ငါတော်ပြီ”ဟု မြွက်ဆို၍ ၇။ ပြန်ပေးရသည်။ ပဝါရိတ်မသင့်သူဖြစ်မူ ထပြီးမှရင်၊ စားပြီးသူဖြစ်မူမစားမူ၍ရင်း“အလံမေတံ သဗ္ဗံ”ဟုဆို၍ ပြန်ပေးရသည်။ ဤသို့အင်္ဂါ ၇–ပါးဖြင့် အတိရိတ်ဝိနည်းကံပြုပြီးသော အစာကို ထိုဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်မှတပါး ရဟန်း အားလုံး စားကောင်း၏။ ထိုဝိနည်းဓိုရ်အားသာ ထိုအစာ

နောက်ထပ်မအပ်၊လူနာကြွင်းကား ပင်ကိုယ်"အတိရိတ္တ"မည်၏၊ယနေ့နက်ဖြန် လိုသောအခါစားရန်ထားသောလူနာစာလည်း လူနာကြွင်းမည်၏၊ ယာဂုကျဲ၊ဟင်းရည်ကျဲ၊ နို့၊ နို့ဓမ်းတို့သည် ဘောဇဉ်ငါးပါး၊ ခဲဘွယ် ၁၂-ပါးမှ လွတ်လျက် ခဲဘွယ်ပင်မည်၏၊နေလွဲလျှင် ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်။

၆။ **ဒုတိယပဝါရဏာ**။ ။ယောပနဘိက္ခု ဘိက္ခုံ ဘုတ္တာဝိံ ပဝါရိတံ အနတိရိတ္တေန ခါဒနီယေန ဝါ ဘောဇနီယေန ဝါ အဘိဟဋ္ဌုံ ပဝါရေယျ ဟန္ဒ ဘိက္ခု ခါဒ ဝါ ဘုဉ္ဇ ဝါတိ ဇာနံ အာသာဒနာပေက္ခော၊ဘုတ္တသ္မိံ ပါစိတ္တိယံ။(အဒိန္နာ......)

ယောပနဘိက္ခု......။ဘုတ္တာဝိံ၊ဆွမ်းစားစဉ်။ပဝါရိတံ၊ ပဝါရိတ်သင့်သော။(ဝါ၊တန်ပြီဟုမြစ်မိသော။)ဘိက္ခုံ၊......ကို။ အနတိရိတ္တေန၊ အတိရိတ်ဝိနည်းကံမပြုသော။ ခါဒနီယေန ဝါ၊......ဖြင့်ရင်း။ ဘောဇနီယေန ဝါ၊......ဖြင့်ရင်း။ အဘိဟဋ္ဌုံ၊ ခံယူစိမ့်သောငှါ။ ဝါ၊ ရှေ့ရှုဆောင်၍။ ဘိက္ခု၊ ရဟန်း။ ဟန္ဒ၊ ငါတိုက်တွန်း၏။ ခါဒဝါ၊ ခဲမှုလည်းခဲပါလော။ ဘုဉ္ဇဝါ၊ စားမှုလည်းစားပါလော။ဣတိ......။ပဝါရေယျ၊ ဘိတ်ကြွားအံ့။ ဇာနံ၊ပဝါရိတ်သင့်သည်ကိုသိလျက်။အာသာဒနာပေက္ခော၊ အပြစ်တင်လိုခြင်းကို ငဲ့သည်ဖြစ်၍။ ပဝါရေယျ......။ဘုတ္တသ္မိံ၊ ဘိတ်အပ်သောရဟန်း စားပြီးသည်ရှိသော်။ တဿဘိက္ခုနော......။ ပါစိတ္တိယံ......။ ဟောတိ......။

ပဝါရိတ်သင့်သောရဟန်းဖြစ်ခြင်း, ပဝါရိတ်သင့်သည်ဟု အမှတ်ရှိခြင်း ,စောဒနာလိုခြင်းကိုငဲ့ခြင်း, အတိရိတ္တမဟုတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ဆောင်၍ ဘိတ်ခြင်း, စား၍ပြီးခြင်း–အင်္ဂါ ငါးပါး။ ။မိမိအားအပြစ်ပြ၍ ဆုံးမဘူးသည်ကို ရန်ငြိုးဖွဲ့လျက် ထိုဆုံးမဘူးသူအား ပဝါရိတ်သင့်ခိုက် အာပတ်သင့်အောင် အစွာရှာကျွေးသည်။

၇။ **ဝိကာလဘောဇန**။ ။ယောပနဘိက္ခု ဝိကာလေ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ။(ဇွဲ......)

ယောပနဘိက္ခု……။ဝိကာလေ၊နေလွဲသောအခါ၌။ ခါဒနီယံဝါ……။ ဘောဇနီယံဝါ……။ ခါဒေယျဝါ……။ ဘုဉ္ဇေယျဝါ……။ တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

နေလွဲခြင်း,ယာဝကာလိကဖြစ်ခြင်း, မျိုခြင်း-အင်္ဂါသုံးပါး။ ။ မွန်းတည့်ချိန်လွန်သည်မှနောက် အရုဏ်အတွင်းသည် "**ဝိကာလ**"မည်၏။ ယာဂုကျဲ၊ဟင်းရည်ကျဲ၊ နို့စသော ဂေါရသငါးပါးသည် ဘောဇဉ်ငါးပါး၊ ခဲဘွယ် ၁၂-ပါး၌ မဝင်သော်လည်း ယာဝကာလိကခဲဘွယ်ဖြစ်၏။ ဆာလျှင် ယာမကာလိကကို……။ နာလျှင် သတ္တာဟကာလိက၊ ယာဝဇီဝိကတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ မျိုအပ်၏။ မဆင်ခြင်လျှင် ဝိကာလဘောဇနအဇ္ဈောဟရပတ်ဒုက္ကဋ်သင့်၏။ အရုဏ်မတက်မီ မဆောင်ခြင်လျှင် ဇာတပရိဘောဂဖြစ်၏။ အပ်သောအကြောင်းရှိသော်လည်း စားသောက်စဉ် ဆင်ခြင်ရသည်။ စားမြို့ပြန်တတ်သော ရဟန်းအား စားမြို့ပြန်ခြင်းကို ခွင့်ပြု၏။ ခံတွင်းပြင်ပသို့ ထုတ်၍ကား ပြန်မမျိုအပ်။

၈။ **သန္နိဓိကာရက**။ ။ယောပန ဘိက္ခု သန္နိဓိကာရကံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ။ (၉၆……)

ယောပနဘိက္ခု…။သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြုအပ်သော။ခါဒနီယံဝါ……။ဘောဇနီယံဝါ……။ခါဒေယျဝါ……။ ဘုဉ္ဇေယျဝါ……။တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

အာမိသဖြစ်ခြင်း, ဝါ၊ ယာဝ၊ယာမ--ကာလိကနှစ်ခု-တခုခုဖြစ်ခြင်း။)သိုမှီးခြင်း,မျိုခြင်း-အင်္ဂါသုံးပါး။ ။အကပ်ခံ၍ တညဉ့်တအရုဏ်လွန်လျှင် "**သန္နိဓိ**"မည်၏။"**သာရဏ္ဍ**"၌ အကင်စွန်း၍ ညဉ့်သိပ်လျှင် သန္နိဓိမဖြစ်ဟု ဆိုသည်ကို"**ဝိမတိ**" ပယ်သည်။ ရဟန်း၏ခွက် အဆေးမစင်ကြယ်လျှင် သန္နိဓိဖြစ်၏။ အကပ်မစွန့်သောကြောင့်တည်း။လူတို့၏ခွက်ကားအကပ်စွန့်၏။ သန္နိဓိမဖြစ်။အနတိရိတ္တ-နံနက်သင့်။ဝိကာလ-နေလွဲသင့်။သန္နိဓိ—အချိန်မရွေးအာပတ်သင့်၏။ အကပ်ခံစဉ် လိမ့်ကျသွားသော သစ်သီးစသည်သည် ယနေ့ထိုရဟန်းအားသာ အကပ်မြောက်၏။ယူစား

အပ်၏၊ နက်ဖြန်၌ကား အကပ်ထပ်ခံ၍ စားအပ်၏၊ သန္နိဓိမဖြစ်၊ {ဝိ+နယသည်ဆန်းကြယ်သော+နည်းရှိ၏။} ရှေးရှေးနေ့က အကပ်ခံပြီးသော ယာဝဇီဝိကို သတ္တာဟနှင့် ရောလျှင် သန္နိဓိအဖြစ်မရှိ။ သတ္တာဟကို အကပ်ခံသောနေ့မှစ၍ ထိုယာဝဇီဝိအရောသည် ခုနစ်ရက်အထိ အပ်၏၊ ယာဝ၊ ယာမနှင့်ရောလျှင်ကား ချက်ခြင်းသန္နိဓိဖြစ်၏။ ရှေးနေ့ကအကပ်ခံထားသောလျက်ဆားကို အဖျော်ယာမကာသောက်ပြီး၍– ခံတွင်း၌ ရောလျှင် သန္နိဓိပါဠိတ်ဖြစ်၏။ ယာဝ၊ ယာမ-နှစ်ခုသည် အကပ္ပိယကုဋိ၌ ညဉ့်သိပ်လျှင် အန္တောဝုတ္ထ၊ အကပ္ပိယကုဋိ၌ချက်လျှင် အန္တောပက္က အဖြစ်ဖြစ်၏။ ကပ္ပိယကုဋိမရှိရာ၌ လူသာမဏေ၏ပန်းကန်ပြု ထားလျှင်အပ်၏။ နေရာမရွေးရဟန်းကိုယ်တိုင်ချက်လျှင် သာမံပက္ကအဖြစ်ဖြစ်၏။ ကျက်ပြီးကိုကား ကိုယ်တိုင်ချက်ကောင်း၏။ ယာဝဇီဝိနှင့် သတ္တာဟကား အန္တောဝုတ္ထ၊ အန္တောပက္က၊ သာမံပက္ကပြုသော်လည်း ထိုအဖြစ်မရှိ။ ယာဝ၊ ယာမနှင့်ရောလျှင် ရောခြင်း ထိုအဖြစ်တို့ ကူးကုန်၏။ ကပ္ပိယကုဋိလေးခု၊ ပဉ္စမိ ကပ္ပိယ ကုဋိတို့ကို သိအပ်ကုန်၏။

၉။ **ပဏီတဘောဇန။** ။ယာနိခေါပန တာနိ ပဏီတ ဘောဇနာနိ။ သေယျထိဒံ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ၊ မစ္ဆော၊ မံသံ၊ ခီရံ၊ ဒဓိ။ ယောပန ဘိက္ခု ဧဝရူပါနိ ပဏီတ ဘောဇနာနိ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇေယျ ပါစိတ္တိယံ။(အဋ္ဌနှ......)

ယာနိခေါပန တာနိ ပဏီတဘောဇနာနိ၊ အကြင် မွန်မြတ်သော ဝတ္ထုနှင့်–ရောနှောသော ဘောဇဉ်တို့သည်။သန္တိ၊ရှိကုန်၏။ သေယျ ထိဒံ၊ထိုမွန်မြတ်သောဝတ္ထုတို့ကား။ သပ္ပိ၊ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ၊ မစ္ဆော၊ ငါး။ မံသံ၊ အသား။ ခီရံ၊ နို့ရည်။ ဒဓိ၊ နို့ဓမ်း။ ဇာတိ၊ ဤကိုးပါးတို့တည်း။ ယောပန ဘိက္ခု ... ။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ ပဏီတဘောဇနာနိ မွန်မြတ်သော ဝတ္ထုနှင့် ရောနှောသော ဘောဇဉ်တို့ကို၊ အဂိလာနော၊ မနာမဖျားဘဲ။

အတ္တနော၊ မိမိ၏။ အတ္တာယ၊ အကျိုး၄ါ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇေယျ……။တဿဘိက္ခုနော …… ။ပါစိတ္တိယံ……။ဟောတိ……။

ပဏီတဘောဇနဖြစ်ခြင်း,မနာမဖျားခြင်း, တောင်း၍ရခြင်း, မျိုခြင်း-အင်္ဂါလေးပါး။ ။ပဏီတကိုးမျိုး တမျိုးမျိုးနှင့်ရော သော ဘောဇဉ်သည် ပဏီတဘောဇနမည်၏။ထောပတ်သက်သက်၊ဘောဇဉ်သက်သက်မဟုတ်။ ဘောဇဉ်ကိုလည်း စပါးမျိုး ခုနစ်မျိုးမှဖြစ်သော ဘောဇဉ်ဟုဟောသည်။ ။ကျန်းမာလျက် ထောပတ်စသော ပဏီတငါးမျိုး တောင်းစားအံ့- မဟာနာမ သိက္ခာပုဒ်ဖြင့်ပါစိတ်၊ငါးစသော ပဏီတလေးမျိုး တောင်းစား အံ့-သူပေါဒနဝိညတ္တိသေခိယဖြင့် "ဒုက္ကဋ်"။ကိုးမျိုးနှင့်ရောသော ဘောဇဉ်ကို တောင်းစားအံ့-ဤသိက္ခာပုဒ်ဖြင့်ပါစိတ်။ ရေသား အားလုံးမစွ။ကုန်းသားအားလုံးမံသ။

**၁၀။ ဒန္တပေါဏ။** ။ယောပနဘိက္ခု အဒိန္နံ မုခဒွါရံ အာဟာရံ အာဟရေယျ အညတြ ဥဒကဒန္တပေါဏာ ပါစိတ္တိယံ (၆၉၇…)။ ။ဘောဇနဝဂ္ဂေါ စတုတ္ထော။

ယောပနဘိက္ခု……။အဒိန္နံ၊အကပ်မခံအပ်သော။အာဟာရံ၊အာဟာရကို။ မုခဒွါရံ၊ ခံတွင်းပသို့။ အာဟရေယျ၊ ဆောင်ငြားအံ့။ ဥဒကဒန္တပေါဏာ၊ရေဒန်ပူကို။အညတြ……။တဿဘိက္ခုနော……။ပါစိတ္တိယံ…။ ဟောတိ…… ။စတုတ္ထော၊လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ဘောဇနဝဂ္ဂေါ……။နိဋ္ဌိတော……။

အကပ်မခံသောအစာဖြစ်ခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း,မီးခိုးစသော အဗ္ဗောဟာရိကမဟုတ်ခြင်း, မျိုခြင်း-အင်္ဂါလေးပါး။ ။အဒိန္န—အရှင်မပေးသော သူ့ဥစ္စာ။ ဝါ၊ အကပ်မခံသေးသောအစာနှစ်မျိုး။လည်ချောင်း၀-ရေမျိုသည်"**မုခဒွါရ**"မည်၏။ခံတွင်းဖြင့်ရင်း၊နှာခေါင်းဖြင့်ရင်း သွင်းသည်ကို ရေမျိုဖြင့် မျိုချခြင်းသည် "**အာဟရေယျ**"မည်၏။အကပ်မြောက် အင်္ဂါငါးပါး၊အကပ်ပျက်ကြောင်းခြောက်ပါးသိအပ်၏။ရေဒန်ပူအကပ် ခံဘွယ် မရှိသော်လည်း မြူမကင်းသောရေဖြစ်အံ့၊ ဒန်ပူရည်

မသိဘဲဝင်အံ့-ပါစိတ်ဟုဟောသည်။အကင်ခံခြင်းဖြင့် ဝန်လေး
ဘွယ်မရှိ။မြွေခဲသောအခါ ကာလောဒီသ-မဟာဝိကဋ ဆေးကြီး
လေးပါးအကပ်မခံဘဲ ယူစားကောင်း၏၊ ရှေ့ရှုဆောင်လာစဉ်
ဟင်းရည်စက်ကျအံ့၊ အကပ်ခံသျှင်မြောက်၏။ ပြန်ရုပ်သိမ်းမှကျ
လျှင် အကပ်မမြောက်။ထို့ကြောင့် လက်ဖြင့်တို့ထားခြင်းသည်
ရံခါအကပ်မမြောက်။ အနှီးမသိရှောက်သူအကပ်ခံလျှင် အကပ်
မြောက်၏။ ထိုသူနှင့်သဟသေဟျအာပတ်လည်းမရှိ။ အားအ
လတ်ရှိသူ မြှောက်နိုင်သောဝန်ကို နှစ်ယောက် သုံးယောက်
ကပ်လျှင် အပြစ်မရှိ။မျက်ရည် တံတွေး ချွေးစသည် အင်္ဂါ
ကြီးငယ်၌တည်စဉ်၊မပြတ်ဘဲစီးစဉ်-အကပ်မပျက်။ပြတ်ကျလျှင်
အကပ်ပျက်၏။အကပ်မခံဘဲယူသောအစာသည် ဥဂ္ဂဟိတ မည်
၏။ပြန်အကပ်ခံလည်းမအပ်။ထားဖြင့် ကြိသစ်သီးခွဲစိတ်ပြီးသော
အခါအညိုအမည်းထင်အံ့“နဝသမုဋ္ဌိတ=အသစ်ဖြစ်သည်”မည်
၏။ပြန်အကပ်ခံရသည်။စွန့်ရာ၌ ရဟန်းလက်၌တည်သမျှ အကပ်
မပျက်။ မီးခိုး၊ ပန်းအနံ့စသည်သည်“**အဗ္ဗောဟာရိက**”မည်၏။
အပြစ်မရှိ။ ဆေးလိပ် ဆေးတံသောက်ရာ၌ အကပ်ခံရသည်။
အခိုးအငွေ့ငြိကပ်လျှင် ယနေ့ ယာဝကာလိကနှင့် အပြစ်မရှိ။
နောက်နေ့၌မုခသန္နိဓိအပြစ်ရှိ၏။မုခသန္နိဓိ သုတ်သင်နိုင်ခဲသည်
ဟု ရှောင်ကြဉ်ခြင်းသည် သိက္ခာကာမဖြစ်ကြောင်းသာတည်း။

---

**အစေလကဝဂ်။**

၁။ **အစေလက။** ။ယောပနဘိက္ခု အစေလကဿ ဝါ
ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သဟတ္ထာ ခါဒနီယံ ဝါ
ဘောဇနီယံ ဝါ ဒဒေယျ ပါစိတ္တိယံ။ (ဧဋ္ဌ……)

ယောပနဘိက္ခု…။အစေလကဿဝါ၊အဝတ်မဝတ်သောတက္ကတွန်း
အားရင်း။ ပရိဗ္ဗာဇကဿဝါ၊ {ပရဗိုက်} ပရိဗိုဇ်အားရင်း။ ပရိဗ္ဗာဇိကာ
ယဝါ၊ပရိဗိုဇ်မအားရင်း။သဟတ္ထာ၊ မိမိလက်ဖြင့်။ ခါဒနီယံဝါ……။ဘော
ဇနီယံဝါ……။ဒဒေယျ၊ပေးငြားအံ့။တဿဘိက္ခုနော…… ။ ပါစိတ္တိယံ……။
ဟောတိ……။

အညတိတ္တိယဖြစ်ခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း, အာဟာရကို အာဟာရအလို့ငှါ ကိုင်ထားသောခွက်၌ကိုယ်တိုင်ပေးခြင်း-အင်္ဂါသုံးပါး။ ။ဘောဇဉ်ငါးပါး ပေးအံ့ ပါစိတ်။ရေဒန်ပူမှ တပါး ကာလိကလေးပါးလုံး ဤ၌ခါဒနီသမည်၏–ပါစိတ်။ ရေဒန်ပူပေးအံ့ ''ဒုက္ကဋ်''။ အပလိမ်းစရာပေးအံ့ အနာပတ္တိ။ ။သူတော်၊ ရသေ့၊ သိက္ခာရှင်တို့သည် ''ပရိဗိုဇ်''မည်၏။ အညတိတ္တိယ ဖြစ်မှု မပေးအပ်ကုန်။အညတိတ္တိယဖြစ်လျှင် မိဘအား မိဘသညာဖြင့်ပေးလည်း ပါစိတ်။ ချထားသောခွက်၌ပေးအံ့ အနာပတ္တိ။

၂။ ဥယျောဇန။ ။ယော ပန ဘိက္ခု ဘိက္ခုံ ဧဟာဝုသော ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ ပဝိသိဿာမာတိ တဿ ဒါပေတွာ ဝါ အဒါပေတွာ ဝါ ဥယျောဇေယျ ဂစ္ဆာဝုသော န မေ တယာ သဒ္ဓိံ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတိ၊ ဧကကဿ မေ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတီတိ ဧတဒေဝ ပစ္စယံ ကရိတွာ အနညံ ပါစိတ္တိယံ။ (အဒိန္နာ·····)

ယောပနဘိက္ခု·····။ဘိက္ခုံ·····ကို။ အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလေ။ ဂါမံဝါ၊ ရွာသို့ရင်း။ နိဂမံဝါ၊ နိဂုံးသို့ရင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသိဿာမ၊ ဝင်ကုန်အံ့။ ဣတိ၊ ဤသို့ခေါ် သွား၍။ တဿ၊ ထိုရဟန်းအား။ ဒါပေတွာဝါ၊ (တစုံတခုသော အာမိသကို) ပေးစေ၍ရင်း။ အဒါပေတွာဝါ၊ မပေးစေမူ၍ရင်း။ ဥယျောဇေယျ၊ လွှတ်လိုက်ငြားအံ့။ အာဝုသော·····။ ဂစ္ဆ၊ သွားလော။ မေ၊ ငါအား။ တယာ၊သင်နှင့်။ သဒ္ဓိံ၊ တကွ။ ကထာဝါ၊ စကားဆိုရခြင်းသည်ရင်း။ နိသဇ္ဇာဝါ၊ နေထိုင်ရခြင်း သည်ရင်း။ ဖာသု၊ ချမ်းသာသည်။ န ဟောတိ၊ မဖြစ်။ ဧကကဿ၊ တယောက်ထည်းဖြစ်သော။ မေ၊ ငါအား။ ကထာဝါ·····။ နိသဇ္ဇာဝါ·····။ဖာသု····။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ဤသို့ဆို၍၊ဧတဒေဝ၊ ထိုအနာစာရအမှုပြုလိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အကြောင်းတပါး မရှိဘဲ။ ဥယျောဇေယျ·····။ တဿ ဘိက္ခုနော·····။ပါစိတ္တိယံ·····။ဟောတိ·····။

အနာစာရပြုလိုခြင်း, ထိုအလို့ငှါသာလျှင် ရဟန်းကို လွှတ်လိုက်ခြင်း, လွှတ်လိုက်အပ်သူ ဒဿနူပစာလွန်ခြင်း-အင်္ဂါသုံး

ပါး။ ။၁၂-တောင်လွှန်ခြင်းသည့်ရင်း၊ မမြင်ရခြင်းသည့်ရင်း၊ ဒဿန္တပစာလွှန်ခြင်းမည်၏။ နှစ်မျိုး။ မာတုဂါမနှင့် ရယ်မြူးလို ခြင်း၊ ဆိတ်ကွယ်ရာနေလိုခြင်းသည် အနာစာရပြုလိုခြင်းမည်၏။ နှစ်ပါးအတူ ဆွမ်းမမှုလတ္တံ့-ဤသို့စသော သင့်သောအကြောင်း ဖြင့်လွတ်လျှင် အနာပတ္တိ။

**၃။ သဘောဇနေ။** ။ယောပနဘိက္ခု သဘောဇနေ ကုလေ အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ ပါစိတ္တိယံ။ (မေထုနာ.....)

ယောပနဘိက္ခု.....။သ+ဘောဇနေ၊စည်းစိမ်ခံစားဘော်+ရှိသော။ တနည်း။ သ+ဥဘော+ဇနေ၊ လင်မယား+နှစ်ယောက်သာ+ရှိသော။ ကုလေ၊ အိမ်၌။ အနုပခဇ္ဇ၊(အိပ်ရာရှိသောအခန်းတွင်းသို့)ဝင်၍။ နိသဇ္ဇံ၊ နေထိုင်ခြင်းကို။ ကပ္ပေယျ.....။ တဿဘိက္ခုနော.....။ ပါစိတ္တိယံ.....။ ဟောတိ.....။

ရာဂ မငြိမ်းစဲသေးသော လင်မယားတို့အတူနေခြင်း, အိပ်ရာ ရှိသောအခန်းဖြစ်ခြင်း, အဘော်ရဟန်းမရှိခြင်း, နှစ်တောင့်ထွာ လွှန်အောင် ဝင်နေခြင်း-အင်္ဂါလေးပါး။ ။အိမ်ကြီး၌ အိပ်ရာရှိ သောအခန်း၏ ပိဋ္ဌိသံဃာတ-တံခါးပေါင်မှ နှစ်တောင့်ထွာကို လွှန်အောင်ဝင်နေအံ့-ပါစိတ်။အိမ်ငယ်၌ ပိဋ္ဌိဝံသ-ခေါင်လျှောက် ကိုလွှန်အောင်ဝင်နေအံ့-ပါစိတ်။ ငါးတောင်ရှိလျှင် အိမ်ငယ် မည်၏။ ကြီး၊ ငယ်-နှစ်အိမ်လုံးအိပ်ရာရှိသောအခန်း၌ နှစ်တောင့် ထွာလွှန်အောင် ဝင်နေခြင်းတို့သာတည်း။

**၄။ ပဋိစ္ဆန္နာသနေ၊** ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ရဟော ပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေယျ ပါစိတ္တိယံ။ (မေထုနာ.....)

ယောပနဘိက္ခု.....။မာတုဂါမေန .....။သဒ္ဓိံ.....။ရဟော၊ "**မျက်စိ**" ဆိတ်ကွယ်သော။ ပဋိစ္ဆန္နေ၊ ဖုံးလွှမ်းအပ်သော။ အာသနေ၊ နေရာ၌။ နိသဇ္ဇံ၊ ထိုင်ခြင်း အိပ်ခြင်းကို။ ကပ္ပေယျ.....။ တဿ ဘိက္ခုနော.....။ ပါစိတ္တိယံ.....။ ဟောတိ.....။

ပဌမ အနိယတနည်းအတိုင်း တူပြီ။ အင်္ဂါမပြ။ ရပ်သွား အနာပတ္တိ။

**၅။ ရဟောနိသင္ဂ။** ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကောဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ ပါစိတ္တိယံ။ (မေထုနာ……)

ယော ပန ဘိက္ခု……။ မာတုဂါမေန……။ သဒ္ဓိံ……။ ဧကော ဧကာယ……။ ရဟော၊ "မျက်စိ၊ နား" ဆိတ်ကွယ်ရာအရပ်၌။ နိသဇ္ဇံ၊ ထိုင်ခြင်း အိပ်ခြင်းကို။ ကပ္ပေယျ……။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ဒုတိယအနိယတနည်းအတိုင်း တူပြီ၊ အင်္ဂါမပြ။ ရပ်၊ သွား- အနာပတ္တိ။ ဒု အနိယတကား အဒိန္နာ……။ ဤကား မေထုနာ……။ သမုဋ္ဌာန် မတူ။

**၆။ စာရိတ္တ။** ။ယော ပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ကုလေသု စာရိတ္တံ အာပဇ္ဇေယျ အညတြ သမယာ ပါစိတ္တိယံ။ တတ္ထာယံ သမယော၊ စီဝရဒါနသမယော၊ စီဝရကာရသမယော၊ အယံ တတ္ထ သမယော။ (ထိနာ……)

ယော ပန ဘိက္ခု……။ နိမန္တိတော၊ ပင့်ဘိတ်အပ်သော။ သဘတ္တော၊ ထမင်းဘတ္တ ရှိသူသည်။ သမာနော၊ ဖြစ်လျက်။ သန္တံ၊ ထင်ရှားရှိသော။ ဘိက္ခုံ……ကို။ အနာပုစ္ဆာ၊ မပန်ကြား မူ၍။ ပုရေဘတ္တံဝါ၊ ဘိတ်အပ်သောဘတ္တစားသည်မှရှေ့၌ရင်း။ ပစ္ဆာ ဘတ္တံဝါ၊ ဘိတ်အပ်သော ဘတ္တစားသည်မှ နောက်၌ရင်း။ ကုလေသု၊တပါးသော အိမ်တို့၌။ စာရိတ္တံ၊ လှည့်လည်ခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ သမယာ၊ အခါကို။ အညတြ၊ ကြဉ်၍။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။ တတ္ထ၊ ထိုအိမ်တပါးသို့လှည့်လည်ရာ၌။ အယံ၊……ကား။ သမယော……။ စီဝရဒါန သမယော……။ စီဝရကာရ သမယော……။ အယံ……။ တတ္ထ……။ သမယော……။

ဘောဇဉ်ငါးပါ.အမည်ဖြင့် ဘိတ်အပ်သည်ကို လက်ခံခြင်း, ထင်ရှားရှိသောရဟန်းကိုမပန်ခြင်း, ဘိတ်အိမ်မှ တပါးအိမ်သို့

ဝင်ခြင်း,မွန်းတည့်အခါမလွန်ခြင်း,ဘေးရန်မရှိခြင်း-အင်္ဂါငါးပါး။ ဆွမ်းဟူသော အမည်ဖြင့်ဘိတ်လျှင် ဤသိက္ခာပုဒ် အပြစ်မရှိ။ နေလွဲလျှင်လည်း ဤအာပတ်မသင့်။ ဥပစာရသိမ်တွင်း၌ ၁၂-တောင်စွင်းမြင်သော ရဟန်းကို ပန်ရသည်။ ရှာ၍ပန်ဘွယ် မသို။ ဘိက္ခုနီပါတိမောက်၌ မွန်းတည့်အတွင်း "**ပုရေဘတ္တ**"။ မွန်းလွဲလျှင် "**ပစ္ဆာဘတ္တ**"။ နေဝင်ပြီးလျှင် "**ဝိကာလ**"။ ဤ၌ ကား ဆွမ်းမစားခင် "**ပုရေဘတ္တ**"။ ဆွမ်းစားပြီးလျှင် "**ပစ္ဆာဘတ္တ**" နေလွဲလျှင် "**ဝိကာလ**"။ အနာပတ္တိဝါရ၌ အန္တရာ ရာမကို ရွာတွင်းကျောင်းဟု ဖွင့်သည်။ ရွာတွင်းကျောင်းသို့ သွားအံ့၊ အနာပတ္တိဟူလို။

၇။ **မဟာနာမ**။ ။အဂိလာနေန ဘိက္ခုနာ စာတုမာသပစ္စယပ္ပဝါရဏာ သာဒိတဗ္ဗာ။ အညတြ ပုနပ္ပဝါရဏာယ အညတြ နိစ္စပ္ပဝါရဏာယ။ တတော စေ ဥတ္တရိ သာဒိယေယျ ပါစိတ္တိယံ။ (သဒ္ဒာ……)

အဂိလာနေန၊ မနာမဖျားသော။ ဘိက္ခုနာ၊ ……သည်။ စာတုမာသပစ္စယပ္ပဝါရဏာ၊ လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဘိတ်ခြင်းကို။ သာဒိတဗ္ဗာ၊ သာယာအပ်၏။ ပုနပ္ပဝါရဏာယ၊ တဖန် ဘိတ်ခြင်းကို။ အညတြ …။ နိစ္စပ္ပဝါရဏာယ၊ အမြဲဘိတ်ခြင်းကို။ အညတြ……။ တတော၊ ထိုရက်အပိုင်းအခြား ဆေးအပိုင်းအခြားထက်။ ဥတ္တရိ၊ အလွန်။ စေသာဒိယေယျ……။ တသဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

သံဃာအား ဘိတ်ခြင်း, ထိုမှဆေးတောင်းခြင်း, ကျန်းမာခြင်း, အပိုင်းအခြား လွန်ခြင်း-အင်္ဂါလေးပါး။ ။ထေါပတ်၊ ဆီဦး စသော ဆေးငါးပါးကို ဆေးကိစ္စမရှိဘဲ တောင်းအံ့-ပါစိတ်။ မိဿကဘတ္တဖြင့် မျှတနိုင်လျှင် ဆေးကိစ္စမရှိ မည်၏။ ပုဂ္ဂလိကဘိတ်ရာ၌ အနာပတ္တိ။

**၈။ ဥယျုဇ္ဈ။** ။ယောပနဘိက္ခု ဥယျုဇ္ဈံ သေနံ ဒဿနာယ ဂစ္ဆေယျ အညတြ တထာရူပပစ္စယာ ပါစိတ္တိယံ။ (ဇွဲ့……)

ယောပနဘိက္ခု ……။ ဥယျုဇ္ဈံ၊ တိုင်းပြည်မှ ထွက်ငံသော။ သေနံ၊ (အင်္ဂါလေးပါးရှိသော) စစ်သည်ကို။ ဒဿနာယ၊ ကြည့်ရှု ခြင်းငှါ။ ဂစ္ဆေယျ၊……အံ့။ တထာရူပ ပစ္စယာ၊ ထိုသို့သဘော ရှိသော "သွားသင့်သော" အကြောင်းကို။ အညတြ……။ တသာဘိက္ခုနော ……။ ပါစိတ္တိယံ……။ ဟောတိ……။

တိုင်းပြည်မှထွက်သော အင်္ဂါလေးပါး ရှိသော စစ်သည်ဖြစ်ခြင်း, ကြည့်ခြင်းငှါ သွားခြင်း, ခွင့်ပြုရာအရပ်ကို ကြည့်၍ ကြည့်ခြင်း, ထိုသို့သောအကြောင်း ၏ရင်း ဘေးရန်၏ရင်းမရှိခြင်း- အင်္ဂါလေးပါး။ ။စစ်အင်္ဂါလေးပါးကား—ဆင်၊ မြင်း၊ ရထား၊ ခြေသည်။ ခွင့်ပြုသောအရပ်ကား အရံတွင်း၊ မိမိနေသောနေရာ၊ ခရီး သွားစဉ်ရင်ဆိုင်မြင်ရာ သုံးဌာန။ အကြည့်သွားအံ့—လှမ်းတိုင်း "ဒုက္ကဋ်"။ မြင်ရာ၌ရပ်ကြည့်အံ့ "ပါစိတ်"။ မြင်ရာကိုစွန့်၍ ဖန်ဖန်ကြည့်အံ့ ပယောဂတိုင်း "ပါစိတ်"။ ဤ၌ မြင်ရာအရပ်သည် ဒဿနူပစာမည်၏။ ၁၂-တောင်မျှ မဟုတ်။ စစ်အင်္ဂါလေးပါးတွင် တခုခုကို ကြည့်အံ့—"ဒုက္ကဋ်"။

**၉။ သေနာဝါသ။** ။သိယာ စ တဿဘိက္ခုနော ကောစိ ဒေဝပစ္စယော သေနံ ဂမနာယ။ ဒိရတ္တတိရတ္တံ တေန ဘိက္ခုနာ သေနာယ ဝသိတဗ္ဗံ၊ တတော စေ ဥတ္တရိ ဝသေယျ ပါစိတ္တိယံ။ (ဇွဲ့……)

တဿဘိက္ခုနော၊ ထိုရဟန်းအား။ သေနံ၊ စစ်သည် ဘောင်သို့။ ဂမနာယ၊ သွားခြင်းငှါ။ ကောစိ ဒေဝပစ္စယော၊ တစုံ တခုသော အကြောင်းသည်သာလျှင်။ သိယာစ၊ ရှိငြားအံ့။ တေန ဘိက္ခုနာ၊……သည်။ ဒိရတ္တ တိရတ္တံ၊ နှစ်ညဥ့်သုံးညဥ့်ပတ်သုံး။ သေနာယ၊ စစ်သည် ဘောင်၌။ ဝသိတဗ္ဗံ၊ နေအပ်၏။ တတော၊ ထိုထက်။ ဥတ္တရိ……။ စေဝသေယျ ……။ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

သုံးညဉ့်ထက် လွန်ခြင်း, စစ်သည်ဘောင်၌ နေဝင်ခြင်း, ဂိလာနစသည်မဟုတ်ခြင်း–အင်္ဂါ သုံးပါး။ ။စတုတ္ထနေ့ နေဝင်လျှင် ကောင်းကင်၌ တန်ခိုးဖြင့်နေလည်း ပါစိတ်။ နှစ်ညဉ့်ကား-ဝါစာသိလိဋ္ဌ-စကားပြေပြစ်ခြင်းတည်း။

**၁၀။ ဥယျောဓိက။** ။ဒိရတ္တတိရတ္တံ စေ ဘိက္ခု သေနာယ ဝသမာနော ဥယျောဓိကံ ဝါ ဗလဂ္ဂံ ဝါ သေနာဗျူဟံ ဝါ အနီကဒဿနံ ဝါ ဂစ္ဆေယျ ပါစိတ္တိယံ(ဇွဲ····)။ ။အစေလက ဝဂ္ဂေါ ပဉ္စမော။

ဒိရတ္တတိရတ္တံ၊·····ပတ်လုံး ။သေနာယ၊····၌။ဝသမာနော၊နေသော။ ဘိက္ခု၊·····သည်။ ဥယျောဓိကံဝါ၊ တက်၍တက်၍ ထိုးပစ်ရာသို့ ၎င်း။ ဗလဂ္ဂံဝါ၊ ဗိုလ်ပါရဲမက် ရေတွက်ရာသို့၎င်း။ သေနာဗျူဟံဝါ၊ စစ်ဆင်ရာသို့၎င်း။ အနီကဒဿနံဝါ၊ စစ်တပ်ကိုကြည့်ရှုရာသို့၎င်း။ ဂစ္ဆေယျ၊···အံ့။ တဿဘိက္ခုနော·····။ ပါစိတ္တိယံ·····။ ဟောတိ·····။ပဉ္စမော·····။ အစေလကဝဂ္ဂေါ·····။ နိဋ္ဌိတော·····။

ဥယျုတ္တကဲ့သို့ အင်္ဂါလေးပါး။ ။အနီကသည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်ဟု လေးမျိုးရှိ၏။ ဆင်တစီးလျှင် လူ ၁၂-ယောက်စီအားဖြင့် သုံးစီးသည့် အငယ်ဆုံး ဆင်တပ်မည်၏။ ခြေလေးဘက်ကို နှစ်ယောက်စီစောင့်သည်၊လေးယောက်စီးသည်။ မြင်းတစီး၌ သုံးယောက် စီဖြင့် သုံးစီးသည့် မြင်းတပ်မည်၏။ ခြေစောင့် နှစ်ယောက်၊ စီးသူ တယောက်။ ရထားတစီး၌ လေးယောက်စီဖြင့် သုံးစီးသည့် ရထားတပ်မည်၏။ နားစောင့်ကိုစောင့်သူနှစ်ယောက်၊ မောင်းသူတယောက်၊ စစ်သားတယောက်။ လက်နက်စွဲ စစ်သားလေးယောက်သည့် ခြေသည်တပ် မည်၏။ တခုခုကိုကြည့်လည်း ပါစိတ်။ ဥယျုတ္တနည်းဖြင့်သိအပ်၏။ အာပတ္တိဘေဒကား မရှိဟု "အဋ္ဌကထာ" ဆို၏။ ပါဠိတော်တို့၌ကား တခုခုကို ကြည့်အံ့-"ဒုက္ကဋ်"ဟု အာပတ္တိဘေဒကို မြင်ရ၏။ ထို့ကြောင့် အဋ္ဌကထာ အလို သတိပေးဟန်တူသည်။

## သုရာပါနဝဂ်။

**၁။ သုရာပါန။** ။သုရာမေရယပါနေ ပါစိတ္တိယံ။(ဇွေ···)

သုရာ+မေရယ+ပါနေ၊ သေ+အရက်ကို+သောက်ခြင်းကြောင့်။ ပါစိတ္တိယံ······။ ဟောတိ······။

သေအရက်ဟူသော မဇ္ဇဖြစ်ခြင်း, သောက်ခြင်း-အင်္ဂါနှစ်ပါး။ ။မုန့်ညက်စသည်ဖြင့် နယ်၍ပြုလျှင် "**သုရာ–သေ**"မည်၏။ သစ်မည်စည်ပွင့် စသည်ဖြင့်စိမ်၍ထုံ၍ပြုလျှင် "**မေရယ-အရက်**"မည်၏။ အာသဝလည်း မည်၏။ သေ၊ အရက်အားလုံးသည် "**မဇ္ဇ**"လည်းမည်၏။ဟင်းစသည်ချက်ရာ၌ အနံ့ကောင်းအောင် မဇ္ဇအနည်းငယ် ထည့်အံ့၊ မဇ္ဇ၏အဆင်းအနံ့ အရသာမပေါ်လျှင်အပြစ်မရှိ။အချိုကား ထန်းနို့မှယိုစ ထန်းရည်ချိုသည်မျိုးမဝိုင်ရင်ဘဲ ဗိဇဖြစ်သည်၊ မအပ်ဟု ဆိုကုန်၏။ "**ဗီဇတော ပဋ္ဌာယ**"ဟု အဋ္ဌကထာဆိုသည်ကို လွန်ကုန်၏။ သာမဏေတို့အားသိ၍သောက်မှ သီလပျက်သည်။ လိင်ကျကြောင်းပါရာဇိကဝတ္ထုဖြစ်၍သစိတ္တကသာ။ရဟန်းတို့မှာ အစိတ္တက။

**၂။ အင်္ဂုလိပတောဒက။** ။အင်္ဂုလိပတောဒကေ ပါစိတ္တိယံ။(မေထုနာ······)

အင်္ဂုလိပတောဒကေ၊ ချိုင်းထိုးကစားခြင်းကြောင့်။ ပါစိတ္တိယံ······။ ဟောတိ······။

မြူးတူးလိုခြင်း,ရဟန်းကိုယ်ကို မိမိကိုယ်ဖြင့် တို့ထိသုံးသပ်ခြင်း-အင်္ဂါနှစ်ပါး။ ။အနုပသမ္ပန္နအား "**ဒုက္ကဋ်**"။ဘိက္ခုနီအား ချိုင်းထိုးကစားလည်း "**ဒုက္ကဋ်**"။ ကာယသံသဂ္ဂရာဂဝင်လျှင် "**သံဃာဒိသိသ်**"အထိ။မြူးတူးလို၍ ကိုယ်ချင်း ထိခြင်းသည် "**အင်္ဂုလိပတောဒက**"ချည်းသာ ဟူလို။

**၃။ ဟသဓမ္မ။** ။ဥဒကေ ဟသဓမ္မေ ပါစိတ္တိယံ။(မေထုနာ······)

ဥဒကေ၊ ရေ၌။ ဟသဓမ္မေ၊ မြူးတူးပျော်ပါးကစားခြင်းကြောင့်။ ပါစိတ္တိယံ······။ဟောတိ······။

ခြေဖမျက်မြုပ်သော ရေဖြစ်ခြင်း, မြူးတူးလိုချ်ကစားခြင်း-အင်္ဂါနှစ်ပါး။ ။ဒုပ်တိုင်း၊ ပေါ်တိုင်း၊ ကူးတိုင်၊ ဒုင်လျက်သွားတိုင်းပါဠိတ်။ရှပ်ပစ်ကစားအံ့၊ ဖမျက်မမြုပ်သောရေ၌ကစားအံ့-"ဒုက္ကဋ်"။ အကွရာရေးအံ့၊ ပြဘွယ်ကိစ္စရှိအံ့၊ ဘေးရန်ရှိအံ့-အနာပတ္တိ။

**၄။ အနာဒရိယ။** ။အနာဒရိယေ ပါစိတ္တိယံ။(အဒိန္နာ······)

အနာဒရိယေ၊ ပုဂ္ဂလဓမ္မကို မရိုသေခြင်းကြောင့်၊ ပါစိတ္တိယံ····။ ဟောတိ······။

ပညပ်တော်သိက္ခာပုဒ်ဖြင့် ဆိုသောရဟန်း၏စကားဖြစ်ခြင်း, မရိုသေခြင်း-အင်္ဂါနှစ်ပါး။ ။သိက္ခာပုဒ်ဖြင့်ဆိုသောရဟန်းကို မရိုမသေပြုလျှင်"**ပုဂ္ဂလအနာဒရိယ**"ပါစိတ်။ ရဟန် ဆိုသော သိက္ခာပုဒ်ကို မရိုမသေပြုလျှင် "**ဓမ္မအနာဒရိယ**" ပါစိတ်။ တပါးသော တရား စကားဖြင့် ဆိုသည်ကို မရိုသေလျှင် "**ပုဂ္ဂလ၊ ဓမ္မအနာဒရိယဒုက္ကဋ်**"။

**၅။ ဘိံသာပန။** ။ယောပန ဘိက္ခု ဘိက္ခုံ ဘိံသာပေယျ ပါစိတ္တိယံ။(အဒိန္နာ······)

ယောပန ဘိက္ခု·····။ဘိက္ခုံ······ကို။ဘိံသာပေယျ၊ ကြောက်စေပြွားအံ့။ ဝါ၊ ချောက်ပြွားအံ့။ တသဿဘိက္ခုနော·····။ပါစိတ္တိယံ·····။ ဟောတိ······။

ရဟန်းဖြစ်ခြင်း,မြင်လောက်ကြာ လောက်ရာ၌ ကြောက်စေခြင်း၌ အားထုတ်ခြင်း-အင်္ဂါနှစ်ပါး။ ။ကြောက်ဘွယ်အာရုံကို ဆောင်ပြအံ့၊ ကြောက်ဘွယ်စကားကိုဆိုအံ့၊ မကြောက်သော်လည်း ပါစိတ်။အနုပသမ္ပန္နေ၌"**ဒုက္ကဋ်**"။

**၆။ ဇောတိက။** ။ယောပနဘိက္ခု အဂိလာနော ဝိသိဗ္ဗနာပေက္ခော ဇောတိံ သမာဒဟေယျ ဝါ သမာဒဟာပေယျ ဝါ အညတြ တထာရူပပစ္စယာ ပါစိတ္တိယံ။(သဉ္စာ·····)

ယောပနဘိက္ခု······။အဂိလာနော၊······ဘဲ၊ဝိသိဗ္ဗနာပေက္ခော၊ မီးလှုံလိုသည်ဖြစ်၍၊ဇောတိံ၊ မီးကို။ သမာဒဟေယျဝါ၊ ကိုယ်တိုင်လည်း ညှိငြားအံ့။ သမာဒဟာပေယျဝါ၊ သူတပါးကိုလည်း ညှိစေငြားအံ့။ တထာရူပပစ္စယာ၊ ထိုသို့သဘောရှိသော (မီးထွန်းခြင်းစသော) အကြောင်းကို၊အညတြ ······။ တဿဘိက္ခုနော······။ ပါစိတ္တိယံ······။ ဟောတိ ·····။

ကျန်းမာခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း, မီးလှုံလိုခြင်း, မီးထည့်ခြင်း-ထည့်စေခြင်း-အင်္ဂါလေးပါး။ ။မီးတောက်ဖြစ်အောင်ပြုခြင်းသည် မီးထည့်ခြင်း၊မီးညှိခြင်းမည်၏။မီးခဲကိုလှုံအံ့၊ သူတပါးပြုသော မီးတောက်ကိုလှုံအံ့– အနာပတ္တိ။မီးလျှံရှိသော ထင်းစကိုမြှောက်၍ ပြန်ထားအံ့--"ဒုက္ကဋ်"။

၇။ နှာန။ ။ယောပနဘိက္ခု ဩရေနဒ္ဓမာသံ နှာယေယျ၊ အညတြ သမယာ ပါစိတ္တိယံ။ တတ္ထာယံသမယော-ဒိယဍ္ဎော မာသော သေသော ဂိမှာနန္တိ ဝဿာနဿ ပဌမော မာသော ဣစ္စေတေ အဍ္ဎတေယျမာသာ–ဥဏှသမယော၊ ပရိဠာဟသမယော၊ ဂိလာနသမယော၊ ကမ္မသမယော၊ အဒ္ဓါနဂမနသမယော၊ ဝါတဝုဋ္ဌိသမယော၊ အယံတတ္ထသမယော။(ဇွဲ္ဒ······)

ယောပနဘိက္ခု······။ ဩရေနဒ္ဓမာသံ၊လခွဲအတွင်း၌။ နှာယေယျ၊ ရေချိုးငြားအံ့။သမယာ ····။အညတြ ·····။တဿဘိက္ခုနော ····။ပါစိတ္တိယံ······။ဟောတိ·····။ဘတ္ထ၊ထိုလခွဲအတွင်းရေချိုးရာ၌။ အယံ······။ သမယော···။ဂိမှာနံ၊နွေလတို့၏။သေသော၊ကြွင်းသော။ ဒိယဍ္ဎောမာသော၊ တလခွဲရင်း။ဝဿာနဿ၊မိုးဥတု၏။ပဌမောမာသော၊ရှေးဦးစွာသော တလရင်း။ဣတိ၊ ဤသို့။ ဧတေအဍ္ဎတေယျမာသာ၊ ဤနှစ်လခွဲတို့ဟုဆိုအပ်ကုန်သော။ ဥဏှသမယော၊ပူသောအခါသည်ရင်း။ ပရိဠာဟသမယော၊အိုက်သောအခါသည်ရင်း။ဂိလာနသမယော၊နာသောအခါသည်ရင်း။ ကမ္မသမယော၊ အမှုလုပ်သောအခါသည်ရင်း။ အဒ္ဓါနဂမနသမယော၊ ခရီးသွားသောအခါသည်ရင်း။ ဝါတဝုဋ္ဌိသမယော၊ မြူနှင့်တကွ လေမိုးကျသောအခါသည်ရင်း။ အယံ၊ ဤအခါခြောက်ပါးသည်။ တတ္ထ ထိုလခွဲအတွင်းရေချိုးရာ၌။သမယော······။

မဇ္ဈိမဒေသဖြစ်ခြင်း,လခွဲအတွင်းရေချိုးခြင်း, အခါမဟုတ် ဖြစ်ကူးသည်မဟုဘ်–ဘေးရန်ရှိသည် မဟုတ်ခြင်း- အင်္ဂါသုံးပါး။ ။နွေအဆုံးတလခွဲသည်"**ဥဏှသမယ**"…။မိုယ်းအစ တလသည်"**ပရိဠာဟ**"။ရေမချိုးရ၍ ချွေးသာလျှင်"**ဂိလာန**"…။ ကျောင်းတံမြက်လှည်းကာမျှသည် "**ကမ္မ**"……။ယူဇနာခွဲ ခရီးသွားပြီး၊ သွားဆဲ၊သွားလတ္တံ့သည်"**အဒ္ဓါနဂမန**"……။မြူနှင့်လေပွေမ်းလျက် မိုယ်းနှစ်ပေါက် သုံးပေါက်ကိုယ်၌ ကျလျှင် "**ဝါတဝုဋ္ဌိသမယ**"မည်၏။အသိုရှိတိုင်း ချိုးအပ်၏။ဖြစ်တဘက်သို့သွားစဉ်ကား သဲတွင်းယက်၍လည် ချို အင်၏။ တုန်းလိုက်ခြင်းစသော ဘေးရန်ကြောင့်လည်း ချို အင်၏။ ။"**မဇ္ဈိမဒေသ**"ဟူသည် ဗောဓိမဏ္ဍိုင်မှ အရှေ့ဂဇင်္ဂလနိဂုံ ပြင်ပအင်ကြင်းပင်ကြီးထိ။အရှေ့တောင် သလ္လဝတီမြစ်ထိ။ တောင်သေတကဏ္ဏနိဂုံးထိ၊အနောက် ထူဏပုဏ္ဏားရွာထိ။ မြောက်-ဥသိရဒ္ဓဇတောင်ထိ-အလျားယူဇနာ ၃၀၀။အနံ ၂၅၀။ အဝန်း ၉၀၀ရှိ၏။ထိုမှပြင်ဘက်သည်"**ပစ္စန္တရာဇ်**"မည်၏။ ငါးပါဖြင့် ရဟန်းခံခြင်း၊သုံးထပ်ထက်လွန်သော အထပ်ထပ်ဘိနပ်စီးခြင်း၊ နေ့စဉ်ရေချိုးခြင်း၊သားရေ အခင်း ခင်းခြင်း-၅ါလေပါးသည် ပဒေသပညတ်မည်၏။ပစ္စန္တရာဇ်၌သာအပ်သည်။

ဂ။ **ဒုဗ္ဗဏ္ဏကရဏ**။ ။နဝံပနဘိက္ခုနာ စီဝရလာဘေန တိဏ္ဏံ ဒုဗ္ဗဏ္ဏ ကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏ ကရဏံ အာဒါတဗ္ဗံ နီလံ ဝါ ကဒ္ဒမံ ဝါ ကာဠသာမံ ဝါ။အနာဒါ စေ ဘိက္ခု တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ နဝံ စီဝရံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ။ (၉၄……)

နဝံစီဝရလာဘေန၊ ရအပ်သောသင်္ကန်းသစ်ရှိသော။ ဘိက္ခုနာ ပန၊……သည်ကား။တိဏ္ဏံ၊သုံးပါးကုန်သော။ဒုဗ္ဗဏ္ဏကရဏာနံ၊ အဆင်းပျက် ပြုခြင်းတို့တွင်။အညတရံ၊တပါ ပါးသော။ဒုဗ္ဗဏ္ဏကရဏံ၊ အဆင်းပျက်ပြုခြင်းကို။အာဒါတဗ္ဗံ၊ယူအပ်၏။ နီလံဝါ၊ စိမ်းညိုသောအဆင်းကိုရင်း။ကဒ္ဒမံဝါ၊ညွန်ကိုရင်း။ ကာဠသာမံဝါ၊ မည်းသောအဆင်းကိုရင်း။ အာဒါတဗ္ဗံ……။ဘိက္ခု……သည်။တိဏ္ဏံ ….။ဒုဗ္ဗဏ္ဏကရဏာနံ……။အညာ

တရံ……။ ဒုဗ္ဗဏ္ဏကရဏံ၊ အဆင်းပျက်ပြုခြင်းကို။ အနာဒါ၊ မယူမူ၍။ နဝံစီဝရံ၊သင်္ကန်းအသစ်ကို။ ပရိဘုဉ္ဇေယျ၊ အကယ်၍ သုံးဆောင်ငြားအံ့။တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

ဝတ်ရုံလောက်သောသင်္ကန်းဗိန္ဒုမထိုးခြင်း,သင်္ကန်းပျောက်သူ စသည်မဟုတ်ခြင်း,ဝတ်ရုံခြင်း-အင်္ဂါသုံးပါး။ ။အမာလွှမ်း၊ မိုယ်းရေခံရေသနပ်၊တိမိဝရိက်-ဤငါးထည်ကို ဥဒေါင်းမျက်နက်ဝန်းခန့်၊ကြမ်းပိုးကျောက်ကုန်းခန့် လုံးလုံးဝိုင်းဝိုင်း ဗိန္ဒုထိုး၍ ဝတ်ရုံရသည်။ လေးထောင့်လုံးဖြစ်စေ၊ သုံးထောင့်၊ နှစ်ထောင့်၊တထောင့်၌ဖြစ်စေ တလုံးစီထိုးနိုင်သည်။"**မဟာအဋ္ဌကထာ**"အလို နေရာမရွေး လိုရာ၌ထိုးရသည်။ပါဠိကပ္ပ နှစ်လုံး သုံးလုံးစီဘန်းထိုးခြင်း၊ ကဏ္ဍိကကပ္ပ–ပွတ်ဆိုင်ထိုးခြင်းတို့ကား မအပ်ကုန်။လုံးလုံးဝိုင်းဝိုင်းတခုသာထိုးရသည်။ ဗိန္ဒုနေရာဆွေး၍ ပယ်၍ ဖာသော်လည်း အပြစ်မရှိ။ အချုပ်တထောင့်ထည်း သုံးလေးလုံး ထိုးကုန်၏၊ မထိုးအပ်။ သာမဏေ၏သင်းပိုင်ကို ရေသနုပ်ပြုလို၍ ဗိန္ဒုထိုးခြင်းသည် သတိသမ္ပဇဉ်ရှိသူ၏အရာဖြစ်၏။ဗိန္ဒုမထိုးသေးလျှင် သင်္ကန်းအသစ်မည်၏။နဝံပနဘိက္ခုနာ စီဝရလာဘေန–၌ နှစ်ပုဒ်ခြားလျက် သမာသ်ဖြစ်၏။

၉။ **ဝိကပ္ပနာ**။ ။ယောပနဘိက္ခု ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ သိက္ခမာနာယ ဝါ သာမဏေရဿ ဝါ သာမဏေရိယာ ဝါ သာမံ စီဝရံ ဝိကပ္ပေတွာ အပစ္စုဒ္ဓါရဏံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ။(ထိနာ……)

ယောပနဘိက္ခု……။ ဘိက္ခုဿဝါ၊……အားရှင်း။ ဘိက္ခုနိယာဝါ၊ ဘိက္ခုနီမအားရှင်း။ သိက္ခမာနာယဝါ၊ သိက္ခမာန်အားရှင်း။သာမဏေရဿဝါ၊ သာမဏေအားရှင်း။ သာမဏေရိယာဝါ၊သာမဏေမအားရှင်း။ သာမံ၊ ကိုယ်တိုင်။ စီဝရံ၊…ကို။ ဝိကပ္ပေတွာ၊ ဝိကပ္ပနာပြု၍။အပစ္စုဒ္ဓါရဏံ၊ပစ္စုဒ္ဓိုရ်မပြန်သောသင်္ကန်းကို။ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

ကိုယ်တိုင်ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိုရ်မပြန်သေးခြင်း, ဝိကပ္ပနာလောက်သော သင်္ကန်းကိုးထည်ဖြစ်ခြင်း, သုံးဆောင်ခြင်း–

အင်္ဂါသုံးပါး။ ။ရဟန်းထံ၌ "ဇာမံ စိဝရံ တုယှံ ဝိကပ္ပေမိ" ဟုတမျိုး။ ရဟန်းထံ၌သာလျှင် သိတင်းသုံးဘော်ငါးယောက် တယောက်ယောက်၏ အမည်ယူ၍····ဇာမံ စိဝရံ တိဿဿ ဘိက္ခုနော·····။ဘိက္ခုနိယာ·····။သိက္ခမာနာယ·····။ သာမဏေရဿ·····။သာမဏေရိယာ ဝိကပ္ပေမိ—ဟုတမျိုး-ဤကား မျက်မှောက် နှစ်မျိုးတည်း။ရဟန်းထံ၌သာလျှင် "ဇာမံ စိဝရံ တုယှံ ဝိကပ္ပနတ္ထာယဒမ္မိ"-ဟု မျက်ကွယ်ပြုနိုင်းခြင်းတမျိုး ဤသို့ သုံးမျိုးရှိ၏။ ဤသို့ ဝိကပ္ပနာတမျိုးမျိုးပြုလျှင် ဆယ်ရက်လွန်သော်လည်း နိဿဂ္ဂိမဖြစ်။"မယှံ သန္တကံ ပရိဘုဉ္ဇဝါ"·····စသည် ပစ္စုဒ္ဓါရ်ပြန်ပေးပြီးမှ သုံးဆောင်ရသည်။ ဝိနည်းကံပြုသူနှင့် အကျွမ်းဝင်၍ ယူသုံးလျှင်လည်းအပ်၏။

၁၀။ အပနိဓာန။ ။ယောပနဘိက္ခု ဘိက္ခုဿ ပတ္တံ ဝါ စိဝရံ ဝါ နိသီဒနံ ဝါ သူစိဃရံ ဝါ ကာယဗန္ဓနံ ဝါ အပနိဓေယျ ဝါ အပနိဓာပေယျ ဝါ အန္တမသော ဟာသာပေက္ခောပိ ပါစိတ္တိယံ(အဒိန္နာ·····)။ ။သုရာပါနဝဂ္ဂေါ ဆဋ္ဌော။

ယောပနဘိက္ခု····။ဘိက္ခုဿ·····၏။ ပတ္တံဝါ၊ သပိတ်ကိုဖြစ်စေ။ စိဝရံဝါ၊သင်္ကန်းကိုဖြစ်စေ။ နိသီဒနံဝါ၊ နိသီဒိုင်ကိုဖြစ်စေ။ သူစိဃရံဝါ၊ အပ်ကျည်ကိုဖြစ်စေ။ ကာယဗန္ဓနံဝါ၊ ခါးပန်းကိုဖြစ်စေ။ အပနိဓေယျဝါ၊ ကိုယ်တိုင်လည်း ဝှက်ငြားအံ့၊ အပနိဓာပေယျဝါ၊ သူတပါးကိုလည်း ဝှက်စေငြားအံ့။အန္တမသော···။ဟာသာပေက္ခောပိ၊ရယ်မြူ လို၍သော်လည်း။ အပနိဓေယျဝါ····။ အပနိဓာပေယျဝါ·····။ တဿဘိက္ခုနော·····။ ပါစိတ္တိယံ ·။ဟောတိ···။ဆဋ္ဌော···။ သုရာပါနဝဂ္ဂေါ····။နိဋ္ဌိတော·····။

ရဟန်း၏သင့်တင့်စသော ငါးမျိုးကိုဝှက်ခြင်း- ဝှက်စေခြင်း, ညှဉ်းဆဲလို မြူးတူးလိုခြင်း—အင်္ဂါနှစ်ပါး။ ။အဓိဋ္ဌာန်ဝိကပ္ပနာ လောက်သော သပိတ်၊အဝတ်သင်္ကန်း၊ အခင်းရှိသောနိသီဒိုင်၊ အပ်ရှိမရှိသော အပ်ဘူး။ပဋ္ဋိကာ ခါးပန်းပြား၊ သူကရန္တ—ဝက်အူကဲ့သို့ အခေါင်းရှိသော ခါးပန်း ဤကား ပါဠိတော်လာ ပါစိတ်ဝတ္ထုငါးပါးမည်၏။ကြွင်းသောပစ္စည်း၊ လူသာမဏေတို့

၏ ပစ္စည်း၌ "ဒုက္ကဋ်" ။အသားမဲကောင်းသည်ကိုသိမ်းအံ့၊ တရားဟောပြီးမှ ပြန်ပေးမည်ဟု သိမ်းအံ့-အနာပတ္တိ။

---

## သပ္ပါဏကဝဂ်။

**၁။ သဉ္စိစ္စပါဏ။** ။ယော ပန ဘိက္ခု သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ ပါစိတ္တိယံ။ (အဓိဋ္ဌာ·····)

ယော ပန ဘိက္ခု····။ သဉ္စိစ္စ၊ သညာစေတနာနှင့်တကွအားထုတ်၍။ ပါဏံ၊ တိရစ္ဆာန်သတ္တဝါကို။ ဇီဝိတာ·····။ ဝေါရောပေယျ······။ တသ ဘိက္ခုနော·····။ ပါစိတ္တိယံ·····။ ဟောတိ·····။

တတိယပါရာဇိကနည်း အတိုင်း အင်္ဂါ ငါးပါး။ ။တိရစ္ဆာန်ကြီးငယ် အာပတ်ထူးမရှိ။ ဆင်သတ်ခြင်း, ကြွက်ပိုးဥခွဲခြင်းကြောင့်လည်း ပါစိတ်ချည်းသာ။ ကြီးရာ၌ပယောဂ၊ စေတနာများ၍ အကုသိုလ်အဖြစ်သာကြီးသည်။

**၂။ သပ္ပါဏက။** ။ယော ပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ။ (အဓိဋ္ဌာ······)

ယော ပန ဘိက္ခု···။ ဇာနံ၊ (ပိုးသေနိုင်သည်ဟု)သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ·····။ ပရိဘုဉ္ဇေယျ·····။ တသ ဘိက္ခုနော ····။ ပါစိတ္တိယံ······။ ဟောတိ·····။

ဘူတဂါမဝဂ်-သပ္ပါဏကနည်းအတိုင်း အင်္ဂါလေးပါး။ ။ (ပိုး ကောင်သေလောက်သည်ဟုသိ၍ ကုသိုလ်ဖြစ် ဘုရားမိန့်ထွန်းလည်းပါစိတ်။) သေစေလိုသော စေတနာရှိလျှင် ယခင်သိက္ခာပုဒ်ဖြင့်ပါစိတ်။ သောက်ချိုးဆေးကြော ဖွပ်လျှော်ခြင်းစသည်သည် ပရိဘုဉ္ဇေယျမည်၏။

**၃။ ဥက္ကောဋန။** ။ယော ပန ဘိက္ခု ဇာနံ ယထာဓမ္မံ နိဟတာဓိကရဏံ ပုနကမ္မာယ ဥက္ကောဋေယျ ပါစိတ္တိယံ။ (အဓိဋ္ဌာ······)

ယောပနဘိက္ခု……။ ဇာနံ၊ သိလျက်။ ယထာဓမ္မံ၊ သမထတရား အားလျော်စွာ။ နိဟတာဓိကရဏံ၊ငြိမ်းလေပြီးသော အဓိကရဏ်းကို။ ပုနကမ္မာယ၊ တဖန်ကံဖြစ်စေခြင်းငှါ။ ဥက္ကောဋေယျ၊ လှုပ်ချောက်ချား ငြားအံ့။တဿဘိက္ခု နော……။ပါစိတ္တိယံ ……။ဟောတိ……။

တရားနှင့်အညီငြိမ်းခြင်း, သိခြင်း, လှုပ်ချောက်ချားခြင်း– အင်္ဂါသုံးပါး။ ။မကောင်းသဖြင့် ပြုအပ်သောကံ၊ မကောင်း သဖြင့်ငြိမ်းစေအပ်သောကံ၊ ပြန်ပြုထိုက်သောကံ–စသည်ဖြင့် ဆိုခြင်းသည်“ဥက္ကောဋေယျ”မည်၏။ ကံပြုစဉ် လှုပ်ချောက် ချားအံ့၊ထိုရဟန်းကိုသိနားလည်အောင် ပြောပြရသည်။ မပြော ပြဘဲပြုလျှင် ထိုကံပျက်၏၊ ကံပြုသော သံဃာလည်း တား လျက် ပြုခြင်းကြောင့်“ဒုက္ကဋ်”သင့်၏။

၄။ ဒုဋ္ဌုလ္လ။ ။ယောပနဘိက္ခု ဘိက္ခုဿ ဇာနံ ဒုဋ္ဌုလ္လံ အာပတ္တိံ ပဋိစ္ဆာဒေယျ ပါစိတ္တိယံ။ (သမန္တ……)

ယောပနဘိက္ခု··။ဇာနံ၊သိလျက်။ဘိက္ခုဿ၊··၏။ဒုဋ္ဌုလ္လံအာပတ္တိံ၊ သံဃာဒိသိသ်အာပတ်ကို။ပဋိစ္ဆာဒေယျ၊ဖုံးလွှမ်းငြားအံ့။ တဿဘိက္ခု နော……။ပါစိတ္တိယံ……။ဟောတိ……။

ရဟန်းတပါး၏ ဒုဋ္ဌုလ္လအာပတ်ကိုသိခြင်း, ဖုံးလွှမ်းလို၍ မပြောအံ့ဟု ဝန်ချခြင်း-အင်္ဂါနှစ်ပါး။ ။သူတပါးသိလျှင် စော ဒနာချေလတ္တံ့ဟု နှလုံးပြု၍ ဘယ်သူမှမပြောအံ့–ဟု ဝန်ချပြီးမှ ပြောလည်းပါစိတ်။(သမန္တ–ဆ၁–၃၇–သည့် ရှရနိကျွပသမှ ဋ္ဌာန်လည်းမည်၏။)ဤသို့ဝန်ချ၍ ဖုံးခြင်းငှါ ရဟန်းတပါးအား ပြောအံ့။ ထိုကလည်း ထိုအတူဖုံးခြင်းငှါ တပါးအားပြောအံ့။ အဆက်ဆက်ရာထောင်ပင် ဝန်ချဖုံးသူတိုင်း ပါစိတ်။ အဆက် ပြတ်အောင်ပြုပုံကား အာပတ်သင့်သူ ပဌမရဟန်းသည် ဒုတိယ ရဟန်းအားဖုံးခြင်းငှါ ပြောအံ့၊ ဒုတိယသည် တတိယအာ ရှေးအတူပြောအံ့၊တတိယသည် စတုတ္ထအားမပြောဘဲ ဒုတိယ အာ ဖုံးခြင် ငှါ ပြောအံ့-ဤသို့ပြောသူအား ပြန်ပြောမှအဆက် ပြတ်သည်။

၅။ **ဥဒ္ဒိနဝိသတိဝဿ။** ။ယောပနဘိက္ခု ဇာနံ ဦနဝီသ တိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ။ သော စ ပုဂ္ဂလော အနုပ သမ္ပန္နော၊ တေစ ဘိက္ခူ ဂါရယှာ။ ဣဒံ တသ္မိံ ပါစိတ္တိယံ။ (အဗိန္ဒာ……)

ယောပနဘိက္ခု ……။ ဇာနံ၊ သိလျက်။ ဦနဝီသတိ ဝဿံ၊ အသက် နှစ်ဆယ်မပြည့်သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥပသမ္ပာဒေယျ၊ ပဉ္စင်းပြု ပေးငြားအံ့။ သောစ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ အနုပသမ္ပန္နော၊ ပဉ္စင်းမဖြစ်။ တေစဘိက္ခူ၊ ထိုကာရက ရဟန်းတို့သည်လည်း။ ဂါရ ယှာ၊ ကဲ့ရဲ့အပ်သူတို့ ဖြစ်ကုန်၏။ (ဝါ၊ ဒုက္ကဋ် သင့်ကုန်၏။)တသ္မိံ၊ ထို ဥပဇ္ဈာယ်ဆရာ၌။ ဣဒံ ပါစိတ္တိယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ……။

အသက် ၂၀-မပြည့်ခြင်း, မပြည့်ဟုအမှတ်ရှိခြင်း, ဥပဇ္ဈာယ် အဖြစ်ဖြင့် ပဉ္စင်းပြုပေးခြင်း -အင်္ဂါသုံးပါး။ ။သန္ဓေတည်သော နေ့မှစ၍ လပေါင်း ၂၄၀။ရက်ပေါင်း ၇၂၀၀-ရှိလျှင် အသက် ၂၀ ပြည့်သူဖြစ်၏။ အသက်မပြည့်၍ ရဟန်းမဖြစ် သော်လည်း သင်္ဂဟောက္ခအန္တရာယ်မဖြစ်။ မင်္ဂဖိုလ်ရကောင်း၏။ လွန်ကျူး မှုကြောင့် ဘာအာပတ်မှ မသင့်၊ ထိုသူကမ္မဝါစာ ဘတ်လျှင် လည်း ကံအောင်သည်။ အသက်မပြည့်ဟုသိသောအခါ ပြန်၍ ရဟန်း ပြုရသည်။ ရဟန်းမဟုတ်သူဥပဇ္ဈာယ်ပြုခြင်း၊ ဥပဇ္ဈာယ် မရှိဘဲရဟန်းပြုခြင်းသည် မဟာခန္ဓကဋ္ဌ ထင်ရှား၏။ ကမ္မဝါစာ ဆရာမရှိခြင်းကား ဇဟိဘိက္ခုတို့၌ ထင်ရှား၏။ ရဟန်းမဟုတ် သူ ကမ္မဝါစာဆရာပြုခြင်းကား ဤ၌ထင်ရှား၏။ သမဏာအသွင် သမဏာသညာရှိသောကြောင့်ဟု ဆိုကုန်၏။ အချို့ ဥပဇ္ဈာယ် ပြုလျှင် ကမ္မဝါစာဆရာ မပြုအပ်။ ကမ္မဝါစာဆရာပြုလျှင် ဥပဇ္ဈာယ်မပြုအင်ဟု အယူသည်ကုန်၏။ **"မဟာခန္ဓကဋီကာ"** ၌ ကိုယ်တိုင်ကမ္မဝါစာဘတ်လျှင် ဥပဇ္ဈာယ်သည် ကမ္မဝါစာ ဆရာလည်း ဖြစ်သည်ဟု ဆိုလျက်ရှိ၏။

၆။ **ထေယျသတ္ထ။** ။ယောပနဘိက္ခု ဇာနံ ထေယျ သတ္ထေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမ သော ဂါမန္တရမ္ပိ ပါစိတ္တိယံ။ (စ၊ ဆ-ထေယျာ-၇။]

ယောပနဘိက္ခု……။ ဇာနံ……။ ထေယျသတ္ထေန၊ ခိုးသူ ကုန်သည်နှင့်။ သဒ္ဓိံ၊ တက္ကွ။ သံဝိဓာယ၊ "သွားချိန်"တိုင်ပင်၍။ ဧကဒ္ဓါနမဂ္ဂံ၊ တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့။ ပဋိပဇ္ဇေယျ……။ အန္တမသော……။ ဂါမန္တရမ္ပိ……။ ပဋိပဇ္ဇေယျ……။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ခိုးသူကုန်သည်ဖြစ်ခြင်း, သိခြင်း, တိုင်ပင်ခြင်း, အချိန်မချွတ်စေဘဲ သွားခြင်း- အင်္ဂါလေးပါး။ ။(စတုတ္ထကြောင့် ဆဋ္ဌကြောင့် ထေယျသတ္ထသမုဋ္ဌာန်၊ အလားတူ သိက္ခာပုဒ်ပေါင်း ၇-ရှိ၏။ သစိတ္တက။)ခင်းဘဏ္ဍာကိုယူ၍ရင်၊ ကင်ခွန်ရှောင်လွှဲ၍ရင်း-ခိုးမှုပြုပြီး၊ ပြုလတ္တံ့သော ခရီးသည်သည် ခိုးသူကုန်သည် မည်၏။ ရွာကြားတိုင်း ယူဇနာခွဲတိုင်း ပါစိတ်။ ဘေးရန်ရှိလျှင် အနာပတ္တိ။

**၇။သံဝိဓာယ။** ။ယောပနဘိက္ခု မာတုဂါမေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ ပါစိတ္တိယံ။ (အဒ္ဓါန……)

ယောပနဘိက္ခု……။ မာတုဂါမေန……။ သဒ္ဓိံ……။ သံဝိဓာယ……။ ဧကဒ္ဓါနမဂ္ဂံ……။ ပဋိပဇ္ဇေယျ……။ အန္တမသော……။ ဂါမန္တရမ္ပိ……။ ပဋိပဇ္ဇေယျ……။ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

နှစ်ဦးတိုင်ပင်၍သွားခြင်း, သွားချိန်မချွတ်ခြင်း, ဘေးရန်မရှိခြင်း, ရွာတပါးဥပစာသို့သက်ခြင်း-ဝါ-ယူဇနာခွဲလွန်ခြင်း-အင်္ဂါလေးပါး။ ။ဧကတော ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့နှင့်တိုင်ပင်၍သွားလည်း ဤသိက္ခာပုဒ် ပါစိတ်တည်း။ ဤသုံးယောက်နှင့်ကား တွေးတောဘွယ်။ ဘေးရန်-သမယ နှစ်ပါး၌ သွားကောင်း၏။ မာတုဂါမနှင့် ဤသမယနှစ်ပါးမရှိ။ မိမိ မတိုင်ပင်အံ့၊ အချိန်လွှဲ၍သွားအံ့၊ ဘေးရန်ရှိအံ့—အနာပတ္တိ။ ဥဘတော ဘိက္ခုနီ နှင့်ကား သိက္ခာပုဒ် သီးခြားဆိုပြီးပြီ။ (အဒ္ဓါနကား အစိတ္တက၊ ထေယျကား သစိတ္တက။)

၈။ အရိဋ္ဌ။ ။ယောပနဘိက္ခု ဧဝံ ဝဒေယျ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ ယထာ ယေမေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ။ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ။

ယောပနဘိက္ခု…။ ဧဝံ…။ ဝဒေယျ၊ ဆိုငြားအံ့။ ယထာ၊ အကြင်သို့သော အပြားအားဖြင့်။ ယေဣမေ အန္တရာယိကာ ဓမ္မာ၊ အကြင် အန္တရာယ်ပြုတတ်သော (မေထုန ပဋိသေဝန) တရားတို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တေ၊ ထိုတရားတို့ကို။ (ဝါ၊ ထိုတရားတို့သည်။) ပဋိသေဝတော၊ မှီဝဲသော ရဟန်းအား။ အန္တရာယာယ၊ အန္တရာယ် ပြုခြင်းငှါ။ နာလံ၊ မစွမ်းနိုင်ကုန်။ တထာ၊ ထိုသို့သောအပြာ အားဖြင့်။ ဘဂဝတာ၊ ….သည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ တရားကို။ အဟံ၊ ငါသည်။ အာဇာနာမိ၊ သိ၏။ ဣတိ ဧဝံ …။ ဝဒေယျ…အံ့။

သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော မာယသ္မာ ဧဝံ အဝစ။ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ န ဟိ သာဓု ဘဂဝတော အဗ္ဘာစိက္ခနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေယျ။ အနေကပရိယာယေနာဝုသော အန္တရာယိကာ ဓမ္မာ–အန္တရာယိကာ ဝုတ္တာ ဘဂဝတာ။ အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယာတိ။

သော ဘိက္ခု၊…ကို။ ဘိက္ခူဟိ၊ မြင်ကုန် ကြားကုန်သော ရဟန်းတို့သည်။ ဧဝံ…။ ဝစနီယော…။ အဿ–ဟောတိ…။ အာယသ္မာ၊…သည်။ ဧဝံ…။ မာအဝစ…။ ဘဂဝန္တံ၊…ကို။ မာအဗ္ဘာစိက္ခိ၊ မစွပ်စွဲလင့်။ ဘဂဝတော၊…အား။ အဗ္ဘာစိက္ခနံ၊ စွပ်စွဲခြင်းသည်။ နဟိ သာဓု၊ မကောင်းသည်သာတည်း။ ဘဂဝါ၊ ….သည်။ ဧဝံ နဟိဝဒေယျ၊ ဟောတော်မမူသည်သာတည်း။ အာဝုသော…။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ အန္တရာယိကာ ဓမ္မာ၊ အန္တရာယ်ပြုတတ်သော "မေထုန ပဋိသေဝန" တရားတို့ကို။ အန္တရာယိကာ၊ အန္တရာယ်ပြုတတ်ကုန်၏ဟူ၍။ ဘဂဝတာ၊…သည်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။

တော၊ ထိုတရားတို့ကို။ (ဝါ၊ …. တို့သည်။) ပဋိသေဝတော၊ မှီဝဲသော ရဟန်းအား။ အန္တရာယာယ၊….. ၌။ အလဥ္စပန၊ စွမ်းနိုင်ကုန်သည်သာ တည်း။ဣတိ ဧဝံ……။ ဝဒနီယော …. ။အသာ–ဟောတိ……။

ဧဝံ့ သောဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ။ သောဘိက္ခု ဘိက္ခူဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗော တဿ ပဋိနိဿဂ္ဂါယ။ ယာဝတတိယဉ္စေ သမနုဘာသိယမာနော တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ၊ နော စေ ပဋိနိဿဇ္ဇေယျ ပါစိတ္တိယံ။ (သမနု …..)

ဧဝဉ္စ၊ ဤသို့လျှင်။ သောဘိက္ခု …. ။ဘိက္ခူဟိ … ။ ဝုစ္စမာနော၊ ဆိုအပ်သည် ဖြစ်လျက်။ တထေဝ၊ ထိုအတူသာလျှင်။ ပဂ္ဂဏှေယျ၊ ချီးမြှောက်ပြောဆို။ သောဘိက္ခု … ။ဘိက္ခူဟိ….. ။တဿ၊ ထို(ယုတ်မာသော)အယူဝါဒကို။ ပဋိနိဿဂ္ဂါယ……။ ယာဝတတိယံ…..။ သမနုဘာသိတဗ္ဗော ….။ယာဝတတိယံ……။ သမနုဘာသိယမာနော…..။တံ၊ ထိုအယူကို။စေပဋိနိဿဇ္ဇေယျ …..။ဣစ္စေတံ ….။ ကုသလံ‥။ နောစေ ပဋိနိဿဇ္ဇေယျ…..။တဿ ဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ….။

ဓမ္မကံဖြစ်ခြင်း, ဉတ်ကမ္မဝါစာဖြင့်ဆုံးမခြင်း, အယူမစွန့်ခြင်း-အင်္ဂါသုံးပါး။ ။ဝိနည်း မတတ် အဘိဓမ္မာသာ တတ်၍ ယုတ်မာသောအယူကို စွဲသည်။ စွဲပုံကား–အိမ်ထောင်သူလူတို့သည် မဂ်ဖိုလ်ရကြသည် မဟုတ်လော။ ရဟန်းတို့အား အာရုံ ငါးပါးခွင့်ပြုသည်။ မာတုဂါမလည်း အာရုံ ငါးပါးပင် မဟုတ်လော။ ထို့ကြောင့် မေထုနအမှုသည် အန္တရာယ်မဖြစ်ကောင်းဟု စွဲသည်။ သက်မဲ့အတွေ့နှင့် သက်ရှိအတွေ့ကို အတူထားသည်။ ချော်ကြွမ်းနှင့်ပိုးချည် အတူရောကျစ်သကဲ့သို့ မုန်ညင်းနှင့်မြင့်မိုရ် အတူဆောင်သကဲ့သို့ ယုတ်မာသောအယူကိုစွဲသည်။ ဘုရားရှင်သည်သမုဒ္ဒြာကို ကန်သင်း ဖွဲ့သည့်အလား ကြီးမားသောအားထုတ်ခြင်းဖြင့် ပဋ္ဌမပါရာဇိကကို ပညတ်သည်။ လွန်ကျူးရာ၌ အပြစ်လည်းမရှိဟု သဗ္ဗညုတဉာဏ်တော်ကိုပင် ခုခံသည်၊အမျိုးကောင်းတို့၏သမ္မာဆန္ဒကို ပျက်စေသည်။အာဏာစက်ဝိနည်း သာသနာကို ပုတ်ခတ်သည်။ ဤသို့စွဲယူသည်ကို

ကြားသိလျက် မဆုံးမလျှင် "ဒုက္ကဋ်"။ဆုံးမ၍မစွန့်လျှင် သမနုဘာသနကံ ပြုရသည်။ အယူမစွန့်လျှင် ကမ္မဝါစာအဆုံး၌ ပါစိတ်။

သဂ္ဂ၊ မောက္ခ - တားသောကြောင့်အင်္ဂါရပ်မည်၏။ အချို့ သဂ္ဂ မတား။ ပဉ္စာနန္တရိယသည် ကမ္မန္တရာယ်မည်၏။ သဂ္ဂ၊မောက္ခ နှစ်ခုလုံး တားသည်၊ ကုစားမရ။ ဘိက္ခုနီဒူသက ကံသည် ကမ္မန္တရာယ်-မောက္ခတခုသာ တားသည်၊ ကုစားမရ။ နိယတ မိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ်-နှစ်ခုလုံး တားသည်။ အယူ စွန့်ခြင်းဖြင့်ကုစားလျှင် မတား။ အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေသည် ဝိပါကန္တရာယ်– မောက္ခတခုသာ တားသည်၊ ကုစား မရ။ အရိယာကိုစွပ်စွဲခြင်းသည် ဥပဝါဒန္တရာယ်-နှစ်ခုလုံး တားသည်။ ကန်တော့ ခြင်းဖြင့် ကုစားလျှင် မတား။ စေတနာဖြင့် အာပတ် လွန်ကျူးခြင်းသည် ဝီတိက္ကမန္တရာယ်-နှစ်ခုလုံး တား သည်။ ဒေသနာကြားခြင်းဖြင့်ကုစားလျှင် မတား။ ငါးပါးလုံး ဗျာန် မဂ်ဖိုလ် နိဗ္ဗာန်-မောက္ခကို တားသည်။ ဒူသကကံနှင့် ဝိပါ ကသည် နတ်ရွာ-သဂ္ဂမတား၊ အကြွင်း–တားသည်။

၉။ **ဥက္ခိတ္တသမ္ဘောဂ**။ ။ယောပန ဘိက္ခု ဇာနံ တထာဝါဒိနာ ဘိက္ခုနာ အကဋာနုဓမ္မေန တံ ဒိဋ္ဌိံ အပ္ပဋိနိဿဋ္ဌေန သဒ္ဓိံ သမ္ဘုဉ္ဇေယျဝါ သံဝသေယျဝါ သဟဝါသေယျံ ကပ္ပေယျ ပါစိတ္တိယံ။ (အဓိဋ္ဌာ .....)

ယောပနဘိက္ခု.....။ ဇာနံ ....။ တထာဝါဒိနာ၊ ထိုသို့ မိစ္ဆာအယူရှိ သော၊ အကဋာနုဓမ္မေန၊သိမ်ဝန်းဘောင်သို့မသွင်းအပ်သေးသော။[အနု ဓမ္မမပြုရသေးသူ ဟူလို။] တံ ဒိဋ္ဌိံ အပ္ပဋိနိဿဋ္ဌေန၊ ထိုမိစ္ဆာ အယူ ကိုမစွန့်သေးသော။ ဘိက္ခုနာ၊ "ဥက္ခိတ္တက" ဟောန်းနှင့်။သဒ္ဓိံ၊ တကွ။ သမ္ဘုဉ္ဇေယျဝါ၊ သမ္ဘောဂနှစ်ပါးကိုလည်း အတူပြုငြားအံ့။ သံဝသေ ယျဝါ၊ ကံကြီးကံငယ်ကိုလည်း အတူပြုငြားအံ့။ သဟဝါသေယျံ၊တမိုး ထည်းသောကျောင်း၌ အတူအိပ်ခြင်းကိုလည်း။ ကပ္ပေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနော.....။ ပါစိတ္တိယံ .....။ ဟောတိ.....။

သံဃာ့ဘောင်သို့ မသွင်းရသေးခြင်း, သိခြင်း, သမ္ဘောဂ စသည် အတူပြုခြင်း–အင်္ဂါသုံးပါး။ ။မစွန့်၊ မကျ၊ ပြစ်မရှု ကြောင့် "ဥက္ခိတ္တက"ကံပြုရသည်။ စွန့်၊ ကျ၊ ရှုလျှင် သံဃာ့ ဘောင်သို့ပြန်သွင်းရသည်။ မသွင်းမီ ထိုရဟန်းနှင့် ပစ္စည်းပေး ခြင်း၊ ယူခြင်းသည် "ပစ္စယသမ္ဘောဂ"......။ စာသင်ပေးခြင်း၊ သင်ယူခြင်းသည် "ဓမ္မသမ္ဘောဂ"......။ ဥပုသ်၊ ပဝါရဏာ၊ သံဃာကံ–အတူပြုခြင်းသည် "သံဝါသ"......။ ဘရံစိဖြစ်သော် လည်း တမိုးထည်း အိပ်ခြင်းသည် "သဟသေယျ" မည်၏။ ပါစိတ်ချည်း သာတည်း။ ပရိဝါသ်မာနတ် ကျင့်သူအားလည်း ဤသဟသေယျမျိုးသည် ညဥ့်ပျက်ကြောင်း ဖြစ်၏။ ။ဆုံးမ၍ မရသောအလဇ္ဇီနှင့် သမ္ဘောဂနှစ်ပါးပြုရာ၌"ဒုက္ကဋ်"။သံသဋ္ဌ- သဘာဂမဖြစ်ရုံမျှ၌ သမ္ဘောဂ ရှောင်ကြဉ်ခြင်းကား ဤသိက္ခာ ပုဒ်အရာမဟုတ်။ ဆွမ်းအတူမစားကာမျှဖြင့် စိတ်အားငယ်လျှင် ဗဟုဿုတ နည်းပါးလှ၏။

၁၀။ ကဏ္ဍက။ ။သမဏုဒ္ဒေသောပိ စေ ဧဝံ ဝဒေယျ တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ– ယထာ ယေမေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိ သေဝတော နာလံ အန္တရာယာယာတိ။ သော သမဏုဒ္ဒေသော ဘိက္ခူဟိ ဧဝမဿ ဝစနီယော–မာ အာဝုသော သမဏုဒ္ဒေသ ဧဝံ အဝစ။ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ န ဟိ သာဓု ဘဂဝ တော အဗ္ဘာစိက္ခနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေယျ။ အနေကပရိ ယာယေနာဝုသော သမဏုဒ္ဒေသ အန္တရာယိကာ ဓမ္မာ အန္တရာ ယိကာ ဝုတ္တာ ဘဂဝတာ။ အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယာတိ။

သမဏုဒ္ဒေသောပိ၊ သာမဏေသည်လည်း ။ ဧဝံ ......။ ဝဒေယျ၊ ..အံ့။ ယထာ၊......အားဖြင့်။ ယေ ဣမေ အန္တရာယိကာ ဓမ္မာ၊ အကြင် အန္တ ရာယ်ပြုတတ်သော (မေထုန ပဋိသေဝနာ) တရားတို့ကို။ ဘဂဝတာ......။ ဝုတ္တာ....။ တေ၊ .....တို့ကို။ ( ဝါ၊ .....တို့သည်။ ) ပဋိသေဝတော.....။

အန္တရာယာယ……။ နာလံ……။ တထာ……။ ဘဂဝတာ……။ ဒေသိတံ……။ ဓမ္မံ……။ အဟံ……။ အာဇာနာမိ……။ ဣတိ……။ ဧဝံ……။ ဝဒေယျ၊ ……ဒွ်ိ။ သော သမဏုဒ္ဒေသော၊ ထို သာမဏေကို။ ဘိက္ခုဟိ……။ဧဝံ ……။ဝစနီယော……။အဿ-ဟောတိ……။ အာဝုသော သမဏုဒ္ဒေသ၊ ငါ့ရှင်သာမဏေ။ ဧဝံ……။မာအဝစ……။ ဘဂဝန္တံ……။ မာအဗ္ဘာစိက္ခိ……။ ဘဂဝတော……။အဗ္ဘာစိက္ခနံ……။ နဟိသာဓု……။ ဘဂဝါ……။ဧဝံ……။ နဟိဝဒေယျ……။ အာဝုသောသမဏုဒ္ဒေသ……။ အနေကပရိယာယေန……။အန္တရာယိကာဓမ္မာ……။အန္တရာယိကာ……။ ဘဂဝတာ……။ဝုတ္တာ……။စေ……။ပဋိသေဝတော……။အန္တရာယာယ……။ အလဉ္စပန……။ဣတိဧဝံ……။ ဝစနီယော……။ အဿ-ဟောတိ……။

ဧဝဉ္စပန သောသမဏုဒ္ဒေသော ဘိက္ခုဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှေယျ၊ သောသမဏုဒ္ဒေသော ဘိက္ခုဟိ ဧဝမဿ ဝစနီယော အဇ္ဇတဂ္ဂေ တေ အာဝုသော သမဏုဒ္ဒေသ နစေဝ သောဘဂဝါ သတ္ထာ အပဒိသိတဗ္ဗော။ယမ္ပိစညေ သမဏုဒ္ဒေ သာ လဘန္တိ ဘိက္ခုဟိ သဒ္ဓိံ ဒိရတ္တတိရတ္တံ သဟသေယျံ၊ သာပိတေနတ္ထိ။စရ ပိရေ ဝိနဿာတိ။

ဧဝဉ္စပန……။ သောသမဏုဒ္ဒေသော……။ ဘိက္ခုဟိ……။ ဝုစ္စမာနော……။တထေဝ……။ ပဂ္ဂဏှေယျ……။ သောသမဏုဒ္ဒေသော……။ ဘိက္ခုဟိ ……။ဧဝံ……။ဝစနီယော……။အဿ-ဟောတိ……။ အာဝုသော သမဏုဒ္ဒေသ……။အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။တေ၊သင်သည်။သော ဘဂဝါ၊ထိုဘုရားကို။သတ္ထာ၊ဆရာ-ဟူ၍။နစေဝအပဒိသိတဗ္ဗော၊ မညွှန်း အပ်သည်သာတည်း။အညေ၊သင်မှတပါးကုန်သော။ သမဏုဒ္ဒေသာ၊…တို့သည်။ဘိက္ခုဟိ…။ သဒ္ဓိံ……။ဒိရတ္တတိရတ္တံ၊နှစ်ညဥ့်သုံးညဥ့်ပတ်လုံး။ ယမ္ပိသဟသေယျံ၊အကြင်တကွအိပ်ခြင်းကိုလည်း။လဘန္တိ၊ ရကုန်၏။ သာပိ၊ ထိုတကွအိပ်ခြင်းသည်လည်း။ တေ၊ သင်အား။နတ္ထိ၊မရှိ။ပိရေ၊ မမြတ်နိုးအပ်သော သာမဏေ။ [ငါတို့၏အတွင်းလူမဟုတ်၊ ပြင်ပလူ ဟူလို၊] စရ၊ သွားချေလော။ ဝိနဿ၊ ပျောက်ချေလော။(ဝါ၊ပျောက် အောင်သွားချေလော။)ဣတိဧဝံ ……။ဝစနီယော……။ အဿ-ဟောတိ……။

ယောပနဘိက္ခု ဓာနံတထာနာသိတံ သမဏျုဒ္ဒေသံ ဥပလာပေယျ ဝါ ဥပဋ္ဌာပေယျ ဝါ သမ္ဘာ့ဠေ့ယျ ဝါ သဟာဝါသေယျံ ကပ္ပေယျ ပါစိတ္တိယံ (အဒိန္နာ……)။ ။သပ္ပါဏကဝဂ္ဂေါ သတ္တမော။

ယောပနဘိက္ခု……။ဓာနံ……။တထာနာသိတံ၊ ထိုသို့ဒဏ်အမှုဖြင့် ဖျက်ဆီးအပ်သော။ သမဏျုဒ္ဒေသံ၊……ကို။ ဥပလာပေယျ ဝါ၊ ဖြားယောင်းမှုလည်း ဖြားယောင်းငြားအံ့။ဥပဋ္ဌာပေယျဝါ၊ လုပ်ကျွေးစေမှုလည်းလုပ်ကျွေးစေငြားအံ့။သမ္ဘာ့ဠေ့ယျ ဝါ……။ သဟာဝါသေယျံ……။ ကပ္ပေယျ……။ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။ သတ္တမော……။သပ္ပါဏကဝဂ္ဂေါ……။နိဋ္ဌိတော……။

ယခင်သိက္ခာပုဒ်ကဲ့သို့ အင်္ဂါ သုံးပါး။ ။သံဝါသနာသနာ–ဥက္ခိတ္တကကံပြုခြင်း။လိင်္ဂနာသနာ–လူထွက်စိုင်းခြင်း။ ဒဏ္ဍကမ္မနာသနာ–ဒဏ်ပေးခြင်း-ဟု နာသနာသုံးပါးတို့တွင် ဒဏ်ပေး၍ ဖျက်ဆီးထားသော– ဝါ–နှင်ထုတ်ထားသော သာမဏေကို သက်နှံးပေးမည်၊စာသင်ပေးမည်ဟု မြှောက်စားဖြားယောင်းအံ့၊ရေချိုးကာသယ်မှုနှင့် ဒန်ပူစသည် ခံယူလျက်လုပ်ကျွေးစေအံ့၊ သမ္ဘောဂနှုက်ပါးအတူပြုအံ့၊ တမိုးထည်းအိပ်အံ့ ပါစိတ် လေးချက်။

---

## သဟဓမ္မိကဝဂ်။

၁။ **သဟဓမ္မိက**။ ။ယောပနဘိက္ခု ဘိက္ခူဟိ သဟဓမ္မိကံ ဝုစ္စမာနော ဧဝံ ဝဒေယျ-နတာဝါဟံ အာဝုသော ဧတသ္မိံ သိက္ခာပဒေ သိက္ခိဿာမိ၊ယာဝ န အညံ ဘိက္ခုံဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆာမီတိ ပါစိတ္တိယံ။ ။သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉ္စိတဗ္ဗံ၊ အယံ တတ္ထ သာမီစိ။ (အဒိန္နာ……)။

ယောပနဘိက္ခု……။ဘိက္ခူဟိ……တို့သည်၊ သဟဓမ္မိကံ၊ သိက္ခာပုဒ်တော်ဖြင့်။ဝုစ္စမာနော၊ဆိုအပ်သည်ရှိသော်။ဧဝံ……။ဝဒေယျ၊ ……အံ့။ အာဝုသော၊……တို့။အဟံ၊ ငါသည်။ ယာဝ၊ အကြင်မျှလောက်သော

ကာလပတ်လုံး။ အညံ၊ သင်တို့မှတပါးသော။ ဗျတ္တံ၊ လိမ္မာထက်မြက်သော။ဝိနယဝရံ၊ဝိနည်းကိုဆောင်သော။ဘိက္ခုံ၊……ကို။ နပရိပုစ္ဆာမိ၊မမေးရသေး။တာဝ၊ထိုမျှလောက်သောကာလပတ်လုံး။ဧတသ္မိံ သိက္ခာပဒေ၊ထိုသိက္ခာပုဒ်၌။နသိက္ခိဿာမိ၊မကျင့်အံ့။ဣတိဧဝံ ….။ ဝဒေယျ၊ …အံ့။တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ…။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ဘိက္ခုနာ၊ရဟန်းသည်။ သိက္ခမာနေန၊ ကျင့်လိုသည်ဖြစ်၍။ အညာတဗ္ဗံ၊သိအောင်ပြုအပ်၏။ပရိပုစ္ဆိတဗ္ဗံ၊အဖန်ဖန်မေးအပ်၏။ပရိပဉှိတဗ္ဗံ၊ အဖန်ဖန် စဉ် စားနိုင်းချိန်အပ်၏။ အယံ၊ဤသည်ကား။ တတ္ထ၊ထိုသိက္ခာပုဒ်၌။သာမိစိ၊ကျင့်အပ်သောဝတ်တည်း။

သိက္ခာပုဒ်ဖြင့် ရဟန်းဆိုသေးစကားဖြစ်ခြင်း, မကျင့်လို၍ဤသို့ဆိုခြင်း-အင်္ဂါနှစ်ပါး။

၂။ **ဝိလေခန**။ ။ယောပနဘိက္ခု ပါတိမောက္ခေ ဥဒ္ဒိဿမာနေ ဧဝံဝဒေယျ ကိံ ပနိမေဟိ ခုဒ္ဒါနုခုဒ္ဒကေဟိ သိက္ခာပဒေဟိ ဥဒ္ဒိဋ္ဌေဟိ၊ ယာဝဒေဝ ကုက္ကုစ္စာယ ဝိဟေသာယ ဝိလေခါယ သံဝတ္တန္တီတိ သိက္ခာပဒဝိဝဏ္ဏကေ ပါစိတ္တိယံ။ (အဓိပ္ပါ……)

ယောပနဘိက္ခု……။ပါတိမောက္ခေ၊ပါတိမောက်ကို။ ဥဒ္ဒိဿမာနေ၊(သင်ယူခြင်း၊သင်ပေးခြင်း၊သရဇ္ဈာယ်ခြင်း အားဖြင့်)ရွတ်ဆိုအပ်သည်ရှိသော်။ဧဝံ……။ဝဒေယျ၊……အံ့။ခုဒ္ဒါ+နု ခုဒ္ဒကေဟိ၊ငယ်ကုန်+အလွန်ငယ်ကုန်သော။ဣမေဟိ သိက္ခာပဒေဟိ၊ဤသိက္ခာပုဒ်တို့ကို။ ဥဒ္ဒိဋ္ဌေဟိ၊ရွတ်ဆိုခြင်းတို့ဖြင့်။ကိံ ပန၊အဘယ်အကျိုးရှိအံ့နည်း။ယာဝဒေဝ၊ထိုရွတ်ဆိုသောကာလပတ်လုံး။ဝါ၊အလွန်အကဲသာလျှင်။ကုက္ကုစ္စာယ၊အလိုလို ဖြစ်ခြင်းငှါ။ ဝိဟေသာယ၊ ပင်ပန်းခြင်းငှါ။ ဝိလေခါယ၊ နှလုံးအရေး အကြောင်းဖြစ်ခြင်းငှါ။သံဝတ္တန္တိ၊ဖြစ်ကုန်၏။ဣတိဧဝံ……။ ဝဒေယျ၊ ….အံ့။သိက္ခာပဒဝိဝဏ္ဏကေ၊သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းကြောင့်။တဿဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။

ကဲ့ရဲ့လိုခြင်း, ရဟန်းထံ၌ သိက္ခာပုဒ်ကိုကဲ့ရဲ့ခြင်း—အင်္ဂါ နှစ်ပါး။ ။ဒုက္ကဋ်သည်ခုဒ္ဒ၊ ဒုဗ္ဘာသိသည် အနုခုဒ္ဒကမည်၏။ ဝိနည်းတတ်လျှင် အာနိသင်ငါးပါးမှဆယ့်တပါးထိ-ဟုဘုရားရှင် ချီးမွမ်းခြင်းကြောင့် ရဟန်းများ ဝိနည်းသင်ကြသဖြင့်……ဤသူ

တို့ ဝိနည်းတတ်လျှင် ငါတို့ကို နှိမ်နင်းကုန်လတ္တံ့ဟု ကြံတင်၍ ကဲ့ရဲ့ကုန်၏။ ဝိနည်းသင်မိလျှင် မလွန့်သာအောင်ဒုက္ခများသည်၊ မသင်လျှင် စိတ်ချမ်းသာသည်၊ ဝိနည်းကွယ်လျှင် ကောင်းလေစွ-စသည်ဖြင့် ရဟန်းထံကဲ့ရဲ့အံ့-ပါစိတ်။ လူသာမဏေထံ ကဲ့ရဲ့အံ့ "ဒုက္ကဋ်"။ သုတ်အဘိဓမ္မာကဲ့ရဲ့လည်း "ဒုက္ကဋ်"။ ဤ၌ဥပသမ္ပန်သမာနသည် သင်ယူခြင်း၊ သင်ပေးခြင်း၊ သရဇ္ဈာယ်ခြင်း အားဖြင့် သုံးမျိုး။

**၃။ မောဟန။** ။ယောပန ဘိက္ခု အန္ဒမာသံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ ဇဝံ ဝဒေယျ။ ဣဒါနေဝ ခေါ အဟံ ဇာနာမိ အယမ္ပိ ကိရခမ္မော သုတ္တာဂတော သုတ္တပရိယာပန္နော အန္ဒမာသံ ဥဒ္ဒေသံ အာဂစ္ဆတီတိ။

ယောပနဘိက္ခု……။အန္ဒမာသံ၊ လခွဲတိုင်း။ပါတိမောက္ခေ……၊ကို။ ဥဒ္ဒိဿမာနေ၊(ပါတိမောက်ပြခြင်းအားဖြင့်) ရွတ်ဆိုအပ်သည်ရှိသော်။ [သိမ်ထဲ၌ဥပုသ်ပြု ပါတိမောက်ပြသောအခါဟူလို။]ဇဝံ…။ဝဒေယျ၊… အံ့။ ဣဒါနေဝခေါ၊ ယခုအခါ၌သာလျှင်။ အဟံ……။ ဇာနာမိ၊ သိ၏။ အယမ္ပိခမ္မော၊ ဤအာပတ် သည်လည်း။ သုတ္တာဂတော ကိရ၊ ပါတိမောက်၌လာသတတ်။ သုတ္တပရိယာပန္နောကိရ၊ ပါတိမောက်၌ အကျုံးဝင်သတတ်။ အန္ဒမာသံ၊ လခွဲတိုင်း။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည် အဖြစ်သို့။ အာဂစ္ဆတိကိရ၊ ရောက်သတတ်။ ဣတိဇဝံ……။ ဝဒေယျ၊……အံ့။

တဉ္စေ ဘိက္ခုံ အညေ ဘိက္ခူ ဇာနေယျုံ "နိသိန္နပုဗ္ဗံ ဣမိနာ ဘိက္ခုနာ ဒွိတ္တိက္ခတ္တုံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ" ကော ပန ဝါဒေါ ဘိယျော-နစ တဿဘိက္ခုနော အညာဏကေန မုတ္တိ အတ္ထိ၊ ယဉ္စ တတ္ထ အာပတ္တိံ အာပန္နော၊ တဉ္စ ယထာ ဓမ္မော ကာရေတဗ္ဗော။

တံဘိက္ခုံ၊ ထိုရဟန်းကို။ အညေဘိက္ခူ၊ တပါးသော ရဟန်းတို့သည်။[စေဇာနေယျုံ-၌ပင် ပြန်စပ်ရလတ္တံ့။] "ဣမိနာ ဘိက္ခုနာ၊ ဤရဟန်းသည်။ ပါတိမောက္ခေ၊…… ကို။ ဥဒ္ဒိဿ မာနေ၊ ပြအပ်သည် ရှိသော်။ ဒွိတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။နိသိန္နပုဗ္ဗံ၊ နေဘူး သည်ကို။"

စေဇာနေယျ၊ အကယ်၍သိကုန်အံ့။ ဘိယျော၊ ထိုထက်အလွန်နေဘူး ရာ၌။ ကောပနဝါဒေါ၊ အဘယ်မှာဆိုဘွယ်ရာရှိအံ့နည်း။ [ဤစကားဖြင့် မောဟာကံ ပြုထိုက်ကြောင်း ပြသည်။] တဿ ဘိက္ခုနော၊......အား။ အညာဏကေန၊ မသိယောင်မှုခြင်းဖြင့်။ မုတ္တိ၊ အာပတ်မှ လွတ်ခြင်း သည်။ နတ္ထိ၊ မရှိသည်သာတည်း။ တတ္ထ၊ ထိုအနာစာရ လွန်ကျူး မှုကြောင့်။ ယဉ္စ အာပတ္တိံ၊ အကြင်အာပတ်သို့လည်း။ အာပန္နော၊ရောက် ၏။ တဉ္စ၊ ထိုအာပတ်ကိုလည်း။ ယထာဓမ္မော၊ ဓမ္မဝိနယရှိသောအတိုင်း။ ကာရေတဗ္ဗော၊ ကုစားစေအပ်၏။

ဥတ္တရိဉ္စဿ မောဟော အာရောပေတဗ္ဗော တဿ တေ အာ
ဝုသော အလာဘာ၊ တဿ တေ ဒုလ္လဒ္ဓံ၊ ယံ တွံ ပါတိ
မောက္ခေ ဥဒ္ဒိဿမာနေ န သာဓုကံ အဋ္ဌိံကတွာ မနသိကရော
သိဘိ၊ ဣဒံ တဿိံ မောဟနကေ ပါစိတ္တိယံ။ (အဒိန္နာ......)

ဥတ္တရိစ၊ ထိုထက်အလွန်လည်း။ အဿ၊ ထိုရဟန်းအား။ မောဟော၊ မောဟာကံသို့။ အာရောပေ တဗ္ဗော၊ တင်အပ်၏။ အာဝုသော......။ တဿတေ၊ ထိုသင်အား။ အလာဘာ၊ လိုအပ်သော အာနိသင်တို့ကို မရအပ်ကုန်။ တဿတေ၊ ထိုသင်အား။ ဒုလ္လဒ္ဓံ၊ လူ့ဘဝကိုမကောင်း သဖြင့် ရအပ်၏။ ယံ၊ အကြင်ကြောင့်။ တွံ၊သင်သည်။ပါတိမောက္ခေ.....။ ဥဒ္ဒိဿမာနေ၊ ပြအပ်သည်ရှိသော်။ သာဓုကံ၊ ကောင်းစွာ။ အဋ္ဌိံကတွာ၊ အလိုရှိသည်ကိုပြု၍။ န မနသိကရောသိ၊ နှလုံးမသွင်း။ တဿ၊ ထို့ ကြောင့်တည်း။ ဣတိ၊ ဤသို့ကဲ့ရဲ့၍။ မောဟော၊ မောဟာကံသို့။ အာ ရောပေဘဗ္ဗော ....။ မောဟနကေ၊ မောဟာကံသို့ တင်ပြီးသည်ရှိသော်။ တဿိံ၊ ထိုမသိယောင်မှုခြင်းကြောင့်။ (တဿိံ၊ ထိုရဟန်း၌။) ဣဒံပါစိတ္တိ ယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ ....။

မောဟာကံသို့ တင်ပြီးခြင်း, မသိယောင်မှုလိုခြင်း, အကျယ်
သုံးကြိမ် နာဘူးခြင်း, မသိယောင်မှုခြင်း-အင်္ဂါလေးပါး။ ။
အနာစာရ ကျင့်ပြီးလျှင် မသိ၍ကျင့်သည်ဟု သူတပါးထင်
အောင် ယခုမှဤသိက္ခာပုဒ်ကိုသိသည်ဟု မသိယောင်ဆောင်အံ့
“ဒုက္ကဋ်”။သုံးကြိမ်နာဘူးလျက်မသိယောင်ပြုမှု သင်ကောင်းစွာ
နားမထောင်သောကြောင့် အလာဘာ-ရထိုက်သော အာနိသင်

လာဘ်တို့ကိုမရ၊ ဒုလ္လဒ္ဓိ-မကောင်းမှုများအောင် လူဖြစ်သည်။ ကုသိုလ်ကြောင့် လူဖြစ်သော်လည်း အပါယ်ရိက္ခာ များသည် စသည်ဖြင့်ကဲ့ရဲ့၍ ဉာတ္တိဒုတိယကမ္မဝါစာဖြင့် မောဟကံ ပြုရသည်၊ ကံပြုပြီးမှ မသိယောင်ပြုအံ့ ပါစိတ်။ပါတိမောက်အကျယ် သုံးကြိမ်မနာဘူးသူကို မောဟကံမပြုရ၊ ဤဒွိဥဒ္ဒိဿမာနသည့် သိမ်ဒွိဥပုသ်ပြုသောအခါ ရွတ်ဆိုခြင်းတမျိုး။

**၄။ ပဟာရ။** ။ယောပနဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ ပါစိတ္တိယံ။ (မေထုနာ……)

ယောပနဘိက္ခု……။ဘိက္ခုဿ၊……အား။ ကုပိတော၊ အမျက်ထွက်သည်ဖြစ်၍၊ အနတ္တမနော၊ နှလုံးမသာယာသည်ဖြစ်၍။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒဒေယျ၊ ပေးငြားအံ့။တဿဘိက္ခုနော……။ပါစိတ္တိယံ…။ ဟောတိ……။

အမျက်ထွက်ခြင်း, အညှဉ်းဆဲခံရသည်မှ လွတ်လို၍မဟုတ်ခြင်း, ဥပသမ္ပန္နအား ရိုက်ခြင်း-အင်္ဂါသုံးပါး။ ။ကာယ၊ ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိယဖြင့် ပုတ်ခတ်ခြင်းသည်–ဝါ-ကိုယ်ဖြင့် ရိုက်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ခဲဖြင့်ပစ်ခြင်း သုံးမျိုးလုံးသည် "**ပဟာရံ ဒဒေယျ**"မည်၏။ ရိုက်လိုသောစေတနာဖြင့် ရိုက်လျှင် သေသော်လည်းပါစိတ်။ရုပ်ပျက်ရုံ နားနှာစသည် ဖြတ်အံ့ "**ဒုက္ကဋ်**"၊ အနုပသမ္ပန္နအားရိုက်လျှင် "**ဒုက္ကဋ်**"၊ ဘိက္ခုနီအား ရိုက်လျှင် ပါစိတ်။ ချိုင်းထိုးကစားလျှင် "**ဒုက္ကဋ်**"၊ ကာယသံသဂ္ဂပြုလျှင် "**သံဃာဒိသိသ်**"၊ မာတုဂါမအားရိုက် "**ဒုက္ကဋ်**"။ ချိုင်ထိုးကစား "**ဒုက္ကဋ်**"၊ သံသဂ္ဂ "**သံဃာဒိသိသ်**"၊ နာနာရိုက်လျှင် အာပတ်ငယ်၊ သာသာရိုက်လျှင် အာပတ်ကြီး၊ စိတ်ကြမ်းလျှင်ငယ်၊ စိတ်နူးလျှင်ကြီး။ လက်ဖြင့် ရိုက်လျှင် "**ပါစိတ်ကြီး**"၊ ထာ ဖြင့်နှာခေါင်းလှိုးလျှင် "**ဒုက္ကဋ်ငယ်**"။

**၅။ တလသတ္တိက။** ။ယောပနဘိက္ခု ဘိက္ခုဿ ကုပိတော အနတ္တမနော တလသတ္တိကံ ဥဂ္ဂိရေယျ ပါစိတ္တိယံ။ (မေထုနာ……)

ယောပနဘိက္ခု·····။ဘိက္ခုသြ·····။ကုပိတော······။အနတ္တမနော···။ တလသတ္တိကံ၊ လက်ဝါးပြက်ကို။ ဥဂ္ဂိရေယျ၊ မိုးကြွားအံ့။ တဿဘိက္ခုနော·····။ ပါစိတ္တိယံ·····။ ဟောတိ·····။

ယခင်သိက္ခာပုဒ် နည်းအတိုင်း အင်္ဂါ သုံးပါး။ ။ကာယ၊ ကာယပဋိဗဒ္ဓ-မြှောက်ချီခြင်းသည် လက်ဝါးပြက် မိုးသည်မည်၏။ နှစ်မျိုးလုံး ပါစိတ်။ မရိုက်လိုဘဲ မြှောက်ချီ၍လွှဲရိုက်အံ့၊ ချော်ထိ၍ ကျိုးပဲ့သော်လည်း "ဒုက္ကဋ်"။ ရွယ်-"**ပါစိတ်**"။ ရိုက်မိလျှင်"ဒုက္ကဋ်"။ဝိ-ဆန်းကြယ်သော+နယ-နည်းရှိ၏။ထို့ကြောင့် ဝိနယ မည်၏။

၆။ **အမူလက**။ ။ယောပနဘိက္ခု ဘိက္ခုံ အမူလကေန သံဃာဒိသေသေန အနုဒ္ဓံသေယျ ပါစိတ္တိယံ။ (အဒိန္နာ ···· )

ယောပနဘိက္ခု······။ ဘိက္ခုံ၊······ကို။အမူလကေန၊ အရင်းမရှိသော။ သံဃာဒိသေသေန၊ သံဃာဒိသိသ် အာပတ်ဖြင့်။ အနုဒ္ဓံသေယျ၊ စွပ်စွဲငြားအံ့။ တဿဘိက္ခုနော······။ ပါစိတ္တိယံ······။ ဟောတိ ·····။

ရဟန်းဖြစ်ခြင်း, သံဃာဒိသိသ်အရင်းမရှိခြင်း,စွပ်စွဲခြင်း,ထိုခဏသိခြင်း-အင်္ဂါလေးပါး။ ။အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲအံ့ "**ဒုက္ကဋ်**"။ပါရာဇိကဖြင့်စွပ်စွဲအံ့ "**သံဃာဒိသိသ်**"။

၇။ **သဉ္စိစ္စ**။ ။ယောပနဘိက္ခု ဘိက္ခုဿ သဉ္စိစ္စ ကုက္ကုစ္စံ ဥပဒဟေယျ။ ဣတိဿ မုဟုတ္တမ္ပိ အဖာသု ဘဝိဿတီတိ ဧတဒေဝပစ္စယံ ကရိတွာ အနညံ ပါစိတ္တိယံ။(အဒိန္နာ··)

ယောပနဘိက္ခု······။ ဘိက္ခုဿ၊······အား။ သဉ္စိစ္စ၊ တကွအားထုတ်၍။ ကုက္ကုစ္စံ၊ အလိုလိုကို။ ဥပဒဟေယျ၊ ဖြစ်စေငြားအံ့။ ဣတိ၊ ဤသို့ ဖြစ်စေခြင်းဖြင့်။ အဿ၊ ထိုရဟန်းအား။ မုဟုတ္တမ္ပိ၊ တခဏမျှ သော်လည်း။ အဖာသု၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတဒေဝ၊ ထိုမချမ်းသာ စေလိုခြင်းကို သာလျှင်။ ပစ္စယံကရိတွာ······။ အနညံ······။ ကုက္ကုစ္စံ······။ ဥပဒဟေယျ······။ တဿ ဘိက္ခုနော······။ ပါစိတ္တိယံ······။ ဟောတိ ····။

ရဟန်းဖြစ်ခြင်း, မချမ်းသာစေလိုခြင်း, အလိုလို ဖြစ်အောင် ပြုခြင်း-အင်္ဂါသုံးပါး။ ။သင်သည် အသက်မပြည့်ဘဲ ရဟန်းပြုယောင်တကား။ နေ့လွဲညစာ စားပုံပေါ်သည်–စသည်ဆို၍ ကုက္ကုစ္စ ဖြစ်စေအံ့-ပါစိတ်။ ရှေးစာတို့၌ ဥပဒဟေယျ။ ယခုစာအချို့၌ ဥပ္ပါဒေယျ-ရှိ၍ အနက်ပေါ်လွင်၏။ အနက် တူပင်တည်း။

၈။ **ဥပဿုတိ။** ။ယော ပန ဘိက္ခု ဘိက္ခူနံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဥပဿုတိ တိဋ္ဌေယျ ယံ ဣမေ ဘဏိဿန္တိ၊ တံ သောဿာမီတိ-ဧတဒေဝ ပစ္စယံ ကရိတွာ အနည်း ပါစိတ္တိယံ။ (ထေယျာ……

ယော ပန ဘိက္ခု ……။ ဘဏ္ဍနဇာတာနံ၊ ဖြစ်သောတိုးတိုးတိုင်ပင်ခြင်းရှိကုန်သော။ ကလဟဇာတာနံ၊ ဖြစ်သောခိုက်ရန်ရှိကုန်သော။ ဝိဝါဒါပန္နာနံ၊ ငြင်းခုံခြင်းသို့ရောက်ကုန်သော။ ဘိက္ခူနံ၊ ……တို့၏။ ဥပဿုတိံ၊ စကားကြားလောက်ရာအနီး၌။ တိဋ္ဌေယျ၊ တည်ငြားအံ့။ ယံ၊ အကြင်စကားကို။ ဣမေ၊ ဤရဟန်းတို့သည်။ ဘဏိဿန္တိ၊ ဆိုကုန်လတ္တံ့။ တံ၊ ထိုစကားကို။ သောဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့။ ဧတဒေဝ၊ ယို သူတို့၏စကားကြားလိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ……။ အနည်း……။ တိဋ္ဌေယျ……။ တဿ ဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ရဟန်းတို့ဖြစ်ခြင်း, စောဒနာလိုခြင်း, နားထောင်ခြင်း-အင်္ဂါသုံးပါး။ ။ဤရဟန်းတို့၏စကားကြားရလျှင် သင်တို့ကို အပြစ်တင်မည်၊ အရှက်ခွဲမည်ဟု ကြားလောက်ရာသို့သွားအံ့၊ ရှေ့မှသွားသူတို့၏ စကားကြားလို၍ မြန်မြန်လိုက်အံ့၊ နောက်မှ လိုက်သူတို့၏ စကားကြားလို၍ဖြည်းဖြည်းသွားအံ့၊ ချန်၍သော်လည်း နေအံ့-ခြေလှမ်းတိုင်း "ဒုက္ကဋ်"။ ကြားလောက်ရာ၌ရပ်အံ့-ပါစိတ်။ မိမိရှိရာသို့လာ၍ တိုင်ပင်လျှင် ချောင်းဟန့်အပ်၏။ ငါ ဤ၌ရှိသည်ဟု သိအောင်သော်လည်း ပြုအပ်၏။ မပြုဘဲ နားထောင်လျှင် ပါစိတ်။ မိမိအပြစ်လွတ်စေလို၍ သွားနားထောင်အံ့–အနာပတ္တိ။

သုယျတေတိ သုတိ။ ကမ္ဗသာဝ။ ကြားအပ်သော စကားသ။ သုတိယာ သမီပံ ဥပဿုတိ။ အဗျယီဘာဝ ကြားအပ်သော စကား၏ အနီးနေရာ။ တနည်း ဥပဂန္တွာ သုယျတေ ဧတ္ထာတိ

ဥဂ္ဃဋိတညူ၊ အဓိကရဏသမထ-ချဉ်းကပ်၍နားထောင်ရာအရပ်၊ အဓိပ္ပါယ်တူကုန်၏။ ။ရူပိယ၊အညဝါဒ၊ဥပဿုတိ—ဤသိက္ခာပုဒ်သုံးခု တဖြတ်ထည်း။ ရဲခါကြိုယကြောင့်, ရဲခါအကြိုယကြောင့် အာပတ်သင့်သည်။

**၉။ ကမ္မပဋိဗာဟန။** ။ယောပနဘိက္ခု ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ ဒတွာ ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျ ပါစိတ္တိယံ။ (အဒိန္နာ……)

ယောပနဘိက္ခု……။ ဓမ္မိကာနံ၊တရားအားလျော်ကုန်သော။(ဝါ၊ဓမ္မ ဝိနယ သတ္ထုသာသနဖြင့် ပြုအပ်ကုန်သော။) ကမ္မာနံ၊သံဃာကံတို့အား။ ဆန္ဒံ၊ဆန္ဒကို။ ဒတွာ၊ ပေး၍။ ပစ္ဆာ၊ နောက်၌။ ခိယျနဓမ္မံ၊ရှုတ်ချခြင်းသဘောသို့။အာပဇ္ဇေယျ၊ရောက်ငြားအံ့။တသဘိက္ခုနော……။ ပါစိတ္တိယံ……။ဟောတိ……။

ဓမ္မကံဖြစ်ခြင်း,ဓမ္မကံဟုမှတ်ထင်ခြင်း, ဆန္ဒပေးပြီးဖြစ်လျက်ရှုတ်ချခြင်း-အင်္ဂါသုံးပါး။ ။ဟုတ်မှန်သောဝတ္ထုသည်"**ဓမ္မ**…"။ ဖေးမြန်းခြင်း သတိပေးခြင်းသည်"**ဝိနယ**"…… ။ဉတ်ကမ္မဝါစာသည် "**သတ္ထုသာသန**"……။ ထိုဓမ္မဝိနယသတ္ထုသာသနဖြင့်ပြုသော သံဃာကံသည် "**ဓမ္မကံ**"မည်၏။ အပလောကနစသည်ဖြင့် လေးပါးပြား၏။အပလောကနကံ ၅-ဌာန။ ဉတ္တိကံ၉-ဌာန။ ဉတ္တိဒုတိယကံ၇-ဌာန။ ဉတ္တိစတုတ္ထကံ ၇-ဌာနရှိ၏။ (မျက်ကွယ်ပြုကောင်းသောကံ ၄၆ခုရှိ၏။) ထိုကံတို့ကို အဓမ္မဖြင့်ပြုသည်။ဝဂ္ဂဖြင့်ပြုသည်ကံမထိုက်သူအား ပြုသည်ဟု ရှုတ်ချအံ့-ပါစိတ်။

**၁၀။ ဆန္ဒံအဒတွာဂမန။** ။ယောပနဘိက္ခု သံဃေ ဝိနိစ္ဆယကထာယ ဝတ္တမာနာယ ဆန္ဒံ အဒတွာ ဥဋ္ဌာယာသနာ ပက္ကမေယျ ပါစိတ္တိယံ။(သမန္န……)

ယောပနဘိက္ခု ……။သံဃေ၊သံဃာ၌။ ဝိနိစ္ဆယကထာယ၊ဝိနိစ္ဆယကထာသည်။ ဝတ္တမာနာယ၊ ဖြစ်ဆဲဖြစ်လတ်သော်။ (ဝါ၊ဖြစ်နေစဉ်။) ဆန္ဒံ၊ဆန္ဒကို။အဒတွာ၊မပေးမူ၍။ အာသနာ၊နေရာမှ။ဥဋ္ဌာယ၊ထ၍။ပက္ကမေယျ၊ဖဲသွားငြားအံ့။တသဘိက္ခုနော…။ ပါစိတ္တိယံ….။ဟောတိ……။

ဝိနိစ္ဆယကထာဖြစ်ဆဲဖြစ်ခြင်း, ဓမ္မကံဖြစ်ခြင်း, ဓမ္မကံဟု မှတ်ထင်ခြင်း,သိမ်တခုထည်း၌ တည်ခြင်း, သမာနသံဝါသက ရဟန်းဖြစ်ခြင်း,ကံမျက်လို၍ ဟတ္ထပါသ်စွန့်ခြင်း-အင်္ဂါခြောက် ပါး။ ။ဝတ္ထုကိုပြောကြားပြီး၍ မဆုံးဖြတ်ရသေးသောအခါ သည်ရှင်း။ ဉာတ်ထားပြီး၍ ကမ္မဝါစာမပြီးသေးသော အခါ သည်ရှင်း။ သံဃာ၌ ဝိနိစ္ဆယ ကထာ ဖြစ်ဆဲ မည်၏-နှစ်မျိုး။ ဥက္ခိတ္တက၊ဥက္ခိတ္တာနုဝတ္တကတို့ကား နာနာသံဝါသကဖြစ်သော ကြောင့်အနာပတ္တိ။ငြင်းချုံခြင်း ဖြစ်လတ္တံ့ဟုထသွားအံ့၊ အဓမ္မကံ ဟုထသွားအံ့၊ဂိလာန,ဂိလာနကိစ္စ,ကျင်ကြီးကိစ္စကြောင့် ထသွား အံ့၊ကံမပျက်လိုဘဲ ပြန်လာမည်ဟု ထသွားအံ့-အနာပတ္တိ။

၁၁။ ဒုဗ္ဗလ။ ။ယောပနဘိက္ခု သမဂ္ဂေန သံဃေန စီဝရံ ဒတွာ ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျ-ယထာသန္ထုတံ ဘိက္ခူ သံဃိကံလာဘံ ပရိဏာမေန္တီတိ ပါစိတ္တိယံ။(အဒိန္နာ....)

ယောပနဘိက္ခု....။သမဂ္ဂေန ...။သံဃေန၊.....နှင့်တကွ။စီဝရံ၊..... ကို။ဒတွာ.....။ပစ္ဆာ.....။ခိယျနဓမ္မံ.....။အာပဇ္ဇေယျ.....။ဘိက္ခူ၊.....တို့ သည်။ယထာသန္ထုတံ၊ အကြင် အကြင်ချစ်ကျွမ်းဝင်သူအား။သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ လာဘံ.....။ ပရိဏာမေန္တိ၊ ညွတ်စေကုန်၏။ ဣတိ.....။ ခိယျနဓမ္မံ.....။ အာပဇ္ဇေယျ....။ တဿဘိက္ခုနော....။ ပါစိတ္တိယံ....။ဟောတိ.....။

ရဟန်းဖြစ်ခြင်း, တရားသဖြင့် သမ္မုတိရခြင်း, သံဃာနှင့် အတူတကွ ဝိကပ္ပနာလောက်သောအဝတ်သင်္ကန်းကိုပေးခြင်း, နောက်၌ ရှုတ်ချလို၍ ရှုတ်ချခြင်း-အင်္ဂါလေးပါး။ ။ကျောင်း ညွှန်းစသောသမ္မုတိ ရသောရဟန်းအား သင်္ကန်းဒုဗ္ဗလ ဖြစ်၍ သံဃာနှင့် တကွ သဘောတူ ပေးပြီးမှ ရှုတ်ချအံ့ "**ပါစိတ်**"။ သမ္မုတိ မရသူအား ပေးပြီးမှ ရှုတ်ချအံ့ "**ဒုက္ကဋ်**"။ ။သမ္မာ ထဝိယတေတိသန္ထုတော၊ ယောယောသန္ထုတော ယထာ သန္ထုတံ-ချီးမွမ်းအပ်သော အကြင်အကြင်သူ။ မိတ်ဆွေရ၏။ ချစ်ကျွမ်း ဝင်ရာ၌ သံဃာ့ လာဘ်ကို ပေးသည်ဟု ရှုတ်ချအံ့ "**ပါစိတ်**"။

ဂရုဘာက် ၂၅-ပါးကိုကား ဘယ်သူ့အားမျှ မပေးအပ်။ သံဃိက ဂရုဘဏ်ကို ခေတ္တ ယူသုံးသူသည် အရပ်တပါးသွားလိုလျှင်ပြန်ထားရသည်။ယူသွားမိလျှင်ပြန်ပို့ရသည်။ပြန်မပို့သာလျှင်"**ရောက်ရာသံဃိကကျောင်း၌**"ထားရသည်။

**၁၂။ ပရိဏာမန။** ။ယောပန ဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏတံ ပုဂ္ဂလဿ ပရိဏာမေယျ ပါစိတ္တိယံ (အဋ္ဌမံ.....)။ ။သဟဓမ္မိကဝဂ္ဂေါ အဋ္ဌမော။

ယောပနဘိက္ခု ....။ဇာနံ.....။ပရိဏာတံ၊ သံဃာသို့ ကိုယ်နှုတ်ဖြင့် ညွတ်လေပြီးသော။သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ (ဝါ၊သံဃိက ဖြစ်လတ္တံ့သော။)လာဘံ၊ .... ကို။ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ပရိဏာမေယျ၊ ညွတ်စေငြားအံ့။ တဿဘိက္ခုနော.....။ ပါစိတ္တိယံ..... ။ ဟောတိ.....။ အဋ္ဌမော ....။သဟဓမ္မိကဝဂ္ဂေါ.....။နိဋ္ဌိတော..... ။

နိဿဂ္ဂိ နည်းအတိုင်းအင်္ဂါသုံးပါး။ ။လှူမည်ဟုဆို၍ညွတ်ပြီးရုံသာ-မလှူရသေး။လှူပြီးဖြစ်မူ သံဃိကဖြစ်၍ ရသူ သံဃာသို့ပို့ရသည်။ညွတ်စေသူအား နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ဒုက္ကဋ်တချ။လှူသူ၊ခံသူ၊သုံးဆောင်သူအပြစ်မရှိ။

---

## ရတနဝဂ်။

**၁။ အန္တေပုရ။** ။ယောပနဘိက္ခု ရညော ခတ္တိယဿ မုဒ္ဓါဘိသိတ္တဿ အနိက္ခန္တရာဇကေ အနိဂ္ဂတရတနကေ ပုဗ္ဗေ အပ္ပဋိသံဝိဒိတော ဣန္ဒခီလံ အတိက္ကာမေယျ ပါစိတ္တိယံ။(ပဌမံ....)

ယောပနဘိက္ခု...။ခတ္တိယဿ၊မင်းမျိုးဖြစ်သော။မုဒ္ဓါဘိသိတ္တဿ၊ မင်းဘိသိက်-ထိပ်၌သွန်းအပ်သော။ရညော၊ မင်း၏။ အနိက္ခန္တရာဇကေ၊ မထွက်သေးသောမင်းရှိသော။ အနိဂ္ဂတရတနကေ၊ မထွက်သေးသော မိဖုရားရှိသော။"သယနိဃရေ၊အိပ်ရာရှိသောတိုက်ခန်း၌"။ပုဗ္ဗေ၊ရှေး၌။ အပ္ပဋိသံဝိဒိတော၊မိမိလာသည့်အဖြစ်ကို မသိစေဘဲ။ ဣန္ဒခီလံ၊ တံခါးခုံကို။အတိက္ကာမေယျ၊လွန်စေငြားအံ့။တဿဘိက္ခုနော...။ ပါစိတ္တိယံ ...။ ဟောတိ.....။

မင်းမျိုးဖြစ်ခြင်း, ဘိသိက်သွန်းခြင်း, အိပ်ရာရှိသောအခန်းမှ နှစ်ဦးလုံးမထွက်သေးခြင်း, မိမိလာသည်ကို အကြောင်းမကြားခြင်း,တံခါးခုံလွန်ခြင်း-အင်္ဂါငါးပါး။ ။မင်းကြီး စက်တော်ခေါ်ရာဖြစ်သော တင်းတိမ်မှုကာသော အရပ်သည့်လည်း"**သယနိဃရ**"မည်၏။ နန်းတော်ဝင်ရာ၌ အပြစ်ဆယ်ပါးဟောသည်။ ဤ၌မိဖုရားသည်ရတနမည်၏။

**၂။ ရတန။** ။ယောပနဘိက္ခု ရတနံ ဝါ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဝါ အဇ္ဈာဝသထေ ဝါ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ပါစိတ္တိယံ။ ။ရတနံ ဝါ ပန ဘိက္ခုနာ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဝါ အဇ္ဈာဝသထေ ဝါ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာပေတွာ ဝါ နိက္ခိပိတဗ္ဗံ-ယဿ ဘဝိဿတိ၊ သော-ဟရိဿတီတိ။အယံ တတ္ထ သာမီစိ။(သဗ္ဗာ……)

ယောပနဘိက္ခု……။ ရတနံဝါ၊ ရတနာ ဆယ်ပါးကိုမူလည်း။ ရတနသမ္မတံဝါ၊ ရတနာဟု သမုတ်အပ်သော လူတို့ အသုံးအဆောင်ကိုမူလည်း။ အဇ္ဈာရာမေဝါ၊အရံတွင်းကိုမူလည်း။အဇ္ဈာဝသထေဝါ၊တည်းခိုရာအိမ်တွင်းကိုမူလည်း။ဥဂ္ဂဏှေယျဝါ၊ ကိုယ်တိုင်လည်း ကောက်ယူငြားအံ့။ဥဂ္ဂဏှာပေယျဝါ၊ သူတပါးကိုလည်း ကောက်ယူစေငြားအံ့။ တဿ ဘိက္ခုနော……။ပါစိတ္တိယံ……။ဟောတိ……။ဘိက္ခုနာ၊……သည်။ ရတနံဝါ……။ ရတနသမ္မတံဝါ၊ ……ကိုမူ ။ အဇ္ဈာရာမေဝါ၊ …… ၌မူ ။ အဇ္ဈာဝသထေဝါ၊……၌မူလည်း။ဥဂ္ဂဟေတွာဝါ၊ ကိုယ်တိုင် ကောက်ယူ၍မူလည်း။ဥဂ္ဂဟာပေတွာဝါ၊……စေ၍မူ ။ယဿ၊အကြင်သူ၏"ဥစ္စာသည်"။ ဘဝိဿတိ၊ ဖြစ်သတ္တုံ့။သော၊ ထိုသူသည်။ ဟရိဿတိ၊ဆောင်လတ္တံ့။ ဣတိ၊ဤသို့နှလုံးပြု၍။နိက္ခိပိတဗ္ဗံ၊သိမ်းထားအပ်၏။အယံ၊ဤသို့ ကောက်ယူ၍ သိမ်းထားခြင်းသည်။ တတ္ထ၊ ထိုအရံတွင်း တည်းခိုရာအိမ်တွင်း ဥစ္စာတွေ့ရာ၌။သာမီစိ၊ကျင့်ဝတ်တည်း။

ခွင့်ပြုသော အကြောင်းမရှိခြင်း, သူတပါး၏ ဥစ္စာဖြစ်ခြင်း, အကျွမ်းဝင်သဘော ပံသုကူသဘောမရှိခြင်း, ကောက်ယူ-ကောက်ယူစေခြင်း- အင်္ဂါလေးပါး။ ။နီ၊ ပြောက်၊ မြ၊ လဲ-စသော ရှစ်ပါးနှင့်ရွှေငွေသည်"**ရတနာဆယ်ပါး**"မည်၏။လူတို့

အသုံးအဆောင်သည် ထန်းရွက် လက်စွပ် ဖြစ်စေ "ရတနသမ္မတ"မည်၏။

မိုခင်ပစ္စည်း ဖြစ်သော်လည်း ယူသိမ်းလျှင် ပါစိတ်။ မိမိပစ္စည်းပြု၍သိမ်းလျှင် အနာပတ္တိ။ အကျွမ်းဝင်သူလူတို့က သိမ်းထားပါဟုဆိုလျှင် မသိမ်းအပ်။ ဤနေရာလုံခြုံသည်ဟု ပြလျှင် အပ်၏။ ဤ၌ထားလောဟု မဆိုအပ်။ အတင်းထားခဲ့လျှင် ကြောင့်ကြပြု၍ သိမ်းအပ်၏၊ အရံတွင်း တည်းခိုရာ အိမ်တွင်း၌လည်း ရဟန်းသာမကောတို့ယူလိမ့်မည်ဟု ထင်လောက်ရာ၌သာ ယူ၍ အမှတ်အသားပြု၍သိမ်းရသည်။ သခင်မပေါ်လျှင် ရေတွင်း ရေကန်စသော ထာဝရပစ္စည်းပြုရသည်။ နောက်မှသခင်ပေါ်လျှင် ထာဝရပစ္စည်းကိုပြ၍ ဝမ်းသာလောဟု ဆိုရသည်။ ဝမ်းမသာ၍တောင်လျှင် အပ်သောနည်းဖြင့်အလှူခံ၍ အစားပေးရသည်။

**၃။ ဝိကာလဂါမပ္ပဝေသန။** ။ယောပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ ပါစိတ္တိယံ။ (ထိနာ……)

ယောပနဘိက္ခု……။ သန္တံ……။ ဘိက္ခုံ……ကို။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ဝိကာလေ၊ နေလွဲသောအခါ၌။ ဂါမံ၊ ရွာသို့။ ပဝိသေယျ၊ ဝင်ငြားအံ့။ တထာရူပါ၊ ထိုသို့သဘောရှိသော။ အစ္စာယိကာ၊ အဆောတလျင် ပြုအပ်သော။ ကရဏီယာ၊ ပြုဘွယ်ကိစ္စကို။ အညတြ……။ ပဝိသေယျ……။ တဿဘိက္ခုနော……။ ပါစိတ္တိယံ……။ ဟောတိ……။

ထင်ရှားရှိသောရဟန်းကိုမပန်ခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း, နေလွဲရွာဝင်ခြင်း-အင်္ဂါသုံးပါး။ ။မြွေခဲခြင်းစသော အခါ အဆောတလျင် ဆေးရှာရန်မပန်သော်လည်း ဝင်အပ်၏။ ကျောင်းဝိုင်းအတွင်း ၁၂-တောင်တွင်း မြင်သော ရဟန်းကို "အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ"ဟု ပန်ရသည်။ သံဃာကုန်ဝင်လျှင် အချင်းချင်းပန်ရသည်။ ရွာဖြတ်၍ခရီးသွားစဉ် အိမ်သို့ဝင်လိုလျှင်လည်းပန်၍ဝင်ရသည်။ ကထိန်အာနိသင်ရလျှင် နေလွဲ ပန်ဘွယ်မရှိဟု အလွဲ စွဲတတ်သည်။ သတိပြု။

**၄။ သူစိဃရ။** ။ယော ပန ဘိက္ခု အဋ္ဌိမယံ ဝါ ဒန္တမယံ ဝါ ဝိသာဏမယံ ဝါ သူစိဃရံ ကာရာပေယျ ဘေဒနကံ ပါစိတ္တိယံ။ (သဋ္ဌာ……)

ယောပန ဘိက္ခု……။အဋ္ဌိမယံဝါ၊ အရိုးဖြင့်ပြီးသည်လည်း ဖြစ်သော။ ဒန္တမယံဝါ၊ ဆင်စွယ်ဖြင့်ပြီးသည်လည်း ဖြစ်သော။ ဝိသာဏမယံဝါ၊ သားချိုဖြင့် ပြီးသည်လည်းဖြစ်သော။ သူစိဃရံ၊ အပ်ကျည်ကို။ ကာရာပေယျ၊ ပြုစေငြားအံ့။ တဿ ဘိက္ခုနော……။ ဘေဒနကံ၊ အပ်ကျည်ခွဲခြင်းရှိသော။ ပါစိတ္တိယံ……။ ဟောတိ……။

အပ်ကျည်ဖြစ်ခြင်း, အရိုးစသည်ဖြင့်ပြီးခြင်း, မိမိအလို့ငှါ ပြု၍ရင်း-ပြုစေ၍ရင်း ရခြင်း-အင်္ဂါသုံးပါး။ ။ကိုယ်တိုင် ပြုလျှင်လည်း "**ကာရာပေယျ**"မည်၏။သူတပါးပြုသည်ကိုရ၍ သုံးလျှင် "**ဒုက္ကဋ်**"။ခွဲ၍ပါစိတ်ကို ဒေသနာကြားရသောကြောင့် "**ဘေဒနက**"ပါစိတ်မည်၏။မခွဲဘဲဒေသနာကြားလျှင်လည်း အပ်သည်ဟုကြားအံ့-ဝိနည်းကံချုတ်၏။

**၅။ မဉ္စ။** ။နဝံ ပန ဘိက္ခုနာ မဉ္စံ ဝါ ပီဌံ ဝါ ကာရယမာနေန အဋ္ဌင်္ဂုလပါဒကံ ကာရေတဗ္ဗံ သုဂတင်္ဂုလေန အညတြ ဟေဋ္ဌိမာယ အဋနိယာ၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။ (သဋ္ဌာ……)

နဝံ၊ အသစ်ဖြစ်သော။ မဉ္စံဝါ၊ ညောင်စောင်းကိုရင်။ ပီဌံဝါ၊အင်းပျဉ်ကိုရင်။ ကာရယမာနေန……။ ဘိက္ခုနာ၊……သည်။ ဟေဋ္ဌိမာယ အဋနိယာ၊ အောက်အပေါင်ကို။ ဝါ၊ အပေါင်အောက်စွန်းကို။ အညတြ……။ သုဂတင်္ဂုလေန၊ မြတ်စွာဘုရား၏ လက်သစ်တော် အားဖြင့်။ အဋ္ဌင်္ဂုလပါဒကံ၊ ရှစ်သစ်အခြေ ရှိသည်ကို။ ကာရေတဗ္ဗံ……။ တံ၊ ထိုပမာဏကို။ အတိက္ကာမယတော၊ လွန်စေသော ရဟန်းအား။ ဆေဒနကံ၊ အလွန်ကိုဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ……။ ဟောတိ……။

ပမာဏထက်လွန်သော ညောင်စောင်း အင်းပျဉ်ဖြစ်ခြင်း, မိမိအလို့ငှါပြု၍-ပြုစေ၍ ရခြင်း-အင်္ဂါနှစ်ပါး။ ။အသစ်ပြုခြင်းကိုစွဲ၍ အသစ်ဟု ဆိုသည်။ အပေါင်းလည်း အခြေ ရှစ်သစ်

ထက် မရှည်စေရ၊ ဘုရားရှစ်သစ်သည် မဇ္ဈိမ ၂၄-သစ်၊ ပကတိ ၃၆-သစ်။ ဝါ၊ တတောင့်ထွာရှိ၏။ ညောင်စောင်း အထက်၌ သပိတ်မထားအပ်။ ညောင်စောင်းအောက်၌ရင်း၊ ညောင်စောင်း အပေါင်၌ရင်း ဆွဲ၍ထားအပ်၏ဟု ဆိုသောကြောင့် တတောင့် ထွာရှိလျှင် ဆွဲနိုင်၏။သုတပါး ပြုသည်ကိုရ၍ သုံးဆောင်အံ့– "ဒုက္ကဋ်"။ ပမာဏမလွန်အောင် အခြေကိုဖြတ်၍ မြေ၌မြှုပ်၍ သုံးအံ့၊ ပက်လက်လှန်၍သုံးအံ့၊ ငြမ်းဖွဲ့၍သုံးအံ့-အပြစ်မရှိ။

ပမာဏယုတ္တ ညောင်စောင်းသည် ပကတိကိုးထွာ ရှိ၏။ အင် ပျဉ်သည် ညောင်စောင်းလောက် မရှည်။ အာသန္ဒိကာ၊ ပဥ္စင်္ဂ၊ သတ္တင်္ဂညောင်စောင်းအင်းပျဉ်တို့၌ လေးထောင့်ညီလျှင် အခြေရှစ်သစ်ထက်ရှည်သော်လည်း အပ်၏။ အခြေ လေးချောင်း နောက်မှီရှိလျှင် ပဥ္စင်္ဂ၊ ဝဲယာလက်တင်လည်း ရှိလျှင် သတ္တင်္ဂ မည်၏။ ပက်လက်ကုလားထိုင်မျိုးဖြစ်၏။ ကျောက်ကုန်းမဆန့် သာ။ နိသီဒနတင်မပျက်၊ သဟာသေယျမဖြစ်ဟု မိန့်ဆိုကုန်၏။

၆။ **တူလောနဒ္ဓ**။ ။ယော ပန ဘိက္ခု မဉ္စံ ဝါ ပီဌံ ဝါ တူလောနဒ္ဓံ ကာရာပေယျ ဥဒ္ဒါလနကံ ပါစိတ္တိယံ။(သဒ္ဒ……)

ယောပနဘိက္ခု…… ။တူလောနဒ္ဓံ၊လဲဖွဲ့သွက်ရာဖြစ်သော။မဉ္စံဝါ၊…… ကိုရင်း။ ပီဌံဝါ……။ ကာရာပေယျ……။တသောင်ကျွနေသော……။ ဥဒ္ဒါလ နကံ၊ လဲကိုထုတ်ခြင်းရှိသော။ ပါစိတ္တိယံ……။ ဟောတိ……။

လဲဖွဲ့သွက်ရာညောင်စောင်းအင်းပျဉ်ဖြင်ခြင်း, မိမိအလိုငှါ ပြု၍-ပြုစေ၍ ရခြင်း အင်္ဂါနှစ်ပါး။ ။အဝတ်ခင်း၍ လဲထည့်၍အ ထက်၌ အဝတ်ဖွဲ့၍ပြုသောမဉ္စပီဌသည်"**တူလောနဒ္ဓ**"မည်၏။ အနာပတ္တိဝါရ၌ ခေါင်းအုံးသည် သီသပ္ပမာဏဖြစ်မှအပ်သည်။ ရေမျှော်မှရင်း၊လည်ကုပ် ဆံပင်အဆုံးမှရင်း စ၍ ဦးခေါင်းတခုလုံး ထားစရာခေါင်းအုံးသည် "**သီသပ္ပမာဏ**" မည်၏။ အနံ့ထိပ် သုံးထောင့်တို့တွင် နှစ်ထောင့်အကြား၌ တထွာနှင့်လေးသစ်။ အလယ်၌ဟောင်ဆုပ်၊ အလျားတတောင့်ထွာ၊ ဝါ-နှစ်တောင်။ ထိုထက်ကြီးလျှင်မအပ်။ ခေါင်းအုံး၌ ပျဉ်းပွင့် ခယားပွင့်စသော

အပွင့်အားလုံးမအပ်။ ပန်းညှိရွက်ကား သက်သက်မအပ်။ ရောလျှင်အပ်၏။ ကျန်းမာလျှင်ခေါင်းအုံး ခြေအုံးနှစ်ခုသာ အပ်သည်။ နာလျှင် ခေါင်းအုံးအများအထက်အဝတ်ခင်း၍လည်းအိပ်အပ်၏။ သားရေအခွံပြုသော ခေါင်းအုံးကား လဲသက်သက်ပြည့်လည်း မအပ်။ ခါးမှစ၍ ဦးခေါင်းတိုင်ထားနိုင်သော အစုကာယိက မှိအုံးကြီးလည်း ဒုက္ကဋ်ဝဏ္ဏုတည်း။

ခေါင်းအုံး၌ လက်ထောက်ခြင်း၊ ရင်အောက်ချခြင်းတို့ကား ခေါင်းအုံး၌ ထိုင်ခြင်း အိပ်ခြင်းမဟုတ်သောကြောင့် အပ်ပါသည်ဟုအချို့ဆို၏။ ခေါင်းအုံး ခြေအုံးသာအပ်သောကြောင့်ရင်း၊ ထိုင်စရာ အိပ်စရာမဟုတ်သော မှိအုံးကြီး မအပ်သောကြောင့်ရင်း၊ သီသပ္ပမာဏ-သာအပ်သည်ဟု ဆိုသောကြောင့်ရင်း— လက်ထောက်ခြင်း ရင်အောက်ချခြင်းမအပ်ဟု အချို့ဆို၏။ ဘုံလျှို၌ကား လဲပြည့်လျှင် မှိခြင်း၌ ကေစိ အလိုမအပ်၊အပရေအလို အပ်သည်ဟု **"သာရဋ္ဌဒီပနီကာ"**ဆို၏။ ကျင့်လိုသောစိတ်ဖြင့် မေးမြန်းနိုင်းချိန်အပ်၏။ လက်ထောက်ခြင်း ရင်အောက်ချခြင်း သည် ဂိလာနအား အပ်ကြောင်းထင်ရှား၏။

၇။ **နိသီဒန**။ ။နိသီဒနံ ပနဘိက္ခုနာ ကာရယမာနေန ပမာဏိကံ ကာရေတဗ္ဗံ။ တတြိဒံ ပမာဏံ။ ဒီဃသော ဒွေ ဝိဒတ္ထိယော သုဂတ ဝိဒတ္ထိယာ၊တိရိယံ ဒိယဍ္ဎံ၊ ဒသာဝိဒတ္ထိ။ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။( သဒ္ဓါ····· )

နိသီဒနံ၊နိသီဒိုင်ကို။ကာရယမာနေန·····။ဘိက္ခုနာ ····။ ပမာဏိကံ၊ ပမာဏနှင့်ယှဉ်သည်ကို။ ကာရေတဗ္ဗံ·····။တတြ၊ ထိုနိသီဒိုင်၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ပမာဏံ၊ပမာဏတည်း။ ဒီဃသော၊ အလျားမှ။ သုဂတဝိဒတ္ထိယာ၊ မြတ်စွာဘုရား၏ အထွာတော်အားဖြင့်။ ဒွေဝိဒတ္ထိယော၊ နှစ်ထွာ။ တိရိယံ၊ အနံကား။ ဒိယဍ္ဎံ၊ တထွာခွဲ။(ဝါ။ထက်ဝက်ဖြင့်ယုတ်သောနှစ်ထွာ။)ဒသာ၊အဆာကား။ဝိဒတ္ထိ၊တထွာ။တံ၊ထိုပမာဏကို။ အတိက္ကာမယတော၊·····အား။ ဆေဒနကံ၊ အလွန်ကိုဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ·····။ဟောတိ·····။

နိသိဒိုင်ပမာဏလွန်ခြင်း, မိမိအလိုငှါပြု၍-ပြုစေ၍ ရခြင်း-အင်္ဂါနှစ်ပါး။ ။ အလျားနှစ်ထွာသည် ၆-ထွာ၊ ၉-ထွာ။ အနံတထွာခွဲသည် လေးထွာခွဲ၊ ခြောက်ထွာကိုးသစ်။ အဆာတထွာသည် သုံးထွာ၊လေးထွာခွဲ။ နိသိဒိုင်သည် ဝတ်အပ်သော ခင်း၍ထိုင်အပ် အိပ်အပ်သော အဝတ်သက်န်းဖြစ်၏။ သင်းပိုင်ထက်အနံကြီး၍ အလျားမတိမ်းမယိမ်းရှိ၏။ ဗိန္ဓု၊ ဆိုးရည်မပြ၊ အဓိဋ္ဌာန်တင်ထားလျှင် လေးလမကင်းရ။ ခန္ဓာကိုယ်ကြီးသော ရှင်ဥဒါယီသည် ဤအနေ နိသိဒိုင်ငယ်ပါသည် မထိုင်လောက်ပါဟု လျှောက်သောကြောင့် အဆာတထွာကို နောက်မှ ခွင့်ပြုသည်။ သိုမွေးနိသိဒနသန္ထတကား ရက်သောအခင်းမဟုတ်၊ အဓိဋ္ဌာန်မတင်ရ။

**၈။ ကဏ္ဍုပ္ပဋိစ္ဆာဒိ။** ။ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ။ တတြိဒံပမာဏံ။ ဒီဃသော စတဿော ဝိဒတ္ထိယော သုဂတ ဝိဒတ္ထိယာ၊တိရိယံ ဒွေဝိဒတ္ထိယော၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။ (သဒ္ဒါ……)

ကဏ္ဍုပ္ပဋိစ္ဆာဒိံ၊အမာလွှမ်းသက်န်းကို။ကာရယမာနေန……။ဘိက္ခုနာ……။ပမာဏိကာ……။ကာရေတဗ္ဗာ……။တတြ……။ဣဒံ…။ပမာဏံ…။ ဒီဃသော……။သုဂတဝိဒတ္ထိယာ……။စတဿောဝိဒတ္ထိယော၊လေးထွာ။ တိရိယံ……။ဒွေဝိဒတ္ထိယော၊နှစ်ထွာ။တံ၊ ထိုပမာဏကို။ အတိက္ကာမယတော၊……အား။ဆေဒနကံ……။ပါစိတ္တိယံ……။ဟောတိ……။

ယခင်ကဲ့သို့အင်္ဂါနှစ်ပါး။ ။ကဏ္ဍု– ဝဲနာစသည်ကို+ပဋိစ္ဆာဒိ- ဖုံးစရာအဝတ်ဖြစ်၏။ ချက်အောက်၊ဒူးဝန်းနှစ်ဘက်အထက်၌ ယားနာ၊ဝဲနာ၊အရိယိုသော မြင်းသရိုက်နာ၊ ဝဲကြီးနာတို့ကို ဖုံးစရာဟူလို။ အလျားလေးထွာသည် ၁၂–ထွာ။ ၁၈-ထွာ။ဝါ-ပကတိ ကိုတောင်×အနံလေးတောင့်ထွာ ဖြစ်၏။ အနာရှိခိုက် တထည်သာ အဓိဋ္ဌာန်တင်ရသည်။ အနာပျောက်လျှင် အလိုလိုအဓိဋ္ဌာန်ကျ၍ ဝိကပ္ပနာပြုရသည်။ ဝဇီရဗုဒ္ဓိ၌

အမာလွှမ်းအကြီးဆုံး လေးထွာ×နှစ်ထွာသည် ပကတိပုရိသတို့အား ကြီးလွန်းသော်လည်း တကိုယ်လုံးဖြစ်စေ၊အထပ်ထပ်ဖြစ်စေ ဖုံးနိုင်အောင် ဘုရားရှင်အား အလိုတော်ရှိသည်ဟုဆို၏။ ဘိက္ခုနီရေသနုပ်နှင့် ပမာဏတူ၏။

၉။ **ဝဿိကသာဋိကာ။** ။ဝဿိကသာဋိကံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ။ တတြိဒံ ပမာဏံ။ ဒီဃသော ဆဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ အဍ္ဎတေယျာ။ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။ (သဒ္ဓာ……)

ဝဿိကသာဋိကံ၊ မိုးရေခံသင်္ကန်းကို။ ကာရယမာနေန……။ ဘိက္ခုနာ……။ပမာဏိကာ……။ ကာရေတဗ္ဗာ……။ တတြ……။ ဣဒံ……။ ပမာဏံ……။ ဒီဃသော……။ သုဂတဝိဒတ္ထိယာ……။ ဆဝိဒတ္ထိယော၊ ခြောက်ထွာ။တိရိယံ ……။အဍ္ဎတေယျာ၊နှစ်ထွာခွဲ။ (ဝါ၊ ထက်ဝက်ဖြင့်ယုတ်သော သုံးထွာ။) တံ……။အတိက္ကာမယတော……။ဆေဒနကံ ……။ ပါစိတ္တိယံ။ ဟောတိ……။

အင်္ဂါနှစ်ပါး။ ။မိုးလေးလသာ တထည်သာ အဓိဋ္ဌာန်တင်၍ ဝတ်အပ်၏။မိုးလေးလအဆုံး၌ အလိုလိုအဓိဋ္ဌာန်ကျ၍ ဝိကပ္ပနာပြုရသည်။ လျား ၆-ထွာသည် ၁၈ ထွာ။ ၂၇-ထွာ။ နံ ၂-ထွာခွဲသည် ၇-ထွာခွဲ။ ၁၁-ထွာနှင့် ၁၅-သစ်ဖြစ်၏။

၁၀။ **နန္ဒတ္ထေရ**" ။ယောပန ဘိက္ခု သုဂတစီဝရပ္ပမာဏံ စီဝရံ ကာရာပေယျ အတိရေကံ ဝါ ဆေဒနကံ ပါစိတ္တိယံ။ တတြိဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ ဒီဃသော နဝဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဆဝိဒတ္ထိယော၊ ဣဒံ သုဂတဿ သုဂတစီဝရပ္ပမာဏန္တိ။(သဒ္ဓာ……)။ ။ရတနဝဂ္ဂေါ နဝမော။

ယောပန ဘိက္ခု……။ သုဂတစီဝရပ္ပမာဏံ၊ မြတ်စွာဘုရား သင်္ကန်းတော်ပမာဏရှိသော။ စီဝရံဝါ၊……ကိုဖြင်း။ အတိရေကံဝါ၊ ထိုထက်လွန်သော သင်္ကန်းကိုဖြင်း။ ကာရာပေယျ……။ တဿ ဘိက္ခုနော……။ ဆေ ဒနကံ……။ ပါစိတ္တိယံ……။ ဟောတိ……။ ။တတြ၊ ထိုစကား၌။ ဣဒံ၊

ဤဆိုလတ္တံ့သည့်ကား။ သုဂတဿ၊ မြတ်စွာဘုရား၏။ သုဂတစီဝရ ပ္ပမာဏံ၊ သင်္ကန်းတော် ပမာဏတည်း။ ဒီဃသော……။ သုဂတ ဝိဒတ္ထိယာ……။ နဝဝိဒတ္ထိယော၊ ကိုးထွာ။ တိရိယံ……။ ဆဝိဒတ္ထိယော၊ ခြောက်ထွာ။ ဣဒံ၊ ဤသည့်ကား။ သုဂတဿ……။ သုဂတစီဝရပ္ပမာဏံ …။ ဇာတိ၊ ဤသို့သိအပ်၏။ နဝမော၊ ကိုးခုမြောက်သော။ ရတန ဝဂ္ဂေါ……။ နိဋ္ဌိတော……။

အင်္ဂါနှစ်ပါး။ ။လျှားကိုးထွာသည် ၂၇-ထွာ။ အထွာ ၄၀-နှင့် ခြောက်သစ်။ နံ ၆-ထွာသည် ၁၈-ထွာ၊ ၂၇-ထွာ။ ဤကား ဘုရားရှင်၏ဒုကုဋ်၊ ကိုယ်ရုံအငယ်ဆုံးသာတည်း။ ရဟန်းများ၏ ဒုကုဋ်၊ ကိုယ်ရုံသည် ထိုအောက် ငယ်မှ အကြီးဆုံး အပ်သည်။ သုဂတသဒ္ဒါနှစ်ဆင့်ကား သဒ္ဒါနည်းတန်ဆာဆင်ခြင်းတည်း။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော ဒွေ နဝုတိ ပါစိတ္တိယာ ဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိတိ။ ။ဒွေ နဝုတိ ပါစိတ္တိယာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော၊……တို့။ ဒွေနဝုတိ၊……သော။ ပါစိတ္တိယာ……။ ဓမ္မာ၊……တို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည် သာတည်း။ တတ္ထ၊ ထို ၉၂-ပါးသော ပါစိတ်တို့၌။ အာယသ္မန္တေ၊…… တို့ကို။ ပုစ္ဆာမိ…… ။ ကစ္စိ……။ ပရိသုဒ္ဓါ……။ အတ္ထ……။ ဒုတိယမ္ပိ……။ တတိယမ္ပိ……။ ပုစ္ဆာမိ……။ ကစ္စိ……။ ပရိသုဒ္ဓါ……။ အတ္ထ……။ ဧတ္ထ၊ ဤ ၉၂-ပါးသောပါစိတ်၌။ အာယသ္မန္တော၊……တို့သည်။ ယသ္မာ……။ ပရိသုဒ္ဓါ‥။ တသ္မာ……။ တုဏှီ……။ အသိ……။ ဧဝံ……။ ဧတံ……။ ဓာရယာမိ……။ ဇာတိ၊ ဤသို့သောစကားအစဉ်ဖြင့်။ ဒွေနဝုတိ……။ ပါစိတ္တိယာ‥။ ဓမ္မာ၊…… တို့သည်။ နိဋ္ဌိတာ……။

---

## ပါဋိဒေသနီ။

ဣမေခေါ ပနာယသ္မန္တော စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အာယသ္မန္တော၊······တို့၊ စတ္တာရော၊ လေးပါးကုန်သော၊ ပါဋိဒေသနိယာ၊ ပါဋိဒေသနီ အမည်ရှိကုန်သော၊ ဓမ္မာ၊ တရားတို့သည်၊ ဥဒ္ဒေသံ······၊ အာဂစ္ဆန္တိ······၊

**၁။ ပဌမပါဋိဒေသနီ။** ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ အန္တရဃရံ ပဝိဋ္ဌာယ ဟတ္ထတော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပဋိဒေသေတဗ္ဗံ-တေန ဘိက္ခုနာ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ။ (ဌေ······)

ယောပနဘိက္ခု······။ အန္တရဃရံ၊ ရွာတွင်းသို့။ ပဝိဋ္ဌာယ၊ ဝင်သော။ အညာတိကာယ၊······သော။ ဘိက္ခုနိယာ၊······၏။ ဟတ္ထတော၊ လက်မှ။ ခါဒနီယံဝါ······။ ဘောဇနီယံဝါ······။ သဟတ္ထာ၊ မိမိ၏လက်ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံယူ၍။ ခါဒေယျဝါ······။ ဘုဉ္ဇေယျဝါ······အံ့။ တေနဘိက္ခုနာ၊······သည်။ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ"······။ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ၊ ဒေသနာကြားအပ်၏။ (တနည်းကား။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဂါရယှံ၊ ကဲ့ရဲ့အပ်သော။ အသပ္ပါယံ၊ မလျောက်ပတ်သော။ ပါဋိဒေသနီယံ၊ ပါဋိဒေသနီ အမည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။ အာပဇ္ဇိံ၊ ရောက်ချေပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ကြားပါ၏။ ဝါ၊ ကုစားပါ၏။ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ······။)

ဥဘတော ဘိက္ခုနီဖြစ်ခြင်း, အမျိုးမတော်ခြင်း, ရွာတွင်း၌ တည်သော ဘိက္ခုနီ၏လက်မှ မိမိလက်ဖြင့်ခံခြင်း, ယာဝကာလိက ဖြစ်ခြင်း, မျိုခြင်း အင်္ဂါငါးပါး။ ။အန္တရ-အကြား၌+ ဃရ-အိမ်ရှိ+သည်။ လမ်းနှင့်တကွ အိမ်အားလုံး မြို့တွင်း ရွာတွင်းသည်"**အန္တရဃရ**"မည်၏။ ခဲဘွယ်ဘောဇဉ် ခံယူသော ရဟန်း၏နေရာကား ရွာတွင်း ရွာပ-ပမာဏမဟုတ်။ သဂ္ဂမောက္ခအားမလျော်သောကြောင့်ရင်၊ အစီးအပွါးမဟုတ်သောကြောင့်ရင်း "**အသပ္ပါယ**"မည်၏။ ပါဋိဒေသနီ အာပတ်ကို ကြားပါ၏ဟု ဆိုခြင်းဖြင့် ပါဋိဒေသနီ အာပတ်သင့်သည်ဟု သိသာ၏။

ကြားနေကျအတိုင်း သဗ္ဗသာဓာရဏနည်းဖြင့်ကြားလျှင်လည်း အပ်၏။

**၂။ ဒုပါဠိဒေသနီ။** ။ဘိက္ခုပနေဝ ကုလေသု နိမန္တိတာ ဘုဉ္ဇန္တိ၊ တတြ စေသာ ဘိက္ခုနီ ဝေါသာသမာနရူပါ ဌိတာ ဟောတိ ဣဓသူပံ ဒေထ ဣဓဩဒနံ ဒေထာတိ၊ တေဟိ ဘိက္ခူဟိ သာဘိက္ခုနီ အပသာဒေတဗ္ဗာ အပသက္က တာဝ ဘဂိနိ၊ ယာဝဘိက္ခူ ဘုဉ္ဇန္တီတိ။

ဘိက္ခူပနေဝ၊ ရဟန်းတို့သည်သာလျှင်။ ကုလေသု၊ ဒါယကာအိမ်တို့၌။ နိမန္တိတာ၊ ပင့်ဘိတ်အပ်ကုန်သည် ဖြစ်၍။ ဘုဉ္ဇန္တိ၊ ဆွမ်းစားကုန်၏။ တတြ၊ ထိုဆွမ်းစားရာ၌။ ဧသာဘိက္ခုနီ၊ ဤသို့သော ဘိက္ခုနီမသည်။ ဝေါသာသမာနရူပါ၊ အကျွမ်းဝင်ရာ၌ စီမံခြင်း သဘောရှိသည်ဖြစ်၍။ ဌိတာ၊ တည်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဣဓ၊ ဤရဟန်း၏ သပိတ်၌။ (ဝါ၊ ဤနေရာ၌ နေသောရဟန်းအား။) သူပံ၊ ဟင်းကို။ ဒေထ၊ လှူကြလော။ ဣဓ……။ ဩဒနံ၊ ထမင်းကို။ ဒေထ……။ ဣတိ၊ ဤသို့အကျွမ်းဝင်ရာ၌ စီမံခြင်းသဘော ရှိသည်ဖြစ်၍။ ဌိတာ……။ စေ ဟောတိ……။ တေဟိ ဘိက္ခူဟိ၊……တို့သည်။ သာ ဘိက္ခုနီ၊……ကို။ အပသာဒေတဗ္ဗာ၊ မောင်းမဲအပ်၏။ ဘဂိနိ၊ နှမ။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ဘိက္ခူ……။ဘုဉ္ဇန္တိ……။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ အပသက္က၊ ဖဲသွားဦးလော။ ဣတိ……။ အပသာဒေတဗ္ဗာ၊ မောင်းမဲအပ်၏။

ဧကဿ စေပိ ဘိက္ခုနော နပ္ပဋိဗာသေယျ တံ ဘိက္ခုနိံ အပသာဒေတုံ အပသက္កတာဝ ဘဂိနိ၊ ယာဝဘိက္ခူ ဘုဉ္ဇန္တီတိ။ ပဋိဒေသေတဗ္ဗံ တေဟိ ဘိက္ခူဟိ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပ္ပါယံ ပါဋိဒေသနီယံ။ တံ ပဋိဒေသေ မာတိ၊ (ထိနှာ……)

ဧကဿပိ ဘိက္ခုနော-ဧကောပိဘိက္ခု၊ တပါးမျှသော ရဟန်းသည်လည်း။ တံ ဘိက္ခုနိံ၊……ကို။ အပသာဒေတုံ-အပသာဒေတွာ၊ မောင်းမဲ၍။ အပသက္ကတာဝ ဘဂိနိ၊ ယာဝဘိက္ခူ ဘုဉ္ဇန္တိ၊ ရဟန်းများ ဆွမ်းဘုဉ်းပေးချိန်- ဖဲသွားဦးလော။ ဣတိ၊ ဤသို့။ နေပ္ပဋိဗာ

သေယျ၊ အကာယ်၍ မဆိုငြားအံ့။ တေဟိ ဘိက္ခူဟိ၊……တို့သည်။ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံမှ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမ……။ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ၊ ဒေသနာကြားအပ်၏။ (တနည်းကား။ အာဝုသော……။ မယံ၊ ငါတို့သည်။ ဂါရယှံ……။ အသပ္ပါယံ……။ ပါဋိဒေသနီယံ……။ ဓမ္မံ……။ အာပဇ္ဇိံမှ၊ ရောက်ကြ ချေပြီ။ တံ……။ ပဋိဒေသေမ၊ ကြားပါကုန်၏။ ဝါ၊ ကုစားပါကုန်၏။ ဣတိ၊ ဤသို့။ ပဋိဒေသေတဗ္ဗံ……။ )

ဉာတကော ဘိက္ခုနီဖြစ်ခြင်း, ဘောဇဉ်ငါးပါးဖြစ်ခြင်း, ရွာတွင်း၌ ခွင့်ပြုသည်မှ တပါးသောနည်းဖြင့် စီမံခြင်း, မတားခြင်း, မျိုခြင်း-အင်္ဂါငါးပါး။ ။မိမိဆွမ်းကို ပေးခိုင်းအံ့၊ သူတပါး၏ ဆွမ်းကို ကိုယ်တိုင်ပေးအံ့၊ မရသေးသူအား ပေးခိုင်းအံ့၊ အားလုံးကို ညီတူပေးခိုင်းအံ့ အနာပတ္တိ။ ဤကား ရွာတွင်း၌ ခွင့်ပြုသောနည်းတည်း။ ဘောဇဉ်ငါးပါး မဟုတ်လျှင်လည်း အနာပတ္တိ။ မိမိဆွမ်းကို ကိုယ်တိုင် ပေးလျှင် ယခင်သိက္ခာပုဒ်နှင့် ဆိုင်၏။ သူတပါး၏ ဆွမ်းကိုပေးခိုင်းလျှင် ဤသိက္ခာပုဒ်နှင့်ဆိုင်၏။ ။ဝိ၊ အဝ, သာသ-ကထနေ+မာနပဋ္ဌည်း။ ။အပ, သက္ကဂတိမှ်။ ။သဒ-အဿာဒနေ။ အပပုဗ္ဗော-တဇ္ဇနေ၊ နိဝါရဏေ ဝါ။ ။ဧကာဿ စေဝိ ဘိက္ခုနေသ၌ ပဋ္ဌမာအနက် ဆင့်။ ။ အပသာဒေတုံ၌ အဘိဟာဋ္ဌုံကဲ့သို့ တွာ-ပစ္စည်း၏ တုံ အပြု။ ။ အားလုံးပြိုင်တူ ဒေသနာကြားအပ်သလို ဆိုသော်လည်း ပရိဝါဒ္ဒိဋ္ဌာဝိကမ္မဝဂ်၌ နှစ်ပါး၊ သုံးပါးထက်လွန်၍ တပေါင်းထည်းကြားလျှင် "**အဓမ္မိက**"ဟု ဆိုသည်။

၃။ တ-ပါဋိဒေသနီ။ ။ယာနိ ခေါပနတာနိ သေက္ခသမ္မတာနိ ကုလာနိ၊ ယောပနဘိက္ခု တထာရူပေသု သေက္ခသမ္မတေသု ကုလေသု ပုဗ္ဗေ အနိမန္တိတော အဂိလာနော ခါဒနီယံ ဝါ ဘောဇနီယံ ဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ။ ပဋိဒေသေတဗ္ဗံ တေန ဘိက္ခုနာ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ။ တံ ပဋိဒေသေမီတိ။ (ဇ္ဇေ……)

သေက္ခသမ္မတာနိ၊ သေက္ခသမ္မုတိ ရကုန်သော။ ယာနိခေါပနတာနိ ကုလာနိ၊အကြြင်ဒါယကာတို့သည်။သန္တိ၊ ရှိကုန်၏။ယောပနဘိက္ခု……။ တထာရူပေသု၊ ထိုသို့သဘောရှိကုန်သော။ သေက္ခသမ္မတေသု……။ ကုလေသု၊ ဒါယကာတို့၌၊ ပုဗ္ဗေ၊ရှေးအဘို့၌၊ [အိမ်ဉပစာသို့မရောက်ခင်ဟူလို။]အနိမန္တိတော၊ ပင့်ဘိတ်အပ်သူမဟုတ်ဘဲ။ အဂိလာနော၊…ဘဲ။ခါဒနီယံ ဝါ……။ဘောဇနီယံဝါ……။သဟတ္ထာ……။ ပဋိဂ္ဂဟေတွာ…။ ခါဒေယျ ဝါ……။ဘုဉ္ဇေယျဝါ……။ တေနဘိက္ခုနာ၊……သည်။ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံပဋိဒေသေမိ……။ဣတိ၊ ဤသို့ဆို၍။ပဋိ ဒေသေတဗ္ဗံ……။

သေက္ခသမ္မုတိရခြင်း, ရှေးအဘို့၌ ပင့်ဘိတ်သည်မဟုတ်ခြင်း, အဂိလာနရဟန်းဖြစ်ခြင်း, အိမ်ဉပစာသို့သက်ခြင်း, နိစ္စဘတ်မှတပါးသော အာမိသကိုခံခြင်း-အင်္ဂါငါးပါး။ ။ဆွမ်းခံမသွားနိုင်လျှင် ဂိလာန……။သေက္ခပုဂ္ဂိုလ်တို့သည် သဒ္ဓါများကုန်၏။ကုဋေ ရှစ်ဆယ်ကြွယ်သော်လည်း မွဲအောင်သဒ္ဓါများကုန်၏။ မွဲသော်လည်း သဒ္ဓါမပျက်။ ပစ္စည်းမွဲသော သေက္ခဖြစ်အံ့၊ ကျောင်း၌ သံဃာသည် ဉတ္တိဒုတိယကံဖြင့် သေက္ခသမ္မုတိပေးရသည်။သေက္ခသမ္မုတိရသူ-အိမ်မှထုတ်၍ လှူလျှင်ခံအပ်၏။ အိမ်ဉပစာရောက်မှပင့်လျှင် မခံအပ်။

၄။ **စတုတ္ထပါဋိဒေသနီ။** ။ယာနိခေါပနတာနိ အာရညကာနိ သေနာသနာနိ သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ၊ ယောပနဘိက္ခု တထာရူပေသု သေနာသနေသု ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ အဇ္ဈာရာမေ သဟတ္ထာ ပဋိဂ္ဂဟေတွာ အဂိလာနော ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပဋိဒေသေတဗ္ဗံ တေနဘိက္ခုနာ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊တံ ပဋိဒေသေမိတိ။ (ထိနာ……)

အာရညကာနိ၊ တော၌ဖြစ်ကုန်သော။ သာသင်္ကသမ္မတာနိ၊ ရွံ့ရှာဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ သပ္ပဋိဘယာနိ၊ ဘေးရန်နှင့်တကွဖြစ်ကုန်သော။ယာနိခေါပနတာနိ သေနာသနာနိ၊ အကြြင်ကျောင်းတို့သည်။သန္တိ……။ယောပနဘိက္ခု……။ တထာရူပေသု……။ သေနာသနေ

သု····။ပုဗ္ဗေ၊ရှေးအဘို့၌။[အရံဥပစာသို့မဝင်ခင်ဟူလို။] အပ္ပဋိသံဝိဒိတံ၊ မသိစေဘဲဆောင်ယူအပ်သော။ ခါဒနီယံ ဝါ·····။ ဘောဇနီယံ ဝါ·····။ အဇ္ဈာရာမေ၊ အရံတွင်း၌။ သဟတ္ထာ·····။ပဋိဂ္ဂဟေတွာ·····။အဂိလာနော·····။ခါဒေယျ ဝါ·····။ဘုဉ္ဇေယျ ဝါ·····။တေနဘိက္ခုနာ····· ။ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ···။ ဣတိ၊ ဤသို့ဆို၍။ပဋိဒေသေတဗ္ဗံ·····။

သာသင်္ကသပ္ပဋိဘယ တောကျောင်းဖြစ်ခြင်း, ယာဝကာလိက၏ အရံတွင်းဖြစ်မဟုတ်ခြင်း, ဂိလာနမဟုတ်ခြင်း, ဂိလာနကြွင်းမဟုတ်ခြင်း,ရှေးဦးစွာမပြောကြားခြင်း,အရံတွင်း၌ အလှူခံခြင်း,မျိုခြင်း-အင်္ဂါခုနစ်ပါ ။ ။အရံပထွက်၍ခံလျှင် အနာပတ္တိ။ သီတင်းသုံးဘောင်ငါးယောက် လာ၍ပြောကြားအံ့။ အရံ၊ အရံဥပစာမှ တပါး၌ပြောကြားအံ့–ပြောကြားသည်မမည်။ ဤမည်သော သူသည် ဘောဇဉ်ခဲဘွယ် လာမို့ပါလိမ့်မည်ဟု အရံ၊အရံဥပစာအတွင်းသို့ လူလာ၍ပြောမှ "**ပုဗ္ဗေပဋိသံဝိဒိတ**" မည်၏။

ပြောကြားပြီးသည်နှင့်အတူ အမိပါလာသမျှလည်း ပြောကြားပြီးသာမည်၏။ အရံအလယ် ခရီးဖြတ်သွားသူ လှူလျှင်လည်း မခံအပ်။အရံပသို့ထွက်၍ ခံလျှင်အပြစ်မရှိ။ကျောင်းမှသစ်သီးကို ရွာသို့ယူသွားပြီးမှ ပြန်မို့လျှင်လည်း ကြိုတင်၍ပြောကြားမှ ခံရသည်။ မပြောကြားလျှင် အရံပထွက်ခံရသည်။အရံတွင်းသို့ လာ၍ ဘောဇဉ်ခဲဘွယ်လာမို့ပါမည်ဟု ကြိုတင်၍ပြောကြားသောအခါ ဘေးရန်၊တွေးတောဘွယ်ခိုးသူတို့ရှိလျှင် ဤသို့ ဤသို့ ရှိသည်ဟု ပြောပြရသည်၊ ရှိပါစေ လာမို့ပါမည်ဟု ဆိုလျှင် ခိုးသူတို့အား သင်တို့ရှောင်နေကြဦးလောဟု ပြောရသည်။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာတုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။ ။စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော·····။ စတ္တာရော·····။ ပါဋိဒေသနီယာ ····။ဓမ္မာ၊····· တို့ကို။ဥဒ္ဒိဋ္ဌာခေါ၊သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ တတ္ထ၊

ထိုလေးပါးသော ပါဠိဒေသနီတို့၌။ အာယသ္မန္တော······။ ပုဗ္ဗာပတ္တိ······။ ကစ္စိ······။ ပရိသုဒ္ဓါ······။ အဋ္ဌ······။ ဒုတိယမ္ပိ······။ တတိယမ္ပိ······။ ပုဗ္ဗာပတ္တိ······။ ကစ္စိ······။ ပရိသုဒ္ဓါ······။ အဋ္ဌ······။ ဧတ္ထ၊ ဤပါဠိဒေသနီတို့၌။ အာယသ္မန္တော၊ ····တို့သည်။ ယသ္မာ······။ ပရိသုဒ္ဓါ······။ တသ္မာ······။ တုဏှီ······။ အသိ······။ ဧဝံ······။ တေံ······။ ဓာရယာမိ······။ ဇာတိ၊ ဤသို့သော စကားအစဉ်ဖြင့်။ စတ္တာရော···။ ပါဠိဒေသနီယာ···။ ဓမ္မာ······။ နိဋ္ဌိတာ······။

---

## ပြလတ္တံ့သောသေခိယ၏ဂုဏ်ထူး။

[သေခိယကို မရိုမသေ အကုသိုလ်ဒေါသဖြင့် လွန်ကျူးမှ အာပတ်သင့်သည်။ ဒေါသလည်းဖြစ်နိုင်ခဲ့သည်။ သတိချွတ်ကာမျှဖြင့် အာပတ်မသင့်။ ယင်းသို့ဖြစ်လျက် အချို့ပုဂ္ဂိုလ်များသည် ဝတ်ရုံပုံ၊ သွားလာပုံ၊ စားသောက်ပုံကိုသေခိယအလေးပြုခြင်းဖြင့် ထူးခြားစေကုန်၏။ကြည်ညိုသူများ၍ လာဘ်ပေါ်အောင် ပကာသနပြုကြလေသလော······စသည်ဖြင့် မေးလိုလျှင် မေးသင့်ပေ၏။ ။ပကာသနပြုခြင်း၊ လာဘ်ငဲ့ခြင်း စသည်ကို အပြစ်များစွာပြ၍ ဘုရားရှင်ကဲ့ရဲ့တော်မူသည်။ ဝိနည်းအာဏာတော်ကို အလေးပြုခြင်းကိုကား မကဲ့ရဲ့။ ကိုယ်နှုတ်နှစ်ပါးစောင့်ခြင်း၌ ပညပ်သည်။ စိတ်မပါဘဲ ဟန်လုပ်ခြင်း၌ဟု ဆိုချင်လျှင် ဆိုနိုင်သည်။

သေခိယသည် အစမှစ၍ သာရုပ္ပ-၂၆။ ဘောဇနသံယုတ္တ–၃၀။ ဓမ္မဒေသနာသံယုတ္တ-၁၆။ ပကိဏ္ဏက–၃ ဖြစ်၏။အဘယ်ကြောင့် သေခိယမည်သနည်း။ ။နိဗ္ဗာန်ကိုမြင်ကြောင်း သမ္မာဒိဋ္ဌိပညာသည် "ဇာနာတိ ဇောတာယာတိဇာနာ"····· မည်၏။ ထိုပညာနှင့် ပြည့်စုံသူသည် "သဟဇာနာယယောဝတ္တတီတိသေက္ခော"···မည်၏။ထိုသေက္ခပုဂ္ဂိုလ်၏ အကျင့်သည် "သေက္ခဿဣဒံ သေခိယံ"မည်၏။နိဗ္ဗာန်ကိုမြင်သော သေက္ခပုဂ္ဂိုလ်၏ အကျင့်သည်"**သေခိယ**"မည်၏။ ။ထိုစကားဖြင့် သေခိယကျင့်သူကို သေက္ခ၌ ရေတွက်၏ဟု ပြသည်။ထိုသူသည် ဒါယဇ္ဇပရိဘောဂရှိသူဖြစ်ပြီ။ခိုးစားခြင်းထေယျမရှိ။ကြွေးမြီယူခြင်း ဣဏမရှိ။ လိုရာသွားနိုင်၏။ သာမိပရိဘောဂသို့ရောက်လျှင် သခင်ဖြစ်၍ တဏှာ၏ ကျွန်အဖြစ်မှ လွတ်၍ တဏှာခိုင်းတိုင်းစားသူမဟုတ်ပြီ။

ဈေးမထေရ်တပါးသည် မိမိအား ရှိခိုးသောအခြင်းအရာကို မြင်လျှင် ''သုခီဟောတု၊ချမ်းသာသူဖြစ်စေ''ဟု ဆုပေး၏။ ယောကျ်ား မိန်းမဟု ကွဲပြားအောင်မသိ။ သာရုပ္ပသိက္ခာပုဒ်များလုံလေစွ။ သာမဏေတပါးသည် ဆရာက ငါ့ရှင် သင့်လျှာ-ဆွမ်းမပူစေနှင့်–ဟု မိန့်ဆိုသည်ကို နားထောင်၍ ဆွမ်းစားအပြီးတွင် ရဟန္တာဖြစ်ဘူးပြီ၊ ဘောဇနသိက္ခာပုဒ်များလုံလေစွ။ ရှင်နာဂသိန်သည် မိမိဟောသော တရားအဆုံး၌ မိမိလည်း မဂ်ဖိုလ်ရသည်။ ဓမ္မဒေသနာသိက္ခာပုဒ်များလုံလေစွ။ ထို့ကြောင့် သေဒိယအလေးပြုသူအားအကျိုးမယုတ်ဟုသိသာ၏။ (စာတတ်ကျခ်းပြုထင်ရှားသော ဆရာတော်ကြီးတပါး ဟင်းရည်သောက်ရာ၌ ရွတ်ရွတ်သံမြည်သည်ကို ကွယ်ရာ၌ သာမဏေငယ်များ ·ကဲ့ရဲ့နေကြသည်ကို မြင်ဘူး၏။)သဒ္ဒါအသစ် ကျပ်ပြည့်ဖြစ်ကြပေသည်။

သေဒိယ မလေးမစား သဒ္ဒါဝိရိယနည်းပါးလျှင် ဒါယဇ္ဇဖြစ်ထိုက်လျက် ကြွေးတင်ခြင်းကို,အချိုးစားခြင်းကို ဖြစ်စေနိုင်သည်။ သာမိဖြစ်ထိုက်လျက် တဏှာ၏ကျွန်ဖြစ်လွယ်လှသည်။ သီလမလုံသူသည် လုံသူကို·····။သမာဓိမတည်သူသည် တည်သူကို·····။ဝိနည်းအလေးမပြုသူသည် အလေးပြုသူကို အနိဋ္ဌာရုံဟု မှတ်ထင်ငြားအံ့။ ဘုရားရှင်၏ ဣဋ္ဌာရုံကို အနိဋ္ဌာရုံဟု မှတ်ထင်မိသူနှင့် တူသော သနားဘွယ်သည် လောက၌ ရှိဦးမည်လော။

သေဒိယ၌ အမှတ်မဲ့ချွတ်ခြင်းဖြင့် အနာဒရိယ အကုသိုလ်ဒေါသ ဖြစ်နိုင်ခဲပါသည်ဟု မှတ်ထင်အံ့။ ''ဤခိုးသူချမ်းသာစွာအိပ်ပါစေ''ဟု အမိန့်ပေးသော ဘုရင်အား ကာမရာဂအကြားမှ သိပ်မွေ့သော ဒေါသဖြင့် ပါဏာတိပါတကံထိုက်ခြင်း။ ''ဤခိုးသူကို အချက်များစွာ ရိုက်ပါနှင့်။ တချက်ထည်းဖြင့် ကိစ္စအပြီးပြုပါ''ဟု သနား၍ဆိုသော ရဟန်းအား ကိစ္စမချွတ်လျှင် ပါရာဇိကဖြစ်ခြင်း၊ ဒေါသသည် ကရုဏာအသွင်ဖြင့် လှည့်စားခြင်း၊ ကုဋိ၌ရေတွင်းထားခဲ့သော ဓမ္မကထိကအား ဝိနည်းကို မသိသော်လည်း ထားခဲ့သည်ကိုသိသောစိတ်ဖြင့် အာပတ်သင့်ခြင်း၊ ထိုစိတ်တို့၏ အနာဒရိယံပဋိစ္စ ဖြစ်ခြင်းတို့ကို ဆင်ခြင်ငြားအံ့၊ သိပ်မွေ့သော အနာဒရိယ ဒေါသငယ် ဖြစ်နိုင်ခဲသည်မဟုတ်ဟု သိနိုင်ရာ၏။ သိက္ခာပုဒ် ပညပ်ခြင်းသည် ဘုရားရှင်၏အရာ။ သုံးကြည့်စွာလိုက်နာခြင်းသည် သာဝကတို့၏အရာဟု အလေးပြုသူအားအပြစ်မရောက်နိုင်ပေ။]

**သေဒိယ။**

ဥာမေခေါပနာယသဒ္ဒေဟ္မာ သေဒိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အာယသဒ္ဒေဟ္မာ……။သေဒိယာ၊ သေဒိယအမည်ရှိကုန်သော။ ဥာမေခေါပနဓမ္မာ……။ ဥဒ္ဒေသံ……။ အာဂစ္ဆန္တိ……။

**ပရိမဏ္ဍလဝဂ်။**

၁။ ပရိမဏ္ဍလ နိဝါသန။ ။ပရိမဏ္ဍလံ နိဝါသေဿာမိတိ သိက္ခာ ကရဏီယာ။ (မေထုနာ……)

ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကိုဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

မရိုသေခြင်း, အနာပတ္တိ၏ အကြောင်းမရှိခြင်း, မညီမညွတ် သင်းပိုင်ဝတ်ခြင်း-အင်္ဂါသုံးပါး။ ။ဒူးနှစ်ဘက် အဝန်း၊ ချက်အဝန်း ဤအဝန်းသုံးပါးညီစွာဖုံး၍ ဒူးအောက်ရှစ်သစ်ခန့် ကျစေ၍ သင်းပိုင်ဝတ်ခြင်းသည် အဝန်းညီစွာ ဝတ်သည်မည်၏။ ဘုရားရှင်၏အမိန့်အာဏာကို ရိုသေစွာ သင်ခြင်း, ကျင့်ခြင်း ကုသိုလ်စိတ်သည် ကျင့်အပ်သောသိက္ခာမည်၏။

ပဒဘာဇနီ၌ သေဒိယအားလုံးကို မရိုမသေ ပြုလျှင် အကုသိုလ်ဒေါသဖြင့် ဒုက္ကဋ်ဟု ဟောသည်။ အောက်ပိုးကျိုက်ခြင်းသည် ဂိလာနအားရင်း, ခရီးသွားသူအားရင်း မအပ်။ ခရီးသွားစဉ် အစွန်းတချို့စချွေးကြိုက်၍ အထက်၌ညှပ်ခြင်းလည်း မအပ်။ တထည်ဝတ်ပြီး တထည် ထပ်ဝတ်ခြင်းလည်း မအပ်။ နှစ်ထည် ထပ်ဝတ်လျှင် အပ်၏။ ညီစွာဝတ်မည်ဟု နှလုံးထားရသည်။ ဤသို့ နှလုံးထားလျက် မညီလျှင် စေတနာမရှိ၍ အနာပတ္တိ။ သတိမရ၍ အနာပတ္တိ။ မညီဟုမသိ၍ အနာပတ္တိ။ အနာရှိသူ၊ မြင်းခေါင်းသား ဆူလွန်းပိန်လွန်းသူ—မြင့်၍ နိမ့်၍ဝတ်လျှင် ဂိလာန ဖြစ်၍ အနာပတ္တိ။ သားရဲ ခိုးသူ လိုက်၍ မညီလျှင် ဘေးရန်ကြောင့် အနာပတ္တိ။ မိနှင့်ရွေ မစင်နှင့်စနွှကူး မထူးလျှင် ဥမ္မတ္တကဖြစ်၍

အနာပတ္တိ။ ဘီလူးဖမ်း၍ ဝေဒနာနှိပ်စက်၍ စိတ်ပျံ့သူ အား လည်း အနာပတ္တိ။

ဝတ်နည်းမတတ်လျှင် အနာပတ္တိ။ တတ်အောင်သင်ရသည်။ မသင်လျှင် အပြစ်မလွတ်၊ ခန္ဓကဝတ်တို့လည်း ကျင့်အပ်သော ကြောင့် သေခိယသာ မည်ကုန်၏၊ ထို့ကြောင့် ၇၅-ပါးဟု သချ်ာမတပ်။ ပါတိမောက္ခသံဝရသီလသည် သဒ္ဒါပြဝန်း၏ဟု ဆိုသော်လည်း သေခိယ၌ သဒ္ဒါနှင့်ဝိရိယနှစ်ပါးရှိ၍ပြည့်ရုံသည်။ ရွာတွင်း ကျောင်းတွင်း နေရာမရွေး သင်းပိုင်ညီစွာဝတ်ရသည်။

၂။ **ပရိမဏ္ဍလ ပါရုပန**။ ။ပရိမဏ္ဍလံ ပါရုပိဿာမိတိ သိက္ခာ ကရဏီယာ။ (မေထုနာ……)

ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကို ရုံ အံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

မရိုသေခြင်း, အနာပတ္တိ၏ အကြောင်းမရှိခြင်း, မညီမညွတ် ကိုယ်ရုံရမ်းခြင်း-အင်္ဂါသုံးပါ။ ။ကိုယ်ရုံကိုရင်, ဒုကုဋ်ကိုရင်း အစွန်းနှစ်ချညီစွာပြု၍ ဒူးအောက် လေးသစ်ခန့် ညီစွာကျစေ လျက် စမွာယ်တင်ခြင်းသည် အဝန်းညီစွာရုံသည်မည်၏။ ညီစွာ ရမ်းမည်ဟု နှလုံးပြု၍ နေရာမရွေး ကျင့်ရသည်။ ရင်ကိုဖော်၍ ပခုံးစွန်းနှစ်ချရုံခြင်း, လည်ပင်း၌ ပတ်၍ ရှေ့တစ၊ နောက်တစ ချခြင်း, ဦးခေါင်းရုံ၍ မျက်သုံးမှုဖော်ခြင်း, ထွေးလုံး၍ ချိုင်း ကြားညှပ်ခြင်း, အစီအတန်းပြုသော ပါဠိကာရကရဟန်းအချို့ ကဲ့သို့ လက်ရုံးဖော်၍ ပခုံးအထက်၌သင်္ကန်းထား၍ လောပတ် တင်ခြင်းတို့ကား မအပ်ကုန်။ ပရိမဏ္ဍလမဖြစ်ကုန်၊ တတောင် ဆစ် ဖုံးမိစေရသည်ဟု မိန့်ဆိုကုန်၏။

၃။ **သုပ္ပဋိစ္ဆန္နဂမန**။ ။သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။ (မေထုနာ……)

သုပ္ပဋိစ္ဆန္နော၊ လည်, လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်း လျက်။ အန္တရဃရေ၊ ရွာတွင်း၌၊ ဂမိဿာမိ၊ သွားအံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

ကောင်းစွာမဖုံးလွှမ်းဘဲသွားခြင်းနှင့်အင်္ဂါသုံးပါး။ ။ကမွတ်သိပ် စွပ်၍ အလျား အနားပတ်ဖြင့် လည်ပင်းဖုံး၍ အစွန်းနှစ်ခုညီစွာပြု၍ လက်ကောက်ဝတ်အထိဖုံး၍ဒုကုန့်ကိုယ်ရုံကို ရုံခြင်းသည်"**သုပ္ပဋိစ္ဆန္န**"မည်၏။ဦးခေါင်း မဖြူမိစေရ။ ဒူး, လည်ပင်း, လက်ရုံး,ရင်ဘတ်မပေါ်အောင်ကျင့်အပ်၏။"**ဝိနိစ္ဆယဋီကာ**"၌တော၌သော်လည်း လူတို့ချက်ပြုတ်စားသောက်၍နေသော နေရာသည် "**အန္တရဃရ**"မည်၏ဟုဆိုသည်။ဂဏ္ဌိပဒ၌ တရက်မှုရွာတွင်း၌နေသော ဝါသူပဂတ ရဟန်းထံ သင်္ကန်းမရုံဘဲလည်းသွားကောင်း၏ဟု ဆိုသည်။ငါသည် ကောင်းစွာဖုံးလွှမ်းလျက်ရွာတွင်းသို့ သွားပါအံ့ဟု အမိသိလကို ဖြည့်အောင် ဖြည့်ကျင့်ရသည်။

၄။ **သုပ္ပဋိစ္ဆန္နနိသီဒန**။ ။သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။ (မေထုနာ……)

သုပ္ပဋိစ္ဆန္နော……။ အန္တရဃရေ……။ နိသီဒိဿာမိ၊နေအံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

ကောင်းစွာမဖုံးလွှမ်းဘဲနေခြင်းနှင့် အင်္ဂါသုံးပါး။ ။ရေမျိုမှစ၍ ဦးခေါင်းကို၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားတို့ကို၊ သလုံးသားမှစ၍ ခြေတို့ကိုဖော်၍ အကြွင်းကိုဖုံး၍ နေခြင်းသည် "**သုပ္ပဋိစ္ဆန္န**"မည်၏။ညဉ့်နေခြင်း၌ ချဉ်းကပ်လျှင် ဝါသူပဂတမည်၏။ ဝါသူပဂတရဟန်းအား သင်္ကန်းမရုံဘဲ နေသော်လည်းအနာပတ္တိ။ ထိုမှတပါးသော ရဟန်းတို့အား နေသမျှ ကျောင်းအမှတ်ပြု၍နေပါ၊ လှူပါ၏ဟု ဆိုသော်လည်း သင်္ကန်းရုံ မဖျက်ကောင်း။ပါဠိတော်၌ ဒူး,ရင်ဘတ်ဖော်မှ ဒုက္ကဋ်ဟု လာသည်။ရွာတွင်း ဆွမ်းစားရာ၌ လက်ကောက်ဝတ်ပေါ်လျှင် ဒုက္ကဋ်ဟုမလာ။

၅-၆။ **သုသံဝုတ**။ ။သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။ (မေထုနာ……)

သုသံဝုတော၊ လက်ခြေတို့ကို မကစားဘဲ ကောင်းစွာ ရှုန္ဒြေကို စောင့်စည်းလျက်။ အန္တရဃရေ .....။ ဂမိဿာမိ ....။ နိသီဒိဿာမိ ....။ ဉာတိ ......။ သိက္ခာ ......။ ကရဏီယာ ......။

ဆန့်ကျင်ဘက်ပြုခြင်းကို တတိယအင်္ဂါပြု၍ သေခိယအားလုံး အင်္ဂါသုံးပါးစီ။ ။သဒ္ဒါ၊ ဝိရိယနှစ်ပါးပြခန်းလျက်-ဤသို့ ဤသို့ ကျင့်ပါအံ့-ဟု ဖြည့်ကျင့်ရသည်ချည်းသာတည်း။

၇-၈။ **ဩက္ခိတ္တစက္ခု**။ ။ဩက္ခိတ္တစက္ခု၊ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။ဩက္ခိတ္တစက္ခု၊ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။(မေထုနာ...... )

ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှကြည့်သဖြင့် ချသောမျက်လွှာရှိသည်ဖြစ်၍။ အန္တရဃရေ......။ ဂမိဿာမိ .....။ နိသီဒိဿာမိ .....။ ဉာတိ ...။ သိက္ခာ .....။ ကရဏီယာ .....။

အင်္ဂါသုံးပါးနှင့် ဖြည့်ကျင့်ရပုံသိသာပြီ။ ။ရထားကသော အာဇာနည်မြင်းလိမ္မာသည် ထမ်းပိုးတပြန်-လေးတောင်မျှကြည့်သည်။ ရဟန်းသာမဏေတို့လည်း ဤမျှကြည့်ထိုက်သည်။ ဘေးကင်းရာကို ကြည့်ကောင်း၏။ တနေရာ၌ရပ်၍ကြည့်မှ တင့်တယ်သည်။

၉-၁၀။ **ဥက္ခိတ္တက**။ ။န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။(မေထုနာ......)။ ။ ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

ဥက္ခိတ္တကာယ၊ သင်္ကန်းကိုပင့်လျက်။ အန္တရဃရေ..။ နဂမိဿာမိ၊ မသွားအံ့။ နနိသီဒိဿာမိ၊ မနေအံ့။ ဉာတိ .....။ သိက္ခာ .....။ ကရဏီယာ...။ ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊ ပရိမဏ္ဍလ ဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

ပခုံးစွန်းမှ ပင့်ခြင်းသည်–ဝါ-ခါးအထက် ခါးပန်းစသည် ပေါ်အောင်ပင့်ခြင်းသည် ''ဥက္ခိတ္တက''မည်၏။ ထိုင်သောအခါ ရုံထားသော ဒုကုဋ်,ကိုယ်ရုံကို ဖိမထိုင်ရသောကြောင့် အနည်း

ယော်ပင့်၍ မြင်းခေါင်းသားမှ မပင့်မူ၍ ထိုင်ရသည်။ နိသိဒနန္တိ ဝါသူပဂတ-အနာပတ္တိ။

---

သမုဋ္ဌာန်အားဖြင့် သမန္န ၁၀၊ ထေယျသတ္တ ၁၊ ဓမ္မဒေသနာ ၁ ၁ ၁— ကိုသာ ဖော်ရေးအံ့။ အကြွင်း ၅၃-ခု မေထုနာကိုမရေးဘဲချန်ထားအံ့။ ညဥ့်နေခြင်း၌ ချဉ်းကပ်သော ဝါသူပဂတအနာပတ္တိသည် နိသိဒန အားဖြင့် သိက္ခာပုဒ် ၅၆ ခုရှိ၏။

**သုပ္ပဋိစ္ဆန္န(၁)၊ ဥက္ခိတ္တ(၁)၊ ကာယ၊သိ၊ဗာဟု(၃)။**
**ခမ္ဘ၊ဂုဏ္ဍိ(၂)၊ပလ္လတ္ထိ(၁)၊နိသိ-၅၆ဝါသု။**

---

## ဥဇ္ဇဂ္ဃိကဝဂ်။

**၁-၂။ ဥဇ္ဇဂ္ဃိက။** ။န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။(သမန္န……) န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။(သမန္န ……)

ဥဇ္ဇဂ္ဃိကာယ၊ပြင်းစွာရယ်လျက်။ အန္တရဃရေ……။ နဂမိဿာမိ……။ ననိသီဒိဿာမိ……။ဣတိ……။သိက္ခာ……။ကရဏီယာ……။

ရယ်ဘွယ်ကြုံလျှင် ပြုံးရုံမျှပြုအပ်၏။ ရယ်ခြင်းခြောက်မျိုးရှိ၏။မျက်စိပွင့်ရုံ၊သွားပေါ်ရုံ-သူမြတ်ရယ်သည်။အသံညှင်းညှင်း ထွက်ရုံ၊ ဦးခေါင်း လှုပ်ရုံ သူလတ်ရယ်သည်။ မျက်ရည်ထွက် အောင် ကိုယ်ယိမ်းလွဲအောင် သူယုတ်ရယ်သည်။

**( မျက်၊သွား-နှစ်လီ။သံ၊ဦးလည်။မျက်ရည်၊ပစ်လွဲခြောက်။ )**

**၃–၄။ အပ္ပသဒ္ဒ။** ။အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။(သမန္န……)အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။(သမန္န……)

အပ္ပသဒ္ဒေါ၊ ငယ်သော အသံ ရှိသည်ဖြစ်၍။ အန္တရဃရေ ……။ ဂမိဿာမိ……။နိသီဒိဿာမိ……။ဣတိ……။သိက္ခာ……။ ကရဏီယာ……။

၁၂–တောင်ကွာမှ ကြားရုံ–နားမလည်သော အသံသည် "**အပ္ပသဒ္ဒ**"မည်၏။နားလည်လျှင် "**မဟာသဒ္ဒ**"မည်၏-ဒုက္ကဋ်။ အများကြားအောင် တရားဟောရာ၌ အနာပတ္တိ။

၅-၆။ **ကာယပ္ပစာလက**။ ။န ကာယ·ပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န ကာယ·ပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇–၈။ **ဗာဟုပ္ပစာလက**။ ။န ဗာဟု·ပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န ဗာဟု·ပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၉–၁၀။ **သီသပ္ပစာလက**။ ။န သီသ·ပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န သီသ·ပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။ ။ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

ကာယ·ပ္ပစာလကံ၊ ကိုယ်ကိုလှုပ်၍လှုပ်၍။ အန္တရဃရေ·····။
ဗာဟု·ပ္ပစာလကံ၊လက်ရုံးကိုလှုပ်၍လှုပ်၍။ အန္တရဃရေ·····။

သီသ·ပ္ပစာလကံ၊ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရဃရေ·····။
နဂမိဿာမိ·····။နနိသီဒိဿာမိ·····။ဣတိ······။သိက္ခာ···။ကရဏီယာ···။
ဒုတိယော၊နှစ်ခုမြောက်သော။ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ·····။နိဋ္ဌိတော·····။

ကိုယ်၊လက်ရုံး၊ဦးခေါင်းတို့ကိုချ၍ မတုန်မလှုပ် ဖြောင့်စွာ ထားရသည်။ကိုယ်ယိမ်းကာ၊လက်ဟန်လွှဲကာ၊ ဦးခေါင်းနွဲ့ကာ သွားအံ့၊နေအံ့ဒုက္ကဋ်။နိသီဒနသုံးချက်၌ ဝါသူပဂတ–အနာပတ္တိ။

---

## ခမ္ဘကတဝဂ်။

၁–၂။ **ခမ္ဘကတ**။ ။န ခမ္ဘကတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န ခမ္ဘကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတော၊ခါးကိုထောက်လျက်။ အန္တရဃရေ·····။ နဂမိဿာမိ·····။နနိသီဒိဿာမိ·····။ဣတိ·····။သိက္ခာ·····။ကရဏီယာ······။

နိသီဒန၌ ဝါသူပဂတ အနာပတ္တိ။

၃–၄။ **ဩဂုဏ္ဌိတ**။ ။န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။ ။န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဩဂုဏ္ဌိတော၊ဦးခေါင်းကိုခြုံလျက်။အန္တရဃရေ……။နဂမိဿာမိ…။ နနိသီဒိဿာမိ……။ဣတိ……။သိက္ခာ……။ကရဏီယာ……။

လည်ကုပ်အထောင်ဆံပင်ကို မအုပ်မိစေရ။ မေးကိုလည်း မအုပ်မိစေရ။လည်မျိုလည်းမပေါ်စေရဟုဆရာမြတ်တို့သွန်သင်ကုန်၏။နိသိဒနှ် ဝါသူပဂတ-အနာပတ္တိ။

၅။ **ဥက္ကုဋိက**။ ။န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

ဥက္ကုဋိကာယ၊ဘဝါးဆွံ့နင်းလျက်။ အန္တရဃရေ…။နဂမိဿာမိ….။ ဣတိ…..။ သိက္ခာ……။ ကရဏီယာ……။

ဖနောင့်၊ခြေဖျားတခုခုထောက်လျက်သွားခြင်းသည် "**ဥက္ကုဋိက**"မည်၏။

၆။ **ပလ္လတ္ထိက**။ ။န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပလ္လတ္ထိကာယ၊လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့လျက်။ အန္တရဃရေ…။နနိသီဒိဿာမိ….။ဣတိ…..။ သိက္ခာ ….။ကရဏီယာ..။

ဒူးကို သိုင်းလျက် လက်ချင်းယှက်လျှင် လက်အာယောဂပတ်……။မြင်းခေါင်းကျောက်ဆစ် အဝတ်ရစ်လျှင် ပုဆိုး အာယောဂပတ်……။ ဝါသူပဂတ-အနာပတ္တိ။ ။ဘိက္ခုနီ တည၌ မှုပင်နေလျှင် ဘိက္ခုနူပဿယ-ဟုဆိုသည်။ဝါသူပဂတ ဘိက္ခုနီရှိသောအိမ်၌လည်း ဝါသူပဂတ သိက္ခာပုဒ်ရှစ်ခုလုံး အနာပတ္တိ။ သက်နုးမရုံဘဲလည်းသွားကောင်း၏။ ။ဤတွင် သာရုပ္ပသိက္ခာ ပုဒ် ၂၆-ချုပ်ပြီ ၏။

၇။ **သက္ကစ္စပဋိဂ္ဂဟဏ**။ ။သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

သဏ္ဌာနံ၊ ရှိသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဉာတိ…… ။သိက္ခာ…… ။ကရဏီယာ……။

ဆွမ်းကို ခံယူပေတော့အံ့ဟု သတိပြုခြင်းသည် "**သက္ကစ္စ**" မည်၏။စွန့်ပစ်လိုဟန် မရှိမသေခံလျှင် ဒုက္ကဋ်။

၈။ **ပတ္တသညီ**။ ။ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ……။ ပဋိဂ္ဂဟေဿာမိ……။ဉာတိ ……။သိက္ခာ ……။ကရဏီယာ……။

သပိတ်၌အာရုံပြုသော သညာရှိလျှင် "**ပတ္တသညီ**"မည်၏။ ဆွမ်းထည့်သည်ကိုမသိ–တခြားကြည့်လျက်ခံလျှင် ဒုက္ကဋ်။

၉။ **သမသူပက**။ ။သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

သမသူပကံ၊ ဆွမ်း၏လေးဘို့တဘို့ ပဲနောက်ဟင်းစသည်နှင့်အမျှ။ ပိဏ္ဍပါတံ……။ ပဋိဂ္ဂဟေဿာမိ……။ ဉာတိ……။ သိက္ခာ……။ ကရဏီယာ……။

ပဲနောက်၊ပဲကြီး၊ကုလားပဲ-ပဲဟင်းဟူသမျှလက်ကောင်ရလျှင် လေးဘို့တဘို့ထက်လွန်၍ ခံအံ့-ဒုက္ကဋ်။ ပဲဟင်းလက်ကောင်ရမှ တပါး ငါးအမဲစသော ဟင်းဟူသမျှ၌ အနာပတ္တိ၊ ဥာတက ပဝါရိတထံ ခံလျှင်လည်း အနာပတ္တိ။

၁၀။ **ထူပီကတ**။ ။သမတိတ္ထိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။ ။ခန္ဓကတဝဂ္ဂေါ တတိယော။

သမတိတ္ထိကံ၊ သပိတ်အတွင်း အနားရေးနှင့်အမျှ။ ပိဏ္ဍပါတံ ….။ ပဋိဂ္ဂဟေဿာမိ ….။ဉာတိ ….။သိက္ခာ ….။ကရဏီယာ ….။တတိယော၊ သုံးခုမြောက်သော။ခန္ဓကတဝဂ္ဂေါ ….။နိဋ္ဌိတော ….။

အဝိဋ္ဌာန်လောက်သော သပိတ်၏အတွင်း နှုတ်ခမ်းရေးကို မလွန်စေမူ၍ အညီအမျှပြည့်ခြင်းသည် "**သမတိတ္ထိက**"မည်၏။

လွှန်လျှင်''**ထူပီကတ**'' မည်၏-ဒုက္ကဋ်။ယာဝကာလိက အာမိသ ဟူသမျှသည် ''**ပိဏ္ဍပါတ**''မည်၏။ အဓိဋ္ဌာန် မလောက်သော သပိတ်, သပိတ်ဖုံး စသည်ဖြင့်ခံအုံ၊ယာမကာလိက စသည်ကို ခံအုံ-အနာပတ္တိ။

---

## သက္ကစ္စဝဂ်။

**၁။ သက္ကစ္စဘုဉ္ဇန။** ။သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စံ၊ရိုသေစွာ။ပိဏ္ဍပါတံ၊ဆွမ်းကို။ဘုဉ္ဇိဿာမိ၊စားအံ့။ ဣတိ ···။ သိက္ခာ······။ကရဏီယာ·····။

မစားချင်သလို စွန့်ပစ်လိုဟန် မရိုမသေစားလျှင် ဒုက္ကဋ်။

**၂။ ပတ္တသညီ။** ။ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ပတ္တသညီ၊သပိတ်၌အမှတ်ရှိသည်ဖြစ်၍။ပိဏ္ဍပါတံ······။ ဘုဉ္ဇိဿာမိ····။ဣတိ ·····။သိက္ခာ······။ကရဏီယာ······။

သပိတ်၌သညာမထား-တခြားကြည့်စားလျှင် ဒုက္ကဋ်။

**၃။ သပဒါန။** ။သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

သပဒါနံ၊အစဉ်အတိုင်း။ ပိဏ္ဍပါတံ·····။ဘုဉ္ဇိဿာမိ ·····။ဣတိ······။ သိက္ခာ······။ကရဏီယာ······။

ဟိုတစ,သည်တစ ယူစားလျှင် ဒုက္ကဋ်။ ဥတ္တရိဘင်္ဂ-လက်သုပ်ဟင်းလျာဖြစ်မူ-အနာပတ္တိ။ သူတပါးအား ပေးလို၍ရင်း၊ ခွက်တပါး၌ ထည့်လို၍ရင်း သုံးသပ်အံ့-အနာပတ္တိ။ ဒါန-ဖြတ်ခြင်း။ အပ+ဒါန ဖြတ်ခြင်း+မပြု။ သ+အပဒါန- ဖြတ်ခြင်းမပြုသည်နှင့်+တကွ။ ဝါ၊ အစဉ်အတိုင်း။

**၄။ သမသူပက။** ။သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

သမသူပကံ၊ဆွမ်း၏လေးဘို့တဘို့ ပဲနောက်ဟင်း စသည့်နှင့်အမျှ။ ပဋိဂ္ဂဟိဿာမိ······။ဘုဉ္ဇိဿာမိ·····။ဇာတိ······။သိက္ခာ······။ကရဏီယာ ·····။

ပဲဟင်းလက်ကော်ရကို ဆွမ်း၏ လေးဘို့တဘို့ထက် လွန်၍ စားလျှင် ဒုက္ကဋ်။တပါးသောဟင်းခွဲရင်း၊ ဉာတကပဝါရိတထံ၌ ရင်း၊ မိမိဥစ္စာဖြင့်ရင်းစားလျှင် အနာပတ္တိ။

**၅။ ထူပက။** ။န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ။

ထူပကတော၊ ဆွမ်းဦးမှ။ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ·····။ နဘုဉ္ဇိဿာမိ၊မစားအံ့။ဇာတိ······။သိက္ခာ·····။ကရဏီယာ······။

ဆွမ်းဦးသည်"**ထူပက**"မည်၏။ဆွမ်းထိပ်ဗကိုမှ နှိပ်နယ်၍ စားအံ့ ဒုက္ကဋ်။ အနည်းငယ်အကြွင်းကို ပေါင်းရုံးနှိပ်နယ်စားအံ့ အနာပတ္တိ။

**၆။ သူပဗျဉ္ဇနပဋိစ္ဆာဒန။** ။န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

သူပံဝါ၊ဟင်းကိုရင်း။ဗျဉ္ဇနံဝါ၊[စမဲ]စားမဲဟင်းလျာကိုရင်း။ဘိယျောကမျတံ၊များသည်ကိုအလိုရှိသည်အဖြစ်ကို။ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ နပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။ ဇာတိ·····။ သိက္ခာ······။ ကရဏီယာ·····။

ပဲဟင်းသည်"**သူပ**"···။ကြွင် သနွှင်ါ အမဲဟင်း၊ လက်သုပ်ဟင်းလျာစသည်သည်"**ဗျဉ္ဇန**"မည်၏။နောက်ထပ်ရလို၍ဖုံးအံ့ ဒုက္ကဋ်။သူသူတို့ ဖုံး၍လှူသည်ကိုခံအံ့ အနာပတ္တိ။

**၇။ သူပေါဒနဝိညတ္တိ။** ။န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။(ထေယျာ·····)

သူပံဝါ၊ ဟင်းကိုရင်း။ ဩဒနံဝါ၊ ဆွမ်းကိုရင်း။ အဂိလာနော၊မနာမဖျားဘဲ။အတ္တနော၊မိမိ၏။အတ္ထာယ၊အကျိုးငှါ။ဝိညာပေတွာ၊ တောင်း၍။နဘုဉ္ဇိဿာမိ·····။ဇာတိ····။သိက္ခာ ·····။ကရဏီယာ····။

ဤ၌သူပ၊ဗျဉ္ဇနအားလုံးသည်“**သူပ**”မည်၏၊ မနာဘဲတောင်းစားစဉ် သူတော်ကောင်းစိတ်ဝင်၍ထွေးအံ့၊ ထွေးစဉ် အလိုမရှိဘဲ ဝမ်းတွင်းသို့ဝင်အံ့–အသဉ္စိစ္စအနာပတ္တိ၊ စွန့်ပြီးနောက် သတိလစ်၍ စားအံ့၊တနည်း။ တောင်းသည်မဟုတ်သောသညာဖြင့်ရင်း, ဝိညတ္တိ၊အဝိညတ္တိ နှစ်ခုအတူထားရာမှ ဆောတလျှင်ယူခြင်းဖြင့်ရင်း စားအံ့–အသတိယာအနာပတ္တိ။မသိ၍ စားအံ့ – အဇာနန္တဿအနာပတ္တိ။ နာဖျား၍ တောင်းစားအံ့ - ဂိလာနဿအနာပတ္တိ။ ဉာတကပဝါရိတထံ တောင်းစားအံ့၊ မိမိဥစ္စာဖြင့်စားအံ့၊ ဘေးရန်ကြောင့်စားအံ့-အနာပတ္တိ၊ သူတပါးအလို့ငှါတောင်း၍ မိမိစားအံ့–ဤသိက္ခာပုဒ်နှင့်မဆိုင်။ တောင်းခိုက် “**အကတဝိညတ္တိဒုက္ကဋ်**”စားခိုက်“**မိစ္ဆာဇီဝဒုက္ကဋ်**”သူတပါးစားလျှင် မိစ္ဆာဇီဝဒုက္ကဋ်မလွတ်။

**၈။ ဥဇ္ဈာနသညီ။** ။န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမိတိ သိက္ခာ ကရဏီယာ။

ဥဇ္ဈာနသညီ၊ကဲ့ရဲ့လိုသောအမှတ်ရှိသည်ဖြစ်၍။ပရေသံ၊သူတပါးတို့၏။ပတ္တံ၊သပိတ်ကို။နဩလောကေဿာမိ၊မကြည့်အံ့။ဣတိ…။သိက္ခာ….။ကရဏီယာ……။

ကဲ့ရဲ့လို၍ မဟုတ်ဘဲတောင်းလို၍ပေးလို၍ကြည့်အံ့–အနာပတ္တိ။

**၉။ အတိမဟန္တ။** ။နာတိမဟန္တံ ကဗဠံ ကရိဿာမိတိ သိက္ခာ ကရဏီယာ။

အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ …. ။သိက္ခာ……။ကရဏီယာ……။

ဥဒေါင်းဥအနေသည်“**အတိမဟန္တ**”ဖြစ်၏-ဒုက္ကဋ်။ ကြက်ဥအနေ၊ဘဲ ငယ်လွန်း၏၊ မျှော်ပတ်၊ အာပတ်မသင့်။ ၎င်းတို့၏အလယ်သည် ပမာဏသင့်၏။ ခဲဘွယ်၊ သစ်သီးကြီးငယ်၌အနာပတ္တိ။ (ပါဠိတော်အချို့၌ ဥတ္တရိဘင်္ဂေ အနာပတ္တိဟု မြင်ရသည်။ ကစ်ါ၌ နောက်သိက္ခာပုဒ်၌ ဆိုသည်။ ထို့ကြောင့် ပါဠိတော်၌နောက်ပုဂ္ဂိုလ်တို့ထည့်မှားဟန်ရှိသည်။)“**ကစ်ါဋီကာ**”

၌ ကြက်ဥအနေ ယော်လျှင် ဒုက္ကဋ်ဟု ဆိုသည်။ "ဝိမတိ"၌ မလျော်ကပ်ပတ်ရုံသာဟု ဆိုသည်။ "**အနုဝဏ္ဏနာ**"၌ အတိမဟန္တကိုသာ-နှ-မြစ်သောကြောင့် ယော်ရာ၌အာပတ်မထင်ဟု ဆိုသည်။

**၁၀။ ပရိမဏ္ဍလ အာလောပ။** ။ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။ ။သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။ စတုတ္ထော……။ သက္ကစ္စဝဂ္ဂေါ……။ နိဋ္ဌိတော……။

အဝန်းညီခြင်း,မရှည်ခြင်းနှစ်မျိုးသည် "**ပရိမဏ္ဍလ**"မည်၏။ ရှည်ရှည်ပြုလျှင် ဒုက္ကဋ်။ ခဲဘွယ်၊သစ်သီး ကြီးငယ်၊ လက်သုပ်ဟင်းလျာ၌ အနာပတ္တိ။ (ကင်္ခါ၌ ဥတ္တရိဘင်္ဂကို ဤ၌ဆိုသည်)။

---

## ကဗဠဝဂ်။

**၁။ အနာဟဋ္ဌ။** ။န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠေ၊ ဆွမ်းလုပ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

ခံတွင်း ပါးစပ်အဝသည် "**မုခဒွါရ**"မည်၏။ ဒန္တပေါဋာ သိက္ခာပုဒ်၌ကား ရေမျို လည်ပင်းအဝသည် "**မုခဒွါရ**"မည်၏။ ဝိမတိ၌ ဆွမ်းလုပ်မရောက်မီ ခံတွင်းဖွင့်ခြင်း၌ အကျိုးမရှိသော ကြောင့်အနာပတ္တိဝါရ၌ အာပဒါသု ဟူ၍ မဟောဟု ဆို၏။

**၂။ သဗ္ဗဟတ္ထ။** ။န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

ဘုဉ္ဇမာနော၊ ဆွမ်းစားသောငါသည်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

လက်ချောင်း ငါးခုအပေါင်းသည် "**သဗ္ဗဟတ္ထ**"မည်၏။ ငါးချောင်းလုံး အဘယ်သို့သွင်းနိုင်အံ့နည်း၊ထို့ကြောင့်လက်ချောင်းလက်ချောင်း၏ အစိတ်အပိုင်းသည်ပင် အပေါင်း၏ အမည်ကိုတင်စားခြင်းဖြင့် သဗ္ဗဟတ္ထ မည်၏၊ အစိတ်အပိုင်းမျှ လက်ချောင်းကိုထည့်သော်လည်းဒုက္ကဋ်၊ တနည်း၊ ငါးချောင်းလုံးပင်မထည့်ကောင်းချည်းသာ။ ထည့်ကောင်း တချောင်းမျှမရှိ။ မည်သည့်လက်ကိုမျှ မထည့်ပါအံ့ဟု ကျင့်အပ်၏။

**၃။ သကဗဠမုခါဟရဏ။** ။န သကဗဠေန မုခေန ဗျာဟရိဿာမိတိ သိက္ခာ ကရဏီယာ၊(သမန္တ……)

သကဗဠေန၊ ဆွမ်းလုပ်နှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်၊ န ဗျာဟရိဿာမိ၊ စကားမဆိုအံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

စကားမပီအောင် ဆွမ်းလုပ်ရှိလျှင် "**သကဗဠမုခ**"မည်၏။ ပီလောက်အောင်အနည်းငယ်ရှိ၍ စကားဆိုအံ့၊ တရားဟောစဉ် ဖန်ခါးသီ စသည် ထည့်၍ဟောအံ့-အနာပတ္တိ၊

**၄။ ပိဏ္ဍုက္ခေပက။** ။န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ၊

ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့၊ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

ဆွမ်းကို- ဝါ-ဘောဇဉ်ငါးပါးကိုမြှောက်၍ စားအံ့-ဒုက္ကဋ်။ ခဲဘွယ်၊ သစ်သီးကြီးငယ်၌ အနာပတ္တိ။ ထို့ကြောင့် ဘောဇဉ်ငါးပါးသည် ဒုက္ကဋ်ဝတ္ထု။ပိဏ္ဍမည်၏ဟု သိသာ၏၊

**၅။ ကဗဠာဝစ္ဆေဒက။** ။န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမိတိ သိက္ခာ ကရဏီယာ၊

ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍။ နဘုဉ္ဇိဿာမိ……၊ ဣတိ……။ သိက္ခာ……။ ကရဏီယာ……၊

ဘောဇဉ်ငါးပါးကို ကိုက်ဖြတ်စားအံ့ ဒုက္ကဋ်၊ ခဲဘွယ်၊ သစ်သီး ကြီးငယ်၊ လက်သုပ် ဟင်းလျာ၌ အနာပတ္တိ။ အချို့ကား

သစ်သီးကိုက်ဖြတ်စားလျှင် အာပတ်ဟု အလွန်ကို ဆိုကုန်၏။ လက်ဖြင့် ထားဖြင့် ဖြတ်စားလျှင် တင့်တယ်သည် ဟု၍မှုဆို သင့်၏။ အနာပတ္တိကို အာပတ္တိဟု ဂရုမပြုကောင်း။ တင့်တယ် ဘွယ်ကား ပြုကောင်း၏။

၆။ **အဝဂဏ္ဍကာရကံ**။ ။န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထား၍ထား၍။ န ဘုဉ္ဇိဿာမိ....။ ဣတိ....။ သိက္ခာ.....။ ကရဏီယာ.....။

ပါးစောင်တဘက်၌ရင်၊ နှစ်ဘက်၌ရင်း ထား၍စားရကြွန်။ ဣဓ ဖလာဖလမတ္တကော အနာပတ္တိ “ကမ်ါ”။ ။“ပါဠိတော်” အချို့၌ ခဇ္ဇကော-ဟုရှိတတ်သည်ကိုပယ်အပ်သည်ဟု သံသာ၏။

၇။ **ဟတ္ထနိဒ္ဓုနကံ**။ ။န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ဟတ္ထနိဒ္ဓုနကံ၊ လက်ကိုခါ၍ ခါ၍။ န ဘုဉ္ဇိဿာမိ.....။ ဣတိ.....။ သိက္ခာ....။ ကရဏီယာ.....။

အမှုက်ကိုစွန့်လျက် လက်ခါမူ အနာပတ္တိ။

၈။ **သိတ္ထာဝကာရကံ**။ ။န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍။ န ဘုဉ္ဇိဿာမိ.....။ ဣတိ.....။ သိက္ခာ.....။ ကရဏီယာ.....။

အမှုက်နှင့်ခြင်ဖြင့် ဆွမ်းလုံးကြဲကျ-အနာပတ္တိ။

၉။ **ဇိဝှါနိစ္ဆာရကံ**။ ။န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ဇိဝှါနိစ္ဆာရကံ၊ လျှာကိုထုတ်၍ ထုတ်၍။ န ဘုဉ္ဇိဿာမိ.....။ ဣတိ...။ သိက္ခာ.....။ ကရဏီယာ.....။

၁၀။ **စပုစပု**။ ။န စပုစပု ကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။ ။ကဗဠဝဂ္ဂေါ ပဉ္စမော။

စပုစပုကာရကံ၊ စပ်စပ်အသံပြု၍။ နဘုဋ္ဌိဿာဝိ.....။ ဍာတိ.....။ သိက္ခာ.....။ ကရဏီယာ...။ ပဉ္စမော.....။ကဗဠဝဂ္ဂေါ...။နိဋ္ဌိတော.....။

---

## သုရုသုရုဝဂ်။

၁။ **သုရုသုရု**။ ။န သုရုသုရုကာရကံ ဘုဋ္ဌိဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရုကာရကံ၊ ရှုတ်ရှုတ်အသံပြု၍။ နဘုဋ္ဌိဿာမိ.....။ ဍာတိ.....။ သိက္ခာ.....။ ကရဏီယာ.....။

ရဟာန်းအများ ရှုတ်ရှုတ်သံဖြင့် နို့သောက် သည်ကို ကချေ သည်ဖြစ်ဘူးသောရဟာန်းက ဤမြွေသံစာသ အပေါင်းသည် အ ချပ်နှိပ်စက်လေသလော-ဟု ပြက်ရယ် ပြုသောကြောင့် ချစ် သားတို့—ဘုရား တရား သံဃာကို အကြောင်းပြု၍ ပြက်ရယ် မပြုအပ်၊ ပြုငြားအံ့ ဒုက္ကဋ်ဟု မိန့်၍ ဤသိက္ခာပုဒ်ကို ပညတ် သည်။ နို့သောက်ခြင်း၊ ဟင်းရည်သောက်ခြင်း၊ ကာဗီသောက် ခြင်းတို့၌ သတိရှိသင့်၏။

၂။ **ဟတ္ထနိလ္လေဟက**။ ။န ဟတ္ထနိလ္လေဟကံ ဘုဋ္ဌိဿာ မီတိ သိက္ခာ ကရဏီယာ။

ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍ လျက်၍။ နဘုဋ္ဌိဿာမိ.....။ ဍာတိ.....။ သိက္ခာ.....။ ကရဏီယာ.....။

လက်ချောင်းတစိတ်မျှလည်း မလျက်အပ်။ တခဲနက် ယာဂု၊ တင်လဲ၊ နို့ဂဏာစသည်ကို လက်ချောင်းဖြင့်ယူ၍ ခံတွင်း၌လက် ချောင်းသွင်း၍စားလျှင် အပ်၏။ "**သဗ္ဗဟတ္ထ**" သိက္ခာပုဒ် ဖြင့် လည်း အပြစ်မရှိ။

၃။ **ပတ္တနိလ္လေဟက**။ ။န ပတ္တနိလ္လေဟကံ ဘုဋ္ဌိဿာ မီတိ သိက္ခာ ကရဏီယာ။

ပတ္တနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍ ခြစ်၍။ န ဘုဉ္ဇိဿာမိ ·····။ ဉတ္တိ··။ သိက္ခာ ·····။ ကရဏီယာ ·····။

လက်တချောင်းဖြင့်လည်း မခြစ်အပ်။ အနည်းငယ်ကို ပေါင်းစု၍ ခြစ်စားအံ့။ တခဲနက် ယာဂု စသည်ဖြစ်အံ့ အပြစ်မရှိ။

**၄။ ဩဋ္ဌနိလ္လေဟကံ။** ။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍ လျက်၍။ န ဘုဉ္ဇိဿာမိ·····။ ဉတ္တိ·····။ သိက္ခာ····။ ကရဏီယာ·····။

နှုတ်ခမ်း တခုမျှကိုလည်း မလျက်အပ်၊ တခဲနက် ယာဂုစသည်မဟုတ်လျှင် နှုတ်ခမ်းချင်း ပွတ်၍ သွင်းအပ်၏။ လျှာဖြင့် မလျက်အပ်။

**၅။ သာမိသဟတ္ထ။** ။ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

သာမိသေန၊ ဆွမ်းစသော အာမိသနှင့်တကွသော။ ဟတ္ထေန၊ လက်ဖြင့်၊ ပါနီယထာလကံ၊ သောက်ရေခွက်ကို။ နပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။ ဉတ္တိ ·····။ သိက္ခာ·····။ ကရဏီယာ ·····။

ရွှံ့ဘွယ်ဖြစ်၍ ပညတ်သည်။ လောင်းခွက်၊ သောက်ခွက်၊ တည်ခွက် တခုခုကို မိမိ၏ခွက် ဖြစ်သော်လည်း လက်ပေဖြင့် မကိုင်အပ်- ဒုက္ကဋ်။ မပေသော လက်တစိတ်ဖြင့်ကိုင်အံ့၊ ဆေးကြောမည်ဟုကိုင်အံ့-အနာပတ္တိ။

**၆။ ပတ္တဓောဝန။** ။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။

သသိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွသော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရွာတွင်း၌။ ဝါ၊ အိမ်တွင်း၌။ နဆဍ္ဍေဿာမိ၊ မစွန့်ပစ်ရ။ ဉတ္တိ·····။ သိက္ခာ·····။ ကရဏီယာ·····။

ဆွမ်းလုံးဆယ်ယူ၍ထား၍ ရေသက်သက်စွန့်အံ့၊ ချေခွဲ၍ ရေအလားတူ ပြု၍စွန့်အံ့၊ ထွေးခံလက်ဆေးခံ၌စွန့်အံ့၊ ပြင်ပသို့ ဆောင်၍ စွန့်အံ့-အနာပတ္တိ။ အများစွန့်ရာ၌စွန့်လျှင် ရွာတွင်း အိမ်တွင်း အပြစ်မရှိ။ အချို့ကား "အိမ်ထိခိုက်တတ်သည်"ဟု မိစ္ဆာအယူစွဲလမ်းကုန်၏။ ။ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ် ၃၀-ပြီ ပြီ။

**၇။ ဆတ္တပါဏိ။** ။န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။ (ဓမ္မ-ပဉ္စမ-၁၁။ တဆက်ထည်း ဩဂုဏ္ဌိတအထိ။)

ဆတ္တပါဏိဿ၊ထီးလက်၌ရှိသော၊အဂိလာနဿ၊ မနာမဖျားသော သူအား။ဓမ္မံ၊တရားကို။(ဝါ၊ပါဠိအဋ္ဌကထာကို။)နဒေသေဿာမိ။ (မာဂဓ ဘာသာဖြင့်)မဟောအံ့၊ဣတိ ·····။သိက္ခာ·····။ကရဏီယာ····· ။

အဝန်းဖွဲ့၍ဖြင်း၊ ဝါးခြမ်းဖွဲ့၍ဖြင်း ပြုသောထီးသည် "ဆတ္တ" မည်၏။အဝတ်ဖြင့်ပြုသောထီး၊ ပြု၊ နှီးဖြင့်ပြုသောထီး၊ သစ်ရွက် ထီးဟု သုံးမျိုးရှိ၏။ဆောင်းခြင်း၊ ပခုံး၌ချိတ်ခြင်း၊ သူတပါးက ဆောင်းပေးခြင်း၊ ထီးခုံ၌ ရင်ခြင်းပြုသော်လည်း လက်ဖြင့် မကိုင်လျှင် ထီးလက်၌ရှိသူမမည်။ မဂဓဘာသာမှတပါးသော ဘာသာဖြင့်ဟောလျှင် တရားဟောသည်မမည်။ လက်၌ ထီး ရှိသော ကျန်းမာသူအား ပါဠိအဋ္ဌကထာဓမ္မကို မဂဓဘာသာ ဖြင့် ဟောရာ၌ ပုဒ်ဖြင့်ဟောလျှင် ပုဒ်တိုင်း ဒုက္ကဋ်။ အက္ခရာဖြင့် ဟောလျှင် အက္ခရာတိုင်း ဒုက္ကဋ်။ {ပဉ္စမ၊ ငါးရပြောက် ဝါစာ စိတ္တကြောင့် အာပတ်သင့်လျှင် ဓမ္မ—ဓမ္မဒေသနာ သမုဋ္ဌာန် မည်၏။ ၁၁၊ ဆတ္တပါဏိမှ ဩဂုဏ္ဌိတသီသအထိ တဆက် ထည်း သိက္ခာပုဒ်အလားတူ ၁၁—ခုရှိ၏။သစိတ္တက။}

**၈။ ဒဏ္ဍပါဏိ။** ။န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။(ဓမ္မ·····)

ဒဏ္ဍပါဏိဿ၊တုတ်တောင်ဝှေးလက်၌ရှိသော၊ အဂိလာနဿ ·····။ ဓမ္မံ·····။နဒေသေဿာမိ·····။ဣတိ ·····။သိက္ခာ·····။ကရဏီယာ·····။

မဏ္ဍိမလေးတောင်–ပကတိ ခြောက်တောင်ရှိသော တုတ်သည်“ဒဏ္ဍ”မည်၏၊ထိုသက်ရှည်သောတုတ်၊ တိုသောတုတ် လက်ဝဲရှိသူအားဟောလျှင် အနာပတ္တိ။

၉။ **သတ္ထပါဏိ**။ ။န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။ (ဓမ္မာ……)

သတ္ထပါဏိဿ၊လက်နက်လက်ဝဲရှိသော၊အဂိလာနဿ ……။ ဓမ္မံ–။ နဒေသေဿာမိ ….။ဣတိ …..။သိက္ခာ……။ကရဏီယာ …..၊

တဘက်အသွား၊ နှစ်ဘက်အသွားရှိသော လက်နက် သည် “**သတ္ထ**”မည်၏၊

၁၀။ **အာဝုဓပါဏိ**။ ။န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။ (ဓမ္မာ……) သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

အာဝုဓပါဏိဿ၊လေးလက်နက်လက်ဝဲရှိသော၊အဂိလာနဿ …..။ ဓမ္မံ …..။နဒေသေဿာမိ……။ ဣတိ … ။ သိက္ခာ…..။ကရဏီယာ ….။ ဆဋ္ဌော …..။သုရုသုရုဝဂ္ဂေါ……။နိဋ္ဌိတော …..။

အလယ်ကောက်သော ထဝ်းပိုးတံနှင့်တူသော လင်းလေး သည်“**စာပ**”မည်၏။ အရိုးဖောက်ထွင်းသော ဒူးလေးသည် “**ကောဒဏ္ဍ**” မည်၏။ အာဝုဓချည်သာတည်း၊ လေ အထူ သက်သက်၊ မြှာ-အထူ သက်သက်၊ ညှိမရှိသောလေ ဖြစ်စေ ကိုင်ထားသူအား မဟောအပ်၊လက်ဖြင့်ကိုင်ဘဲ လွယ်ထား လျှင် ဟောကောင်း၏။

---

## ပါဒုကဝဂ်။

၁။ **ပါဒုကာ**။ ။န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ၊ (ဓမ္မာ……)

ပါဒုကာရုဠှဿ၊ ခြေနင်းစီးသော။ အဂိလာနဿ ….။ ဓမ္မံ……။ နဒေသေဿာမိ …. ။ဣတိ……။သိက္ခာ……။ကရဏီယာ …..။

သစ်သား၊ ထန်းလက်၊ ဝါး၊ သစ်ရွက်စသည်ဖြင့်ပြုသော (ခုံဘိနပ်)ခြေနင်းသည် "**ပါဒုကာ**" မည်၏။ အဏ္ဏတ္တ-ဖမိုးဖုံး အသည်း၊ ဒုတ်၊ မှိုငုံတို့ကို ခြေချောင်းအကြား မသွင်းဘဲနင်းထားသူ။ ပဋိမုက္က-သွင်းထားသူ-ဤသို့နှစ်ယောက်သည်ခြေနင်းစီးသူတို့ မည်ကုန်၏။ဤခုံဘိနပ်စသော ပါဒုကာမျိုးကို ရဟန်းတို့ မစီးကောင်း။ဝဋ္ဋ၊ ပဿာဝ၊ အာစမန-ပါဒုကာသုံးခုသာ ရဟန်းတို့အား ခွင့်ပြုသည်။(ကျင်ကြီး၊ ကျင်ငယ်၊ သန့်သက်-ခုံသုံးခု။)

၂။ **ဥပါဟနာ**။ ။န ဥပါဟနာရုဠ္ဟဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။(ဓမ္မာ....)

ဥပါဟနာရုဠ္ဟဿ၊ဘိနပ်စီးသော၊ အဂိလာနဿ.....။ ဓမ္မံ.... ။ နဒေသေဿာမိ.....။ဣတိ ....။သိက္ခာ.....။ကရဏီယာ.....။

သားရေဖြင့်ပြုသော ဘိနပ်သည် "**ဥပါဟနာ**" မည်၏။ အဏ္ဏတ္တ-မသွင်းဘဲ နင်းထားသူ၊ပဋိမုက္က-သွင်းထားသူ၊ ဩမုက္က-ဖနောင့်ဒိတ်ဘိနပ်ကို ချွတ်၍ နင်ထားသူ- သုံးယောက်သည် ဘိနပ်စီးသူမည်၏။ နောက်ပိတ်စွပ်ဘာသူကား ပဋိမုက္ကပင်တည်း။ လူသားရေဖြင့် ပြုသောဘိနပ် ရဟန်းတို့အား မအပ်။ အဝတ်စက္ကူ၊ ဝါးဘတ်တို့ဖြင့် ပြုလျှင်လည်းမအပ်။ ရေဉ်ပါကို ဤအဝတ် စက္ကူ၌ မဟာပဒေသနည်းဖြင့် သွင်းသင့်သည်၊ သားရေ၌မသွင်းထိုက်။ သားရေ၌ အလျှော်မပြ ဟု ဆရာမြတ်တို့ ဆိုကုန်၏။

၃။ **ယာန**။ ။န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။(ဓမ္မာ.....)

ယာနဂတဿ၊ ယာဉ်စီးသော၊ အဂိလာနဿ.....။ ဓမ္မံ.....။နဒေသေဿာမိ.....။ဣတိ.....။သိက္ခာ ....။ကရဏီယာ.....။

ယာဉ်ဟူသည် ဝယှံ-ပေါင်းချုပ်လှည်း။ ရထော-ရထား။ သကဋံ-လှည်း။ သန္ဒမာနိကာ သံလျင်။ သိဝိကာ-ထမ်းစင်။ ပါဋင်္ကီ-ပုဆိုးသံလျင်။ဤသို့ခြောက်မျိုးဖွင့်သည်၊ယာဉ်အထက်၌ နေသူသည် "**ယာနဂတ**"မည်၏။လူနှစ်ယောက် လက်ယှက်

၍ ဆောင်အပ်သူ၊ အဝတ်၌ထား၍ ထမ်းပိုးဖြင့် ထမ်းအပ်သူ၊ ဖျက်ထားသောယာဉ်၌ရှင်း,ဘီးသက်သက်မျှ၌နေသူသည်လည်း ယာနဂတသာတည်း။ အတူစီးလျက်ဟောလျှင်အပ်၏။ တခုစီစီးလျှင် ယာဉ်နိမ့်စီးသူအား, နောက်ယာဉ်စီးသူအား ဟော အပ်၏။

**၄။ သယန။** ။န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။(ဓမ္မာ.....)

သယနဂတဿ၊ အိပ်ရာ၌နေသော။ အဂိလာနဿ....။ ဓမ္မံ....။ နဒေသေဿာမိ....။ဣတိ.....။သိက္ခာ....။ ကရဏီယာ......။

မြေပြင်၌အိပ်သူဖြစ်စေ "**သယနဂတ**" မည်၏။ အိပ်သောရဟန်းသည် အိပ်သူ၊ ထိုင်သူ၊ ရပ်သူအား ဟောကောင်း၏။ ထိုင်သူသည် ထိုင်သူ,ရပ်သူအား.....။ရပ်သူသည် ရပ်သူအား ဟောကောင်း၏။

**၅။ ပလ္လတ္ထိက။** ။န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။(ဓမ္မာ......)

ပလ္လတ္ထိကာယ၊လက်အာယောဂပတ် ပုဆိုး အာယောဂပတ်ဖွဲ့လျက်။ နိသိန္နဿ၊နေသော။ အဂိလာနဿ.....။ ဓမ္မံ.....။ နဒေသေဿာမိ...။ ဣတိ.....။သိက္ခာ ....။ကရဏီယာ.....။

**၆။ ဝေဌိတ။** ။န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။(ဓမ္မာ......)

ဝေဌိတသီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော။ အဂိလာနဿ......။ ဓမ္မံ......။နဒေသေဿာမိ......။ ဣတိ.....။သိက္ခာ......။ကရဏီယာ ....။

ပုဝါ၊ ဦးခေါင်းစွပ်စသည်ဖြင့် ဆံမပေါ်အောင် ရစ်သူ, ဆောင်သူသည် "**ဝေဌိတသီသ**" မည်၏။ ဆံပေါ်စေ၍ ဟောအံ့ အနာပတ္တိ။

**၇။ ဩဂုဏ္ဌိတ။** ။န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။(ဓမ္မာ......)

ဩဂုဏ္ဍိတသိသဿ၊ ရှုံသော ဦးခေါင်းရှိသော။ အင်္ဂလာနုဿ·····။ ဓမ္မံ·····။နဒေသေဿာမိ·····။ ဇာတိ·····။ သိက္ခာ·····။ ကရဏီယာ·····။

ဦးခေါင်းဖော်စေ၍ဟောအံ့·အနုပဏ္ဍိ။ {ဓမ္မာ-ပဉ္စမ-၁၁-ဖြိုးဖြိုး၊}

၈။ **ဆမာ**။ ။န ဆမာယံ နိသိဒိတွာ အာသနေ နိသိန္နဿ အင်္ဂလာနုဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။ (သမန္·····)

ဆမာယံ၊ မြေ၌။ နိသိဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အင်္ဂလာနုဿ ····။ ဓမ္မံ·····။ နဒေသေဿာမိ·····။ ဇာတိ ···။ သိက္ခာ···။ ကရဏီယာ·····။

အဝတ်မှ မြက်မှုခင်းထားသော်လည်း "**အာသန**" မည်၏။

၉။ **နီစာသန**။ ။န နီစေ အာသနေ နိသိဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အင်္ဂလာနုဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။ (သမန္·····)

နီစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသိဒိတွာ၊ နေ၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ ····။ အင်္ဂလာနုဿ·····။ ဓမ္မံ·····။ နဒေသေဿာမိ ····။ ဇာတိ·····။ သိက္ခာ ····။ ကရဏီယာ·····။

မြေပြင်ဖြစ်စေ မြင့်သောနေရာသည် "**ဥစ္စာသန**" မည်၏။

၁၀။ **ဌိတ**။ ။န ဌိတော နိသိန္နဿ အင်္ဂလာနုဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။ (သမန္·····)

ဌိတော၊ ရပ်သောငါသည်။ နိသိန္နဿ၊ ထိုင်သော။ အင်္ဂလာနုဿ··။ ဓမ္မံ·····။ နဒေသေဿာမိ··· ။ ဇာတိ ····။ သိက္ခာ·····။ ကရဏီယာ·····။

မထေရ်ကြီးသည် ထိုင်လျက် မိမိမသိသည်ကို မေးအံ့၊ ရပ်လျက်မဖြေအပ်။ အရှင်ဘုရား ရပ်၍မေးပါဟု ဆိုလျှင် ဂါရဝပျက်မည်။ ထိုအခါ အနီးတွင်ရပ်သူရှိအံ့၊ ထိုသူအား ဖြေမည်ဟု နှလုံးပြု၍ဖြေရသည်။ တနည်း၊ သိတင်း ငယ်ရှိလျှင် ငါ့ရှင် ရပ်

စမ်းပါ-ဟု ရပ်ခိုင်း၍ ဖြေရသည်။ တနည်း၊ ထိုင်၍ဖြေရသည်။ ဉာဏ်စွမ်းသိလို၍မေးသော မထေရ်ကြီးအား ရှိသေစွာကြို့၍ ဖြေရသည်။ဘုရားရှင် မေးသောအခါ''အနိစ္စံ ဘန္တေ''စသည် ဖြင့် လက်အုပ်ချီလျက်ပင် ဖြေကြရသည်။

**၁၁။ ပစ္ဆတောဂမန။** ။န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။ (သမန္တ……)

ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသောငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ……။ ဓမ္မံ……။ နဒေသေဿာမိ……။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

ရှေ့ကမေးလျှင် မဖြေသေးဘဲ၊ နောက်မှလိုက်သူအား ဖြေမည်ဟု နှလုံးပြု၍ ဖြေရသည်။ ညီတူ သွားသူအားလည်း ဖြေအပ်၏။

**၁၂။ ဥပ္ပထဂမန။** ။န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။ (သမန္တ……)

ဥပ္ပထေန၊ခရီးမဟုတ်သဖြင့်။ဂစ္ဆန္တော၊သွားသောငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ……။ ဓမ္မံ……။ နဒေသေဿာမိ……။ ဣတိ……။ သိက္ခာ……။ကရဏီယာ……။

လှည်းလမ်းတဘက်စီညီတူရင်း၊ လမ်းမဟုတ်ရာ၌ညီတူရင်း သွားလျှင်ကား ဟောကောင်း၏။ ။ဓမ္မဒေသနာပဋိသံယုတ္တ ၁၆-ချပြီး၏။

**၁၃။ ဌိတဥစ္စာရ။** ။န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။(မေထုနာ…)

အဂိလာနော၊ မနာမဖျားဘဲ။ ဌိတော၊ ရပ်လျက်။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုရင်း၊ ပဿာဝံဝါ၊ ကျင်ငယ်ကိုရင်း၊ နကရိဿာမိ၊ မစွန့်အံ့။ ဣတိ……။ သိက္ခာ……။ ကရဏီယာ……။

စွန့်ရာသို့ သွားစဉ် အဆောတလျင်ထွက်အံ့–ဧတနာမရှိ၍ အနာပတ္တိ။

**၁၄။ ဟရိတ။** ။ ၃ ဟရိတေ အဂိလာနေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။ (မေထုနာ .....)

အဂိလာနော၊ မနာမဖျားဘဲ။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာအရပ်၌။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံဝါ၊ တံတွေးကိုရင်။ နကရိဿာမိ၊ မစွန့်အံ့။ဣတိ......။သိက္ခာ......။ ကရဏီယာ......။

စိမ်း လန်းသော သစ်မြစ်၊ သစ်ခက် မြေ၌ပေါ်လျက် ရှိလျှင်လည်း "**ဟရိတ**"မည်၏၊မစွန့်အပ်။ မြုပ်နေလျှင် မြေအလားတူဘူမိဂတိက ဖြစ်၏၊ စွန့်ကောင်း၏။ တံတွေးဖြင့် နှပ်ကိုလည်း ရေတွက်သည်။ နှပ်ကိုလည်း မစွန့်အပ်။ ဟရိတ မဟုတ်ရာ၌ စွန့်လျက် ဟရိတသို့ စီးသွားအံ့—အနာပတ္တိ။ သစ်ပင်ခွ၌ ထိုင်လျက် ဟရိတမရှိရာ၌စွန့်လျှင်အပြစ်မရှိ။ နေရာရှာစဉ်ထွက်အံ့၊ ဂိလာနအရာ၌တည်၏။ လွတ်ရာမရလျှင် ကရွတ်စသည်ခံ၍စွန့်အပ်၏။ စွန့်ပြီးကိုယူ၍လည်း ဟရိတ၌မစွန့်အပ်။ အချို့ ကုဋီ၌ တံလျှောက်ခံ၍ စွန့်ကြ၏။ မိုးလောက်အပေါ် ကျေစိမ့်သော၄ါ ဟု ဆိုကြ၏။ သပ္ပါဏကသိက္ခာပုဒ်နှင့်လျော်၏။

**၁၅။ ဥဒက။** ။နဲ ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိသိက္ခာ ကရဏီယာ။(မေထုနာ...... ) ပါဒုကဝဂ္ဂေါ သတ္တမော။

အဂိလာနော......။ ဥဒကေ၊ သုံးဆောင်ကောင်းသောရေ၌။ ဥစ္စာရံ ဝါ......။ ပဿာဝံဝါ......။ ခေဠံဝါ......။ နကရိဿာမိ......။ ဣတိ......။ သိက္ခာ......။ ကရဏီယာ......။ သတ္တမော......။ ပါဒုကဝဂ္ဂေါ......။ နိဋ္ဌိတော......။

သောက်ချိုးသုံးကောင်းသောရေသည် ညစ်ကြေးမစွန့်အပ်သော "**ဥဒက**" မည်၏။ဝစ္စကုဋီရေ၊ သမုဒ္ဒရာရေ စသော မသုံးအပ်သောရေ၌ အနာပတ္တိ။ ကုန်း၌စွန့်လျက် ရေသို့ စီးသွားအံ့ အနာပတ္တိ။ ရေလွတ်ရာရှာ၍မရလျှင် ထိုရေ၌စွန့်အံ့၊ ဘေးရန်ကြောင့် အနာပတ္တိ။ ။ဤတွင် ဥစ္စာရသုံးချပြီး၏။

**နိဂုံး။** ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော သေခိယာ ဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိတိ။ ။သေခိယာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော၊......တို့၊ သေခိယာ......။ ဓမ္မာ၊......တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ တတ္ထ၊ ထိုသေခိယ၌။ အာယသ္မန္တေ......။ ပုစ္ဆာမိ....။ ကစ္စိ......။ ပရိသုဒ္ဓါ......။ အတ္ထ..။ ဒုတိယမ္ပိ......။ တတိယမ္ပိ......။ ပုစ္ဆာမိ......။ ကစ္စိ......။ ပရိသုဒ္ဓါ...။ အတ္ထ....။ ဧတ္ထ၊ ဤသေခိယ၌။ အာယသ္မန္တော၊ ......တို့သည်။ ယသ္မာ......။ ပရိသုဒ္ဓါ......။ တသ္မာ......။ တုဏှီ......။ အသိ......။ ဧဝံ......။ ဧတံ......။ ဓာရယာမိ......။ ဣတိ၊ ဤသို့သောစကားစဉ်ဖြင့်။ သေခိယာ....။ ဓမ္မာ......။ နိဋ္ဌိတာ......။

---

## အဓိကရဏ သမထ။

ဣမေခေါ ပနာယသ္မန္တော သတ္တ အဓိကရဏ သမထာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အာယသ္မန္တော၊......တို့၊ သတ္တ၊ ခုနစ်ပါး ကုန်သော၊ အဓိကရဏ သမထာ၊ အဓိကရုဏ်းသမထအမည်ရှိကုန်သော။ ဣမေခေါပန ဓမ္မာ၊ ဤတရားတို့သည်။ ဥဒ္ဒေသံ....။ အာဂစ္ဆန္တိ......။

အဓိကရုဏ်းလေးပါးတို့တွင် အာပတ္တာဓိကရုဏ်း ဟူသော အာပတ် ၇ ချက်ရှင်း။ ကြွင်းအဓိကရုဏ်း သုံးပါးကြောင့် ဖြစ်သော "**ပါ၊ သံ၊ ထုလ်၊ ပါ၊ ပါ၊ ဒုက်၊ ဒုဗ်**"-ဟူသော အာပတ်ခုနစ်ချက်ရှင်း စင်ကြယ်ခြင်း ကို ဆောင်ခြင်းမှ ဤသမထကိုပြသည်။ ဤ၌ အာပတ်သိ ခြား မရှိ။ သမထသရုပ်သာ ပြသည်။

**သမထခုနစ်ပါး။** ။ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပသမာယ သမ္မုခါဝိနယော ဒါတဗ္ဗော။ သတိဝိနယော ဒါတဗ္ဗော။ အမူဠှဝိနယော ဒါတဗ္ဗော။ ပဋိညာယ ကာရေတဗ္ဗံ။ ယေဘုယျသိကာ။ တဿပါပိယသိကာ။ တိဏဝတ္ထာရကောတိ။

ဥပ္ပန္နုပ္ပန္နာနံ၊ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော။ အဓိကရဏာနံ၊ အဓိကရုဏ်းလေးပါးတို့၏။ သမထာယ၊ ငြိမ်းခြင်းငှါ။ ဝူပသမာယ၊ အထူးသဖြင့် ငြိမ်းခြင်းငှါ။ သမ္မုခါဝိနယော၊ သမ္မုခါ ဝိနည်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သတိဝိနယော၊ သတိဝိနည်းကို။ ဒါတဗ္ဗော……။ အမုဠှဝိနယော၊ အမုဠှဝိနည်းကို။ ဒါတဗ္ဗော….။ ပဋိညာယ၊ ဝန်ခံခြင်းဖြင့်။ ကာရေတဗ္ဗံ၊ ပြုစေအပ်၏။ ယေဘုယျသိကာ၊ ယေဘုယျသိကာ ဝိနည်းကံကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ တဿပါပိယျသိကာ၊ တဿပါပိယျသိကာ ဝိနည်းကံကို။ ကာတဗ္ဗာ….။ တိဏဝတ္ထာရကော၊ တိဏဝတ္ထာရက ဝိနည်းကံကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ၊ ဤကား သမထ ၇-ပါး တည်း။

သမထဖြင့်ငြိမ်စေအပ်သောသဘောတရားသည်"**အဓိကရဏ**"မည်၏။ ဝိဝါဒ၊အနုဝါဒ၊အာပတ္တိ၊ကိစ္စ-ဟု လေးပါး ပြား၏။ ထိုတွင် ဓမ္မ-အဓမ္မစသော ၁၈-ပါးသောအကြောင်းတို့ဖြင့် ရဟန်းတို့ငြင်းခုံခြင်းသည်"**ဝိဝါဒါဓိကရုဏ်း**"မည်၏။ သမ္မုခါ ဝိနည်း၊ ယေဘုယျသိကာဝိနည်းနှစ်ပါးဖြင့် ငြိမ်းစေအပ်၏။

သီလ၊ အာစာရ၊ ဒိဋ္ဌိ၊ အာဇီဝ-ဟူသော ဝိပတ္တိလေးပါးဖြင့် စွပ်စွဲခြင်းသည် "**အနုဝါဒါဓိကရုဏ်း**"မည်၏။ မ္မုခါ၊သတိ၊ မုဠှ၊ ပါပိ-လေးပါးဖြင့် ငြိမ်းစေအပ်၏။

အာပတ် ၇-ပါးသည် "**အာပတ္တာဓိကရုဏ်း**"မည်၏။မ္မုခါ၊ ဋိညာ၊ တိဏ-သုံးပါးဖြင့်ငြိမ်းစေအပ်၏။

အပလောကနစသော ဝိနည်းကံ လေးပါးသည် "**ကိစ္စာဓိကရုဏ်း**"မည်၏။ သမ္မုခါတပါးဖြင့် ငြိမ်းစေအပ်၏။ ၂+၄+၃+၁-တဆယ်မဖြစ်၊ ခုနစ်သာ။

အထူးကား သတိဝိနည်းကို ရဟန္တာအားသာ ပေးရသည်။ အမုဠှကို ဥမ္မတ္တကရဟန်းအားသာ….။ တဿပါပိကို ယုတ်မာသောရဟန်းအားသာ ပြုရသည်။

အဓိကရုဏ်းလေးပါးလုံးအတွက် ဝိနည်းတပါး၊ ရဟန္တာအတွက် တပါး၊ ဥမ္မတ္တကအတွက် တပါး၊ ယုတ်မာသူအတွက်

တပါး၊ ဝိဝါဒအတွက်တပါး၊ အာပတ်အတွက် နှစ်ပါး-ပေါင်း ၇-ပါး။

**နိဂုံး။** ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော သတ္တ အဓိကရဏသမထာဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမီတိ။ ။သတ္တ အဓိကရဏသမထာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော၊ ......တို့။ သတ္တ ......။ အဓိကရဏသမထာ ......။ ဓမ္မာ၊ တရားတို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ တတ္ထ၊ ထိုခုနစ်ပါးသောသမထ၌။ အာယသ္မန္တေ ....။ ပုစ္ဆာမိ ...။ ကစ္စိ ...။ ပရိသုဒ္ဓါ ......။ အတ္ထ ......။ ဒုတိယမ္ပိ ......။ တတိယမ္ပိ ......။ ပုစ္ဆာမိ ......။ ကစ္စိ ....။ ပရိသုဒ္ဓါ ......။ အတ္ထ ...။ ဧတ္ထ၊ ဤသမထ၌။ အာယသ္မန္တော၊ ......တို့သည်။ ယသ္မာ ......။ ပရိသုဒ္ဓါ ......။ တသ္မာ ......။ တုဏှီ ......။ အသိ ......။ ဧဝံ ......။ ဧတံ ......။ ဓာရယာမိ ......။ ဣတိ၊ ဤသို့သော စကားစဉ်ဖြင့်။ သတ္တ ......။ အဓိကရဏသမထာ ....။ ဓမ္မာ ......။ နိဋ္ဌိတာ ....။

သမထဖြင့် ငြိမ်းဘွယ်တစုံတရာ အာပတ်မှ စင်ကြယ်ကြသလောဟု အာပတ်အားလုံးဆက်ဆံလျက် မေးသည်။ နိဒါန်း၌လည်း အားလုံးဆက်ဆံလျက် တကြိမ်မေးပြီ။ ဤမေးခွန်းအရုံး၌ အာပတ်တခုခုရှိလျက် ဆိတ်ဆိတ်နေလျှင် "**သမ္ပဇာနမုသာဝါဒ**"ဖြစ်၏။

---

## မဟာနိဂုံးကြီး။

ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော နိဒါနံ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ တေရသ သံဃာဒိသေသာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ဒွေ အနိယတာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သေခိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သတ္တ အဓိကရဏသမထာ ဓမ္မာ။ ။ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တ

ပရိယာပန္နံ အနုတ္တရမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေပဟော
ဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိ
တဗ္ဗန္တိ။ ။ဝိတ္ထာရုဒ္ဒေသော ပဉ္စမော။

အာယသ္မန္တော၊......တို့။ နိဒါနံ၊......ကို။ ဥဒ္ဒိဋ္ဌံခေါ၊ သရုပ်အားဖြင့်ပြအပ်ပြီးသည့်သာဘည်း။ စတ္တာရော.....။ ပါရာဇိကာ......။ ဓမ္မာ၊ အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီ။ တေရသ......။ သံဃာဒိသေသာ......။ ဓမ္မာ....။ ဥဒ္ဒိဋ္ဌာ......။ ဒွေ......။ အနိယတာ......။ ဓမ္မာ......။ ဥဒ္ဒိဋ္ဌာ......။ တိံသ......။ နိဿဂ္ဂိယာ ပါစိတ္တိယာ......။ ဓမ္မာ......။ ဥဒ္ဒိဋ္ဌာ......။ ဒွေနဝုတိ......။ ပါစိတ္တိယာ......။ ဓမ္မာ......။ ဥဒ္ဒိဋ္ဌာ......။ စတ္တာရော......။ ပါဋိဒေသနီယာ......။ ဓမ္မာ......။ ဥဒ္ဒိဋ္ဌာ......။ သေခိယာ......။ ဓမ္မာ......။ ဥဒ္ဒိဋ္ဌာ....။ သတ္တ....။ အဓိကရဏ သမထာ....။ ဓမ္မာ၊ တရားတို့ကို။ ဥဒ္ဒိဋ္ဌာ......။ ။ဧတ္တကံ၊ ဤမျှ အတိုင်းအရှည် ရှိသော သိက္ခာပုဒ်သည်။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သုတ္တာဂတံ၊ ပါတိမောက်၌ လာ၏၊ သုတ္တပရိယာပန္နံ၊ ပါတိမောက်၌ အကျုံးဝင်၏။ အနုတ္တရမာသံ၊ လခွဲတိုင်း။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်အဖြစ်သို့။ အာဂစ္ဆတိ၊ ရောက်၏။ တတ္ထ၊ ထိုသိက္ခာပုဒ် (၂၂၇-ပါး)၌။ သဗ္ဗေဟေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်။ သမဂ္ဂေဟိ၊ ကိုယ်ဖြင့် ညီညွတ်ကုန်သည် ဖြစ်၍။ သမ္မောဒမာနေဟိ၊ စိတ်ဖြင့် ဝမ်းမြောက်ကုန်သည် ဖြစ်၍။ အဝိဝဒမာနေဟိ၊ နှုတ်ဖြင့်ငြင်းခုံခြင်း မရှိကုန်သည်ဖြစ်၍။ [၁၈-ပါးဖြင့် မငြင်းဟူလို။] သိက္ခိတဗ္ဗံ၊ အဓိသီလကို ဖြည့်ကျင့် အပ်၏။ (ဝါ၊ သာဓိဝ-သိက္ခာပုဒ်ကို မလွန်ကျူးခြင်းဖြင့် အဓိသီလ သိက္ခာကို ဖြည့်ကျင့် အပ်၏)။ ။ဣတိ၊ ဤသို့သောစကားစဉ်ဖြင့်။ ပဉ္စမော၊ ငါးခုမြောက်ဖြစ်သော။ ဝိတ္ထာရုဒ္ဒေသော၊ အကျယ် ပါတိမောက် ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

သိက္ခာပုဒ်တို့သည်၄+၁၃+၂+၃၀+၉၂+၄+၇၅+၇=ပေါင်း ၂၂၇-ဖြစ်၏။ သမထခုနစ်ပါးဖယ်လျှင် အာပတ်၂၂၀-ဖြစ်၏။

ဘိက္ခုပါတိမောက် အရသာပြီးပြီ။

# ဒွေမာတိကာ အဆရသာ

## ဘိက္ခုနီပါတိမောက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### နိဒါနုဒ္ဒေသ။

ပုဗ္ဗကရဏဂါထာစသည်နှင့် ဉာတ်မှစ၍နိဒါန်းတခုလုံးသည် အနက်အဓိပ္ပါယ်အထူးမရှိ။ အထူးကား-ဘိက္ခုနီဂဏနာစ ဩဝါဒေါ၊ ဘိက္ခုနီ သံဃဿ အနုမတိယာ။ ယာဝတိကာစ ဘိက္ခုနိယော ကမ္မပ္ပတ္တာ။ အယျေ၊ အရှင်မတို့။ သံဃော၊ ဘိက္ခုနီ သံဃာသည်။ အယျာယော၊ ရှင်မတို့-စသည်ဖြင့် ဣတ္ထိလိင်တို့သာ ထူးကုန်၏။

---

### ပါရာဇိကုဒ္ဒေသ။

တတြိမေ အဋ္ဌပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

တတြ၊ ထိုပါတိမောက်၌။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပါရာဇိကာ၊ ပါရာဇိကအမည်ရှိကုန်သော။ ဣမေဓမ္မာ၊ ဤသိက္ခာပုဒ် တို့သည်။ (ဝါ၊ ဤအာပတ်တို့သည်။) ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည် အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

**မေထုန**။ ။ယာပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ အန္တမသော တိရစ္ဆာနဂတာယပိ၊ ပါရာဇိကာ ဟောတိ အသံဝါသာ။ (စ-မေထုနာ……)

ယာပန ဘိက္ခုနီ၊ အကြင်ဘိက္ခုနီမသည်။ ဆန္ဒသော၊ ဆန္ဒထန်ပြင်း နှစ်သက်ခြင်းဖြင့်။ မေထုနံ ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝေယျ၊ မှီဝဲ ငြားအံ့။ အန္တမသော၊ အယုတ်ဆုံး အားဖြင့်။ တိရစ္ဆာန ဂတာယပိ၊ တိရစ္ဆာန်နှင့်သော်လည်း။ ပဋိသေဝေယျ…။ အယံ၊ ဤဘိက္ခုနီမသည်။ ပါရာဇိကာ၊ ပါရာဇိကအာပတ်သို့ရောက်သည်။ ဟောတိ၊ ဖြစ်၏၊ အသံ ဝါသာ၊ အတူပေါင်းဘော်ခြင်းမရှိသောသူသည်။ ဟောတိ……။

ဘိက္ခုနီအားသိက္ခာချခြင်းမည်သည်မရှိ၊ ထို့ကြောင့် "ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ"……စသည်ဖြင့် မဟော။ ။ မေထုန်၊ တမတ်တန်ခိုး၊ လူသတ်၊ ဈာန်မဂ်ဖိုလ်ဝါကြွား-ပါရာဇိကတို့၌ ဆိုပြီးသော နည်းရှိပြီ။ ဘိက္ခုနီမတို့ ဥပုသ်ပြု-ပါတိမောက်ပြရာ၌ သာဓာရဏကိုမချန်ရသော်လည်း သင်ယူ မှီချရာ၌ အသင့်အတင့်လေ့လာ၍ အသာဓာရဏကို အထူးအား ထုတ်အပ်၏။

၁။ **သိက္ခာပုဒ်**။ ။ယာပနဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုရိသပုဂ္ဂလဿ အဓက္ခကံ ဥဗ္ဘဇာဏုမဏ္ဍလံ အာမသနံ ဝါ ပရာမသနံ ဝါ ဂဟဏံ ဝါ ဆုပနံ ဝါ ပဋိပီဠနံ ဝါ သာဒိယေယျ။ အယမ္ပိ ပါရာဇိကာ ဟောတိ အသံဝါသာ ဥဗ္ဘဇာဏုမဏ္ဍလိကာ။ (မေထုနာ……)

ယာပနဘိက္ခုနီ၊ အကြင်ဘိက္ခုနီမသည်။ အဝဿုတာ၊ ကာယသံသဂ္ဂရာဂဖြင့် စွတ်သည်ဖြစ်၍။ အဓက္ခကံ၊ ညှပ်ရိုးနှစ်ဘက်အောက် ၌၊ ဥဗ္ဘဇာဏုမဏ္ဍလံ၊ ဒူးဝန်းနှစ်ဘက် အထက်၌။ အဝဿုတဿ၊ ကာယသံသဂ္ဂရာဂဖြင့်စွတ်သော။ ပုရိသ ပုဂ္ဂလဿ၊ လူယောကျ်ား၏။ အာမသနံဝါ၊ မရွေ့မူ၍ သုံးသပ်ခြင်းကိုရင်း။ ပရာမသနံဝါ၊ ရွေ့၍သုံးသပ် ခြင်းကိုရင်း။ ဂဟဏံဝါ၊ ကိုင်ခြင်းကိုရင်း။ ဆုပနံဝါ၊ တို့ခြင်းကိုရင်း။ ပဋိပီဠနံဝါ၊ ကိုင်ဆွဲ ဖိညှစ်ခြင်းကိုရင်း။ သာဒိယေယျ၊ သာယာ ငြားအံ့။

အယမ္ပိ၊ ဤဘိက္ခုနီမသည်လည်း။ ဥဗ္ဘဇာဏု မဏ္ဍလိကာ၊ ဥဗ္ဘဇာဏု မဏ္ဍလိကာအမည်ရသည်ဖြစ်၍။ ပါရာဇိကာ၊ ပါရာဇိက အာပတ်သို့ ရောက်သည်၊ ဟောတိ……။ အသံဝါသာ၊ အတူပေါင်းဘော်ခြင်းမရှိ သောသူသည်။ ဟောတိ……။

ညှပ်ရိုးအောက် ဒူးအထက်၌ ယောကျ်ား၏ အကိုင်အသိ သာယာလျှင် ဘိက္ခုနီသီလ အသက်ထွက်၏။ ဦးခေါင်းပြတ် ပြန်စပ်၍ မရှင်ပြီ။ ။လူယောကျ်ားဖြစ်ခြင်း, လူယောကျ်ားဟု အမှတ်ရှိခြင်း, ကာယသံသဂ္ဂရာဂရှိခြင်း, ထိုရာဂဖြင့် လှုံ့လပြု ခြင်း, ညှပ်ရိုးအောက် ဒူးအထက်၌သုံးသပ်ခြင်း-အင်္ဂါငါးပါး။ ။ ဘိက္ခုသံဃာဒိသိသ် ကာယသံသဂ္ဂနှင့်တူ၏။ တတောင်ဆစ် အထက်ကိုလည်း ဒူးဝန်းအထက်၌ ထည့်သွင်းရသည်။ ညှပ်ရိုး အောက် ဒူးတတောင်ဆစ်အထက်သည်“**ပါရာဇိကခေတ်**”……။ အကြွင်းသည် “**ထုလ္လစ္စဥ်းခေတ်**”။ ကိုယ်လက်နှိုးနှောရန် နား လည်သော လူယောကျ်ားသာ“**ပုရိသပုဂ္ဂလ**”…။ကာယသံသဂ္ဂ ရာဂမရှိသောယောကျ်ားဖြစ်လျှင် ထုလ္လစ္စဥ်းအသိသာ။ မေထု နရာဂစိတ်၊ ဂေဟာသိတပေမစိတ်ဖြင့် သာယာအံ့ “**ဒုက္ကဋ်**”။

၂။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ ဇာနံ ပါရာဇိကံ ဓမ္မံ အဇ္ဈာပန္နံ ဘိက္ခုနိံ နေဝ ‌အတ္တနာ ပဋိစောဒေယျ၊ န ဂဏဿ အာရောစေယျ၊ယဒါ စ သာ ဌိတာ ဝါ အဿ စုတာ ဝါ နာသိ တာ ဝါ အဝဿဋာ ဝါ၊ သာ ပစ္ဆာ ဧဝံ ဝဒေယျ။ ပုဗ္ဗေဝါဟံ အယျေ အညာသိံ ဧတံ ဘိက္ခုနိံ ဧဝရူပါ စ ဧဝရူပါ စ သာ ဘဂိနီတိ။ နော စ ခေါ အတ္တနာ ပဋိစောဒေဿံ၊ န ဂဏဿ အာရောစေဿံ။ အယမ္ပိ ပါရာဇိကာ ဟောတိ အသံဝါသာ ဝဇ္ဇပဋိစ္ဆာဒိကာ။ (သမန္တ……)

ယာပန ဘိက္ခုနီ၊ အကြင်ဘိက္ခုနီမသည်။ ဇာနံ၊ သိလျက်။ ပါရာ ဇိကံ ဓမ္မံ၊ ပါရာဇိက အာပတ်သို့။ အဇ္ဈာပန္နံ၊ ရောက်သော။ ဘိက္ခုနိံ၊ ဘိက္ခုနီမကို။ အတ္တနာ၊ မိမိကိုယ်တိုင်။ နေဝပဋိစောဒေယျ၊ မစောဒနာ ပြောအံ့။ ဂဏဿ၊ ဘိက္ခုနီမအပေါင်းအား။ န အာရောစေယျ၊ မပြော ကြားပြောအံ့။ ယဒါ စ၊ အကြင်အခါ၌ကား။ သာ၊ ထိုပါရာဇိကသို့ရောက်

သော ဘိက္ခုနီမသည်။ ဋ္ဌိတာဝါ၊ ဘိက္ခုနီမအသွင်၌တည်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ရုတာဝါ၊ သေသည်လည်း။ အဿ၊ ဖြစ်ရာ၏။ နာသိတာဝါ၊ အသွင်ဖျက်ဆီးအပ်သည်လည်း။ အဿ……။ အဝဿဋ္ဌာဝါ၊ တိတ္ထိကျောင်းသို့ ပြောင်းသွားသည်လည်း။ အဿ……။ သာ၊ထို(မစေ၊ မပြောဘဲ ဖုံးလွှမ်းသောဘိက္ခုနီမသည်။ ပစ္ဆာ၊နောက်၌။ ဧဝံ၊ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အယျေ၊ရှင်မတို့။ အဟံ၊ ငါသည်။ ပုဗ္ဗေဝ၊ ရှေးကတည်းကပင်လျှင်။ ဧတံဘိက္ခုနိံ၊ထိုဘိက္ခုနီမကို။ သာဘဂိနီ၊ ထိုညီမသည်။ ဧဝရူပါစ၊ ဤသို့သောသဘောလည်းရှိ၏။ ဧဝရူပါစ……ရှိ၏။ ဣတိ၊ဤသို့။ အညာသိံ၊သိပြီးပြီ။ ခေါ၊ ထိုသို့ပင်သိသော်လည်း။ အတ္တနာ၊ မိမိကိုယ်တိုင်။ နောစပဋိစောဒေဿံ၊မစောဒနာပြီ။ ဂဏဿ၊ ဘိက္ခုနီမ အပေါင်း အား။ နအာရောစေဿံ၊ မပြောကြားပြီ။ ဣတိ……။ ဝဒေယျ……အံ့။ အယမ္ပိ၊ ဤဘိက္ခုနီမ သည်လည်း။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ဝဇ္ဇပဋိစ္ဆာဒိကာ အမည်ရသည်ဖြစ်၍။ ပါရာဇိကာ၊ ပါရာဇိကအာပတ်သို့ ရောက်သည်။ ဟောတိ……။ အသံဝါသာ……။ ဟောတိ……။

ပါရာဇိကာအဖြစ်ကိုဖုံးလျှင် အသက်ထွက်၏။ ရှက်ဟောင်းကြွေ မပိမ်းပြီ။ ။ဘိက္ခုနီ၏ ပါရာဇိက အာပတ်ကိုသိခြင်း, ဖုံးလို၍မပြောကြားအံ့ဟု ဝန်ချခြင်း-အင်္ဂါနှစ်ပါး။ ။ဤသိက္ခာပုဒ်ကို နောက်ဆုံး မှ ပညတ်သော်လည်း ယခင်သိက္ခာပုဒ်နှင့် အစုပြု၍ ဤ၌ထားသည်။တပါးသောဘိက္ခုနီသည် တယောက်ထည်းသော်လည်း ''ဂဏ''မည်၏။ ပုဗ္ဗေဝါဟံအယျေ စသည်ဖြင့် နောက်မှ ဖွင့်ပြောသော်လည်း မပြောကြားအံ့ဟု ဝန်ချစဉ်ကပင် ပါရာဇိကာ။

**ဂဏလေးမျိုး။** ။ဘိက္ခုနီပါတိမောက်၌ ဂဏလေးမျိုးသိအပ်၏။ ''နဂဏဿ အာရောစေယျ''၌ ဘိက္ခုနီတယောက်ယောက်သည်လည်း ဂဏမည်၏။ ''ဂဏံဝါပူဂံဝါ''၌ သာသနာပြင်ပ လူအပေါင်းအစုံးရသည် ဂဏ……။ ''အနုညာယ ဂဏဿ ဆန္ဒံ၊ဂဏဿဝိဝရလာဘံ၊ဂဏံပရိဘာသေယျ''တို့၌ ဘိက္ခုနီသံဃာသည်ဂဏ……။ယောကျ်ားနှင့်အနာဆေးကုရာ၌ ဘိက္ခုနီနှစ်ပါး၊သုံးပါးသည် ဂဏမည်၏။

**၃ ။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ သမဂ္ဂေန သံဃေန ဥက္ခိတ္တံ ဘိက္ခုံ ဓမ္မေန ဝိနယေန သတ္ထုသာသနေန အနာဒရံ အပ္ပဋိကာရံ အကတသဟာယံ၊ တမနုဝတ္တေယျ။

ယာပန ဘိက္ခုနီ -- ။သမဂ္ဂေန၊ ညီညွတ်သော။ သံဃေန၊ သံဃာသည်။ ဓမ္မေန၊ ဟုတ်မှန်သော ဝတ္ထုဖြင့်။ ဝိနယေန၊ စောဒနာ,သာရဏာ ဝိနည်းဖြင့်။ [မေးခြင်း, သတိပေးခြင်းဖြင့်ဟူလို။] သတ္ထုသာသနေန၊ ဘုရားရှင်၏ သာသနာ ညတ်ကမ္မဝါစာဖြင့်။ ဥက္ခိတ္တံ၊ နှင်ထုတ်အပ်သော။ (ဝါ-ဥက္ခိတ္တက ကံပြုအပ်သော။) အနာဒရံ၊ ရိုသေခြင်းမရှိသော။ အပ္ပဋိကာရံ၊ ကုစားခြင်းမရှိသော။ [သံဃာ့ဘောင်သို့ပြန်မသွင်းရသေးသူဟူလို။] အကတသဟာယံ၊ အပေါင်းအဘော်မပြုအပ်သော။ တံဘိက္ခုံ၊ ထိုရဟန်းသို့။ အနုဝတ္တေယျ၊ အတုလိုက်ငြားအံ့။

သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ- ဧသော ခေါ အယျေ ဘိက္ခု သမဂ္ဂေန သံဃေန ဥက္ခိတ္တော ဓမ္မေန ဝိနယေန သတ္ထုသာသနေန အနာဒရော အပ္ပဋိကာရော အကတသဟာယော၊ မာယေ ဧတံ ဘိက္ခုံ အနုဝတ္တီတိ။

သာ ဘိက္ခုနီ၊……ကို။ ဘိက္ခုနီဟိ၊ မြင်ကုန်ကြားကုန်သော ဘိက္ခုနီမတို့သည်။ ဧဝံ……။ ဝစနီယာ၊ ဆိုအပ်သည်။ အဿ-ဟောတိ၊ ဖြစ်၏။ အယျေ၊ ရှင်မ။ ဧသော ခေါ ဘိက္ခု၊……သည်။ သမဂ္ဂေန……။ သံဃေန၊……သည်။ ဓမ္မေန……။ ဝိနယေန……။ သတ္ထုသာသနေန၊ …. ဖြင့်။ ဥက္ခိတ္တော၊ နှင်ထုတ်အပ်သူဖြစ်၏။ အနာဒရော၊ ရိုသေခြင်းမရှိသူဖြစ်၏။ အပ္ပဋိကာရော၊ ကုစားခြင်းမရှိသူဖြစ်၏။ အကတသဟာယော၊ အပေါင်းအဘော်မပြုအပ်သူဖြစ်၏။ အယျေ၊ ရှင်မ၊ ဧတံ ဘိက္ခုံ၊….သို့။ မာ အနုဝတ္တိ၊ အတုမလိုက်ပါလင့်။ ဣတိ ဧဝံ……။ ဝစနီယာ……။ အဿ-ဟောတိ……။

ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ။ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ၊

အယမ္ပိ ပါရာဇိကာ ဟောတိ အသံဝါသာ ဥက္ခိတ္တာနုဝတ္တိကာ။ (သမန္တ......)

ဝေဠ......။သာဘိက္ခုနီ......။ဘိက္ခုနီပိ......။ဝုတ္တမာနာ၊ ဆိုအပ်သည့် ဖြစ်လျက်။ တထေဝ၊ ထိုအတူသာလျှင်။ ပဂ္ဂဏှေယျ......။ သာဘိက္ခုနီ......။ဘိက္ခုနီပိ......။တသ၊ထို(ဥက္ခိတ္တကသို့ အတုလိုက်သော)အယူဝါဒကို။ပဋိနိဿဂ္ဂါယ......။ယာဝတတိယံ......။ သမနုဘာသိတဗ္ဗာ၊...... အပ်၏။ယာဝတတိယံ......။သမနုဘာသိယမာနာ......။တံ၊ထိုအယူဝါဒကို။ ပဋိနိဿဇ္ဇေယျ......။ဣစ္စေတံ......။ကုသလံ......။နောစေပဋိနိဿဇ္ဇေယျ......။ အယမ္ပိ၊ ဤဘိက္ခုနီမသည်လည်း။ ဥက္ခိတ္တာနုဝတ္တိကာ၊...... အမည်ရသည်ဖြစ်၍။ ပါရာဇိကာ......။ ဟောတိ......။ အသံဝါသာ......။ ဟောတိ......။

ဥက္ခိတ္တကရဟန်းသို့ အတုလိုက်သူ သုံးကြိမ်ဆုံးမ-မရလျှင် အသက်ထွက်၍။ကျောက်ဖျာကြီး ကွဲ-ပြန်မစပ်။ ။ဥက္ခိတ္တကသို့ အတုလိုက်ခြင်း, ဓမ္မကံဖြင့် သမနုဘာသနကံပြုခြင်း, ကမ္မဝါစာပြီးဆုံးခြင်း,အယူမစွန့်ခြင်း-အင်္ဂါလေးပါး။ ။ဆုံးမသမှ မစွန့်လျှင် ဉတ်အဆုံးထိ "ဒုက္ကဋ်"။ ကမ္မဝါစာနှစ်ကြိမ်အဆုံး **"ထုလ္လစ္စည်းနှစ်ချက်"**သုံးကြိမ်အဆုံး၌**"ပါရာဇိက"**။

**၄။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ၊သင်္ဃာဋိကဏ္ဏဂ္ဂဟဏံ ဝါ သာဒိယေယျ၊ သန္တိဋ္ဌေယျဝါ၊ သလ္လပေယျဝါ၊သင်္ကေတံ ဝါ ဂစ္ဆေယျ၊ပုရိသဿ ဝါ အဗ္ဘာဂမနံ ဝါ သာဒိယေယျ၊ ဆန္နံ ဝါ အနုပဝိသေယျ၊ ကာယံ ဝါ တဒတ္ထာယ ဥပသံဟရေယျ–ဧတဿ အသဒ္ဓမ္မဿ ပဋိသေဝနတ္ထာယ၊အယမ္ပိ ပါရာဇိကာ ဟောတိ အသံဝါသာ အဋ္ဌဝတ္ထုကာ။ သမန္တ......)

ယာပနဘိက္ခုနီ...။ အဝဿုတာ၊ကာယသံသဂ္ဂရာဂစွတ်သည်ဖြစ်၍။ အဝဿုတဿ၊ ကာယသံသဂ္ဂရာဂစွတ်သော။ ပုရိသပုဂ္ဂလဿ၊ လူယောကျ်ား၏။ဟတ္ထဂ္ဂဟဏံဝါ၊ လက်ကိုင်ခြင်းကိုလည်း။ သာဒိယေ

ယျ၊ သာယာငြားအံ့။ သင်္ဃာဋိကဏ္ဏဂ္ဂဟဏံ ဝါ၊ သင်္ကန်းစွန်းကိုင်ခြင်းကိုလည်း။ သာဒိယေယျ…။ သန္တိဋ္ဌေယျ ဝါ၊ အနီးကပ်၍လည်း ရပ်ငြားအံ့။ သလ္လပေယျ ဝါ၊ အနီးကပ်၍လည်း စကားပြောဆိုငြားအံ့။ သင်္ကေတံ ဝါ၊ ချိန်းချက်ရာအရပ်သို့လည်း။ ဂစ္ဆေယျ၊ သွားငြားအံ့။ ပုရိသဿ……၏။ အဗ္ဘာဂမနံ ဝါ၊ လာခြင်းကိုလည်း။ သာဒိယေယျ……။ ဆန္နံ ဝါ၊ ဖုံးကွယ်ရာအရပ်သို့လည်း။ အနုပဝိသေယျ၊ ဝင်ငြားအံ့။ ကာယံ ဝါ၊ ကိုယ်ကိုလည်း တဒတ္ထာယ၊ ထိုကာယသံသဂ္ဂအကျိုးငှါ။ ဥပသံဟရေယျ၊ အနီးရပ်လျက် ညွတ်ဆောင်ငြားအံ့။ ဧတဿ အသဒ္ဓမ္မဿ၊ ထိုကာယသံသဂ္ဂ အသဒ္ဓမ္မကို။ ပဋိသေဝနတ္ထာယ၊ မှီဝဲခြင်းအကျိုးငှါ။ ဧတာနိ အဋ္ဌ ဝတ္ထူနိ၊ ဤရှစ်ပါးသော ဝတ္ထုတို့ကို။ ပူရေယျ၊ ပြည့်စေငြားအံ့။ အယမ္ပိ၊ ဤဘိက္ခုနီမသည်လည်း။ အဋ္ဌဝတ္ထုကာ……အမည်ရသည်ဖြစ်၍။ ပါရာဇိကာ……။ ဟောတိ……။ အသံဝါသာ……။ ဟောတိ……။

ကိုင်၊ ကိုင်၊ ရပ်၊ ဆို၊ ချိန်း၊ လာ၊ ဖုံး၊ ညွတ်-ဝတ္ထုရှစ်ပါးပြည့်လျှင် အသက်ထွက်၏။ ထန်းလည်ဆစ်ပြတ် မစည်ကားပြီ။ ။ကာယသံသဂ္ဂရာဂရှိခြင်း၊ အားထုတ်ခြင်း၊ အဋ္ဌမဝတ္ထုပြည့်ခြင်း—အင်္ဂါသုံးပါး။ ။ပါရာဇိကခေတ်မှတ်ပါးသော အင်္ဂါကြီးငယ်ကို ကိုင်ခြင်းသည် "**ဟတ္ထဂ္ဂဟဏ**"။ ဘိက္ခုနီ၏ သင်္ကန်းငါးထည်ကို အလယ်၊ အစွန်းနေရာမရွေးကိုင်ခြင်းသည် "**သင်္ဃာဋိကဏ္ဏဂ္ဂဟဏ**"……။ (ဤသင်္ဃာဋိသည် ဒုကုဋ်သာ မဟုတ်၊ ငါးထည်လုံးဟောသည်။) ယောက်ျား၏ ဟတ္ထပါသ်အတွင်းရပ်ခြင်းသည် "**သန္တိဋ္ဌေယျ**"……။ ဟတ္ထပါသ်တွင်းနေ၍ စကားပြောဆိုခြင်းသည် "**သလ္လပေယျ**"……။ ယောက်ျား၏ ချိန်းရာသွားခြင်း၊ လာသည်ကို သာယာခြင်း၊ ဖုံးကွယ်ရာဝင်ခြင်း၊ ယောက်ျား၏ ဟတ္ထပါသ်တွင် ရပ်လျက် ကိုယ်ကိုနီးအောင်ဆောင်ခြင်း-ရှစ်ပါး။

ထိုတွင် ချိန်းရာသွားအံ့၊ လှမ်းတိုင်း "**ဒုက္ကဋ်**"။ ဟတ္ထပါသ်ရောက်အံ့-"**ထုလ္လစ္စည်း**"။ လာသည်ကို သာယာအံ့ "**ဒုက္ကဋ်**"။ ဟတ္ထပါသ်ရောက်အံ့ "**ထုလ္လစ္စည်း**"။ ဤ ချိန်း၊ လာ-နှစ်ချက်၌ "**ဒုက္ကဋ်**"နှင့် "**ထုလ္လစ္စည်း**"။ ကိုင်၊ ကိုင်၊ ရပ်၊ ဆို၊ ဖုံး၊ ညွတ်—

ခြောက်ချဉ် **"ထုလ္လနွင်း"** သက်သက်၊ ထုလ္လနွင်းရှစ်ချပ်လျှင် **"ပါရာဇိက"**။ မရုမ်-နှောင် စောင့်စည်းမည်ဟု သံဝရဖြင့် ဒေသနာကြားလျှင် **"ဂဏာနုဝိကာ"** မည်၏။ ဒေသနာကြား သည်ခည်၏၊ ပါရာဇိကအင်္ဂါမဖြစ်။ သံဝရကင်းလျက်ကြား လျှင် **"အဂဏာနုဝိကာ"** မည်၏။ ဒေသနာကြားမမည်။ ပါရာဇိက အင်္ဂါဖြစ်၏၊ ရှစ်ချပ်လျှင် ပါရာဇိက။

ဤထုလ္လနွင်းရှစ်ချက်၌ ဂဏာနုဝိကာ၊ အဂဏာနုဝိကာဟု အထူးဟောသည်။ ဒေသနာသုဒ္ဓိမျှဖြင့် ပါရာဇိကအင်္ဂါမလွတ်။ သံဝရသုဒ္ဓိလည်းရှိမှ လွတ်နိုင်သည်ဟု အထူးသိအပ်၏။ ထိုမှ တပါးသော အာပတ်တို့ကား ဝိနည်းကံခချွတ်လျှင် ဒေသနာ သုဒ္ဓိဖြင့်စင်ကြယ်၏။ ပါရာဇိကအင်္ဂါမဟုတ်သောကြောင့်တည်း။ (သိအနည်းငယ် အနည်းငယ် ခိုးသောက်ရာ၌ သံဝရမရှိဘဲ ဒေသနာကြားလျှင်လည်း အဂဏာနုဝိကာဖြစ်၏။ ဒေသနာကြား သည်ခည်။ တမဘ်ကို ပြည့်လျှင် ပါရာဇိကဟု ဝိမတိဋီကာမိန့် ဆို၏။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အာယျာယော အဋ္ဌပါရာဇိကာဓမ္မာ။ ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇိတွာ န လဘတိ ဘိက္ခုနီဟိ သဒ္ဓိံ သံဝါသံ ယထာပုရေ တထာပစ္ဆာ ပါရာဇိကာ ဟောတိ အသံဝါသာ။ တတ္ထာယျာယော ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ပရိသုဒ္ဓေတ္ထာယျာယော၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိတိ။ ။ပါရာဇိကုဒ္ဒေသော ဒုတိယော။

အာယျာယော၊ ရှင်မတို့၊ အဋ္ဌ......ပါရာဇိကာ၊ ပါရာဇိကအမည်ရှိကုန် သော၊ ဓမ္မာ၊ သိက္ခာပုဒ်တို့ကို။ ဝါ၊ အာပတ်တို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ သရုပ်အား ဖြင့်ပြအပ်ကုန်ပြီးသည်သာတည်း။ ဘိက္ခုနီ၊ ဘိက္ခုနီမသည်။ ယေသံ၊ ယင်းရှစ်ပါးသော ပါရာဇိကတို့တွင်။ အညတရံ ဝါ အညတရံဝါ၊ တပါး ပါးသော ပါရာဇိကသို့လည်း။ အာပဇ္ဇိတွာ၊ ရောက်သည်ရှိသော်။ ပုရေ၊

ရှေးလူသာမဏောသိက္ခမာန်အခါ၌။ ဘိက္ခုနီဟိ ..။ သဒ္ဓိံ ...။ သံဝါသံ.....။ နလဘာတိယထာ......။ တထာ.....။ ပစ္ဆာ၊ နောက်၌။ နလဘတိ....။ ပါရာဇိကာ......။ ဟောတိ......။ အသံဝါသာ......။ ဟောတိ.....။ တတ္ထ၊ ထိုရှစ်ပါးသောပါရာဇိကတို့၌။ အယျာယော၊ ရှင်မတို့ကို။ ပုစ္ဆာမိ.....။ ကစ္စိ......။ ပရိသုဒ္ဓါ.....။ အတ္ထ။ ဒုတိယမ္ပိ.....။ တတိယမ္ပိ.....။ ပုစ္ဆာမိ.....။ ကစ္စိ.....။ ပရိသုဒ္ဓါ......။ အတ္ထ......။ ဧတ္ထ၊ ဤပါရာဇိကာ၌။ အယျာယော၊ ရှင်မတို့သည်။ ယသ္မာ......။ ပရိသုဒ္ဓါ.....။ တသ္မာ....။ တုဏှီ၊ ဆိတ်ဆိတ်နေခြင်းသည်။ အသိ......။ ဧဝံ......။ ဧတံ......။ ဓာရယာမိ၊ သိပါ၏။ ဣတိ၊ ဤသို့သောစကားစဉ်ဖြင့်။ ဒုတိယော.....။ ပါရာဇိကုဒ္ဒေသော၊ ပါရာဇိကပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဘိက္ခုနီ ပါရာဇိကသည် သာဓာရဏလေးပါးနှင့် ရှစ်ပါးဖြစ်၏။ ပါရာဇိကအကျယ် ၂၄-ပါ တို့တွင် ဘိက္ခုအား လူထွက်သော ဘိက္ခုနီနှင့် အသာဓာရဏ လေးပါး—ဤငါးပါး မရှိ။ ၁၉-ပါးသာရှိ၏၊ ဘိက္ခုနီအား သံဃာဒိသေသကမရှိ၊ အားပေးကူညီခြင်းကိုသာ ပြုနိုင်သည်။ ဘိက္ခုနီဒူသကလည်း မဖြစ်ကောင်း။ လိင်ရှည်၊ ကျောက်နှုန့်နှင့်လည်း မဆိုင်၊ ပါရာဇိက ၂၀-သာရှိသည်။ ထို့ပြင်ကြံခွင့်ရှိသမျှ ကြံနိုင်သေး၏။

---

## သံဃာဒိသေသုဒ္ဒေသ။

ဣမေခေါပနာယျာယော သတ္တရသသံဃာဒိသေသာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အယျာယော၊ ရှင်မတို့။ သတ္တရသ၊ တဆယ့်ခုနစ်ပါးကုန်သော။ သံဃာဒိသေသာ .....။ ဣမေခေါပနဓမ္မာ......။ ဥဒ္ဒေသံ .....။ အာဂစ္ဆန္တိ...။

၁။ **သိက္ခာပုဒ်**။ ။ ယာပနဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟာရေယျ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ ဒါသေန ဝါ ကမ္မကာရေန ဝါ အန္တမသော သမဏပရိဗ္ဗာဇကေနာပိ။ အယံ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ၊ (ကာဝိနာ......)

ယာပနဘိက္ခုနီ……။ ဂဟပတိနာဝါ၊ ဒါယကာနှင့်ရင်း။ ဂဟပတိပုတ္တေနဝါ၊ဒါယကာ၏သားနှင့်ရင်း။ဒါသေနဝါ၊ကျွန်နှင့်ရင်း။ကမ္မကာရေနဝါ၊ အမှုလုပ်သောသူနှင့်ရင်း။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ သမဏပရိဗ္ဗာဇကေနာပိ၊(သိတင်းသုံးဘော်ငါးယောက်မှတပါးသော) ပရိဗိုဇ်ရဟန်းနှင့်သော်လည်း။ ဥဿယ ဝါဒိကာ၊ မာန ဒေါသစွမ်းဖြင့် တရားတွေ့လျက်။ ဝိဟာရေယျ၊နေငြားအံ့။အယံဘိက္ခုနီ၊ ဤဘိက္ခုနီမသည်။ပဌမာပတ္တိကံ၊ ရှေးဦးစွာလွန်ကျူးသော ခဏ၌ ရောက်ခြင်းရှိသော။နိဿာရဏီယံ၊ဘိက္ခုနီသံဃာမှနှင်ထုတ်စေတတ်သော။ သံဃာဒိသေသံ၊ သံဃာဒိသိသ် အခည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။အာပန္နာ၊ ရောက်၏။(ဤ၌အယမ္ပိ–ဟု ပိ သဒ္ဒါမလိုအပ်သေး။)

တရားလိုပြု၍တရားစွဲလျှင် တရားအပြီး“**သံဃာဒိသိသ်**”။ ။သူတပါးက ခေါ်ငင်အပ်သည့်မဟုတ်ဘဲ တရားတွေ့ခြင်း,တရားဆုံးဖြတ်ပြီးခြင်း–အင်္ဂါနှစ်ပါး။ ။မာန ဒေါသ · နှစ်ပါးသည်“**ဥဿယ**”မည်၏။မာန ဒေါသ နှစ်ပါးစွမ်းဖြင့် တရားတွေ့ခြင်းဟုဆိုသော်လည်း တိစိတ္တ၊တိဝေဒနသိက္ခာပုဒ်ဖြစ်သောကြောင့် ကုသိုလ်စိတ်ဖြင့် တရားစွဲလည်း ဤအာပတ်သင့်၏။တရားသူကြီးထံ၌ တရားလိုစကား၊တရားခံစကားနှစ်ရပ်ကို တစုံတယောက်ကို ဆိုနိုင်သော်လည်း စကားတရပ်အပြီး၌ “**ဒုက္ကဋ်**”။နှစ်ရပ်အပြီး“**ထုလ္လစ္စည်း**”။တရားသူကြီးတို့ ဆုံးဖြတ်ပြီးသောအခါ ရှုံးသော်ရင်း၊နိုင်သော်ရင်း ဘိက္ခုနီအား“**သံဃာဒိသိသ်**”။ ရန်သူကခေါ်သဖြင့် သွားပြောရလျှင် အနာပတ္တိ။အစောင့်အရှောက်တောင်းလျှင်လည်း အနာပတ္တိ။ ရဟန်းများလည်း အစောင့်အရှောက်တောင်းနည်းကိုကျင့်ကြရသည်။

**အာရက္ခယာစနာ။** ။အစောင့်အရှောက်တောင်းပုံကား ကျောင်း၌ ခိုးသူနှိပ်စက်သည်။ ဘယ်သူဟု ငါတို့မပြောသို၊ ပစ္စည်းပြန်ရအောင် ပြုပေးပါ။ နောင် စောင့်ရှောက်ပေးပါဟု ပြောရသည်။ဤသူလာခိုးသည်၊ ခိုးလတ္တံ့ဟုမပြောရ။ ပြော၍ဥစ္စာဒဏ်ထားလျှင် ဘဏ္ဍာဒေယျ။ ခိုးသူကိုမြင်၍ သင်းဒုက္ခဖြစ်အောင်ဟု သူခိုးသူခိုးဟု မအော်ရ။ ရှေးအတူ ဒဏ်ရိုက်လျှင်

ဘဏ္ဍာဒေယျ၊လန့်၍အော်လျှင်အပြစ်မရှိ။မိမိစကား နားထောင်သော တရားသူကြီးကိုကား ဤသူလာ၍ခိုးသည်၊ ပစ္စည်းပြန်ရအောင်သာပြုပေးပါ၊ဒဏ်မရိုက်ပါနှင့်ဟု ပြောကြားကောင်း၏၊

ကျောင်းထဲ သစ်ပင် လာခုတ်သူတို့၏ ပဲခွပ် စသည်ကို ကျောက်ခဲဖြင့် မထုအပ် ပဲ့သွားလျှင် ဘဏ္ဍာဒေယျ။ ပြေးသွား၍ မလုယူအပ်။ စိတ်မြန်သဖြင့် ခိုးစိတ်၊ လုယက်စိတ်ဝင်လျှင် ပါရာဇိက။

၂။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဇာနံ စောရိံ ဝဇ္ဈံ ဝိဒိတံ အနပလောကေတွာ ရာဇာနံ ဝါ သံဃံ ဝါ ဂဏံ ဝါ ပူဂံ ဝါ သေဏိံ ဝါ အညတြ ကပ္ပါ ဝုဋ္ဌာပေယျ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။ (စောရိ-မ၊ဆာ–၁။)

ယာပန ဘိက္ခုနီ ·····။ဇာနံ၊သိလျက်။ စောရိံ၊ခိုးမှုရှိသော။ ဝဇ္ဈံ၊ခိုးမှုကြောင့် သတ်ထိုက်သော။ဝိဒိတံ၊ သတ်ထိုက် သည်ဟု ထင်ရှားသော ခိုးသူမကို။ ရာဇာနံဝါ၊ မင်းကိုရင်း။ သံဃံဝါ၊ ဘိက္ခုနီ သံဃာကိုရင်း။ ဂဏံဝါ၊ဂဏမည်သော အစိုးရကိုရင်း။ပူဂံဝါ၊ပူဂမည်သော အစိုးရကိုရင်း။ သေဏိံဝါ၊ သေဏိမည်သော အစိုးရကိုရင်း။ အနပလောကေတွာ၊ မပန်ကြားမူ၍။ ကပ္ပါ၊အပ်သည်အဖြစ်သို့ ရောက်သူကို။ ဝါ၊ ရှင်ပြုဘူးသူကို။ အညတြ၊ ကြဉ်၍။ ဝုဋ္ဌာပေယျ၊ ဥပသမ္ပဒါယ်ပြု၍ ရဟန်းပြုပေးငြားအံ့။ အယမ္ပိဘိက္ခုနီ၊ ဤဘိက္ခုနီမ သည်လည်း။ ပဌမာပတ္တိကံ ·····။ နိဿာရဏီယံ ·····။ သံဃာဒိသေသံ ····။ ဓမ္မံ ·····။ အာပန္နာ ···။

ခိုးသူမကိုရဟန်းပြုပေးလျှင် သံဃာဒိသိသ်။ ။ခိုးသူမ–ဖြစ်ခြင်း,ခိုးသူမ-ဟုအမှတ်ရှိခြင်း,ခွင့်ပြုသောအကြောင်းကင်းလျက် ရဟန်းပြုပေးခြင်း-အင်္ဂါ သုံးပါး။ ။ငါးပဲတန် ခိုးလျှင် သတ်ထိုက်သော ခိုးသူမ-မည်၏။ အချို့ရပ်ရွာ၌ မင်းအမိန့်ရ၍ ရွာနိဂုံးကို ဂဏ စသည်တို့ စီရင်အုပ်ချုပ်ကုန်၏။ ထိုအုပ်ချုပ်သော ဂဏစသည်ကို ပန်ရသည်။

မလ္လဂဏ-ဗိဿဂဏိုး ကိုးကွယ်သူအပေါင်း။ ဘဒ္ဒိပုတ္တဂဏ-ပရမိဿွာ မဟာပိန္နဲ့ ကိုးကွယ်သူအပေါင်း-ဤသို့သော သာသနာပြင်ပ လူအပေါင်းသည် "ဂဏ" မည်၏။ သာသနာဆည်းကပ်လျက် ကုသိုလ်ပြုသူ အပေါင်းသည် "ပူဂ"မည်၏။ ကုန်သည်အပေါင်းသည် "**သေဏိ**"မည်၏။

ရာဇ၊ ဂဏ၊ ပူဂ၊ သေဏိ-အစိုးရ လေးမျိုးတို့တွင် မိမိတို့ဆိုင်ရာပန်ပြီးလျှင် ဘိက္ခုနီသံဃာထံလည်း ပန်ရသည်။ ရှင်ပြုဘူးသော မိန်းမသည် "**ကပ္ပါ**"မည်၏။ တဲတွင်တို့ ထံ၌ရင်း၊ တပါးသော ဘိက္ခုနီတို့ထံ၌ရင်း ရှင်ပြုဘူးသူဟု နှစ်မျိုး ဟောသည်။ အနာပတ္တိ၌ "ကပ္ပဂတကံ ပဗ္ဗဇိတပုဗ္ဗ" ဟု ဖွင့်သည်။ ရှင်အဖြစ်ဖြင့် လာလျှင် ဆိုဘွယ်မရှိ။ ဤသံဃာဒိသိသ်သည် ပညတ်တော်ကိုမသိသော ရဟန္တာမအားလည်း သင့်နိုင်သည်။ {မါ၊ ဆာ-ပဌမ၊ ဆဌကြောင့်အာပတ်သင့်လျှင် စောရီ၊ စောရီဝုဋ္ဌာပနသမုဋ္ဌာန် မည်၏။ ဤသိက္ခာပုဒ်တချထည်းသာရှိသည်။ သစ္စက။}

**၃။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ကော ဝါ ဂါမန္တရံ ဂစ္ဆေယျ၊ ကော ဝါ နဒီပါရံ ဂစ္ဆေယျ။ ကော ဝါ ရတ္တိံ ဝိပ္ပဝသေယျ၊ ကော ဝါ ဂဏမှာ ဩဟိယေယျ၊ အယမ္ပိဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။ (မေထုနာ ..... )

ယာပနဘိက္ခုနီ.....။ ကော၊ တယောက်ထည်းတည်း။ ဂါမန္တရံဝါ၊ ရွာတပါးသို့လည်း။ ဂစ္ဆေယျ၊ သွားငြားအံ့။ ကော၊ တယောက်ထည်းတည်း။ နဒီပါရံဝါ၊ မြစ်တဘက်သို့လည်း။ ဂစ္ဆေယျ.....။ ကော.....။ ရတ္တိံဝါ၊ ညဉ့်၌မူလည်း။ ဝိပ္ပဝသေယျ၊ ဘိက္ခုနီ အဘော်ကင်း၍ နေငြားအံ့။ ကော.....။ ဂဏမှာဝါ၊ ဘိက္ခုနီအပေါင်းမှမူလည်း။ ဩဟိယေယျ၊ ချန်၍နေငြားအံ့။ အယမ္ပိ ဘိက္ခုနီ.....။ ပဌမာပတ္တိကံ.....။ နိဿာရဏီယံ.....။ သံဃာဒိသေသံ.....။ ဓမ္မံ.....။ အာပန္နာ.....။

တယောက်ထည်း ရွာကူးလျှင်၊ မြစ်ကူးလျှင်၊ ညဉ့်အဘော်ကင်းလျှင်၊ ချန်ရစ်လျှင် သံဃာဒိသိသ်။ ။အန္တရာယ် မရှိဘဲ တယောက်ထည်းဖြစ်ခြင်း, ရွာတပါးသွားခြင်း စသည်တို့တွင် တခုခုသို့ရောက်ခြင် , ဘေးရန် မရှိခြင်း-အင်္ဂါသုံးပါး။ ။မိမိရွာမှအထွက် အာပတ်မသင့်သေး။ ရွာတပါး၏ ဥပစာသို့ ခြေဖြင့်ဝင်မှ သံဃာဒိသိသ်။ထိုရွာမှ မိမိရွာသို့ ပြန်ဝင်လည်း ဤသဘောနည်းတူ။ ရွာ၏ဥပစာလွတ်သော တံတိုင်းပေါက်ဖြင့် ဘိက္ခုနီကျောင်းသို့ ဝင်အံ့ -ဥပစာတွင်းသို့ သော်လည်း ဆင်၊ မြင်း၊ ရထား၊ တန်ခိုးဖြင့်ဝင်အံ့ အနာပတ္တိ။ ။ဘိက္ခုနီသင်းပိုင် ရေစွတ်လောက်သောမြစ်၏ကမ်းတဘက်သို့ ခြေဖြင့်သွားမှ သံဃာဒိသိသ်။ တံတား၊ ယာဉ်၊ လှေဖြင့်သွားအံ့-အနာပတ္တိ၊ ဤဘက်မှ ထိုဘက်သို့ တလှမ်းထည်းကူးလည်း အနာပတ္တိ။

အရုဏ်မတက်မီ အဘော်၏ဟတ္ထပါသ်သို့လာမည်ဟု ရှုလုံ့မထားဘဲ အဘော်ဘိက္ခုနီ၏ဟတ္ထပါသ်မှ ကင်းလျှင် တခန်းထည်း အရုဏ်တက်စေသော်လည်း သံဃာဒိသိသ်။ ။အဘော်ဘိက္ခုနီတယောက်ထည်း (ဂတ) မှသော်လည်း ရွာပြင်၌ ချန်ရစ်အံ့၊ သစ်ပင်စသည့် ကွယ်၍မမြင်ရလျှင် သံဃာဒိသိသ်။ခေါ်သံမကြားလောက်အောင်ဝေးလျှင် သံဃာဒိသိသ်။ ခရီးအဘူနှစ်ယောက်သွားစဉ် မမှီသူက သွားပစေဟု ချန်ရစ်အံ့၊သွားသူက ချန်ရစ်ပစေဟု သွားအံ့၊ နှစ်ယောက်လုံး သံဃာဒိသိသ်။ အတူသွားစဉ် တယောက်တလမ်းခွဲသွားအံ့၊ တယောက်သည် တယောက်၏ ဗဲရ (အပါဒ်) ဖြစ်သောကြောင့် နှစ်ယောက်လုံး အနာပတ္တိ၊

အရုဏ်မတက်မီ မိမိရွာမှထွက်၍ အရုဏ်တက်ချိန်တွင် ရွာတပါးဖြစ်သော မြစ်တဘက်သို့သွားအံ့၊ အာပတ်လေးခု ပြိုင်တူသင့်၏။ ။ဤသိက္ခာပုဒ်ဖြင့်ဘိက္ခုနီတို့အား "**အရည ကင်ရတင်**" ကို ပယ်သည်။

**၄။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ သမဂ္ဂေန သံဃေန ဥက္ခိတ္တံ ဘိက္ခုနိံ ဓမ္မေန ဝိနယေန သတ္ထုသာသနေန

လူယောက်ျားဖြစ်ခြင်း,ခွင့်ပြုသောအကြောင်းမရှိဘဲ''ခဲဘွယ်ဘောဇဉ်ကို ခံယူ၍ စားပါ''ဟု တိုက်တွန်းခြင်း, ထိုတိုက်တွန်းခြင်းဖြင့်တပါးသောဘိက္ခုနီခံယူစားသောက်ပြီး ခြင်း-အင်္ဂါသုံးပါး။ ။ရောဂမစွတ်သော ယောက်ျားဟုသိ၍ရင်း၊ အမျက်ဖြင့် အလှူမခံ၊ သနား၍အလှူမခံဟုသိ၍ရင်း တိုက်တွန်းခြင်းသည် ခွင့်ပြုသော အကြောင်းရှိသည်မည်၏။

၇။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ကုပိတာ အနတ္တမနာ ဧဝံ ဝဒေယျ-ဗုဒ္ဓံ ပစ္စာစိက္ခာမိ၊ ဓမ္မံ ပစ္စာစိက္ခာမိ၊ သံဃံ ပစ္စာစိက္ခာမိ၊ သိက္ခံ ပစ္စာစိက္ခာမိ။ ကိန္နုမာဝ သမဏိယော။ ယာသမဏိယော သကျဓီတရော၊ သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ၊တာသာဟံ သန္တိကေ ဗြဟ္မစရိယံ စရိဿာမီတိ။

ယာပနဘိက္ခုနီ ·····။ကုပိတာ၊အမျက်ထွက်သည်ဖြစ်၍။အနတ္တမနာ၊ နှလုံးမသာယာသည်ဖြစ်၍။ဧဝံ·····။ဝဒေယျ၊ ····အံ့။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ပစ္စာစိက္ခာမိ၊စွန့်ပါ၏။ဓမ္မံ၊ တရားကို။ ပစ္စာစိက္ခာမိ·····။ သံဃံ၊ သံဃာကို။ ပစ္စာစိက္ခာမိ·····။ သိက္ခံ၊ သိက္ခာကို။ ပစ္စာစိက္ခာမိ·····။ ယာသမဏိယော၊အကြင်ဘိက္ခုနီမတို့သည်။သကျဓီတရော၊သာကီဝင်မင်းသမီးတို့ဖြစ်ကုန်၏။ဣမာဧဝ၊ ဤသာကီဝင်မင်းသမီးတို့သည်သာလျှင်။သမဏိယော ကိံနု၊ဘိက္ခုနီမတို့လော။လဇ္ဇိနိယော၊မကောင်းမှုမှ ရှက်တတ်ကုန်သော။ကုက္ကုစ္စိကာ၊ကုက္ကုစ္စသံသယရှိတတ်ကုန်သော။ သိက္ခာကာမာ၊သိက္ခာသုံးပါးလိုလားကုန်သော။အညာပိ သမဏိယော၊ တပါးသော ဘိက္ခုနီမတို့သည်လည်း။သန္တိ၊ရှိကုန်၏။တာသံ၊ ထိုဘိက္ခုနီမတို့၏။သန္တိကေ၊အထံ၌။အဟံ၊ငါသည်။ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။စရိဿာမိ၊ကျင့်အံ့။ဣတိဧဝံ ·····။ဝဒေယျ၊·····အံ့။

သာဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ-မာယျေ ကုပိတာ အနတ္တမနာ ဧဝံ အဝစ ဗုဒ္ဓံ ပစ္စာစိက္ခာမိ၊ဓမ္မံ ပစ္စာစိက္ခာမိ၊သံဃံ ပစ္စာစိက္ခာမိ၊ သိက္ခံ ပစ္စာစိက္ခာမိ၊ ကိန္နုမာဝ သမဏိယော၊ ယာသမဏိယော သကျဓီတရော၊ သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ၊တာသာဟံ သန္တိကေ

ဗြဟ္မစရိယံ စရိဿာမီတိ။ အဘိရမာယသ္မာ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာတိ။

သာဘိက္ခုနီ……။ဘိက္ခုနီဟိ……။ဧဝံ……။ဝစနီယာ၊ ဆိုအပ်သည်။ အဿ–ဟောတိ……။ အယျေ၊ ရှင်မ။ ကုပိတာ……။ အနတ္တမနာ၊……ဖြစ်၍။ ဗုဒ္ဓံ ပစ္စာစိက္ခာမိ၊ ဓမ္မံ ပစ္စာစိက္ခာမိ၊ သံဃံ ပစ္စာစိက္ခာမိ၊ သိက္ခံ ပစ္စာစိက္ခာမိ ကိန္နုမာဝသမဏိယော၊ ယာသမဏိယော သကျဓီတရော၊ သန္တညာပိ သမဏိယော လဇ္ဇိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ၊ တာသာဟံသန္တိကေ ဗြဟ္မစရိယံ စရိဿာမိ……။ဣတိ ဧဝံ၊ ဤသို့၊ မာ အဝစ၊ မဆိုလင့်။ အယျေ၊ ရှင်မ။ အဘိရမ၊ မွေ့လျော်ပါလော့။ ဓမ္မော၊ တရားသည်။ သွာက္ခာတော၊ ကောင်းစွာဟောအပ်သော တရားဖြစ်၏။ သမ္မာ၊ကောင်းစွာ။ ဒုက္ခဿ၊ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ [ဒုက္ခဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဟူလို။] ဗြဟ္မစရိယံ မြတ်သော အကျင့်ကို။ စရ၊ ကျင့်ပါလော့။ ဣတိ……။ဝစနီယာ……။ အဿ–ဟောတိ……။

ဧဝဉ္စသာဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ။ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ဣစ္စေတံ ကုသလံ။နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။(သမနု……)

ဧဝဉ္စ……။သာဘိက္ခုနီ……။ဘိက္ခုနီဟိ……။ဝုစ္စမာနာ၊ ဆိုအပ်သည် ဖြစ်လျက်။တထေဝ၊ထိုအတူသာလျှင်။ပဂ္ဂဏှေယျ……။ သာဘိက္ခုနီ……။ ဘိက္ခုနီဟိ……။တဿ၊ ထို(ဘုရားစွန့်ပါ၏စသည်ဖြင့်ဆိုသော) အယူဝါဒကို။ပဋိနိဿဂ္ဂါယ……။ယာဝတတိယံ……။ သမနုဘာသိတဗ္ဗာ……။ ယာဝတတိယဉ္စေ……။ သမနုဘာသိယမာနာ……။တံ၊ ထိုအယူဝါဒကို။ စေပဋိနိဿဇ္ဇေယျ……။ဣစ္စေတံ……။ကုသလံ……။ နောစေပဋိနိဿဇ္ဇေယျ……။ အယမ္ပိဘိက္ခုနီ……။ ယာဝတတိယကံ၊ သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမသည်အဆုံး၌ ရောက်ခြင်းရှိသော။ နိဿာရဏီယံ……။သံဃာဒိသေသံ……။ဓမ္မံ……။အာပန္နာ……။

ဗုဒ္ဓံပစ္စက္ခာမိ-စသည်ဆိုခြင်း,ဓမ္မကံဖြင့် သမနုဘာသနကံ ပြုခြင်း,ကမ္မဝါစာပြီးဆုံးခြင်း,အယူမစွန့်ခြင်း-အင်္ဂါလေးပါး။ ။

ဗုဒ္ဓံ ပစ္စက္ခာမိ-စသည်ဆိုသော်လည်း၊ စိတ်ဆိုး၍ဆိုရာ၌ သိက္ခာမကျ၊ ဘိက္ခုနီမတို့အား သိက္ခာချဖွယ်လည်းမရှိ။ လူထွက်လို၍ လူဝတ်လဲကာမှဖြင့်သိက္ခာကျ၏။ နောင်ရဟန်းပြုခွင့် ပင်မရ။ စရဗြဟ္မစရိယံ တဖြတ်၊သမ္မာဒုက္ခဿ အန္တကိရိယာယ တဖြတ်ပြု။ ရဟန္တာဖြစ်ပြီးသော ယသသူဌေးသားအား ဧဟိ ဘိက္ခုခေါ်သောအခါ "သမ္မာဒုက္ခဿ အန္တကိရိယာယ" ဟူ၍ မိန့်တော်မမူ-ဟု ဋီကာကြီးတို့၌ဆို၏။

**ဂ။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ကိဉ္စိဒေဝ အဓိကရဏေ ပစ္စာကတာ ကုပိတာ အနတ္တမနာ ဧဝံ ဝဒေယျ- ဆန္ဒဂါမိနိယော စ ဘိက္ခုနိယော၊ ဒေါသဂါမိနိယော စ ဘိက္ခုနိယော၊ မောဟဂါမိနိယော စ ဘိက္ခုနိယော၊ ဘယဂါမိနိယော စ ဘိက္ခုနိယောတိ။

ယာ ပန ဘိက္ခုနီ…။ ကိဉ္စိဒေဝ၊ တစုံတခုသောလျှင်ဖြစ်သော။ အဓိကရဏေ၊ အဓိကရုဏ်း၌။ [ဝိဝါဒစသော လေးပါး၌ဟူလို။] ပစ္စာကတာ၊ ရှုံးသည်ဖြစ်၍။ ကုပိတာ……။ အနတ္တမနာ……။ ဧဝံ……။ ဝဒေယျ၊……အံ့။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့သည်။ ဆန္ဒဂါမိနိယော စ၊ ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော၊……တို့သည်။ ဒေါသဂါမိနိယော စ၊ ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော……။ မောဟဂါမိနိယော စ၊ မောဟာဂတိသို့လည်းလိုက်ကုန်၏၊ ဘိက္ခုနိယော…။ ဘယဂါမိနိယော စ၊ ဘယာဂတိသို့လည်းလိုက်ကုန်၏။ ဣတိ ဧဝံ‥။ ဝဒေယျ၊……အံ့။

သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ- မာယျေ ကိဉ္စိဒေဝ အဓိကရဏေ ပစ္စာကတာ ကုပိတာ အနတ္တမနာ ဧဝံ အဝစ- ဆန္ဒဂါမိနိယော စ ဘိက္ခုနိယော၊ ဒေါသဂါမိနိယော စ ဘိက္ခုနိယော၊ မောဟဂါမိနိယော စ ဘိက္ခုနိယော၊ ဘယဂါမိနိယော စ ဘိက္ခုနိယောတိ။ အယျာ ခေါ ဆန္ဒာပိ ဂစ္ဆေယျ၊ ဒေါသာပိ ဂစ္ဆေယျ၊ မောဟာပိ ဂစ္ဆေယျ၊ ဘယာပိ ဂစ္ဆေယျာတိ။

သာဘိက္ခုနီ ····။ ဘိက္ခုနီဟိ·····။ ဧဝံ·····။ ဝစနီယာ ·····။အဿ· ဟောတိ··။အယျေ၊ရှင်မ။ကိဿ္ဗိဒ္ဓေဝ··။အဓိကရဏေ···။ပစ္စာကတာ··။ ကုပိတာ······။အနတ္တမနာ၊·····ဖြစ်၍၊"ဆန္ဒဂါမိနိယော စ ဘိက္ခုနိယော၊ ဒေါသဂါမိနိယော စ ဘိက္ခုနိယော၊ မောဟာဂါမိနိယော စ ဘိက္ခုနိ ယော၊ဘယဂါမိနိယော စ ဘိက္ခုနိယော" ···။ဣတိဧဝံ၊ ဤသို့။ ဝဒေယျ စ·····။ အယျာခေါ၊ ရှင်မသည်သာလျှင်။ ဆန္ဒာဝိ၊ ချစ်သဖြင့်လည်း။ ဂစ္ဆေယျ၊အဂတိသို့လိုက်ရာ၏။ဒေါသာပိ၊ အမျက်ထွက်သဖြင့်လည်း။ ဂစ္ဆေယျ·····။ မောဟာပိ၊ တွေဝေသဖြင့်လည်း။ဂစ္ဆေယျ···။ ဘယာပိ၊ ကြောက်သဖြင့်လည်း။ ဂစ္ဆေယျ·····။ ဣတိဧဝံ·····။ ဝစနီယာ·····။ အဿ-ဟောတိ·····။

ဧဝဉ္စသာဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊သာဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ။ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ဣစ္စေတံ ကုသလံ၊နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။(သမနု····· )

ဧဝဉ္စ·····။သာဘိက္ခုနီ····။ဘိက္ခုနီဟိ·····။ဝုစ္စမာနာ၊ ဆိုအပ်သည် ဖြစ်လျက်။တထေဝ·····။ပဂ္ဂဏှေယျ·····။သာဘိက္ခုနီ·····။ဘိက္ခုနီဟိ····။ တဿ၊ ထို(ဆန္ဒာဂတိလိုက်သည် စသည်ဖြင့်ဆိုသော) အယူဝါဒကို။ ပဋိနိဿဂ္ဂါယ·····။ယာဝတတိယံ·····။ သမနုဘာသိတဗ္ဗာ····။ ယာဝတတိယံ·····။သမနုဘာသိယမာနာ·····။ တံ၊ ထိုအယူဝါဒကို။ စေပဋိနိဿဇ္ဇေယျ···။ဣစ္စေတံ····။ကုသလံ·····။ နောစေပဋိနိဿဇ္ဇေယျ·····။ အယမ္ပိဘိက္ခုနီ·····။ယာဝတတိယကံ၊ သုံးကြိမ်တိုင်အောင် ဉာတ်ကမ္မဝါစာဖြင့် ဆုံးမသည်အဆုံး၌ ရောက်ခြင်းရှိသော။ နိဿာရဏီယံ····။ သံဃာဒိသေသံ·····။ဓမ္မံ····။အာပန္နာ·····။

ဆန္ဒဂါမိနိယော စ စသည်ဆိုခြင်းနှင့် အင်္ဂါလေးပါး။

၉။ **သိက္ခာပုဒ်။** ။ဘိက္ခုနိယောပနေဝ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ။

ဘိက္ခုနိယောပနေ၀၊ ဘိက္ခုနီမတို့သည်သာလျှင်။ သံသဋ္ဌာ၊ လူတို့နှင့် ရောနှောကုန်သည်ဖြစ်၍။ [စပါးထောင်း၊ ဆန်ဖွပ်၊ ထမင်းချက်၊ သတင်းစကားဆောင် စသည်ဖြင့်ရောနှောကုန်၏။] ပါပါစာရာ၊ ယုတ်မာသော ကိုယ်ကျင့် နှုတ်ကျင့် ရှိကုန်သည် ဖြစ်၍။ ပါပသဒ္ဒါ၊ ယုတ်မာသော ကျော်စောသံ ရှိကုန်သည်ဖြစ်၍။ ပါပသိလောကာ၊ ယုတ်မာသော အသက်မွေးခြင်းရှိကုန်သည်ဖြစ်၍။ [မိစ္ဆာဇီဝပစ္စည်းစားသောက်ကုန်၏။] ဘိက္ခုနိသံဃဿ၊......အား။ ဝိဟေသိကာ၊ ညှဉ်းဆဲကုန်သည် ဖြစ်၍။ [ကံပြုလျှင် တလှည့်စီတားခြင်းဖြင့် ညှဉ်းဆဲကုန်၏။] အညမညိဿာ၊ အချင်းချင်း၏။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ အပြစ်ငယ်ကို ဖုံးလွှမ်း ကုန်သည် ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။

> တာ ဘိက္ခုနိယော ဘိက္ခုနီဟိ ဧဝမဿု ဝစနီယာ။ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ။ ဝိဝိစ္စထာယျေ၊ ဝိဝေကညေ၀ ဘဂိနီနံ သံဃော ဝဏ္ဏေတီတိ။

တာ ဘိက္ခုနိယော၊......တို့ကို။ ဘိက္ခုနီဟိ......။ ဧဝံ......။ ဝစနီယာ၊ ဆိုအပ်ကုန်သည်။ အဿု-ဟောန္တိ၊ ဖြစ်ကုန်၏။ ဘဂိနိယော၊ ညီမတို့ သည်။ ခေါ၊ စင်စစ်။ သံသဋ္ဌာ၊ လူတို့နှင့်ရောနှောကုန်သည်ဖြစ်၍။ ပါပါ စာရာ......။ ပါပသဒ္ဒါ....။ ပါပသိလောကာ.....။ ဘိက္ခုနိသံဃဿ...။ ဝိဟေသိကာ.....။ အညမညိဿာ......။ ဝဇ္ဇပဋိစ္ဆာဒိကာ.....။ ဝိဟရန္တိ...။ အယျေ၊ ရှင်မတို့။ တုမှေ၊ ရှင်မ တို့သည်။ ဝိဝိစ္စထ၊ ရောနှော ခြင်းမှ ကင်းရှင်းကြလော။ ဘဂိနီနံ၊ ညီမတို့၏။ ဝိဝေကညေ၀၊ ကင်းရှင်းခြင်း ကိုသာလျှင်။ သံဃော.....။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။ ဣတိ ဧဝံ......။ ဝစနီ ယာ......။ အဿု ဟောန္တိ......။

> ဧဝဉ္စ တာ ဘိက္ခုနိယော ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျုံ၊ တာ ဘိက္ခုနိယော ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ၊ ယာဝတတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျုံ၊ ဣစ္စေတံ ကုသလံ။ နောစေ ပဋိနိဿဇ္ဇေယျုံ၊ ဣမာပိ ဘိက္ခုနိယော ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။ (သမနု......)

ဝေဠု······။ တာဘိက္ခုနိယော······။ ဘိက္ခုနီဟိ······။ ဝုတ္တမာနာ၊ ဆို အပ်ကုန်သည် ဖြစ်လျက်။ တထေဝ ·····။ ပဂ္ဂဏှေယျုံ၊ ချီးမြှောက်ကုန် ငြားအံ့။ တာ ဘိက္ခုနိယော·····။ ဘိ က္ခုနီဟိ······။ တသ္သ၊ ထို(ရေးနှော ၍နေသော) အယူဝါဒကို။ ပဋိနိဿဂ္ဂါယ······။ ယာဝ တတိယံ······။ သမနုဘာသိတဗ္ဗာ၊ ညွှတ်ကမ္မဝါစာဖြင့် ဆုံးမအပ်ကုန်၏။ ယာဝတတိ ယံ······။ သမနုဘာသိယမာနာ၊······အပ်ကုန်သည်ရှိသော်။ တံ၊ ထိုအယူ ဝါဒကို။ စေ ပဋိနိဿဇ္ဇေယျုံ၊ အကယ်၍စွန့်ကုန်ငြားအံ့။ ဣစ္စေတံ······။ ကုသလံ······။ နောစေ ပဋိနိဿဇ္ဇေယျုံ၊ အကယ်၍မစွန့်ကုန် ငြားအံ့။ ဣမာပိ ဘိက္ခုနိယော၊ ဤဘိက္ခုနီမတို့ သည်လည်း။ ယာဝတတိယ ကံ······။ နိဿာရဏီယံ······။ သံဃာဒိသေသံ ····။ ဓမ္မံ······။ အာပန္နာ၊ ရောက်ကုန်၏။

လူတို့နှင့်ရောနှောခြင်း စသည်ပြုခြင်းနှင့် အင်္ဂါလေးပါး။

၁၀။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဧဝံ ဝဒေယျ" သံသဋ္ဌာဝ အယျေ တုမှေ ဝိဟာရထ၊ မာတုမှေ နာနာ ဝိဟာရိတ္ထ၊ သန္တိ သံဃေ အညာပိ ဘိက္ခုနိယော ဧဝါစာရာ ဧဝံသဒ္ဒါ ဧဝံ သိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ တာ သံဃော န ကိဉ္စိ အာဟ။ တုမှေဝ သံဃော ဥညာယ ပရိဘဝေန အက္ခန္တိယာ ဝေဘဿိယာ ဒုဗ္ဗ လျာ ဧဝမာဟ-ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါ စာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနီသံဃဿ ဝိဟေ သိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျေ ဝိဝေ ကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီတိ။

ယာပနဘိက္ခုနီ·····။ ဧဝံ·····။ ဝဒေယျ၊ ····အံ့။ အယျေ၊ အရှင်မတို့။ တုမှေ၊ အရှင်မတို့သည်။ သံသဋ္ဌာဝ၊ လူတို့နှင့် ရောနှောကုန်သည် ဖြစ်၍ သာလျှင်။ ဝိဟာရထ၊ နေကြကုန်လော။ တုမှေ၊ အရှင်မတို့သည်။ နာနာ၊ တသီးတခြား။ မာဝိဟာရိတ္ထ၊ မနေကြကုန်လင့်။ သံဃေ၊ သံဃာ၌။ ဧဝါ စာရာ၊ ဤသို့အကျင့်ရှိကုန်သော။ ဧဝံသဒ္ဒါ၊ ဤသို့ကျော်စောသံ ရှိကုန် သော၊ ဧဝံသိလောကာ၊ ဤသို့အသက်မွေးခြင်း ရှိကုန်သော။ ဘိက္ခုနီ သံဃဿ၊······အား။ ဝိဟေသိကာ၊ ညှဉ်းဆဲ ကုန်သော။ အညမညိ

သဿာ·····။ ဝဋ္ဋပဋိစ္ဆာဒိကာ၊ အပြစ်ငယ်ကိုဖုံးလွှမ်းကုန်သော။ အညာပိ ဘိက္ခုနိယော၊ တပါးသော ဘိက္ခုနီမတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုဘိက္ခုနီမတို့ကို။ သံယော၊·····သည်။ ကဲ့ဖြို၊ တစုံတခုသော စကားကို။ န အာဟ၊ မဆို။ တုမှဉ္ဇေဝ-(တုမှံ+ဧဝ၊)ရှင်မတို့ကိုသာ လျှင်။ သံဃော၊·····သည်။ ဥညာယ၊ နှိမ်ချကာ သိခြင်းဖြင့်ရင်း။ ပရိဘဝေန၊ (သင်းတို့ဘာမျှ မတတ်နိုင်ဟု) လွှမ်းမိုးကာ သိခြင်းဖြင့်ရင်း။ အက္ခန္တိယာ၊ သည်းမခံနိုင်ခြင်း (မျက်မုန်းကျိုးခြင်း)ဖြင့်ရင်း။ ဝေဘဿိယာ၊ အားရှိသော စကားကို ဆိုခြင်းဖြင့် ရင်း။ (ဝါ၊ ထိတ်လန့်အောင် အားစွမ်းပြခြင်းဖြင့်ရင်း။) ဒုဗ္ဗလျာ၊ ရှင်မတို့၏ အားနည်းခြင်းဖြင့် ရင်း။ [အသင်းအပင်း မရှိခြင်းဖြင့် ဟူလို။]"ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟာရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျေ ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတိ"·····။ဣတိ ဧဝံ·····။အာဟ၊ ဆိုပြီ။ ဣတိ ဧဝံ·····။ ဝဒေယျ၊····· အံ့။

သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ မာယျေ ဧဝံ အဝစ·"သံသဋ္ဌာဝ အယျေ တုမှေ ဝိဟာရထ၊ မာတုမှေ နာနာ ဝိဟာရိတ္ထ၊ သန္တိ သံဃေ အညာပိ ဘိက္ခုနိယော ဧဝါစာရာ ဧဝံသဒ္ဒါ ဧဝံ သိလောကာ ဘိက္ခုနိသံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊တာ သံဃော န ကိဉ္စိ အာဟ၊ တုမှဉ္ဇေဝ သံဃော ဥညာယ ပရိဘဝေန အက္ခန္တိယာ ဝေဘဿိယာ ဒုဗ္ဗလျာ ဧဝမာဟ-ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟာရန္တိ ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိ သံဃဿ ဝိဟေသိကာ အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယျေ ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီ"တိ။

သာ ဘိက္ခုနီ·····။ ဘိက္ခုနီဟိ·····။ဧဝံ·····။ ဝစနီယာ·····။ အဿ-ဟောတိ·····။ အယျေ၊ ရှင်မ။ "သံသဋ္ဌာဝ····· လ·····ဝဏ္ဏေတိ" ·····။ ဣတိ ဧဝံ·····။ မာ အဝစ၊ မဆိုလင့်။ ဣတိ ဧဝံ·····။ ဝစနီယာ ·····။ အဿ-ဟောတိ·····။

ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ။ ယာဝ တတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ၊ အယမ္ပိ ဘိက္ခုနီ ယာဝတတိယကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။ (သမနု……)

ဧဝဉ္စ……။ သာ ဘိက္ခုနီ……။ ဘိက္ခုနီဟိ……။ ဝုစ္စမာနာ၊ ဆိုအပ်သည်ဖြစ်လျက်။ တထေဝ……။ ပဂ္ဂဏှေယျ……။ သာဘိက္ခုနီ……။ ဘိက္ခုနီဟိ……။ တဿ၊ ထို(ရောနှော၍နေကြဟု အားပေးသော)အယူဝါဒကို။ ပဋိနိဿဂ္ဂါယ……။ ယာဝတတိယံ……။ သမနုဘာသိတဗ္ဗာ…။ ယာဝတတိယံ……။ သမနုဘာသိယမာနာ……။ တံ၊ ထိုအယူဝါဒကို။ စေ ပဋိနိဿဇ္ဇေယျ……။ ဣစ္စေတံ……။ ကုသလံ……။ နောစေ ပဋိနိဿဇ္ဇေယျ……။ အယမ္ပိ ဘိက္ခုနီ……။ ယာဝတတိယကံ……။ နိဿာရဏီယံ……။ သံဃာဒိသေသံ……။ ဓမ္မံ……။ အာပန္နာ……။

သမနုဘာသနကံဖြင့် ဆုံးမထားသော ဘိက္ခုနီတို့ကို ရောနှော၍သာ နေကြလော–ဟု အားပေးစကား ဆိုခြင်းနှင့် အင်္ဂါ လေးပါး။

**နိဂုံး။** ။ဥဒ္ဒိဋ္ဌာ ခေါ အယျာယော သတ္တရသ သံဃာဒိသေသာ ဓမ္မာ နဝ ပဌမာပတ္တိကာ အဋ္ဌ ယာဝတတိယကာ။ ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇတိ၊ တာယ ဘိက္ခုနိယာ ဥဘတောသံဃေ ပက္ခမာနတ္တံ စရိတဗ္ဗံ။

အယျာယော၊ ရှင်မတို့။ သတ္တရသ……။ သံဃာဒိသေသာ……။ ဓမ္မာ……။ ဥဒ္ဒိဋ္ဌာခေါ……။ နဝ၊ ကိုးပါးတို့သည်။ ပဌမာပတ္တိကာ၊ ရှေးဦးစွာ လွန်ကျူးသောခဏ၌ ရောက်ခြင်းရှိကုန်၏။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ယာဝတတိယကာ၊ သုံးကြိမ် တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမသည် အဆုံး၌ ရောက်ခြင်း ရှိကုန်၏။ ဘိက္ခုနီ……သည်။ ယေသံ၊ ယင်း ၁၇-ပါးတို့တွင်။ အညတရံဝါ-အညတရံဝါ၊ တပါးပါးသို့လည်း။ အာပဇ္ဇတိ၊ ရောက်အံ့။ တာယဘိက္ခုနိယာ၊ ထိုဘိက္ခုနီမသည်။ ဥဘ

တော သံဃော၊ ဥဘတောသံဃာ၌။ ပက္ခမာနတ္တံ၊ ပက္ခမာနတ်ကို၊ စရိတဗ္ဗံ၊ ကျင့်အပ်၏။

> ပဋိစ္ဆန္နာယ ဘိက္ခုနိယာ ယတ္ထ သိယာ ဝီသတိဂဏော ဘိက္ခုနိသံဃော၊ တတ္ထ သာဘိက္ခုနီ ဘိက္ခုနီဟိ အဗ္ဘေတဗ္ဗာ၊ ဧကာယပိ စေ ဦနော ဝီသတိဂဏော ဘိက္ခုနိသံဃော တံ ဘိက္ခုနိံ အဗ္ဘေယျ၊ သာစ ဘိက္ခုနီ အနဗ္ဘိတာ၊ တာ စ ဘိက္ခုနိယော ဂါရယှာ၊ အယံ တတ္ထ သာမိစိ။

ဘိက္ခုနိယာ၊ ......သည်။ ပဋိစ္ဆန္နာယ၊ မာနတ်ကျင့်ပြီးသည်ရှိသော်။ ယတ္ထ၊ အကြင်သိမ်၌။ ဝီသတိဂဏော၊ နှစ်ကျိပ်အရေအတွက်ရှိသော။ ဘိက္ခုနိ သံဃော.....။ သိယာ၊ ရှိရာ၏။ တတ္ထ၊ ထိုသိမ်၌။ သာဘိက္ခုနီ၊ .....ကို။ ဘိက္ခုနီဟိ၊ .....တို့သည်။ အဗ္ဘေတဗ္ဗာ၊ အဗ္ဘာန်သွင်းအပ်၏။ ဧကာယပိ၊ တပါးဖြင့်လည်း။ ဦနော၊ ယုတ်သော။ ဝီသတိဂဏော.....။ ဘိက္ခုနိ သံဃော.....။ တံ ဘိက္ခုနိံ.....။ စေအဗ္ဘေယျ.....။ သာစ ဘိက္ခုနီ၊.....သည်လည်း။ အနဗ္ဘိတာ၊အဗ္ဘာန်သွင်းအပ်သူမဖြစ်။ တာစ ဘိက္ခုနိယော၊ ထိုဘိက္ခုနီမတို့သည်လည်း။ ဂါရယှာ၊ ကဲ့ရဲ့အပ်သူတို့သည်။ (ဝါ၊ ဒုက္ကဋ်သင့်ကုန်သည်။) ဟောန္တိ.....။ အယံ၊ ဤဆိုအပ်ပြီးသော အစီအရင်သည်။ တတ္ထ၊ ထိုသံဃာဒိသိသ် အာပတ်သင့်ရာ၌။ သာမိစိ၊ ကျင့်ဝတ်တည်း။

> တတ္ထာယျာယော ပဌမာပတ္တိကာ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယျာယော၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိတိ။ ။သံဃာဒိသေသုဒ္ဒေသော တတိယော။

တတ္ထ၊ ထို ၁၇-ပါးသော သံဃာဒိသိသ်တို့၌။ အယျာယော၊.....တို့ကို။ ပုစ္ဆာမိ......။ ကစ္စိ ....။ ပရိသုဒ္ဓါ.....။ အတ္ထ ....။ ဒုတိယမ္ပိ.....။ တတိယမ္ပိ ....။ ပုစ္ဆာမိ.....။ ကစ္စိ.....။ ပရိသုဒ္ဓါ.....။ အတ္ထ......။ ဧတ္ထ၊ ဤ သံဃာဒိသိသ်၌။ အယျာယော၊ .....တို့သည်။ ယသ္မာ .....။ ပရိသုဒ္ဓါ.....။ တသ္မာ.....။ တုဏှီ .....။ အသိ......။ ဧဝံ .....။ ဧတံ ....။ ဓာရယာမိ၊ ငါသိ၏။ ဣတိ၊ ဤသို့သောစကားစဉ်ဖြင့်။ တတိယော......။ သံဃာဒိသေသုဒ္ဒေသော၊ သံဃာဒိသိသ်ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဤ၌ ပဌမာပတ္တိက ၆-ပါး နောင်သဥ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ ထည့်၍ကိုးပါး။ ....ယာဝ တတိယက ၄-ပါး နောင်သံဃာဘေဒစသောလေးပါးထည့်၍ရှစ်ပါးဖြစ်၏။ အထူးကား ဘိက္ခုနီသည် သံဃာဘေဒကကံထိုက်အောင် မခွဲနိုင်သော်လည်း ကွဲအောင်အတုလိုက်ကာ အားပေးနိုင်၏။ သမာနသံဝါသကသိမ်၌နေ၍ ဓမ္မဝါဒီလေးပါး၊ အဓမ္မဝါဒီလေးပါးတို့တွင် အဓမ္မဝါဒီလေးပါးကိုယူ၍ သီးခြားသံဃာကံပြုသော သမာနသံဝါသကရဟန်းသာလျှင်ခွဲနိုင်၍ သံဃာဘေဒကကံ ထိုက်နိုင်သည်။

ဘိက္ခုနီသည် သံဃာဒိသိသ်ကို ဖုံးသော်လည်း ဖုံးသည် မမည်၊ ဒုက္ကဋ်မသင့်၊ ပရိဝါသ်မထိုက်။ ၁၅ ရက် ပက္ခမာနတ်ချည်းသာ ကျင့်ရသည်။ သိမ်၌ ဘိက္ခုနီစတုဝဂ် သံဃာထံ မာနတ်ယူ၍ နိက္ခိတ္တဝတ်နေလိုလျှင် နံနက်အရုဏ်မတက်မီ ဂါမူပစာမှ၎င်း၊ ရဟန်းတို့၏ ဝိဟာရူပစာမှ၎င်း၊ ခဲနှစ်ကျလွန်အောင် ဘိက္ခုနီလေးပါးနှင့် သွား၍နေရသည်။ (ဂါမူပစာမှလွန်လျှင် ဘိက္ခုနီကျောင်း ဥပစာမှလွန်သည်သာတည်း။) ဘိက္ခုလေးပါးလည်း ကြွလာ၍ မနီးမဝေး နေရသည်၊ ကြွရောက် ချီးမြှောက်တော်မူကြပါဟု ကြိုတင် လျှောက်ထားရသည်။

ဘိက္ခုနီသံဃာထံ မာနတ် ဆောက်တည်၍ ကြားပြီးလျှင် ဘိက္ခုသံဃာထံကြား၍ ဘိက္ခုနီသံဃာထံပြန်၍နေရသည်။ ထိုနောက် ဘိက္ခုတို့ပြန်သွားသော်၎င်, အဘော်မ တယောက်ထား၍ ဘိက္ခုနီတို့ ပြန်သွားသော်၎င်း- ဥဘတောသံဃာ၌ မာနတ်ကျင့်သည် မည်၏။ အနိက္ခိတ္တဝတ် နေလိုလျှင် ဘိက္ခုလေးပါး၊ ဘိက္ခုနီလေးပါးထံ နေ့တိုင်ကြားအပ်၏။ ၁၅-ရက် ပြည့်သောအခါ အဗ္ဘာန်သွင်းအပ်၏။

## ၀ိတ္ထာရုဒ္ဒေသ(နိဿဂ္ဂိပါစိတ်။)

ဃုမေခေါ ပနာယျာယော တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

အယျာသော၊တို့…။တိံသ၊သုံးဆယ်သော။ နိဿဂ္ဂိယာပါစိတ္တိယာ၊… အမည်ရှိကုန်သော။ဣမေ ခေါပနဓမ္မာ……။ဥဒ္ဒေသံ……။အာဂစ္ဆန္တိ……။

### ပတ္တဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပတ္တသန္နိစယံ ကရေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ကထိနာ……)

ယာပနဘိက္ခုနီ……။ ပတ္တသန္နိစယံ၊ သပိတ်သိုမှီးခြင်းကို။ ကရေယျ၊ ပြုငြားအံ့။ တဿာဘိက္ခုနိယာ၊……အား။ နိဿဂ္ဂိယံ……။ ပါစိတ္တိယံ……။ ဟောတိ……။

တရက်မျှသော်လည်း အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာ မပြုဘဲ အဓိဋ္ဌာန်လောက်သော သပိတ်ကိုထားငြားအံ့–နိဿဂ္ဂိပါစိတ်။ ဘိက္ခု၏ ပတ္တနည်းအတိုင်းပင်တည်း။ ဘိက္ခုအား ဆယ်ရက်လွန်မှ နိဿဂ္ဂိ။ ဤဘိက္ခုနီအား တရက်လွန်ရုံဖြင့် နိဿဂ္ဂိ။ ဤမျှသာ ထူး၏။

၂။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အကာလစီဝရံ ကာလစီဝရန္တိ အဓိဋ္ဌဟိတွာ ဘာဇာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ……။ အကာလစီဝရံ၊ အကာလသင်္ကန်းကို။ ကာလစီဝရန္တိ၊ ကာလသင်္ကန်းဟူ၍။ အဓိဋ္ဌဟိတွာ၊ စီရင်၍။ ဘာဇာပေယျ၊ ဝေဘန်စေငြားအံ့။ တဿာဘိက္ခုနိယာ…… ။နိဿဂ္ဂိယံ……။ပါစိတ္တိယံ…။ ဟောတိ……။

အကာလ (အဝတ်)သင်္ကန်းဖြစ်ခြင်း, အကာလသင်္ကန်းဟု အမှတ်ရှိခြင်း, ကာလသင်္ကန်းဟု စီရင်၍ အဖွဲ့ကိုအားဖြင့်ဝေဘန်စေခြင်း, ရခြင်း–အင်္ဂါလေးပါး။ ။ကထိန်မခင်း-တလ။ခင်း-ငါးလနှင့်ဖြစ်သော သံဃိက (ဝိကပ္ပနာလောက်) အဝတ်သည်

"**ကာလစီဝရ**"မည်၏။ ထိုကျောင်း၌ ပုရိမဝါကျွတ်သူ၊ ကထိန်ခင်းသူတို့ ဝေယူနိုင်သည်။ တြွင်း ၁၁–လ၊ ၇–လ၌ ဖြစ်လျှင် "**အကာလစီဝရ**"မည်၏။

သမ္မုခီဘူတ သံဃာတို့ ဝေယူနိုင်သည်။ "**သမ္မုခီဘူတ**" ဟူသည် ကျောင်းတွင်း၌ဝေလျှင် ကျောင်းဝါဆိုခေတ်အတွင်း ရှိဆဲသံဃာ၊ ထိုသံဃာနှင့် ၁၂–တောင်တွင်းစပ်သောကျောင်းပ သံဃာအဆက်ဆက်။ ကျောင်းပ၌ ဝေလျှင် ဝေရာဌာနနှင့် ၁၂–တောင်စပ် အဆက်ဆက်ဖြစ်၏။ သင်္ကန်းကာလ တလ၊ ငါးလအတွင်း၌သော်လည်း သုတ္တန်ဆောင်၊ ဝိနည်းဆောင် စသည်ကို ရည်လှူလျှင် အကာလစီဝရ သာတည်း။ ရည်ရာ သံဃာ၊ ဂဏ၊ ပုဂ္ဂလတို့ယူနိုင်သည်။ အကာလစီဝရကိုတလ၊ ငါးလ–စီဝရကာလတွင်း ဟူသောအဖွင့်ဖြင့် ကာလစီဝရဟု ဝေဘန်စေ၍ရလျှင် နိဿဂ္ဂိ။ ဝိနည်းကံစွန့်ပြီးပြန်ရသော်လည်း လှူရင်းတိုင်းပြန်မှု၍ အကာလစီဝရအဖြစ်ဖြင့် ထားရသည်။

**လှူရင်းတိုင်း ပြန်မှု** ၆။ ။ဤဝဂ်၌နိဿဂ္ဂိဖြစ်၍ဝိနည်း ကံစွန့်ပြီး ပြန်ရသော်လည်း မသုံးရ၊ လှူရင်းတိုင် ဌာနသို့ ပြန်မှုရသည်မှာ ၆ ချက်ရှိ၏။အကာလစီဝရ–၁။ သံဃိက–၂။ မဟာ ဇနိက–၂။ ပုဂ္ဂလိက–၁။

**၃။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုံ နယာ သဗ္ဗံ စီဝရံ ပရိဝတ္တေတွာ သာ ပန္နာ ဇေ‌ံ ဝဒေယျ ဟန္ဒာ ယေ တုယှံ စီဝရံ၊အာဟရ မေတံစီဝရံ၊ယံ တုယှံ တုယှမေဝေတံ၊ ယံမယှံ မယှမေဝေတံ၊ အာဟရမေတံ စီဝရံ၊ သကံ ပစ္စာဟရာ‌တိ အစ္ဆိန္ဒေယျ ဝါ အစ္ဆိန္ဒာပေယျ ဝါ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (အဗ္ဗိန္နာ……)

ယာပန ဘိက္ခုနီ……။ဘိက္ခုံ နယာ၊ ဘိက္ခုနီမတယောက်နှင့်။ သဗ္ဗံ၊ တကွ။ စီဝရံ၊ သင်္ကန်းကို။ (ဝါ၊ ဝိကပ္ပနာလောက်သောအဝတ်ကို။) ပရိဝတ္တေတွာ၊လဲလှယ်၍။သာ၊ထိုဘိက္ခုနီမသည်။ ပန္နာ……။ဇေ‌ံ……။ ဝဒေယျ၊…အံ့။အဝေ ယျ၊ရှင်မ။တုယှံ၊ သင်၏။စီဝရံ၊……ကို။ဟန္ဒ၊ယူလော။

မေ၊ငါ၏။တော် စိဝရံ၊ထိုသက်နှ်းကို။အာဟရ၊ ယူခဲ့လော။ ယံ၊ အကြင်သက်နှ်းသည်။တုယှံ၊သင်၏"သက်နှ်းဖြစ်၏"။ တော်၊ ထိုသက်နှ်းသည်။ တုယှမေဝ၊သင်အားသာလျှင်။ဟောတု၊ဖြစ်ပါစေ။ယံ၊ အကြင်သက်နှ်းသည်။မယှံ၊ငါ၏ "သက်နှ်းဖြစ်၏"။ တော်၊ ထိုသက်နှ်းသည်။ မယှမေဝ၊ ငါအားသာလျှင်။ဟောတု၊ဖြစ်ပါစေ။မေ၊ငါ၏။တော်စိဝရံ…ကို။အာဟရ၊ ယူခဲ့လော။ သကံ၊ မိမိသက်နှ်းကို။ပစ္စာဟရ၊ ပြန်ယူလေလော။ဇာတိ၊ ဤသို့ဆို၍။အစ္ဆိန္ဒေယျဝါ၊ ကိုယ်တိုင်မူလည်းလုငြားအံ့။ အစ္ဆိန္ဒာပေယျဝါ၊……စေငြားအံ့။တဿာဘိက္ခုနိယာ……။နိဿဂ္ဂိယံ…။ပါစိတ္တိယံ……။ ဟောတိ……။

ဥပသမ္ပန္နာဖြစ်ခြင်း,လဲလှယ်သောအဝတ်သက်နှ်း၏ဝိကပ္ပနာလောက်ခြင်း,သကသညာဖြစ်၍လုခြင်း-လုစေခြင်းအင်္ဂါသုံးပါး။ ။ သကသညာကင်းလျှင် ဘဏ္ဍာဘိုးဖြင့် ပါရာဇိက။ ထုလ္လစ္စဉ်း။ ဒုက္ကဋ်။

၄။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အညံ ဝိညာပေတွာ အညံ ဝိညာပေယျ၊နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဗ္ဗာ…… )

ယာပနဘိက္ခုနီ……။ အညံ၊ တမျိုးကို။ ဝိညာပေတွာ၊တောင်း၍။ [တောင်း၍ရပြီးမှဟူလို။]အညံ၊တမျိုးကို။ ဝိညာပေယျ၊တောင်းငြားအံ့။ တဿာဘိက္ခုနိယာ ….။နိဿဂ္ဂိယံ……။ပါစိတ္တိယံ……။ဟောတိ……။

အမြွက်ဖြင့် ယူလိုခြင်း, ပစ္စည်းတမျိုး ပြင်တောင်းခြင်း, ရခြင်း-အင်္ဂါသုံးပါ။ ။မမာ၍ ထောပတ်တောင်းအံ့။ ရသောအခါ ထောပတ်အလိုမရှိ၊ ဆီအလိုရှိသည်ဟု ထောပတ်လှူခဲ့၍ ဆီထပ်လှူအောင် တောင်းအံ့။ ထိုဆီရလျှင် နိဿဂ္ဂိ။ ယခင်ထောပတ်အပြစ်မရှိ။ဆီကိုလည်း အလိုရှိသေးသည်ဟုတောင်းအံ့၊ဆီဖြင့်လည်း ကိစ္စပြီးသည်၊ များများလည်း ရသည် ဟုအာနိသင်ပြ၍တောင်းအံ့-အပြစ်မရှိ။

၅ ။**သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အညံ စေတာပေတွာ အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဗ္ဗာ……)

ယာပနဘိက္ခုနီ……။ အညံ၊ တမျိုးကို။စေတာပေတွာ၊ ဝယ်စေ၍။ [ဝယ်ခိုင်း၍ရပြီးမှဟူလို။]အညံ၊တမျိုးကို။စေတာပေယျ၊ ဝယ်စေငြား အံ့။ဘဿာဘိက္ခုနီယာ……။နိဿဂ္ဂိယံ ….။ပါစိတ္တိယံ ….။ဟောတိ……။

ယခုခင်းကဲ့သို့ အင်္ဂါသုံးပါး။ ။မိမိ၏ ကပ္ပိယဘဏ္ဍာဖြင့် ထောပတ်ကို လဲလှယ်ဝယ်ခိုင်းအံ့။ရသောအခါ ထောပတ်မလို ချင်၊ဆီလိုချင်သည်ဟုပြင်၍ဝယ်ခိုင်းအံ့။ရလျှင် နိဿဂ္ဂိ။ ရောင်း ပြီးထောပတ်ကို ဈေးသည်မယူလျှင် ငွေကို လှူခဲ့လိမ့်မည်၊ သူ့ပစ္စည်းဖြင့် ဆီဝယ်သူလိမ့်မည်ဟုမြော်လင့်၍ တမျိုးပြင်နိုင် သည်။

**၆။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန သံဃိကေန အညံ စေတာပေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဗ္ဗာ ….)

ယာပနဘိက္ခုနီ……။ အညဒတ္ထိကေန၊ တမျိုး၏+အလို့ငှါ+လှူအပ် သော။အညုဒ္ဒိသိကေန၊ တမျိုးကို+ညွှန်း၍+လှူအပ်သော။သံဃိကေန၊ သံဃာ့အလို့ငှါ+လှူအပ်ပြီးသော။ ပရိက္ခာရေန၊ ကပ္ပိယဘဏ္ဍာဖြင့်။ အညံ၊တမျိုးကို။စေတာပေယျ၊ဝယ်စေငြားအံ့။ တဿာဘိက္ခုနီယာ··။ နိဿဂ္ဂိယံ·····။ပါစိတ္တိယံ·····။ဟောတိ······။

သင်္ကန်းအတွက်လှူထားသော သံဃိက ကပ္ပိယဘဏ္ဍာဖြင့် ဆေးကိုဝယ်ခိုင်းအံ့-ရသောအခါ နိဿဂ္ဂိ။ သံဃိက လှူပြီး ဖြစ် သောကြောင့် ဝိနည်းကံစွန့်၍ ပြန်ရလည်း သံဃာ့ထံပြန်ပို့ရ သည်။ ရည်ညွှန်းတိုင်း သင်္ကန်းဝယ်စေ၍ အကြွင်းကို လိုရာ ဝယ်စေအံ့၊ လှူသူကိုပန်၍ လိုရာဝယ်စေအံ့၊ ကျောင်းစွန့်ပြေး လောက်သော ဘေးရန်အခါ လိုရာဝယ်စေအံ့-အနာပတ္တိ။

**၇။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန သံဃိကေန သညာစိကေန အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဗ္ဗာ ….

ယာ နဘိက္ခုနီ ……။အညဒတ္ထိကေန ……။အညုဒ္ဒိသိကေန ……။ သံဃိ ကေန…..။ ရိက္ခာရေန"ဗိ"၊ ကပ္ပိယဘဏ္ဍာဖြင့်ရင်း။ သညာစိ ေန

"ဗိ"၊ကိုယ်တိုင်တောင်းအပ်သော ကပ္ပိယဘဏ္ဍာဖြင့်ရင်း။အညံ့၊တမျိုးကို။စေတာပေယျ……။တဿာ ဘိက္ခုနိယာ……။နိဿဂ္ဂိယံ……။ပါစိတ္တိယံ……။ဟောတိ ….။

ဝတ္ထုကြောင်းဖြင့် သိသာသောကြောင့် သိက္ခာပုဒ်၌ "ဗိ" သဒ္ဒါမယှဉ်။ဘဏ္ဍာနှစ်ချဖြင့် တပါးသော ဆေးစသည်ကို ဝယ်ခိုင်းအံ့၊ ရသောအခါ နိဿဂ္ဂိ။ စွန့်ပြီးပြန်ရလည်း လှူရင်းတိုင်းသို့ပြန်ပို့ရသည်။

**၈။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန မဟာဇနိကေန အညံ စေတာပေယျ၊နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဗ္ဗာ……)

ယာပနဘိက္ခုနီ……။အညဒတ္ထိကေန……။အညုဒ္ဒိသိကေန ….။မဟာဇနိကေန၊ဂိုဏ်းအလိုငှါ+လှူအပ်ပြီးသော၊ပရိက္ခာရေန……။ အညံ ….။စေတာပေယျ……။တဿာဘိက္ခုနိယာ……။နိဿဂ္ဂိယံ… ။ ပါစိတ္တိယံ…။ဟောတိ ….။

သံဃ၊ပုဂ္ဂလမှ တပါးသည် "**မဟာဇန**"မည်၏။အသင်းအဖွဲ့ဆောင် ဂိုဏ်း စသည်သည်လည်း "**မဟာဇန**"မည်၏။ ယာဂုအတွက် လှူထားသော ဂဏိက ကပ္ပိယ ဘဏ္ဍာဖြင့် ဆေးစသည်ဝယ်ခိုင်းအံ့၊ ရသောအခါ နိဿဂ္ဂိ။ စွန့်ပြီးပြန်ရလည်း လှူရင်းတိုင်းဂဏသို့ပြန်ပို့ရသည်။

**၉။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန မဟာဇနိကေန သညာစိကေန အညံ စေတာပေယျ၊နိဿဂ္ဂိယံ ပါစိတ္တိယံ။(သဗ္ဗာ……)

ယာပနဘိက္ခုနီ……။အညဒတ္ထိကေန……။အညုဒ္ဒိသိကေန……။မဟာဇနိကေန၊ဂိုဏ်းအလိုငှါ+လှူအပ်ပြီးသော။ပရိက္ခာရေန"ဗိ"….။သညာစိကေန"ဗိ"……။ အညံ……။စေတာပေယျ ..။တဿာဘိက္ခုနိယာ……။နိဿဂ္ဂိယံ……။ပါစိတ္တိယံ……။ဟောတိ……။

စွန့်ပြီးပြန်ရလည်း လှူရင်းတိုင်းသို့ပြန်ပို့ရသည်။

**၁၀။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အညဒတ္ထိကေန ပရိက္ခာရေန အညုဒ္ဒိသိကေန ပုဂ္ဂလိကေန သညာစိကေန အညံ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (သဥ္စာ.....)ပဏ္ဏ ဝဂ္ဂေါ ပဥ္စမော။

ယာပနဘိက္ခုနီ......။အညဒတ္ထိကေန......။အညုဒ္ဒိသိကေန ......။ပုဂ္ဂလိကေန၊ပုဂ္ဂိုလ်အလို့ငှါ+လှူအပ်ပြီးသော။ပရိက္ခာရေန"ဒ"......။ သညာ စိကေန"ဖိ"......။အညံ......။စေတာပေယျ......။ တသာသော် ကျွနီယာ...။ နိဿဂ္ဂိယံ ....။ပါစိတ္တိယံ....၊ဟောတိ ....။ပဥ္စမော......။ ပဏ္ဏဝဂ္ဂေါ .... ။ နိဋ္ဌိတော......။

ကျောင်းပြုပြင်ရန်အတွက် လှူသားသော မိမိပုဂ္ဂလိက ဘဏ္ဍာဖြင့်၎င်း၊ကိုယ်တိုင်တောင်း၍ရသော ဘဏ္ဍာဖြင့်၎င်း-၅ဂ် ခုပေါင်းဖြင့် ဆေးစသည်ဝယ်စေအံ၊ ဂုသောအခါ နိဿဂ္ဂိ။စွန့် ပြီးပြန်ရလည် လှူရင်းတိုင် ကျောင်းအတွက်သို့ ပြန်မို့ရသည်။ ပှူရင်းတိုင်ပြန်မို့-ခြောက်ချက်သည်။

**၁၁။ သိက္ခာပုဒ်။** ။ဂရုပါဝုရဏံ ပန ဘိက္ခုနီယာ စေတာပေန္တိယာ စတုက္ကံသပရမံ စေတာပေတဗ္ဗံ။ တတော စေ ဥတ္တရိ စေတာပေယျ၊နိဿဂ္ဂိယံ ပါစိတ္တိယံ။ ( သဥ္စာ...... )

ဂရုပါဝုရဏံ၊ (ဆောင်းသောအခါခြုံရော) ထူလေးသောအရုံကို၊စေတာ ပေန္တိယာ၊တောင်းသော ဘိက္ခုနီယာ၊......သည်၊စတုက္ကံသပရမံ၊လေး ကံသ(၁၆ သပြာ)ထိုက်သော အရုံကို၊စေတာပေတဗ္ဗံ၊တောင်းအပ်၏။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်။ စေ-စေတာပေယျ၊ အကယ်၍ တောင် ငြားအံ့။တသာသော ဘိက္ခုနီယာ......။ နိဿဂ္ဂိယံ......။ ပါစိတ္တိယံ....။ ဟောတိ ....။

.: ထူသောအရုံဖြစ်ခြင်း, လေးကံသထက်အလွန်ထိုက်ခြင်း, ခွင့်မပြုရာ၌တောင်းခြင်း,ရခြင်း-အင်္ဂါလေးပါး။ ။တရုံးဟော ကောင်းခြင်း စသော ဂုဏ်ကိုကြည်ညို၍ အခွင့်ပေး လိုရာပြောပါ ဟု ခမ္မနီမင်းနှစ်မ် ဖြင့် ဘိတ်ရာ၌သာ-လေ ကံသအထိ ပိုင် ခြား တော်မူသည်။ အခါမရွေးသိုရာပြောပါ—ဟု နိဗ္ဗပဝါရဏာဖြင့် ဘိတ်သောပဝါရိတထံ၌၎င်း၊ ဉာတကထံ၌၎င်း၊ သိတင်းသုံးဘော်

ငါးယောက်ထံ၌ရင်း အလွန်လည်းတောင်းကောင်း၏။ လေးသပြာ-တကံသ၊လေးကံသ-၁၆-သပြာ။

**၁၂။ သိက္ခာပုဒ်။** ။သဟုပါဝုရဏံ ပန ဘိက္ခုနိယာ စေတာပေန္တိယာ အဍ္ဎတေယျကံသပရမံ စေတာပေတဗ္ဗံ။ တတော စေ ဥတ္တရိ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

(သဒ္ဒါ……)

လဟုပါဝုရဏံ၊ (ပူအိုက်သောအခါခြုံစရာ) ပေါ့ပါးသောအရုံကို။ စေတာပေန္တိယာ၊တောင်းသော။ဘိက္ခုနိယာ၊……သည်။ အဍ္ဎတေယျကံသပရမံ၊ နှစ်ကံသခွဲ (ဆယ်သပြာ)ထိုက်သောအရုံကို။ စေတာပေတဗ္ဗံ……။တတော……။ဥတ္တရိ……။စေ-စေတာပေယျ……။တဿာဘိက္ခုနိယာ……။နိဿဂ္ဂိယံ……။ပါစိတ္တိယံ……။ဟောတိ……။

ယခင်နည်းဖြင့်သိနိုင်လောက်ပြီ။

**နိဂုံး။** ။ဥဒ္ဒိဋ္ဌာခေါ အယျာယော တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။တတ္ထာယျာယော ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယျာယော၊တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိတိ။ ။တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ နိဋ္ဌိတာ။

အယျာယော……တို့။တိံသ……။နိဿဂ္ဂိယာပါစိတ္တိယာ……။ဓမ္မာ……။ဥဒ္ဒိဋ္ဌာခေါ……။တတ္ထ၊ထိုသုံးဆယ်သော နိဿဂ္ဂိပါစိတ်၌။အယျာယော၊……တို့ကို။ပုစ္ဆာမိ……။ကစ္စိ……။ပရိသုဒ္ဓါ……။အတ္ထ……။ဒုတိယမ္ပိ……။တတိယမ္ပိ……။ပုစ္ဆာမိ……။ကစ္စိ……။ပရိသုဒ္ဓါ……။အတ္ထ……။ဧတ္ထ၊ ဤနိဿဂ္ဂိပါစိတ်၌။ အယျာယော……။ ယသ္မာ……။ ပရိသုဒ္ဓါ……။ တသ္မာ……။ တုဏှီ……။အသိ……။ဧဝံ……။ဧတံ……။ဓာရယာမိ……။ဣတိ၊ ဤသို့သော စကားစဉ်ဖြင့်။ တိံသ……။ နိဿဂ္ဂိယာ ပါစိတ္တိယာ……။ ဓမ္မာ……။ နိဋ္ဌိတာ……။

ယခင်ဘိက္ခုနိဿဂ္ဂိ ပဌမဝဂ်၌ ဓောဝန၊ ပဋိဂ္ဂဟဏ—နှစ်ခုဖယ်၍ အကာလသင်္ကန်းဝေဘာဂစေခြင်း၊လဲလှယ်၍ ပြန်လုခြင်း နှစ်ခုနှင့် ဤဘိက္ခုနီ-နိဿဂ္ဂိ၌ ပဌမဝဂ်ဖြစ်၏။ယခင်ဒုတိယဝဂ်၌ အစ ၇-ခုဖယ်၍ အညံ-စသော ၇-ခုနှင့် ဤ၌ဒုတိယဝဂ်ဖြစ်၏။ ယခင်တတိယဝဂ်၌ ဒသာဟပရမ၊ ဝဿိကသာဋိက၊

အာရည-သုံးချဖယ်၍ ပဏ္ဏသန္ဓိစယာ၊ ဂရု၊ လဟုပါဒရဏ-သုံးခု နှင့် ဤဒွိတတိယာဝဂ်ဖြစ်၏။ဤ၌ ၁၂-ချမှ ကြွင်းသော ယခင်၌ ဂ+၃+၇=ပေါင်း ၁ဂ-သည် ဘိက္ခုနည်းအတိုင်းဖြစ်၏။အချို ဉာဏ်ရှိသူဖြစ်လျက် ဤနေရာမျိုး ၌ ဂရုပြုခြင်းမှ ချွတ်သူဖြစ်နိုင် သည်။

## သုဋ္ဌပါဝိတ်။

ဗုဒ္ဓမေခေါပနာယျာယော ဆသဋ္ဌိသတာ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ၊

အယျာယော......။ ဆသဋ္ဌိသတာ၊ ၁၆၆ ပါးကုန်သော။ ပါစိတ္တိယာ......။ဗုဒ္ဓမေခေါပနဓမ္မာ......။ဥဒ္ဒေသံ......။အာဂစ္ဆန္တိ......။

## လသုဏဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ လသုဏံ ခါဒေယျ၊ ပါစိတ္တိယံ။(ငြေ... )

ယာပနဘိက္ခုနီ......။လသုဏံ၊(မဂဓတိုင်းဖြစ် အငြွောင့်များသော) လသုဏ ကြက်သွန်ကို။ ခါဒေယျ၊ ခဲငြာ အံ့။ တဿာ ဘိက္ခုနိယာ၊...... အား။ပါစိတ္တိယံ၊ပါစိတ်အာပတ်သည်။ဟောတိ......။

လသုဏ ကြက်သွန်အစိမ်းဖြစ်ခြင်း,မျိုခြင်း-အင်္ဂါနှစ်ပါ......။

**ဘိက္ခုဒုက္ကဋ်။** ပလဏ္ဍုက-ကြက်သွန်ဖြူ-တငြွောင့်။ဘဉ္ဇနက-ကြက်သွန်နီ-နှစ်မြွောင့်။ ဟရိတက ကြက်သွန်မိမ်း-သုံး မြွောင့်။ စာပလသုဏ- ကြက်သွန်မြိတ်- အငြွောင့်မရှိ။ ဤ လေးမျိုး၌ အနာပတ္တိ၊ လသုဏ ကြက်သွန်အကျက်၊ လက်သုပ်စသည် ၌လည်း အနာပတ္တိ။ အဋ္ဌကထာဋီကာတို့၌ အဆင်မပြေသော်လည်း လသုဏ-ကြက်သွန်ဖြူ ဟု မိန့်ဆိုကုန်၏။

၂။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သမ္ဗာဓေ လောမံ သံဟရာပေယျ၊ ပါစိတ္တိယံ။(အဋ္ဌါန......)

ယာပနဘိက္ခုနီ......။သမ္ဗာဓေ၊ ဖုံးကွယ်ရာအရပ်၌။ [ဂဿာဝမဂ်၊ လက်ကတီးကြား ၌ဟူသို။]လောမံ၊ အမွေး ကို။သံဟရာပေယျ၊ပယ်နှုတ် စေငြားအံ့။တဿာ ဘိက္ခုနိယာ......။ပါစိတ္တိယံ......ဟောတိ......။

အနာမရှိခြင်း,ဖုံးကွယ်ရာ၌အမွေးပယ်ခြင်း-အင်္ဂါနှစ်ပါး။ ။ သင်ရုန်း၊ကတ်ကျေး၊မွေးညှပ်စသည်ဖြင့်ပယ်အံ့-ပယောဂတိုင်း ပါစိတ်။အမွေးအရေအတွက်တိုင်းမဟုတ်။ (**ဘိက္ခုနီ။**)

**၃။ သိက္ခာပုဒ်။** ။တလဃာတကေ ပါစိတ္တိယံ။ (မေထုနာ ·····)

တလဃာတကေ၊ ပဿာဝမဂ် အပြင်ကို + ပုတ်ခတ်ခြင်းကြောင့်၊ ပါစိတ္တိယံ······။ဟောတိ······။

အနာမရှိခြင်း, ကျင်ကြောင်းကို ပုတ်ခတ်ခြင်း, အတွေ့ သာယာခြင်း-အင်္ဂါသုံးပါး။ ။ကြာဝတ်ဆံဖြင့် ပုတ်ခတ်လည်း ပါစိတ်။မိမိမဂ်၌ သူတပါးကို ပုတ်ခတ်နိုင်းလည်းပါစိတ်။

**၄။ သိက္ခာပုဒ်။** ။ဇတုမဋ္ဌကေ ပါစိတ္တိယံ။(မေထုနာ······)

ဇတုမဋ္ဌကေ၊ အပြေအပြစ်ပြုအပ်သော ချိပ်တောင့်ကို ပဿာဝ မဂ်သို့သွင်းခြင်းကြောင့်၊ပါစိတ္တိယံ······။ဟောတိ ·····။

ပာခင်ကဲ့သို့ အင်္ဂါသုံးပါး။ ။ကြာဝတ်ဆံမှသွင်းခြင်း၊မိမိ၌ သူတပါးကိုသွင်းနိုင်းခြင်းကြောင့်လည်း ပါစိတ်။

**၅။ သိက္ခာပုဒ်။** ။ဥဒကသုဒ္ဓိကံ ပန ဘိက္ခုနိယာ အာဒိယမာနာယ ဒွင်္ဂုလပဗ္ဗပရမံ အာဒါတဗ္ဗံ။တံ အတိက္ကာမေန္တိယာ ပါစိတ္တိယံ။(မေထုနာ······)

ဥဒကသုဒ္ဓိကံ၊ ပဿာဝမဂ် ရေဆေးခြင်းကို၊ အာဒိယမာနာယ၊ ယူသော။ဝါ၊ပြုသော။ဘိက္ခုနိယာ၊······သည်၊ ဒွင်္ဂုလပဗ္ဗပရမံ၊ နှစ်ဆစ် အတိုင်းအရှည်ရှိသောအရပ်ဘိုင်အောင်၊အာဒါတဗ္ဗံ၊ ပြုအပ်၏။ [သွင်း၍ ဆေးအပ်၏ဟူလို၊] တံ၊ထိုအရပ်ကို၊အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား။ပါစိတ္တိယံ····· ။ဟောတိ···· ။

သုံးဆစ်သွင်းခြင်း, အနာမရှိခြင်း, သာယာခြင်း-အင်္ဂါသုံးပါး။ ။တချောင်းဖြင့်နှစ်ဆစ်၊ နှစ်ချောင်းဖြင့် တဆစ်စီသည် နှစ်ဆစ်မည်၏။ ဤအနေဖြင့် အတွေ့သာယာလည်း အနာပတ်။ ရေဆေးစဉ်သာယာ၍ နှစ်ဆစ်မှ ဆံဖျားမျှလွန်စေအံ့၊နှစ်ချောင်း

မှလွှန်၍ တတိယ လက်ချောင်းဖျားမှလွှန်စေအံ့ ပါစိတ်။ အနာ
ကြောင့်လွှန်စေအံ့-အနာပတ္တိ။

၆။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုနုပဿယ ဘုဉ္ဇနပဿယ ပါနီယေန ဝါ ဝိဓူပနေန ဝါ ဥပတိဋ္ဌေယျ၊ ပါစိတ္တိယံ။(ဋ္ဌေ.....)

ယာပနဘိက္ခုနီ......။ဘုဉ္ဇနပဿယ၊ဘောဇဉ် စားသော။ ဘိက္ခုနုပဿယ၊ ရဟန်းအား။ ဝါ၊ ရဟန်း၏ ဟတ္ထပါသ်အတွင်း၌။ ပါနီယေနဝါ၊ သောက်ဘွယ်ဖြင့်ရင်း။ ဝိဓူပနေနဝါ၊ ယပ်ဖြင့်ရင်း။ ဥပတိဋ္ဌေယျ၊ တည်နေ၍ငြား အံ့၊(ဝါ၊လုပ်ကျွေး ခစား၍ငြားအံ့။) ထိုသို့ဘိက္ခုနီအား......။ ပါစိတ္တိယံ......။ ဟောတိ.....။

ဘောဇဉ်စားဆဲရဟန်း၏ဟတ္ထပါသ်၌ တည်၍ခြင်း ,သောက်ဘွယ်ဖြစ်စေ ယပ်ဖြစ်စေ ကိုင်ခြင်း အင်္ဂါ ၃ ပါး။ ။ခဲဘွယ် စားစဉ်တည်အံ့။ ဟတ္ထပါသ်လွှတ်၍တည်အံ့ "ဒုက္ကဋ်"။ ဝတ္ထု၌ ရဟန်း,ထိုင်ကို ဘိက္ခုနီသည် ရေခွက်ဖြင့် ပေါက်၍ ယပ်ဖြင့် လည်း ခတ်သည်။ ထိုကိုက်မှုကြောင့်ကာ "ဒုက္ကဋ်"သာတည်း။

၇။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အာမကဓညံ ဝိညတွာ ဝါ ဝိညာပေတွာ ဝါ ဘဇ္ဇိတွာ ဝါ ဘဇ္ဇာပေတွာ ဝါ ကောဋေတွာ ဝါ ကောဋ္ဋာပေတွာ ဝါ ပစိတွာ ဝါ ပစာပေတွာ ဝါ ဘုဉ္ဇေယျ၊ ပါစိတ္တိယံ။ (အဋ္ဌာန.....)

ယာပနဘိက္ခုနီ....။ အာမကဓညံ၊ ပေါ်င်းနှံကို။ ဝိညတွာ ဝါ၊ တောင်း၍ရင်း။ ဝိညာပေတွာဝါ၊ တောင်းစေ၍ရင်း။ ဘဇ္ဇိတွာဝါ၊ လှော် ၍ရင်း။ ဘဇ္ဇာပေတွာဝါ၊ လှော်စေ၍ရင်း။ ကောဋေတွာဝါ၊ ထောင်း၍ ရင်း၊ ကောဋ္ဋာပေတွာဝါ၊ ထောင်းစေ၍ရင်း။ ပစိတွာဝါ၊ ချက်၍ရင်း။ ပစာပေတွာဝါ၊ ချက်စေ၍ရင်း။ ဘုဉ္ဇေယျ၊ စားငြားအံ့။ ထိုသို့ဘိက္ခု နီအား ......။ ပါစိတ္တိယံ ....။ ဟောတိ ....။

စပါးမျိုးခုနစ်ပါး တပါးပါး တောင်းခြင်း ဝါ-တောင်းစေ ခြင်း ,ရခြင်း, လှော်ခြင်း စသည်ပြု၍ ပြုစေ၍ မျိုခြင်း-အင်္ဂါ ၂ ပါး။ ။တောင်း၊ လှော်၊ ထောင်း၊ချက်၊စား ငါးပါး တို့တွင် တောင်း၊စား ၂ပါးမှုစုံလျှင် ပါစိတ်အင်္ဂါသို့ရင်းတည်း။ အနာ

ဆေးကုရန် တောင်းအံ့၊ မတောင်းဘဲ ရသည်ကို နဝကမ္မအလို့ငှါ ခံအံ့-အနာပတ္တိ။ ဤ၌ဖော်ခြင်းကား စပါးအစိမ်း အစို ရခဲ့၍ မှုယ်အံ့သောအခါ နေမလှန်းသာ၍ သွေ့ခြောက်အောင်ဖော်သည်။ သတ္တာဧည်သည် ဒုက္ကနိဝတ္ထု ဖြစ်၏။သံဃာ၊ဂဏ၊ပုဂ္ဂလ၊ စေတိယ–အလို့ငှါ ခံလည်းမအပ်။(**ဘိက္ခုအားလည်းဒုက္ကဋ်။**)

ဂ။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဥတ္တာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ တိရောကုဋ္ဋေ ဝါ တိရောပါကာရေ ဝါ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ၊ ပါစိတ္တိယံ။(သဍ္ဍာ......)

ယာပနဘိက္ခုနီ......။ ဥတ္တာရံဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုရင်း။ သင်္ကာရံဝါ၊ အမှိုက်ကိုရင်း။ ဝိဃာသံဝါ၊စားကြွင်းကိုရင်း။ တိရောကုဋ္ဋေဝါ၊ နံရံတဘက်၌ရင်း။ တိရောပါကာရေဝါ၊ တံတိုင်းတဘက်၌ရင်း။ ဆဍ္ဍေယျဝါ၊ ကိုယ်တိုင်လည်းစွန့်ငြားအံ့။ ဆဍ္ဍာပေယျဝါ၊ သူတပါးကိုလည်းစွန့်စေငြားအံ့။ တဿာဘိက္ခုနိယာ......။ ပါစိတ္တိယံ......။ ဟောတိ......။

ကျင်ကြီးစသည်ဖြစ်ခြင်း,မကြည့်ရှုခြင်း,သွားလာသုံးဆောင်ရာနေရာဖြစ်ခြင်း,တံတိုင်းတဘက်နံရံတဘက်ဖြစ်ခြင်း, စွန့်ခြင်း-စွန့်စေခြင်း-အင်္ဂါငါးပါး။ ။သောက်ရေကြွင်း၊ ဝါးပြီးသောဒန်ပူလည်း"**ဝိဃာသ**"မည်၏။ ပြူတင်းမှ မစွန့်ချအပ်။ ကြည့်ရှု၍ စွန့်အံ့၊ မသုံးဆောင်ရာ၌စွန့်အံ့-အနာပတ်။ (**ဘိက္ခုဒုက္ကဋ်။**)

ဃ။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဥတ္တာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ ဟရိတေ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ၊ပါစိတ္တိယံ။ (သဍ္ဍာ......)

ယာပနဘိက္ခုနီ....။ ဥတ္တာရံဝါ....။ပဿာဝံဝါ....။သင်္ကာရံဝါ......။ ဝိဃာသံဝါ....။ ဟရိတေ၊ စိမ်းသော ကောက်ပဲရှိရာအရပ်၌။ ဆဍ္ဍေယျဝါ.....။ဆဍ္ဍာပေယျဝါ.....။ တဿာဘိက္ခုနိယာ .....။ပါစိတ္တိယံ..။ ဟောတိ.....။

ယခင်နည်းမှီး၍ အင်္ဂါစိစစ်ရာ၏။ ။စိုက်ပျိုးသောကောက်ခင်း ပဲခင်းသည်ရင်း၊လယ်၊အုန်း ခြံ စသည်သည်ရင်း "**ဟရိတ**"

မည်၏။ ပါဠိတ်ဝဏ္ဏု။ မျိုးကြဲပြီး၍ အညှောက် မပေါက်သေးလျှင် ဒုက္ကဋ်ဝဏ္ဏု။ စွန့်ပြီးပစ်သွားသော လယ်၌ရင်း၊ သခင်တို့ကိုပန်၍ရင်းစွန့်အံ့·အနာပတ္တိ။ အုန်းခြံ၌ အုန်းသီး ဖောက်သောက်၍ အုန်းသီးခေါင်းပြတ်ကိုစွန့်အံ့၊ စားကြွင်းအမှိုက်ကို ဟရိတ၌စွန့်သည်မည်၏။ တနည်း-ရေသောက်၍ရေကြွင်းကို အုန်းလည်ဆစ်ပြတ်၌စွန့်အံ့၊ စားကြွင်းကို ဗိဇဂါမ်အုန်းငုတ် ဟရိတ၌စွန့်သည်မည်၏။ ခြံတွင်း၌ ဟရိတလွတ်ရာ၌ အပြစ်မရှိ။ အမှိုက်စွန့်ရာ၌ ကျင်ကြံ့ ကျင်ငယ်စွန့်လည်း အပြစ်မရှိ။ (**ဘိက္ခုဒုက္ကဋ်။**)

**၁၀။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။ (ဌ……) လသုဏဝဂ္ဂေါ ပဌမော။

ယာပနဘိက္ခုနီ……။ နစ္စံဝါ၊ ကခြင်းကိုရင်း။ ဂီတံဝါ၊ သီခြင်းကိုရင်း။ ဝါဒိတံဝါ၊ တီးမှုတ်ခြင်းကိုရင်း။ ဒဿနာယ၊ ကြည့်ရှုခြင်း "နားထောင်ခြင်း"ငှါ။ ဂစ္ဆေယျ၊ သွားငြားအံ့၊ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။ ပဌမော……။ လသုဏဝဂ္ဂေါ၊ လသုဏဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

နစ္စ,ဂီတ,ဝါဒိတ-တချချဖြင်ခြင်း, ခွင့်ပြုသော အကြောင်းမရှိဘဲသွားခြင်း, ကြည့်ရှု-နားထောင်ခြင်း-အင်္ဂါသုံးပါး။ ။ဥဒေါင်းကသော နစ္စ၊ လေချွန်သော ဂီတ၊ သံရှည်ဆွဲသော မွေ့ကာဝိက၏ ဂီတ၊ ရေကိုစည်တီးခြင်း ဝါဒိတမှုကိုသော်လည်း ကြည့်ရှုနားထောင်ရန် သွားအံ့ ပါစိတ်။ (**ဘိက္ခုဒုက္ကဋ်။**) {ဤအနေဖြင့် ပါ စ ဌ၌ ပါဝင်သည်။} ဒဿနဖြင့် သဝနကိုလည်း ယူသည်။ အရံတွင်း၌နေ၍ လည်ပြန်ကြည့်အံ့- အနာပတ္တိ။

ဒဿနာယ ဂစ္ဆေယျ-ဟု ကြည့်ခြင်းငှါ သွားခြင်းကိုသာ ပယ်သည်။ တေးနှင့်စပ်သော်လည်း တရားဟူသမျှ အပ်၏။ တရားနှင့်စပ်သော်လည်း တေးဟူသမျှ မအပ်။ ပါဠိတော်၌မဆိုသော်လည်း ကခြင်းစသည်ကို ကိုယ်တိုင်ပြုအံ့၊ သူတပါးကိုပြုစေအံ့၊ ဘုရားအား ပူဇော်ကြလောဟု ပရိယာယ်ဖြင့် ဆိုအံ့၊

လူတို့က ဘုရားအား နစ္စ, ဂီတတို့ဖြင့် ပူဇော် ပါရစေဟု လျှောက်လျှင် ကောင်းပြီဟုခွင့်ပြုအံ့-ပါ၀ိတ်သာ၁တည်း။{သဉ္ဇာ-သဒ္ဒ–၌ ပါ၀င်သည်။}

ပူဇော်ခြင်းဟူသည် ကောင်း၏ဟု ပရိယာယ် ဆိုအံ့-အနာပတ္တိ။ (နစ္စ, ဂီတစသည်ကို အနုဝဇ္ဇ သုခ၀ိပါက လက္ခဏာဟု သုတ် အဘိဓမ္မာတို့၌မဟောသော်လည်း မသွားဘဲ ကြည့်ခြင်းကို အနာပတ္တိဟု ဝိနည်း၌ ဟောသည်။ ဌာနာ ဌာန ဉာဏ်တော်၏ အရသည့် မန္တိုင် သာအောင် ကြံ ကျယ်လေစွတကား။)

---

### ရဇ္ဇနိက္ကာဂရ၀ဂ်။

၁။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ရတ္တန္ဓကာရေ အပ္ပဒီပေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ ပါစိတ္တိယံ။ (ထေယျာ……)

ယာပန ဘိက္ခုနီ… ။ရတ္တန္ဓကာရေ၊ညဉ့်မိုးချုပ်သောအချိန်၌၊ အပ္ပဒီပေ၊ အရောင်အလင်းကင်းသောနေရာ၌။ ပုရိသေန၊ လူယောကျ်ားနှင့်။ သဒ္ဓိံ၊ တကွ။ ဧကေနေကာ၊ တယောက် ချင်းချင်း။ [ဧကေန၊ တယောက်သော ပုရိသနှင့်။ ဧကာ၊ တယောက်သော ဘိက္ခုနီမသည် ဟူလို၊] သန္တိဋ္ဌေယျဝါ၊ အနီး၌လည်း ရပ်ငြားအံ့။ သလ္လပေယျဝါ၊ အနီး၌ ရပ်၍လည်း စကား ဆိုငြားအံ့။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ညဉ့်မှောင်ချိန်ဖြစ်ခြင်း, လူယောကျ်ား၏ ဟတ္ထပါသ်တွင်း ရပ်ခြင်း–ဝါ စကားဆိုခြင်း, အဘော်မရှိခြင်း, ဆိတ်ကွယ်ရာ သာယာသည့်ကိုင်ခြင်း-အင်္ဂါလေးပါး။ ။နေဝင်ပြီးသော အခါသည် "ရတ္တန္ဓကာရ" မည်၏။ ကာယ သံသဂ္ဂ ရာဂရှိမှု "ထုလ္လစ္စဉ်း"။ အင္ဂဝတ္ထုက အင်္ဂါတည်း။

၂။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပဋိစ္ဆန္နေ ဩကာသေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ ပါစိတ္တိယံ။ (ထေယျာ……)

ယာပနဘိက္ခုနီ……။ ပဋိစ္ဆန္နေ၊ ဖုံးကွယ်သော။ ဩကာသေ၊ အရပ်၌။ ပုရိသေန……။ သဒ္ဓိံ……။ ဧကေနေကာ……။ သန္တိဋ္ဌေယျ ဝါ……။ သလ္လပေယျ ဝါ……။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

တိုင်ကွယ်ရာမှုသည်လည်း "**ပဋိစ္ဆန္န**"မည်၏။

၃။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ အဇ္ဈောကာသေ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ၊ ပါစိတ္တိယံ။ (ထေယျာ……)

ယာပနဘိက္ခုနီ……။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ပုရိသေန……။ သဒ္ဓိံ……။ ဧကေနေကာ……။ သန္တိဋ္ဌေယျ ဝါ……။ သလ္လပေယျ ဝါ……။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

သိက္ခာပုဒ် သုံးခု ပေါင်းလျှင် အချိန်လွှတ်မရှိ၊ နေရာလွှတ်လည်းမရှိ၊ ညဥ့်သင့်တခု၊ နေ့သင့်နှစ်ခု။ ဖုံးကွယ်ရာ သင့်တခု၊ လွင်တီးခေါင်သင့်တခု။ အနီး၌ရပ်ခြင်း ဆိုခြင်းငှါ နားလည်သော လူယောကျ်ားသည် "**ပုရိသ**"မည်၏။ ဆိတ်ကွယ်ရာဟု ငဲ့ခြင်းမရှိလျှင် အနာပတ္တိ။

၄ ။**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ ရထိကာယ ဝါ ဗျူဟေ ဝါ သိင်္ဃာဋကေ ဝါ ပုရိသေန သဒ္ဓိံ ဧကေနေကာ သန္တိဋ္ဌေယျ ဝါ သလ္လပေယျ ဝါ နိကဏ္ဏိကံ ဝါ ဇပ္ပေယျ၊ ဒုတိယိကံ ဝါ ဘိက္ခုနိံ ဥယျောဇေယျ၊ ပါစိတ္တိယံ။(ထေယျာ……)

ယာပနဘိက္ခုနီ……။ရထိကာယဝါ၊ ခရီးရှည်၌၎င်း။ [ရထိယာယဝါ-ဟူ၍လည်းရှိ၏ အနက်တူ။] ဗျူဟေဝါ၊ ခရီးတို၌၎င်း။ သိင်္ဃာဋကေဝါ၊ ခရီးဆုံ၌၎င်း။ ပုရိသေန……။သဒ္ဓိံ……။ဧကေနေကာ……။ သန္တိဋ္ဌေယျဝါ……။ သလ္လပေယျဝါ……။နိကဏ္ဏိကံ၊ ယောကျ်ား၏နားအံနီး၌။ ဇပ္ပေယျဝါ၊ တစုံတခုကိုသည်း ဆိုငြားအံ့။ဒုတိယိကံ၊အဖော်ဖြစ်သော။ဘိက္ခုနိံ ဝါ၊ ဘိက္ခုနီမကိုလည်း။ဥယျောဇေယျ (အနာစာရကျင့်လို၍)လွှတ်လိုက်ငြားအံ့။တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

အဖော်ဘိက္ခုနီကို မလွှတ်လိုက်ခင် ဧကေနေကာ ဖြစ်သလော။ ။သဘောဘူအဖော်သည် အာပတ်လွတ်ကြောင်း

အဘော်မဟုတ်။ ထို့ကြောင့် ဧကေနေကာဖြစ်၍။ပါဠိတ်လေး ချက်။အနာစာရကျင့်လို၍မဟုတ်၊ ပြဿုဝယ်ကိစ္စကြောင့်လွှတ်အံ့-အနာပတ္တိ။

၅။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပုရေဘတ္တံ ကုလာနိ ဥပသင်္ကမိတွာ အာသနေ နိသီဒိတွာ သာမိကေ အနာပုစ္ဆာ ပက္ကမေယျ၊ပါစိတ္တိယံ။(ထိနာ.....)

ယာပနဘိက္ခုနီ......။ ပုရေဘတ္တံ၊ နံနက်အခါ၌။ကုလာနိ ဒါယကာ အိမ်တို့သို့၊ဥပသင်္ကမိတွာ၊ချဉ်းကပ်၍။အာသနေ၊ နေရာ၌။ [တင်ပျဉ်ခွေ ထိုင်လောက်သော ရွှေ့ပြောင်းနိုင်သော နေရာရှင်၌ဟူလို။] နိသီဒိတွာ၊ ထိုင်၍။သာမိကေ၊အိမ်ရှင်တို့ကို။အနာပုစ္ဆာ၊မပန်ကြားဘဲ။ ပက္ကမေယျ။ ဖဲသွားငြားအံ့။တဿာဘိက္ခုနိယာ......။ပါစိတ္တိယံ......။ဟောတိ......။

မှန်းတည့်အင်္ဂါ နံနက်ကာလဖြစ်ခြင်း,အနုရှေရ၌ ထိုင်ခြင်း, တင်ပျဉ်ခွေလောက်သော နေရာဖြစ်ခြင်း, ခွင့်ပြုသော အကြောင်းကြည့်၍ မပန်ကြားခြင်း, တံစက်မြိတ်ကို–ပါ- ၁၂-တောင် ဥပစာကို လွန်ခြင်း-အင်္ဂါငါးပါး။ ။အရှက်မှ မှန်းတည့်အထိသည် "**ပုရေဘတ္တ**"......။ တင်ပျဉ်ခွေလောက်သောနေရာရှင်သည် "**အာသန**"......။ ထိုအိမ်၌သိကြားလိမ္မာသူသည်"**သာမိက**"......။အမိုးတွင်းမှ ဖဲလျှင် တံစက်မြိတ်ကို ......။ လွင်ကြီးခေါင်မှဖဲလျှင် ၁၂ တောင် ဥပစာကိုလွန်အံ့-ပါစိတ်။ တင်ပျဉ်မခွေလောက်သော နေရာ၌ဖြစ်အံ့- "ဒုက္ကဋ်"။အသံ ဟာရိမ–ရွှေ့ပြောင်းနိုင်သော နေရာသေဖြစ်အံ့-အနာပတ္တိ။

၆။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပစ္ဆာဘတ္တံ ကုလာနိ ဥပသင်္ကမိတွာ သာမိကေ အနာပုစ္ဆာ အာသနေ အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ၊ပါစိတ္တိယံ။(ထိနာ.... )

ယာပနဘိက္ခုနီ......။ ပစ္ဆာဘတ္တံ၊နေလွဲသော်အခါ၌။ ကုလာနိ.....။ ဥပသင်္ကမိတွာ ....။သာမိကေ၊အိမ်ရှင်တို့ကို။အနာပုစ္ဆာ...။ အာသနေ၊ နေရာ၌။[ဓုဝပညတ္တမှတပါး နေရာမရွေး-ဟူလို။] အဘိနိသီဒေယျဝါ၊ ထိုင်မူလည်းထိုင်ငြားအံ့။ အဘိနိပဇ္ဇေယျဝါ၊ အိပ်မူလည်းအိပ်ငြားအံ့။ တဿာဘိက္ခုနိယာ......။ပါစိတ္တိယံ.....။ဟောတိ....။

ပွင့်းတည့်လွှန်မှနေဝင်အထိသည်"**ပစ္ဆာဘတ္တ**"…။ထိုအခါ၌ ပေးပိုင်သူသည်"**သာမိက**"…။ ဘိက္ခုနီတို့အတွက် အမြဲ ခင်းထားသော"**ရဝပညတ္တ**"နေရာ၌ အနာပတ္တိ။ အသံဟာရိမ-မဟော။

**၇။ သိက္ခာပုဒ်။** ။ သာပန ဘိက္ခုနီ ဝိကာလေ ကုလာနိ ဥပသင်္ကမိတွာ သာမိကေ အနာပုစ္ဆာ သေယျံ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ အဘိနိသီဒေယျ ဝါ အဘိနိပဇ္ဇေယျ ဝါ၊ ပါစိတ္တိယံ။(ကထိနာ…)

ယာပနဘိက္ခုနီ……။ ဝိကာလေ၊ ညဥ့်အခါ၌၊ [အခါမဲ့ဟူလို၊] ကုလာနိ…။ ဥပသင်္ကမိတွာ…။ သာမိကေ၊ အိမ်ရှင်တို့ကို။ အနာပုစ္ဆာ……။သေယျံ၊အိပ်ရာကို။ သန္ထရိတွာဝါ၊ခင်း၍ရင်း။ သန္ထရာပေတွာ ဝါ၊ခင်းစေ၍ရင်း။အဘိနိသီဒေယျဝါ……။အဘိနိပဇ္ဇေယျဝါ…။ တဿာ ဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

နေဝင်မှအရုဏ်တက်အထိသည်"**ဝိကာလ**"……။ ပေးပိုင်သူသည်"**သာမိက**"…။သစ်ရွက်ခင်းမှုသည်လည်း "**သေယျ**"……။ အသံဟာရိမ,ရဝပညတ္တ-နှစ်ခုလုံး မဟော။သာမိကသုံးခုတို့တွင် နောက်နှစ်ခုကို ပေးပိုင်သူဟု "**ပဘာဝဇနီ**" အထူးဖွင့်သည်။

**၈။ သိက္ခာပုဒ်။** ။ သာပန ဘိက္ခုနီ ဒုဂ္ဂဟိတေန ဒူပဓာရိတေန ပရံ ဥဇ္ဈာပေယျ၊ ပါစိတ္တိယံ။ (အဝိန္နာ……)

ယာပနဘိက္ခုနီ……။ဒုဂ္ဂဟိတေန၊ အယူအဆမှား ခြင်းဖြင့်။ ဒူပဓာရိတေန၊ အမှတ်အသားမှားခြင်း ဖြင့်။ ပရံ၊ တပါးသောဘိက္ခုနီကို၊ ဝါ၊ တပါးသောဘိက္ခုနီမအထံ၌ ဥဇ္ဈာပေယျ၊ ကဲ့ရဲ့ငြင်း။ တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

အမှားယူဆခြင်း, ကဲ့ရဲ့ခြင်း, အကြင်ဘိက္ခုနီကို အမှတ် အားဖြင့် သိစေ၏၊ ထိုဘိက္ခုနီ၏ ဥပသမ္ပန္နာဖြစ်ခြင်း–အင်္ဂါ သုံးပါး။ ။ရှင်မဘဒ္ဒါကာပိလာနီ၏ တပည့်မသည် အပြုအစု ကောင်း၏။ထို့ကြောင့်ထိုရှင်မဘဒ္ဒါသည် တပါးသောဘိက္ခုနီ တို့ကို–ဤတပည့်မသည် ကောင်း၏၊ သက်နှ်ပေးရဦးမည်ဟု ဆို၏။ထိုတပည့်မကား အယူလွဲအမှတ်လွဲဖြင့်-ငါသည် အရှင်မ

ကို ကောင်းစွာ မလုပ်ကျွေးဘူးတဲ့။ငါ့အားသက်နှီးမပေးဘူးတဲ့ဟု တပါးသောဘိက္ခုနီကို အယုတ်အားဖြင့်သိစေ၏။ဝါ၊ကဲ့ရဲ့၏။ ထို့ကြောင့် ပညပ်သည်။

၉။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အတ္တာနံ ဝါ ပရံ ဝါ နိရယေန ဝါ ဗြဟ္မစရိယေန ဝါ အဘိသပေယျ၊ ပါစိတ္တိယံ။ (အဓိနွာ ···· )

ယာ ပန ဘိက္ခုနီ····။အတ္တာနံဝါ၊မိမိကိုယ်ကိုရင်း။ပရံဝါ၊တပါးသောဘိက္ခုနီမကိုရင်း။နိရယေနဝါ၊ငရဲဖြင့်ရင်း။ ဗြဟ္မစရိယေနဝါ၊ သာသနာတော်ဖြင့်ရင်း။အဘိသပေယျ၊ကျိန်ဆဲငြားအံ့။တသာဘိက္ခုနိယာ·····။ပါစိတ္တိယံ·····။ဟောတိ·····။

ငရဲဖြင့်ရင်း၊ သာသနာဖြင့်ရင်း၊ ကျိန်ဆဲခြင်း, ဥပသမ္ပန္နာဖြစ်ခြင်း, အဓိပ္ပါယ်ကို ရှေ့ရှုသည် မဟုတ်ခြင်း-အင်္ဂါ သုံးပါး။ ။ငရဲကျစေရဲ့၊ ငရဲကျပါစေ၊ သာသနာမှလျှော၍ လူဖြစ်ရစေရဲ့၊ လူဖြစ်ပါစေ ဟု ဒေါသဖြင့်ကျိန်တိုင်း ပါစိတ်။ ထိုမှတပါးဖြင့်ကျိန်အံ့ "ဒုက္ကဋ်"။

နောက်တစ်ဖန်ရှင်ရသေ့၏ သရက်သီးခိုးစားလျှင် တကိုယ်ထီးအိပ်ရပါစေရဲ့။ ကြာစွယ်ခိုးစားလျှင် မင်းစည်းခံ၍ မိဖုရားတွေအလယ် ကာမဂုဏ်အကြား၌ အရိုးထုတ်ရပါစေရဲ့ဟု ကျိန်ခြင်းကား ခိုးသူမဟုတ်ဟု ယုံကြည်အောင် သစ္စာဆိုခြင်းဖြစ်၏၊ အပြစ်ရှိလျက် "အပြစ်ရှိလျှင် အသမုခ်ဘိလူးမဖြစ်ရစေရဲ့"ဟု ကျိန်ခြင်းကား အပြစ်ဖုံးလို၍ လှည့်စားခြင်းတည်း။

၁၀။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ၊ ပါစိတ္တိယံ။( သမန္တ······ )ရတ္တန္ဓကာရဝဂ္ဂေါ နဝမော။

ယာ ပန ဘိက္ခုနီ·····။ အတ္တာနံ၊မိမိကိုယ်ကို။ ဝဓိတွာဝဓိတွာ၊ ထု၍ ထု၍။ရောဒေယျ၊ ငိုငြားအံ့။ တသာဘိက္ခုနိယာ·····။ပါစိတ္တိယံ······။ ဟောတိ·····။ နဝမော······။ ရတ္တန္ဓကာရဝဂ္ဂေါ······။ နိဋ္ဌိတော······။

ထုခြင်း,ငိုခြင်း-အင်္ဂါ၄စ်ပါး။ ။ထုခြင်းသက်သက်၊ ငိုခြင်းသက်သက်ကား''ဒုက္ကဋ်''။ ဆွေမျိုးပျက်စီးခြင်း၊ အနာ၄ပ်စက်ခြင်းစသည်ကြောင့် မထုဘဲ ငိုအံ့-အနာပတ္တိ။

---

## နဂ္ဂ ဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ နဂ္ဂါ နှာယေယျ၊ ပါစိတ္တိယံ။(ဌေ ·····)

ယာပနဘိက္ခုနီ···။နဂ္ဂါ၊အချည်းနှီး။ဝါ၊အဝတ်အရုံကင်းလျက်။ နှာယေယျ၊ရေချိုးငြားအံ့။တသ္သာဘိက္ခုနိယာ ··· ။ ပါစိတ္တိယံ·····။ ဟောတိ···။

အချည်းနှီးဖြစ်ခြင်း,ခွင့်ပြုသော အကြောင်း မရှိခြင်း,ရေချိုး၍ပြီးခြင်း-အင်္ဂါသုံးပါး။ ။ရေသနူပ်ပျောက်ဆုံးအံ့၊ခိုးသူခိုးဘွယ်ဘေးရန်ရှိအံ့-အနာပတ္တိ။ရေချိုးအိမ်ဖြင့် ဖုံးခြင်း၊ အဝတ်အရုံဖြင့်ဖုံးခြင်း၊မြစ်၌ရေဖြင့်ဖုံးခြင်း ဤသုံးခု တခုခုဖုံးလျက် ရေချိုးအံ့-အနာပတ္တိ။အဝတ်ဖြင့်ဖုံးချိုးသူကိုသာ ချေးတွန်းခြင်း၊ ရှိုးခြင်းပြုကောင်းသည်။ဇာတ္တဃရ၊ ဥဒကာဝဏ္ဏ(၃)ပဋိစ္ဆာဒိ။

၂။ **သိက္ခာပုဒ်။** ။ဥဒကသာဋိကာ နံ ဘိက္ခုနိယာ ကာရယမာနာယ ပမာဏိကာ ကာရေတဗ္ဗာ။ တတြိဒံ ပမာဏံ။ ဒီဃသော စတသော ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဒွေဝိဒတ္ထိယော။တံ အတိက္ကာမေန္တိယာ ဆေဒနကံ ပါစိတ္တိယံ။(သဋ္ဌာ······)

ဥဒကသာဋိကာ၊ရေသနူပ်ကို။ ကာရယမာနာယ၊ ပြုစေလိုသော။ ဘိက္ခုနိယာ၊····· သည်။ ပမာဏိကာ၊ ပမာဏနှင့်လျော်သည်ကို။ကာရေတဗ္ဗာ······။တတြ၊ထိုရေသနူပ်၌။ ဣဒံ၊······ ကား။ ပမာဏံ၊······တည်း။ ဒီဃသော·····။ သုဂတဝိဒတ္ထိယာ······။ စတသောဝိဒတ္ထိယော၊ လေးထွာ။တိရိယံ၊အနံကား။ ဒွေဝိဒတ္ထိယော၊ နှစ်ထွာ။ တံ၊ ထိုပမာဏကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား။ဆေဒနကံ၊ အလွန်ကိုဖြတ်ခြင်းရှိသော။ပါစိတ္တိယံ·····။ ဟောတိ·····။

ပမာဏလွန်ခြင်း, မိမိအလိုငှါပြု၍ ပြုစေ၍ ရခြင်း-အင်္ဂါနှစ်ပါး။ ။လေးထွာသည် ၁၂-ထွာ၊ ၁၈-ထွာ၊ ဝါ-ပကတိ ကိုးတောင်။ နှစ်ထွာသည် ထိုမှထက်ဝက်။ ထို့ကြောင့် ကဏ္ဍုပဋိစ္ဆာဒိနှင့် ပမာဏတူ၏။ ပျောက်ပျက်လျှင် ဖြတ်ဘွယ် မရှိ။ ပါစိတ်သက်သက် ကုစားအပ်၏။

**၃။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ စီဝရံ ဝိသိဗ္ဗေတွာ ဝါ ဝိသိဗ္ဗာပေတွာ ဝါ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ သိဗ္ဗေယျ ဝါ န သိဗ္ဗာပနာယ ဝါ ဥဿုက္ကံ ကရေယျ အညတြ စတူဟပဉ္စာဟာ၊ ပါစိတ္တိယံ။ (သမန္တ......)

ယာ ပန ဘိက္ခုနီ......။ဘိက္ခုနိယာ၊ ဘိက္ခုနီမ တယောက်၏။ စီဝရံ......ကို။ဝိသိဗ္ဗေတွာဝါ၊ ချုပ်ရိုးဖြေ၍ရင်း။ဝိသိဗ္ဗာပေတွာဝါ၊ ချုပ်ရိုးဖြေစေ၍ရင်း။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိဘဲ။ နေဝသိဗ္ဗေယျဝါ၊ ကိုယ်တိုင်လည်းမချုပ်ငြားအံ့၊ သိဗ္ဗာပနာယဝါ၊ သူတပါးကိုချုပ်စေခြင်းငှါလည်း။ ဥဿုက္ကံ၊ လုံ့လကို။ နကရေယျ၊ မပြုငြားအံ့။ စတူဟ ပဉ္စာဟာ၊ လေးရက် ငါးရက်ကို။ အညတြ၊ ကြဉ်၍။ တဿာ ဘိက္ခုနိယာ......။ ပါစိတ္တိယံ.....။ ဟောတိ......။

ဝတ်ရုံလောက်သောသင်္ကန်း ဖြစ်ခြင်း, ဥပသမ္ပန္နာ၏ဥစ္စာဖြစ်ခြင်း, ချုပ်ခြင်းငှါ ဖြေခြင်း ဖြေစေခြင်း, ခွင့်ပြုသောအကြောင်းမရှိဘဲ ငါးရက်လွန်ခြင်း, ဝန်ချခြင်း-အင်္ဂါငါးပါး။ ။ဝန်ချပြီးမှ ချုပ်လည်း ပါစိတ်သင့်ပြီးပြီ။ ချုပ်စဉ်ရက်လွန်က-အနာပတ္တိ။

**၄။ သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပဉ္စာဟိကံ သံဃာဋိစာရံ အတိက္ကာမေယျ၊ ပါစိတ္တိယံ။ (ကထိနာ......)

ယာ ပန ဘိက္ခုနီ.....။ ပဉ္စာဟိကံ၊ ငါးရက်ကို။ သံဃာဋိစာရံ၊ သင်္ကန်းငါးထည်လှည့်ခြင်းကို။ [ဝတ်ရုံခြင်း နေလှန်းခြင်းဖြင့် လှည့်ခြင်းကို ဟူလို။] အတိက္ကာမေယျ......။ တဿာ ဘိက္ခုနိယာ......။ ပါစိတ္တိယံ.....။ ဟောတိ....။

သက်နီးငါးထည် တထည်ထည်ဖြစ်ခြင်း, ငါးရက်လွန်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း, မလှည့်ခြင်း-အင်္ဂါလေးပါး။ ။ တိစိဝရိက်၊ ရေသနုပ်၊ ရင်လွှမ်းတဘက်-ငါးထည်လုံး သံဃာဒိ မည်၏။ ငါးရက်တကြိမ် အနည်းဆုံး ဝတ်ရုံရသည်။ နေသော်လည်း လှန်းရသည်။ ဤသို့မပြုလျှင် ဆဋ္ဌအရုဏ်၌ တထည်လျှင် ပါစိတ်တချက်စီ။ ခိုးသူ ခိုးဘွယ်ဘေးရှိ၍ မဝတ်ရုံ၊ နေမလှန်းအံ့-အနာပတ္တိ။ **သနုပ်၊ တိစိ(၄)၊ သံကစ္စိ(၁)၊ ငါး-နီသံဃာဋိ။**

၅။ **သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု စီဝရသင်္ကမနီယံ ဓာရေယျ၊ ပါစိတ္တိယံ။ (ကထိနာ.....)

ယော ပန ဘိက္ခု......။ စီဝရသင်္ကမနီယံ၊ ပြန်ပေးအပ်သောသူတပါး၏သင်္ကန်းကို။ (ဝါ၊ သခင်ထံ မပန်ဘဲယူသောသင်္ကန်းကို။) ဓာရေယျ၊ ဆောင်ငြားအံ့။ ဘသာဘိက္ခုနိယာ......။ ပါစိတ္တိယံ......။ ဟောတိ......။

စီဝရသင်္ကမနီယဖြစ်ခြင်း, ဥပသမ္ပန္နာ၏ ငါးထည် တထည်ထည် ဖြစ်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း,ဝတ်ရုံခြင်း အင်္ဂါ လေးပါး။ ။သခင်ထံ မပန်ဘဲယူသော သင်္ကန်းသည် "**စီဝရသင်္ကမနီယ**"မည်၏။ ပြန်ပေးအပ်သော သူတပါး၏သင်္ကန်းဖြစ်၏။ မပြောဘဲယူ၍ ဝတ်ရုံအံ့- ပါစိတ်။ ငါယူမဝတ်လျှင် ခိုးသူ ခိုးလတ္တံ့-ဟူသော ဘေးရန်ကြောင့် ယူဝတ်အံ့-အနာပတ္တိ။

ကင်္ခါ၌ ခိုးသူဘေးရှိသောအခါ မိမိသင်္ကန်း အကိုး တန်ကိုဝတ်ခြင်း ၌ မတော်ကောင်းသောကြောင့်ဟု ဆို၏။ "**ကင်္ခါဋီကာ**" ၌ ကြာင်ခြေခတ်နားမလည်သူစာရေးတို့ အရေးမှားကုန်၏၊ ငါ ယူမဝတ်လျှင် ခိုးသူ-ခိုးလတ္တံ့ ဟူသောဘေး ရန်ကြောင့်ဟု အဋ္ဌကထာကြီးနှင့် ညီစွာဆို၏။ ။သတ်ပုံဆရာအချို့ကား သံဃာဋိ ပါဠိသို့လိုက်၍"**သင်္ကန်း**"......။ စီဝရသင်္ကမနီယသို့ လိုက်၍ "**သင်္ကမ်း**"-ဟု သတ်ပုံညွှန်းကုန်၏။ မြန်မာသတ်ပုံ ရှေးရိုး၌ကား "**သင်္ကန်း**"-ဟု ရေးကြသည်။

၆။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဂဏဿ စီဝရလာဘံ အန္တရာယံ ကရေယျ၊ ပါစိတ္တိယံ။ (အဒ္ဒိန္နာ......)

ယာပနဘိက္ခုနီ……။ ဂဏာသ၊ ဘိက္ခုနီ သံဃာ၏။ စီဝရလာဘံ၊ သက်န်း လာဘ်ကို။ အန္တရာယံ၊ အန္တရာယ်ကို။ ကရေယျ……။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ ….။

ဝိကပ္ပနာလောက်သောအဝတ်သက်န်းဖြစ်ခြင်း, သံဃာအား ညွှတ်ပြီးသော လာဘ်ဖြစ်ခြင်း, အာနိသင်မပြဘဲ အန္တရာယ်ပြု ခြင်း-အင်္ဂါသုံးပါး။ ။တပါး၊ နှစ်ပါး၊ သုံးပါး၏လာဘ်ကို တားအံ့ "ဒုက္ကဋ်"။ အဘိုးနည်းသောအခါမှလှူကြဟု အာနိသင် ပြ၍ တားအံ့—အနာပတ္တိ။

၇။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဓမ္မိကံ စီဝရဝိဘင်္ဂံ ပဋိဗာဟေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ….။ ဓမ္မိကံ၊ တရားနှင့်ညီသော။ စီဝရဝိဘင်္ဂံ၊ သက်န်းဝေဘန်ခြင်းကို။ ပဋိဗာဟေယျ၊ တားမြစ်အံ့။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ…..။ ဟောတိ…..။

ဓမ္မိကစီဝရဝိဘင်္ဂဖြစ်ခြင်း, ဓမ္မိကဟု မှတ်ခြင်း, အာနိသင် မပြဘဲတားခြင်း-အင်္ဂါသုံးပါး။ ။သမဂ္ဂသံဃာ စည်ဝေး၍ပြု သော အဝတ်သက်န်းဝေဘန်ခြင်းသည် "**ဓမ္မိကစီဝရဝိဘင်္ဂ**" မည်၏။ ယခု တပါးတယောက် မလောက်သေး၊ မကြာမီရဘွယ် ရှိသေးသည်ဟု အာနိသင်ပြ၍ တားအံ့—အနာပတ္တိ။

၈။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အဂါရိကဿ ဝါ ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သမဏစီဝရံ ဒဒေယျ၊ ပါစိတ္တိယံ။ (သဗ္ဗာ……)

ယာပနဘိက္ခုနီ…..။ အဂါရိကဿဝါ၊ အိမ်၌နေသူ လူအားရင်း။ ပရိဗ္ဗာဇကဿဝါ၊ ပရိဗိုဇ်ရဟန်းအားရင်း။ ပရိဗ္ဗာဇိကာယဝါ၊ ပရိဗိုဇ် မအားရင်း။ သမဏစီဝရံ၊ (ဗိန္ဒုထိုးသော)ရဟန်းသက်န်းကို။ ဒဒေယျ၊ ပေးငြားအံ့။ တဿာဘိက္ခုနိယာ…..။ ပါစိတ္တိယံ…..။ ဟောတိ…..။

ဗိန္ဒုထိုးသော ဝတ်ရုံလောက်သော သမဏစီဝရဖြစ်ခြင်း, သီတင်းသုံးဘော်၊ မိ၊ဘ-မဟုတ်သူအား ပေးခြင်း, အခိုက်အ

တန့် မဟုတ်ခြင်း-အင်္ဂါသုံးပါး။ ။( **ဘိက္ခုဒုက္ကဋ်**။ ) မိဘ မဟုတ်သူအား ခေတ္တပေးအံ့-အနာပတ္တိ။ ဝေယျာဝစ္စပြုသူအား အင်္ဂါချုပ်ဝဘ်ရန် ဖိနပ်မထိုးခင်ပေးလျှင် အပြစ်ဖြစ်ဘွယ်မရှိ။

**၉။ သိက္ခာပုဒ်။** ။သာပနဘိက္ခုနီ ဒုဗ္ဗလစီဝရပစ္စာသာယ စီဝရကာလသမယံ အတိက္ကာမေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ)

ယာပနဘိက္ခုနီ·····။ဒုဗ္ဗလစီဝရပစ္စာသာယ၊အားနည်းသောသင်္ကန်းရနိုးခြင်းဖြင့်။ စီဝရကာလသမယံ၊ သင်္ကန်းကာလကို။ အတိက္ကာ မေယျ·····။ တဿာဘိက္ခုနိယာ······။ ပါစိတ္တိယံ·····။ ဟောတိ·····။

ဒုဗ္ဗလစီဝရပစ္စာသာဖြစ်ခြင်း, ဒုဗ္ဗလသညာ၁ရှိခြင်း, အာနိသင်မပြဘဲ တားခြင်း-အင်္ဂါသုံးပါး။ ။တတ်နိုင်လျှင် သူ့ဦးမည်ဟု လျှောက်သည်ကို မြှော်သောအာသာသည် "**ဒုဗ္ဗလ**"······။မည်သည့်နေ့ရက်တွင်လှူမည်ဟု လျှောက်သည်ကိုမြှော်ခြင်းသည် "**ဗလဝ**"·····။ လျှောက်ခြင်းမရှိဘဲမြှော်ခြင်းသည် "**သက်ပ္ပ**" မည်၏။အာသာမမည်။တလ၊ငါးလသည်"**စီဝရကာလသမယ**" မည်၏။ ထိုကာလအတွင်း သင်္ကန်းဝေမည်ဟု ပြုသောအခါ အားနည်းသောအာသာရှိသော်လည်း ကြောမိဝါဂွမ်း ရဘော့မည်ဖြစ်၍ ဆိုင်းကြဦးဟု အာနိသင်ပြ၍တားအံ့-အနာပတ္တိ။

**၁၀။ သိက္ခာပုဒ်။** ။သာပနဘိက္ခုနီ ဓမ္မိကံ ကထိနုဒ္ဓါရံ ပဋိဗာဟေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ·····) နဂ္ဂဝဂ္ဂေါ တတိယော။

ယာပနဘိက္ခုနီ······။ ဓမ္မိကံ၊ တရားနှင့် လျော်သော။ ကထိနုဒ္ဓါရံ၊ ကထိန်နုတ်ခြင်းကို။ ပဋိဗာဟေယျ·····။ တဿာဘိက္ခုနိယာ·····။ ပါစိတ္တိယံ·····။ဟောတိ ·····။ဘတိယော ·····။နဂ္ဂဝဂ္ဂေါ·····။နိဋ္ဌိတော·····။

သင္ဃာမနှင့် အင်္ဂါတူ၏။ ။သံဃာအညီအညွတ် ကထိန်နုတ်ခြင်းသည် "**ဓမ္မိက**"မည်၏။ နုတ်ခြင်းကြောင့်ရသောအာနိသင်ကာ နည်း၏၊ မူလခင်းထားတိုင်းအာနိသင်ကာများ၏ဟု အာနိသင်ပြ၍တားအံ့-အနာပတ္တိ။ ။ကထိန်မနုတ်ဘဲ သင်္ကန်းလှူအံ့၊ ကထိန်အာနိသင်ရသူတို့သာ ဝေဘန်ရသည်။ အာနိသင်ရ၊မရ

ဘိက္ခုနီမ အားလုံးတို့အား အကာလသင်္ကန်း လှူလိုပါသည်၊ ကထိန်နုတ်ပါဟု တောင်းပန်အံ့၊ အာနိသင်ရသူတို့ရထိုက်သော လာဘ်ထက် များများရအောင်ရင်း, အတူရအောင်ရင်း-လှူနိုင်လျှင် နုတ်အပ်၏၊ လျှော့၍ရမည်ဖြစ်လျှင် မနုတ်အပ်။

---

တုဝဋ္ဋဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီယော နွေ ကေမဒ္ဓေ တုဝဋ္ဋေယျုံ၊ ပါစိတ္တိယံ။ (ဋ္ဌေ......)

ယာပန ဘိက္ခုနီယော၊ အကြင်ဘိက္ခုနီမတို့သည်။ ကေမဒ္ဓေ၊တခု သောညောင်စောင်း၌။ နွေ၊ နှစ်ယောက်။ တုဝဋ္ဋေယျုံ၊ အိပ်ကုန်ငြား အံ့။ တာသံ ဘိက္ခုနီနံ၊ ထိုဘိက္ခုနီမတို့အား။ ပါစိတ္တိယံ......။ ဟောတိ.....။

တညောင်စောင်းထည်းဖြစ်ခြင်း,နှစ်ယောက်အိပ်ခြင်း-အင်္ဂါ နှစ်ပါး။ (ဘိက္ခုဒုက္ကဋ်။)

၂။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီယော နွေ ကေဋ္ဌ ရဏပါဝုရဏာ တုဝဋ္ဋေယျုံ၊ ပါစိတ္တိယံ၊ (ဋ္ဌေ.....)

ယာပန ဘိက္ခုနီယော......တို့သည်။ ကေဋ္ဌရဏပါဝုရဏာ၊ အခင်း အရုံ တခုထည်း ရှိကုန်သည်ဖြစ်၍။ နွေ......။ တုဝဋ္ဋေယျုံ......။ တာသံ ဘိက္ခုနီနံ......တို့အား။ ပါစိတ္တိယံ......။ ဟောတိ......။

အင်္ဂါတူပြီ။ ။ရွှေ့ပြောင်းနိုင်သောရလျှား၊ သင်ဖြူးစသည် ၏ တပိုင်းကို ခင်း၍ တပိုင်းကိုခြုံ၍ အိပ်ကုန်အံ့-ပါစိတ်။ ။ (ဘိက္ခုဒုက္ကဋ်။) တခင်းထည်းသက်သက်၊ တရုံထည်း သက် သက်၌ "ဒုက္ကဋ်"။ ဖေတာင်ဖွေး၊ ခါးပန်း စသည်ခြား၍အိပ်လျှင် အနာပတ္တိ။

၃။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုနိယာ သဉ္စိစ္စ အဖာသုံ ကရေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ.....)

ယာပနဘိက္ခုနီ……။ ဘိက္ခုနီယာ၊ တပါးသော ဘိက္ခုနီမအား၊ သဒ္ဓိံ၊ တကွအားထုတ်၍။ အဖာသုံ၊ မချမ်းသာခြင်းကို။ ကရေယျ……။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဥပသမ္ပန္နာ ဖြစ်ခြင်း, မချမ်းသာ စေလိုခြင်း, မချမ်းသာအောင်ပြုခြင်း, မပန်ကြားခြင်း-အင်္ဂါလေးပါး။ ။မချမ်းမသာဖြစ်အောင် မပန်ကြားဘဲ ရှေ့၌သွား ခြင်း၊ ရပ်ခြင်း၊ ပါဌ်သင်ခြင်း၊သရဇ္ဈာယ်ခြင်းစသည်ပြုအံ့-ပါစိတ်။ ။သေနာသနဝတ်၌ သိတင်းကြီးကိုမပန်ဘဲ သင်၊မေး၊ သရဇ္ဈာယ်၊မီးထွန်း၊ မီးငြိမ်း၊ လေသာတံခါးဖွင့်ပိတ်-မပြုရဟု ဟောသည်။ "**အဋ္ဌကထာ**"၌ အသိရှိသလိုနေကြဟု သိတင်းကြီးခွင့်ပေးလျှင် အပ်၏၊သဘာဂပုဂ္ဂိုလ်ဖြစ်၍ အကျွမ်းဝင်ခြင်း ဖြင့်လည်း အပ်၏ဟု ဆိုသည်။ ဤ၌ ဘိက္ခုနီချင်း ကြီးငယ်မရွေး မခံသာအောင် ပြုသမှုကို ပညတ်သည်။

**၄။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဒုက္ခိတံ သဟဇီဝိနိံ နေဝ ဥပဋ္ဌဟေယျ၊ န ဥပဋ္ဌာပနာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။ (သမန္တ……)

ယာပနဘိက္ခုနီ……။ ဒုက္ခိတံ-(ဂိလာနံ)၊ နာဖျားသော၊ သဟဇီဝိနိံ၊ အတူနေ တပည့်မကို။ နေဝဥပဋ္ဌဟေယ၊ မလုပ်ကျွေးငြားအံ့။ ဥပဋ္ဌာပနာယ၊ လုပ်ကျွေးစေခြင်းငှါ။ ဥဿုက္ကံ၊ လုံ့လကို။ န ကရေယ ……။ တဿာ ဘိက္ခုနိယာ ……။ ပါစိတ္တိယံ ……။ ဟောတိ ……။

ဂိလာနဖြစ်ခြင်း, သဒ္ဓိဝိဟာရိနီ ဖြစ်ခြင်း, ခွင့်ပြုသောအကြောင်း မရှိခြင်း, ဝန်ချခြင်း-အင်္ဂါလေးပါး။ ။အဋ္ဌသာလိနီ၌ "ဒုက္ကဋ်"။ အန္တရာယ်ဆယ်ပါးရှိ၍၊ လုပ်ကျွေးတတ်သူ ရှာမရ၍၊ ကိုယ်တိုင်မခံသာ၍၊ ဘေးရန် ရှိ၍ ဤကား ခွင့်ပြုသောအကြောင်းတည်း။

**၅။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုနိယာ ဥပဿယံ ဒတွာ ကုပိတာ အနတ္တမနာ နိက္ကဍ္ဎေယျ ဝါ၊ နိက္ကဍ္ဎာပေယျ ဝါ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပန ဘိက္ခုနီ·····။ ဘိက္ခုနီယာ၊ ဘိက္ခုနီမ တယောက်အား။ ဥပဿယံ၊ ကျောင်းကို။ ဒတွာ၊ ပေး၍။ ကုပိတာ·····။ အနတ္တမနာ၊ ······ ဖြစ်၍။ နိက္ကဍ္ဎေယျဝါ၊ ကိုယ်တိုင်လည်း နှင်ထုတ် ငြားအံ့။ နိက္ကဍ္ဎာပေယျဝါ၊ သူတပါးကိုလည်း နှင်ထုတ် စေငြားအံ့။ တဿာ ဘိက္ခုနိယာ·····။ ပါစိတ္တိယံ·····။ ဟောတိ·····။

သံဃိကကျောင်းမှနှင်ထုတ်သကဲ့သို့ အင်္ဂါသုံးပါး။ ။တံခါးရွက်အဖွဲ့ရှိသော မိမိ၏ပုဂ္ဂလိက ကျောင်းသည် "**ဥပဿယ**" မည်၏။ တံခါးမရှိသောကျောင်းမှနှင်လျှင် "**ဒုက္ကဋ်**"။ အသဗ္ဗိနီ စသည်ကိုနှင်ရာ၌ အပြစ်မရှိ။

၆။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ သံသဋ္ဌာ ဝိဟရေယျ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ။

ယာပန ဘိက္ခုနီ·····။ ဂဟပတိနာဝါ၊ ဒါယကာနှင့်ရင်း။ ဂဟပတိပုတ္တေနဝါ၊ ဒါယကာ၏သားနှင့်ရင်း။ သံသဋ္ဌာ၊ ရောနှောလျက်။ [မလျော်သော ကိုယ်ပြု၊ နှုတ်ပြောဖြင့် ရောနှောလျက် ဟူလို။] ဝိဟရေယျ၊ နေငြားအံ့၊

သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝမဿ ဝစနီယာ မာယျေ သံသဋ္ဌာ ဝိဟရိ ဂဟပတိနာပိ ဂဟပတိပုတ္တေနပိ၊ ဝိဝိစ္စာယျေ၊ ဝိဝေကညေဝ ဘဂိနိယာ သံဃော ဝဏ္ဏေတီတိ။

သာဘိက္ခုနီ·····။ ဘိက္ခုနီဟိ·····။ ဧဝံ·····။ ဝစနီယာ·····။ အဿ-ဟောတိ·····။ အယျေ·····။ ဂဟပတိနာပိ·····။ ဂဟပတိပုတ္တေနပိ·····။ သံသဋ္ဌာ·····။ မာဝိဟရိ၊ မနေလင့်။ အယျေ·····။ ဝိဝိစ္စ၊ ရောနှောခြင်းမှ ကင်းရှင်းလော။ ဘဂိနိယာ၊ ညီမ၏။ ဝိဝေကညေဝ၊ ကင်းရှင်းခြင်းကိုသာလျှင်၊ သံဃော·····။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။ ဣတိဧဝံ·····။ ဝစနီယာ·····။ အဿ-ဟောတိ·····။

ဧဝဉ္စ သာဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှေယျ။ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ယာဝတတိယံ သမနုဘာသိတဗ္ဗာ တဿ ပဋိနိဿဂ္ဂါယ။ ယာဝ တတိယဉ္စေ သမနုဘာသိယမာနာ တံ ပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ ကုသလံ။ နောစေ ပဋိနိဿဇ္ဇေယျ၊ ပါစိတ္တိယံ။ (သမနု·····)

ဧဝဉ္စ……။ သာ ဘိက္ခုနီ……။ ဘိက္ခုနီဟိ……။ ဝုစ္စမာနာ၊ ဆိုအပ်သည်ဖြစ်လျက်။ တထေဝ……။ ပဂ္ဂဏှေယျ……။ သာ ဘိက္ခုနီ……။ ဘိက္ခုနီဟိ……။ တဿ၊ ထို(ရောနှောလျက်နေသော) အယူဝါဒကို။ ပဋိနိဿဂ္ဂါယ……။ ယာဝတတိယံ……။ သမနုဘာသိတဗ္ဗာ……။ ယာဝတတိယံ……။ သမနုဘာသိယမာနာ……။ တံ၊ ထိုအယူဝါဒကို။စေ ပဋိနိဿဇ္ဇေယျ……။ဣစ္စေတံ……။ကုသလံ……။နောစေ ပဋိနိဿဇ္ဇေယျ……။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

အရိဋ္ဌသိက္ခာပုဒ်ကဲ့သို့ အင်္ဂါသုံးပါး။ ။လူတို့နှင့် ရောနှောသူကိုသိလျက် မဆုံးမလျှင် “ဒုက္ကဋ်”။ ဆုံးမ၍မရလျှင် သံဃာ့အလယ်၌ ဆုံးမရသည်။မစွန့်လျှင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမရသည်။ ကမ္မဝါစာ နှစ်ကြိမ်ထိ “ဒုက္ကဋ်”။သုံးကြိမ် အဆုံး၌ “**ပါစိတ်**”။

၇။ **သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ အန္တောရဋ္ဌေ သာသင်္ကေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ ပါစိတ္တိယံ။(ဧ၆……)

ယာ ပန ဘိက္ခုနီ……။အန္တောရဋ္ဌေ၊တိုင်းနိုင်ငံအတွင်း၌။ သာသင်္ကေ၊ သမ္ဘော၊ ရွံ့ရှာဘွယ်ရှိ၍ဟု သမုတ်အပ်သော။ သပ္ပဋိဘယေ၊ဘေး ရန်နှင့်တကွဖြစ်သောအရပ်၌။အသတ္ထိကာ၊အဖော်မပါဘဲ။စာရိကံ၊ ဒေသစာရီကို။စရေယျ၊သွားငြားအံ့။တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

တိုင်းပြည်အတွင်းဖြစ်ခြင်း, ဘေးရန်ရှိသောအရပ်ဖြစ်ခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း, သွားခြင်း-အင်္ဂါလေးပါး။ ။အဖော်နှင့်သွားခြင်း၊ဘေးရန်မရှိရာသို့သွားခြင်း၊မိမိနေရာ ဘေးရန်ရှိ၍ သွားခြင်း-ဤကားခွင့်ပြုသောအကြောင်းတည်း။မိမိနေရာနိုင်ငံ၏ဘုရင်မင်း ပိုင်သောတိုင်းပြည်အားလုံးသည် “**အန္တောရဋ္ဌ**”မည်၏။ရွာကြားတိုင်း၊ယူဇနာခွဲတိုင်း ပါစိတ်။ ။ရွာတပါးသို့ တယောက်ထည်းဝင်ခြင်းကို သံဃာဒိသိသ်၌ ပညပ်သည်။

H.147-29

**၈။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနိ တိရောရဋ္ဌေ သာသင်္ကေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ ပါစိတ္တိယံ။( ဒုတိယ……)

ယာပနဘိက္ခုနီ……။ တိရောရဋ္ဌေ၊ တပါးသောတိုင်းနိုင်ငံ၌။ သာသင်္ကေ……။ သပ္ပဋိဘယေ……။ အသတ္ထိကာ……။ စာရိကံ……။ စရေယျ……။ တသ္သာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

တပါးသော ဘုရင်မင်း ပိုင်သော တိုင်းပြည်ဟူသမျှသည် "**တိရောရဋ္ဌ**"မည်၏။

**၉။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနိ အန္တောဝဿံ စာရိကံ စရေယျ၊ပါစိတ္တိယံ။(ဒုတိယ…… )

ယာပနဘိက္ခုနီ……။ အန္တောဝဿံ၊ ဝါတွင်း၌။ စာရိကံ……။စရေယျ……။တသ္သာဘိက္ခုနိယာ……။ပါစိတ္တိယံ…… ။ဟောတိ……။

ပုရိမဝါတွင်း, ပစ္ဆိမဝါတွင်း ခရီးသွားအံ့–ရွာကြားတိုင်း၊ ယူဇနာခွဲတိုင်းပါစိတ်။ ခုနစ်ရက်ကိစ္စ ဝါပန်သွားခြင်းစသည်၌ အနာပတ္တိ။ဝါဖြတ်၍ရင်း၊ ဝါမကပ်မူ၍ရင်းသွားအံ့– ဝါဖြတ်ခြင်း၊ ဝါမကပ်ခြင်းကြောင့်လည်း "**ဒုက္ကဋ်**"။

**၁၀။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနိ ဝဿံဝုတ္ထာ စာရိကံ နပက္ကမေယျ အန္တမသော ဆပ္ပဉ္စယောဇနာနိပိ၊ ပါစိတ္တိယံ။(မေထုန်……)တုဝဋ္ဋဝဂ္ဂေါ စတုတ္ထော။

ယာပနဘိက္ခုနီ……။ ဝဿံဝုတ္ထာ၊ဝါကျွတ်ပြီးသည်ရှိသော်။ စာရိကံ……။နပက္ကမေယျ၊မသွားငြားအံ့။အန္တမသော……။ ဆပ္ပဉ္စယောဇနာနိပိ၊ငါးယူဇနာ, ခြောက်ယူဇနာတို့သို့လည်း။နပက္ကမေယျ……။တသ္သာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။ စတုတ္ထော ……။ တုဝဋ္ဋဝဂ္ဂေါ…… ။နိဋ္ဌိတော……။

ဝါကျွတ်ပြီးခြင်း,ခွင့်ပြုသောအကြောင်းမရှိခြင်း, ငါးယူဇနာထက် မလွန်ခြင်း–အင်္ဂါသုံးပါး။ ။အန္တရာယ်ရှိခြင်း, ဘိက္ခုနီအဖော်ရှာ၍မရခြင်း, ဂိလာနဖြစ်ခြင်းစသည်သည် ခွင့်ပြု

သော အကြောင်းတည်း။ သုံးယူဇနာမျှသွား၍ ခရီးတပါးဖြင့် ပြန်လာလျှင် ခြောက်ယူဇနာပြည့်၍ အပြစ်မရှိ။ ထိုသွားသော ခရီးအတိုင်းပြန်လာလျှင်မအာပ်။

---

## စိတ္တာဂါရဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ရာဇာဂါရံ ဝါ စိတ္တာဂါရံ ဝါ အာရာမံ ဝါ ဥယျာနံ ဝါ ပေါက္ခရဏိံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။(ဇွဲ……)

ယာ ပန ဘိက္ခုနီ……။ရာဇာဂါရံ ဝါ ၊မင်းကွန်းသို့ရင်။ စိတ္တာဂါရံ ဝါ၊ ပန်းချီဆေးရေးအပ်သော စရပ်သို့ရင်း။အာရာမံ ဝါ၊ မြို့တွင်းဥယျာဉ် ဟူသော အရံသို့ရင်း။ဥယျာနံ ဝါ၊မြို့ပဥယျာဉ်သို့ရင်း။ ပေါက္ခရဏိံ ဝါ၊ လေးထောင့်ကန်သို့ရင်း။( ဝါ-ရေကန်သို့ရင်း။) ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ဂစ္ဆေယျ……။တဿာ ဘိက္ခုနိယာ……။ပါစိတ္တိယံ…… ။ဟောတိ…… ။

နက္ခတ်တကဲ့သို့ အင်္ဂါသုံးပါး။ ။(ဘိက္ခု၊ဒုက္ကဋ်။) ပသေနဒီ ကောသလမင်း ဥယျာဉ်ဝယ် စိတ္တာဂါရ၌ ပဋိဘာန စိတ္တပြုထားသည်ကို အကြည့်သွားခြင်းကြောင့် ပညတ်သည်။ မင်းကြီး အပျော်ကစားရန်ပြုသော အိမ်တော်သည် "**ရာဇာဂါရ**"။လူတို့ အပျော်ကစားရန်ပြုသောအိမ်သည်"**စိတ္တာဂါရ**"။လူတို့အပျော် ကစားရန်ပြုသောအရံ၊ ဥယျာဉ်၊ ရေကန်သည် "**အာရာမ**"၊ "**ဥယျာန**"၊ "**ပေါက္ခရဏီ**" မည်၏။ (ဆေးရေးရုပ်ရှိသော်ရင်း၊မရှိသော်ရင်း ပျော်ရွှင်ဘွယ် ဆန်းကြယ်စွာ ပြုသောအိမ်၊ ရုပ်ရှင် ရုပ်သေပြရာရုံ-ဤအလုံးစုံသည် စိတ္တာဂါရသာဟူ၍ရင်း။ လေးထောင့်ဟုတ်၊မဟုတ် ရေကန်ဟူသမျှသည် ပေါက္ခရဏီသာ ဟူ၍ရင်း မှိန့်ဆိုကုန်၏။)ဤ၌ပျော်ဘွယ် ငါးရပ်ကိုရင်း၊တရပ် ရပ်ကိုရင်း ကြည့်ရှုရန်သွားအံ့၊ လှမ်းတိုင်း "**ဒုက္ကဋ်**"။ မြင်ရာ၌ ခြေမကြွဘဲရပ်၍ ငါးရပ်လုံးကြည့်လည်း ပါစိတ်တချက်၊ မြင်ရာ အရပ်ကိုစွန့်၍ ဖန်ဖန်ကြည့်အံ့– လည်ပင်းလှည့်တိုင်းပါစိတ်။

မျက်စိဖွင့်တိုင်းမဟုတ်။ အရံတွင်း၌ နေ၍ကြည့်အံ့၊ သွားစဉ် လာစဉ် ကြည့်အံ့၊ကိစ္စရှိ၍ သွား၍ကြည့်အံ့–အနာပတ္တိ။

၂။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အာသန္ဒိံ ဝါ ပလ္လင်္ကံ ဝါ ပရိဘုဉ္ဇေယျ၊ပါစိတ္တိယံ။(ဋ္ဌ……)

ယာပနဘိက္ခုနီ……။အာသန္ဒိံ ဝါ၊ ပမာဏလွန်သော ညောင်စောင်း ကိုဒင်း။ဝါ၊အခြေတတောင့်ထွာထက် ရှည်သော ညောင်စောင်းကိုဒင်း။ ပလ္လင်္ကံ ဝါ၊သားရဲရုပ်တပ်သောပလ္လင်ကိုဒင်း။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့၊တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

အာသန္ဒိ,ပလ္လင်္ကံတခုခုဖြစ်ခြင်း, ထိုင်ခြင်း- အိပ်ခြင်း–အင်္ဂါ နှစ်ပါး။ ။ **ဘိက္ခုဒုက္ကဋ်။** အာသန္ဒိကို အခြေဖြတ်၍ သုံးအံ့၊ ပလ္လင်္ကံကို အရုပ်ဖြုတ်၍သုံးအံ့- အနာပတ္တိ။ ။လေးထောင့်ညီသော ခြေရှည် အာသန္ဒိသည် ဘုရားရှင်ရှစ်သစ်ထက် အခြေရှည်သော်လည်း အပ်သည်ဟု သေနာသနက္ခန္ဓကဋ္ဌကဆို၏။

၃။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သုတ္တံ ကန္တေယျ၊ ပါစိတ္တိယံ။(ဋ္ဌ……)

ယာပနဘိက္ခုနီ……။သုတ္တံ၊ချည်ကို။ကန္တေယျ၊ ဝင့်ငြားအံ့။ တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ ……။ဟောတိ……။

မဝင့်သေးသော ချည်ဖြစ်ခြင်း, ဝင့်ခြင်း-အင်္ဂါနှစ်ပါး။ ။ ခေါမ၊ ဝါချည်–စသောချည်ခြောက်မျိုးသည် "**သုတ္တ**" မည်၏။ လက်ဖြင့်ဆွဲငင်သောချည်ကို ရဟတ်ဖြင့်ဝင့်သောအခါ ဝင်ရိုးတံ၌လက်တငင်ရစ်ပြီးတိုင်း ရစ်ပြီးတိုင်း ပါစိတ်တချက်တချက်စီ။ဝင့်ပြီးသောချည်ကို ကောင်းအောင် ပြန်ဝင့်ရာ၌ အနာပတ္တိ။

၄။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဂိဟိဝေယျာဝစ္စံ ကရေယျ၊ပါစိတ္တိယံ။(ဋ္ဌ……)

ယာပနဘိက္ခုနီ……။ ဂိဟိဝေယျာဝစ္စံ၊ လူတို့၏အမှုကြီးငယ်ကို။ ကရေယျ……။တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

လူတို့၏ အမှုကြီးငယ်ကို ပြုခြင်း, ခွင့်ပြုသောအကြောင်း မရှိခြင်း-အင်္ဂါ၅စ်ပါး။ ။လူတို့၏ ယာဂုထမင်းစသည့်ကို ချက်ပြုတ်ပေးခြင်း၊အဝတ်ဖွပ်ပေးခြင်းစသည်သည် "ဂိဟိဝေယျာဝစ္စ"မည်၏။ သံဃာအတွက်စေတီအတွက်ကျ၍ချက်အံ့၊ မိဘ၏ ဝေယျာဝစ္စပြုသူအတွက်ချက်ပြုတ်ဖွပ်လျှော်ပေးအံ့-အနာပတ္တိ။ မိဘအားသော်လည်း ဝေယျာဝစ္စပြုစေပြီးမှ ချက်ပြုတ်ဖွပ် လျှော်ပေးရသည်။

**၅။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုနီယာ ဟောယေျ ဓမ္မံ အဓိကရဏံ ဝူပသမေဟီတိ ဝုစ္စမာနာ သာဓူတိ ပဋိဿုဏိတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝူပသမေယျ န ဝူပသမာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။(သမန္တ…)

ယာပနဘိက္ခုနီ……။ ဘိက္ခုနီယာ၊ ဘိက္ခုနီမတယောက်သည်။ အယျေ၊ရှင်မ။ဧဟိ၊လာလော။ဓမ္မံ အဓိကရဏံ၊ ဤအဓိကရုဏ်းကို။ ဝူပသမေဟိ၊ငြိမ်းစေလော။ (တနည်းကား၊ ဧဟောယေျ ဓမ္မံ အဓိကရဏံ ဝူပသမေဟိ၊ဤအဓိကရုဏ်းကို လာငြိမ်းပေးပါ။)ဣတိ၊ဤသို့။ ဝုစ္စမာနာ၊ဆိုအပ်သည်ရှိသော်။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍။သာ၊ထိုဘိက္ခုနီမသည်။ပစ္ဆာ၊နောက်၌။အနန္တရာယိကိနီ……။ နေဝဝူပသမေယျ၊ မငြိမ်းစေငြားအံ့။ ဝူပသမာယ၊ ငြိမ်းစေခြင်းငှါ။ ဥဿုက္ကံ၊လုံ့လကို။ နကရေယျ……။တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ ……။ဟောတိ……။

သက်နိုးချုပ်ခြင်း၌ကဲ့သို့ ဝန်ချကာမျှ၌ပါစိတ်။ တရက်မျှပင် အစောင့်အရှောက် ပရိဟာရမရှိ။ ဝိဝါဒစသော အဓိကရုဏ်း လေးပါး တပါးပါးကို ငြိမ်းအောင် ဆုံးဖြတ်ပေးပါဟု ဘိက္ခုနီဆိုသည်ကို ဝန်ခံလျက် ဆုံးဖြတ်ခြင်းမပြုတော့အံ့ဟု ဝန်ချကာမျှ၌ပါစိတ်။ အနုပသမ္ပန္နာဆိုရာ၌ "ဒုက္ကဋ်" အန္တရာယ်ရှိ၊ အဘော်ရှာမရ၊ဂိလာနာစသည်ဖြစ်အံ့-အနာပတ္တိ။

**၆။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အဂါရိကဿ ဝါ ပရိဗ္ဗာဇကဿ ဝါ ပရိဗ္ဗာဇိကာယ ဝါ သဟတ္ထာ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဒဒေယျ၊ပါစိတ္တိယံ။(ဌ……)

ယာပနဘိက္ခုနီ……။အဂါရိကာယဝါ၊အိမ်၌နေသူလူအားရင်း။ ပရိဗ္ဗာဇကာယဝါ……။ပရိဗ္ဗာဇိကာယဝါ…… ။သဟတ္ထာ…… ။ ခါဒနီယံဝါ…… ။ ဘောဇနီယံဝါ …… ။ဒဒေယျ……။တဿာဘိက္ခုနိယာ…… ။ပါစိတ္တိယံ…။ ဟောတိ……။

ရေဒန်ပူမှတပါးသော စားသောက်ဘွယ်ဖြစ်ခြင်း, သိတင်းသုံးဘောင်ငါးယောက်မှ တပါးသောသူအား ကိုယ်တိုင်ပေးခြင်း- အင်္ဂါနှစ်ပါး။ ။ရေဒန်ပူ၊ဘောဇဉ်မှတပါး ကာလိကလေးပါး လုံးသည်“**ခါဒနီယ**”မည်၏။ ရေဒန်ပူပေးအံ့ “**ဒုက္ကဋ်**”။အပလိမ်းစရာပေးအံ့-အနာပတ္တိ။ဤ၌တိတ္ထိယေ တိတ္ထိယသည်-စသည် ဖြင့်မပြ။အစေလကသိက္ခာပုဒ်၌ပြသည်။လူ၊ရသေ့၊ဘိုးသူတော်၊ သိလရှင်တို့အား စားစရာ ကိုယ်တိုင်ပေးလျှင် ဘိက္ခုနီအား ပါစိတ်။ (အညတိတ္ထိယအား ပေးလျှင် ဘိက္ခုအားပါစိတ်။) ဝေယျာဝစ္စပြုသူအား ပေးအင်ကြောင်းကား ထင်ရှား၏။

၇။ **သိက္ခာပုဒ်**။ ။ယာပနဘိက္ခုနီ အာဝသထစီဝရံ အနိဿဇ္ဇိတွာ ပရိဘုဉ္ဇေယျ၊ပါစိတ္တိယံ။(ထိနှာ……)

ယာပနဘိက္ခုနီ……။အာဝသထစီဝရံ၊ဥတုနီးသက်န်ကို၊အနိဿဇ္ဇိတွာ၊မစွန့်မူ၍။ပရိဘုဉ္ဇေယျ၊သုံးဆောင်ငြားအံ့။တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ဟောတိ……။

ဥတုနီးသက်န်ဖြစ်ခြင်,စဘုတ္တနေ့ဖြစ်ခြင်း, ဖွပ်၍မစွန့်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း–အင်္ဂါလေးပါး။ ။ဥတုလာလျှင် သုံးဆောင်ကြပါစေ-ဟု လှူသောသက်န်းသည်“**အာဝသထ စီဝရ**”မည်၏။**လာသောအခါ+သုံးရက်ဝတ်အပ်၏**။အာဂတကာလေ+နိဝါသိယတေ–ပရိဒဟီယတေတိ အာဝသထံ။အာဝသခတ်နောင်ယပစ္စည်း။ လေးရက်မြောက်နေ့၌ ဖွပ်၍ သာမဏေမအားသော်လည်း လာလျှင်ဝတ်ဘို့ပေးရသည်။မပေးဘဲ သုံးဆောင်အံ့-ပါစိတ်။လာသူမရှိအံ့-ခိုးသူဘေးရှိအံ့။တဖန်အလှည့် ရပြန်အံ့–အနာပတ္တိ။

၈။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ အာဝသထံ အနိဿဇ္ဇိတွာ စာရိကံ ပက္ကမေယျ၊ ပါစိတ္တိယံ။(ထိနှာ…… )

ယာပနဘိက္ခုနီ……။အာဝသထံ၊ကျောင်းကို။ အနိဿဇ္ဇိတွာ၊ မစွန့်မူ၍။စာရိကံ၊ဒေသစာရီကို။ပက္ကမေယျ၊ ဖဲသွားငြားအံ့။ တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

တံခါးအဆွဲရှိသောကျောင်းဖြစ်ခြင်း,မစွန့်ဘဲမပန်ဘဲညဉ့်အိပ်သွားခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း-အင်္ဂါသုံးပါး။ ။ သာမဏေမအားသော်လည်း စောင့်ရန်ပေးစွန့်၍ ကြည့်လိုက်ပါဟုပန်၍အပ်နှံ၍ သွားရသည်။ တံခါးအဆွဲမရှိသောကျောင်း၌ "ဥက္ကဋ်"။စောင့်သူရှာမရအံ့၊စကားမဆိုနိုင်အောင်နာအံ့၊ တိုင်းပြည်ပျက်၍ ကျောင်းစွန့်ပြေးရအံ့- ဤကား ခွင့်ပြုသော အကြောင်းတည်း။ အာဂတ္ဘွာ+ဝသန္တိဇ္ဈတ္တာတိ အာဝသထော။ **လာ၍+နေစရာကျောင်း**။အာ၊ဝသထတ်-ထပစ္စည်း။နိဝါသေ။

**၉။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ပါစိတ္တိယံ။(ပဒ……)

**၁၀။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ။ (ပဒ……) ဝိတ္ထာဂါရဝဂ္ဂေါ ပဉ္စမော။

ယာပနဘိက္ခုနီ……။တိရစ္ဆာနဝိဇ္ဇံ၊မဂ်ဖိုလ်မှ ဖီလာဖြစ်သောအတတ်ကို။ဝါ၊သာသနာပြင်ဘက် အကျိုးမဲ့အတတ်ကို။ပရိယာပုဏေယျ၊ သင်ယူငြားအံ့……။ ဝါစေယျ၊ သင်ပေးငြားအံ့။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ဟောတိ……။ပဉ္စမော……။ဝိတ္ထာဂါရဝဂ္ဂေါ……။ နိဋ္ဌိတော……။

တိရစ္ဆာနဝိဇ္ဇာဖြစ်ခြင်း,သင်ယူခြင်း-ဝါ-သင်ပေးခြင်း ,ခွင့်ပြုသော အကြောင်းမရှိခြင်း-အင်္ဂါသုံးပါး။ ။ **ဘိက္ခုဥက္ကဋ်**) စာရေးအတတ်၊ဓါရဏာကျမ်းအစီအရင်၊ဘီလူး၊ ပြေစသည်၏ အရံအတား ပရိတ်စသည်သည် ခွင့်ပြုသောအကြောင်းတို့၏။ ဓါရဏာကျမ်းအစီအရင် ကျင့်လျှင် ကျမ်းဂန်များစွာ ဆောင်နိုင်သောဟူ၏။ ။သာသနာပြင်ဘက်ဖီလာ တိရစ္ဆာနဝိဇ္ဇာ အတတ်အမြွက်ကား-ဆင်စီးအတတ်၊မြင်းစီး၊ ရထားစီး၊ လေးပစ်၊ သန်လျက်ကိုင်အတတ်မျိုး၊ သူတပါးကို ညှဉ်းဆဲကြောင်း "**အာထဗ္ဗနမန္တန်**"။ရန်သူကိုသေစေသော "**ခိလနမန္တန်**"။မိမိ

အလိုသို့လိုက်စေသော “**ဝသီကရဏမန္တန်**” ၊ရန်သူပိန်ခြောက်စေသော “**သောသာပနမန္တန်**” ၊အဆိပ်ဖော်စပ်နည်း စသည်တို့တည်း။ ။ထိုမှတပါး ကျိုးသည်ဖြူ၏၊ အရိုးဖြူသောကြောင့်တည်း။ မျိုးသည်မည်း၏၊ အသွေးအသား မည်းသောကြောင့်တည်း။ ဤသို့စသော အကျိုးမရှိသည့်အကြောင်းကို ဖော်ပြသော တိတ္ထိကျမ်းသည် “**လောကာယတ**” မည်၏။ လောကာယတသင်လျှင်( ဘိက္ခုဒုက္ကဋ်။ ဘိက္ခုနီဒုက္ကဋ်။ )

---

## အာရာမဝဂ်။

၁။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ ဇာနံ သဘိက္ခုကံ အာရာမံ အနာပုစ္ဆာ ပဝိသေယျ၊ ပါစိတ္တိယံ။ (သမန္တ……)

ယာပန ဘိက္ခုနီ……။ဇာနံ၊သိလျက်။သဘိက္ခုကံ၊ ရဟန်းရှိသော။ အာရာမံ၊ အရံသို့။ အနာပုစ္ဆာ၊ မပန်ကြားဘဲ။ ပဝိသေယျ၊ဝင်ငြားအံ့။ တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ဟောတိ……။

ရဟန်းရှိသော အရံဖြစ်ခြင်း , ရဟန်းရှိ၏ဟု မှတ်ထင်ခြင်း, အရံ၏ဥပစာကိုလွန်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း—အင်္ဂါလေးပါး။ ။ရှေးဦးစွာဝင်သော ဘိက္ခုနီတို့၏ ဦးခေါင်းကို ကြည့်၍ ဝင်ခြင်း၊ဘိက္ခုနီတို့ ရဟေးရာသို့သွားခြင်း၊ လမ်းဖြတ်သွားခြင်းစသည်သည်ခွင့်ပြုသောအကြောင်းတည်း။ရဟန်းရှိရာ အရပ်သည် သစ်ပင်အောက်ဖြစ်စေ “**သဘိက္ခုက အာရာမ**” မည်၏။အရံစောင့်ကိုဖြစ်စေပန်ဝင်ရသည်။

၂။ **သိက္ခာပုဒ်**။ ။ယာပန ဘိက္ခုနီ ဘိက္ခုံ အက္ကောသေယျ ဝါ ပရိဘာသေယျ ဝါ၊ပါစိတ္တိယံ။(အဒိန္နာ……)

ယာပန ဘိက္ခုနီ…။ဘိက္ခုံ၊ရဟန်းကို။အက္ကောသေယျဝါ၊ ဆယ်ပါး တပါးပါးဖြင့် ဆဲရေးမှုလည်း ဆဲရေးငြားအံ့။ပရိဘာသေယျဝါ၊ ခြိမ်းခြောက်မှုလည်း ခြိမ်းခြောက်ငြားအံ့။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ဟောတိ……။

ဘိက္ခုဖြစ်ခြင်း, ဆဲရေးကြိမ်းမောင်းခြင်း, အနက်စသည် ရှေ့ရှုမဟုတ်ခြင်း- အင်္ဂါသုံးပါး။ ။ဘိက္ခုကို မျက်မှောက် မျက်ကွယ်ဆဲအံ့၊ ကြိမ်းမောင်းအံ့-ပါစိတ်။ ဘိက္ခုနီချင်းကို မျက်မှောက်ဆဲအံ့-ဩမသဝါဒပါစိတ်။

၃။ **သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ စဏ္ဍီကတာ ဂဏံ ပရိဘာသေယျ၊ ပါစိတ္တိယံ။(အဒိန္နာ……)

ယာ ပန ဘိက္ခုနီ……။ စဏ္ဍီကတာ၊ အမျက်ထွက်သည်ဖြစ်၍၊ ဂဏံ၊ ဘိက္ခုနီ သံဃာကို။ ပရိဘာသေယျ၊ ရေရွတ်ငြားအံ့။ တသ္သာ ဘိက္ခုနီယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ယခင်ကဲ့သို့ အင်္ဂါသုံးပါး။ ။စဏ္ဍ-ကြမ်းအောင်+ကတာ-ပြုအပ်သူ။ ဍ္ဍ-အာဂုံ။ ဒေါသက ကြမ်းအောင်ပြုလားသော ဘိက္ခုနီကြမ်းသည် "**စဏ္ဍီကတာ**"မည်၏။ ဘိက္ခုနီ သံဃာသည် "**ဂဏ**"မည်၏။ ဤဘိက္ခုနီ တို့သည် ဗာလာ၊ အဗျတ္တာ ဖြစ်ကုန်၏။ကံ၊ကံအပြစ်၊ ကံပျက်ခြင်း၊ ကံပြည့်စုံခြင်းကို မသိကုန်ဟုဆိုခြင်း ရေရွတ်ခြင်းသည် "**ပရိဘာသေယျ**" မည်၏၊ ကြိမ်းခြောက်နှင့်ရေရွတ်-ပရိဘာသေယျနှစ်မျိုး။ သုံးပါး နှစ်ပါး၊ တပါးကိုရေရွတ်အံ့ "**ဒုက္ကဋ်**"။

၄။ **သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ နိမန္တိတာ ဝါ ပဝါရိတာ ဝါ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ။(အဒိန္နာ……)

ယာ ပန ဘိက္ခုနီ……။ နိမန္တိတာ ဝါ၊ ဘောဇဉ်ဖြင့် ဖိတ်အပ်သည် ဖြစ်၍ရင်း။ ပဝါရိတာ ဝါ၊ ပဝါရိတ်သင့်သည်ဖြစ်၍ရင်း။ ခါဒနီ ယံ ဝါ……။ ဘောဇနီယံ ဝါ……။ ခါဒေယျ ဝါ……။ ဘုဉ္ဇေယျ ဝါ……။ တသ္သာ ဘိက္ခုနီယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

နိမန္တိတာ ပဝါရိတာ တခုခုသော်လည်း ဖြစ်ခြင်း, နံနက် အခါ ခဲဘွယ်ဘောဇဉ်ကို မျိုခြင်း, ဘိတ်သူကို မပန်ကြားခြင်း အင်္ဂါသုံးပါး၊ နှစ်ပါး။ ။ဂဏဘောဇနနည်းအတိုင်းဘောဇဉ် ဖြင့် ပင့်ဘိတ်အပ်သောဘိက္ခုနီသည် ဘိတ်သူကို မပန်ကြား

ဘဲတပါးသောခဲဘွယ်ဘောဇဉ်ကိုစားအံ့-မျှတိုင်းပါစိတ်။ ယာဂု ကျဲသောက်အံ့၊ ဘိတ်သူကိုပန်၍ ခဲဘွယ်ဘောဇဉ်စားအံ့-အနာ ပတ္တိ။ ။ဘောဇဉ်စားစဉ် ဟတ္ထပါသ်တွင်း ဆောင်လာသော ဘောဇဉ်ကို တန်ပြီဟု မြစ်မိသော ဘိက္ခုနီသည် အတိရိတ် ဝိနည်းကံပြုစားလည်း ပါစိတ်။ ယာဂုကျဲ သောက်သော်လည်း ပါစိတ်။ ပရမ္ပရဘောဇနနှင့် ပဝါရဏာသိက္ခာပုဒ်နှစ်ခုပေါင်းထားသည့် အလား ဝဏ္ဏုကြောင်းအားလျော်စွာ ပညတ်သည်။ အနာပတ္တိ ဝါရသည့် ဘိက္ခုလောက်မများ၊ ဘိက္ခုနီတို့အား အတိရိတ် ဝိနည်းကံမပြု၊ ဤသိက္ခာပုဒ်ဖြင့် ဘိက္ခုနီ တို့အား **"ခလုပစ္ဆာ ဘတ္တိမှုတင်"**ကို ပယ်သည်။

**၅။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ကုလမစ္ဆရိနီအသ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ……။ ကုလမစ္ဆရိနီ၊ အမျိုး လေးပါး၌ ဝန်တိုခြင်းရှိ သည်။ အသ-ဘဝေယျ၊ ဖြစ်ငြားအံ့။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဘိက္ခုနီတို့အား လာဘ်မရစေလိုခြင်း, ကုလထံ ဘိက္ခုနီ အပြစ်ကို ဘိက္ခုနီထံ ကုလအပြစ်ကိုပြောခြင်း-အင်္ဂါနှစ်ပါး။ ။ မလှူချင်အောင်၊ အလှူမခံချင်အောင် ဝန်တို၍ပြောအံ့- ပါစိတ်။

**၆။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အဘိက္ခုကေ အာဝါသေ ဝဿံ ဝသေယျ၊ ပါစိတ္တိယံ။ (ဇေ္ဇ……)

ယာပနဘိက္ခုနီ……။ အဘိက္ခုကေ၊ (ယူဇနာခွဲ အတွင်း) ရဟန်း မရှိသော။ အာဝါသေ၊ ကျောင်း၌။ ဝဿံ ဝသေယျ၊ ဝါဆိုငြားအံ့။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ရဟန်းမရှိသော ကျောင်းဖြစ်ခြင်း, ဝါကပ်ခြင်း, အရုဏ် တက်ခြင်း-အင်္ဂါသုံးပါး။ ။ဩဝါဒ ပေးတတ်သော ရဟန်း - ယူဇနာခွဲအတွင်းမရှိသောကျောင်း၊ ရှိသော်လည်း သွားလမ်း အန္တရာယ်ရှိသောကျောင်းသည် **"အဘိက္ခုကအာဝါသ"**မည်

၏၊ ဝါသိုပြီးမှ ရဟန်း-ဖဲ၊ ထွက်၊သေ၊ပြောင်းလျှောင် ထိုကျောင်း၌ပင် နေအံ့၊ ဘေးရန်ရှိအံ့–အနာပတ္တိ။

၇။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဝဿံဝုတ္ထာ ဥဘတောသံဃေ တီဟိ ဌာနေဟိ န ပဝါရေယျ-ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ပါစိတ္တိယံ။(သမန္တ····· )

ယာပန ဘိက္ခုနီ·····။ဝဿံ ဝုတ္ထာ၊ ဝါကျွတ်ပြီးသည့်ရှိသော်။ ဥဘတော သံဃေ၊ ဥဘတော သံဃာ၌။ဒိဋ္ဌေနဝါ၊ မြင်ခြင်းဖြင့်ရင်း။ သုတေနဝါ၊ ကြားခြင်းဖြင့်ရင်း။ ပရိသင်္ကာယဝါ၊ ရွံရှာခြင်းဖြင့်ရင်း။ ဣတိ၊ ဤသို့။ တီဟိ ဌာနေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ နပဝါရေယျ၊ မဘိတ်ကြားငြားအံ့၊တဿာဘိက္ခုနိယာ···· ။ပါစိတ္တိယံ····· ။ဟောတိ····။

ဝါကျွတ်ခြင်း, ဥဘတောသံဃာ၌ မဘိတ်ခြင်း, ခွင့်ပြုသော အကြောင်းမရှိခြင်း အင်္ဂါသုံးပါး။ ။ရဟန်းရှာ၍ မရခြင်း၊ အနာ ရောယ်၊ဘေးရန်ရှိခြင်းသည် ခွင့်ပြုသောအကြောင်းတည်း။ဘိက္ခုနီတို့သည် ၁၄-ရက်နေ့တွင် ပဝါရဏာ ပြုကြရသည်။ ပြုပြီး သောအခါ ဘိက္ခုနီတယောက်ကို ဘိက္ခုသံဃာထံ ဘိတ်ရန် သမုတ်ရသည်။ သမ္မုတိရသူသည် ၁၅ ရက်နေ့တွင် ဘိက္ခုနီ သံဃာကို ဘိက္ခုသံဃာထံ ခေါ်သွား၍ အရှင်ဘုရား ဘိက္ခုနီ သံဃာသည် ဘိက္ခုသံဃာကို ဘိတ်ပါ၏–စသည်ဖြင့်လျှောက် ရသည်။ သံဃ၊ ဂဏ၊ ပုဂ္ဂလအားလျော်စွာ လျှောက်ရသည်။ ဤမျှဖြင့် ဘိက္ခုနီအာ လုံး ဥဘတော သံဃာ၌ ဘိတ်ခြင်းကိစ္စ ပြီး၏။

၈။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဩဝါဒါယ ဝါ သံဝါသာယ ဝါ န ဂစ္ဆေယျ၊ပါစိတ္တိယံ။ (မေထုနာ·····)

ယာပန ဘိက္ခုနီ·····။ ဩဝါဒါယဝါ၊ ဩဝါဒဂရုဓမ် နာခံခြင်းငှါရင်း။ သံဝါသာယဝါ၊ ဥပုသ်နေ့မေးခြင်း၊ ပဝါရဏာပြုခြင်းငှါရင်း။ န ဂစ္ဆေယျ····။ တဿာ ဘိက္ခုနိယာ ·····။ပါစိတ္တိယံ·····။ ဟောတိ ····။

ဩဝါဒ သံဝါသအလို့ငှါ မသွားခြင်း, ခွင့်ပြုသောအကြောင်း မရှိခြင်း အင်္ဂါနှစ်ပါး။ ။အဘော်ရှာမရခြင်း၊အနာရောယ်၊ဘေး

ရန်ရှိခြင်းသည် ခွင့်ပြုသောအကြောင်းတည်း၊ **"ပဒဘာဇနီ"** ၌ ကောကမ္မ၊ ကောဒ္ဒေသ၊ သမသိက္ခတာသည် **"သံဝါသ"**မည်၏ဟု ဟောသည်၊ **"အဋ္ဌကထာ"**၌ကောကမ္မစသည်တို့ဖြင့်ဥပုသ်ပဝါရဏာတို့ကိုသာ ဟောအပ်ကုန်၏ဟု ဆိုသည်။

၉။ **သိက္ခာပုဒ်။** ။အနန္တဒ္ဓမာသံ ဘိက္ခုနိယာ ဘိက္ခုသံဃတော ဒွေ ဓမ္မာ ပစ္စာသိသိတဗ္ဗာ ဥပေါသထ ပုစ္ဆကဉ္စ ဩဝါဒူပသင်္ကမနဉ္စ၊ တံ အတိက္ကာမေန္တိယာ ပါစိတ္တိယံ။ (သမန္တ……)

အန္ဒ္ဒမာသံ၊ လခွဲတိုင်း။ ဘိက္ခုနိယာ၊……သည်။ ဘိက္ခု သံဃတော၊……မှ။ ဥပေါသထ ပုစ္ဆကဉ္စ၊ ဥပုသ်နေ့မေးခြင်းကိုရင်း။ ဩဝါဒူပသင်္ကမနဉ္စ၊ ဩဝါဒအလို့ငှါ ချဉ်းကပ်ခြင်းကိုရင်း။ ဣတိ၊ ဤသို့။ ဒွေ ဓမ္မာ၊ နှစ်ပါးသောတရားတို့ကို။ ပစ္စာသိသိတဗ္ဗာ၊ တောင့်တအပ်ကုန်၏။ တံ၊ ထိုနှစ်ပါးကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဥပုသ် ဩဝါဒ မမေး မတောင်းပန်ဟု ဝန်ချခြင်း, ခွင့်ပြုသောအကြောင်း မရှိခြင်း-အင်္ဂါနှစ်ပါး။ ။ခွင့်ပြုသောအကြောင်း ယခင်နှင့်တူပြီ။ ဘိက္ခုနီ တို့သည် ၁၃-ရက်၊ ၁၄-ရက် တို့၌ ရဟန်းအရံသို့သွား၍ ဤဥပုသ်သည် စာတုဒ္ဒသီလော၊ ပန္နရသီလော-ဟု မေးကြရသည်။ဥပုသ်နေ့၌လည်း သွား၍ ဩဝါဒ-နာကြားရန်ချဉ်းကပ်ခြင်းကိုရပါမည်လော-ဟု တောင်းပန်ရသည်။ ထိုနှစ်ပါးကိုလွန်စေအံ့–ပါစိတ်။

အထွက်တရက်နေ့၌ ဩဝါဒ-နာကြားရန် သွားကြရသည်။ ဂေါတမီမဟာသည် နုံ့သော ပညာရှိ၏။ ဘိက္ခုတို့ထံ မပြတ် တရားနာရမှ ကျေးဇူးများမည်ဟု ပညပ်တော်မူသည်။ ဤသို့ ပြည့်လျှင် ငါတို့သိသလောက်သာ ဘိက္ခုတို့လည်း သိကုန်၏ ဟု မာန်မာနထောင်လျက် ရဟန်းအဖြစ် အကျိုးနည်းလတ္တံ့ ဟု မြော်ကိုး၍ ပညပ်တော်မူသည်။

၁၀။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပသာခေ ဇာတံ ဂဏ္ဍံ ဝါ ရုဓိတံ ဝါ အနပလောကေတွာ သံဃံ ဝါ ဂဏံ ဝါ ပုရိ

သေန သန္တိံ ဧကေနေကာ ဘေဒါပေယျ ဝါ၊ ဖာလာပေယျ ဝါ၊ ဓောဝါပေယျ ဝါ၊အာလိမ္ပာပေယျ ဝါ၊ ဗန္ဓာပေယျ ဝါ၊ မောစာပေယျ ဝါ၊ ပါစိတ္တိယံ။(ကထိနာ……) အာရာမဝဂ္ဂေါ ဆဋ္ဌော။

ယာပနဘိက္ခုနီ……။ပသာခေ၊ ခက်မဒ္ဒ။ [ချက်အောက် ဒူးအထက် ဒွ္ ဟူလို။] ဇာတံ၊ ပေါက်သော။ ဂဏ္ဍံဝါ၊ အသားဖုသောအနာကိုဖင်း။ ရုဓိတံဝါ၊ သွေးပြည်ဖုသောအနာကိုဖင်း။ သံဃံဝါ၊ ဘိက္ခုနီ သံဃာ ကိုဖင်း။ ဂဏံဝါ၊ ဘိက္ခုနီဂိုဏ်းကိုဖင်း။ [နှစ်ပါး၊ သုံးပါးကို ဟူလို။] အနပလောကေတွာ၊ မပန်ကြားမူ၍။ ပုရိသေန၊ လူယောက်ျားနှင့်။ သန္တိံ ……။ ဧကေနေကာ၊ တယောက်ချင်းချင်း။ ဘေဒါပေယျဝါ၊ ခွဲမှုလည်း ခွဲစေပြောအံ့။ ဖာလာပေယျဝါ၊ ဖောက်မှုလည်း ဖောက်စေပြောအံ့။ ဓောဝါပေယျဝါ၊ ရေဆေး……စေပြောအံ့။ အာလိမ္ပာပေယျဝါ၊ ဆေးလိမ်း……စေပြောအံ့။ ဗန္ဓာပေယျဝါ၊ စည်း…… စေပြောအံ့၊ မောစာပေယျဝါ၊ဖြေမှုလည်း ဖြေစေပြောအံ့။တသသာ ဘိက္ခုနီယာ……။ ပါစိတ္တိယံ……။ ဟောတိ……။ ဆဋ္ဌော……။ အာရာမဝဂ္ဂေါ……။ နိဋ္ဌိတော……။

ခက်မဒ္ဒပေါက်သောအနာဖြစ်ခြင်း,မပန်ကြားခြင်း, အဘောဝ်မရှိခြင်း, ယောက်ျားကိုခွဲခြင်း စသည် ပြုခိုင်းခြင်း-အင်္ဂါလေးပါး။ ။ပ-နှစ်ဖြာ+သာခ–ပေါင်အခက် ခွဲထွက်ရာ ခွဆုံသည့် "**ပသာခ**" မည်၏။ ချက်အောက် ဒူးအထက်ရ၏။ ဂဏ္ဍဟူသမှုသည် "**ဂဏ္ဍ**"……။ ဝဏ ဟူသမှုသည် "**ရုဓိတ**"မည်၏။ ခွဲလော၊ ဖောက်လော စသည်ဖြင့် ခြောက်မျိုး ခိုင်းအံ့ "**ဒုက္ကဋ်**" ခြောက်ချက်။ ပြီးလျှင်ပါစိတ်ခြောက်ချက်။ ပန်ကြား၍ ခွဲစေအံ့၊ သိကြားလိမ္မာသူ အဘောဝ်ရှိအံ့-အနာပတ္တိ၊ အနာအတွက် ပေါင်ကို ယောက်ျားကိုင်ခွဲသောအခါ သာယာသော်လည်း ထုလ္လစ္စည်း၊ ပါရာဇိကတို့မရှိ။ ဩဒိဿ အနုညာတဖြစ်သည်။ ဆံပင်ကို ယောက်ျားရိတ်ပေးလျှင်လည်း ဩဒိဿအနုညာတ ပင်တည်း။

## ဂန္ထိနိဝင်။

**၁။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဂန္ထိနိံ ဓာရေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ ….။ ဂန္ထိနိံ၊ ကိုယ်ဝန်ဆောင် မိန်းမကို။ ဝုဋ္ဌာပေယျ၊ ဥပသမ္ပဒါကံပြု၍ ရဟန်းပြုပေး ငြားအံ့။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ ….။ ဟောတိ……။

ကိုယ်ဝန်ဆောင်ဖြစ်ခြင်း, ကိုယ်ဝန်ဆောင်ဟု သိခြင်း, ဥပသမ္ပဒါကံပြု၍ ရဟန်းပြုပေးခြင်း အင်္ဂါသုံးပါး။ ။သံဃာရှာခြင်းစသည်မှ ကမ္မဝါစာနှစ်ကြိမ်ထိ "ဒုက္ကဋ်"။ သုံးကြိမ်အဆုံး ပါစိတ်။ သံဃာနှင့် ကမ္မဝါစာဆရာ တို့အား "ဒုက္ကဋ်"။ ဝမ်း၌ရောက်သောသတ္တဝါ သူငယ်ရှိ သူမသည် "ဂန္ထိနီ" မည်၏။

**၂။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပါယန္တိံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ ….။ ပါယန္တိံ၊ နို့တိုက်သော မိန်းမကို။ ဝုဋ္ဌာပေယျ….။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ယခင်နည်းဖြင့် အင်္ဂါသုံးပါး။ ။မိခင် ဖြစ်စေ၊ နို့ထိန်း ဖြစ်စေ၊ သူငယ်ကိုနို့တိုက်သော မိန်းမသည် "**ပါယန္တီ**" မည်၏။ ကြွင်းသော ထူးသည်။

**၃။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဒွေဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ……။ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး။ ဝါ၊ နှစ်ဝါတို့ပတ်လုံး။ ဆသု ဓမ္မေသု၊ ခြောက်ပါးသောသိက္ခာပုဒ်တို့၌။ အသိက္ခိတသိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိသော။ သိက္ခမာနံ၊ (အသက်နှစ်ဆယ်ကျော်) သိက္ခမာန်ကို။ ဝုဋ္ဌာပေယျ ….။ တဿာဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

နှစ်နှစ်-နှစ်ဝါ သိက္ခာမကျင့်ခြင်း, ဝမ္မကံဖြစ်ခြင်း, ကမ္မဝါစာဆုံးခြင်း-အင်္ဂါသုံးပါး။　။ရဟန်းမဖြစ်ဟု တားခြင်းကား မရှိ။ နေ့ဝသာနီကို ပဝါရဏာစွမ်းဖြင့် ယူရသည်။

သိက္ခာကျင့်လိုသော သာမဏေမသည် သံဃာသို့ချဉ်းကပ်၍ သိက္ခာသမ္မုတိပေးပါဟု သုံးကြိမ်တောင်းပန်ရသည်။ ဉာတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာကို သိစေပြီးလျှင် "ဝေဝဝဒေဟိ"ဟုဆို၍ "ပါဏာတိပါတာ ဝေရမဏိ နေ့ဝသာနီအဝိတိက္ကမ္မ သမာဒါနံ သမာဒိယာမိ။ အဒိန္နာဒါနာ……။ အဗြဟ္မစရိယာ……။ မုသာဝါဒါ……။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ……။ ဝိကာလဘောဇနာ ဝေရမဏီ……လ……သမာဒိယာမိ" ဟု ဆောက်တည်စေရသည်။ ဤခြောက်ပါးကို နှစ်နှစ်ကျင့်ပြီးသော်လည်း ရဟန်းပြုချိန်အထိ မပျက်စေရ။ ပျက်လျှင် သိက္ခာသမ္မုတိ ပြန်တောင်း၍ နှစ်နှစ်ပြန်ကျင့်ရသည်။

၄။ **သိက္ခာပုဒ်။**　။ယာ ပန ဘိက္ခုနီ နေ့ဝသာနီ ဒွေ ဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ သိက္ခမာနံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။　(အဒိန္နာ……)

ယာ ပန ဘိက္ခုနီ……။ နေ့ဝသာနီ……။ ဆသု ဓမ္မေသု……။ သိက္ခိတသိက္ခံ၊ ကျင့်အပ်သောသိက္ခာရှိသော။ သိက္ခမာနံ……။ သံဃေန၊……သည်။ အသမ္မတံ၊ မသမုတ်အပ်ဘဲ။ ဝုဋ္ဌာပေယျ……။ တသာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

နှစ်နှစ်သိက္ခာကျင့်ပြီးသောအခါ သံဃာသို့ချဉ်းကပ်၍ရဟန်းပြုရန် ဝုဋ္ဌာနသမ္မုတိ ပေးပါ–ဟု သုံးကြိမ်တောင်းပန်ရသည်။ ဉာတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာကိုသိစေရသည်။ ဥပသမ္ပဒါသမ္မုတိ–ဟူ၍လည်း ခေါ်သည်။ ဤသို့ဝုဋ္ဌာနသမ္မုတိ မပေးရသေးသော သိက္ခမာန်သည် "**သံဃေန အသမ္မတာ**" မည်၏။ ရဟန်းပြုသည်ကိုမသိသော ဘိက္ခုနီတို့က သိက္ခမာန်၊ လာဦး၊ ဤသင်္ကန်းကို ဝတ်ပါ–စသည်ဖြင့် စေခိုင်းမိကြသောကြောင့် ထိုသမ္မုတိပေးပြီးမှ ရဟန်းပြုပေးရမည်ဟု ညွှန်သည်။

၅။ **သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ဦနဒွါဒသဝဿံ ဂိဟိဂတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ······)

ယာပနဘိက္ခုနီ······။ ဦနဒွါဒသ ဝဿံ၊တဆယ့်နှစ်နှစ် မပြည့်သေးသော။ ဂိဟိဂတံ၊ ယောကျ်ားတပါး သွားလာဘူးသော မိန်းမကို။ (ဝါ၊ ယောကျ်ားရဘူးသော မိန်းမကို။) ဝုဋ္ဌာပေယျ······။ တသာသာ ဘိက္ခုနီယာ······။ ပါစိတ္တိယံ······။ ဟောတိ ····။

တဆယ့်နှစ်နှစ် မပြည့်သေးလျှင် အအေအပူ၊ အပြောအဆို၊ သုခဒုက္ခ သည်းမခံနိုင်သေး၊ ရဟန်းလည်းမဖြစ်၊ ၁၀-နှစ်တွင် သိက္ခာနှစ်နှစ်ကျင့်အံ့၊ ၁၂-နှစ်တွင် သမုတ်၍ ရဟန်းပြုပေး နိုင်သည်။ ယောကျ်ားရဘူးသူသည် **"ဂိဟိဂတာ"** မည်၏။

၆။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပရိပုဏ္ဏဒွါဒသဝဿံ ဂိဟိဂတံ ဒွေဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ······)

ယာပနဘိက္ခုနီ····။ပရိပုဏ္ဏဒွါဒသဝဿံ၊တဆယ့်နှစ်နှစ်ပြည့်သော။ ဂိဟိဂတံ၊·····ကို။ ဒွေဝဿာနိ·····။ ဆသုဓမ္မေသု·····။ အသိက္ခိတသိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိလျက်။ ဝုဋ္ဌာပေယျ····။ တသာသာ ဘိက္ခုနီယာ·····။ ပါစိတ္တိယံ·····။ ဟောတိ······။

၇။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ပရိပုဏ္ဏ ဒွါဒသ ဝဿံ ဂိဟိဂတံ ဒွေ ဝဿာနိ ဆသုဓမ္မေသု သိက္ခိတသိက္ခံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ······)

ယာပနဘိက္ခုနီ······။ ပရိပုဏ္ဏ ဒွါဒသဝဿံ······။ ဂိဟိဂတံ၊······ကို။ ဒွေဝဿာနိ·····။ ဆသုဓမ္မေသု·····။ သိက္ခိတ သိက္ခံ၊ ကျင့်အပ်သော သိက္ခာရှိသော်လည်း။ သံဃေန၊·····သည်။ အသမ္မတံ၊ မသမုတ်အပ်ဘဲ။ ဝုဋ္ဌာပေယျ······။ တသာသာ ဘိက္ခုနီယာ······။ ပါစိတ္တိယံ·····။ ဟောတိ·····။

သိလောက်သောနည်း ရှိကုန်ပြီ။

**၈။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သဟဇိဝိနိံ ဝုဋ္ဌာပေတွာ ဒွေဝဿာနိ နေဝ အနုဂ္ဂဏှေယျ၊ န အနုဂ္ဂဏှာပေယျ၊ ပါစိတ္တိယံ။ (သမနု……)

ယာပန ဘိက္ခုနီ……။ သဟဇိဝိနိံ၊ အတူနေ တပည့်မကို။ ဝုဋ္ဌာပေတွာ၊ ရဟန်းပြုပေး၍။ ဒွေဝဿာနိ……။ နေဝအနုဂ္ဂဏှေယျ၊ (စာသင်ပေးခြင်း စသည်ဖြင့် )မချီးမြှောက်ငြားအံ့။ န အနုဂ္ဂဏှာပေယျ၊ သူတပါးကိုမှုလည်း မချီးမြှောက် စေငြားအံ့။ တသာ ဘိက္ခုနီယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

သဟဇိဝိနီ ဖြစ်ခြင်း, ရဟန်းပြုပေးခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း, ဝန်ချခြင်း-အင်္ဂါလေးပါး။ ။ဒုက္ခိတသဟဇိဝိနီနှင့် အလားတူ၏။ ။စာသင်ပေးခြင်း, ဆုံးမခြင်း စသည်ဖြင့် မချီးမြှောက်လျှင် ဇာလာ၊ အဇ္ဈတ္တ ဖြစ်ကုန်၏။

**၉။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဝုဋ္ဌာပိတံ ပဝတ္တိနိံ ဒွေဝဿာနိ နာနုဗန္ဓေယျ၊ ပါစိတ္တိယံ။ (မေထုနာ……)

ယာပနဘိက္ခုနီ……။ ဝုဋ္ဌာပိတံ၊ ရဟန်း ပြုပေးသော။ ပဝတ္တိနိံ၊ ဥပဇ္ဈာယ်ဆရာမကို။ ဒွေဝဿာနိ……။ နာနုဗန္ဓေယျ၊ မလုပ်ကျွေးငြားအံ့။ တသာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဥပဇ္ဈာယ်ဆရာမ ဖြစ်ခြင်း, နှစ်နှစ်မလုပ်ကျွေး တော့အံ့ဟု ဝန်ချခြင်း, ခွင့်ပြုသောအကြောင်း မရှိခြင်း–အင်္ဂါသုံးပါး။ ။ရေချိုး ကာသယ်မှုန့်၊ ဒန်ပူ၊ မျက်နှာသစ်ရေ စသည်ဖြင့်ဆရာမကို လုပ်ကျွေးရသည်။ ဥပဇ္ဈာယ်မ-သည့ ဇာလာ၊ အလဇ္ဇီ ဖြစ်အံ့၊ မင်္ဂလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့–အနာပတ္တိ။

**၁၀။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ သဟဇိဝိနိံ ဝုဋ္ဌာပေတွာ နေဝ ဝူပကာသေယျ၊ န ဝူပကာသာပေယျ အန္တမသော ဆပ္ပဉ္စယောဇနာနိပိ၊ ပါစိတ္တိယံ။ (သမနု……)

ဂဗ္ဘိနိဝဂ္ဂေါ သတ္တမော။

ယာပန ဘိက္ခုနီ……။ သဟာဇိဝိနိံ……။ ဝုဋ္ဌာပေတွာ……။ နေဝ ဝူပကာသေယျ၊ ခေါ်၍မသွားငြားအံ့။ န ဝူပကာသာပေယျ၊ သူတပါးကို လည်း ခေါ်၍မသွားစေငြားအံ့။ အန္တမသော……။ ဆပ္ပဉ္စယောဇနာနိပိ၊ ခြောက်ယူဇနာ၊ငါးယူဇနာတို့သို့လည်း။ နေဝဝူပကာသေယျ……။ နဝူပကာသာပေယျ……။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။ သတ္တမော……။ ဂဏ္ဍိနိဝဂ္ဂေါ……။ နိဋ္ဌိတော……။

သဒ္ဓိဝိဟာရိနီဖြစ်ခြင်း,မခေါ်အံ့-မခေါ်စေအံ့ဟု ဝန်ချခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း–အင်္ဂါသုံးပါး။ ။အဘော်ရှာမရအံ့၊ အန္တရာယ်၊ဘေးရန်ရှိအံ့- အနာပတ္တိ။ ရဟန်းပြုပေးပြီးခေါ်မသွားသဖြင့် လင်လာခေါ်သွားသောကြောင့် ပညတ်သည်။ ငါးယူဇနာကား စကားပြေပြစ်ရုံသာတည်း။

---

## ကုမာရိဘူတဝဂ်။

၁။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဦနဝီသတိဝဿံ ကုမာရိဘူတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ……)

ယာပနဘိက္ခုနီ……။ ဦနဝီသတိဝဿံ၊ အသက် ၂၀-မပြည့် သေးသော။ ကုမာရိဘူတံ၊ သတို့သမီးဖြစ်သော သာမဏေမကို။ ဝုဋ္ဌာပေယျ……။ တဿာ ဘိက္ခုနိသာ……။ ပါစိတ္တိယံ……။ ဟောတိ……။

သာမဏေမသည်ပင် "**ကုမာရိဘူတာ**"မည်၏။ (၁၈-နှစ်မှ ၂၀-တွင် ယောကျ်ားမဆက်ဆံသောသတို့သမီး သာမဏေမ ဟူလို။) ၁၈-နှစ်တွင် သိက္ခာကျင့်လျှင် ၂၀-တွင် ရဟန်းပြုနိုင်၏။

၂။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ပရိပုဏ္ဏဝီသတိဝဿံ ကုမာရိဘူတံ ဒွေဝဿာနိ ဆသုဓမ္မေသု အသိက္ခိတသိက္ခံ ဝုဋ္ဌာပေယျ၊ပါစိတ္တိယံ။(အဒိန္နာ……)

ယာပနဘိက္ခုနီ……။ ပရိပုဏ္ဏဝီသတိ ဝဿံ၊ အသက်၂၀-ပြည့်သော။ ကုမာရိဘူတံ၊ ……ကို။ ဒွေဝဿာနိ……။ ဆသုဓမ္မေသု……။

အသိက္ခိတသိက္ခံ၊မကျင့်အပ်သော သိက္ခာရှိလျက်၊ ဝုဋ္ဌာပေယျ.....။ တဿာဘိက္ခုနိယာ.....။ ပါစိတ္တိယံ.....။ဟောတိ.....။

၃။ **သိက္ခာပုဒ်**။ ။ယာပနဘိက္ခုနီ ပရိပုဏ္ဏ ဝီသတိ ဝဿံ ကုမာရိဘူတံ ဒွေဝဿာနိ ဆသုဓမ္မေသု သိက္ခိတသိက္ခံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္န.....)

ယာပနဘိက္ခုနီ.....။ပရိပုဏ္ဏဝီသတိဝဿံ.....။ ကုမာရိဘူတံ၊ ..ကို။ ဒွေဝဿာနိ.....။ဆသုဓမ္မေသု.....။သိက္ခိတသိက္ခံ၊ကျင့်အပ်သောသိက္ခာရှိသော်လည်း။သံဃေန.....။အသမ္မတံ၊မသမုတ်အပ်ဘဲ၊ ဝုဋ္ဌာပေယျ...။ တဿာဘိက္ခုနိယာ.....။ပါစိတ္တိယံ.....။ဟောတိ.....။

တူသောနည်းရှိကုန်ပြီ။အထူးကား သိက္ခာသမ္မုတိကံစသည်တို့၌ အသက်၂၀-ကျော်ကို သိက္ခမာနာ-ဟု ကမ္မဝါစာဘတ်ရသည်။ဂိဟိဂတာ၊ကုမာရိဘူတာ-ဟု မဘတ်ရ။ ၂၀-တွင်း ကုမာရိဘူတာကို ကုမာရိဘူတာ၊ သိက္ခမာနာ-နှစ်မျိုးတမျိုးမျိုးဘတ်ရသည်။ ဂိဟိဂတာ-ဟု မဘတ်ရ။ ၁၀-နှစ်အောက် ဂိဟိဂတာကို ဂိဟိဂတာ၊သိက္ခမာနာ-နှစ်မျိုး တမျိုးမျိုးဘတ်ရသည်။ ကုမာရိဘူတာဟု မဘတ်ရ။၁၀-နှစ်မှ ၂၀-တွင်း ဂိဟိဂတာကို ဂိဟိဂတာ၊ကုမာရိဘူတာ၊ သိက္ခမာနာ-သုံးမျိုးတမျိုးမျိုးဘတ်နိုင်သည်။ဋီကာတို့၌ ထို့၃တပါးဖြင့်ဘတ်လျှင် ကံပျက်သည်ဟုဆိုကုန်၏။ကုမာရိဘူတာသည် ၁၀-နှစ်မှ ၂၀-တွင်သာတည်း။ အသက်ပြည့်သူတို့၌ ရဟန်းမဖြစ်ဟုတားခြင်းမရှိ။

၄။ **သိက္ခာပုဒ်**။ ။ယာပနဘိက္ခုနီ ဦနဒွါဒသဝဿာ ဝုဋ္ဌာပေယျ၊ပါစိတ္တိယံ။ (အဒိန္န.....)

ယာပနဘိက္ခုနီ.....။ဦနဒွါဒသဝဿာ၊ ရဟန်းသိက္ခာ ၁၂-ဝါမရသူဖြစ်လျက်။ဝုဋ္ဌာပေယျ.....။ တဿာဘိက္ခုနိယာ.....။ ပါစိတ္တိယံ.....။ ဟောတိ.....။

၅ ။**သိက္ခာပုဒ်**။ ။ယာပနဘိက္ခုနီ ပရိပုဏ္ဏဒွါဒသဝဿာ သံဃေန အသမ္မတာ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္န.....)

ယာပန ဘိက္ခုနီ……။ ပရိပုဏ္ဏဒွါဒသဝဿာ၊ ရဟန်းသိက္ခာ ၁၂–ဝါ ရသော်လည်း။ သံဃေန၊…… သည်။ ဒွါသမ္မတာ၊ မသမုတ်အပ်ဘဲ။ (ဝါ၊ ဥပဇ္ဈာယ်မ–သမ္မုတိမရဘဲ။) ဝုဋ္ဌာပေယျ …. ။ တဿာ ဘိက္ခုနိယာ…။ ပါစိတ္တိယံ……။ ဟောတိ …..။

ဘိက္ခုနီသည် ၁၂–ဝါရသောအခါ သံဃာသို့ချဉ်းကပ်၍ ဝုဋ္ဌာပနသမ္မုတိ ပေးပါ–ဟု သုံးကြိမ် တောင်းပန်ရသည်။ ဘိက္ခုနီသံဃာသည် ထိုဘိက္ခုနီကိုဉာဏ်ဖြင့်ဆုံးဖြတ်၍ ဗာလာ-အလဇ္ဇီနီ၊ ဗာလာ–လဇ္ဇီနီ၊ ဗျတ္တာ–အလဇ္ဇီနီ–သုံးမျိုး တမျိုးမျိုး ဖြစ်လျှင် မပေးအပ်။ ဗျတ္တာ–ထက်မြက်သူ၊ လဇ္ဇီနီ–ရှက်တတ်သူ ဖြစ်အံ့၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာကိုသိစေ၍ ဝုဋ္ဌာပန သမ္မုတိပေးရသည်။ ထိုအခါမှ ဥပဇ္ဈာယ်မ–ပြုရသည်။ ဘိက္ခုနီ သမ္မုတိမရှိ။ ဆယ်ဝါ ဗျတ္တ-လဇ္ဇီဖြစ်လျှင် ဥပဇ္ဈာယ်ပြုနိုင်သည်။

၆။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အလံ တာဝ တေ အယျေ ဝုဋ္ဌာပိတေနာတိ ဝုစ္စမာနာ သာဓူတိ ပဋိဿုဏိတွာ ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျ၊ ပါစိတ္တိယံ။ (အဒိန္န……)

ယာပန ဘိက္ခုနီ…။ အလံတာဝတေ အယျေ ဝုဋ္ဌာပိတေန၊ ဥပဇ္ဈာယ်မ-အဖြစ်ဖြင့် သင်အားမတော်သေး။ (တနည်း။ အယျေ၊ ရှင်မ။ တေ၊ ရှင်မ အား။ ဝုဋ္ဌာပိတေန၊ သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေးခြင်းဖြင့်။ အလံတာဝ၊ မထိုက်တန်သေးသည်သာတည်း။) ဣတိ၊ ဤသို့။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ သာဓူတိ……။ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ နောက်၌။ ခိယျနဓမ္မံ၊ ရှုတ်ချခြင်းသဘောသို့။ အာပဇ္ဇေယျ……။ တဿာ ဘိက္ခုနိယာ ….။ ပါစိတ္တိယံ……။ ဟောတိ …..။

ဝုဋ္ဌာပနသမ္မုတိတောင်းခြင်း, ရှုးစမ်းဆုံးဖြတ်၍ အင်္ဂါ မလိုက်ဘဲ တားခြင်းကြောင့် ကောင်းပါပြီဟုဝန်ခံခြင်း, နောက်၌ ရှုတ်ချခြင်း–အင်္ဂါ သုံးပါး။ ။ဥပဇ္ဈာယ်သမ္မုတိ တောင်းသော အခါ ဗာလာ ဖြစ်ခြင်း၊ အလဇ္ဇီနီ ဖြစ်ခြင်းကြောင့် တားသည်ကို ဝန်ခံပြီးနောက် ဗျတ္တာ–လဇ္ဇီနီတို့ကို သမ္မုတိ ပေးသည်ကို မြင်ရသောအခါ–ငါသာ ဗာလာဖြစ်သလော၊ အလဇ္ဇီနီ ဖြစ်

သလော–စသည်ဖြင့် ဆိုလျက် ရှုတ်ချအံ့-ပါစိတ်။ အဂတိလိုက်သူကို ရှုတ်ချအံ့- အနာပတ္တိ။

**၇။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ သိက္ခမာနံ သစေ မေ တွံ အယျေ စီဝရံ ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမီတိ ဝတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝုဋ္ဌာပေယျ၊ န ဝုဋ္ဌာပနာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။(သမန္တ……)

ယာပန ဘိက္ခုနီ……။ သိက္ခမာနံ၊…ကို။ သစေမေ တွံ အယျေ စီဝရံ ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ၊ ငါ့အား သင်္ကန်းပေးလျှင် ရဟန်းပြုပေးမည်။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိဘဲ။ နေဝ ဝုဋ္ဌာပေယျ……။ ဝုဋ္ဌာပနာယ၊ ရဟန်းပြုပေးခြင်း ငှါ။ (ဝါ၊ သာမဏေမ-အဖြစ်မှ ထစေခြင်း ငှါ။) ဥဿုက္ကံ……။ န ကရေယျ……။ တဿာ ဘိက္ခုနိယာ ……။ ပါစိတ္တိယံ……။ ဟောတိ……။

ဤသို့ဤသို့ပြုလျှင် ရဟန်းပြုပေးမည်ဟု ဝန်ခံခြင်း,တောင့်တသော အကျိုးပြီးခြင်း,နောက်၌ ဝန်ချခြင်း,ခွင့်ပြုသောအကြောင်း မရှိခြင်း -အင်္ဂါလေးပါး။ ။အဘော်ရှာမရခြင်း၊ အန္တရာယ်၊ ဘေးရန်ရှိခြင်းသည် ခွင့်ပြုသောအကြောင်းတည်း။

**၈။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သိက္ခမာနံ သစေ မေ တွံ အယျေ ဒွေဝဿာနိ အနုဗန္ဓိဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမီတိ ဝတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝုဋ္ဌာပေယျ၊ န ဝုဋ္ဌာပနာယ ဥဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ။ (သမန္တ…)

ယာပနဘိက္ခုနီ ‥။ သိက္ခမာနံ၊ ‥ကို။ သစေမေ တွံ အယျေ ဒွေဝဿာနိ အနုဗန္ဓိဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ၊ ငါ့အား နှစ်နှစ်လုပ်ကျွေးလျှင် ရဟန်းပြုပေးမည်။ ဣတိ……။ ဝတွာ……။ သာ……။ ပစ္ဆာ……။ အနန္တရာယိကိနီ……။ နေဝ ဝုဋ္ဌာပေယျ……။ ဝုဋ္ဌာပနာယ……။ ဥဿုက္ကံ…။ န ကရေယျ……။ တဿာ ဘိက္ခုနိယာ……။ ပါစိတ္တိယံ……။ ဟောတိ……။

ယခင်သိက္ခာပုဒ်နည်းဖြင့်သိသာပြီ။

၉။ **သိက္ခာပုဒ်။** ။ယောပနဘိက္ခုနီ ပုရိသသံသဋ္ဌံ ကုမာရကသံသဋ္ဌံ စဏ္ဍိံ သောကာဝါသံ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။(အဒိန္နာ……)

ယာပနဘိက္ခုနီ…… ။ပုရိသသံသဋ္ဌံ၊ယောက်ျားတို့နှင့်ရောနှောသော။ ကုမာရကသံသဋ္ဌံ၊ သတို့သားနှင့်ရောနှောသော။ စဏ္ဍိံ၊ ကြမ်းသော။ သောကာဝါသံ၊ ယောက်ျားတို့၏ကိုယ်တွင်း သောကသွင်းသော။ဝါ၊ သောကအိမ်လျှင် ဝင်၍ နေစရာနေရာရှိသော။ သိက္ခမာနံ၊……ကို။ ဝုဋ္ဌာပေယျ…… ။တသ္သာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ ဟောတိ……။

ဒုက္ခပေးသူအပူသည်မ-ဖြစ်ခြင်း,သိခြင်း,ရဟန်းပြုပေးခြင်း-အင်္ဂါသုံးပါး။ ။၂၀-ကျော်လျှင်“**ပုရိသ**”……။ ၂၀-မပြည့်သေးလျှင်“**ကုမာရက**”မည်၏။ မသင့်သောကိုယ်နှုတ်ဖြင့် ရောနှောခြင်းသည်“**သံသဋ္ဌ**”မည်၏။ချိန်းပြီးမှမသွားခြင်းဖြင့် ယောက်ျားကို ဒုက္ခပေးသူမ-သည်ရင်း။ ယောက်ျားနှင့် မပေါင်းရသဖြင့် သောကရောက်သူ အပူသည်မ-သည်ရင်း “**သောကာဝါသ**” မည်၏။ သောကဟူသော ဒေါမနဿဝေဒနာနှင့် ယှဉ်သော ဒေါသစေတသိက်ရှိသောကြောင့်“**စဏ္ဍီ**”မည်၏။ ဤသို့ရည်းစား ထားသော်လည်း သိက္ခာပုဒ် ၆-ပါးကား မပျက်ဟုသိအပ်၏။

၁၀။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ မာတာပိတူဟိ ဝါ သာမိကေန ဝါ အနနုညာတံ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (နာနုညာတ-ဒု—တ၊မ၊ဆံ-၁။)

ယာပနဘိက္ခုနီ……။ မာတာပိတူဟိဝါ၊ အမိအဘတို့သည်ရင်း။ သာမိကေနဝါ၊ သိမ်းပိုက်သောသခင်သည်ရင်း။ [လင်ယောက်ျားသည်ဟူလို။]အနနုညာတံ၊ခွင့်မပြုအပ်သော။ သိက္ခမာနံ……။ဝုဋ္ဌာပေယျ……။ တသ္သာဘိက္ခုနိယာ ……။ပါစိတ္တိယံ……။ဟောတိ……။

မပန်ကြားခြင်း, မိဘလင်ရှိသည်ဟုသိခြင်း, ရဟန်းပြုပေးခြင်း-အင်္ဂါသုံးပါး။ ။ {ဒုတိယ၊တတိယ၊ပဉ္စမ၊ဆဋ္ဌကြောင့် အနနုညာတသဝုဋ္ဌာန်။ဤတဒုသာ၌ရှိသည် အစိတ္တက။} ဘိက္ခုနီ

တို့မှာ ရှင်ပြုသောအခါ တကြိမ်ပန်ပြီးသော်လည်း သိက္ခမာန် ကျင့်ပြီး၍ ရဟန်းပြုအံ့သောအခါ တကြိမ်ပန်ရသေးသည်။ ဘိက္ခုတို့မှာ တကြိမ်ပန်ပြီးလျှင် အပ်၏။ မယားကိုပန်ရမည်ဟူ၍လည်း မပညပ်။ (မယားအလိုမတူဘဲခုနစ်ရက်ရဟန်းပြုလျှင် လင်ခဏ်းမယားခဏ်းပြတ်သည်။ထို့ကြောင့် ပန်ရသည်ဟူ၏။ ဝိနည်းစကားမဟုတ်။)

**၁၁။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ပါရိဝါသိကဆန္ဒဒါနေန သိက္ခမာနံ ဝုဋ္ဌာပေယျ၊ပါစိတ္တိယံ။(အဒိန္နာ......)

. ယာပနဘိက္ခုနီ....။ပါရိဝါသိက ဆန္ဒဒါနေန၊ သိုးပြီ စွန့်ပြီးသော ဆန္ဒ ပေးခြင်းဖြင့်။ သိက္ခမာနံ.....။ဝုဋ္ဌာပေယျ .....၊တဿာဘိက္ခုနိယာ ...။ ပါစိတ္တိယံ......။ဟောတိ......။

သိုးသောဆန္ဒဖြစ်ခြင်း, ရဟန်းပြုပေးခြင်း အင်္ဂါနှစ်ပါး။ ။ ပရိသတ်ထခြင်း, ညဉ့်လွန်ခြင်း, ဆန္ဒစွန့်ခြင်း, အဇ္ဈာသယစွန့်ခြင်း-ဟု ပါရိဝါသိယ-သိုးခြင်း လေးမျိုး ရှိ၏။ ဆန္ဒမစွန့်ဘဲ ပရိသတ်ထသွားလျှင် ပြန်ရ၍ ကံပြုကောင်း၏။စာတုဒ္ဒသီဥပုသ် ညဉ့်လွန်လျှင် ပန္နရသီဥပုသ်ဟု ပြုကောင်း၏။ ပန္နရသီညဉ့်လွန်လျှင် ဥပုသ်ကံသာမပြုကောင်း။တပါးသောကံကား ပြုကောင်း၏။ ဆန္ဒစွန့်ခြင်း၊ အဇ္ဈာသယစွန့်ခြင်းပြုလျှင် တဖန် ဆန္ဒပြန်ဆောင်၍ ကံပြုရသည်။ ဆန္ဒပြန်မဆောင်လျှင် ကံမပြုအပ်။

ဤသိက္ခာပုဒ်၌ ဆန္ဒစွန့်၍ ပရိသတ်ထသွားခြင်းကို ရည်၍ ''ပါရိဝါသိကဆန္ဒဒါနေန''ဟု ဆိုသည်။ ရှင်မထုလ္လနန္ဒာသည် သိက္ခမာန်ကိုရဟန်းပြုရန် မထေရ်တို့ကိုပင့်ဘိတ်စည်းဝေးစေပြီးနောက် စားသောက်ဘွယ်တို့ကိုမြင်၍ ယခုရဟန်းမပြုပေ သိုသေးဟု မထေရ်တို့ကိုပြန်လွှတ်လိုက်၏။ထိုနောက် ရှင်ဒေဝဒတ်စသည်တို့ကို ပင့်၍ ရဟန်းပြုပေး၏။ ထို့ကြောင့်ပညပ်သည်။

**၁၂။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အနုဝဿံ ဝုဋ္ဌာပေယျ၊ပါစိတ္တိယံ။(အဒိန္နာ ....)

ယာပနဘိက္ခုနီ····။အနူဝဿံ၊နှစ်တိုင်း။ဝုဋ္ဌာပေယျ·····။ တဿာ ဘိက္ခုနိယာ ····။ပါစိတ္တိယံ ····။ဟောတိ····။

နှစ်တိုင်းဖြစ်ခြင်း,ရဟန်းပြုပေးခြင်း—အင်္ဂါနှစ်ပါး။ ။တနှစ်ခြား ပြုပေးအံ့—အနာပတ္တိ။ နေစရာကျောင်းနည်း၍ မဆန့်သောကြောင့် ပညတ်သည်။

**၁၃။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဧကဝဿံ ဒွေ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။ (အဒိန္နာ······) ကုမာရိဘူတဝဂ္ဂေါ အဋ္ဌမော။

ယာပန ဘိက္ခုနီ·····။ဧကဝဿံ၊တနှစ်ထည်း၌။ဒွေ၊နှစ်ယောက်သော သိက္ခမာန်တို့ကို။ဝုဋ္ဌာပေယျ·····။တဿာဘိက္ခုနိယာ·····။ပါစိတ္တိယံ··။ ဟောတိ·····။ အဋ္ဌမော····· ။ကုမာရိဘူတဝဂ္ဂေါ·····။ နိဋ္ဌိတော·····။

တနှစ်ခြား၍ တယောက်ကိုသာရဟန်းပြုပေးအံ့—အနာပတ္တိ။ (ဘိက္ခုနီသည် ဘိက္ခုလောက် မများဘဲ နေစရာကျောင်းနည်းပါး၏၊ ဘိက္ခုနီတို့အား ကျောင်းဆောက်လှူခြင်းလည်း ကြားရခဲ၏။)

---

## ဆတ္တုပါဟနဝဂ်။

**၁။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အဂိလာနာ ဆတ္တုပါဟနံ ဓာရေယျ၊ပါစိတ္တိယံ။(ဒွေ·····)

ယာပနဘိက္ခုနီ·····။အဂိလာနာ၊မနာမဖျားဘဲ။ ဆတ္တုပါဟနံ၊ ထီးဘိနပ်ကို။ ဓာရေယျ၊ ဆောင်ငြားအံ့။ (ဝါ၊ထီးဆောင်၊ဘိနပ်စီး-အစုံပြုအံ့။)တဿာဘိက္ခုနိယာ·····။ပါစိတ္တိယံ·····။ဟောတိ ·····။

ထီး၊ဘိနပ် အစုံဆောင်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း-အင်္ဂါနှစ်ပါး။ ။( **ဘိက္ခုဒုက္ကဋ်။** )ထီးဘိနပ်ကင်းလျက် ချမ်းသာလျှင်"**အဂိလာနာ**"မည်၏။ထီးသာဆောင်အံ့။ဘိနပ်သာစီးအံ့-"**ဒုက္ကဋ်**"။အရံ၊အရံဥပစာ၌ ဆောင်အံ့။ဘေးရန်ရှိအံ့-အနာပတ္တိ။

ဘိက္ခုတို့အား ထီးသည် အရံ၊အရံဥပစာ၌သာ အပ်သည်။ တော၌ ရွာ၌မအပ်။ ထီးနှင့်ကင်း၍ ဖြစ်တတ်သော မျက်စိနာ၊ ကိုယ်ပူနာစသည်ရှိအံ့၊ဂိလာနဖြစ်၍ နေရာမရွေးအပ်သည်။
မိုးယိုးရွာသောအခါ သင်္ကန်းကိုစောင့်ခြင်းငှါ၊ သားခဲ၊ခိုးသူဘေးရှိသောအခါ မိမိကိုယ်ကို စောင့်ခြင်းငှါလည်း–ထီး–အပ်သည်။ သစ်ရွက်တခုထည်းဖြင့်ပြုသော "ဧကပဏ္ဏဆတ္တ"ဖြစ်လျှင် အခါမရွေးနေရာမရွေးအပ်သည်။ ယပ်ကဲ့သို့ဟူလို။
ဘိနပ်သည် ရွာ၊ ရွာ၏ဥပစာ၌ မဂ္ဂသညာဖြင့် လည်းမအပ်၊ ဂိလာန သာအပ်သည်။ သူတပါးကျောင်းပိုင်တွင်း၌ နေစရာအာဝါသမရမီ ဖြတ်သွားခြင်းလည်းမအပ်။

**၂။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ အဂိလာနာ ယာနေန ယာယေယျ၊ပါစိတ္တိယံ။(ဧဒ္ဒေ……)

ယာပနဘိက္ခုနီ……။အဂိလာနာ……။ယာနေန၊ယာဉ်ဖြင့်။ယာယေယျ၊ သွားငြားအံ့။တသာဘိက္ခုနီယာ……။ပါစိတ္တိယံ……။ဟောတိ……။

ခြေဖြင့်သွားနိုင်လျှင်"**အဂိလာနာ**"မည်၏၊မစီးအပ်။ ယာဉ်ခြောက်မျိုး"ဝယ်္ဟ၊ရထော၊ သကဋံ၊ သန္ဒမာနိကာ၊ သိဝိကာ၊ ပါဋင်္ကီ-ပေါင်းချပ်၊ရထား၊လှည်း၊သံလျင်း၊ထမ်းစင်၊ အဝတ်သံလျင်းဟူ၍ဟောသည်။ နာသူ၊ ဘေးရန်ရှိသူအနာပတ္တိ။ အရံ၊ အရံဥပစာ–ဟု အနာပတ္တိ၌မပြ။(**ဘိက္ခုဒုက္ကဋ်**။)

**၃။ သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သင်္ဃာဏိ ဓာရေယျ၊ပါစိတ္တိယံ။(ဧဒ္ဒေ……)

ယာပနဘိက္ခုနီ……။သင်္ဃာဏိံ၊ခါးတန်ဆာကို။ဓာရေယျ၊ ဆောင်ငြားအံ့။တသာ ဘိက္ခုနီယာ……။ပါစိတ္တိယံ……။ဟောတိ……။

ခါးတန်ဆာဟူသမျှကို ခါး၌ တကြိမ်ဆောင်လည်း ပါစိတ်။ ချွတ်၍ ဝတ်ခြင်း အကြိမ်တိုင်း ပါစိတ်။ အနာကြောင့် ခါးကြိုးဆောင်အံ့– အနာပတ္တိ။

**၄။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဣတ္ထာလင်္ကာရံ ဓာရေယျ၊ပါစိတ္တိယံ။(ဧဒ္ဒေ……)

ယာပနဘိက္ခုနီ····။ဇာတ္တာလက်ာရုံ၊မိန်းမတို့ဆင်မြန်းသော တန်ဆာကို၊ဓာရေယျ······။တသာဘိက္ခုနိယာ······။ပါစိတ္တိယံ······။ဟောတိ······။

ဦးခေါင်းလည်ပင်း၊မောင်းရင်း၊မောင်းဖျား၊လက်၊ခြေ၊ခါးတို့၌ ဝတ္ထုအရေအတွက်အားဖြင့်ပါစိတ်။အနာကြောင့် အနာပတ္တိ။

၅။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ. ဂန္ဓဝဏ္ဏကေန နှာယေယျ၊ပါစိတ္တိယံ။ (ဌေ္ဓ······)

ယာပနဘိက္ခုနီ······။ ဂန္ဓဝဏ္ဏကေန၊ အနံ့ရည် အဆင်းရည်ဖြင့်။ နှာယေယျ၊ ရေချိုးငြားအံ့။ တသာဘိက္ခုနိယာ······။ ပါစိတ္တိယံ······။ ဟောတိ······။

ချိုးရေ၌ အနံ့၊ အဆင်းရောသည်မှစ၍ ပယောဂတိုင်း "**ဒုက္ကဋ်**"။ရေချိုးပြီး အဆုံး၌ပါစိတ်။ အနာကြောင့်အနာပတ္တိ။

၆။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဝါသိတကေန ပိညာကေန နှာယေယျ၊ ပါစိတ္တိယံ။(ဌေ္ဓ······)

ယာပနဘိက္ခုနီ···။ဝါသိတကေန၊အနံ့ဖြင့်ထုံအပ်သော။ပိညာကေန၊ နှမ်းမှုံညက်ဖြင့်။နှာယေယျ····။တသာဘိက္ခုနိယာ·····။ပါစိတ္တိယံ······။ ဟောတိ·····။

မှုံညက်ကဲ့သို့သော နှမ်းမှုန့်ကိုအနံ့ထုံသည်မှစ၍"**ဒုက္ကဋ်**"။ ရေချိုးပြီးလျှင် ပါစိတ်။ အနာရှိအံ့၊အနံ့မထုံသော နှမ်းမှုံညက်ဖြစ်အံ့—အနာပတ္တိ။အနံ့မွှေးသောဆပ်ပြာလည်း ဤသိက္ခာပုဒ်ဖြင့် အပြစ်မလွတ်နိုင်ရာ။

၇။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ ဘိက္ခုနိယာ ဥမ္မဒ္ဒါပေယျ ဝါ၊ ပရိမဒ္ဒါပေယျ ဝါ၊ ပါစိတ္တိယံ။ (ဌေ္ဓ······)

၈။ **သိက္ခာပုဒ်။** ။ယာပနဘိက္ခုနီ သိက္ခမာနာယ ဥမ္မဒ္ဒါပေယျ ဝါ၊ပရိမဒ္ဒါပေယျ ဝါ၊ပါစိတ္တိယံ။ (ဌေ္ဓ······)

၉။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ သာမဏေရိယာ ဥမ္မဒ္ဒါပေယျ ဝါ၊ ပရိမဒ္ဒါပေယျ ဝါ၊ ပါစိတ္တိယံ။ (ဌေ္ဓ····)

**၁၀။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဂိဟိနိယာ ဥမ္မဒ္ဒါ ပေယျ ဝါ၊ ပရိမဒ္ဒါပေယျ ဝါ၊ ပါစိတ္တိယံ။ (ဇေန္တ္ဓ·····)

ယာပန ဘိက္ခုနီ·····။ ဘိက္ခုနီသော၊ ဘိက္ခုနီမ တယောက်ကို။····· သိက္ခမာနာယ၊ သိက္ခမာန်မကို။····· သာမဏေရ ရိယာ၊ သာမဏေမ ကို။ ···· ဂိဟိနိယာ၊ လူမိန်းမကို။ ဥမ္မဒ္ဒါပေယျဝါ၊ ပွတ်သပ် မှုလည်း ပွတ်သပ်စေငြားအံ့။ ပရိမဒ္ဒါပေယျဝါ၊ ဆုပ်နယ်မှုလည်း ဆုပ်နယ်စေ ငြားအံ့။ တသော ဘိက္ခုနီသော·····။ ပါစိတ္တိယံ·····။ ဟောတိ·····။

ခရီးပန်းခြင်းစသော ဂိလာနအခါဖြစ်အံ့၊ ခိုးသူဘေး ကြောင့် ကိုယ်တုန်ခြင်းစသော ဘေးရန်အခါဖြစ်အံ့၊ ပွတ်သပ်နိုင် ဆုပ် နယ်နိုင်းလျှင် အနာပတ္တိ။

**၁၁။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ ဘိက္ခုသော ပုရ တော အနာပုစ္ဆာ အာသနေ နိသီဒေယျ၊ ပါစိတ္တိယံ။(ကထိနာ···)

ယာပန ဘိက္ခုနီ·····။ ဘိက္ခုသော၊·····၏။ ပုရတော၊ ရှေ့၌၊ ဝါ၊ အနီး ၌။ [အနီးဝန်းကျင် ၁၂-တောင် ဥပစာရအတွင်း၌ဟူလို။] အနာပုစ္ဆာ·····။ အာသနေ၊ နေရာ၌။ နိသီဒေယျ၊ ထိုင်ငြားအံ့။ တသော ဘိက္ခုနီယာ····။ ပါစိတ္တိယံ ····။ ဟောတိ·····။

ရဟန်းကို မပန်ကြားခြင်း, ၁၂-တောင် ဥပစာရ အတွင်း ထိုင်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း–အင်္ဂါသုံးပါး။ ။ဝန်း ကျင် ၁၂-တောင်အတွင်းသည် "ပုရ"မည်၏။ ရှေ့တည့်တည့် မှုသာမဟုတ်။ ၁၂-တောင်တွင်း ဖြစ်အံ့၊ မြေပေါ်၌ပင်ဖြစ်စေ ထိုင်ပါရစေဟု ပန်၍သာထိုင်ရသည်။ ဂိလာနဖြစ်အံ့၊ ဘေးရန် ရှိအံ့–အနာပတ္တိ။

**၁၂။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အနောကာသ ကတံ ဘိက္ခုံ ပဉှံ ပုစ္ဆေယျ၊ ပါစိတ္တိယံ။ (ပဒ·····)

ယာပန ဘိက္ခုနီ·····။ အနောကာသကတံ၊ ခွင့်ပန်ခြင်းမပြုအပ်သော။ ဘိက္ခုံ·····ကို။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆေယျ၊ မေးငြားအံ့၊ တသော ဘိက္ခုနီယာ·····။ ပါစိတ္တိယံ·····။ ဟောတိ·····။

ရဟန်းထံ ခွင့်မပန်ခြင်း, ပြဿနာမေးခြင်း—အင်္ဂါ၂စ်ပါး။ ။ သူတွန်မေးပါရစေဟု ခွင့်ပန်၍ ဝိနည်းစသည်ကို မေးအံ့၊ ခွင့်မပန်ရာ၌ မေးသည်မည်၏-ပါစိတ်။ လုံးလုံးခွင့်မပန်လျှင် ဆိုဘွယ်မရှိ။ မရည်မှတ်ဘဲ မေးလိုရာ မေးပါရစေဟု ခွင့်တောင်းလျှင် လိုရာမေးကောင်း၏။

၁၃။ **သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အသံကစ္ဆိကာ ဂါမံ ပဝိသေယျ၊ ပါစိတ္တိယံ။ (ဇွဲ……) ဆတ္တုပါဟန၀ဂ္ဂေါ နဝမော။

ယာပနဘိက္ခုနီ……။ အသံကစ္ဆိကာ၊ ရင်လွှမ်းတဘက်မပါဘဲ။ ဂါမံ၊ ရွာသို့။ ပဝိသေယျ၊ ဝင်ငြားအံ့။ တဿာဘိက္ခုနိယာ……။ပါစိတ္တိယံ……။ ဟောတိ……။ နဝမော……။ ဆတ္တုပါဟန ဝဂ္ဂေါ…… ။ နိဋ္ဌိတော……။

ရင်လွှမ်းတဘက်မပါခြင်း, ရွာ၏အရံ ဥပစာကို လွန်ခြင်း, ခွင့်ပြုသောအကြောင်းမရှိခြင်း—အင်္ဂါသုံးပါး။ ။ညှပ်ရိုးအောက် ချက်ဝန်းအထက် ဖုံးလွှမ်းစရာအဝတ်သည် ဝါ၊ သင်္ကန်းသည် "**သံကစ္ဆိကာ**"မည်၏။ ပမာဏမပြ၊ ရင်လွှမ်းတဘက် ပျောက်ပျက်အံ့၊ ဂိလာနဖြစ်အံ့၊ သတိမရအံ့၊ မသိအံ့၊ ဘေးရန် ရှိအံ့–အနာပတ္တိ။ ။ဤရင်လွှမ်းတဘက်ကို ကိုယ်ရုံအတွင်း၌လွှမ်းသလော၊ ကိုယ်ရုံအထက်ပြင်ပ၌ လွှမ်းသလော။ ရှင်မဥပ္ပလဝဏ် ၏ သင်းပိုင်ကို ရှင်ဥဒါယီအလှူခံသောအခါ သံကစ္ဆိကာကိုဝတ်၍ သင်းပိုင်ကိုလှူသည်ဟု သာမန်ဆို၏။ ဤအဋ္ဌကထာ ကြီး၌ "အပဒါသူတိ မဟန္တံ ဟောတိ သင်္ကစ္ဆိကံ ပါရုပိတွာ ဂန္တဗ္ဗံ ယာဝ ဥပဒ္ဒဝေါ ဥပ္ပဇ္ဇတိ"ဟု ဆိုသည်။ အဘိုးတန် ရင်လွှမ်းတဘက်ကိုရုံသွားသူအားသာ ဘေးရန်ဥပဒ် ဖြစ်သည်ဟူ၏။ ထို့ကြောင့် ကိုယ်ရုံအထက်ပြင်ပ၌လူမြင်ခံရုံ လွှမ်းရသည်ဟု မိန့်ဆိုကုန်၏။ တောင်ပိုင်းဓေတဝန် ဆရာတော်ကြီးကား—ရှေးအဆက်မြန်မာပြည်ဘွား မိန်းမများ ရင်လွှမ်းတဘက်ကို ကိုယ်၏အတွင်း၌ ဝတ်ကြ၏။ ထိုအထက်၌ အင်္ကျီဝတ်ကြသည်ကို မြင်ရဘူးသည်ဟု မိန့်ဆို၏။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အယျာယော ဆသဋ္ဌိသတာ ပါစိတ္တိယာ ဓမ္မာ။ တတ္ထာယျာယော ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယျာယော။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမီတိ။ ။ဆသဋ္ဌိသတာ ပါစိတ္တိယာ ဓမ္မာ နိဋ္ဌိတာ။

အယျာယော၊......တို့။ ဆသဋ္ဌိသတာ၊ ၁၆၆-ပါးကုန်သော။ ပါစိတ္တိယာ......။ ဓမ္မာ ......။ ဥဒ္ဒိဋ္ဌာခေါ......။ တတ္ထ၊ ထို၁၆၆-ပါးသော ပါစိတ်၌။ အယျာယော။......တို့ကို။ ပုစ္ဆာမိ......။ ကစ္စိ......။ ပရိသုဒ္ဓါ......။ အတ္ထ ....။ ဒုတိယမ္ပိ.....။ တတိယမ္ပိ......။ ပုစ္ဆာမိ .....။ ကစ္စိ......။ ပရိသုဒ္ဓါ......။ အတ္ထ......။ ဧတ္ထ၊ ဤပါစိတ်၌။ အယျာယော......။ ယသ္မာ..... ။ ပရိသုဒ္ဓါ ...။ တသ္မာ......။ တုဏှီ......။ အသိ......။ ဧဝံ......။ ဧတံ......။ ဓာရယာမိ......။ ဣတိ......။ ဆသဋ္ဌိသတာ......။ ပါစိတ္တိယာ......။ ဓမ္မာ......။ နိဋ္ဌိတာ...။

ဤပါစိတ်၌ ၉၆-ခုသာရှိသော်လည်း နောက်၌ မုသာဝါဒဝဂ် စသော ဝဂ်ခုနစ်ခု။ သိက္ခာပုဒ် ၇၀-နှင့်ပေါင်းလျှင် ၁၆-ဝဂ်။ သိက္ခာပုဒ် ၁၆၆-ဖြစ်၏၊ ဘိက္ခုပါစိတ် ၉၂-ခုတွင် အသာဓာရဏ ၂၂-ပါးဖယ်၍ ၇၀-ဖြစ်သည်။ ၂၂-ပါးကား ဘိက္ခုနောဝါဒဝဂ်၌ (၁၀) ပရမ္ပရ၊ အနတိရိတ္တ-ဒွယ၊ ပဏီတဘောဇန ဝိညတ္တိ၊ အစေလက(၅) ဒုဋ္ဌုလ္လပဋိစ္ဆာဒန၊ ဦနဝီသတိဝဿ၊ မာတုဂါမေန သံဝိဓာယ အဒ္ဓါနဂမန၊ ရာဇန္တေ ပုရပ္ပဝေသန၊ ဝိကာလ ဂါမပ္ပဝိသန(၅) နိသီဒန၊ ဝဿိက သာဋိကာ (၂)ဤသို့ ၂၂-ပါးကိုဖယ်သည်။

---

## သမုဋ္ဌာနဝိနိစ္ဆယအထူး။

၈-မေထုနာ-၇၆။ သစိတ္တာ သုံး-ရုံး ဒိန္နာ-၇၁။ သမန္တ-ဆသ-၃၇။ ၈၊ ဆ-ထေယျာ-၇။ ဓမ္မာ-ပဌမ-၁၁။ စောရိ-မ၊-ဆသ-၁။ ဤသမုဋ္ဌာန် ၆-မျိုး-၂၀၃-သိက္ခာပုဒ်သည် သစိတ္တကချည်းသာဖြစ်၍ လောကဝဇ္ဇ၊ အကုသလစိတ္တသာ များကုန်၏။ ပဏ္ဏတ္တိဝဇ္ဇ၊ ဒွိစိတ္တ၊ တိစိတ္တလည်း အချို့ရှိ၏။

ကြွင်း သမုဋ္ဌာန် ၇-မျိုး—၁၄၇-သိက္ခာပုဒ်သည် အစိတ္တကရှိသော ကြောင့် အစိတ္တကချည်းသာမည်၍ ပဏ္ဏတ္တိဝဇ္ဇ၊ ဒွိစိတ္တ၊ တိစိတ္တသာ များကုန်၏။ လောကဝဇ္ဇ၊ အကုသလစိတ္တလည်း အချို့ရှိ၏။

ဤဘိက္ခုနီ အသာဓာရဏထဲမှ အစိတ္တကတို့တွင် နစ္စ ဂီတ၊ စိတ္တာဂါရ၊ သဃာဋိ၊ ဍုတ္တာလက်ာရ၊ ဂန္ဓဝဏ္ဏက (၅) ဝါသိတပိညာက၊ ဥမ္မဒ္ဒနာဒိစတုက္က(၅)ဤဆယ်ပါးသည် အစိတ္တကဖြစ်လျက် လောကဝဇ္ဇ အကုသလစိတ္တ ဖြစ်၏။ ဝတ္ထုသိသောစိတ် ကင်းလျက် အာပတ်သင့် သောကြောင့် အစိတ္တက ဖြစ်၏။ (နစ္စဟု မသိဘဲကြည့်လျှင်လည်း ပါ စိတ်ဟူလို။) သိသောစိတ်ရှိသောအခါ အကုသိုလ်ဖြင့်သာအာပတ်သင့် သောကြောင့် လောကဝဇ္ဇ၊ အကုသလစိတ္တဖြစ်၏။ (နစ္စဟု သိ၍ကြည့် လျှင် အကုသိုလ်ပါစိတ်ဟူလို။) ဤဆယ်ပါးမှ ကြွင်းသော အစိတ္တက သည် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။

သစိတ္တကတို့တွင် စောရီဝုဋ္ဌာပန၊ ဂါမန္တရ၊အာရာမပ္ပဝေသန၊ဂဗ္ဘိနိဝဂ်အစချနစ်ပါး (၁၀) ကုမာရိဘူတဝဂ် အစငါးပါး၊ ပုရိသ သံသဋ္ဌ၊ ပါရိဝါသိက ဆန္ဒဒါန၊ အနုဝဿ၊ ဒွေဝုဋ္ဌာပန (၉) ဤ ၁၉-ပါးသည် သစိတ္တကဖြစ်လျက် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။ စောရီဟု ဝတ္ထုကို သိလျက် ရဟန်းပြုပေးမှ သံဃာဒိသိသ်။ ရဟန်းပြုပေးခြင်း၌ အကုသိုလ်သက် သက်မဟုတ်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇ ဖြစ်၏။ ဤ ၁၉-ပါးမှ ကြွင်း သော သစိတ္တကသည် လောကဝဇ္ဇဖြစ်၏၊

လောကဝဇ္ဇ၌ အကုသလစိတ္တသာ ဖြစ်သော်လည်း သစိတ္တကချည်း သာဟု မဆိုအပ်။ အစိတ္တကအချို့ရှိသည်။ ပဏ္ဏတ္တိဝဇ္ဇ၌လည်း အစိတ္တက ချည်းသာဟု မဆိုအပ်။ သစိတ္တကအချို့ရှိသည်။

---

## ပါဋိဒေသနီ။

ဍုမေခေါပနာသျှာယော အဋ္ဌပါဋိဒေသနီယာ ဓွော ဥဒ္ဒေသံ အာဂ နှုတ္တိ။

အယျာယော၊……တို့။ အဋ္ဌ၊ ရှစ်ပါး ကုန်သော။ ပါဋိဒေသနီယာ၊ ပါဋိဒေသနီ အမည်ရှိကုန်သော။ ဍုမေခေါ ပနဓွော……။ ဥဒ္ဒေသံ……။ အာဂနှုတ္တိ……။

**၁။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အဂိလာနာ သပ္ပိံ ဝိညာပေတွာ ဘုဉ္ဇေယျ၊ ပဋိဒေသေတဗ္ဗံ တာယ ဘိက္ခုနိယာ-ဂါရယှံ အယျေ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ။ (အဒ္ဓါန……)

ယာပန ဘိက္ခုနီ……။ အဂိလာနာ……။ သပ္ပိံ၊ ထောပတ်ကို။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇေယျ၊ စားငြားအံ့။ တာယ ဘိက္ခုနိယာ၊ ထိုဘိက္ခုနီမသည်။ ဂါရယှံအယျေ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ၊ ပါဋိဒေသနီအာပတ်ကို ကြားပါ၏။ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ၊ ဒေသနာကြားအပ်၏။

ပါဠိတော်လာ ထောပတ်ဖြစ်ခြင်း, ခွင့်ပြုသော အကြောင်း မရှိခြင်း, တောင်းခြင်း, မျိုခြင်း-အင်္ဂါ လေးပါ။ ။ထောပတ်ကင်း၍ မချမ်းသာသူသည်“**ဂိလာနာ**”မည်၏။ပါဠိတော်၌မလာသော ထောပတ်ကို တောင်းစားအံ့-“**ဒုက္ကဋ်**”။ နာသောအခါ တောင်း၍ရသည်ကို မာသောအခါစားအံ့၊ လူနာကြွင်းဖြစ်အံ့၊ ဉာတကပဝါရိတထံ တောင်းစားအံ့–အနာပတ္တိ။

**၂…ဂ။ သိက္ခာပုဒ်။** ။ယာပန ဘိက္ခုနီ အဂိလာနာ တေလံ…… မဓုံ…… ဖာဏိတံ…… မစ္ဆံ…… မံသံ …… ခီရံ……ဒဓိံ ဝိညာပေတွာ ဘုဉ္ဇေယျ။ ပဋိဒေသေတဗ္ဗံ တာယ ဘိက္ခုနိယာ ဂါရယှံ အယျေ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ။ (အဒ္ဓါန……)

ယာပန ဘိက္ခုနီ……။ အဂိလာနာ……။ တေလံ၊ ဆီကို။ …… မဓုံ၊ ပျားကို။……ဖာဏိတံ၊ တင်လဲကို။ …… မစ္ဆံ၊ ငါးကို။…… မံသံ၊ အသားကို။…… ခီရံ၊ နို့ရည်ကို။…… ဒဓိံ၊ နို့ဓမ်းကို။ ဝိညာပေတွာ……။ ဘုဉ္ဇေယျ……။ တာယဘိက္ခုနိယာ……။ ဂါရယှံ အယျေ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ……။ ဣတိ……။ ပဋိဒေသေတဗ္ဗံ……။

ယခင်နည်းဖြင့် အင်္ဂါကိုရင်း၊ ဂိလာနာကိုရင်း သိအပ်၏။ ။ ပါဠိတော်လာတို့ကား–ကပ္ပိယမံသ သတ္တဝါ၏ထောပတ်သည် “**သပ္ပိ**”……။နှမ်းဆီ၊ မုန်ညှင်းဆီ၊ သစ်မည်စည်ဆီ၊ကြက်ဆူဆီ၊ ဝသာတေလသားဆီ-ဤငါးမျိုးသည် “**တေလ**”……။ ယင်းများ

တို့ပြုသော ပျားရည်သည် "မဓု"·····။ ကြံမှဖြစ်သော တင်လဲသည် "ဖာဏိတ"·····။ရေသတ္တဝါသည် "မစ္ဆ"·····။ကပ္ပိယမံသသတ္တဝါ၏အသား၊ နို့၊ နို့ဓမ်းသည် "မံသ"၊"ခီရ"၊"ဒဓိ" မည်၏။ ပါဠိဒေသနာ၀တ္ထုဖြစ်၏။

ထိုမှတပါး အကပ္ပိယ မံသသတ္တဝါ၏ ထောပတ် စသည်သည် ပါဠိတော်လာမဟုတ်၊ ဒုက္ကဋ်ဝတ္ထု ဖြစ်၏။ အကပ္ပိယမံသသတ္တဝါဆယ်မျိုး၌ အသား၊ အသွေး၊ အမွေး၊အရေ၊အရိုး–ငါးမျိုးမအပ်။ လူ၌ အဆီနှင့် ၆-မျိုး မအပ်။ နို့-နို့ဓမ်း စသည်ကား မအပ်မရှိ။ စားသောက်ကောင်း၏။

နိဂုံး။ ။ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော အဋ္ဌပါဋိဒေသနီယာ ဓမ္မာ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော။ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမီတိ။ ။အဋ္ဌပါဋိဒေသနီယာ ဓမ္မာ နိဋ္ဌိတာ။

အာယသ္မန္တော၊·····တို့။ အဋ္ဌ·····။ ပါဋိဒေသနီယာ·····။ ဓမ္မာ·····။ ဥဒ္ဒိဋ္ဌာခေါ·····။ တတ္ထ၊ ထိုရှစ်ပါးသော ပါဋိဒေသနီ၌။ အာယသ္မန္တေ·····။ ပုစ္ဆာမိ·····။ ကစ္စိ·····။ ပရိသုဒ္ဓါ·····။ အတ္ထ·····။ ဒုတိယမ္ပိ·····။ တတိယမ္ပိ·····။ ပုစ္ဆာမိ·····။ ကစ္စိ·····။ ပရိသုဒ္ဓါ·····။ အတ္ထ·····။ ဧတ္ထ·····။ အာယသ္မန္တော·····။ ယသ္မာ·····။ ပရိသုဒ္ဓါ·····။ တသ္မာ·····။ တုဏှီ·····။ အသိ·····။ ဧဝံ·····။ ဧတံ·····။ ဓာရယာမိ၊ ငါသိ၏။ ဣတိ၊ ဤသို့သော စကားစဉ်ဖြင့်။ အဋ္ဌ·····။ ပါဋိဒေသနီယာဓမ္မာ·····။ နိဋ္ဌိတာ·····။

**(သေခိယနှင့်သမထတူသောနည်းရှိပြီ။)**

---

## မဟာနိဂုံးကြီး။

ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော နိဒါနံ၊ဥဒ္ဒိဋ္ဌာ အဋ္ဌ ပါရာဇိကာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သတ္တရသ သံဃာဒိသေသာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ဆသဋ္ဌိသတာ ပါစိတ္တိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ အဋ္ဌ ပါဋိဒေသနီယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သေခိ

ယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သတ္တအဓိကရဏာ သမထာ ဓမ္မာ။ ။ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အနွဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ ဝိတ္ထာရုဒ္ဒေသော စတုတ္ထော။

အယျာယော၊·····တို့။ နိဒါနံ၊ ·····ကို။ ဥဒ္ဒိဋ္ဌံ ခေါ·····။ အဋ္ဌ·····။ ပါရာဇိကာ·····။ ဓမ္မာ၊ အာပတ်တို့ကို။ ဥဒ္ဒိဋ္ဌာ·····။ သတ္တရသ·····။ သံဃာဒိသေသာ·····။ ဓမ္မာ ·····။ ဥဒ္ဒိဋ္ဌာ ··· ။တိံသ·····။ နိဿဂ္ဂိယာ ပါစိတ္တိယာ ··။ ဓမ္မာ ·····။ ဥဒ္ဒိဋ္ဌာ ·····။ ဆသဋ္ဌိသတာ·····။ ပါစိတ္တိယာ ·····။ ဓမ္မာ·····။ ဥဒ္ဒိဋ္ဌာ ····။ အဋ္ဌ ·····။ ပါဋိဒေသနီယာ·····။ ဓမ္မာ·····။ ဥဒ္ဒိဋ္ဌာ·····။ သေခိယာ·····။ ဓမ္မာ·····။ ဥဒ္ဒိဋ္ဌာ·····။ သတ္တ·····။ အဓိကရဏ သမထာ·····။ ဓမ္မာ၊ တရားတို့ကို။ ဥဒ္ဒိဋ္ဌာ·····။ ။ဧတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည်။ တဿဘဂဝတော ·····။သုတ္တာဂတံ·····။သုတ္တပရိယာပန္နံ·····။ အနွဍ္ဎမာသံ ·····။ ဥဒ္ဒေသံ ·····။ အာဂစ္ဆတိ·····။ တတ္ထ၊ ထိုသိက္ခာပုဒ် (၃၁၁)-ပါး၌။ သဗ္ဗေဟေဝ၊ အလုံးစုံသော ဘိက္ခုနီမတို့သည်သာလျှင်။ သမဂ္ဂေဟိ၊ ကိုယ်ဖြင့်ညီညွတ်ကုန်သည်ဖြစ်၍။ သမ္မောဒမာနေဟိ၊ စိတ်ဖြင့်ဝမ်းမြောက်ကုန်သည်ဖြစ်၍။ အဝိဝဒမာနေဟိ၊ နှုတ်ဖြင့် ငြင်းခုံခြင်းမရှိကုန်သည်ဖြစ်၍။ သိက္ခိတဗ္ဗံ၊ အဓိသီလကို ဖြည့်ကျင့်အပ်၏။ ဣတိ၊ ဤသို့သောစကားစဉ်ဖြင့်။ စတုတ္ထော၊ လေခုတို့၏ပြည့်ကြောင်းဖြစ်သော။ ဝိတ္ထာရုဒ္ဒေသော၊ အကျယ်ပါတိမောက် ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဤဘိက္ခုနီသိက္ခာပုဒ်တို့သည်-၈+၁၇+၃၀+၁၆၆+၈+၇၅+၇=ပေါင်း ၃၁၁-ပါးဖြစ်ကုန်၏။ သမထ-၇ ပါးဖယ်လျှင် အာပတ် ၃၀၄-ဖြစ်၏။ ပါတိမောက် နှစ်စောင်၌ ပါရာဇိက-၄+၈=ပေါင်း၈။ သံဃာဒိသိသ်-၁၃+၁၇=၂၃။ အနိယတ-၂။ နိဿဂ္ဂီ-၃၀+၃၀=၄၂။ ပါစိတ်-၉၂+၁၆၆=၁၈၈။ ပါဋိဒေသနီ ၄+၈=၁၂။ သေခိယ ၇၅+၇၅=၇၅။ သမထ ၇+၇=ပေါင်း ၇။ ။ဘိက္ခု ၂၂၇+နီ ၃၁၁=ပေါင်း ၅၃၈-ဖြစ်သင့်သော်လည်း သာဓာရဏ ၁၈၁-နုတ် ၃၅၇။ သမထ

ဖယ်လျှင် ၃၅၀။ သမုဋ္ဌာန် ၁၃-ပါးကြောင့် အာပတ် ၃၅၀-ဖြစ်၏။

တနည်း။ ဘိက္ခုနီ၌ သာဓာရဏ ၁၈၁။ အသာဓာရဏ ၄၆=ပေါင်း ၂၂၇။ ဘိက္ခုနီ၌သာ……၁၈၁။အသာ……၁၃၀=ပေါင်း ၃၁၁။ နှစ်ရပ်ပေါင်း ၅၃၈-ဖြစ်သင့်သော်လည်းသာ…၁၈၁-နုတ်-၃၅၇။ သမထဖယ်လျှင် ၃၅၀။

တနည်း။ အသာ……၄၆+၁၃၀=ပေါင်း ၁၇၆+သာ…၁၈၁=ပေါင်း၃၅၇။ သမထ ဖယ်လျှင် ၃၅၀-ဖြစ်၏။

ဘိက္ခုနီပါတိမောက်အရသာပြီး၏။

ဒွေမာတိကာအရသာပြီး၏။

# ဝိနယဒကာသသဉ္ဇကျမ်း

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး
ရေးသားစီရင်တော်မူသည်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

**၁။ စီဝရံ။** ။သံဃာဋိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက၊ ပရိက္ခာရစောဠ၊ ဝဿိကသာဋိက၊ ကဏ္ဍုပဋိစ္ဆာဒိက၊ ပစ္စတ္ထရဏ၊ မုခပုဉ္ဆန၊ နိသီဒန ဤသင်္ကန်းကိုးထည်ကို အဓိဋ္ဌာန်တင်လိုမူ……"**ဣမံသံဃာဋိံ အဓိဋ္ဌာမိ**"စသည်အမည်ဖြင့် ကိုယ်ဖြင့်ရင်း၊နှုတ်ဖြင့်ရင်း၊ ကိုယ်နှုတ်နှစ်ပါးဖြင့်ရင်းတင်ရသည်။နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပဒူတည်မူ… "**ဧတံ**"……ဟုဆို။ပရိက္ခာရစောဠ၊ ပစ္စတ္ထရဏ နှစ်ထည်ကား အများအပ်၏။ထို့ကြောင့် အများတင်လိုမူ…"**ဣမာနိ**""**ဧတာနိ**"…ဟူ၍ဆို၊ "**မုခပုဉ္ဆန**"ကား[၁] နှစ်ထည်အပ်၏၊ ကြွင်းခြောက်ထည်မှာ တထည်စီသာ အပ်သည်။ ထိုသင်္ကန်းကိုးထည်တို့၏ ပမာဏကားထင်ရှား သိလွယ်ပြီ။ ။တင်ပြီးသော အဓိဋ္ဌာန်ကို ချလိုမူ……"**ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ**"…စသည်ဖြင့် အဝေးအနီး အနည်းအများကို မှတ်၍ဆို။

---

၁။ စီဝရက္ခန္ဓက အဋ္ဌကထာကြီး၌ မုခပုဉ္ဆနနှစ်သည်။ အပရေဝါဒ် အမှာ။ ကန်ဒါက်လည်းအများတင်အပ်၏-ဟုဆိုသည်။

ငှင်းကိုးထည်တို့တွင် တိစီဝရိက်နှင့် တည္ဥ္ဓမှုမကောင်းရ၊ ကင်းသော် နိဿဂ္ဂိယ်ိကိ်၏။ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့တွင် တပါးပါးအထံ၌…… "**ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ။ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ**"…ဟု ဆို၍ စွန့်ပြီးမှ ဒေသနာကြားအပ်၏။ ကြားပြီးသော် ဝိနည်းရိရ်ရဟန်းက…… "**ဣမံ စီဝရံ တုယှံ ဒမ္မိ**"…ဟုဆို၍ပြန်ပေးရသည်။ သကာသညာဖြင့်မပေးမှု ဘဏ္ဍာဒေယျ ဒုက္ကဋ်။ ထေယျစိတ်ဖြင့် မပေးမှု တန်ဘိုးကို ဖြတ်၍ဆုံးဖြတ်။ အနီးအဝေး အနည်းအများမှာ ယခင်နည်းကိုမှီ၍ဆို။ ။နိသီဒိုင်နှင့်ကား လေးလ မကောင်းရ။ ကောင်းမှုဒုက္ကဋ်။ ။အဓိဋ္ဌာန်လည်းမတင် ဝိကပ္ပနာလည်းမပြုက အတိရေကသင်္ကန်းဖြစ်ရကား ဆယ်ရက်လွန်လျှင် နိဿဂ္ဂိအာပတ်သင့်၏။ "**ဒသာဟာတိက္ကန္တံ**"ဆို၍ဒေ့နည်းစွန့်။

ငှင်းကိုးထည်ကို အဓိဋ္ဌာန်မဆောင်လိုမူ… "**ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ**" စသည်အမည်ဖြင့် အဓိဋ္ဌာန်ချပြီးလျှင် တပါးသော ရဟန်းအထံ၌ "**ဣမံ စီဝရံ အာယသ္မတော ဝိကပ္ပေမိ**"ဟု၍ ဝိကပ္ပနာပြု။ ဝိနည်းရိရ် ရဟန်းက "**မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ**"ဟုဆို၍ ပစ္စုဒ္ဓါရ်ပြန်။ အယုတ်ဆုံး[၁]အလျားတတောင့်ထွာ× အနံတထွာ ခြောက်သစ်ရှိသောအိတ်၊ ပုဝါ-စသည်ကိုပင် ဝိကပ္ပနာ ပြုရသည်မှတ်။

သံ၊ ဥတ်၊ အန်၊ ပ။ ဝ သ်၊ ကဏ်၊ ပ။ မုခ၊ နိသီဒိုင်။ (သင်္ကန်းကိုးထည် အစဉ်။

ထွက်၊ ယူ ပေး၊ လု။ မစ္စု လိင်ပြန်။ အဓိဋ္ဌာန်ချ။ သိက္ခာကျ။ အဋ္ဌ အဓိဋ္ဌာန်စွန့်ကြောင်းတည်း။ (ကိုးထည်လုံးအကြောင်း။)

လက်သန်းသည်မျှ။ ပေါက်လတ်က။ ကိုးဝ တ်စီဝရိက် အကြောင်း တည်း။

---

၁။ ပါဠိတော်၌ လူ့ရှစ်သစ်×နံ့လေးသစ်ဟု သုဂတဂိုလဖြင့် ဟောသည်။ အဋ္ဌကထာ၌ ရှစ်သစ်သည် တတောင်×လေးသစ်သည်တထွာဟု မဇ္ဈိမ ပမာဏပြသည်။ ဤကျမ်း၌ကား ရှစ်သစ်သည် တတောင့်ထွာ×လေးသစ် သည် တထွာခြောက်သစ်ဟု ပကတိပမာဏပြသည်။

**လျှားဆဲ့နှစ်သစ်။ နံ့ရှစ်သစ်။ လေးသစ် သင်းပိုင်နံပေါက်တည်း။ ပါပနီ၊မှု။ ဤလေးခု။ဗိန္ဒုဆိုးရည်မရွေ တည်း။**

**ရှာ၊ အိမ်နှင့်၊ တိုက်(၃)။ ထိစိုက်၊ဦးပြည်း(၂)။လှေ၊လှည်း ပြ၊လယ်(၄)။ ကောက်နယ်၊သစ်ပင်(၂)။လွင်၊အရမ် ကျောင်း ၃။ တန်ဆောင်း(၁)။ ဗျည်း(၁၅)။ ကျေလ။ အဂိပ္ပါသ အရပ်တည်း။** (တိစိဝရိက်နှင့် ညည့်မကင်းကောင်းသော အ... ...ပါ။)

**အနာမန္တ၊အသမာဒါ။ယာဝါ၊ဂဏ၊ယောတတ္တ။ပဋ္ဌအာနိသင်** (ကထိန်စိဝရာနိသင်ငါးပါးတည်း။)

ထိုတွင် အသမာဒါနစာရမှ ကြွင်းသောလေးပါးတို့သည် ကထိန် မခင်းဘဲ တလရကောင်းသောကြောင့် "**ကာလာနိသံသ**"မည်သင့်၏။ ထို့ကြောင့် "**ကင်္ခါဝိတရဏီ**"၌ "**အနတ္ထတကထိနာပန ဣမေသု ပဥ္စာနိသံသေသု အသမာဒါနစာရံ ထပေတွာ သေသာနိသံသေ လဘန္တိ**"ဟု မိန့်သည်။

သက်န်းသုံးထည်ကို တိစိဝရိက်အမည်ဖြင့် အဓိဋ္ဌာန်တင်၊ကြွင်းသမျှကို ပရိက္ခာရစောဠချည်းသော်လည်းတင်၊ဝိကပ္ပနာချည်းသော်လည်း ပြု၊တနည်းလည်း အလုံးစုံရှိသမျှကို ပရိက္ခာရစောဠချည်းတင်၊ တနည်းလည်း ဝိကပ္ပနာချည်းပြု၍ သုံးနည်း။ ။တိစိဝရိက်ဓုတင် ဆောင်လိုမူ သက်န်းသုံးထည်၊ အံသကိုသ်တထည်-ဤလေးထည်အပ်၏။ ထိုတွင် သုံးထည်ကို တိစိဝရိက်အမည်ဖြင့်တင်၊ အံသကိုသ်ကို ပရိက္ခာရစောဠ တင်၍ဝိကပ္ပနာသော်လည်းပြု။တနည်းလည်း ပရိက္ခာရစောဠချည်းတင်၊ တနည်းလည်း ဝိကပ္ပနာချည်းပြု၍သုံးနည်း။

---

၁။ ဤအရပ် ၁၅-ပါး၌ အရက်တက်ချိန် နှစ်တောင့်ထွာ ဟတ္ထပါသ် ကင်း သော်လည်း ညဉ့်ကင်းသည်မမည်။နိဿဂ္ဂိမဖြစ်ဟူလို။

၂။ အံသကာသာဝ-ပခုံးတင် ချွေးခံသက်န်း။ လျားသုံးတောင်×နံ့တထွာဟု ဝိသုဒ္ဓိမဂ်ဆိုသည်။ ပကတိအားဖြင့် လျားလေးတောင့်ထွာ×နံ့တထွာခွဲ ဖြစ်၍ အဓိဋ္ဌာန်တင်လောက်သည်ဟူလို။တခြမ်းပဲ့အင်္ကျီ အံသကိုဋ်ကား ကျမ်းဂန်မလာ။

သလုံးဆရာတော်ဘုရားကြီးကား သုံးထည်ကို တိစီဝရိက်တင်၍ အကြွင်းကို ဝိကပ္ပနာပြုစေလိုသတတ်။ ရှေးစကားကျမ်းဂန်နှင့် [၁]ညီအံ့ ထင်သည်။ ဒုတ်ကျောင်းဆရာတော်ဘုရားလည်း နှစ်သက်တော်မူသည်။

သက်န်းပြီး၏။

၂။ ပတ္တော။ ။ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ ဩမက-ဟု သပိတ်သုံးလုံးတွင် တလုံးလုံးကို ဥက္ကဋ္ဌုက္ကဋ္ဌ၊ ဥက္ကဋ္ဌမဇ္ဈိမ၊ ဥက္ကဋ္ဌောမကစသည်ဖြင့် သုံးလုံး စီခွဲ၍ သပိတ်ကိုးလုံးဖြစ်၏။ မူလသုံးလုံးတို့တွင် ဥက္ကဋ္ဌသပိတ်သည် ယခုလူတို့ ပြည်ကွမ်းစားဖြင့် သုံးပြည်ဝင်၏၊ မဇ္ဈိမသပိတ်သည် သုံးခွက်ဝင်၏။ ဩမကသပိတ်သည် သုံးစလယ်ဝင်၏။ ဟောက်သည် ဟောက်သည်ကိုရှု၍ နောက်သုံးလုံးစီ ပြားသည်ကို မှတ်သားခွဲဝေလေ။ ထိုကိုးလုံးတို့တွင် အကြီးဆုံး ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်၊ အငယ်ဆုံး ဩမကောမကသပိတ်-၍နှစ်လုံးသည် သပိတ်မမည်၊ အဓိဋ္ဌာန်ဝိကပ္ပနာမလောက်။ ကြွင်း ၇ လုံးသာ အပ်သည်။

"အယောပတ္တော ဘူမိပတ္တော၊ ဇာတိယာ ကပ္ပိယာ ဒုဝေ"

ဟူသည်အတိုင်း ဇာတ်အား ဖြင့်သံသပိတ်၊ မြေသပိတ် နှစ်လုံးသာ အပ်သည်၊ ထိုတွင် "**အယောပတ္တော ပဉ္စဟိ ပါကေဟိ၊ ဘူမိ ပတ္တော ဒွီဟိပါကေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ ဝိကပ္ပနုပဂေါစ**" ဟူသည်နှင့်အညီ သံသပိတ်ငါးကြိမ်၊ မြေသပိတ်နှစ်ကြိမ် မီးဖုတ်မှအပ် သည်။……"**သစေ တေလဝဏ္ဏော ဟောတိ၊ ကပ္ပတိ**"ဟု ဋီကာဆို သောကြောင့် ငါးကြိမ် နှစ်ကြိမ် မပြည့်စေသော်လည်း ဆီကြည်အဆင်း ကဲ့သို့ မည်းမည်းနက်နက် ကျက်မှ အဓိဋ္ဌာန် ဝိကပ္ပနာပြုခြင်းသည် အ လွန်ကောင်းမြတ်၏။ ငါးကြိမ် နှစ်ကြိမ်ဖုတ်ပြီးနောက်လည်း တဖန်တင်

၁။ သလုံးဆရာတော်ဝါဒလည်း ကျမ်းဂန်နှင့် မညီသည်မဟုတ်။ ရှေ့ဆက် ရှေ့တည်ဖြစ်ခဲ့သော ငါ သဘောဆန္ဒသာတည်း။ ပရိက္ခာရတင်သည်ထက် ဝိကပ္ပနာပြုခြင်း၊ တိစီဝရိက်တင်ခြင်းသည် ဂရုကတရ ဖြစ်သင့်သော ကြောင့်တည်း။

ရဦးမည်။ အနည်းငယ် အဖြူအနီ ကွက်သော်လည်း အဖွဲ့ဟာရှိကသော၊ အသေအချာကျမ်းဂန်မရှိ။ အမိဋ္ဌာန် တင်လျှင် တလုံးသာ အပ်သည်။ အကြွင်းကို ဝိဘာဂပြုနာပြု၊ တင်ပုံပြုပုံကား သက်နိုးနှင့်နည်းတူ။ အမိဋ္ဌာန်ကျကြောင်း ကိုးပါးလည်း တိစီဝရိက်နှင့် တူ၏။ အနားရေးမှ လက်နှစ်သစ်အောက် ဆပ်ထမင်းလုံးဝင်လောက်သော အပေါက်သာ ထူပြားတော့၏။

သပိတ်ပြီး၏။

၃။ **ထာလကာ။** ။**ကပ္ပိယာ ထာလကာ တိဿော တမ္ဗာ့ယောမတ္တိကာမယာ။** ။လာသည်နှင့်အညီ။ သံ၊ ကြေးနီ၊ မြေအားဖြင့် ဆွမ်းစားခွက် သုံးပါးသာ အပ်သည်။ ရဟန်းတို့ သုံးဆောင်နေကျ ထိုထာလကာသုံးပါး၌ထည့်၍ လူတို့အားမကျွေးအပ်။ ရှင်လောင်းတပါးကိုသာ ကျွေးကောင်းသည်။ ထို့ကြောင့်.....“**ပဗ္ဗဇိတ ပရိဘောဂေါဟိ အဂါရိကာနံ စေတိယဋ္ဌာနိယော။ ပဏ္ဍုပလာသဿပန ထာလကေပိ ပက္ခိပိတွာ ဒါတုံ ဝဋ္ဋတိ**”.....ဟု မိန့်သည်။အဋ္ဌကထာ။ သပိတ်၌လည်း နည်းတူပင်။ ထို့ကြောင့် ဋီကာ၌.....“**ပတ္တေပိ ဧသေဝ နယော**”.....ဟု မိန့်တော်မူသည်။

**ဒါရုသောဝဏ္ဏ ရဇတ၊ မဏိ ဝေဠုရိယာ မယာ။**
**အကပ္ပိ[1]ဖလိကာ ကာစ၊ ကံသဇာ ဂိဟိသန္တကာ။**
**သံဃိကာ ကပ္ပိယာ တုမ္ဗ၊ ဃဋီဇာ တာဝကာလိကာ။**

ချဒ္ဒသိကဋ္ဌာလာသည်နှင့်အညီ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ဖလ်စက်-ဤခွက်ငါးလုံး သည်[2]သုံးသင်ခုံ၌ မအပ်။ သစ်သားခွက်ကား

၁။ ဖလ်ကာ-ဖလ်ခွက်ဟု သာမန်ချက်ဖလ်ကိုယူလျှင် နောက်ပုဒ်နှင့်တွဲ၊ ပုဂ္ဂလိက မအပ်။ ခုဒ္ဒသိဋ္ဌာင်္ဂကာ၊ ခုဒ္ဒကဝဏ္ဏနာ နိဿကဋ္ဌကထာတို့နှင့် ညီ၏။ ဖလိကာ - ဖလ်စစ်ခွက်ဟု တွင်းထွက်ကိုယူလျှင် ရှေ့ပုဒ်နှင့်တွဲ- မကိုင်အပ်။ သေနာသနက္ခန္ဓကဋ္ဌကထာနှင့်ညီ၏။ဤကျမ်း၌ကား ဖလ်စစ်ဟု ရှေးပုဒ်နှင့်တွဲသည်။ချက်ဖလ်ကို ကာစ-ဟု တခုထည်းပြုသည်။

၂။ ရွှေ၊ ငွေစသောခွက်ငါးလုံးကို ပုဂ္ဂလိက၊ သံဃိက၊ ဂိဟိသန္တက ဖြစ်သော်လည်း မသုံးသပ်ကောင်း။ သေနာသနပစ္စည်း ဖြစ်လျှင်သာ ကိုင်ငင်သုံးသပ်ကောင်းသည်။

ထည့်၍မစားအပ်။ ကြေးပြုခွက်-စဥ့်ခွက် နှစ်လုံးကား သံဃာ့ဥစ္စာ-လူ တို့ဥစ္စာဖြစ်မူ စားအပ်၏။ စဥ့်ခွက်ဟူသည်ကား—ချက်၍ ပြုအပ်သော ဖလ်မှန်ကို ဆိုသည်။ အိုးအုံ၊ ဖူးအုံ—နှစ်ခုမှာ တာဝကာလိက-တကြိမ် စားမှု အပ်သည်။ ပေါင်း ¹ အကပ္ပိယခွက်ဆယ်လုံး။

ထို့ကြောင့် ယခုကာလ ပုဂ္ဂလိကဇွန်း၊ ကွမ်းအစ်၊ ဖလ်ခွက် တို့ဖြင့် ဟင်းလျာ၊ ဆေး၊ ကွမ်း၊ လ္ဘက်စသည်ကို စားသောက်ကြသည် ကား မအပ်ဟုဆိုရန်ရှိသည်။ မည်သည့်ကာလိကကို စားသောက်ရ၏ ဟု ကျမ်းဂန်မရှိသောကြောင့်ရင်း။ "**ဝိဏ္ဏုပါတန္တိ ယံ ကိဉ္စိအာဟာ ရံ**"ဟု အဋ္ဌကထာလာသည်နှင့်အညီ နံနက်အခါ အနာရောဂါ မရှိဘဲ စားသောက်သမျှသည် ပိဏ္ဍပါတ ချည်းသာ ဖြစ်သောကြောင့်ရင်း၊ ရေဇာရဟာ သုဝဏ္ဏပါတိ ကဲ့သို့ သမဏပရိက္ခာရ-ပဗ္ဗဇိတာရဟာ-ကပ္ပိ ယခွက်သုံးလုံးသာ သင်္ဂါယနာတင် အရှင်တို့ ခွင့်ပြုသောကြောင့်ရင်း တည်-ဟု မှတ်လေ။ ။ညဥ့်အခါသုံးဆောင်သောအဖျော်များပင် အပ် မှ အပ်ပါအံ့လားဟု စဥ်းစားဘွယ်ရှိသေးသည်။

"**ပဏ္ဏပုဋေ့ဝါပိ ဧတ္တေ ၀ သင်္ဂဟိတော**" ဟုကာလာသောကြောင့် ဖက်ခွက်လည်း အိုးအုံ၊ ဖူးအုံကဲ့သို့ တာဝကာလိက ² တခဏမှု အပ် သည်။ ယခုကာလ သူအချို့ကား ဖက်ခွက်၌ တွယ်သော တဲအပ် ဝါးခြမ်းကို နုတ်၍ ဖြုတ်၍ စားကြကုန်၏။ ပရမ္ပရ အညာဏမှုသာ ဖြစ် သည်။ မနုတ်သော်လည်း အပြစ်မရှိ။

**ထာလကပြီး၏။**

---

၁။ ခုဒ္ဒကဝတ္ထု၊ ဋီကာနှင့် အဋ္ဌကထာ၌-ဖလိက၊ ကာစ၊ ကံသ-ခွက်များ ပုဂ္ဂလိက သာမအပ်ဟု ခွက် ၃-ခုပြသည်။ သေနာသနက္ခန္ဓကအဋ္ဌကထာ၌ သုဝဏ္ဏ၊ ရဇတ၊ ဟာရကူဋ၊ ဇာတိဖလိကခွက်များ ပုဂ်၊ သံ၊ လူ့ပစ္စည်းလည်းမအပ်။ သေနာသနပဲ့ဘောဂ၌ကား အာမာသ၊ အနာမာသ အားလုံးအပ်သည်- ဟု ခွက် ၄-ခုပြသည်။ ထို့ကြောင့် အကပ္ပိယခွက် ၁၁-လုံး၊ ၁၂-လုံးပင် ဖြစ်၏။ ဤကျမ်း၌ကား ခုဒ္ဒသိက္ခာဂါထာအတိုင်း ဆယ်လုံးဟု ဆိုသည်။

၂။ နှီးကွမ်းအစ်၊ နှီးဖလား၊ နှီးခွက်တို့ကို ဖက်ခွက်နှင့်အလားတူ တခဏမှုအပ် သည်ဟု အချို့ပေါ့ပေါ့ကြသည်။ ဝါးနှီးခွက်သည် သစ်သားခွက်နှင့် ညီ အစ်ကိုဖြစ်သည်။ သစ်သားခွက်ကဲ့သို့ပင် မအပ်ဟု အချို့ လေးလေးကြံကြ သည်။

**၄။ ပတိဂ္ဂဟော။** ။အကပ်ခံရာ၌ ······ **ရှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ်လျောက်၊ ကျမ်းလာထောက်၊ကပ်မြောက်အင်္ဂါ ငါးပါးတည်း။** ။ ထိုတွင် သုံးခုပေးခြင်းဟူသည်ကား ကာယ၊ကာယပ္ပဋိဗဒ္ဓ၊ နိဿဂ္ဂိယတည်း။ ခံခြင်းနှစ်လျောက်ဟူသည်ကား–ကာယ၊ ကာယပ္ပဋိဗဒ္ဓတည်း။

**စွန့်၊ ချ၊ ပေး၊ လု။ မဝတ္ထု၊ လိင်ပြန်။ ဤခြောက်တန်။ ကပ်ခံပျက်ကြောင်းတည်း။**

ထိုတွင် စွန့်ရာ၌ မိမိပုဂ္ဂလိကဥဿုကို မစားတော့အံ့ ဟု အာလယပြတ်မှု၊ လက်ကယ္ယွတ်မှ[၁] အကပ်ပျက်သည်။ ထို့ကြောင့် အကပ်ခံပြီး၍ ရေ့–ငါ့နေရာတွင် ထားလိုက်ဘိ-ဟုစေ၍ သာမဏေထားသည့်ကို ပင် စားကောင်းသေး၏ဟု-မှတ်။ ဒွိသဏ္ဌကာ၊ တိသဏ္ဌကာ၊ ဂဏ္ဌိကာ၊ သံဃိကဥဿုဖြစ်မူ တယောက်တလေစွန့်သော်လည်း အကပ်မပျက်။ ချ-ဟူရာ၌လည်း ဒွိသဏ္ဌက စသည်မှာ တယောက်တလေ သိက္ခာချသော်လည်း မပျက်လေရာ။ ဓါတ္ထိုလိင်ပြန်ရာ၌လည်း နည်းတူ။ ပေးရာ၌လည်း စွန့်သည်နှင့်တူ။ လု-ဟူရာ၌ ခိုးသူလုယက်ခြင်း၊ လူသာမဏေတို့အကျွမ်းဝင်၍ယူခြင်းကိုမှတ်။ ။**အကပ်ခံပြီး၏။**

---

**၅။ ပဝါရိတော။** ။ပဝါရိတ်အရာ၌······

**အသနံ ဘောဇနဉ္စေဝ၊ အဘိဟာရော သမီပတာ။**

**ကာယဝါစာ ပဋိက္ခေပေါ ပဉ္စင်္ဂံ ပဝါရဏာ။**

လာသည်နှင့်အညီ– ''**စားဆဲ၊ ဘောဇဉ်။ ဆောင်ငင်နီးကပ်။ ပယ်မြစ်ထပ်။ ငါးရပ် ပဝါရိတ်သင့်ကြောင်းတည်း။**''ထိုတွင် ဘောဇဉ် ဟူသည်ကား······

**ဩဒနော သတ္တု ကုမ္မာသော မစ္ဆော မံသဉ္စ ဘောဇနံ။**

ဟူသည်နှင့် အညီ····· ''**ထမင်း၊ ငါး၊ သား။ မုံ့နှစ်ပါး။ ငါးပါး ဘောဇဉ်တည်း**''။ စားဆဲ ဘောဇဉ်ကား–ကပ္ပိယ နှစ်ပါးပင်။ ရှေးရှု ဆောင်သော ဘောဇဉ်ကား–ကပ္ပိယ တပါးသာ။ မကပ်လျှင် ကယ် ကောင်း၏။ထိုဘောဇဉ်ငါးပါးတို့တွင်·····

[၁]။ လက်လွှတ်သော်လည်း အာလယ မပြတ်သေး၊ ပြတ်သော်လည်း မလွှတ် သေးလျှင် အကပ်မပျက်ဟူလို။

**သာလိဝီဟိယဝေါကင်္ဂု၊ ကုဒြူသဝရဂေါဓုမာ။**
**သတ္တန္နမေသံ ဓညာနံ၊ သြဒနော ဘောဇ္ဇယာဂုစ။**

ဟူသည်နှင့် အညီ–သလေး၊ ကောက်ကြီး၊ မုယော၊ ဆပ်၊ လူး၊ ပြောင်း၊ နတ်ကောက်–ဤ ၇ ပါးမျိုး ခုနစ်ပါးမှဖြစ်သော ဆန်ကို ချက်အပ်သော ထမင်း၊ လက်ကော်ရသော ယာဂုသည် သြဒနမည်၏။ ၎င်း ၇ ပါးမျိုး ခုနစ်ပါးကို ကျက်စွာလှော်၍ပြုအပ်သော အနှဆုပ်၊ ပေါက်ပေါက်ဆုပ်၊ ကရေကရာ၊ အမှုန့်၊ အခဲ၊ အလုံး၊ အပြား–ဟူသော မုန့်လုံးသည် သတ္တုမည်၏။ ချုံမည်သော ကုလားစပါးကိုလုပ်သော ပေါင်မုန့်-ကုလားမုန့်သည် ကုမ္မာသမည်၏။ မုယောမုန့်မည်၏။ ယခုကာလပြုကြသော မုန့်ဖြူကျော်၊ မုန့်နီကျော်၊ မုန့်ဖက်ထုပ်၊ ချည်ပါမုန့်၊ မရွေး၊ ပေါက်ပေါက်တို့ကား ပဝါရိတ်မလောက်ကုန်။ ပြောင်းဖူးကား စပါးမျိုးခုနစ်ပါး၌ပင်မဝင်၊ ရေ၌ဖြစ်သော မိကျောင်း၊ လိပ်စသောငါးကို မစ္ဆဟုခေါ်သည်။ ထိုမှကြွင်းသော ကုန်းသတ္တဝါဟူသမျှကို မံသခေါ်သတည်း။ "..... လူ၊ ဆင်၊ မြင်း၊ **မြွေ။ ခွေး၊ ဟော၊ သစ်၊ ကျား။ ဝံ၊ အောင်း၊ အား။ အသား မအပ် ဆယ်တွေတည်း။ ။ [1]မဆင်ခြင်မှတ်၊ ရည်၍သတ်၊ ရောလတ်ဆဲ့နှစ်ပါးတည်း"။**

**ကုလဒူသန။ အနေသန။ နာမာသ။ ဖြစ်က စင်စစ်မအပ်တည်း။ ။** ဤ၌ ... ပွင့်၊ သီး၊ မှုန့်၊ မြေ။ ဝါး၊ ပူ၊ ခြေ၊ ဝေဠွေ– ဂူရှစ်ဖြာဟူသော [2]ကုလဒူသနရှစ်ပါး "ခုဒ္ဒကပါဌအဋ္ဌကထာ" ၌သည်တို့၌ လာသော–

---

၁။ မဆင်ခြင်ဟူသည်-ဘယ်အသားနည်းဟု မမေးအပ်သော အသားဖြစ်၏။ သိလျှင်မေးဘွယ်မရှိ။ မေးခြင်းကား ကျင့်ဝတ်ဖြစ်၏။ ။ရည်၍သတ်ကား ရဟန်းတို့ကို ကျွေးရန်၎င်း၊ ရဟန်းအား ကျွေးရန်၊ ငါတို့လဲစားရန်ဟု ရဟန်းကောင်းရည်ရွယ်ခြင်းဖြင့် သတ်သောအသားဖြစ်၏။ မြင်၊ ကြား၊ ထင်၍သိလျှင် မစားအပ်။ မသိသူစားလျှင်အပြစ်မရှိ။

၂။ ကုလ-လူတို့ကို+ဒူသန-ဖျက်ဆီးခြင်း။ သစ်သီးပေးခြင်းစသည်ဖြင့် လူတို့၏ သဒ္ဓါတရားကိုပျက်အောင်ပြုခြင်းတည်း။ သစ်သီးပေးခြင်းစသည်မပြုသော ရဟန်းကောင်းတို့အပေါ်၌မကြည်ညိုနိုင်သဖြင့်လူတို့ပျက်ကုန်၏။ ဘုန်းကြီးဟာတော့မှုးတင်း၊ ပဲတင်း-ဟုယုတ်ညံ့သောစကားကိုပင်ဆိုတတ်ကုန်၏။ ပေးကမ်းသူ၊ အခိုင်းခံသူ၊ ဆေးကုသူတို့က (ရဟန်းပျက်)တို့ကို ဝိနည်းချွတ်လျက် ကြည်ညိုနိုင်သောသဒ္ဓါတရားသည် အစာမိခြင်း၊ ဆေးမိခြင်းနှင့် ယှဉ်ရာ၏။

ဝေဠုံ ပုပ္ဖံ ဖလံ ပဏ္ဏံ၊ ဒန္တကဋ္ဌမုခေါဒကံ။ (၆)
သိနာနံ မတ္တိကံ စုဏ္ဏံ၊ အဆောပိ ဝါဠုကမျုတံ။ (၄)
မုဂ္ဂသူပျံ ပါရိဘဋ္ဋျ၊ ဇာယ်ပွေသနိကံ တထာ။ (၃)
ဝေဇ္ဇံ ဒူတံ ပဟိဏာဋ္ဌ၊ ပတိပိဏ္ဍာဋ္ဌ ဝဍ္ဎကံ။ (၅)
ခေတ္တ နက္ခတ္တ ဝိဇ္ဇာစ၊ အင်္ဂဝိဇ္ဇန္တိ ဇီဝိတံ။ ၃
ကပ္ပေန္တိ တေ နိဿာယ၊ ကေဝီသတိနေသနံ။

ဟူသော "အနေသန" နှစ်ဆဲ့တပါးတို့ကိုမှတ်။

ဤယခုဆိုခဲ့ပြီးသော အင်္ဂါငါးပါးနှင့်ပြည့်စုံ၍ ပဝါရိတ်သင့်သော ရဟန်းသည် အကြွင်းအရှိယာပုထ်၌သင့်၏။ ထိုအရှိယာပုထ်မပျက်သေးမူ အခြားကနောက်မှရသော အစာကိုပင်စားကောင်းသေး၏။ ခလုပစ္စာ ရတင်မှ ဒုရ၏။ မန္တုံပုဂ္ဂိုလ်ကား ဆွမ်းပွဲတွင်ရှိသရွေ့ကိုသာ စားရသည်။ ဥက္ကဋ္ဌပုဂ္ဂိုလ်ကား ဖြစ်ဆဲအခါ ခံတွင်း၌ရှိသော ဆွမ်းလုပ်ကိုသာ မျိုရ တော့သည်။ ထိုအရှိယာပုထ်ပျက်မှစားလျှင် ရတင်လည်းမရ။ ပါစိတ် လည်းသင့်၏။ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိက-သုံးပါး၌ ဒုက္ကဋ်။ ဂေလည၊ [၁]ပါသအကြောင်းရှိမူကား ယင်းကာလိကသုံးပါ အပ်၏။

ရတင်မဆောင်သော ပုဂ္ဂိုလ်ကား စားလိုလျှင် စားချင်သမျှကို ခွက်တခုထည်း၌သော်၎င်း၊ ခွက်အများ၌သော်၎င်းထည့်၍ ဆွမ်းစားဆဲ၊ စားပြီးရဟန်းထံ ဟတ္ထပါသ်တွင်းချဉ်း၍ ချိကြွစောင်းငုံ့လျက် "အတိရိတ္တံကရောထ ဘန္တေ"။ ။ဘန္တေ၊ အရှင်ဘုရား။ အတိရိတ္တံ၊ အပိုအလွန် ကို။ ဝါ၊ စားကြွင်းကို။ ကရောထ၊ ပြုတော်မူပါကုန်လော့- ဤသို့ ဆိုရမည်။ ဝိနည်းရိရ်ရဟန်းက ထိုနေ့ဘောဇဉ်ကို မှန်ညွှန်းစေ့ခန့်မှ မစားဘူး သေးလျှင် စားချင်သရွေ့ယူ စားပြီးမှ ထိုဆွမ်းခွက်ကို မိမိလက်သို့မယူ ဘဲ ထိုအတိရိတ် ဝိနည်းကံပြုလာသောရဟန်း လက်၌ ချိကြွစောင်းငုံ့ဆဲ တွင်...."အလမေတံ သဗ္ဗံ"။ ။ဧတံသဗ္ဗံ၊ ဤအလုံးစုံကို။ အလံ၊ ငါတန်ပြီ။ ဝါ၊ ဧတံသဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ သင်စားထိုက်ပြီ။ စာ လေ တော့-- ဤသို့အတိရိတ်ဝိနည်းကံပြု။ ဤအတိရိတ်ပြုပြီးသော ဘောဇဉ်ကို

၁။ မယူဘဲပြုမှ ချိကြွစောင်းငုံ့ဆဲတွင် ပြုခြင်းဖြစ်နိုင်သည်။

ဝိနည်းရိရ်မှတပါး အများစားကောင်း၏။သူနာကြွင်းကား ဝိနည်းကံမပြု ဘဲပင်အပ်၏။

**သင့်သော်မထ။မစား။က-စား။ကပ်ငြား။ကပ္ပိ။မြောက်ချီ၊နိုးကပ်။ အလံထပ်။ သတ္တအတိရိတ်အင်္ဂါတည်း။** ကပ္ပိယဝိနည်းကံအင်္ဂါခုနစ်ပါးတည်း။ ။အကပ္ပိယဝိနည်းကံအင်္ဂါခုနစ်ပါးကိုကား ဤမှပြန်၍ယူ။

ခွက်တချို့သာပြုအပ်သည်။ ခွက်အများ၌မအပ်-ဟု အချို့မှတ်ကြ၏။ ပဋ္ဌာပိုက်ရတင်ကို နည်းဆောင်၍ ယောင်ဟန်ရှိချေသည်။ကျမ်းဂန်မရှိ။ ဘောဇဉ်မဟုတ်သောဆေး၊ ကွမ်းစသည်ကို ဝိနည်းကံမပြုအပ်ဟူ၍လည်း အချို့ဆိုကြ၏။ပဝါရိတ်အရာ၌ ဘောဇဉ်ကို အတွေ့အမြင်များ၍သာ ယုံမှားဟန်ရှိချေသည်။ကျမ်းဂန်၌ဖြစ်သောစကားမဟုတ်။

## ပဝါရိတ်ပြီး၏။

---

၆။ **ဥပေါသထော။** ။စာတုဒ္ဒသီ၊ပန္နရသီ၊သာမဂ္ဂီ-နေ့အားဖြင့် သုံးပါး။သံဃ၊ဂဏ၊ပုဂ္ဂလ-ကာရကအားဖြင့်သုံးပါး။သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန-ကတ္တဗ္ဗာကာရအားဖြင့်သုံးပါး ဤဥပုသ်ကိုးပါးတို့တွင် တသိပ်ထည်း၌ ရဟန်းလေးပါးရှိမူ သံဃဥပုသ် သုတ္တုဒ္ဒေသအကျယ်ပြု။… **မိုး၊ရေ၊မင်း၊လူ၊နိုးသူ၊ဘီလူး။သားရှူး၊မြွေ၊သက်။ကျင့်မြတ်ဖျက်။ ဆယ်ချက်အန္တရာယ်** ……ဤအန္တရာယ်ဆယ်ပါးတို့တွင် တပါးပါးရှိလျှင် "**သုတသဒ္ဒါ**"ဖြင့် သိမ်း၍အကျဉ်းပြုကောင်း၏။

---

၁။ အများစားကောင်း၏ဟူသည် ဝိနည်းမိုရ်သည် မိမိအတိရိတ်ဝိနည်းကံပြုပြီးသောအစာကို နောက်တဖန်မစားအပ်။ ထိုသူမှတပါး ပဝါရိတ်သင့်၊မသင့်အားလုံးစားကောင်း၏ဟူလို။

၂။ ပြုဟူသည်မျက်စိဖြင့်မြင်အောင်အဆင်းပြခြင်းမဟုတ်။နားဖြင့်ကြားအောင် အသံဆိုပြခြင်းတည်း။ပါဠိတော်၌ပင်လျှင် ရွတ်ဆိုသည်၊ဖွင့်သည်၊ပြသည်၊ ပေါ်လွင်အောင်ပြုသည်-စသည်ဖြင့် ဖွင့်ပြ၏။ဒီသိ-ဥစ္စာရဏော၊ ရွတ်ဆိုခြင်း၌ဖြစ်၏။ပကာသနေ၊ ပြခြင်း၌ဖြစ်၏ဟူ၍လည်း ပါဠိတော်နှင့်အညီ ဝတ်နက်ဆိုအပ်၏။

တသိမ်ထည်း၌ သုံးပါးရှိမှု……"**သုဏာန္တု မေ အာယသ္မန္တာ။ အဇ္ဇုပေါသထော ပန္နရသော။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ။ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ**"……ဟုဉာတ်ထား၍ "**ပရိသုဒ္ဓေါ အဟံအာဝုသော။ ပရိသုဒ္ဓေါတိမံဓာရေထ**"……ဟုဂဏဥပုသ်-ပါရိသုဒ္ဓိပြု။ ။နှစ်ပါးရှိမှု ဉာတ်မထားရသည်သာထူးသည်။ ။ တပါးထည်းသာရှိမှု……"**အဇ္ဇမေဥပေါသထောပန္နရသော**" ……ဟုဆို၍ ပုဂ္ဂလဥပုသ်-အဓိဋ္ဌာန်ပြု။ ။ပုဗ္ဗကိစ္စကိုပါးဟုကား ထိုက်သည် အားလျော်စွာ ပြုရသည်ချည်းမှတ်။

**ဘိက္ခုနောဝါဒကအင်္ဂါကား**။ ။သီလ၊သုတ။ဒွေကိုရ၍။ ကောင်းလှစကား။အမျှားချစ်ခင်။သွန်သင်ဘဘ်စွမ်း။ ယေယ်ရဟန်း နှင့်။ ဖက်ယမ်းမေထုန်၊ မကြုံစဘူး။ လွန်ကျူး နှစ်ဘယ်။ ဤမှစ် သွယ်။မှတ်ဘွယ်ဩဝါဒ……ဤရှစ်ပါးဘည်း။

**ဝဇ္ဇနီယပုဂ္ဂိုလ်ကား**။ ။သူ၊ခိုး၊သိက္ခာ။သာ—နှစ်ဝ၊ သိက္ခ၊ အဓိမာ( ၇ )။

မစွန့်၊မကု။မရှုတုံ ဩား။သချပ်ကြား။သုံးပါးဥက္ခိတ္တာ(၃)။ ပဏ်၊ထေ၊ပက်၊ဆာန်။ပဋ္ဌာန်။ဒူသ်၊ဥဘောပ( ၁၁ )။ ဗောဓိသ။ ဝဇ္ဇိယ။ ထုတ်ပြပါဋ္ဌမှာ…… ဤနှစ်ကျိပ်တယောက် တည်း။

ရှစ်ပါးပါရာ။ ဘဗ္ဗာခေါသွတ်။ လူဝတ်သည့်နှိ။ လဗ္ဘိ၊ မုဒ္ဓ။ ဓေးရှုထိုင်ခဲ့၊ ရတ်ပြန်ခဲ့-နှစ်ဆဲ့လေးပါရာ……ပါရာဇိက နှစ်ဆဲ လေးပါး။ ။

အာ၊ဥသ်၊ ဩ၊ပက်။ နပုန်းစွက်။ ငါ ချက်ပဏ္ဍုက်သာ။

ဥပုသ်ပြီး၏။

---

၁။ လမ္ဘီ-လိင်ရှည်၍ မိမိဝစ္စမဂ်၌သွင်းသူ။မုဒု-ခါးပြော့၍ မိမိအင်္ဂါ ငုံစုပ်သူ။ သူတပါးအင်္ဂါ၌ သွင်းထိုင်သူ၊စုတ်သူ-ဤလေးယောက်သည် ငွေပ ပါရာဇိကအားလျော်၏။ အနုလောမပါရာဇိကမည်၏။

**၇။ ပဝါရဏာ၀။** ။စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ-နေ့အားဖြင့် သုံးပါး။သံဃာ၊ဂဏ၊ပုဂ္ဂလ–ပုဂ္ဂိုလ်အားဖြင့်သုံးပါး။ တေဝါစိက၊ ဒွေဝါစိက၊သမာနဝဿိက–အခြင်းအရာအားဖြင့်သုံးပါး ဤပဝါရဏာ ကိုးပါးလည်း ဥပုသ်ကိုးပါးနှင့်များစွာမထူးလှပြီ၊ထူးသည်ကို သာ ဆိုအံ့။

တသိမ်ထည်း၌ ရဟန်းငါးပါးရှိမူ…''သုဏာတုမေဘန္တေ သံဃော။ အဇ္ဇပဝါရဏာ ပန္နရသီ။ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃောပဝါရေယျ''ဟု သဗ္ဗသင်္ဂါဟိကဉာတ်ကို သော်ငင်း၊…''**သံဃော တေဝါစိကံ ပဝါရေယျ**''ဟု ဝိသေသဉာတ်ကိုသော်ငင်း ထားပြီး၍…… ''**သံဃံ ဘန္တေ ပဝါရေမိ။ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တုမံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ……။ တတိယမ္ပိ ဘန္တေ သံဃံ……ပ……ပဋိကရိဿာမိ**''-ဟု ဝါစဉ်အတိုင်း သုံးကြိမ်စီဆို။ကိုယ့်အလှည့်မပြီးမခြင်း ဆောင့်ကြောင့် သာထိုင်နေရသည်။ ဒူးကိုချ၍ထိုင်မူ ဒုက္ကဋ်။ အန္တရာယ်ဆယ်ပါးတို့တွင် တပါးပါး ရှိခဲ့သော်ငင်း၊ ကလဟ၊ ဝိဝါဒ၊ ဓမ္မသာကစ္ဆာ-စသည် တို့ကြောင့် ညဉ့်ကြွင်းနည်းခဲ့သော်ငင်း ဒွေဝါစိက၊ဧကဝါစိက၊သမာန ဝဿိက–ပြုကောင်း၏။

တသိမ်ထည်း၌ ရဟန်း လေးပါး၊ သုံးပါး ရှိမူ……''သုဏန္တုမေ [၂]အာယသ္မန္တာ။ အဇ္ဇပဝါရဏာ ပန္နရသီ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ''–ဟု ဂဏဉာတ်ထား၍ ဘိတ်ကြားရသည်။ ။နှစ်ပါးရှိမူ ဉာတ်မထားရပြီ။ ။တပါးထည်းသာ ရှိမူ……အဇ္ဇမေပဝါရဏာ ပန္နရသီ……ဟုဆိုရသည်။

**ပဝါရဏာပြီး၏။**

---

၁။ ဝဒတုမံသံဃော ဟုဘိတ်ကြားလျှင် ရှေးနောက်စကား ညီသည်ဟု ဆိုဘွယ်ရှိ၏၊ညီလျှင် သံဃာပြောမှ နာခံမည်၊သံဃာမပြည့်ဘဲ ပြောက မနာခံလို-ဟု ခုခံဘွယ်ရှိပြန်၏၊ ဆိုသိုရင်းကား သံဃာကို ဘိတ်သော်လည်း သံဃာ၌ အကျုံးဝင် အရှင်တို့လည်း ပြောကြပါ၊ နာခံပါမည်ဟု ဆိုလို၏။ထို့ကြောင့် ဝဒန္တုမံအာယသ္မန္တောဟုဟောသည်။

၂။ လေးပါးရှိလျှင် အာယသ္မန္တော၊သုံးပါးရှိလျှင် အာယသ္မန္တာဟုပါဠိတော်၌ခွဲသည်၊ဤ၌ ပေါင်းချုံးပြသည်။

၈-၉။ **သဆန္ဒပါရိသုဒ္ဓိစ။** ။ဤဥပုသ်ပဝါရဏာအခဏ်း၌ဆန္ဒ၊ ပါရိသုဒ္ဓိ-အဖွင့်ကို ဆက်၍ဆိုဦးမည်။ အခြားသိမ်က ဥပုသ်ပြုခဲ့ပြီး သောရဟန်းသည် သိမ်တွင်း၌ရှိလျက် သံဃာစည်းဝေးရာသို့ မလိုက် လိုလျှင် သံဃာဝဂ်မဖြစ်စေခြင်းငှါ ဆန္ဒပေးလိုက်ရသည်။ ပေးပုံကား– ထိုရဟန်းသည် ရဟန်းတပါး အထံ၌ လက်အုပ်ချီ၍..... "**ဆန္ဒံဒမ္မိ၊ ဆန္ဒံမေဟရ၊ ဆန္ဒံမေ အာရောစေဟိ**"..... ဟုဆို၍ပေး။ ။ဆန္ဒဆောင် သောရဟန်းက သံဃာစည်းဝေးပြီးနောက် ဘွဲ့မည်ကို မှတ်၍..... "**တိဿော နာမ ဘန္တေ ဘိက္ခု ဆန္ဒံ ဒေတိ**"..... ဟူ၍၎င်း၊ အဒေါသိ-ဟူ၍ ၎င်း၊ "**တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော**"...ဟူ၍၎င် ကြားရသည်။ [၁]နောတကျော။ ။ယခုကာလကား–"**တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော။ တမဟံ သံဃဿ အာရောစေမိ**"..... ဟု ကြားရိုးပြုကြကုန်၏။ သင့်သည်ချည်း။ ကျမ်းဂန်ကား တိုက်ရိုက်မရှိ။

ဂိလာန၊ ဂိလာနုပဋ္ဌာက၊ ကိစ္စပ္ပသုတ ရဟန်းတို့ကား မိမိတို့ ဥပုသ် ပြုခြင်းကိစ္စပြီးအောင် ပါရိသုဒ္ဓိကို ပေးရသည်။ ပေးပုံ၊ ကြားပုံကား၊ ဆန္ဒကိုနည်းမှီ၍ ဇုတ္တိလိုင်ဖြင့်ဆို၊ သံဃာအား ဥပသမ္ပဒကံ-စသော ကံတပါးရှိသေးလျှင် ပြန်၍ ဆန္ဒမဆောင်လာရအောင် ဆန္ဒကိုလည်း ပေးလိုက်ရသည်။ ဆန္ဒ၊ ပါရိသုဒ္ဓိ–နှစ်ပါးတို့ အကျိုးအာနိသင် အထူး ကား..."**နှစ်ဦး နှစ်ဝ၊ ဥပုသ်မျှ ပြီးထပါရိမှာ။ ။ဆန္ဒမှာကား သံဃာ အား၊ ပြီးဌြေးကံသဗ္ဗာ။ ။ပါရိ ဆန္ဒ။ ထိုနှစ်ဝ။ ထူးထဉ်သို့လာ။**"

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ–ပုဒ်ကို ဝါကျမှတ်ထင်၍... ဆန္ဒပါရိသုဒ္ဓိစ၊ ဆန္ဒဆောင်ခြင်း၊ ပါရိသုဒ္ဓိဆောင်ခြင်း၎င်း။ ဥတုက္ခာနဉ္စ၊ ဥတုသုံးပါးကို ကြားခြင်း၎င်း-ဟု အနက်ပေး၍ ဆန္ဒပါရိသုဒ္ဓိကို သံဃာစည်းဝေးပြီး နောက်မှ သွား၍ဆောင်ရမည်။ ပုဗ္ဗကရဏမဟုတ်။ ပုဗ္ဗကိစ္စ-ဟု ဆိုကြ ကုန်၏။ ဝါကျမဟုတ်၊ သမာသ်တည်း။ အက္ခာနံ–ပုဒ်ကို သုံးပုဒ်လုံး၌ သွင်း၍... ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနဉ္စ၊ ဆန္ဒကိုကြားခြင်း၊ ဆန္ဒပါရိသုဒ္ဓိကို

---

၁။ သဒ္ဒါကျမ်းတို့၌-မေ၊ တေ၊ နော၊ ဝေါ-တို့ကိုပဒတောဟု ပုဒ်နောင်ပြသည်။ နောတကျော-မသင့်ဟုဆိုဘွယ်ရှိ၏၊ အပဒါန်ပါဠိတော်၌ ပုဒ်ရှေ့၌ ထားလျက်ပြသည်မှာ အများပင်ရှိ၏။

ကြားခြင်း၊ဥတုသုံးပါးကိုကြားခြင်း-ဟု အနက်သမ္မန်ရမည်။ ဆန္ဒပါရိ
သုဒ္ဓိ-ကြားခြင်းကိုသာ သံဃာ စည်းဝေးပြီးနောက်မှ ပြုရသည်။
ဆောင်ခြင်းကိုကား အသီးအသီး လာခဲ့ရာအရပ်ကပင် ပြုခဲ့ကြရသည်။
ဤအနက်ကို…"**သစေသော အညံ ဘိက္ခုံ ပဿိတွာ**"…စသော ကခ်ါ
နိဒါန်းပါဠိ သာဓကဖြင့်၎င်း၊ သုံးယူဇနာရှိသော မဟာသိမ်ကြီးမှာ
သံဃာစည်းဝေးပြီးမှ သွား၍ဆောင်လျှင် ဥပေါသထ၏ အန္တရာယ်ပင်
ဖြစ်ရာသော ယုတ္တိဖြင့်၎င်း သိအပ်၏။သိမ်တူမှ ဆန္ဒပါရိသုဒ္ဓိကိုဆောင်
ရသည်။ သိမ်ပြားမှ မဆောင်ရ။ဆောင်သော်လည်း မပါမလိုက်၊သံဃာ
လည်း ဂဏ်မဖြစ်။

**ဆန္ဒပါရိသုဒ္ဓိအဖြွက်ပြီး၏။**

---

၁၀။ ကုဋိ။ ။**ဝါသတ္ထာယ ကတေ ဂေဟေ၊
သံဃိကေ ဝေက သန္တကေ။
ကပ္ပိယာ ကုဋိလဒ္ဓဗ္ဗာ၊
သဟသေယျပ္ပဟောနကေ။**

ဟူ၍ လာသော ကပ္ပိယကုဋိသည် ဉတ္တိဒုတိယ၊ အပလောကနကံ
တို့ဖြင့် သမုတ်ရသော [၁]သမ္မုတိကုဋိ……၁။ရှေးဦးစွာချသောသည်တိုင်၊
အုတ်ကျောက် နံရံခြေ-စသည့်တို့ကို ရဟန် လေးပါး ငါးပါး ဝိုင်းမိုက်
ချီကိုင်သုံးသပ်၍……"**ကပ္ပိယကုဋိံ ကရောမ**"……ဟု ဆို၍ တိုင်ကျသည်
နှင့် [၂]စကားဆုံးခြင်းညီမျှအောင်ချ၍ ဆောက်လုပ်သော ဥဿာဝနန္တိက
ကုဋိ……၁။ကျောင်းဝင်းစည်း ဆူးတံတိုင်း အရံထက်ဝက်မျှ မရှိသော
ကျောင်းဟူသော ဂေါနိသာဒိကကုဋိ……၁။ရဟန်းမှကြွင်းသော သီတင်း
သုံးဘော် လေးရပ်၊လူ၊ နတ်၊ ပြဟ္မာတို့၏ ကျောင်းအိမ်ဝိမာန်ကို……

---

၁။ ဤကပ္ပိယကုဋိ သမ္မုတိ ကမ္မဝါစာ၌ ဋ္ဌမ-သဒ္ဒါ မပါသောကြောင့် မျက်
ကွယ်သိမ်တပါး၌ ပြုကောင်းသည်ဟု အချို့ဆိုကုန်၏။ သိမ်သမုတ် ကမ္မ
ဝါစာ၌လည်း ဋ္ဌမ-မပါ၊ဤသို့ကား မဆိုဝံ့တန်ရာ၊ မျက်ကွယ် ကံ၅စ်ပါး
၌ မပါသည်ကို မသုံးသပ်ခြင်းလျှင် အကြောင်းရှိလတ္တံ့။

၂။ စကားဆုံးခြင်း၌ ရဟန်းတပါးပါး၏ စကားဆုံးခြင်းဟု အဋ္ဌကထာဆို
သည်။တပါးထည်းလည်း ဥဿာဝနန္တိက ပြုကောင်း၏ ဟူလို၊ မနိုင်
လျှင် လေးငါးပါးသာမက လူအများနှင့်သော်လည်း ပွေ့ချီရသည်။

**"ကပ္ပိယကုဋိံ ဒေမ၊ ပရိဘုဉ္ဇထ။ ကပ္ပိယကုဋိံ ကာတုံ ဒေမ"......** ဟုဆို၍ ရေစက်ချ လှူအပ်သော ဂဟပတိကုဋိ......[၁]။ ဟူ၍ [၂]လေးလုံ တည်း။

**သမ္မုတုဿာဝနန္တာစ၊ ဂေါနိသာဒိ ဂဟပတိ။**
**ကပ္ပိယာ ဘူမိယောယာသု၊ ဝုတ္တံ ပက္ကဥ္စ ကပ္ပတိ။**

ရုဒ္ဒသိက္ခာ လာရှိတိုင်း ယင်းကပ္ပိယကုဋိ လေးလုံး၌သာ ယာဝကာ လိက၊ ယာမကာလိက နှစ်ပါးကို ညဉ့်အိပ် သိုမှီး၍ ထား ကောင်းသည်။ ချက်ပြုတ် ဖုတ်ကင်ကောင်းသည်။ ကုဋိပျက်တွင်း၌ သိုမှီးချက်ပြုတ် လျှင် အန္တောဝုဋ္ဌ၊ အန္တောပက္ကဒုက္ကဋ်အာပတ်သင့်သည်။ ယင်းကပ္ပိယ ကုဋိလေးလုံးပျက်ပုံကား—

**ဥဿာဝနန္တိကာ ယေဟိ၊ ထမ္ဘာဒီဟိ အဓိဋ္ဌိတာ။**
**တေသု ယေဝ ပနီတေသု၊ တဒညေသုပိ တိဋ္ဌတိ။**
**သဗ္ဗေသု အပနီတေသု၊ ဘဝေ ဇဟိတဝတ္ထုကာ။**
**ဂေါနိသာဒိ ပရိက္ခိတ္တာ၊ သေသာ ဆဒနဝိဗ္ဗမာ။**

ရုဒ္ဒသိက္ခာ [၃] လာတိုင်မှတ်။

**ကပ္ပိယကုဋိလေးလုံးပြီး၏။**

---

**၁၁။ ကာလိကာ။** ။အကာလ်ခံပြီးမှစ၍ ကာလအပိုင်းအခြား ရှိသော ကာလိကသည် ယာဝကာလိက၊ ယာမကာလိက၊ သတ္တာဟကာ လိက၊ ယာဝဇီဝိက- ဟူ၍ လေးပါး တည်း။ ထိုတွင် ယာဝကာလိကသော ခဲဖွယ် ငါးပါး– မြစ်၊ ဥ၊ ဖွယ်၊ ညှော်က်။ ပင်၊ ခေါက်၊ ရွက်၊ ပွင့်။ သီး စေ့ ဆင်၊

[၁]။ ရဟန်းအား မဖျော်သေးသော ဒါယကာ ပိုင်ရှင်လှူလည်း ဂဟပတိ ကုဋိသာမည်၏။

[၂]။ ဟေန္တ ဥဒ္ဒိ နေ့စရာ ဂါသာဂါရ မဟုတ်သော မီးတင်ကုဋိ၊ ဆွမ်းစား ကျောင်း၊ ဘန်ဒဆောင်း စသည်သည် ပပျက်စေကောင်းသော ပဥ္စမီကျုံး ကုဋိမည်၏ဟု ဒိမတိဋ္ဌကာဆိုသည်၊ ယုံနှင့်ပါလိုတည်း။

[၃]။ ရုဒ္ဒသိက္ခာလာတိုင်းကား-ဥဿာဝနန္တိသည် မူလတိုင်၊ နောက် အဆက် ဆက်တိုင်တို့ တလုံးမကျန်မရှိမှ ပျက်သည်။ ဂေါနိသာသည် အင်္ဂါဆက်ပျက်၊ ဆက်ဝက်ကျော်ကာမှ ပျက်သည်။ ဂဟပတိ၊ သမ္မုတိသည် အမိုးအကာလုံးမ ကျန်မှ ပျက်သည်။

မှုန့်နှင့်၊ စေး-ဆဲ့နှစ်–ဟူသော ခဲဘွယ်တဆဲ့နှစ်ပါးတို့သည် [၁] **ယာဝ ကာလိက** မည်၏။

**ထန်း၊ အုန်း-နှစ်ကွဲ။ ပိန္နဲ** [၂] **နှစ်စုံ။ ဗူး၊ ဖရုံ။ မှတ်ယုံ သုံးသခွါး–** ဟူသော သီးကြီးကိုးလုံးမှ တပါးသောရေအေးဖြင့် ဖျော်နယ် စစ်ယူအပ်သော အသီး အပွင့် အရွက်ရည်စသော အနုလောမ အဖျော်နှင့်တကွသော······**သပြေ၊ သရက်။ နွယ်သပြက်။ ဖက်သက်တရော်ရည်။ ။ တော၊ အိမ်-ငှက်ပျော။ ကြာစွယ်နွှော။ မှတ်လော** [၃] **ရှစ်ဖျော်ရည်**-ဟူသော အဖျော်ရည်ရှစ်ပါးသည် **ယာမကာလိက**မည်၏။ ။အကပ်ခံပြီးမှ အဖျော်ရည် မစင်လျှင် သဝဏ္ဏုက ပဋိဂ္ဂဟိတ ဖြစ်သောကြောင့် တဖန်ထပ်၍စစ်ပြန်သော်လည်း [၄] မအပ်ပြီ။

အသားအပ်၊ မအပ်သော သတ္တဝါဟူသမျှတို့၏ နို့ရည်မှ ဖြစ်သော ထောပတ်။ [၅] ထောပေး၊ အလုံးစုံသော ဆီ၊ ပျားရည်၊ တင်လဲ-ဩငါး ပါးသည် **သတ္တာဟကာလိက** မည်၏။ ။အသားအပ်သောသတ္တဝါမှဖြစ်

---

၁။ ဘောဇဉ်ငါးပါး၊ ခဲဘွယ် ဆဲ့နှစ်ပါး၌ မပါဘဲလျက် ယာဂုကျဲ၊ နွားနို့ အရသာတို့လည်း ယာဝကာလိကသာ မည်သေး၏။

၂။ တစုံသည် နှစ်ခုဖြစ်၍ ပိန္နဲနှစ်စုံသည် လေးခုဖြစ်နေပြီဟု ဥာဏ်လွန်သူအချို့ ဥာဏ်ရှုးစိုက်ကုန်၏။ ဗဟုဿုတရှိ၍သင့်အောင်ယူသူတို့ကား နှစ်ခုကို စုံဖွဲ့ထားသည်ဟု အမှန်ကိုသိနိုင်ကုန်၏။

၃။ ရှစ်ဖျော်ရည်တွင် သပြက်၊မုဒရက်-တူ။ ဖက်သက်၊မြရာ-တူ။သစ်မည်စည်၊ မယ်ဇယ်၊ တရော်-တူ။ မီးချက်လျှင် အဖျော်မအပ်။ နေချက်၊ ရေဇ-ဖျော် အပ်၏။ ရှောက်၊သံပုရာ၊ မန်ကျည်း၊ ဆီး-စသည်ကား အနုလောမအဖျော် မည်၏။

၄။ အဖျော်၌ အဖတ် အနယ် စင်-မစင်ကြည့်၍ စင်စေပြီးမှ အကပ်ခံသင့်သည်။ မစင်ဘဲအမှတ်မဲ့အကပ်ခံမိလျှင်ယာဝကာလိကဖြစ်၍မသောက်အပ်။ ပြန်စစ်လည်း မသောက်အပ်၊အလွန်သတိရှိဘွယ်ကောင်းလှ၏၊အချို့မန်ကျည်းနှစ်များမှ ကိုယ်တွင်းသေည်ဟု အားထုတ်ကြ၏။ မသင့်လွန်းတည်း။

၅။ ထောပေးကို မသကာ-ဟူ၍လည်း ခေါ်သည်။ နဝနီတ-ဆိုဦးပင်တည်း။ ထောပတ်ဖြစ်လုနီး ဟူလို။

သော ပါဠိယာဂတ ထေးပတ်စသည်သည် နိဿဂ္ဂိယဝဏ္ဏ။[1] ပါဠိယာနာဂတ ထေးပတ်စသည်ကား ဒုက္ကဋ်ဝဏ္ဏ။ ။အသားမအပ်သော သတ္တဝါ၌ အသား၊ အသွေး၊ အမွေး၊အရိုး၊ အရေ-ဤငါးပါး လူမှာအဆိပါ ၆-ပါးသာ မအပ်သည်။ အကြွင်းကား လူနှို့မှစ၍ အလုံးစုံအပ်၏။

ထိုထိုမြို့ရွာဒေသတို့၌ ပကတိ အာဟာရကိစ္စကို မပြီးစေနိုင်သော အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီးစသော အလုံးစုံသည် **ယာဝဇီဝိကမည်၏။**

ထိုဘွင် ရှေးနေ့အကပ်ခံပြီးသော နောက်ကာလိက နှစ်ပါးနှင့် ရောသော ရှေးကာလိကနှစ်ပါးသည် သန္နိဓိပါစိတ် အာပတ်ကို[2] ဖြစ်စေတတ်၏။ ။ကြာရှည်စွာအကပ်ခံပြီးသော ယာဝဇီဝိကကို သတ္တာဟကာလိကနှင့်ရောမှုကား[3] သမ္ဗန္ဓရသဖြစ်သော်လည်း အပ်၏။ သတ္တာဟကာလိကကို အကပ်ခံသောနေ့မှစ၍ ခုနစ်နေ့ကို ရေတွက်ရသည်ဟု[4] အဋ္ဌကထာပြသည်။

## ကာလိကခွဲပြီး၏။

---

**၁၂။ နိဿိတမုတ္တော၁စ။** ။ဆရာမရှိ၊ တပည့် တပန်း ရဟန်း သာမဏေမမွေး-ဧကစာရီ၊ ဒွိကစာရီ-နေရသော နိဿယမုတ္တက အင်္ဂါကား—

၁။ ပဲဆီ၊ ဆန်ရည်၊ထန်းလျက်တို့လည်း ပါဠိတော်၌မလာသော ဒုက္ကဋ်ဝဏ္ဏတည်း။ ဖာဏိတကို ကြံမှဖြစ်သည်ဟု ဖွင့်သောကြောင့် ထန်းလျက်သည် ပါဠိယာနာဂတ ဖာဏိတတည်း။ကြံသကာသည် ပါဠိတော်လာ ပါစိတ်ဝဏ္ဏ ဖာဏိတတည်း။
၂။ ရှေးနေ့အကပ်ခံပြီးသောသတ္တာဟ၊ ယာဝဇီဝကိုယနေ့အကပ်ခံသောယာဝ၊ ယာမနှစ်ပါးနှင့်ရောလျှင် ချက်ခြင်းသန္နိဓိပါစိတ်ဝဏ္ဏဖြစ်၏ဟူလို။
၃။ သမ္ဗန္ဓရသ-ရောသောအရသာရှိသော်လည်း ရှေးနေ့အကပ်ခံပြီးယာဝဇီနှင့် ယနေ့အကပ်ခံသော သတ္တာဟကား အပ်၏—ဟူလို။ယာဝဇီကိုအကပ်ခံပြီးသောနေ့တို့ကို မရေတွက်ရ၊
၄။ အဋ္ဌကထာပြသော်လည်း၇-ရက်လွန်အကပ်ခံပြီး ယာဝဇီကိုသတ္တာဟနှင့် ရောလျှင်ချက်ခြင်းပင်မအပ်၊ သန္နိဓိလိုက်သည်ဟုအချို့ငြင်းခုံ၍ အယူမစွန့်နိုင်ကြကုန်။ အဋ္ဌကထာကို လွန်ဆန်လျက်ရှိကုန်၏။ အဋ္ဌကထာ-၌ကား သတ္တာဟကိုအကပ်ခံသောနေ့မှစ၍ခုနစ်ရက်ရေတွက်ဟုဆိုသည်။

သုတ္တန္တာ စတုဗ္ဘာဏဝါ၊ ပဥ္စဝဿေန မာတိကာ။
အမ္ဗဋ္ဌော ကထာမဂ္ဂေါ၊ တိဿော စ အနုမောဒနာ။
ကမ္မာကမ္မဥ္စ သမဏာ၊ ဓမ္မံကာတုံ စ ဘာဝနာ။
ဧတ္တကံ ဥဂ္ဂဟေတဗ္ဗံ၊ သုတဝါ ဟေတ္တကေန သော။

ဟူသော သင်္ဂဟဂါထာနှင့်အညီ ငါးဝါပြည့်၍ သုတ်-နှစ်အင်္ဂါ၊ ဒွေမာတိကာ၊ ပဏ္ဏုကြောင်းတခု၊ ရေစက်ချနှင့်တကွ တရားသုံးပုဒ်၊ ဥပုသ် ပဝါရဏာကံကြီးကံငယ်အဆုံးအဖြတ်၊ မဂ်ဖိုလ်ဆိုက်ထိအောင် သမာဓိ ဝိပဿနာအစွမ်းဖြင့် စရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်းကောင်း--ဤ တရားများကို ရအောင်သိနားလည်အောင် အားထုတ်အပ်၏။ ဤအင်္ဂါခုနစ် ပါးမှုမပြည့်စုံဘဲလျက် နိဿယည်း၊ ဥပဇ္ဈာယ်ဆရာ ကင်း၍နေလျှင် နေစဉ်မပြတ် အာပတ်သင့်၍ နေတတ်သည်။ ထိုတွင် ပဉ္စဝဿ၊ ဒွေ မာတိကာ၊ ကမ္မာကမ္မ ဤအင်္ဂါသုံးပါးသာလိုရင်းမှတ်။ ကြွင်းလေးပါး ကား ဒါယကာတို့နှင့် တွေ့ကြုံသောအခါ ဝက်အိုကြီးပမာ ဘာကိုမျှ မပြောမဟောတတ်ဘဲ ရဟန်းဂုဏ်သိက် အရှိန်အစော် နည်းသည်ကြောင့် ၎င်း၊ ရဟန်းပြုခြင်း၏ နိယျာနိက နိဿရဏအကျိုး ရှိပါစေခြင်းငှါ၎င်း အဋ္ဌကထာဆရာ မြတ်ထည့်သွင်းတော်မူအပ်သည်။

နိဿယမုတ္တကအင်္ဂါပြီး၏။

---

**၁၃။ နိဿယောပဇ္ဈာ။** ။တပည့် တပန်း ရဟန်း သာမဏေ မွေး၊ နိဿယည်း ဥပဇ္ဈာယ်ပေး၍ သာသနာတော်ကို ပြုစုချီးမြှောက် လိုသော ကျောင်းထိုင်ဘုန်းကြီးအင်္ဂါကား-- ဆယ်ဝါရခြင်း၊ ဥဘတော ဝိဘင်း ပါဠိအဋ္ဌကထာကို အနက်အဓိပ္ပါယ် ထင်မြင်ခြင်း၊ ပရိဝါကမှ ဝင်သော ကံကြီး ကံငယ်တို့ကို သိနားလည်ခြင်း၊ ခန္ဓကဝတ်တို့ကို များစွာ ဆိုသော ခုဒ္ဒသိက္ခာကျမ်းများကိုသင်ကြားနှုတ်တက်ရ၍ ခန္ဓကဝိနည်း ကို သိနားလည်ခြင်း။ နာမ်ရုပ်အပိုင်းအခြားကို များစွာဆိုသော သင်္ဂြိုဟ် ကျမ်းများကို ရအောင်နားလည်၍ သမထ ဝိပဿနာနည်း နှစ်ပါးပွင့် သော ကမ္မဋ္ဌာန်း တရားကို တပည့်သားတို့အား ဟောကြားဆုံးမ နိုင် ခြင်း ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှ ....''**ပတိဗလော ဟောတိ အန္တေဝါ သိကံ အဘိဓမ္မေ အဘိဝိနယေ ဝိနေတုံ**''...... အစရှိသော ပါဠိအဋ္ဌ

ကထာတို့နှင့် ညီညွတ်၍ ပရိသတ်မွေးကောင်း—ကျောင်းထိုင် ကောင်းသည်။

**ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ ခန္ဓကပုဒ်၊ နာမ်ရုပ်ဖိုင်ဖိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ။** ။ပါဠိအဋ္ဌကထာလာတိုင်း ရိုးရစ်ပြအပ်သော [၁] ဤအင်္ဂါမျှမစုံလင်၊ စိတ်ကောင်းလည်းမဝင်၍ နေ့စဉ်အာပတ် အထပ်ထပ်နှင့် ကိုယ်ကျိုးကိုလည်း ဖြောင့်ဖြောင့်မကျင့်တတ်၊ မကျင့်လို၊ တပည့်သံဃာ ဒါယကာ တို့ကိုလည်း လမ်းမှန်အောင်မပြတတ်၊ မပြလိုသော စာမတတ်အလဇ္ဇီ၊ စာတတ် မိစ္ဆာဝါဒီ၊ အလဇ္ဇီသဒ္ဓါမဲ့ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကိုမှီ၍ သာသနာတော်၌ များစွာအညစ်အကြေး ဘေးရန်ဥပဒ်ကြီး စွာဖြစ်တတ်သည်။ ထိုတွင် စာပေကျမ်းဂန် တတ်သိခြင်း၊ ဘုန်းတန်း လာဘ်သပ်ပကာ ပူဇာသက္ကာရ ပရိဝါရများပြားခြင်း၊ သဒ္ဓါမပြု အယူပေါက်ပြဲ ချွတ်လွဲတိမ်းပါးမှောက်မှားပျက်ချော်ခြင်း-ယင်း အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဂိုဏ်းဆရာဦးကိုင် ကျောင်းထိုင်အလဇ္ဇီဖိုလ်ချုပ် ပုဂ္ဂိုလ်သည် လွန်စွာသာသနာတော်ကိုဖျက်ဆီးခြင်းငှါစွမ်းနိုင်သည်ဟု ကျမ်းဂန်တို့၌လာသည်။

ကျေးတော ကျေးရွာ၌ရဟန်းသံဃာတို့·····ဗျည်းစီး၊ နွား၊ မွေး၊ ဆေးသောက်၊ ကွမ်းစား၊ ဆေးဝါး၊ အင်္ဂုယထိုး—စသည်ဖြင့်သာသနာတော်နေရာမကျ ပျက်ပြားရခြင်း၊ လှူဒါန်း၍အကျိုးရှိ-မရှိ လဇ္ဇီ အလဇ္ဇီ ပုဂ္ဂိုလ်အကောင်း-အဆိုး ကိုမှု လူတို့မသိရှာကြရခြင်းများ သည် မြို့ကြီး ပြကြီး စာသင်တိုက်ကြီး၊ ထိုကဲ့သို့သော ဂိုဏ်းဆရာကြီးများထံက နည်းမရ၍ ထိုကဲ့သို့သောကျောင်းထိုင်ဘုန်းကြီးများကို အမှီပြု၍ဖြစ်ကြရရှာသည်။ ထို့ကြောင့်ဂိုဏ်းဆရာ၊ ကျောင်းထိုင်၊ လူမိုင် ရွာမိုင်၊ သာသနာပိုင်ပုဂ္ဂိုလ်တို့သည် ကျောင်းထိုင်အင်္ဂါစုံလင် စိတ်ကောင်း ဝင်စေလျက် ကိုယ်ရှင်ကိုယ်ကို ဆင်ခြင်ဆုံးမ၍ အတ္တ၊ ပရ၊ သာသန—ဟိတ သုံးပါ စည့်ပင်ပြန့်ပွါးအောင် အားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

**ကျောင်းထိုင်အင်္ဂါပြီး၏။**

---

၁။ ပါဠိတော်၌ ဆက္ကခုနစ်ခုဖြင့် ကျောင်းထိုင်အင်္ဂါ ၄၂-ပါး ဟောသည်။ ထိုတွင် အာပတ်နှင့်စပ်သောအင်္ဂါ ၂၀-ဟု အဋ္ဌကထာပြသည်။ ဤ ကျမ်းလာ အင်္ဂါငါးပါးမျှပြည့်စုံလျှင် အာပတ်အင်္ဂါ ၂၀-လုံး ပြည့်စုံသည်။

**၁၄။ ဝိဝါဒစ္ဆေဒေါ။ ။ကာမရာဂါဘိနိဝေသ ဝိနိဗန္ဓာ ဘိဂဟဂ္ဂဟ ဂဟဒ္ဓေဟိ ဝိဝဒန္တိ။ ဒိဋ္ဌိရာဂါဘိနိဝေသဝိနိဗန္ဓာ သမဏာ သမဏေဟိ**·····ဟူသော မူလဋီကာပါဌ်နှင့်အညီ၊ အလောဘနည်းပါး ဒေါသများ၍ ကာမရာဂအားကြီးခြင်းကြောင့် လူတို့ချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်ကြရသည်။ ပညာနည်းပါး မောဟများ၍ ဒိဋ္ဌိရာဂအားကြီးခြင်းကြောင့် ရဟန်းတို့ အချင်းချင်း ငြင်းခုံခိုက်ရန် ဖြစ်ကြရသည်။

**''ဆဝိဝါဒမူလာနိ၊ တီဏိပိ အကုသလမူလာနိ၊ တီဏိပိ ကုသလမူလာနိ ဝိဝါဒါဓိကရဏာဿမူလံ''**····· စသော ရှုဋ္ဌဝါပါဠိတော်လာ ဝိဝါဒမူလ ၁၂-ပါး။ ၁၈-ပါးတို့တွင် ယခုကာလ ကုသလမူသုံးပါးတို့ဖြင့် တရားနှင့်အညီ ငြင်းခုံခြင်း ရှားလှ၏။ ကောဓ၊ ဥပနာဟ၊ မက္ခ၊ ပဠာသ၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျ၊ ပါပိစ္ဆာ၊ မိစ္ဆာဒိဋ္ဌိ၊ သန္ဒိဋ္ဌိပရာမာသ၊ အာဓာနဂ္ဂါဟ၊ ဒုပ္ပဋိနိဿဂ္ဂ····· ဤအစုံ အားဖြင့် ခြောက်ပါး၊ အပြားအားဖြင့် တဆဲ့နှစ်ပါး။ အကုသိုလ်မူ သုံးပါး–ဤကိုးပါး၊ တဆဲ့ငါးပါး–ဝိဝါဒမူလ အယုတ်တရားတို့ဖြင့်သာ များစွာ ငြင်းခုံကြသည်။

ထို့ကြောင့် ဥပုသ်သည်တို့ နေလွဲအခါ ကွမ်းစားရာ ဆေးလိပ်သောက်ရာ၌ ဝိကာလဘောဇနသိက္ခာပုဒ် ပျက်သင့်-မပျက်သင့်စသည်ဖြင့် တစုံတရာ ဝိဝါဒစကား ဖြစ်ပွါးကြသောအခါ ကြက်ညှိနောင်ကို အိုးမည်းသုတ်၍တိုက်သည့်အလား နောက်ထိုင်ညာသမားတို့ လက်ချပ်တီးတိုင်း ရှေ့ဒိုင်ဆရာများက ထ၍ မခွပ်ကြသင့်ရာ။ ကြက်ညှိနောင်ခွပ်ကြရာ ခွေးကိုက်ခြင်း၌ လွယ်လှသည်။ နွားကွဲလျှင် ကျားကိုက်သည်–ဟူသကဲ့သို့ အခြားဘာသာ မိစ္ဆာဝါဒီ ဗာဟိရအယူများတို့ အနားတွင် စပ်သှဲပူးကပ်လျက် ရှိနေသည်ဖြစ်၍ အတိဒုလ္လဘ ဗုဒ္ဓမြတ်စွာ သာသနာသည် မကြာမီ ကွယ်ပျောက်ပျက်စီးလွယ်ရန် ရှိသည်များကို

၁။ ဤအစုံအတိုင်း ရေးစာမှုဦးမြင်ရသည်၊ ကျမ်းရင်းရှုဋ္ဌဝါ သမဿဏ္ဏနက်၌လည်း ဤအတိုင်းပင်တည်း။ တွဲတာခရိယပြင်ချက်မူနှင့်ကား မတူ၊ အကုသလမူသုံးပါးသည် အစုံခြောက်ပါးနှင့် ၉၊ အပြား တဆဲ့နှစ်ပါးနှင့် ၁၅-ဖြစ်၏။ ကုသလမူသုံးပါးနှင့် အကုန် ၁၈။

ညာဏ်မျက်စိ အမြင်ရှည်ရှည်ဖြင့် ဆင်ခြင်စစ်ဆေး၍ ကိုယ့်ဝမ်းရေးလောက်ကိုမငဲ့ကြဘဲ ဗြောမ သာသနာတော်မြတ်အရေးကိုသာ အရေးကြီးပြုလုပ်ကြလျက်……

**တဿေဝံ ပါပကဿ ဝိဓုရမူလဿ ပဟာနာယ ဝါယာမေယျာထ။ အာယတိံ အနုဝဿဝါယ ပတိပဇ္ဇေယျာထ။**

**ပရေစ နဝိဇာနန္တိ၊ မယ မေတ္ထ ယမာမသေ။**
**ယေစ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။**
**အဋ္ဌိစ္ဆိန္နာ ပါဏဟရာ၊ ဂဝဿဓနဟာရိနော။**
**ရဋ္ဌံ ဝိလုပ္ပမာနာနံ၊ တေသံပိ ဟောတိ သင်္ဂတိ။**
**ကသ္မာ တုမှာကနော သိယာ။**
**ဝိဓုရံ ဘယတော ဒိသွာ အဝိဓုရဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဟူသော ပါဠိတော်မြတ်တို့ကို ထိပ်ပေါ် သမ္ပဋိစ္ဆာ ပြု၍ နှလုံး တင်ရွက်နာခံကြ၍ အများနှစ်သက်သုံးကြည်သော ဝမ္မဝိနည်း ညှိယက်ကို မရသေးမီ……"**ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ တေဝံ ဝိနယလက္ခဏံ**" ကျမ်းဂန်နှင့်ညီမှာ မလွန်နိုင်သည့် လေးရာဘက်သို့လိုက်ကြ၍ မလိုက်နိုင်ရှိနေလျှင်လည်း ဝမ္မဂရုန္တာ ရှိသောင်းလေးထောင် ရှိသည့်အနက် ဝိဝါဒဖြစ်သည့်အချက်တချက်ကို ပယ်ထား၍ ဝမ္မဂရုန္တာ ရှိသောင်းသုံးထောင်ကိုးရာ့ကိုးဆဲ့ကိုးပါးနှင့်ညီညွတ်သည့်တရားစကားကိုသာ ပြောဟောကြ၍ ဤစာအုပ်ပါ အသုတ်ဘရားတို့ကို ပယ်ရှား၍ လန့်အလန့်မကွဲပြား၊ လန့်သူတော်ကောင်း ချည်းသာ ဖြစ်ကြ၍ တနေ့တခြားအတိဒုလ္လဘ ဗုဒ္ဓမြတ်စွာ သာသနာ စည်ပင်ပြန့်ပွါးအောင် အားထုတ်နိုင်ကြစေကုန်သတည်း။

ကောသမ္ဗီပြည်သားတို့ကဲ့သို့ တကာများအချင်းချင်းညီညွတ်စေရင်ကြလျှင် ဆရာများလည်း ကွဲပြားမှုမရှိကြ။ သာသနာ့ဒါယကာတကာတို့ သတိပြုရန်။

ဝိဓုရဇာတ်နိပိုင်းပြီး၏။

စီဝရံ ပတ္တော ထာလကာ၊ ပတိဂ္ဂဟော ပဝါရိတော။
ဥပေါသထော ပဝါရဏာ စ၊ သဆန္ဒပါရိသုဒ္ဓိ စ။

ကုဋိကာလိကာ နိဿိတ၊ မုတ္တော စ နိဿယော ပဗ္ဗာ။
ဝိဝါဒစ္ဆေဒေါတိ ဝိနယ၊ ကောသလ္လေ ကဏ္ဍာ စတုဒ္ဒသ။

[ဝိနယကောသလ္လကျမ်း၏ မာတိကာစဥ်ဂါထာ။]

ဝိနယကောသလ္လကျမ်း ပြီး၏။

# ဝိနည်းမှတ်စုများ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဒေသနာကြားပုံ

**ငယ်**……အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာဝိကရောမိ။

[ဤကား ထင်ရှားပြုခြင်း အာဝိကရဏ ပြုခြင်း မည်သည်။ ဒေသနာကြား မဟုတ်သေး။ ပရိယာယ်အားဖြင့် အနာပတ္တိဖြစ်ပြီ။ ပါတိမောက် နာကောင်းပြီ။]

**ကြီး**……သာဓု သာဓု သာဓု။

**ငယ်**……အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

[ဤကား ဒေသနာကြား ကုစားခြင်းတည်း၊ ဤ၌ အာပတ်ထဲ၏ သမထ မငြိမ်းသေး။]

**ကြီး**……ပဿသိ အာဝုသော တာ အာပတ္တိယော၊

**ငယ်**……အာမ ဘန္တေ ပဿာမိ။ [ဤကား ပဋိညာတည်း။]

**ကြီး**……အာယတိံ အာဝုသော သံဝရေယျာသိ။

[ပဋိညာဖြင့် ပြုခြင်း သမထတည်း။]

**ငယ်**……သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

[နောင်သံဝရပြုခြင်း တည်း။]

**ကြီး**……သာဓု သာဓု သာဓု။ [ငယ်ကြား ပြီး၏]

**ကြီး**……အဟံ အာဝုသော သဗ္ဗာအာပတ္တိယော အာဝိကရောမိ။

**ငယ်**……သာဓု ဘန္တေ သာဓု သာဓု၊

**ကြီး**……အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုယှမူလေ ပဋိဒေသေမိ။

[တုယှ၏ မူလေ-တုယှမူလေ။]

**ငယ်**·····ပဿထ ဘန္တေ တာအာပတ္တိယော။
**ကြီး**····အာမ အာဝုသော ပဿာမိ။
**ငယ်**·····အာယတိံ ဘန္တေ သံဝရေယျာထ။
**ကြီး**····သာဓု သုဋ္ဌု အဟံအာဝုသော သံဝရိဿာမိ။
**ငယ်**·····သာဓုဘန္တေ သာဓု သာဓု။ [ကြီးကြားပြီး၏။]

ဝဋ္ဋုသဘာဂဖြစ်ခဲ့မူပြန်ကြား–

**ငယ်**·····အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိ
ယော အာပဇ္ဇိံ၊တာ တုမှမူလေ ပဋိဒေသေမိ။
[တုမှံ၊တို့၏။မူလေ-တုမှမူလေ။]
**ကြီး**····ပဿသိ အာဝုသော တာအာပတ္တိယော။
**ငယ်**·····အာမဘန္တေ ပဿာမိ။
**ကြီး**······အာယတိံ အာဝုသော သံဝရေယျာသိ။
**ငယ်**·····သာဓု သုဋ္ဌုဘန္တေ သံဝရိဿာမိ။
**ကြီး**·····သာဓု သာဓု သာဓု။

[ဝဋ္ဋုသဘာဂကား-အတူတကွလွန်ကျူးရာ၌ ထင်ရှား၏။တခြားစီလွန်ကျူးခြင်း, မအပ်မရာ ပစ္စည်းအသီးသီးရှိသူချင်းဖြစ်လျှင်မထင်ရှား။]

## ဂရုကေ ဌာတဗ္ဗံသဘော

ကျမ်းဂန်တို့၌ အပ်၊ မအပ် အဆိုတိုက်ရိုက်ရှိလျှင် ရှိတိုင်းသာ တည်ရသည်-ဆိုရသည်။ တိုက်ရိုက်မရှိရာ၌သာ။''ဂရုကေဌာတဗ္ဗံ''ဟု ဆိုရသည်။အပ်၊မအပ် အဆိုတိုက်ရိုက်ရှိပါလျက် ''ဂရုကလဟုကေသု ဂရုကေဌာတဗ္ဗံ-တေံဝိနယလက္ခဏံ''ဟု ဆိုလျှင် ကျမ်းဂန်အဆိုကို ဂရုမပြုဘဲ ဂရုအသံမြည်သူဖြစ်၏။ မရှာဘဲချန်သောမိုက်နှင့်တူ၏။ ပမာဒဝိဟာရီဘာဝလျှင် အကြောင်းရှိရ၏။

ငိုခြင်းသည် ကလေး၏အား၊အဆင်းသည် မာတုဂါမ၏အား၊ ဒေါသသည် ဗာလ၏အား၊ခန္တီသည် ပဏ္ဍိတ၏အား၊''ဂရုကေဌာတဗ္ဗံ'' အဆိုလေ့ခြင်းသည် အားကိုးကင်းမဲ့သော ဘုန်းကြီး၏အားတည်း။

ကိုယ်တိုင်ကျင့်ရာ၌ကား လဟုထက် ဂရု၌ရှင်း၊ ဂရုထက်ဂရု၌ရှင်း တည်၍ကျင့်ရသည်။ ဝိနည်းပြစ်မရှိ၍ အပ်သော်လည်း လျော့လျော့ ကျင့်လျှင် ကိလေသာမြူညစ်ကြေးပွမ်း၏။ ဝန္ဒုက္ခမှမလွတ်နိုင်။

---

## သက်န်းပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံ

အလျားတတောင့်ထွာ × အနံတထွာခြောက်သစ် ( ပါဠိတော် အဆို လျားရှစ်သစ် × နံလေးသစ် ) အယုတ်ဆုံး ပမာဏ ရှိသော ကိုယ်ပိုင် အဝတ်သက်န်း တို့ကို ဆယ်ရက်အတွင်း ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ရသည်။ ကိုင်၍တဦးထည်းသုံးခေါက်ဆို။

**တထည်။** ။ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

**အများ။** ။ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။

## ဝိကပ္ပနာပြုပုံ

ပရိက္ခာရစောဠ တင်သည့်ထက် ဂရုပြုလိုလျှင် ရဟန်းတပါးထံ ဝိကပ္ပနာပြု။

**တထည်။** ။ဣမံစီဝရံတုယှံ ဝိကပ္ပေမိ၊ ။သုံးကြိမ် ဆို၍ပေး လိုက်။ မယှံသန္တကံ ပရိဘုဥ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရော ဟိ။ ။သုံးကြိမ်ဆို၍ ပြန်ပေး။

**အများ။** ။ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။ ။မယှံသန္တကာနိ ပရိဘုဥ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။

သိတင်းကြီးအား ပြန်ပေးရာ၌ ..... ပရိဘုဥ္ဇထ ဝါ ဝိဿဇ္ဇေထ ဝါ ယထာပစ္စယံ ကရောထ .....ဟူ၍ ဗဟုဝုစ် အလေးပြုခြင်းဖြင့်ဆိုနိုင်၏။

## ဆယ်ရက်လွန်လျှင် စွန့်ပုံ

အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ဆယ်ရက်လွန်လျှင် နိဿဂ္ဂိဖြစ်၏။ ရဟန်းတပါးထံ စွန့်၍ ဒေသနာကြားရသည်။

**တထည်။** ။ဣဒံမေဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။သုံးကြိမ်ဆို၍စွန့်။ ဒေသနာ ကြား။ ။ဣမံစီဝရံ အာယသ္မတော ဒမ္မိ။ ။သုံးကြိမ်ဆို၍ပြန်ပေး။

**အများ။** ။ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ။

စွန့်ပြီးပြန်ရသောအခါ ပရိက္ခာရစောဠ ဖြစ်စေ၊ ဝိကပ္ပနာဖြစ်စေ ပြုထား။

## တိစီဝရိက်အမည်ဖြင့်အဓိဋ္ဌာန်တင်ပုံ

ဥဒေါသိတ သိက္ခာပုဒ်ကို ဖြည့်ကျင့်သူသည် တိစီဝရိက်အမည်ဖြင့် အဓိဋ္ဌာန်တင်၍ အရုဏ်တက်ချိန်ဟတ္ထပါသ်မကင်းအောင်စောင့်ရှောက်ရသည်၊ ကင်းလျှင် နိဿဂ္ဂိဖြစ်၏၊ တထည်စီသာ အဓိဋ္ဌာန်တင်အပ်၏။ အချို့ကား မတင်မဆောင်လည်း ဘာအပြစ်မှုမရှိ၊ အပို သက်သက် ပင်ပန်းသည်ဟု သဒ္ဓါလမ်းရွေ့စေကုန်၏၊ဝိနည်းပညပ်ဟူသမျှကိုအလေး ပြုရခြင်းသည် သာဝကတို့၏ တာဝန်တည်း။ သတိသမ္ပဇညကိုလည်း တိုးပွါးစေနိုင်သည်။ ဘုရားရှင်တို့သည် အကျိုးမရှိရာ၌ အပိုသက်သက် သိက္ခာပုဒ်မပညပ်ဟု ယုံကြည်အပ်၏။

**ဒုကုဋ်တင်။** ။ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
**ကိုယ်ရုံတင်။** ။ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
**သင်းပိုင်တင်။** ။ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

## အဓိဋ္ဌာန်ချပုံ

မလွမ်းနိုင်သောအခါ အရုဏ်မတက်မီ အဓိဋ္ဌာန်ချရသည်။တင်၊ချ– နှစ်ခုလုံး နှစ်တောင့်ထွာထက်ဝေလျှင် ဣမံ–မဆိုရ၊ ဧတံ-ဟုဆို။

**ဒုကုဋ်။** ။ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။
**ကိုယ်ရုံ။** ။ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။
**သင်းပိုင်။** ။ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။

## အရုဏ်ကင်းလျှင် စွန့်ပုံ

**တထည်ထည်။** ။ဣမံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ စွန့်၊ဒေသနာကြား။ ။ဣမံ စီဝရံ အာယသ္မတော ဒမ္မိ။ ။ပြန်ပေး။

**နှစ်ထည်သုံးထည်။** ။ဣမာနိမေဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ အညတြဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနဟံ အာယသ္မတော နိဿဇ္ဇာမိ။ ။ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ။

## သပိတ်ဝိကပ္ပနာ၊အဓိဋ္ဌာန်တင်၊ချ၊စွန့်

ကိုယ်ပိုင်သပိတ်ကိုလည်း ဆယ်ရက်အတွင်း ဝိကပ္ပနာပြု၊ အဓိဋ္ဌာန် သော်လည်းတင်။ ရက်လွန်လျှင် နိဿဂ္ဂိ။ အရုဏ်ကင်းမရှိ။ ပရိက္ခာရ စောဠမရှိ။

ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ။ ။မယှံသန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။ ။များလျှင် ဣမေပတ္တေ ···· မယှံသန္တကာနိ ······။

ဣမံ ပတ္တံ အဓိဋ္ဌာမိ။ ။ဣမံပတ္တံ ပစ္စုဒ္ဓရာမိ။ ။ဘလုံးသာ တင်ရသည်။

အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော။ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ ၊စွန့်၊ ဒေသနာကြား၊ ။ ဣမံပတ္တံ အာယသ္မတော ဒမ္မိ။

---

## ရဟန်း သုံးပါး နှစ်ပါး တပါး ဥပုသ်ပြု

ရဟန်းသုံးပါးသည် တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏ၊ ပုဗ္ဗကိစ္စ တို့ကိုပြု၍ ဂဏဉတ်ထား၍ အချင်းချင်း ပါရိသုဒ္ဓိ ကြားရသည်။

**ဉာတ်။** ။သုဏန္တု မေ အာယသ္မန္တာ။ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော) ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။

**ကြား။** ။ပရိသုဒ္ဓေါ အဟံဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ။ သုံးခေါက်။

သာဓု သာဓု သာဓု။

နှစ်ပါးဖြစ်လျှင် ဉတ်မထားဘဲ ပါရိသုဒ္ဓိကြားခြင်းပြုရသည်။ အာဝုသော၊ ဘန္တေ–လျှော်စွာဆိုနိုင်သည်။

တပါးထည်းဖြစ်လျှင် ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို ပြု၍ ဆင်ခြင်၍ တပါးသော ရဟန်းများ ရောက်လာချိန် မရှိသော အခါ…… အဇ္ဇမေ ဥပေါသထော ပန္နရသော (စာတုဒ္ဒသော) အဓိဋ္ဌာမိ……ဟု သုံးခေါက်မြွက်ဆိုလျက် အဓိဋ္ဌာန် ဥပုသ်ပြုရသည်။

ဥပုသ်ကံပြုစဉ်ဖြစ်စေ၊ ပြုပြီးဖြစ်စေ နောက်မှ ဝင်ရောက်လာသူများလျှင် ပြန်ပြုရသည်၊ နည်းလျှင် တူလျှင် ပါတိမောက် ဝင်နာရသည်၊ မမှီလျှင် ပါရိသုဒ္ဓိ ကြားရသည်။ကျောင်းသို့ပြန်ကြွကြပြီးမှ ရောက်ကုန်အံ့၊ များလျှင် အားလုံးပြန်ပြု၊နည်းလျှင်တူလျှင် ကျောင်းသို့ လိုက်သွား၍ တပါးပါးထံ ပါရိသုဒ္ဓိကြား၊သိမ်မဟုတ်ပါဘကားဟု ဆိုငြားအံ့၊ အဗဒ္ဓသိမ်ဖြစ်သည်။ ထိုနှုရှိသော သံဃာသည် ဥပုသ်ပြုပြီးဖြစ်သည်၊ ထိုနှင့်ပင် ပါရိသုဒ္ဓိ ကြားခြင်းကို ပါဠိတော်မရှိ၍ ဝိမတိဋီကာ ညွှန်းပြသည်။ ပဝါရဏာ၌လည်း ဤသဘောနယ။

## ပဝါရဏာ

ဘိက်တတ်သူ တပါး၊ ဘိတ်အပ်သူ လေးပါး-ပေါင်းငါးပါးရှိလျှင် "သုဏာတုမေ ဘန္တေ သံဃော၊အဇ္ဇပဝါရဏာ ပန္နရသီ။ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ"……ဟု သံဃာဉတ်ထား၍ ကြီးစဉ်အတိုင်း ပဝါရဏာဘိတ်ကြားရသည်၊ (ပဉ္စဝဂ္ဂကံ။)

**ဘိတ်ပုံ။** ။သံဃံဘန္တေ ပဝါရေမိ။ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ပဿန္တော ပဋိကရိဿာမိ၊ဒုတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ……။တတိယမ္ပိဘန္တေ သံဃံပဝါရေမိ……။

သာဓု သာဓု သာဓု။

ဝဒတုမံ သံဃော-ဟုဆိုမှ စကားရှေ့နောက်ညီသည် ဖြစ်သော်လည်း "သံဃာကိုဘိတ်သောအခါတိုင်း သံဃာပြည့်မှမဟုတ်ပါ၊ သံဃာ၌ ပါဝင်သော အရှင်များပြောကြပါ" ဟူသော အဓိပ္ပါယ်ဖြင့် ဝဒန္တုမံ အာယသ္မန္တော သာလျှင်သင့်သည်ဟု ဝဇိရ ဗုဒ္ဓိဋီကာဆို၏။

**လေးပါး။** ။သုဏန္တုမေ အာယသ္မန္တော။ အဇ္ဇပဝါရဏာ ပန္နရသီ။ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ။

အဟံဘန္တေ အာယသ္မန္တေ ပဝါရေမိ။ ဒိဋ္ဌေန၀ါ သုတေန ၀ါ ပရိသင်္ကာယ၀ါ ၀ဒန္တုမံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။

**သုံးပါး။** ။သုတာန္တုမေ အာယသ္မန္တော အဇ္ဇပဝါရဏာ ပန္နရသီ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ။

အဟံဘန္တေ အာယသ္မန္တေ ပဝါရေမိ။ ဒိဋ္ဌေန ၀ါ သုတေန ၀ါ ပရိသင်္ကာယ ၀ါ ၀ဒန္တုမံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။

**နှစ်ပါး။** ။ဉာတ်မထားဘဲ ····အဟံအာဝုသော ပဝါရေမိ။ ဒိဋ္ဌေန ၀ါ သုတေန ၀ါ ပရိသင်္ကာယ ၀ါ ၀ဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ။ ပဿန္တော ပဋိကရိဿာမိ။ ။ (သာဓု သာဓု သာဓု။) အဟံဘန္တေ ····လ·····ပဋိကရိဿာမိ။

**တပါ ထံ-သွာ။ နှစ်ပါ ထံ-န္တော။ သုံးပါ မှာ-န္တော။ လေ ပါ-ယော။**

**တပါး။** ။ပုဗ္ဗကရဏစသည်ပြု၊ အချိန်ကုန်အောင်စောင့်၍····· "အဇ္ဇမေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ"ဟုမြွက်ဆိုလျက် အဓိဋ္ဌာန် ပဝါရဏာပြုရသည်။ အဓိဋ္ဌာန်ဟုဆိုသော်လည်း နှုတ်မြွက်ရသည်။

---

## ဗီဇဂါမ်ကပ္ပိခြင်

မြေ၊ ရေစသည်၌ တည်ဆဲသစ်ပင်သည် ဘူတဂါမ်မည်၏။ ပါဠိတ်၀တ္ထု၊ ကပ္ပိ၍မရ။ မူလတည်ရာမှလွတ်လျှင် ဗီဇဂါမ်မည်၏။ ဒုက္ကဋ်၀တ္ထု။ လက်သည်း၊ မီး၊ ထားတို့ဖြင့် ကပ္ပိ၍စားရ၊ ဖျက်ဆီးရသည်။ သစ်ရွက်၌ ပြုတ်သီးထည့်၍ ထိုထည့်ရာ သစ်ရွက်ဖြင့် ကပ္ပိရ။ ကြိုက်စည်းသော နွယ်ဖြင့် ထုံကြိုကပ္ပိရ။ ခွက်အရာ၌တည်သောကြောင့်တည်း။ အကပ် မခံမူ၍လည်း ကပ္ပိကောင်း၏။

ရဟန်းက···"ကပ္ပိယံကရောဟိ"ဆိုလျှင်···လူသာမဏေက "ကပ္ပိယံ ဘန္တေ"·····ဟုဆို၍ လက်သည်းဖြင့် ထားဖြင့် ပေါက်အောင်၊ ပြတ်အောင်ပြုအံ့၊ မီးစဖြင့်သော်လည်းတို့အံ့ လက်ကော်ရတစပ်ထည်း တည်းသမျှ အားလုံးအပ်သည်။ လက်ကော်မရသော ရေကျွဲ၌ တချစ်ပြုမှအပ်

သည်။ဆွဲ၍ပြတ်သွားခြင်းကားမအပ်။အစေ့နူခြင်း၊ အစေ့ထုတ်စားခြင်းလည်း ကပ္ပိခြင်းပင်မည်၏။

## အတိရိတ်ဝိနည်းကံ

**ပဝါရိတ်အင်္ဂါငါးပါးကား။** ။၁-ဘောဇဉ်ကို၊ ၂-စားစဉ်၊ ၃-နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့၊ ၄-ရှေးရှုကိုယ်ဖြင့် ဆောင်သောကပ္ပိယဘောဇဉ်ကို။ ၅-တန်ပြီဟုကိုယ်ဖြင့်နှုတ်ဖြင့်ပယ်လျှင်...ပဝါရိတ်သင့်၏။ ထိုရှရိယာပုထ်ဖျက်ပြီးလျှင် ခဲဘွယ်ဘောဇဉ်မစားရ။စားလိုလျှင် စားလိုသမျှ အတိရိတ်ဝိနည်းကံပြု။

**အတိရိတ်အင်္ဂါခုနစ်ပါးတို့တွင်ပဝါရိတ်သင့်သူပြုဘွယ်ကား။** ။၁-စားလိုသမျှ ကပ္ပိပြီး အပ်ပြီးဖြစ်အောင်ပြု၍၊ ၂-သပိတ်၌ ထည့်၍အကပ်ခံ၍၊ ၃-ဝိနည်းရိရှရဟန်းထံ မြှောက်ချီ၊ကာညွှတ်လျက်။ ၄-ဟတ္ထပါသ်တွင်း နှုတ်မြွက်၍ ဤအင်္ဂါလေးပါးဖြင့် ဝိနည်းကံပြုရသည်။ ခွက်အများလည်း ပြုကောင်း၏။ နှုတ်မြွက်ပုံကား-အတိရိတ္တံကရောထဘန္တေ။ ။ဘန္တေ၊အရှင်ဘုရား။အတိရိတ္တံ၊အပိုအလွန်ကို။ ဝါ၊စားကြွင်းဖြစ်အောင်။ကရောထ၊ပြုတော်မူကြပါ။

**ဝိနည်းဒိုရ်ရဟန်းပြုဘွယ်ကား။** ။၁-မိမိလည်းပဝါရိတ် သင့်သူဖြစ်ခဲ့လျှင် မထသေးမီ။ ၂-ပဝါရိတ်လောက်သော ဘောဇဉ်ကို မစားသေးသူဖြစ်ခဲ့လျှင်လိုသမျှနိုက်စား၍။ ၃-နှုတ်မြွက်၍-ဤအင်္ဂါသုံးပါးဖြင့်ဝိနည်းကံပြုရသည်။ စားပြီးဖြစ်ခဲ့လျှင် မစားမူ၍လည်း နှုတ်မြွက်၍ပြု။ နှုတ်မြွက်ပုံကား.....အလမေတံသဗ္ဗံ။ ။ဧတံသဗ္ဗံ၊ ဤအလုံးစုံကို။ အလံ၊ ငါတန်ပြီ။ဝါ၊သင်စားတော့-စားထိုက်ပြီ။သည်မှတပါးမစားနှင့်။

ဤသို့အင်္ဂါလေးပါး၊သုံးပါး-ပေါင်းခုနစ်ပါးဖြင့်ဝိနည်းကံပြုပြီးသောအာဟာရကို ထိုဝိနည်းရိရှ်အားသာ နောက်ထပ် စားခြင်းငှါမအပ်။ ထိုသူမှတပါး မအပ်သော ရဟန်းမရှိ။လူနာကြွင်း၊လူနာစာကား ဝိနည်းကံမပြုဘဲ ပင်ကိုယ်အပ်၏။

## နိဿယည်းယူပုံ

ဒွေမာတိကာ၊ကမ္မာကမ္မ၊ငါးဝါရ-ဤသုံးပါး မရုံသေးလျှင် ဥပဇ္ဈာယ်နှင့် မကင်းရ။ ကင်းလျှင် နိဿယည်းဆရာထံ နိဿယည်းယူ၍ နေရသည်။

အာစရိယော မေ ဘန္တေ ဟောဟိ။ အာယသ္မတော နိဿာယ ဝစ္ဆာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးခေါက်။ ။ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏၊ အာစရိယော၊ မှီခိုစရာ နိဿယည်းဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။ အာယသ္မတော အာယသ္မန္တံ၊ အရှင်မြတ် ဘုရားကို။ နိဿာယ၊ မှီ၍၊ ဝစ္ဆာမိ၊ နေပါအံ့ဘုရား။

ပါသာဒိကေန သမ္ပာဒေဟိ။ ။ပါသာဒိကေန၊ ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာ အားဖြင့်၊ တိဝိဓ သိက္ခံ၊ သိက္ခာသုံးရပ် သာသနာတော်မြတ်ကို။ သမ္ပာဒေဟိ၊ ပြည့်စုံစေလော။

အာမ ဘန္တေ။ ။ဘန္တေ၊ အရှင်မြတ်ဘုရား။ အာမ၊ ပြည့်စုံစေပါမည်ဘုရား။

**ဆရာခွင့်လွှတ်မိန့်ပုံ။** ။နိဿယည်းဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကိုမပြုမူ၍ ချမ်းသာစွာ ပရိယတ် ပဋိပတ်တို့ကို အားထုတ်၍နေလေ။

**တပည့်ခွင့်လွှတ်လျှောက်ပုံ။** ။နိဿယဆရာ ဝါသိက တပည့်ဖြစ်သော ဘုရားတပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကိုမပြုမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့ နေတော်မူကြပါဘုရား။

ဆရာခွင့်လွှတ်မိန့်ပုံ– အဋ္ဌကထာ၌၊ တပည့်ခွင့်လွှတ်လျှောက်ပုံ– ဋီကာတို့၌ နည်းပြလျှောက်ရှိ၏။ ဆရာ၌ ပြုထိုက်သောဝတ်ကို မပြုဘဲ နေပါရစေ–ဟု လျှောက်ထားခြင်းကား မတော်လွန်း။

---

## အပြစ်တောင်းပန်နည်း

ဝိနည်းကျမ်းလာ တောင်းပန်ကန်တော့နည်းကို အားလုံးနှင့်ဆက်ဆံအောင် ပြည်မြို့ ပွင့်လှသိမ်ကုန်းတိုက် ညဝါပါရဂူ အရှင်နာရဒမထေရ် ပြုပြင်ပေးသတတ်။

အစ္စယော မံ ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠှံ ယထာ အကုသလံ။ ယွာဟံ ဧဝ မကာသိံ၊ တဿ မေ ဘန္တေ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။

ဘန္တေ၊ အရှင်ဘုရား။ ယထာဗာလံ၊ မိုက်သည့်အလျောက်။ ယထာမူဠှံ၊ တွေဝေသည့်အလျောက်။ ယထာ အကုသလံ၊ မလိမ္မာသည့် အလျောက်။ မံ၊ အကျွန်ုပ်သို့။ အစ္စယော၊ အပြစ်သည်။ အစ္စာဂမာ၊ လွှမ်းမိုး၍ ရောက်ချေပြီ။ ဘန္တေ၊ အရှင်ဘုရား။ ယွာဟံ၊ အကြင် အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။ အကာသိံ၊ ပြုမိပါပြီ။ အယျော၊ အရှင်မြတ်ဘုရားသည်။ တဿမေ၊ ထိုအကျွန်ုပ်၏။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ ဝါ၊ အပြစ်မှ။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့်ရှောက်ခြင်းအကျိုးငှါ။ ပဋိဂ္ဂဏှာတု၊ အနုာမယူ သည်းခံတော်မူပါဘုရား။

တံ တေ မယံ ပဋိဂ္ဂဏှာမ။ ။တေ၊ သင်၏။ တံ၊ ထိုအပြစ်ကို။ မယံ၊ ငါတို့သည်။ ပဋိဂ္ဂဏှာမ၊ အနုာမယူ သည်းခံတော်မူကြကုန်၏။ ဤသို့အပြစ်ကိုမြင်၍ တောင်းပန်ဝန်ချခြင်းသည် သာသနာတော်၌ ကြီးပွါးကြောင်းဖြစ်၏၊ နောင်လည်း စောင့်ရှောက်ခြင်းသို့ရောက်၏။

အာမဘန္တေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ကောင်းလှ ပါပြီဘုရား။

## ဝါကပ်ပုံ

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။ ဒုတိယမ္ပိ……။ တတိယမ္ပိ……။ ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်တာ အရံ အတွင်း၌။ ဣမံ တေမာသံ၊ ဤဝါတွင်း သုံးလပတ်လုံး။ ဝဿံ၊ ဝါသို့။ ဥပေမိ၊ ကပ်ပါ၏။ ဝါ၊ ဝဿံဥပေမိ၊ ဝါဆိုပါ၏။ ။နေခြင်းသို့၊ နေ

ခြင်း၌ ကပ်ချဉ်းပါ၏ဟူလို၊ ဝါဆိုစည်းကား ဥပစာရသိမ်အတိုင်းသာ တည်း။ ချဲ့၍မရ။

သာဓု သာဓု သာဓု။

## ဝါပန်ပုံ

သိတင်းသုံးဘော် ငါးယောက်၊ မိဘ–မမာသော်ငြင်း၊ ဒါတုံ၊ သောတုံ၊ ပဿိဝံ-ဟု သူတပါးပင့်သော်ငြင်း၊ ခုနစ်ရက်ကိစ္စဟု ဝါပန်၍သွား ကောင်း၏။ မြွက်ဆိုပန်ကြားခြင်း မပြုဘဲ နှလုံးသွင်းခြင်း မျှဖြင့် သွား ကောင်း၏။ ငြင်းကိုပင် ဝါပန်၍သွားသည်–ဟု ဆိုကုန်၏။

အန္တော သတ္တာဟေ ပဋိနိဝတ္တိဿာမိ၊ ခုနစ်ရက်အတွင်း ပြန်လာ ပါအံ့။ တနည်း။ သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တိဿာမိ·····ဤသို့ နှလုံး သွင်းရသည်။ မြွက်ဆိုလျှင်လည်း အပြစ်မရှိ။

## ကထိန်ခင်း၊ အနုမောဒနာ

တိစီဝရိက်တို့တွင် တထည်ထည်ဖြင့် ကထိန်ခင်းရသည်။ ယခင် သင်္ကန်းအဓိဋ္ဌာန်တင်ပြီးရှိခဲ့လျှင် အဓိဋ္ဌာန်ချ၍ (မရှိလျှင်ချရန်မလို။) ယခု သင်္ကန်းကိုအဓိဋ္ဌာန်တင်၍သာ ခင်းရသည်။

**ဒုကုဋ်ဖြင့်**·····ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ။

**ကိုယ်ရုံဖြင့်**····ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ။

**သင်းပိုင်ဖြင့်**·····ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ။

**အနုမောဒနာတိုက်တွန်းပုံ**·····အတ္ထတံ ဘန္တေ သံဃဿ ကထိနံ။ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ။ ။သာဓု သာဓု သာဓု။

**အနုမောဒနာပြုပုံ**·····အတ္ထတံ ဘန္တေ သံဃဿ ကထိနံ။ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ။ ။သာဓု သာဓု သာဓု။

## နေလွဲရွာဝင် ပန်ကြားပုံ

အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ၊

ပန်စရာရဟန်း ထင်ရှားမရှိလျှင် ရွာဝင်သူအချင်းချင်း ပန်ရသည်။ အချို့ကထိန်အာနိသင်ရလျှင် မပန်ဘဲဝင်ကောင်းသည်ဟု အယူတိမ်း ကုန်၏။

## ဥဿာဝနန္တိက ကုဋီပြုပုံ

ဝါသာဂါရ-နေစရာကျောင်း ဆောက်လိုလျှင် ရှေးဦးစွာစိုက်ထူအပ်သော ရဟာန်းပဋ္ဌည်းတိုင်ကို လေးငါးပါး လူအများတို့နှင့်သော်လည်း ကိုင်မြှောက်၍—

ကပ္ပိယ ကုဋိံ ကရောမ။

ဟု ဆို၍ တိုင်ချရသည်။ တပါးပါး၏ စကားအဆုံးနှင့် တိုင်ကျညီလျှင် ဥဿာဝနန္တိက ကုဋိဖြစ်၏၊ အုတ်တိုင်ဖြစ်အံ့၊ မြေနှင့်ညီလုနီးချောက်မှ မြေပေါ်ဘက်နိုင်မည့် ရဟာန်းပစ္စည်းအုတ်ကို ''ကပ္ပိယ ကုဋိံ ကရောမ''ဆို၍ ချ။ မြေပေါ်မတက်လျှင် မပြီးအပ်။ အချိုကား သံဃာကံ ဖြစ်သည်။ တပါး နှစ်ပါးမပြီးအပ်ဟု အနိုင်ဆိုဘတ် ကုန်၏။ နေစရာကျောင်း မဟုတ်လျှင် ပဋ္ဌမီကပ္ပိယကုဋိမည်၏။ ခဲဘွယ်စသည် သိုမှီးခြင်း၌ အလိုလိုအပ်သည်။

---

## မကိုင်ကောင်းသောပစ္စည်းများ

လူမ၊နတ်မ၊တိရစ္ဆာန်မ ဟူသော မိန်းမ၏ကိုယ်။ မိန်းမတို့၏အဝတ်အရုံ၊ ထန်းရွက်လက်စွပ်မှစ၍ အသုံးအဆောင်တန်ဆာ၊ မိန်းမသဏ္ဌာန်အရုပ်၊ကြွက်မဝင်ဟန် လက်ဘက်ပုံ၊ နတ်သွိုးတံဆိပ်မီးချစ်။ စပါးမျိုးခုနစ်ပါး။ သစ်ပင်၌ ဖြစ်ဆဲစားဘွယ်အသီး၊ အရွက်။ သူတို့ရပုံထားသောစားဘွယ်အသီး၊အရွက်။ အာရကျဥ္စခေါ် တေးခပ်ပြာ။ ဘုရားချသောရွှေ။ မျိုးကျောက်မှစ၍ ရွှေငွေ ရတနာဆယ်ပါး။ လက်နက်၊ မှဆိုးတံငါတို့၏ ပိုက်ကွန်၊ တူရိယာဘဏ္ဍာ—ဤပစ္စည်းများ မကိုင်ကောင်း။

မိန်းမအသုံးအဆောင်ကို သင်္ကန်းစသည်အလို့ငှါ လူလျှင် ကိုင်ကောင်း၏။လမ်း၌စပါးဖြန့်ထား၍ သွားလမ်းမရှိလျှင် နင်းသွားကောင်း၏။ ရတနာကို ကျောင်းသုံးလှူလျှင်ကိုင်ကောင်း၏။မိန်းမရုပ်ရှိသော ပစ္စည်းဖြစ်လျှင် အရုပ်ကိုဖျက်၍သုံးကောင်း၏။

## ရူပိယသံဝေါဟာရကိုးမျိုး

ရွှေ၊ငွေ၊အသပြာ၊ပဲရပ်-နိဿဂ္ဂိယ ဝတ္ထုလေးပါးတို့ကိုရင်း, လယ်ယာပတ္တမြားစသော ဒုက္ကဋ်ဝတ္ထုတို့ကိုရင်း, သပိတ်၊ သင်္ကန်းစသော

ကပ္ပိယဝတ္ထုတို့ကိုရင်း–ကွဲပြားစွာ သိနှင့်ရမည်။ ထိုသုံးမျိုးတို့တွင် နိဿဂ္ဂိယဝတ္ထုနှင့် နိဿဂ္ဂိယဝတ္ထုကို လဲလျှင် နိဿဂ္ဂိ·····စသည်ဖြင့် ကိုးပါးဖြစ်အောင်ဖော်နိုင်ရမည်။

နိနှင့်နိလဲ – နိ, နိနှင့် ဒုက်လဲ-နိ, နိနှင့်ကပ်လဲနိ။ သုံးမျိုး။

ဒုက်နှင့်ဒုက်လဲ-ဒုက်၊ ဒုက်နှင့်ကပ်လဲ-ဒုက်၊ ဒုက်နှင့်နိလဲ–နိ၊ သုံးမျိုး။

ကပ်နှင့်ကပ်လဲ-ကပ်။ ကပ်နှင့်နိလဲ နိ။ ကပ်နှင့်ဒုက်လဲ-ဒုက်။ သုံးမျိုး။

ဤရူပိယသံဝေါဟာရနိဿဂ္ဂိပဋ္ဌည်းကို ခံသောငွေကဲ့သို့ သံဃာ့အလယ်၌သာစွန့်ရသည်။ ပြန်မပေးရ၊ အသုံးဖျောက်ဖျက်ရသည်။ သိတင်းသုံးဘော် ငါးယောက်မှ တပါးသောသူထံ ကပ္ပိယဝတ္ထုချင်းလဲလှယ်လျှင် မိဘထံ၌ဖြစ်စေ ကယဝိက္ကယနိဿဂ္ဂိဖြစ်၏၊ တပါးပါးထံ စွန့်၊ ပြန်ပေး၊ သုံးစွဲအပ်၏။

---

## အကပ္ပိယပဏ္ဍစတုက္က

ရဟန်းသည်ခံ ငွေဖြင့် သံမျိုးစေ့ဝယ်၍ သံထုတ်၍လုပ်သော သပိတ်သည် မဟာအကပ္ပိယသပိတ်မည်၏၊ အပ်အောင်ပြု၍မရ၊ ဖျက်၍ ခွက်ပြုလည်းမအပ်၊ ပဲခွပ်ပြု၍ ဒန်ပူဖြတ်လျှင် ထိုဒန်ပူလည်းမအပ်။ ငါးမှုးချိတ်ပြု၍ ငါးမျှားလျှင် ထိုငါးပင်မအပ်။

ရဟန်းသည် ခံငွေဖြင့် ကိုယ်တိုင်ဝယ်သောသပိတ်သည် အကပ္ပိယသပိတ်မည်၏၊ တသာသနာလုံးမအောင်၊ ငွေကိုငွေရှင်အား၊ သပိတ်ကို သပိတ်ရှင်အားပြန်ပေး၍ နောက်၌အပ်သောနည်းဖြင့် ရလျှင် ထိုသပိတ်အပ်၏။

ရဟန်း၏ခံငွေဖြင့် ကပ္ပိယ တကာ ဝယ်ပေးသော သပိတ်လည်း အကပ္ပိယ သပိတ်မည်၏၊ ခံငွေဖြင့် ဝယ်ခြင်းကြောင့် တသာသနာလုံး မအပ်။ ဆိုင်ရာအသီးသီးပြန်ပေး၍ နောက်၌အပ်သောနည်းဖြင့် ရလျှင် ထိုသပိတ်အပ်၏။

ရဟန်းသည် ငွေကိုမခံဘဲ ဤသပိတ်အတွက် ငွေဤမျှပေးလိုက်ဟု ကပ္ပိယကို စီရင်၍ ဝယ်သောသပိတ်လည်း အကပ္ပိယသပိတ် မည်၏။

ဒုဗ္ဗိစာရိတမှုဖြစ်သောကြောင့် ထိုရဟန်းအားသာမဒအပ်၊ တပါးသော ရဟန်းတို့အား အပ်၏။ ။ငွေခံခြင်းကြောင့်-၃။ ဒုဗ္ဗိစာရိတကြောင့်-၁။ ဤကား—အကပ္ပိယပဉ္စစတုက္ကတည်း။

ရဟန်းသည်ငွေမခံဘဲ ကပ္ပိယအား ဤသပိတ်ငါလိုချင်သည်……ဟု ဆို၍ ကပ္ပိယဝယ်သူသောသပိတ်ကား တသာသနာလုံးအပ်၏။

---

## သပိတ်ကိုးလုံး၊ ပမာဏ၊ နှစ်လုံးမအပ်

မဂဓနာဠိဖြင့် ထမင်းနှစ်ပြည်၊ လက်ကော်ရပဲဟင်းနှစ်စလယ်၊ငါးဟင်း အမဲဟင်းနှစ်စလယ်-ပေါင်းသုံးပြည်တိတိ ဝင်သောသပိတ်သည် ဥက္ကဋ္ဌသပိတ်မည်၏။ ထိုအောက်ထက်ဝက်၊ ထက်ဝက်-သုံးခွက်ဝင်လျှင် မဇ္ဈိမ……။သုံးစလယ်ဝင်လျှင် ဩမကသပိတ်မည်၏။အနည်းငယ်ကြီး၊ငယ်၍ဟောက်၊ မောက်ခြင်းဖြင့် ထိုသပိတ်သုံးလုံးသည် ကိုးလုံး ဖြစ်၏။

| | | | |
|---|---|---|---|
| ဥက္ကဋ္ဌုက္ကဋ္ဌ— သပိတ် | | …… | သုံးပြည် ဟောက်သည်။ |
| ဥက္ကဋ္ဌ | ။ | …… | သုံးပြည် တိတိဝင်သည်။ |
| ဥက္ကဋ္ဌောမက | ။ | …… | သုံးပြည် မောက်သည်။ |
| မဇ္ဈိမုက္ကဋ္ဌ | ။ | …… | သုံးခွက် ဟောက်သည်။ |
| မဇ္ဈိမ | ။ | …… | သုံးခွက်တိတိ ဝင်သည်။ |
| မဇ္ဈိမောမက | ။ | …… | သုံးခွက် မောက် သည်။ |
| ဩမကုက္ကဋ္ဌ | ။ | …… | သုံးစလယ်ဟောက်သည်။ |
| ဩမက | ။ | …… | သုံးစလယ်တိတိဝင်သည်။ |
| ဩမကောမက | ။ | …… | သုံးစလယ်မောက်သည်။ |

ဤကိုးလုံးတို့တွင် အကြီးဆုံးနှင့် အငယ်ဆုံးနှစ်လုံးသည် သပိတ် မမည်။ အဓိဋ္ဌာန် ဝိကပ္ပနာမလောက်၊ရဟန်းခံ ကံပြုရာ၌မအပ်။

## သကန်းကိုးထည်ပကတိပမာဏ

သင်းပိုင်……လျားငါးတောင်ဆုပ်×နံနှစ်တောင်ကြီး—ဘုရားသကန်း အောက်။

ရုံ၊ဒ…လျှားငါးတောင်ဆုပ်×နံသုံးတောင်ဆုပ်။ ကြီး-ဘုရားအောက်။

နိသိ…..ငယ်မပြ။ လေးတောင်ထွာ×သုံးတောင်ကိုးသစ်။ အဆာ—
နှစ်တောင်ခြောက်သစ်။

မာလွှမ်း……ငယ်မပြ။ကိုးတောင်×လေးတောင်ထွာ။

မိုးသန်းရေခံ……ငယ်မပြ။ ၁၃-တောင်ထွာ×၅–တောင် ၁၅–သစ်၊

မျက်၊အိပ်၊ပရိက်…..ငယ်မပြ။ကြီး-မပြ။

ဤကိုးထည်လုံး ပြပြီးသော ပမာဏညီလျှင် ဝိဓိအမည်ဖြင့်အဓိဋ္ဌာန် တင်နိုင်သည်။ ပရိက္ခာရစောဠအမည်ဖြင့်သော်လည်း တင်နိုင်သည်။ ပမာဏအောက်ငယ်လျှင် ကြီးလျှင် ပရိက္ခာရစောဠသာတင်နိုင်သည်။ ထိုအားလုံးကိုစီဝရအမည်ဖြင့် ဝိကပ္ပနာသော်လည်း ပြုနိုင်သည်။ ငယ်မပြရာ၌ လျှားတတောင်ထွာ×နံဘထွာ ခြောက်သစ်အောက် မငယ်ရ။ ထိုအောက် ငယ်လျှင် သင်္ကန်းစီဝရ မမည်။ အဓိဋ္ဌာန်ဝိကပ္ပနာမပြု လောက်။

## သုဂတစီဝရ၊ ဥဒကသာဋိက အံသကာသာဝ

ဘုရား-သင်္ကန်း…လျှာ အတောင် ၂၀ နှင့် ၆-သစ်×နံ ၁၃ တောင်
ထွာ။ ကြီး-မပြ၊ သင်းပိုင်သည့် မပြ။

ဘိက္ခုနီရေသနုပ်…..ငယ်မပြ ကိုး တောင်×လေးတောင်ထွာ။

အံသကိုသ်……လေးတောင်ထွာ×ဘထွာခွဲ။

အံသကာသာဝသည် ပခုံးဘင် ချွေးခံသင်္ကန်းဖြစ်၏၊ ဝံနည်း၌မလာ။ ဝိသုဒ္ဓမဂ်ဋီကာဝိဓိဂ္ဂဟ်ရတင်၌လာသည်။ကြီးငယ်ခွဲမပြ။လျှားသုံး တောင်× နံတထွာ။ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သည့်ဟု မဂ္ဂ မပမာဏ ဖြင့်ပြသည်။ အချို့တချမ်းပဲ့အဘိုးသမ္ဘာန်ဖြင့် အသုံးများကုန်၏။ ။ဘိက္ခုနီ အာဝ သထစီဝရ-ဥဒကသာ- သင်္ကန်း၊ သံကစ္ဆိက ရင်လွှမ်းဘသင်တို့ကိုကား ပမာဏမပြ။

## စေတရပတ္တစတုက္က

သင်္ကန်းခိုလိုသောရဟန်းသည့် ခုံလိုသောသင်္ကန်းအနီ၌ ဝိကပ်ကိုထားပြီးလျှင် အချိန်မဲ့လာ၍ မထေရ်ကြီး အာ အရှင်ဘုရား အကျွန်ုပ်

၏သပိတ်ကို ဤနေရာတွင်ထားပါသည်၊ ယူပေးပါဟုဆိုအံ့၊ ထိုသပိတ်ကိုမထေရ်ကြီး မြှောက်ချီကာမှ၍ ခိုးလိုသော ရဟန်းအား ပါရာဇိက။ ယူလာပြီးလျှင် သင်အချိန်မဲ့လာသည်၊ ခိုးသူလောဟု ဆိုသဖြင့် ထွက်ပြေးအံ့–ပါရာဇိကသို့ရောက်ပြီးမှ ထွက်ပြေးခြင်းဖြစ်၏။

မထေရ်ကြီးသည်အလားတူ တပါးသူ၏သပိတ်ကို ယူပေးအံ့၊ မှားအတူ မြှောက်ချီကာမှ၍ ခိုးသူရဟန်းအား ပါရာဇိက။

မိမိ၏သပိတ်ကိုပေးမိအံ့–သခင်ပေးကို ခိုးစိတ်ကြောင့် ဒုက္ကဋ်။

ခိုးသူရဟန်း၏သပိတ်ပေးမိအံ့–မိမိပစ္စည်းကို ခိုးစိတ်ကြောင့်ဒုက္ကဋ်၊ ဤသပိတ်လေးလုံး၌ မထေရ်ကြီး အနာပတ္တိ။

မထေရ်ကြီးသည် ဤသူအချိန်မဲ့လာသည်၊ ခိုးသူဖြစ်လတ္တံ့ဟု မှတ်ထင်လျှင် ရန်သူ၏သပိတ်ကို ယူပေးအံ့–နှစ်ဦးလုံးပါရာဇိက။

တပါးသူ၏သပိတ်ကိုယူပေးအံ့–ထိုအတူ နှစ်ဦးလုံး ပါရာဇိက။

မိမိ၏သပိတ်ကိုပေးမိအံ့–နှစ်ဦးလုံး ဒုက္ကဋ်။

ခိုးသူရဟန်း၏သပိတ်ကိုပေးမိအံ့–မထေရ်ကြီးအားသာ ပါရာဇိက။ ခိုးသူရဟန်းအား ဒုက္ကဋ်။

---

## ဧဠက စတုက္က

ဆိတ်၊ မိဘရဟန္တာ၊ အာဂန္တု၊ ဘီလူး ပြိတ္တာတို့သည် တနေရာ တည်းအိပ်ကြစဉ် ညဉ့်အခါသော်၌ ဆိတ်ကိုသတ်မည်ဟု မိဘရဟန္တာကိုသတ်မိအံ့–ပါရာဇိက၊ အာနန္တရိယကံ။

အာဂန္တုကိုသတ်မိအံ့–ပါရာဇိက။

ဘီလူးပြိတ္တာကို သတ်မိအံ့–ထုလ္လစ္စည်း။

ဆိတ်ကိုသာ သတ်မိအံ့–ပါစိတ်၊ ဤကား–ဆိတ်အာရုံပြု စတုက္က တည်း။

မိဘရဟန္တာကိုသတ်မည်ဟု မိဘရဟန္တာကိုပင် သတ်မိအံ့–ပါရာဇိက၊ အာနန္တရိယကံ။

အာဂန္တုကိုသတ်မိအံ့–ပါရာဇိက။

ဘီလူးပြိတ္တာကိုသတ်မိအံ့–ထုလ္လစ္စည်း။

ဆိတ်ကိုသတ်မိအံ့–ပါစိတ်။ ဤကား မိဘရဟန္တာ အာရုံပြုသော စတုက္ကတည်း။ စေတနာကြမ်းသည် ဝိနည်းအပြစ်ကား ယခင်အတိုင်း ပင်တည်း။

အာဂန္တုကိုသတ်မည်……ဘီလူးပြိတ္တာကို သတ်မည် …..ဟူ၍လည်း ထိုအတူယှဉ်၍ အပြစ်ကိုသိနိုင်ရာ၏၊ ။စတုက္ကလေးခု ဖြစ်သည်။

## ရဟန်းများ ဆေးကုနည်းမှတ်ဘွယ်

ဆေးကုသောရဟန်းအား ဒုက္ကဋ်ဟု တတိယပါရာဇိက ဝိနိတဝတ္ထု၌ သားဖွားအောင် သားမဖွားအောင် ဆေးကုခြင်းကြောင့် ပညတ် သည်။ ကိုယ်ဝန်ပျက်အောင်ကုခြင်းကြောင့် ပါရာဇိက၊ ထုလ္လစ္စည်းဟု ပညတ်သည်။ လူတို့ကိုမြှောက်စားလို၍ကုအံ့–ကုလဒူသနဒုက္ကဋ်၊ လာဘ် ရလို၍ကုအံ့–အနေသနဒုက္ကဋ်။ မိစ္ဆာဇီဝ-အသက်မွေးမကောင်းဟူ၍ လည်း ပညတ်သည်။

သီတင်းသုံးဘော်ငါးယောက်အား ဆေးကုလျှင်ကား-အနာပတ္တိ။

အမိ၊ အဘ၊ မိဘ၏အလုပ်အကျွေး၊မိမိ၏ဝေယျာဝစ္စပြုသူ၊ ကျောင်း၌ သပိတ်သက်နှီးစိရင်ဆဲရှင်လောင်း ဤငါးယောက်အားကုလျှင်လည်း အနာပတ္တိ၊ အခယူသော ဝေယျာဝစ္စပြုသူအားကား သူ့ဆွေမျိုးများ မတွေ့မှီ ကုအပ်၏။

အစ်ကို၊ ညီ၊ အစ်မ၊ နှမ၊ မိထွေး၊ မိကြီး၊ ဘထွေး၊ ဘကြီး၊ အဒေါ်၊ ဦးလေး–ဤဆယ်ယောက်တို့အား ထိုသူတို့၏ဆေးဖြင့် ကုအပ်၏၊ မရှိ လျှင် မိမိဆေးကို ခေတ္တပေး၍ ကုအပ်၏၊ ထိုဆယ်ယောက်၏ သား မြေး-ခုနစ်ဆက်တိုင်အောင် ဆွေမျိုးတို့အားလည်း ဤအတူကုအပ်၏။

ယောက်ဖ၊ ခယ်မ စသည်တို့သည် အမျိုးစပ်သူ မဟုတ်လျှင် နှမ နှင့်ညီအား သင်တို့လုပ်ကျွေးရာ၌ ပေးကြလောဟုဆို၍ ပေးအပ်၏၊

ဆွေမျိုးတို့အလို့ငှါ တောမှဆေးမြစ်ဆောင်ယူနိုင်၏ လိုသောရဟန်း သည် ဆွေမျိုး သာမဏေတို့ကို စေခိုင်းအပ်ကုန်၏၊ ဆွေမျိုးမဟုတ် သောသာမဏေတို့ကိုကား မိမိအလို့ငှါဆောင်ယူခိုင်း၍ပေးလျှင် အပ်၏၊

ဥပဇ္ဈာယ်မရှိခိုက် ဥပဇ္ဈာယ်၏မိဘများ ဆေးလာတောင်းကုန်အံ့၊ ဥပဇ္ဈာယ်၏ဆေးကို ယူပေးအပ်၏၊ မိမိဆေးကို ဥပဇ္ဈာယ်အား လှူ၍ ဥပဇ္ဈာယ်၏ဆေးပြု၍ပေးလျှင်လည်း အပ်၏။

ညှော်သည်၊ ခိုးသူ၊ စစ်ရှုံးသောမင်း၊ အထီးကျန်သော လူဆင်းရဲ၊ ခရီးသွားသူ-ဤငါးယောက် မမာ၍ကျောင်းရောက်လာလျှင် လာဘ်မမြော်ဘဲ ကုအပ်၏။

ပဉ္စည်းလေးပါး ချီးမြှင့်လေ့ ရှိသော မိဘသဘွယ် ဒါယကာများ ဆေးလာတောင်းလျှင် မပေးအပ်၊ မကုအပ်။ ဤမည်သော ရောဂါကို အဘယ်ဆေး ပေးရပါသနည်းဟု မေးလျှင် ဖြေဆိုကောင်း၏။

အမိမမာ၍ ဆေးနည်းပြောပါဟု ဆိုလျှင် တိုက်ရိုက် မပြောအပ်၊ ရဟန်းချင်းချင်းပြောအပ်၏။ ပြောပုံကား-င့ါရှင် ဤမည်သော ရဟန်း-ဤသို့သောအနာဖြစ်သောအခါ အဘယ်ဆေးဖြင့် ကုကြသနည်းဟုမေး။ ဤဆေး-ဤဆေးဖြင့် ကုကြသည်ဟု ဖြေ၊ ထိုစကားကိုကြား၍ အမိအား ဆေးပြန်ကုလျှင် အချင်းချင်းပြောသူတို့အား အပြစ်မရှိ။

[ဝိနည်းချွတ်သော ရဟန်း၏ ဆေးကုနံရသူသည် သနားစဘွယ်တည်း။ ကံညံ့၍ မကျန်းမမာ ဖြစ်နေစဉ် သာသနာဖျက်လည်း ဖြစ်ရချေသည်။ ဆေးနည်း၊ ဓါတ်စာ-လိုက်နာခြင်းစသည်ဖြင့် အလန်္ကာအား ပေး ဖြစ်လွယ်လှ၏။ အဓမ္မယလဋ္ဌဆေး တို့ကိုသော်လည်း မစိစစ်နိုင်။ ရောဂါပျောက်ချင်လှ၍ လန္တ၊ သီလဝန္တ မျက်နှာကိုစုံမှိတ်၍ မျိုချလိုက်ရ၏။ ချက်ခြင်းသေစေသော အဆိပ်ပုပ်ထက် ရွံဘွယ် လန့်ဘွယ်ဟု ဘုရားရှင်မိန့်မြွက်သည်ကို မကြား နိုင်ဟန် နာ နှစ်ဘက် ပသာဒပျက်နေပြီလော။ ကံညံ့၍ ဉာဏ်တန့်ခြင်းလော၊ အလုံး အပင်း အင်းနင်း ခံရခြင်းဖြင့် အသက်အတွက် အရှက်ပျက်သူတို့လည်း လိင်မတူကုန်။ ဝါ၊ ဏ္ဍုဂ္ဂိုတ်များကုန်၏။ သတိသမ္ပဇဉ်အသက်မရှု သေသူတမျိုး သေခြင်းဆိုးသည်ထက်ဆိုးသောအရသာ ခံစားရရှာသတည်း။]

## ပရိတ်ရွတ် မသာလိုက်

ပုန္နာအလှူ၌ ပရိတ္တံ ကရောထ ဟု ဆိုလျှင် ရွတ်အပ်၊ ပရိတ္တံ ဘဏထ-ဟုဆိုလျှင် ရွတ်အပ်၏။ တနည်း၊ လူတို့မသိ၍ဆိုသည်။ မရွတ်လျှင် ငတ်ဆင်းရဲ တော့မည်ဟု နှလုံးသွင်း၍လည်း ရွတ်အပ်၏။ ။ ပရိတ်ရေ၊ ပရိတ်ချည် ပြုပေးပါဟုဆိုလျှင် ထိုသူတို့၏ ရေကို "ပရိတ်အာနုဘောသွင်းပါ၏"ဟု လက်ဖြင့်လှုပ်၍ ချည်ကိုဆုပ်နယ်၍ပေးအပ်၏။ ကျောင်းမှ ရေ၊ ချည် မပေးအပ်။

မသာ အခြံအရံအလိုငှါတြွပါဟုပင့်လျှင် မသွားအပ်၊ သုသာန်မြင်ရ၍ အသုဘာမြင်ရ၍ မရဏာဿတိရပေလတ္တံ့ဟု ကမ္မဋ္ဌာန်းကိုအဦးပြု၍သွားလျှင် အပ်၏။

## ဆွမ်းဦးပေးခြင်း

အမိ၊ အဘ၊ မိဘတို့၏အလုပ်အကျွေး၊မိမိဝေယျာဝစ္စကာ၊သပိတ်သက်နိုး စီရင်ဆဲ ရှင်လောင်း-ဤငါးယောက်အား ဆွမ်းဦးပေးကောင်း၏။ ရှင်လောင်းအားကား သပိတ်ခွက်၌၊ ဝါ၊ ရဟန်းများသုံးနေကျခွက်၌ ထည့်၍လည်း ပေးကောင်း၏၊ရှင်လောင်းမှတပါး မိဘအားသော်လည်း ဤသို့မပေးကောင်း။ ရဟန်းအသုံးအဆောင်သည် လူတို့အား စေတီထိုက်၏။ ရဟန်းများ သုံးဆောင်သော ပန်းကန်၊ ဖျာ၊ ကော်ဇော စသည်ကို လူတို့အားခေတ္တငှါးသော ရဟန်းသည် ထိုလူတို့အား ချိုးဖြောက်ခြင်း ဖြစ်သလော။ ချိုးဖြောက်၍ ဆောင့်ချခြင်း ဖြစ်သလော။ မသိရှာသူလူတို့မှာ သနားဘွယ်ဝန်လေးလေစွ။

ကျောင်းသို့ရောက်လာသော ထားပြ၊ သူခိုး၊ အဖိုးရတို့ အားလည်း ဆွမ်းဦးပေးကောင်း၏။ အန္တရာယ်ပြုတတ်သောကြောင့်တည်း။

ကျောင်းသို့ ရောက်လာသောဧည့်သည်၊ လူဆင်းရဲ၊ နိုးသူ၊ အဖိုးရတို့အား သောက်ရေ၊ သုံးရေ၊ ခြေနယ်ဆီ- စားသောက်ဘွယ် တို့ကိုလည်း လာဘ်မမြွှာဘဲ ပေးအပ်၏။

---

## ပါတိမောက်သိက္ခာပုဒ် ၃၅၀။ (ကုဋေ ကိုးထောင်ကျော်)

သမထ ခုနစ်ပါးမှတပါး ဘိက္ခုပါတိမောက် သိက္ခာပုဒ် ၂၂၀။ ဘိက္ခုနီသိက္ခာပုဒ် ၃၀၄-နှစ်ရပ်ပေါင်း ၃၅၀-ဖြစ်၏။ သာဓာရဏ ၁၇၄-ထင်သောကြောင့် ၅၂၄-မဖြစ်။ စိစစ်နိုင်ရမည်။ ခန္ဓကနှင့်တကွ ပညပ်တော် သိက္ခာပုဒ် အားလုံးကား ကုဋေ-၉၁၈၀-ငါးသန်း၊ သုံးသောင်း၊ခြောက်ထောင် ရှိ၏။

### ဝါသူပဂတအနာပတ္တိ ရှစ်ပါး

သုပ္ပဋိဆိန္န၊ ဥက္ခိတ္တ၊ ကာယ, သိ, ဗာဟု (၅)။
ခမ္ဘ၊ ဂုဏ္ဍိ၊ ပလ္လတ္တိ (၃)၊နိုသိ ရှစ်ဝါသု။

## ကံကြီး ခုနစ်ပါး

တဇ္ဇနီယကံ ခိုက်ရန်ဖြစ်လေ့များသူအား ခြိမ်းခြောက်သောကံတည်း။ နိယသကံ-ဗာလအဗျတ္တ အာပတ္တိ ဗဟုလ ဂိဟိသံသဂ္ဂ များသူအား ဆရာထံ မှီနေရမည်ဟု ပြုသောကံတည်း။ ပဗ္ဗာဇနီယကံ ကုလဒူသန အနာစာရများသူအား ဤရွာ၌ မနေအပ်၊ ဆွမ်းခံလည်း မလာအပ်ဟု နှင်ထုတ်သော ကံတည်း။ ပဋိသာရဏီယကံ-တကာကိုနာကျည်းအောင် ဆဲဆိုသူအား တောင်းပန်ရမည်ဟု ပြုသောကံတည်း။ ဥက္ခေပနီယကံ-မနှံ့၊ မကု၊ ပြစ်မရှုသူအား ပေါင်းသင်းခြင်း သံဝါသ မပြုရဟု ဖယ်ကြဉ်သောကံသုံးခု။ (ဥက္ခိတ္တက ကံသုံးခုလည်း ခေါ်သည်။) ဤကား- ကံကြီး ခုနစ် ပါးတည်း။

[တဇ၊ နိ၊ ပဗ္ဗာ (၃)။ ပဋိသာ (၁)။ သုံးဖြာ ဥက္ခေပနီ (၃)။]

---

## ပရိဝါသ် မာနတ် ညဉ့်ပြတ်ကြောင်း-သုံးပါး၊ လေးပါး

သဟာဝါသော-ပကတတ်နှင့် တမိုးထည်း အသျှအိပ်ခြင်း။ ဝိပ္ပဝါသော-အရံပ၌ ပကာဘတ်နှင့် ၁၂-တောင်ကျော် ကင်း၍နေခြင်း။ ဝါ၊ ပကတတ်နှင့် အရံတွင်း အရံပခွဲ၍ နေခြင်း။ အနာရောစနာ-မြင်လျက် ကြားလျက် ဝတ်မကြားခြင်း--ဤကား ပရိဝါသ် ညဉ့်ပြတ်ကြောင်း ရတ္တိစ္ဆေဒ သုံးပါးတည်း။

သဟာဝါသော......။ ဝိပ္ပဝါသော......။ အနာရောစနာ......။ ဦနေ ဂဏေ စရတိ-လေးပါး အောက်သုတ်သော ပကာတတ်၌ မာနတ်ကျင့်ခြင်း -ဤကား မာနတ်ရတ္တိစ္ဆေဒ လေးပါးတည်း။ ဝတ်ကြား ပြီးလျှင် အဘောင်ဘပါးချ၍ ပြန်သွားကုန်အံ့ အပြစ်မရှိ။ ဤ၌ မာနတ်ကြားခြင်း သည်ပင် ကျင့်ခြင်းတည်း။

---

## ရေချိုးရာ၌ ဖုံးလွှမ်းခြင်း သုံးမျိုး

''ဇန္တာဃရ၊ ဥဒက၊ ဝတ္ထ ပဋိစ္ဆာဒိ''သုံးမျိုး ရှိသည်တွင် ရေချိုး အိမ်ဖုံ၊ ရေဖုံး နှစ်မျိုး၌ ချေးတွန်းပေးခြင်းသာ အပ်သည်။ ရှိခိုးခြင်း စသည်မအပ်။ အဝတ်၊ အရုံကင် သောနဂ္ဂအားရှိခိုးလျှင် ဒုက္ကနိုဟုဟော

သည်။ အဝတ်ဖုံးရာ၌ကား ရှိုးခြင်းလည်း အပ်၏။ စားသောက်ခြင်းသော်လည်း အပ်၏။

## သဗိတ်မှောက်အပ်သူ ရှစ်ယောက်

ရဟန်းတို့အား လာဘ်မရအောင်ပြုသူ၊ အကျိုးမဲ့ဘေးရန်ဖြစ်အောင်ပြုသူ၊ နေမြဲမနေရအောင်ပြုသူ၊ ဆဲရေးကြိမ်းမောင်းသူ၊ ရဟန်းချင်း ကွဲအောင်ပြုသူ။ ဘုရားအားကဲ့ရဲ့သူ၊ တရားအားကဲ့ရဲ့သူ၊ သံဃာအားကဲ့ရဲ့သူ—ဤရှစ်ယောက်ကို **သဗိတ်မှောက်လိုလျှင်** သနားခြင်းဖြင့် နောင်စောင့်စည်းအောင် မှောက်အပ်၏။ မှောက်ပြီးလျှင် အလှူမခံရ၊ မဆောက်ဆံရ။ သက်ခေါက်သက်ပြန် လွန်ကျူးသူကိုသာ မမှောက်အပ်။

လူတို့အား လာဘ်မရအောင် ပြုသူ၊ အကျိုးမဲ့ဘေးရန်ဖြစ်အောင်ပြုသူ၊ လူကိုဆဲရေးကြိမ်းမောင်းသူ၊ လူချင်းကွဲအောင်ပြုသူ၊ ဘုရားအားကဲ့ရဲ့သူ၊ တရားအားကဲ့ရဲ့သူ၊ သံဃာအားကဲ့ရဲ့သူ၊ မသင့်သောအရာ၌ နှိုးဆော်သူ—ဤသို့သော ရဟန်းရှစ်ပါးကို ဒါယကာတို့က "**အပ္ပသာဒက**" ပြောကြားလိုလျှင် ပြောကြားအပ်၏။ မကြည်ညိုဟုပြောနိုင်၏။ ရှိုးခြင်း၊ အရိုအသေမပြုခြင်းဖြင့်နေနိုင်၏။

## လောကာယတအတတ်

အကျိုးမရှိသည့် အကြောင်းကို ဖော်ပြသော တိတ္ထိ ကျမ်းသည် "**လောကာယတ**" မည်၏။ သင်လျှင်ဒုက္ကဋ်။ ပြသူဂိုဏ်း ကျီးသည်ဖြူ၏၊ အရိုးဖြူသောကြောင့်တည်း။ ဗျိုင်းသည်နီ၏။ သွေးအရောင်နီသောကြောင့်တည်း။ သနပ်ခါးသည် သာဂရမည်၏။ သာဂရမင်းတူးသောကြောင့်တည်း။ အစားအသောက် ပေါသဖြင့် စားကောင်းဖြစ်၏။ ငှက်စသည်တို့ စားပြီးသောကြောင့်တည်း။ ဤသို့စသည်တည်း။

## တိရစ္ဆာနဝိဇ္ဇာအတတ်

သာသနာနှင့် ပြင်ပဘာသာဖြစ်၍ အကျိုးမဲ့သော အတတ်မျိုးသည် "**တိရစ္ဆာနဝိဇ္ဇာ**" မည်၏။ သင်လျှင်ဒုက္ကဋ်။ ပြသူဂိုဏ်းဘာသာ — ဆင်စီးခြင်းအတတ်။ လေးပြွမ်းအတတ်၊ နှိပ်ငင်ကြောင်းမန္တန်အတတ်၊ ချစ်ကြိုက်စေသော မန္တန်အတတ်၊ အဆိပ်ဖော်ခြင်းအတတ် စသည်ဟူသည်။ ။

လက်ရေးအတတ်၊ ဘေးရန်ကင်းစေသောမန္တန်အတတ်စသည်တို့ကား အနာပတ္တိ။ [ဖြုဟ္မဇာလသုတ်၌ကား ဗေဒင်အတတ်ဖြင့် အသက်မွေးခြင်း စသည်ကို တိရစ္ဆာနဝိဇ္ဇာဟုပြသည်။]

ဘုရားဟောပါဠိကို သင်္သကရိုက်ဘာသာဖြင့် တင်ထားလျှင်ဒုက္ကဋ်။ မဂဓဘာသာဖြင့် သင်ခြင်းငှါခွင့်ပြု၏။ အခြားမိမိတို့ဘာသာဖြင့်သင်ခြင်း ကိုမတား။

## လဲသုံးမျိုး၊ ခေါင်းအုံး၊ ဘုံလျှိုငါးမျိုး။

**အပ်သောလဲ။** ။သစ်ပင်လဲ၊ နွယ်လဲ၊ မြက်(အပွင့်)လဲ–ဤလဲသုံးမျိုး ကို ခေါင်းအုံး၌ ခွင့်ပြုသည်။ ငှက်မွေး၊ တိရစ္ဆာန်မွေးလည်းအပ်သည်။

**မအပ်သောခေါင်းအုံး။** ။ပန်းပွင့်သွတ်သောခေါင်းအုံး၊ ပန်းညို ရွက်သက်သက် သွတ်သောခေါင်းအုံး၊သားရေအခွံပြုသော ခေါင်းအုံး၊ သီသပ္ပမာဏထက်ကြီးသော ခေါင်းအုံးတို့ကား မအပ်ကုန်။ ခါးမှစ၍ ကိုယ်ထက်ဝက် မှီစရာမှီအုံးကြီးလည်းမအပ်။

**သီသပ္ပမာဏ။** ။သီသပ္ပမာဏ ခေါင်းအုံးကား၊ အနံဘိပ် သုံး ထောင့်တို့တွင် နှစ်ထောင့်အကြား တထွာလေးသစ်။ အလယ်၌ာနှ၊ တောင်ဆုပ်။အလျား တတောင်ထွာ၊ ဝါ–နှစ်တောင်ရှိ၏။ ထိုထက်ကြီး လျှင် မအပ်၊ငယ်မပြ။ကျန်းမာသောရဟန်းအားခြေအုံး၊ခေါင်းအုံး နှစ်ခု မျှအပ်သည်။ခေါင်းအုံးလက်ထောက်ခြင်း၊ရင်အောက်ချခြင်းကို "ရင်း၌ ထိုင်ခြင်း၊ အိပ်ခြင်းမဟုတ်သောကြောင့်အပ်သည်"ဟု အချို့ဆိုကုန်၏။ မှီအုံးကြီးမမှီအပ်ခြင်း၊သီသပ္ပမာဏအပ်ခြင်း၊ ခြေအုံးခေါင်းအုံးမျှ ခွင့်ပြု ခြင်းဖြင့် မအပ်ဟုအချို့ဆိုကုန်၏။

**ဗွေ့ရာငါးမျိုး။** ။ဘုံလျှို(မွေ့ရာ)၌ သားမွေး၊ပုဆိုးကြမ်း၊လျှော်၊ မြက်၊သစ်ရွက် ငါးမျိုးခွင့်ပြု၏။ ငှက်မွေး တိရစ္ဆာန်မွေးလည်း အပ်၏။ သားရေအခွံပြုလျှင်လည်းအပ်၏။ ပန်းညိုရွက်သက်သက်၊ လဲသုံးမျိုး မအပ်။ဘုံလျှိုပမာဏအလိုရှိတိုင်း အပ်၏။ သာရဋ္ဌဒီပနီကာ၌ လဲပြည့်သော ဘုံလျှိုကို မှီခြင်းငှါ ဘေးစိ အလိုမအပ်။ အပရေအလိုအပ်သည်ဟုဆို၏။

## အရှင်ဒေဝဒတ်တောင်းဆုငါးပါး

**တောင်းပုံ။** ။တသက်လုံးတောကျောင်းနေ၊ဆွမ်းခံစား၊ ပံ့သုကူဆောင်၊သစ်ပင်ရင်းနေ၊ငါးအမဲမစား–ဤငါးပါး လွန်ကျူးသောရဟန်းကို အပြစ်ပေးတော်မူပါဘုရား။

**ခွင့်ပေးပုံ။** ။တောနှင့်ရွာ-လိုရာနေ။(ဝါ၊သမာဓိဆေတ်ရာ၌နေ။ ခံဆွမ်းနှင့်ပင့်ဆွမ်း-လိုရာစား၊ပံ့သုကူနှင့် တကာလှူ-လိုရာဝတ်၊ဆောင်။ နွေ ရှစ်လ သစ်ပင်ရင်းကျောင်း ခွင့်ပြုပြီးပြီ။ နေစရာကျောင်းရှိသူအား မိုးလေးလ လည်းခွင့်ပြုသည်။) ထင်၊မြင်နှင့်၊ကြား–စွန်းသုံးပါးလွဲ ငါးအမဲကို ခွင့်ပြုပြီးပြီ၊

## ဘတ်တဆဲ့လေးရပ်

**သံ၊ဥဒ်၊နိ၊သ(၄)။ပက်၊ဥ၊ပါ(၃)။အာ၊ဂ၊ဂိ၊ဂိ(၄)။ ဓု၊ကု၊ ဝါ(၃)။ ဖော်ပါဘတ်ဆဲ့လေး။** ။သံ–သံဃဘတ်။ ဥဒ်–ဥဒ္ဒေသဘတ်။ နိမန္တနဘတ်၊ သလာကဘတ်စသည်။ ကု–ကုဋိဘတ်။ ဝါ၊ ဝိဟာရဘတ်ဟု အမည်ကွဲဘတ်သည်။ပိဏ္ဍပါတ်ဓုတင်ဆောင်တို့အား မအပ်သောဘတ် ဆဲ့လေးရပ်တည်း။

---

## သမုဒြာအံ့ဘွယ်ရှစ်ပါ

**အစဉ်နက်ဗှမ်၊ ကမ်းကိုမလွန်၊ ရှုံ့ဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း(၄)၊ မယွင်းမတို၊ ဆယ်မျိုး ရတနာ ရသာဆားတူ၊ ကြီးသူနေရာ(၄)၊ အံ့ရှစ်ဖြာ။**

သာသနာ၌သီလ၊စ၍ မဂ်ဖိုလ်ထိ အစဉ်အတိုင် ကျင့်စရာနက်ခြင်း တပါး၊သိက္ခာပုဒ်စည်းကမ်း မလွန်ကျူးကြခြင်းတပါး၊ဒုဿီလ ရှုံ့ဘွယ်နှင့် မပေါင်းသင်းကြခြင်းတပါး၊သာကီဝင်ခံသား ဘုရားသား တော်ဟု တမည်ထည်းဖြစ်ကြခြင်းတပါး၊ နိဗ္ဗာန်စံသူ များခြင်း နည်းခြင်းကြောင့် နိဗ္ဗာန်၌လျော့တိုး မရှိခြင် တပါး၊ သတိပဋ္ဌာန် စသော တရားရတနာ များစွာရှိခြင်းတပါး။ဝိမုတ္တိရသအား ဖြင့် ကိလေသာလွတ်ခြင်း အရသာ တမျိုးထည်း တူခြင်းတပါး။ အရိယာပုဂ္ဂိုလ်ကြီး တို့၏ နေရာဖြစ်ခြင်း တပါး။ဤရှစ်ပါးမျှကား သာသနာ၌ အံ့ဘွယ်များ စွာရှိ၏။

## အစွယဒါန

ငါသေလျှင် ငါ့ပစ္စည်းကို ဤသူယူလော၊ ဤသူအား ပေးပါ၏…… ဤသို့ဆို၍ပေးခြင်းသည် အစွယဒါနမည်၏၊အပေးမမြောက်။ သေသည်နှင့် တပြိုင်နက် သံဃိကဖြစ်သည်။ သိတင်းသုံးဘော် ငါးယောက်ပေးလျှင်မရ။ လှူတုံ့က ဤသို့ပေးလျှင်ကား–သေသူပေးက ရှင်သူရ၏။ အပေးမြောက်၏။

## အရှင်အာနန္ဒာ၏ဒုက္ကဋ် ငါးပါး

ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်သည် အဘယ်ပါနည်းဟု ဘုရားရှင်အားမမေးလိုက်ခြင်းသည် ဒုက္ကဋ်တချ။ ဘုရားသင်္ကန်းကို နင်းချုပ်ခြင်းတချ။ မာတုဂါမတို့အား ရှေးဦးစွာဖူးခွင့်ပေးသဖြင့် ဘုရားရှင်၏ အလောင်းတော် မျက်ရည်လိမ်း ကျံရခြင်းတချ။ နိမိတ်ထြဘားပြလျက်–အာယုကပ်ပတ်လုံးနေတော်မူပါ ဟု မလျှောက်ခြင်းတချ။ မာတုဂါမတို့ကို ရဟန်းပြုပေးရန်အား ထုတ်ခြင်းတချ။ ။ဤကား အရှင်အာနန္ဒာကို ဒုက္ကဋ်–ဟု ရဟန်းအချို့ ဆိုခြင်းငါးချတည်း။ ဒုက္ကဋ်အာပတ်–ဟု ဆိုသည်မဟုတ်။ အပြုမကောင်းဟု ဆိုခြင်းတည်း။

[မမေးမမြန်း၊ သင်္ကန်း–နင်းချုပ်၊လိမ်းသုတ်မျက်ရည်၊ ကပ်တည်အာယု မာတု–ရဟန်း၊အာနန်မှန်း၊ ငါးခက်း ဒုက္ကဋာ။]

## သင်္ကန်းဟောင်း အသုံးချပုံ

သင်္ကန်းဟောင်းကို အပေါ်ခင်းပြု၍ သုံးရသည်။အပေါ်ခင်းဟောင်းကို ဘုံလျှိအဖုံး……။ ဘုံလျှိုဖုံးဟောင်းကို မြေအခင်း ….။ မြေအခင်းဟောင်းကိုခြေသုတ်……။ ခြေသုတ်ဟောင်းကို မြူသုတ်……။ မြူသုတ်ဟောင်းကို နုတ်နုတ်စင်း၍ ညွှန်ဖြင့်နယ်၍ အကျည်လိမ်းကျံရသည်။ ၆–မျိုးအထိ အသုံးချရသည်။

## ဝေသာလီ အဓမ္မဝတ္ထု ဆယ်ပါး

သားချိုဆားဆောင်–အပ်၏။ အရိပ်နှစ်သစ်လွန်စား–အပ်၏။ ရွာတပါး သွားလိုလျှင် ပဝါရိတ်သင့်သူ ဝိနည်းကံမပြုဘဲစား–အပ်၏။ တသိမ်ထည်းအသီးသီးဥပုသ်ကံပြု–အပ်၏။ ရောက်မှဆန္ဒဆောင်မည်

ဟု ဝဂ္ဂကံပြု–အပ်၏။ ဆရာသမား အလေ့–အပ်၏။ နို့ဝမ်းဖြက်လုနီး နို့ချည်–ပဝါရိတ် သင့်သူစား–အပ်၏။ နှသောသေသောက်–အပ်၏။ အဆာမရှိဘဲ နိသိဒိုင်–အပ်၏။ ရွှေငွေ-အပ်၏။ ။(အဆာရှိသော နိသိဒိုင် အနေ–အဆာမရှိဘဲ ကြီးစွာပြု–အပ်၏။ ဆေဒနကပါစိတ် မသင့်ဟုလို။)

[ဆားပူး၊နှစ်သစ်(၂)။ ရွာပစ်၊ကံသီး(၂)။ ပြီးမှဆန္ဒ(၁)။ စိဏ္ဍ၊နို့ရည်(၂)။ နိသီ၊သေန(၂)။ ရွှေငွေရ(၁)။ ဆယ်ခုအစမ္ဗဝဏ္ဏတည်း။]

## ညစ်နွမ်းကြောင်းလေးပါး

တိမ်တိုက်၊ ဆီးနှင်း၊မီးခိုးမြူ၊ရာဟုအသူရိန်–ဤလေးခုသည် လ နေ တို့၏ညစ်နွမ်းကြောင်းတည်း။ ။အရက်သောက်ခြင်း၊မေထုန်မှီဝဲခြင်း၊ ရွှေငွေအလှူခံခြင်း၊ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း–ဤလေးပါးသည် ရဟန်းတို့၏ ညစ်နွမ်းကြောင်းတည်း။

ဒါယကာ မဏိစူဠကဂါမဏိ၊ အကြြင်သူအား စင်စစ်ရွှေငွေအပ်၏၊ ထိုသူအား ကာမဂုဏ် ငါးပါး တို့လည်း အပ်ကုန်၏။ အကြင်သူအား ကာမဂုဏ် ငါးပါးတို့ အပ်ကုန်၏။ ထိုသူကို–သမဏဓမ္မရှိသူ မဟုတ်၊ သကျပုတ္တိယဓမ္မရှိသူ မဟုတ်ဟု စင်စစ် မှတ်လေလော။ (မူဠ္ဌဝါ သတ္တသတိကက္ခန္ဓက။)

## အဂတာနုပိကာ–ဒေသနာကြားမမည့်ရှစ်ခု

ဘိက္ခုနီအဇ္ဈဝဏ္ဏကပါရာဇိကဥ္ လွန်ကျူးသော အာပတ် ၅ပ်ပါး မစုံမီ အာယတိ သံဝရဖြင့် ဇရနိက္ခေပပြု၍ ဒေသနာ ကြား ရသည်။ ဤသို့ ဇရနိက္ခေပမပြုဘဲ ဒေသနာကြားလျှင် ဒေသနာ ကြားသည်ဟု မရေတွက်ရ၊အာပတ်၅ပ်ပါးစုံလျှင်ပါရာဇိက။ ။ဤနည်းကိုထောက်ပတ် အနည်းငယ် အနည်းငယ် ခဏခဏ ခိုးသောက်ရာ၌လည်း ဘိအပ်၏၊ သံဝရမရှိဘဲ ဒေသနာကြားလျှင် ကြား သည်မမည်။ တဆတ်ကို ပြည့်သော ခဏဒ္ဒပါရာဇိက။

ဤမှတပါးသော အာပတ်တို့ကား သံဝရမရှိသော်လည်း ဒေသနာ ကြားလျှင် အာပတ်ထ၏။ ဒေသနာသုဒ္ဓိ ဖြစ်၏။ ပါတိမောက္ခသံဝရ

စင်ကြယ်၏၊ ဇမ္ဗူဒီပသံဝရသီလသာလျှင်- သံဝရရှိမှ စင်ကြယ်သည်၊ သံဝရသုဒ္ဓိဖြစ်သည်။

ရွှေကျင်ဆရာတော်၊ ရှမ်းကလေးကျွန်းဆရာတော်ကြီးတို့၏ မိန့်ခွန်းတော်ကား အစားများ၍ပေသောဆရာဇီဝကဆေးသည် ယခုအနာကို ပျောက်စေနိုင်၏၊ နောင် အစားများလျှင်သာ ရောဂါထပ်၍ ဖြစ်ပြန်သကဲ့သို့ ဘုရားဆေးတော်ဖြင့် ကုသလျှင် အာပတ်ထ၏၊ အလဇ္ဇီအဖြစ်မှ ကားမလွတ်၊ နောင်လွန်ကျူး ပြန်လျှင် အာပတ်သင့်၏။ "အာယတိံ ဘန္တေသံဝရိဿာမိ"-ကိုအနက် အဓိပ္ပါယ်မသိ၍ သိသော်လည်း သတိမရ၍ ကုစားစေကာမူ ရသာဝါဒမဖြစ်။

## ပဒေသပညပ်လေးပါး

ငါးပါးဖြင့် ရဟန်းခံခြင်း၊သုံးထပ်ထက်လွန်သော အထပ်ထပ်ဘိနပ်စီးခြင်း၊ အမြဲနေ့တိုင်း ရေချိုးခြင်း၊ သားရေအခင်းသုံးဆောင်ခြင်း–၌ လေးပါးသည် ပဒေသပညပ်မည်၏၊ ပစ္စန္တရဇ်၌သာအပ်သည်၊ မဇ္ဈိမဒေသ၌မအပ်။

**မဇ္ဈိမဒေသ။** ။ဗောဓိမဏ္ဍိုင်မှ အရှေ့– ဂဇင်္ဂလနိဂုံး ပြင်ပ အင်ကြင်းပင်ကြီးထိ၊ အရှေ့တောင်-သလ္လဝတီမြစ်ထိ။တောင်–သေတကဏ္ဏိနိဂုံးထိ၊ အနောက်-ထူဏပုဏ္ဏားရွာထိ၊မြောက်-ဥသိရဒ္ဓဇတောင်ထိ၊ အလျားယူဇနာ ၃၀၀၊ အနံ ၂၅၀၊ အဝန်းယူဇနာ ၉၀၀ ရှိသောအရပ်သည် မဇ္ဈိမဒေသမည်၏၊ ထိုမှပြင်ဘက်သည် ပစ္စန္တရဇ်အရပ်မည်၏။

## ဂါရဝခြောက်ပါး

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သိက္ခာ၊ အပ္ပမာဒ၊ ပဋိသန္ထာရ–၌ခြောက်ပါး၌ ရိုသေခြင်းသည် ဂါရဝ ခြောက်ပါး မည်၏။ မရိုသေလျှင် အဂါရဝ ခြောက်ပါး။

## သာရဏီယဓမ္မခြောက်ပါး

မျက်မှောက်မျက်ကွယ်မေတ္တာကာယကံရှိခြင်း၊မေတ္တာဝစီကံရှိခြင်း၊ မေတ္တာမနောကံရှိခြင်း၊ (၃)။ ရသောလာဘ်ကို ငါတို့သူ့တို့ မခွဲဘဲ သူ၍ယူကြွင်းကိုသုံးဆောင်ခြင်း၊သီလကျိုးပေါက်ကျားပြောက်မရှိခြင်း၊

ထွက်မြောက်ကြောင်း သမ္မာဒိဋ္ဌိရှိခြင်း၊ (၃)။ ဤခြောက်ပါးရှိသူသည် သိတင်းသုံးဘော်တို့ မပြတ်အောက်မေ့အပ်သူမည်၏၊ ဤခြောက်ပါးကို မပျက်အောင် ၁၂–နှစ်ဖြည့်ကျင့်သူသည် ဆွမ်းတဆပ်စာကို လာသမျှ သံဃာ ရာထောင်အား လိုတိုင်းဝေငှသော်လည်း မကုန်၊ လာဘ်ဝေ ဘန်ရာ၌ အကောင်းဆုံးကိုသာရသည်၊ ဒုက္ခကျွကြုံသော အခါ နတ်တို့ ကြောင့်ကြခံ၍ ပြုရခြင်းခံရသည်၊ သစ်ပင်၌ သွာရပ်လျှင် နတ်ဆွမ်း ရသည် ဟု သာရဏ္ဍနိကာ၌ ဝဏ္ဏျများ စွာဖြင့် ပြသည်။

## အာပတ်သင့်သူနှစ်ယောက်၊ မသင့်သူနှစ်ယောက်

ဘိက္ခု၊ ဘိက္ခုနီ–ဤနှစ်ယောက်သာလျှင် အာပတ်သင့်နိုင်သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ–ဧွပုဂ္ဂလာ အနာပတ္တိ။

## ကုသိုလ်ရသူလေးယောက်၊ ကုသိုလ်မရသူသုံးယောက်

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်--ဤလေးယောက် သာ အဝိဇ္ဇာအမိုက်ရှိသောကြောင့် ကုသိုလ်ရနိုင်သည်။ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာ–ဤသုံးယောက်–ကုသိုလ်မရ၊ ကြိယာသာ ရသည်။ အဝိဇ္ဇာအမိုက်ကင်းသူ သုံးယောက်ဖြစ်သောကြောင့်တည်း။

## ဘုရားရှိမရှိအာပတ်သုံးမျိုး

လောဟိတုပ္ပါဒ–အဘဗ္ဗ–ပါရာဇိကအာပတ်သည် ဘုရားရှိခိုက်သာ သင့်သည်၊ မထေရ်ကြီးကို အာဂုသော ခေါ်သောအာပတ်သည်ဘုရား မရှိမှသာသင့်သည်၊ ကြွင်းအာပတ်အားလုံးသည် ဘုရား ရှိ မရှိ အခါ မရွေးသင့်ကုန်၏။ ထိုတွင် အာဂုသော–အာပတ်ကို ဝိနည်း၌မပညတ်၊ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌ နိဗ္ဗာန်စံလုနီးပညတ်သွားသည်ကို ရှင်ဥပါလိမထေရ်သည် ပရိဝါပါဠိတော်၌သွင်း၍ပြသည်။

## အပုညဒါနငါးပါး

သေအရက်သူခြင်း၊ ပွဲသဘင်လှူခြင်း၊ မိန်းမလှူခြင်း၊ နွားအုပ်အတွင်း နွားသိုးလွှတ်ခြင်း၊ ကိလေသာနှင့် စပ်သော ပန်းချီချပ်လှူခြင်း– ဤကား လောက၌ ကုသိုလ်မဟုတ်သော ဒါန ငါးပါးတည်း။ ( ပွဲသဘင်သည် သာသနာ၏ ပြောင့် တံကျင်လည်းမည်သည်။ )

## အဓမ္မိက ဒိဋ္ဌာဝိကမ္မ၊ မတရားဒေသနာကြားခြင်း

အာပတ်မရှိဘဲ ဒေသနာကြားခြင်း၊ ဒေသနာဂါမ် မဟုတ်ဘဲကြားခြင်း၊ကြားပြီးကို ထပ်ကြားခြင်း၊လေးငါးပါး အတူကြားခြင်း၊ စိတ်ဖြင့်ကြားခြင်း၊ နာနာသံဝါသက ထံ ကြားခြင်း၊သိမ်တူမနေ ( သိမ်နိမိတ်ကျောက်တိုင်အတွင်းတပါး အပြင် တပါးအားဖြင့်) တသိမ်စီနေလျက်ကြားခြင်း၊ အပကတတ်ထံကြားခြင်း၊ဤကား မတရားဒေသနာကြားခြင်းမည်၏။ ဒုက္ကဋ်ထပ်သင့်၏။ ( ဝိနည်းကံချွတ်သောကြောင့် ) အာပတ်ပေါင်းမှုလည်းမထ၊ (ပရိဝါ၊) ကျောက်တိုင် အတွင်းကား ဗဒ္ဓသိမ်၊ အပြင်ကား ဂါမသိမ်တည်း။

သမာနသံဝါသကထံကြား၊ သိမ်တူနေ၍ကြား၊ ပကတတ်ထံကြား၊ တပါး၊ နှစ်ပါး၊သုံးပါးအတူကြား၊ နှုတ်သံဖြင့်ကြား၊ ဤကား ဓမ္မိကဒိဋ္ဌာဝိကမ္မငါးပါးတည်း။နှစ်ပါး၊ သုံးပါးအတူကြားခြင်းကို ယခုပြုလေ့မရှိကြ။

---

## အသမ္မုခါ-မျက်ကွယ်ပြုကံရှစ်ပါး

တမန်ဖြင့် ဘိက္ခုနီရဟန်းခံခြင်း၊ သပိတ်မှောက်ခြင်း၊ သပိတ်လှန်ခြင်း (၃)၊ ဗြဟ္မဒဏ်ပေးခြင်း၊ ဥမ္မတ္တက သမ္မုတိကံအရဋ္ဌဝိနည်းသမထပြုခြင်း၊ဥက္ကာမွဲသဒ္ဒါသန်-သောတာပန်တို့အား သေက္ခသမ္မုတိကံပေးခြင်း (၃)။ ဒေဝဒတ်အားပြုသော ပကာသနီယကံ၊ ဤအကျင့်ဆိုးသော ရဟန်းကို ရှိမခိုးရဟု ဘိက္ခုနီတို့ပြုသော အဝန္ဒိယကံ (၂)။ဤကံရှစ်ပါးကို မျက်ကွယ်ပြုနိုင်သည်။

[တမန်၊ မှောက်၊ လှန်(၃)။ အုမ် ဥမ် သေက်၊ ဗြမ်(၃ ။ ကာ၊ ဝန် ၂ မျက်ကွယ်ရှစ်။]

---

## မယူအပ်သောအဓိကရုဏ်းငါးပါး

ရှင်မဟာကဿပ၊ ရှင်ယသ၊ ရှင်မောဂ္ဂလိပုတ္တတို့ကဲ့သို့ သာသနာသုတ်သင်လိုသောရဟန်းသည် မသင့်သောအခါကာလဖြစ်အံ့၊သင့်သော်လည်း မဟုတ်မမှန်အံ့၊ဟုတ်မှန်သော်လည်း အကျိုးနှင့်မစပ်အံ့၊စပ်သော်လည်းဓမ္မဝိနယအားဖြင့် အဘော်မရအံ့၊ ရသော်လည်း သံဃာငြင်းခုံ

စရေ့ဖြစ်အံ့၊ ဤသို့သော ငါးပါးသော အဓိကရုဏ်းကို မယူအပ်၊ လက်မခံအပ်၊ မစောဒနာအပ်။

## စောဒကဆင်ခြင်ဘွယ်ငါးပါး

ငါသည် ကိုယ်အကျင့် စင်ကြယ်၏လော၊ နှုတ်အကျင့် စင်ကြယ်၏လော၊ မေတ္တာစိတ် ရှိ၏လော၊ ဗဟုသုတ ရှိ၏လော၊ ပါတိမောက် နှစ်စောင်အကျယ် လေ့လာ၏လော—ဤငါးပါးကို မိမိသန္တာန်၌ ဆင်ခြင်၍ သူတပါးကို စောဒနာအပ်၏။

## စောဒကဆောက်တည်ဘွယ်ငါးပါး

ငါသည် သင့်သောအခါ၌ ဆိုပေအံ့၊ မှန်သောစကားဖြင့် ဆိုပေအံ့၊ သိမ်မွေ့စွာဆိုပေအံ့၊ အကျိုးရှိသော စကားကိုဆိုပေအံ့၊ မေတ္တာစိတ်ဖြင့် ဆိုပေအံ့—ဤငါးပါးကို မိမိသန္တာန်၌ ဆောက်တည်၍ စောဒနာအပ်၏။

## စောဒကနှလုံးသွင်းငါးပါး

စုဒိတကပုဂ္ဂိုလ်အပေါ်၌သနားခြင်း၊ အစီးအပွါးလိုလားခြင်း၊ အစဉ်စောင့်ရှောက်ခြင်း၊ အာပတ်မှ ထစေလိုခြင်း၊ ဝိနည်းရှေ့ရှုခြင်း၊ ဤငါးပါးသည် မိမိသန္တာန်၌ ရှိ၏လောဟု နှလုံးသွင်း၍ စောဒနာအပ်၏။

## စုဒိတကအင်္ဂါနှစ်ပါး

စောဒနာခံရသော ရဟန်းသည် သစ္စာ-မှန်ကန်သောစကား၌၎င်း၊ အကုပ္ပ-အမျက်မထွက်ခြင်း၌၎င်း၊ ဤတရားနှစ်ပါး၌တည်အပ်၏။ ။ စုဒိတက—သစ္စာမရှိလျှင် ယထာဘူတ-ဓမ္မဝိနိစ္ဆယဖြစ်နိုင်ခဲ၏၊ အရေးအကြီး ဆုံး လိုရင်းအချက်ဟု ဆိုထိုက်၏။

## အနုဝိဋ္ဌကကျင့်ဝတ်

အမှုစစ်သော ဝိနည်းဓိုရ်တရားသူကြီးသည် ဆောလျင်စွာမဆိုအပ်၊ ကြမ်းတမ်းစွာမဆိုအပ်၊ အမျက်မထွက်အပ်၊ ငြင်းခုံကြောင်းအကျိုးမဲ့ မဆိုအပ်၊ ဝိဘင်း၊ ခန္ဓက၊ ပရိဝါ၊ ဝိနည်းပိဋကတ် မဟာပဒေသတို့၌ ဟောသော သိက္ခာပုဒ်အားလျော်စွာ မေးစစ်ရာ ကျင့်ဝတ်ကိုနှလုံးသွင်း

မှတ်သားရာ၏၊ မမှတ်သားလျှင် တမလွန်သုဂတိကို ပျက်စေနိုင်သည့်၊ ဝါ-အပါယ်သွားကြောင်းဖြစ်သည်။

အစီအပွါးရှာလျက် သင့်သောအခါ အကျိုးနှင့်စပ်အောင် မေးစစ်ရာ၏၊ စော၊ စုတို့၏ဆောတလျှင် ဆိုမိသော စကားချွတ်ကိုမယူအပ်၊ စော၊ စု-နှစ်ဦးစကားမညီလျှင် ဘယ်သူကိုမှ မချီးမြှောက်ဘဲ ညီညွတ်သော စကားဖြင့် ဝန်ခံတိုင်းဆုံးဖြတ်အပ်၏။

လဇ္ဇီကိုဝန်ခံတိုင်းဆုံးဖြတ်အပ်၏၊ အလဇ္ဇီကိုကား စကားများစွာဆိုသော်လည်း ညီညွတ်သော စကားဖြင့် ဆုံးဖြတ်အပ်၏၊ (ညီညွတ်သောစကားမရလျှင် နေဝသုဒ္ဓနာသုဒ္ဓ-ဟု ဖယ်ထားအပ်၏။)

အခါမဟုတ်ဘဲ အမှာ ဖြင့်၊ ကြမ်းတန်းစွာ အကျိုးမဲ့စေလျက် ဒေါသ ထွက်၍ဆိုလျှင် အဓမ္မ စောဒကမည်၏၊ (ထိုစကားကိုမယူအပ်။)

ရှေ့နောက်စကားမသိ၊ ရှေ့နောက်စကားမလိမ္မာ၊ စု ၊အနုနှင့်ဆိုင်သောစကား၊ ဝိနိစ္ဆယနှင့် ဆိုင်သောစကား နှစ်ရပ်ကိုမသိ၊ ထိုနှစ်ရပ်၌ မလိမ္မာဘဲဆိုလျှင် ဗာလစောဒကမည်၏၊ (ထိုစကားကိုမယူအပ်။)

စော-၏ ဣန္ဒြေ၊သုဘ၊ပရိသက်တသည် ညီညွတ်အံ့၊ယုတ္တိရှိအံ့၊ ခိုင်မာအံ့၊သို့သော် စုသည်ထိုအပြစ်ကို ဝန်မခံဘဲ ငါစင်ကြယ်ပါသည်ဟုဝန်ခံအံ့၊ ဝန်ခံသော အတိုင်းထို စုနှင့် ဥပုသ်ကံပြုအပ်၏။

ငြိမ်းနိုင်ကြောင်းဖြစ်သောဓမ္မ၊ ဝိနယ၊ သတ္ထုသာသနဖြင့်သာ အဓိကရုဏ်းကို ငြိမ်းစေအပ်၏။

## သံဃာ့ကျင့်ဝတ်

သံဃာသည် သက်ဆိုင်သောစကား၊ မသက်ဆိုင်သော စကားကို သိအပ်၏၊ စော၊ စု-တို့၏ ရှေ့စကား ဤမျှ၊ နောက်စကားဤမျှဟု သိအပ်၏၊ စော၊ စု၊ အနုတို့၏ ပမာဏကို သိအပ်၏၊ အနုဝိဇ္ဇကကို ငါ့ရှင်သင်သည် မယုတ်လျော့အောင် နှလုံးသွင်း၍ ဖြောင့်ဖြောင့်သာပြုလော ဟု တိုက်တွန်းအပ်၏။

## စောဒက၏လောင်ကျွမ်းပုံ

စောဒကသည် ဆန္ဒ၊ ဒေါသ၊မောဟ၊ ဘယဖြင့် မထေရ် တို့ကို ရှေ့ရှုတ်အံ့၊ သဒ္ဓါ၊ ပညာစသော ဆွမ္ဗြေငါးပါးကို ဖျက်အံ့၊ သိက္ခာ၌ မရိုသေအံ့၊ အာမိသကိုရင်း၊ ပုဂ္ဂိုလ်ကိုရင်းမှီ၍ပြုအံ့၊ အမျက်ကြီးအံ့၊

ရန်ငြိုးဖွဲ့အံ့၊ ကြမ်းတန်းအံ့၊ ဆဲရေးအံ့၊ အနာပတ္တိကို အာပတ္တိဟုဆိုအံ့၊ နားရင်းကပ်၍ တိုင်ပင်အံ့၊ အပြစ်ရှာအံ့၊ အဆုံးအဖြတ်ကို ယုတ်စေအံ့၊ လမ်းမှားလိုက်အံ့၊ အခါမဟုတ်ဘဲ အများဖြင့် ကြမ်းတန်းစွာ အကျိုးမဲ့အောင် မေတ္တာမသက်ဘဲဆိုအံ့၊ ဓမ္မအဓမ္မစသော ဘေဒကရဝတ္ထု ၁၈-ပါးမသိ မလိမ္မာ၊ ရှေ့နောက်စကားမသိ မလိမ္မာ၊ ကထာနုသန္ဓိစကား ညီညွတ်ခြင်း၊ ဝိနိစ္ဆယာနုသန္ဓိ—အဆုံး အဖြတ် ညီညွတ်ခြင်း- နှစ်ပါးကိုမသိအံ့၊ မိမိကိုယ်ကိုသောင်ကျွမ်းစေသူဖြစ်၏။

## ရူဠှသင်္ဂါမဝစရ

သင်္ဂါမဝစရ စစ်ပွဲဝင် သာသနာပြုစောဒကသည် သံဃာသို့ ချဉ်းကပ်သောအခါ ခြေသုတ်ပမာ နှိမ့်ချကာ ချဉ်းကပ်အပ်၏။ သင့်သော နေရာသိ၍ ထိုင်အပ်၏။ မထေရ်ကြီးများဘက် ကျောက်ကုန်း မလှည့်အပ်။ မထေရ်ကြီးတို့ကိုတိုး၍ သီတင်းငယ်တို့ကိုနေရာတား၍မနေအပ်။ ထူးပြားထွေလာ အကျိုးမဲ့စကားမဆိုအပ်၊ တရားစကား ပြောအပ်၏၊ ပြောတတ်သူကို တိုက်တွန်းအပ်၏။ မြတ်သောဆိတ်ဆိတ်နေခြင်းကို မထိလေးစားမပြုဘဲ ကမ္မဋ္ဌာန်း နှလုံးသွင်းလျက် ဆိတ်ဆိတ်သော်လည်း နေအပ်၏။

## အနုဝိဇ္ဇက မမေးအပ်များ

သံဃာခွင့်ပြုသော အနုဝိဇ္ဇက-မေးစစ်သူသည် ဥပဇ္ဈာယ်ကိုမမေးအပ်။ ဆရာကို၊ အတူနေတပည့်ကို၊ အတွင်းနေတပည့်ကို၊ ဥပဇ္ဈာယ်တူကို၊ ဆရာတူကို၊ အမျိုးဇာတိ အမည်အနွယ်ကို၊ ပိဋကအာဂုံကို၊ မွေးရာအရပ်ကိုမမေးအပ်။ မေးခဲ့လျှင် ထိုသူ၌ ချစ်ခြင်း၊ မုန်းခြင်းဖြင့် အဂတိသို့ ရောက်နိုင်သည်။

ဘေယျသံဝါသကဝတ္ထု၌ ကိုယ်တိုင်သက်န်းဝတ်လာသူကို ရှင်ဥပါလိကိုယ်တိုင် ဥပဇ္ဈာယ်စသည်မေးသဖြင့် မဖြေတတ်၍ ကိုယ်တိုင်သင်္ကန်းဝတ်လာကြောင်း ကိုဝန်ခံရလေသည်။ ထို့ကြောင့် ရဟန်းဟုတ်-မဟုတ်သိသာအောင် အမှုနှင့်ဆိုင်ရာကို မေးကောင်းသည်ဟု သိသာ၏။ မဆိုင်လျှင် အဂတိလိုက်ဘွယ်ဖြစ်နိုင်သောကြောင့် မမေးအပ်ဟု တားသည်ဟု သိသာ၏။

## အနုဝိဇ္ဇက၏ပြည့်စုံခြင်း

သံဃာခွင့်ပြုသော အနုဝိဇ္ဇကသည် မေးစစ်သောအခါ သံဃာကို အလေးပြုအပ်၏။ ပုဂ္ဂိုလ်ကိုအလေးမပြုအပ်၊ သူတော်ကောင်းတရားကို အလေးပြုအပ်၏။ အာမိသ အလေးမပြုအပ်၊ အနက်စွမ်းဖြင့် ဆိုအပ်၏။ ပရိသတ်အကြိုက် ကြံဆ၍မဆိုအပ်။ အခါ၌၊ အမှန်ဖြင့်၊ နူးညံ့စွာ၊ အကျိုးများစေလျက် မေတ္တာဖြင့် မေးစစ်အပ်၏။ အခါမဟုတ်၊ အမှားဖြင့်၊ ကြမ်းတမ်းစွာ၊ အကျိုးနည်းစေလျက် ဒေါသဖြင့် မမေးစစ်အပ်။ နားရင်းကပ်၍ မတိုင်ပင်အပ်။ အပြစ်မရှာအပ်။ မျက်စိ မှိတ်ခြင်း၊ မျက်မှောင်ကြုံခြင်း၊ ဦးခေါင်းမြှောက်ခြင်း၊ လက်အမူအရာပြခြင်း၊ လက်ဆုပ်ပြခြင်း၊ မပြုအပ်။ နေရာ၌လိမ္မာသူ၊ နေခြင်း၌ လိမ္မာသူဖြစ်ထိုက်၏။

ထင် ပိုးတပြန်မှုကြည့်၍ အနက်မှတ်သား နှိုင်းချိန်လျက် မိမိနေရာ၌ နေအပ်၏။ နေရာမှ မထအပ်၊ ဝါ၊ ထ၍ သူတပါးမျက်နှာ ကြည့်ကာ မလှည့်လည်အပ်။ ဝိနိစ္ဆယကိုမယုတ်စေအပ်။ လမ်းမှား မလိုက်အပ်။ ဝါ၊ အာပတ်ကို မပြအပ်။ လက်ရုံးဆန့်တန်းလျက်မဆိုအပ်။ သောတလျှင် မကောင်းစကား မဆိုအပ်၊ မကြမ်းတမ်းအပ်။ မသင့်သည်ကို ဆိုလျှင် အဆိုခံနိုင်ရမည်။ အကျိုးစောင့်သူ၊ အကျိုးရှာသူ၊ မိုင်းခြား၍သိသူ၊ ရန်သူကြိုက် မလိုက်သူ၊ မကောင်းမဆိုသူ ဖြစ်ထိုက်၏။ မိမိကိုယ်ကိုသိမ်းဆည်းအပ်၏။ ဝါ၊ ဆုံးဖြတ်နိုင်-မဆုံးဖြတ်နိုင် ရှုစမ်း၍ မိမိပမာဏကို သိအပ်၏။ သူတပါးကိုသိမ်းဆည်းအပ်၏။ ဝါ-လဇ္ဇီပရိသတ် လေသော၊ သိစေခြင်း၌ တတ်ကောင်းလေသလောဟု ရှုစမ်းအပ်၏။

စော၊စုတို့သည် အဓမ္မလော၊ဓမ္မလော။ ၎င်းတို့၏ပမာဏကိုသိအပ်၏။ စော၊စု၏တို့ ဆိုပြီးကို မယုတ်စေမူ၍ မဆိုသည် မဆိုင်သည်ကို မပြုမူ၍ သက်ဝင်သော ပုဒ်ဗျည်းတို့ကို မှတ်၍ ပရိသတ်ကိုမေး၍ ဝန်ခံတိုင်းဖြင့် ဆုံးဖြတ်အပ်၏။ နုံ့သူကို ရှင်စေအပ်၏။ ကြောက်သူကိုသက်သာစေအပ်၏။ ကြမ်းသူကို တားအပ်၏။ မစင်ကြယ်သော အလဇ္ဇီကို ထင်စွာဖြစ်စေအပ်၏။ ဝါ၊ အပြစ်ဖော်ပြနိုင်း၍ အာပတ်ကို ဒေသနာကြားစေအပ်၏။ ဖြောင့်သောသီလဝန္တကိုနူးညံ့စွာပြောအပ်၏။ အဂတိမလိုက်အပ်။ ဓမ္မပုဂ္ဂလတို့၌ အလယ်၌တည်အပ်၏။ ဝါ၊ ဓမ္မကိုအလေးပြု၍ ပုဂ္ဂိုလ်ကို အလေးမပြုသူဖြစ်ထိုက်၏။ ဝါ၊ ဓမ္မ၌ ဂါရဝကို၊ ပုဂ္ဂလ၌မေတ္တာဂါရဝကို

အပစ်းအသင်းမကျခြင်း ပက္ခအပါတ ဂါရဝကို ပြုသူဖြစ်ထိုက်၏။ ဤသို့မေးစစ်လျှင် ဘုရားစကားလိုက်နာသော သာသနာပြုဖြစ်၏။ ပညာရှိ သိတင်းသုံးဘော်တို့ မြတ်နိုးအပ်သူလည်းဖြစ်၏။

## ကြီးကဲနေရာမထားအပ်၊ထားအပ်

ဝိဘင်း၊ခန္ဓက၊ပရိဝါ၊ဝိနည်းပိဋကတ်မဟာပဒေသတို့၌ ဟောသော သိက္ခာပုဒ်နှင့်လျော်စွာ မေးစစ်ခုဝတ်ကို နှုလုံးသွင်းမှတ်သားရာ၏။ မှတ်သားလျှင် တမလွန် သုဂတိကို ပျက်စေတတ်သည်။

အကြင်ရဟန်းသည် ဝတ္ထုကိုမသိ၊ဝိပတ္တိ၊အာပတ္တိ၊နိဒါန်း၊အာကာရ-ဝါ-အကြောင်းဟုတ်မဟုတ်၊ရှေ့စကား၊ နောက်စကား၊ ပြုအပ်၊မပြုအပ်၊ ကံ၊အဓိကရဏ်း၊သမထတို့ကိုမသိ။ အဂတိလေးပါးလိုက်၏၊ သူတပါးကို သိစေခြင်း၌ မလိမ္မာ၊ အကြောင်းသင့် မသင့် ကြည့်ရှုခြင်း၌မကျွမ်းကျင်၊ရအပ်သော,မိမိကဲ့သို့ အလားတူညှိုဖျင်းသောပက္ခရှိ၏။ အရှက်မရှိ၊မည်းညစ်သော အမှုရှိ၏။ပုဂ္ဂလ‌ခမ္ဘ၌မရိုသေ။ ထိုသို့သောရဟန်းကို အ‌ပ္ပဋိက္ခ-မကြည့်အပ်သူ-ဝါ၊အဆိုးတရကြီးကဲရာဌာန၌ သမုတ်၍မထားအပ်သူဟု ဆိုအပ်၏။

ထိုမှပြန်၍ ဝတ္ထုကို သိခြင်းစသည်နှင့် ပြည့်စုံသော ရဟန်းကို သံပ္ပဋိက္ခ—ကြည့်အပ်သူ-ဝါ၊အဆုံးတရကြီးကဲရာဌာန၌ သမုတ်၍ ထားအပ်သူဟု ဆိုအပ်၏။

## မဟာသင်္ဂါမဝစရ

စစ်ပွဲကြီးဝင် အနုဝိဇ္ဇက တရားသူကြီးသည် သံဃာ၌ ပြောဆိုဆုံးဖြတ်သောအခါ ဝတ္ထုကိုသိအပ်၏။ဝိပတ္တိ၊အာပတ္တိ၊နိဒါန်း၊အာကာရ-ဝါ-အကြောင်းဟုတ်၊မဟုတ်၊ရှေ့စကား၊နောက်စကား၊ပြုအပ်၊မပြုအပ်၊ ကံ၊ အဓိကရဏ်း၊ သမထကိုသိအပ်၏၊ အဂတိလေးပါး မလိုက်အပ်၊ သူတပါးကိုသိစေအပ်သော အရာ၌ သိစေအပ်၏။ရှုစေအပ်သောအရာ၌ ရှုစေအပ်၏။ငြိမ်စေအပ်သောအရာ၌ ငြိမ်စေအပ်၏။ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေအပ်၏။ ငါသည်ရအပ်သော ပက္ခရှိသည်ဟု သူတပါးပက္ခကို မထိမဲ့မြင်မပြုအပ်၊ငါဗဟုဿုတရှိသည်ဟုအပ္ပဿုတကို မထိမဲ့မြင် မပြုအပ်၊ ငါမထေရ်ကြီးဟု သိတင်းငယ်ကို မထိမဲ့မြင်မပြုအပ်၊ မရောက်သေးသည်ကိုမဆိုအပ်၊ ရောက်သည်ကို ဓမ္မဝိနယမှ

မယုတ်စေအပ်၊ ငြိမ်းကြောင်းဓမ္မ ဝိနယသဏ္ဍာသာသနဖြင့် ထိုအဓိကရဏ်းကို ငြိမ်းစေအပ်၏။

---

## ပါရာဇိကဆုံးဖြတ်နည်း

ပဌမနှင့် စတုတ္ထပါရာဇိကကို လွန်ကျူးခြင်းသည် ထင်ရှား၏။ သံသယမေးဘွယ်မရှိ။ ဒုတိယနှင့်တတိယသာ သိမ်မွေ့၏။ သိမ်မွေ့စွာ ရှောင်၏၊ သိမ်မွေ့စွာလွတ်၏။ ထိုသံသယကိုမေးလျှင် အာပတ်ကိုမြင်သူသည် အာပတ်ဟုမဆိုအပ်၊ ဆရာထံ၊ စာသင်ဘက်ထံ၊ ပညာရှိတပည့်ထံ စေလွှတ်အပ်၏။ ထိုသူတို့သည်လည်း ပါရာဇိကအာပတ်မြင်လျှင် အာပတ်ဟု မဆိုအပ်။ ဥက္ကဋ္ဌသာကာရကို ဆင်ခြင်စမ်းပါဦး-ဟု ဆိုအပ်၏။ သိလမပျက်လျှင် ကမ္မဋ္ဌာန်းကောင်းစွာထင်၏။ ထိုအခါ–မမေ့မလျော့ အားထုတ်ပါဟု ဆိုအပ်၏။ သိလပျက်လျှင် နှင်တံဖြင့် ထိုးဆွသကဲ့သို့ စိတ်တုန်လှုပ်၏။ ထိုအခါကျမှ "မကောင်းမှုပြုသူအား ဆိတ်ကွယ်ရာမရှိ၊ သင့်ကိုယ်သင်သိလေတော့"ဟု ဆိုအပ်၏။

## ဒုတိယပါရာဇိကဋ္ဌသြဝါဒ

ဒုတိယပါရာဇိကသည် နည်းမျိုးစုံ၏။ နက်နဲသိမ်မွေ့သော အဆုံးအဖြတ်ရှိ၏။ ဝတ္ထုပေါ်ပေါက်၍ ဆုံးဖြတ်ရန်ကြုံလျှင် ပါဠိအဋ္ဌကထာကို အဓိပ္ပါယ်နှင့်တကွ အကြွင်းမဲ့ ဉာဏ်သက်အောင်ပြု၍ မမေ့မလျော့ ဆုံးဖြတ်အပ်၏။

အာပတ်သင့်သည်ကို ရှုဗ္ဗဟု ဘယ်ခါမျှ အားမထုတ်ရ။ အနာပတ္တိကိုသာ ရှုပါအံ့ဟု နှလုံးထားအပ်၏။ ။အာပတ်မြင်လျှင် ဖန်ဖန်မဆိုအပ်။ ရှုစမ်း၍ ပညာရှိတို့နှင့်တိုင်ပင်၍ဆိုအပ်၏။ ။မိဘပစ္စည်းနှင့်သော်လည်း စိတ်လျှင်မြန်ခြင်းကြောင့် ရဟန်းအဖြစ်မှ ရွေ့တတ်သည်။ ထို့ကြောင့် သူတပါးပစ္စည်းကို ကြည့်ပါရစေ၊ ခေတ္တပေးပါဟု ပန်ကြားရသည်။ မပန်ကြားဘဲ ကိုင်ငင်သုံးသပ်ခြင်းမပြုရာ၊ မြွေဆိုးတနဲ မီးခဲပမာ သတိပြု၍ ရှောင်ကြဉ်ရ၏။

၁၃၀၀–ပြည့်နှစ်တွင် ညောင်လေးပင်မြို့ တောရကျောင်း
နာယကဆရာတော်အရှင် ရေးသောင်ထားသည်။

**ဝိနည်းမှတ်စုပြီး၏။**

# ဝိနည်းမှတ်စုဆောင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါန်းလင်္ကာ (၁–မှ၊၁၈)

### ၁–အန္တရာယ်ဆယ်ပါး

၁။ မီး၊ရေ၊လူမျိုး(၃)။မင်း၊သူခိုး(၂)။သားဆိုး၊ ဘီလူးကြမ်း(၂)။
၂။ မြွေ၊ကျင့်၊သက်ခွယ်(၃)။အန္တရာယ်–တဆယ်ဤသို့မှန်။

[လင်္ကာတို့၌ အပိုင်ငယ်နှင့် ဂဏန်းကို သတိပြု၍သရုပ်ကွဲအောင်ရေတွက်နိုင်ရမည်။ဥပုသ်ပြုရန်စည်းဝေးသောအခါတွင်မီးလောင်လာအံ့-ကျောင်းမီးလောင်အံ့-အန္တရာယ်မည်၏။ပါတိမောက်အကျဉ်းပြနိုင်သည်-စသည်ဖြင့်ဖော်ရမည်။]

### ၂–ဝဋ္ဋနိယနှစ်ကျိပ်တယောက်၊ မကြဉ်လျှင် ပါစိတ်၃။ဒုက္ကဋ်၁၈။

၃။ လူ၊နီ၊သိက္ခ(၃)။သာ နှစ်ဝ(၂)။သိက္ခ၊အန္တိမာ(၂)။
၄။ မစွန့်၊မကု။ပြစ်မရှု(၃)။ သုံးချဥက္ခိတ္တာ။
၅။ ပဏ်၊ထေ၊ပက်၊ ထွက်ခန်(၄)။ပဥ္စာနန်(၅)၊ ရှုသံ၊ဥဘောပါ(၂)။
၆၊ ဝဋ္ဋနိယ၊(အစ်)ဇော် ဝီသ။ထုတ်ပြပါဋ္ဌိမှာ။
၇။ ဥက္ခိတ်သုံးရပ်၊ပါစိတ်၃တ်(၃)၊ကြွင်းလတ် ဒုက္ကဋ်၁၈ ။

[သိက္ခ-သိက္ခမာန်။ သာနှစ်ဝ-သာမဏေထီး၊မ။ သိက္ခ-သိက္ခာချသောရဟန်း။]

### ၃-အာပတ်မရှိမည်ခြင်းသုံးမျိုး

၈။ မရောက်၊ကုစား။ဆင်ခွာကြား(၃)။သုံးပါးအသင်္ဂ။

[အာပတ်မရောက်သူ၊ရောက်လျှင် ဒေသနာဝုဋ္ဌာနဖြင့် ကုစားပြီးသူ၊မကုစားသေးလျှင် ဆင်ခြာ အာဝိကရဏ ပြုသူ-ဤသုံးယောက်သည် အာပတ်မရှိမည်၏။ ပါတိမောက်နာကောင်း-ဥပုသ်ပြုကောင်းပြီ၊အန္တရာယ်မရှိပြီ။]

### ၄-အလဇ္ဇီသုံးယောက်

၉။ လွန်ကျူး၊ဖုံးထား။ဂတိသား(၃)။သုံးပါးအလဇ္ဇီ။

## ၅–အာပတ်သင့်ကြောင်းခြောက်ပါး

၁၀။ မရှက်၊မသိ(၂)။ကုက္ကုစ္စနှင့်(၁)၊သတိမမြဲ(၁)။ထင်လွဲနှစ်ပါး(၂)။
ပေါင်းခြောက်ပါးသည်–ခုနစ်ပါးအာပတ်သင့်ကြောင်းတည်း။

[ထင်လွဲနှစ်ပါး-အောင်သည်၌ အပ်သည်ဟုထင်၊အပ်သည်၌ မအပ်ဟုထင်ခြင်း။]

## ၆–ဝိပတ္တိသိမ်ပျက် ၁၁–လုံး

၁၁။ ငယ်၊ကြီး။ပြွတ်ကျွံ(၃)။ရိပ်မျိုး၊မ၊ပြင်(၃)။ပင်လယ်၊အိုင်၊မြစ်
(၃)။လွှမ်း၊စပ်လစ်(၂)၊ဆဲ့တစ်-သိမ်ပျက်တည်း။

[နှစ်ကျိပ်တပါး မဆိုင်လောက်သော သိမ်ငယ်၊ သုံးယူဇနာထက် လွန်သော
သိမ်ကြီး၊နိမိတ်ပြွတ်ကျွံးသောသိမ်(၃)၊အရိပ်နိမိတ်ကြားသောသိမ်၊နိမိတ်မကြား
သောသိမ်၊အပြင်၌နေ၍ သမုတ်သောသိမ်(၃)စသည်ဖြင့်ဖော်။]

## ၇–သိမ်နိမိတ်ရှစ်မျိုး

၁၂။ တောင်၊ကျောက်၊တော၊သစ်(၄)။ခါ၊ပို့၊မြစ်၊ရေ(၄)၊ဤရှစ်ထွေ။
မှတ်လေသိမ်နိမိတ်။

[သစ်-သစ်ပင်နိမိတ်။ခ-ခရိုးနိမိတ်။ပို့-တောင်ပို့နိမိတ်။]

## ၈ သိမ်ချင်းစပ်ကောင်း၂-မျိုး။မစပ်ကောင်းရှစ်မျိုး

၁၃။ ဂါ-ဂါ၊ဂါ-ဗဒ်(၂)။ဤနှစ်ရပ်၊စပ်အပ်သိမ်သဘော။
၁၄။ မစပ်ကောင်းတွင်။ရှစ်ခုဝင်(၈)။ရှာလျှင်တွေ့စေသော။
[ဂါ-ဂါ-ဂါမသိမ်နှင့်ဂါမသိမ်စပ်။ဂါ-ဗဒ်-ဂါမသိမ်နှင့်ဗဒ္ဓသိမ်စပ်(၂)။ဤနှစ်
မျိုးအပြစ်မရှိ။ ဥဒကုက္ခေပနှင့်စပ်ကောင်းမရှိ။ဥ–ဥ၊ဥ–ဂါ၊ဥ-ဗဒ်၊ဥ-သတ်(၄)။
ဗဒ်-ဗဒ်၊ဗဒ်–သတ်(၂)ဂါ-သတ်၊သတ်-သတ်(၂)ဤရှစ်မျိုးမစပ်ကောင်း။ ။ကုန်း
ပေါ် ၄တ်စိုက်၍ လှေချည်ခြင်း၊ သစ်ကိုင်းသစ်မြစ်စပ်ခြင်းစသည်သည် စပ်သည်
မည်၏။ မြေ၌မြုပ်လုက် စပ်ခြင်းကား စပ်သည်မမည်။ ဘူမိဂတိကဖြစ်၏။ အုတ်
ကျောက်တို့စပ်ခြင်းလည်း မြေဖြစ်၍ ဘူမိဂတိက အပ်၏။]

## ၉ တနည်းစပ်ကောင်း၂၀။မစပ်ကောင်း၁၆။ဝိဋ္ဌိ

၁၅။ မှိုရောင်ါ ရပ်×မှိုခိုတတ်-ငါးစပ်အပ်သသို့။(၅)
၁၆။ မှိုရချင် အား×မှိုစပ်ငြား-ဆဲ့ငါးပြစ်မဆို။(၁၅)

၁၇။ မှီတတ်ချင်းသာ×စပ်တုံပါ–ခြောက်ဖြာအပြစ်ဆို။( ၆ )
၁၈။ မှီရာတပါး×ကျော်စပ်ဌာ–ဆယ်ပါးအပြစ်ဆို။(၁၀)

[မှီရာကား-ဂါမ၊အရည၊နဒီ၊သမုဒ္ဒ၊ဇာတဿရ-ဟု ငါးသယသိမ်ငါးလုံး။မှီတတ်ကား-ဗဒ္ဓ၊သတ္တဗ္ဘန္တရ၊ဥဒကုက္ခေပ–ဟု နိဿိတသိမ်သုံးလုံး။ဤသိမ်ရှစ်လုံးကို စက်လှည့်၍စပ်လျှင် ရှစ်×ရှစ်လီ-၆၄-စပ်။ တူ ၂၈-ဖယ်လျှင် ၃၆စပ်ကြွင်း၏။ မှီရာ၌ မှီတတ်ကို ဆိုင်ရာစပ်လျှင် ပဌမလက်ာအရ ငါးစပ်အပ်၏။ ဒုတိယလက်ာအရ မှီရာချင်းစက်လှည့်၊ တူရာဖယ်လျှင် ၅+၄+၃+၂+၁-အားဖြင့် ၁၅ စပ်အပ်၏။ တတိယလက်ာအရ မှီတတ်ချင်း စက်လှည့်၊ တူရာဖယ်လျှင် ၃+၂+၁-အားဖြင့် ၆–စပ်မအပ်။စတုတ္ထလက်ာအရ ဗဒ္ဓ၏မှီရာမဟုတ် ၄။ သတ်၏မှီရာမဟုတ်၄။ ဥဒ၏မှီရာမဟုတ် ၂ အားဖြင့် မှီရာတပါးကျော်စပ် ၁၀–မအပ်။ ဂဏ္ဌိရခဲလှပါးဖြင့် နက်သောဝိနယ၌ ဘတ်ရုံဖြင့်သိရန်မလွယ်။ တကယ်အပန်းခံ၍ အားထုက်၍သိလျှင် ဝမ်းမြောက်ဘွယ်ကောင်းလှ၏။]

---

## ပညပ်ကျိုးစသည်( ၁၉ မှ၊ ၂၆။ )

### ၁၀ -ပညပ်ကျိုးဆယ်ပါး။အာသဝ ၂။သဒ္ဓမ္မ ၃။ဝိနည်း ၄

၁၉။ သင်္ဃုဘဂ္ဂေ ဝန်ခံစေဌါ(၁) ချမ်းသာမြဲခိုင်(၁) နှိပ်နိုင်အလဇ္ဇီ(၁) လဇ္ဇီကျင့်လွယ်(၁) ဘေးနှစ်သွယ်လွင့်( ၂ ) ကြည်ညို၊ ဆင့်ပွါး( ၂ )သုံးပါးသဒ္ဓမ္မ-တည်ရအမြဲ(၁)လေးဝိနည်းမြဲ (၁) ကျိုးဆယ်မျိုး-ရှုယ်ကုံးပညပ်တော်မူသတည်း။

၂၀။ စိတ်ပန်းဒဏ်ဆွယ်( ၁ ) လားအပါယ်(၁) နှစ်သွယ်-ဘေး အာသဝ။

၂၁။ ယတ်၊ပတ်၊အဝိ(၃)တိသာသနာ တည်ထိုက်စွာ သုံးဖြာသဒ္ဓမ္မ။

၂၂။ သံဝရ၊ပဟာန်(၂)သမထံ၊ ပညပ်( ၂ )ကျိုးခြောက်အပ်-လေးရပ်ဝိနည်းတည်း။

၂၃။ သီလ၊သတိ(၂)ခန္တီ၊ဉာဏ( ၂ )ဝိရိယသည် (၁)ငါးစောင့်စည်းဝိနည်းသံဝရ။( သံဝရဝိနည်းငါးပါး။

၂၄။ တဒင်၊ ဝိက္ခမ်( ၂ )မုစ္ဆေဒ၊ပဋိ( ၂ )နိဿရဏ(၁)ပယ်ပယ်နည်းငါးပါးလည်း–ဝိနည်းပဟာန။(ပဟာနဝိနည်းငါးပါး။ )

၂၅။ ဝိကရဏ်းငြိမ်းနည်း-ခုနစ်နည်း( ၇ )ဝိနည်းသမထ။

၂၆။ သိက္ခာပုဒ်သီး၊ ပညပ်ပြု ဝိနည်းပညတ္တိ။ (ကုဋ္ဌကိုးဆောင်ကျော်။)

[သုဒ္ဓုဘင္ကေ-လိုက်နာပါမည်ဟု နှစ်သက်စွာဝန်ခံစေခြင်း၄ါ ပညပ်သည်။ နို်စက်၍မဟုတ်(၁)။ အကျင့်တူညီ၍ ချမ်းသာစေခြင်း၄ါ(၁)။အလဇ္ဇီကိုနှိမ်ခြင်း၄ါ(၁)၊လဇ္ဇီဳပေသလတို့ကျင့်ရော လွယ်ကူစွာရစေခြင်း၄ါ(၁)။မျက်မှောက်ကိုယ်စိတ် ဒုက္ခဘေး၊ တမလွန်အပါယ်ဘေးဟူသော အာသဝနှစ်ပါး ကင်းစေခြင်း၄ါ(၂)။ကြည်ညိုကင်းသူ ကြည်ညိုခြင်း၄ါ၊ ကြည်ညိုပြီးသူ တိုးကြည်ညိုခြင်း၄ါ(၂)။ ပဋိယတ်၊ ပဋိပတ်၊ အဓိဂမ-ဟူသော သာသနာသုံးရပ် ကြာရှည်တည်စေခြင်း၄ါ (၁)။ သံဝရဝိနည်း၊ ပဟာနဝိနည်း၊ သမထဝိနည်း၊ ပညတ္တိဝိနည်း ဟူသော ဝိနည်းလေးပါးကိုချီးမြှောက်ခြင်း၄ါ (၁)-ဤအကျိုးဆယ်ပါးကိုမြော်ကိုး၍ သိက္ခာပုဒ်ကို ပညပ်တော်မူသည်။]

---

## ပါရာဇိက (၂၇-မှ၊ ၅၁။)

## ၁-၁ ဘိက္ခုရှစ်မျိုး

၂၇။ ဖေဟိ၊ သရဏ (၂) ဩဝါဒနှင့် (၁) ပဥှ၊ ဂရုဓမ်(၂) ဒူတံ တဖြာ (၁) ဋ္ဌဝါဗိက (၁) စတုတ္ထ(၁)။ အဋ္ဌဘိက္ခုတည်း။

[ဖေဟိဘိက္ခု ရဟန်း၊ သရဏဂုံရဟန်း၊ ဩဝါဒခံယူသူ၊ ပြဿနာ ဖြေသူ၊ ဂရုဓမ်ဝန်ခံသူ၊ တမန်ဖြင့်စေသူ စသည်ဖြင့် ဖော်။]

## ၁၂-မဂ် ၃၁။ ပုဂ္ဂိုလ် ၄-မျိုး။ ၁၂ ယောက်ဝေဘန်

၂၈။ မ၊ ဗျည်း၊ ထိီး၊ ပဏ်(၄)×လူ၊ နတ်၊ ဿာန်၊ (၃) မြှောက်ရန် သုံး×လေးသီ။

၂၉။ မ၊ ဗျည်း-သုံးမဂ်(၁၈) ကြွင်း နှစ်မဂ် (၁၂)ပေါင်း မဂ်သုံး ဆယ်မည်။

[မ၊ဗျည်း-၆ ယောက်×၃-မဂ်စီ-၁၈။ ထီး၊ပဏ် ၆-ယောက်×၂-မဂ်စီ-၁၂။]

## ၁၃-သမုဋ္ဌာန် ၁၃-ပါး

၃၀။ စ-မေထုနာ(၇၆)။ သစ်တွာ သုံး- ရရုံး ဗိန္ဒာ(၇၁)။ သဥ္စာ-သဗ္ဗ (၅၀)။

သမနု-ဆာ (၃၇)။ ထိနာ-ဘာ၊ ဆ (၂၉)။ ပါစ-ဇွဲ (၄၄)။ ဒု၊ မံ-ပဒ (၇)။

ပ၊ တ၊ စ၊ ဆာ-ယူပါ-အဒ္ဓ (၁၅)။ စ၊ဆ-ထေယျာ (၇)။ ဓမ္မာ-ပဋ္ဌမ (၁၁)။

ရွှေကတယော ဘူတာရောမှိ (၁)။ စောရီ မ၊ ဆာ(၁)။နာ၁နု
ညာတ-ဒု၊ တ ၊ မဆံ(၁) သွင်းထည့်ဖြန့်၊ မှတ်ရန် သမုဋ္ဌာန်
ကျဉ်းတည်း။(၃၅၀)

[ကာယ၊ ဝါစာ၊ ကာယဝါစာ(အစိတ္တက ၃)။ ကာယစိတ္တ၊ ဝါစာစိတ္တ ကာယဝါစာစိတ္တ (သစိတ္တက ၃)။ ဤခြောက်မျိုးကို ပဌမ၊ဒုတိယအစဉ်အတိုင်း ဆဋ္ဌတိုင်အောင် မှတ်မိစေရမည်။ ။စ-မေထုန၁(၇၆)၌···စ-စတုတ္ထ (ကာယစိတ္တ) တခုကြောင့် အာပတ်သင့်လျှင်။ မေထုန၁-ပဌမပါရာဇိကသမုဋ္ဌာန်မည်၏။(၇၆) ဤသိက္ခာပုဒ်မျိုး ၇၆-ခုရှိ၏။····စသည်ဖြင့်ဘုရားဥာဏ်မှီ လျှင် နက်လှသောဝိနည်းဖြစ်သော်လည်း သိလွယ်ရာ၏။ အဝိန္ဓာဒါနသမုဋ္ဌာန်၌ သတ္တတိမေ-ဟု ပ ုဝါ ပါဠိတော်၌ဆိုသည်၊ သရုပ်ကား ၇၁-ပင်ရှိသည်။ ကေ ကျေသည်။ ။သမုန္-ဆာကို ခုရနိ်ကျွေ့ပသမုဋ္ဌာန်ဟူ၍လည်း ခေါ်သည်။ ကြင်္ခါ ပဌမပါရာဇိက၌ကြည့်နိုင်သည်။)

## ၁၄-အနုပညပ် သုံးမျိုး

၃၁။ ထပ်သင့်၊မသင့်၊ ဆောက်ပုံ့နှင့်(၃)သုံ ခာင့်နှုပညပ်။

## ၁၅ အဘဗ္ဗပုဂ္ဂိုလ် ၁၁ ယောက်၊ ရှင်မပြုအပ်၊ ရဟန်းမပြုအပ်ကား-၁၃

၃၂။ပဏ်၊ ထေ၊ ပက်၊ ဿ ၁န်(၄)ပဗ္ဗ၁နန်(၅)ဒ္ဓသ၊ ဥဘော၁ပါ ၂)

၃၃။ ရှင်မပြုရ၊ ဆဲ့တာ်မှု၊ မှတ်ကြ အဘဗ္ဗာ။

[သာသနာနှင့် မဂ်ဖိုလ်နှင့် မထိုက်တန်သောကြောင့် အဘဗ္ဗမည်၏။ ပါရာဇိကရောက်သူ၊ အသက်မပြည့်သူနှင့် ၁၃-ယောက်သည် ရဟန်းမပြုအပ်သူမည်၏။]

## ၁၆-ပဏ္ဍုကင်္ခါမျိုး၊ အဘဗ္ဗ ၃၊ ဘဗ္ဗ ၃၊ (ပေါင်း ခြောက်မဖြစ်စေနှင့်။

၃၄။ အာ၁၊ ဥသ်၊ ဩ၊ပက်(၄)နပုံဓ္ဓက်(၁)ငါ ချက် ပဏ္ဍုကလာ။

၃၅။ ပဏ္ဍုက်ပက္ခ၊ ဩနှင့်၊န(၃)မှတ်ကြ အဘဗ္ဗာ။

၃၆။ လဆန်း ပက္ခ၊ဥသ်၊သိတ္တ(၃)ထိုက်လှ သာသနာ။

[အာသိတ္တ၊ဥဿုယ၊ဩပက္ကမိက၊ပက္ခ(၄)။နပုံသက(၁) ဟု ငါးယောက်ပေ။]

## ၁၇ ထေယျသံဝါသက သုံးမျိုး

၃၇။ လိင်္ဂ၊ သံဝါသ၊ ဥဘယ(၃)သုံ ဝ ထေနကာ။

[လိင်္ဂ-အသွင်နို-ကိုယ်တိုင် သင်္ကန်းဝတ်သူ။ သံဝါသ-ပေါင်းဘော်ခြင်းမှ ရဟန်းဟု ဝန်ခံပေါင်းသင်းသော သာမဏေ။ ဥဘယ နှစ်မျိုးစုမို သူ(၃) သာမ ဏေ ၁၊ လူ ၂။]

## ၁၈–သိက္ခာချရာ၌ကျကြောင်း အင်္ဂါခြောက်ပါး

၃၈။ စိတ်၊ခေတ်၊ကာလ(၃)ပယောဂ(၁)သိမှု၊ ပုဂ္ဂလာ(၂)
၃၉။ ခြောက်ပါး ဤမျှမပုံက၊ မကျမြွတ်သိက္ခာ။

[ပယောဂ-နှုတ်ပယောဂသာ။ ပုဂ္ဂလ-သိက္ခာချသူ၊ ချရာ-နှစ်ဦးလုံးဝေဒနာနှိပ်စက်သူ၊ ရူးသူစသည်မဟုတ်ဘဲ မျက်မှောက်ရှိ၍ သိကြားလိမ္မာသူလူထံ၌သာ သိက္ခာချခြင်းဟု ဖော်။ နတ်ထံ၊ တိရစ္ဆာန်ထံ၌ မကျ။]

## ၁၉ နိုးခြင်း ၂၅ ပါး၊ ပဉ္စကငါးခု

၄၀။ နဲ့နာ၊ ဧကာ၊ သဟဿနှင့်(၃) ပုဗ္ဗ၊ သေယျာ(၂)ငါးခုမှာ၊
ငါ ဖြာ ပဉ္စက။

၄၁။ အာဒိ၊ ဟာရ၊ ဝဟာရ(၃) ပဘ၊ ဌာနာစာ(၂)

၄၂။ ကောဘဏ်လည်း–ထိုငါးတည်း (၅) ထူးပြီ သက်ရှိသာ။

၄၃။ သဟာဘ်၊ အာဘ၊ နိဿဂ္ဂ(၃)အဘ္ဘ၊ ရရပါ (၂)

၄၄။ ပုဗ္ဗ၊ သဟာ၊ သံဝိဒ(၃)ကေ်တ၊ နိမိတ္တာ (၂)

၄၅။ ထေယျ၊ ပသယှ၊ ရိကပ္ပ(၃)ဆန္ဒ၊ ကုသာဝါ(၂)

## ၂၀ ဒုက္ကဋ်အာပတ် ရှစ်မျိုး

၄၆။ ပုဗ္ဗ၊ သဟာ၊ နာမာသ ၃ စိဏ္ဍ၊ ဝိနယာ (၂)

၄၇။ ဉာတ္တိ၊ ဉာတ၊ ဒိုသဝ(၃)အဘ္ဘ ဒုက္ကဋာ။

## ၂၁ ပါဏာတိပါတ ပယောဂ ၆၊ အာဏတ္တိမှတ်–၆

၄၈။ နိဿဂ်၊သာဟတ် ၂ )အာဏတ်၊ထာဝရာ(၂) ဝိဇ္ဇာ၊ဣဒ္ဓိ (၂)
ခြောက်ချက်–ပါဏာတိ ပယောဂတည်း။

၄၉။ ဝတ္ထု၊ ကာလ၊ဩကာသဟု ၃ ၊အာဝု၊ ဏရိ၊ ကြိယာဝိထင်
( ၃ ဤခြောက်ရပ်–အာဏာတ် မှတ်ကြောင်းတည်း။

[အာဏတ္တိကပယောဂ၌ မှတ်ကြောင်း ၆-ပါး၊ သာဟတ္ထိက၌ ကာယ၊ကာယပဋိဗဒ္ဓ-နှစ်ပါး။နိဿဂ္ဂိယ၊ ထာဝရ-တို့၌ရည်ရွယ်အပ်သူ၊မရည်ရွယ်အပ်သူနှစ်ယောက်စီ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယနှစ်ပါး၌ မှတ်ကြောင်းမပြ။]

## ၂၂–ခိုးသူကြီးငါ့ယောက်

၅၀။ အသျှခံလှည့်၊ ငါသိတရား၊ စွပ်စွဲမှားပြု (၃) ပေးမှုဂရုဘာဏ်၊
မင်္ဂါချာန်ဝါကြွား (၂) ဤငါးပါး–ခိုးစားသာသနာ။

- [သာသနာ၀န်ထမ်း ဇိုကြွာကို အရပ်လှည့်အလှူခံခြင်းဖြင့်ခိုး၊သင်ယူလျက်ငါသိ ဟုဆို၍ တရားခိုး၊ သူတပါး၏သီလကို စွပ်စွဲ၍ခိုး (၃) ဂရုဘာဏ်သံဃာ့ပစ္စည်းခိုး၊ တရားထူးခိုး ( ၂ ) ဟုဖေါ်။]

## ၂၃–ပါရာဇိက ၂၄–ပါး

၅၁။ ရှစ်ပါးပါရာ (၈) အဘဗ္ဗာသွတ် (၁၁) လူ၀တ်သည့်နှီ (၁)
လိင်ရှည်၊ကျောက်နူ၊ရှတ်၊ ထိုင်ပြု (၄) ပျုံးမှုနှစ်ဆဲ့လေး။

[လိင်ရှည်-စသော နောက်ဆုံး ၄-ပါးကား ပဋ္ဌမပါရာဇိက အားလျော်သော ကြောင့် အနုလောမပါရာဇိက လေးပါးမည်၏။]

---

## သံဃာဒိသိသ် ၅၂–မှ၈၄။

## ၂၄ သဋ္ဌရိဇ္ဇာမိန်းမနှစ်ကျိပ်

၅၂။ မာ၊ ပိ၊ မာပိ (၃) ဘနှင့်၊ ဘာ (၂) ဥာ၊ ဂေါ၊ ဓမ်၊ သ၊ သာ (၅)
၅၃။ ဓ၊ဆန်၊ဘော၊ ပ (၄) သြ၊ သြ၊ဒ (၃) ကမ္ဘ၊ဒါ၊မုဟာ (၃)
၅၄။ သဋ္ဌရိဇ္ဇာ–အောင်ဘမန်–ချောင်ရန်နှုတ်ကျိပ်သာ။

[မာ-မာတုရက္ခိ ဘာ-အမိစောင့်သော မိန်းမစသည် ဆယ်ယောက်။ ဓ-ဓနက္ကတာ-ဥစ္စာဖြင့် ငယ်သောမယား- စသည် ဆယ်ယောက်၊ ဤ ၂၀-တို့တွင်ရှေ့ ရှစ်ယောက်၌ ယောက်ျားသာကံထိုက်သည်၊သူတိုကံမထိုက်။နောက် ၁၂ယောက် ၌ ယောက်ျားလည်းထိုက်၊ သူတို့သည်လည်းထိုက်။ အောင်တမန်အာပတ်ကား ၂၀ လုံး ၌သင့်သည်။]

## ၂၅–ပမာဏသုံးမျိုး

၅၅။ ဘုရားတလက္ခာ၊ မဇ်သုံးထွာ၊ တို့မှာလေးထွာခွဲ။

[တို့မှာဟူသည် ပကတိလူဖြစ်၏၊ထာ၌ကုဋိပမာဏအငယ်ဆုံးလေးတောင်ရှိ၏၊ ပမာဏယုတ္တညောင်စောင်း လျှည်းလာက်သည်ဟု ဆို၏၊ ဋီကာ၌ ပမာဏယုတ္တ ညောင်စောင်းသည် ပကတိ ကိုးထွာ(လေးတောင့်ထွာ)ဟု ဆို၏။ မဇ္ဈိမလေး တောင်ကုဋိ၌ ပကတိလေးတောင့်ထွာ ညောင်စောင်းလှည့်နိုင်၏ဟု ဆို၊ ဘုရား တလံ၊မဇ်သုံးလံ၊တို့မှာလေးလံခွဲ။ ဘုရား၏အဖယပ်တော်မှာ ဘုရားလေးတောင်၊ မဇ္ဈိမ ၁၂-တောင်၊ ပကတိ ၁၈-တောင်ဖြစ်၏။ မဇ္ဈိမတတောင်သည် ပကတိ

တတောင့်ထွာရှိ၏။ တနည်း၊ မုဒ္ဒဝင်၌ ဘုရားရှင်အယပ်တော် ၁၆-တောင် ဟု ဆို၏၊မဇ္ဈိမတတောင်သည် ပကတိတတောင်တမိုက်ရှိ၏၊ထို့ကြောင့်ကုဋီအငယ် ဆုံး လေးတောင်သည် ပကတိ ၆ တောင်၊ ဝါ၊ငါးတောင်တမိုက်ရှိ၍ ပကတိ ညောင်စောင်းလေးတောင့်ထွာ လှည့်နိုင်သည်။]

## ၂၆-အဓိကရဏသုံးစား အာပတ္တိ-အညဘာဂိ၊ ဘေဒကရ

၅၆။ ငြိမ်းစေ၊ တည်ရာ၊ အကြောင်းမှာ (၃) သုံးဖြာဓိကရဏ။

[ငြိမ်းစေ-သမထဖြင့် ငြိမ်းစေအပ်သောကြောင့် အာပတ်ဟူသမျှသည် အဓိက ရဏမည်၏၊ တည်ရာ-တပါးသူ၏ တည်ရာဖြစ်သောကြောင့် အညဘာဂိသည် အဓိကရဏ…။အကြောင်းမှာ-ကွဲခြင်း၏အကြောင်း ဖြစ်သောကြောင့် ဘေဒကရ ၁၈ ပါးသည် အဓိကရဏမည်၏။ ဒုဋ္ဌဒေါသ၊အညဘာဂိယ၊ သံဃဘေဒ-သိက္ခာ ပုဒ်သုံးခု၌ အစဉ်အတိုင်း ထိုသုံး ချိုးပြသည်။]

## ၂၇ စောဒနာလေးပါးတွင်နှစ်ပါးအပြီးမရောက်

၅၇။ ဝတ္ထုကိုပြ၊အာပတ်ပြ၍နှင့်(၂)သံဝါသပယ်၊ကျင့်ဝတ်ပယ်(၂) လေးသွယ်-စောဒနာ။

၅၈။ ပယ်ခြင်းနှယ-မပြီးကြ (၂) ပြ၍-ပြီးသည်သာ (၂)

## ၂၈-အဓိပ္ပါယ်ရှစ်ပါး၊ ရွေ့စေလိုတပါးသာစွပ်စွဲမည်သည်

၅၉။ ရွှေ့စေ ဆဲလို၊ ကံပြုလို (၃) ထလို-အာပတ်၄ (၁)

၆၀။ ဥပုသ်ကိုထား၊ ပဝါ-ထား (၂) ခေါ်ငြား၊ တရားပြ (၂)

၆၁။ စွပ်စွဲတပါ (၁) ကြွင်း-ပယ်ရှား (၇) ရှစ်ပါး-ဓိပ္ပါယ။

## ၂၉-ကောစိဒေသ၊လေသမတ္တ-ဆယ်ပါး

၆၂။ မည်၊နွယ်၊လိင်၊ဇာတ်(၄)အာပတ်၊ပတ်၊စိ(၃)ရွှာယ်၊ စရိ၊ ကျောင်း ၃)လေသစောင်-ဆယ်ခြောင်-ဇိဒေသ။

[မည်-အမည်ဖြင့်စောင်းမြောင်းခြင်း။ပတ်-သပိတ်ဖြင့်…၊စိ-သက်နှးဖြင့်…။]

## ၃၀ ဘေဒကရဝတ္ထု ၁၈-ပါး၊ ဒုက် ၉-ဒုက်

၆၃။ ဓမ္မ၊ ဝိနယ၊ ဘာသိတ (၃) ဇိဏ္ဏ၊ ပညပ်ဒုက် (၂)

၆၄။ အာပတ်၊ လဟုက၊ ဒုဋ္ဌုလ္လ (၃) သာဝ-သေသဒုက် (၁)

၆၅။ တဆဲ့ရှစ်ခု ကွဲပြားမှု-ဝတ္ထုကိုးခုနှင်။

[ဓမ္မ-အဓမ္မကိုဓမ္မဟုပြခြင်း၊ ဓမ္မကိုအဓမ္မဟုပြခြင်း….စသည်ဖြင့် နှစ်ခုစီဖေါ်။]

## ၃၁-ကုလဒူသနရှစ်ပါး

၆၆။ ပွင့်၊သီး၊မှုန့်၊ခြေ၊ (၄) ဝါး၊ပူ၊ခြေ (၃) ဝေဇ္ဇ(၁) ဒူဟုံဖြာ။

[မှုန့်-မျက်နှာချေမှုန့် ပေးခြင်း။ ခြေ-အရပ်ဝေးစေခိုင်းရာ ခြေဖြင့် သွားခြင်း။ ဝေဇ္ဇ-ဆေးကုခြင်း။ ။ဤသို့ပြုသော ရဟန်းကောင်းတို့ အပေါ်၌ မကြည်ညိုနိုင်အောင် သဒ္ဓါတရားပျက်စေတတ်သောကြောင့် ကုလဒူသနည်း၏၊ လူတို့ကို ပျက်စီးအောင် မြောက်ပေးခြင်းသက်သက်တည်း။]

## ၃၂-အနေသန ၂၁-ပါး၊လာဘ်ရှာမှားခြင်း၊

၆၇။ မျက်သစ်ရေထက်၊ ဆွမ်းတုံ့ပွက်၊ သစ်ရွက်၊ ချို မှုန့်ပါ (၅)

၆၈။ ကလေးချီသယ်၊ ပဲဟင်းနှယ်၊ ချစ်ဘွယ် နတ်ပါစာ (၃)

၆၉။ ခိုင်းစေရခံ၊ စာတမန်၊ မြေကြွန်အတတ်ပါ (၃)

၇၀။ ခေတ္တ၊ အင်္ဂ၊ နက္ခတ္တ—သုံးဝ-ထိုဝိဇ္ဇာ ၃

၇၁။ ပေါင်းပါဒူရှစ် (၈ နှစ်ဆဲ့တစ်—စင်စစ်နေသနာ။

[လာဘ်လို၍ မျက်နှာသစ်ရေပေးခြင်းစသည်။ ပဲဟင်းအလားအမှားများသော စကားဆိုခြင်း။ (ပဲဟင်း၌ အကျက် ဝိကတ်များ၍ အစိမ်းပကတ်နည်းသကဲ့သို့ အမှားများ၍ အမှန်နည်းသည်ဟူလို) ချစ်ဘွယ်၊ ကျုပ်၊ ခင်ဗျား- စသည်ဖြင့် အောက်ကျို့စကားဆိုခြင်း၊အနီးအနားခိုင်းစေရာခံခြင်း၊ ဘူမိနက်သံမြေကြွန်အင် အတတ်ပေါခြင်းစသည်ဖြင့် သက်မွေး—လာဘ်ရှာခြင်း၊ ယခင် ရှစ်ပါးသည် လူကိုပျက်စီးရုံမြောက်စားလျှင် ကုလဒူသန…၊လာဘ်ရအောင်ပြုလျှင်အနေသန မည်၏။]

## ၃၃-သစ်ပင်ကိုက်နည်း ငါးမျိုး

၇၂။ သစ်ပင်ဖုက်တဘ်၊ ရဟန်းမြဘ်၊ ငါ ရပ်သိပေသို။

၇၃။ နှစ်သွယ်ဝေါဟာ(၂)ပရိယာ(၁)သြဘာ၊ နိမိတ်ကို(၂)

၇၄။ ကိုယ်တိုင်ဖုက်ဘဘ်၊ ဖိုက်နိုင် တဘ်၊ အကပ္ပိယား။

၇၅။ ဘိသေ၊ ကပ္ပိလော၊ ဤမှုပြော၊ ဝေါဟာ ကပ္ပိယ။

၇၆။ ညာဏ်ရှိသူသာ၊ ဖိုက်တတ်စွာ၊ ဝါစာပရိယာယ၊

၇၇။ သစ်ပင်ကိုင်ထောင်၊ မြင်သာအောင်၊ ရိပ်နေ့င် သြဘာသ။

၇၈။ လူသာမကောင်း၊ သွာအင်နှံ၊ ကပ္ပိနိမိတ္တ။

[ကိုယ်တိုင် တူး၊ဖိုက်၊ရေလောင်း၊ ချုခြင်းသည်ရင်း။ သူတပါကို တူး၊ ဖိုက်၊ လောင်း၊ ချုလော စသည်ဖြင့် စေခိုင်းခြင် သည်ရင်း-မကာပ်ဟု ဆိုအပ်သော

ကြောင့် အကပ္ပိယ+ဝေါဟာရမည်၏။ တွင်းသိလော၊ရေသိလော၊ဤအပင်ကိုဤ၌သိလော၊ဤသစ်ရွက်ကိုသိလော၊ ကပ္ပိလော၊အလိုရှိသည်ဟုပြောခြင်းသည် ကပ္ပိယဝေါဟာရ မည်၏။မြေ၌မြင်ဥာဏ်ရှိသူသည် သစ်ပင်စိုက်ရသည်။မကြာမီ ကျေးဇူးများသည်ဟု ပြောခြင်းသည် ပရိယာယ မည်၏။ လူသာမဏေတို့ ရိပ်မိအောင် ပေါက်တူး သစ်ပင်ကိုင်၍ ရိပ်ရောင်ပြခြင်းသည် ဩဘာသကမ္မ မည်၏။ လူသာမဏေထံ ပေါက်တူး သစ်ပင်သွားဆားခြင်းသည် နိမိတ္တကမ္မမည်၏။

ကုလဒူသနအကျိုး၄ ငါးရပ်လုံးမအပ်၊ စားသောက်ခြင်း၄ အကပ္ပိယ ဝေါဟာရတခုသာမအပ်။ ကြွင်းလေးရပ်အပ်၏။ အရိပ်၊အငွေ့၊တောအလို ၄ ငါးရပ်လုံးအပ်သည်။အကပ္ပိယဝေါဟာရ၌ အဇာတပထဝီ၌ကိုယ်တိုင် တူး၊စိုက်၊ရေလောင်းခြင်းသာ ပြုရသည်။ သီးသောအခါလည်းစား ယျှင်အပြစ်မရှိ။ ဇာတိပထဝီတူးခြင်း၊ ဘူတဂါမ် ဗီဇဂါမ် ဖျက်ဆီးခြင်းတို့ကား လွန်ကဲသော အကပ္ပိယဝေါဟာရဖြစ်သည် မပြုကောင်း။]

## ၃၄- ပုပ္ဖဝိကတိပန်းကုံးခြောက်မျိုး

၇၉။ ညှာချင်းထုံး၊ ကွပ်(၂)သွင်း၊ရစ်ပက်(၂)လေးရပ်ညှာနှင့်ပွင့်။

၈၀။ လွှန်ပတ်၊ ရက်နည်း(၂)နှစ်ပါးလည်း၊ ပြုပြီးပန်းကုံးဖြင့်။

၈၁။ ပန်းကုံးခြောက်ချ၊ ကိုယ်တိုင်ပြု၊ စေပြုဒုက္ကဋ်သင့်။

၈၂။ ကပ္ပိယဝါစာ(၁)ပရိယာ(၁)ဩဘာ၊နိမိတ်(၂)အပ်သတည်း။

[ထုံး-ဂန္ထိမ-ညှာတံ ရိုးတံ ချင်းထုံးသည်၊ ဖွဲ့သည်။ ။ကွပ်-ဂေါပ္ဖိမ-ညှာကိုကြိုးဂုပ်သည်။ စုစည်းသည်။ ကြိုးလွန်းအကြားညှပ်သည်(၂)။ သွင်း-ဝေဓိမ—ပွင့်ပေါက်၊ညှာပေါက်၌ထိုးသည်။ သီသည်။ ၄တ်တံ၌စွပ်သည်။ပွင့်ချင်းသွင်းသည်။ ။ရစ်-ဝေဌိမ-တုတ်တံ၌ကပ် ကြိုးဖြင့်ပတ်သည်။ ချည်သည်။ရစ်စည်းသည်။(၂)။လွှန်ပတ်-ပုရိမ ရှေ့နေရာလွှန်အောင်ပက်သည်။ သူတပါးပြုသောပန်းကုံး ပန်းပြားဖြင့် စေတီပွတ်တိုင်၌ တပတ်ဆက်လွန်အောင်ပတ်သည်။ တပတ်တိတိကားအပ်၏။ ဆင်စွယ်ကောက်၌တွဲလွှားချ၍ ထိုကောက်၌ ပြန်လှည့်တင်ခြင်းသည်မအပ်။(ပန်းကုံးအကွင်းပြု၍စွပ်လျှင် လွန်ပတ်မဖြစ်)။ ။ရက်-ဝါယိမ-စေတီ၌ ပန်းပုဆိုး-ပန်းကွန်ယက်၊ ပန်းစေတီစသည်ဖြစ်အောင် သူတပါးပြုပြီး ပန်းကုံးပန်းပြားဖြင့် ရက်သည်(၂)

ဤပန်းကုံးခြောက်မျိုးကို ပြုအံ့၊ပြုစေအံ့-ဘိက္ခု၊ ဘိက္ခုနီတို့အား ဒုက္ကဋ်။ ပူဇော်ရန်ဤသို့သိလော။ ဤသို့ပြုလျှင် တင့်တယ်ရာ၏-စသည်ဖြင့် ကပ္ပိယဝေါဟာရပြောလျှင်အပ်၏။ ပရိယာယ်စသည်ဖြင့်လည်း အပ်၏။]

## ၃၅-အာပတ်ဖုံးလွှမ်းခြင်း အင်္ဂါဆယ်ပါး

၈၃။ အာပတ်၊ ပကာကတ်(၂) ကင်းလတ်အနှံ့ရယ်(၁) စွမ်းနိုင်ဘွယ်၊(၁)ဖုံးကွယ်(၁)နှစ်စီတည်း။
၈၄။ ဝန်ချဖုံးလျက်၊ အရုဏ်တက်၊ ဖုံးတွက် ဒုက္ကဋ်တည်း။

[အာပတ် အာပတ်သင့်၏။ အာပတ်ဟုအမှတ်ရှိ၏။ နှစ်ပါးစီ.... ဖုံးကွယ်၊ဖုံးလို၏။ဖုံး၏၊ ဝါ အရုဏ်တက်၏ နှစ်ပါး။ အမှတ်မဲ့ အရုဏ်တက်ခါမျှဖြင့် ဖုံးသည် မမည်။ဝန်ချဖုံး၍ အရုဏ်တက်မှဖုံးသည်မည်၏။ဒုက္ကဋ်လည်းသင့်၏။အချို့ကား ဤဆယ်ပါး၌ဂရုမပြုဘဲ ပရိဝါသ်ကျင့်သောအခါ၌ ရက်များစွာဖြင့် ဂရုပြုကြသည်။ ဂရုကို အလွဲသုံးစားသူတို့ဖြစ်ကုန်၏။

---

(နိဿဂ္ဂိ (၈၅-မှ ၁၂၄)

## ၃၆-ဇာတိသင်္ကန်း ခြောက်ထည်

၈၅။ ခေါမ၊ ဝါချည်(၂) ပိုးချည်၊ သားမွေး(၂) လျှော်တွေး ပိုက်ဆံ(၁) ငါးတန်ရောဘိ(၁) ခြောက်ချရှိ၊ ဇာတိသင်္ကန်းတည်း။

## ၃၇-အနုလောမသင်္ကန်းခြောက်ထည်

၈၆။ ဒုကုလ်၊ ပတ္တုဏ္ဏ၊ သောမာရ(၃) စိန၊ တန်ခိုး၊ နတ်(၃)
၈၇။ ဇာတ်အား လျော်မှု၊ ဤခြောက်ချ၊ အနုလောမမှတ်။

## ၃၈-ကထိန်ခင်းထိုက်သူ အင်္ဂါရှစ်ပါး

၈၈။ ကထိန်ခင်းထိုက်၊ ပုဂ္ဂိုလ်၌၊ တိုက်ရိုက် ရှစ်အင်ပြည့်။
၈၉။ ပုဗ်၊ ပစ်၊ ဓိဋ္ဌ၊ ထာ(၄)မာ၊ ဗောဓာ ၂ ဥဒ်၊ အာ(၂)ရှစ်ချသိ။
[ပုဗ္ဗကရဏသိခြင်း၊ပစ္စုဒ္ဓါရ၊အဓိဋ္ဌာန၊အတ္ထာရသိခြင်း၊မာတိကာ၊ပလိဗောဓ၊ ဥဒ္ဓါရ အာနိသင်သိခြင်း။]

## ၃၉-ပုဗ္ဗကရဏခုနစ်ပါး

၉၀။ ဖွပ်၊ စီရင်၊ ဖြတ်(၃)တည်းစပ်၊ ချုပ်၊ ဆိုး(၃)ဗိန္ဒုထိုး(၁)ခေါ်ရိုး ပုဗ္ဗကရဏတည်း။

[ဖွပ်-စီရင်လို၍ဖွပ်ခြင်း။ စီရင်-ဖြတ်လို၍စီရင်ခြင်း။.... ဆိုး-ဗိန္ဒုထိုး လို၍ ဆိုးခြင်း။ ထိုနောက် အဓိဋ္ဌာန်တင်လို၍ ဗိန္ဒုထိုးခြင်း။ ထိုနောက်မှ အတ္ထာရ-ခင်းရသည်။]

## ၄၀-ကထိန်အာနိသင် ငါးပါး

၉၁။ အနာမန္တ(၁)အသမာဒါ(၁)ယာဝါ၊ဂဏ(၂)ယောတတ္ထ(၁) ပဉ္စ အာနိသင်။

[အနာမန္တ-နိမန္တိတ-သဘတ္တရဟန်းသည် ထင်ရှားရှိ ရဟန်းကိုမပန်ဘဲ ဒါယကာအိမ်သွားနိုင်ခြင်း(၁)။ အသမာဒါ-အဓိဋ္ဌာန်တင်သော တိစီဝရိတ်ညဥ့်ကင်းနိုင်ခြင်း (၁)။ ယာဝါ-ဆယ်ရက်ထက်အလွန် အတိရေကသင်္ကန်းထားနိုင်ခြင်း။ ဂဏ-ဂဏဘောဇဥ်စား၍ အပြစ်မရှိခြင်း(၂)။ ယောတတ္ထ-သံဃိကသင်္ကန်း၌အစိုးရခြင်း(၁)ဟု ဖော်၊ (နေလွဲချာဝင် ပေထည့်မိစေနှင့်။) ကထိန်မခင်းလျှင် သင်္ကန်း ကာလ တလ-ဆောင်ပြည့်အတွင်း၌ အသမာဒါနကြဥ်၍ အာနိသင် လေးပါး ရသည်။]

## ၄၁–ကထိန်နုတ်မာတိကာရှစ်ပါး၊ ပလိဗောဓပြတ်ပုံ ရှစ်မျိုး

၉၂။ ပက်၊နိဋ္ဌ၊သန်၊ နာ ၄ သ၊ အာသာ(၂)သိမ၊ သဟုဗ္ဘာရ(၂)

၉၃။ စီ၊ အာ၊ တူ၊ အာ(၄)စီ၊ အာ(၂)စီ၊ တူ (၂)ရှေးပြတ်စဥ်တိုင်း ယူ။

[ပက်-ပက္ကမနန္တိကာ နုတ်ခြင်း၌။ စီ-စီဝရပလိဗောဓ ရှေးဦးစွာ ပြတ်သည်။ နိဋ္ဌာနန္တိကာ၌ အာဝါသပလိဗောဓ ရှေးဦးစွာပြတ်သည်…စသည်ဖြင့် အစဥ်အတိုင်းဘွဲ့ဖော်။ ။ဤနုတ်ခြင်းရှစ်ပါးမှတပါး အန္တရုဗ္ဘာရ-နုတ်ခြင်းလည်းရှိသေး၏။ သဟုဗ္ဘာရကိုပင် ပုဂ္ဂိုလ်လိုက်၍ခွဲသည်။

## ၄၂–သင်္ကန်းကိုးထည်၊ ဆိုးရည်ဗိန္ဒုမပြ–၄

၉၄။ တိစီဝရိတ်(၃) နိ၊ မော၊ အိပ်(၃) မျက်၊ ပရိက်၊မိုးယံ(၃) သင်္ကန်းကိုး။

၉၅။ နိ၊အိပ်၊မျက်၊ပ(၄)လေးထည်မှ၊ပြ-ဆိုးဗိန္ဒု။

[နိသီဒိုင်၊အိပ်ရာခင်း၊မျက်နှာသုတ်၊ ပရိက္ခာရစောဠ-ဤလေးထည်၌ ဆိုးရည်ဆိုးခြင်း၊ ဗိန္ဒုထိုးခြင်းပြုသည်ဟုမပြ။ တိစီ၊ အမာလွှမ်း ၊မိုးယံရေခံငါးထည်၌သာ ပြသည်။]

## ၄၃–အဓိဋ္ဌာန်တင် တထည်စီ၆။အများ-၃

၉၆။ တိစီဝရာ(၃)မိုးယံ၊နိ၊မော(၃)ဓိဋ္ဌာ–တထည်စီ။

၉၇။ ပ၊မျက်၊အိပ်ရာ(၃)သုံးမျိုးသာ-များစွာတင်နိုင်သည်။

[အဋ္ဌကထာကြီး၌ မျက်နှာသုတ်ကို နှစ်ထည်တင်၊ အပရဝါဒအများတင်ဟု ဆို၏။ကခ်ါ၌အများတင်ဟုဆိုသည်။]

## ၄၄–အဓိဋ္ဌာန်ပျက်ကြောင်းရှစ်ပါး

၉၀။ ထွက်၊ ယူ၊ ပေး၊ လု(၄)မဲ့ပူ၊ လိင်ပြန်(၂) အဓိဋ္ဌာန်ချ(၁) သိက္ခာကျ(၁)အဋ္ဌ–ဓိဋ္ဌာန်ပျက်ကြောင်းတည်း။

[ထွက်-သက်နိုးကိုမငဲ့ဘဲ အသွင်စွန့်၍ လူထွက်ခြင်း။ ယူ-အကျုံးဝင်သူယူသွားခြင်း။ သိက္ခာကျ-အန္တိမရောက်၍ ဝါ-သိက္ခာချ၍ကျခြင်း။ ဤရှစ်ပါးသည် သက်နိုးကိုးထည်လုံးနှင့် ဆက်ဆံ၏။]

## ၄၅– အဓိဋ္ဌာန်ပျက်ကြောင်းကိုးပါး မီ ငါးထည် နီ၊ အိပ်၊ ချုပ်၊ ပဉ္စ ရှစ်စီ။

၉၉။ လက်သန်းသည်းလောက် တိစိပေါက်(၁)ထည့်ဖျောက်ကိုးပါးတည်း။
၁၀၀။ ရိုယ်းလခကျုန်(၁)ရိုယ်ရေခံ–ထည့်ပြန်ကိုးပါးတည်း။
၁၀၁။ ရောဂါခန့်ကျုန်း(၁)အဝေလွှပ်း–ဖြည့်စွပ်းကိုးပါးတည်း။

[တိစိ၌ လျှားစွန်းတဖွာမှအတွင်း၊ နံစွန်းရှစ်သစ်မှအတွင်း၊ သင်းပိုင်နံစွန်းလေးသစ်မှအတွင်း-လက်သန်းသည်းလောက်ထုတ်ချင်းပေါက်မှကျသည်။]

## ၄၆–သပိတ်ဓိဋ္ဌာန်ကျကြောင်း လည်းကိုး ပါး

၁၀၂။ ဆပ်ထမင်းလောက် သပိတ်ပေါက်(၁)ထည့်ဖျောက်ကိုးပါ တည်း။

[သပိတ်နှုတ်ခမ်းရေးစွန်းမှ နှစ်သစ်အောက်၌ ဆပ်ထမင်းလုံးခန့် ပေါက်မှ ကျသည်။]

## ၄၇–တိံသဒ္ဒပြန်မပေးရ ၂။ ပြန်မသုံးရ ၄။ သုံးရ ၂၄

၁၀၃။ ရွှေငွေခံ၊ လဲ(၂) နှုတ်ချတွဲ-ပြန်ဘဲမပေးရ။
၁၀၄။ သန္တတ-တေး(၃)ရက်လွန်ဓော(၁)ပြန်ပေးမသုံးရ။
၁၀၅။ အကြွင်းစစ်ဆေး–နှစ်ဆဲ့လေး ၂၄ ပြန်ပေးသုံးစွဲရ။
၁၀၆။ သံဃာ့လယ်သာ-ငွန့်ရပါ-သုံးဖြာငွေ့ပါစ။(၃)

[ဦးနုပဋ္ဌမန္တေန၊ ရွှေငွေခံ၊ ရွှေငွေလဲ-သုံးခုကို ဂဏ၊ ပုဂ္ဂလ၌မစွန့်ရ။]

## ၄၈–အဝိပ္ပဝါသအရပ်၁၅-ပါး.

၁၀၇။ ရွာ၊အိမ်၊တိုက်၊ပြ(၄)သာဒ၊ ဆောင်း၊ ပြည်း(၃)လှေ၊ လှည်း၊ ကောက်နယ်(၃)ရုံ၊လယ်၊လွင်ကွင်း(၃)ပင်ရင်း၊ ကျောင်းအား(၂)ပေါင်းဆဲ့ငါးသည်–မှတ်သားအဝိပ္ပဝါသတည်း။

[တိုက်-ဥစ္စာထားရာဘဏ္ဍာတိုက်၊ဝါ-ကုန်လှောင်ရုံ။ ပြ-ပြအိုး။သာဒ-ပါသာဒ ပြာသာဒ်ရှည်၊ဆောင်း-တန်ဆောင်း။ပြည်း- ပြာသာဒ်ဦးပြည်း။လှည်း- လှည်းကုန်သည်။လွင်ကွင်း-လွင်တီးခေါင်ရွာဝေးတော၌ ဝန်းကျင်ခုနစ် အဗ္ဘန္တရအတွင်း။ ။ ၌အရပ် တဆဲ့ငါးပါးသည် ကေကုလ၊ကေ္ုပစာရဖြစ်အံ့၊ ထိုအတွင်း တိစီဝရိက် ထား၍ ထိုအတွင်း တနေရာ၌ နေနိုင်သည်။ လှည်းကုန်သည်၌ ရှေ့နောက်ခုနစ် အဗ္ဘန္တရ။ဘေး-တအဗ္ဘန္တရအတွင်း။ သစ်ပင်၌ မွန်းတည့်ရိပ်အတွင်းနေနိုင်သည်။ ဝိပ္ပဝါသနိဿဂ္ဂိမဖြစ်။ ။အဝိပ္ပဝါသဗဒ္ဓသိမ်တွင်း၌လည်းထား၍ ထိုသိမ်တွင်း နေလိုရာ နေနိုင်သည်။ထိုမှတပါးသောနေရာတို့၌ ဟတ္ထပါသ်မကင်းရ။]

## ၄၉–သက်နှံးဖြစ်ရမာတိကာ ရှစ်ပါး၊ လျှာရာသိမ် – ၁၅

၁၀၈။ သိမာ၊ ကတိကာ၊ ဘိက္ခာပညပ်၊ သံဃာသနှင့်(၄)ဥဘတော သံဃံ၊ ဝဿံဝုတ္ထ၊အာဒိဿ၊ပုဂ္ဂလ(၄)ရှစ်မာတိ။

၁၀၉။ ခဏ်၊ဥ၊သမာ(၃)အဝိပ်၊လာ(၂)ဂါမာ၊နီ၊နဂ(၃)

၁၁၀။ အဗ္ဘန်၊ဥဒ(၂)ဇ၊ရဋ္ဌ(၂)ရဋ္ဌ၊ဒီ၊စက္က(၃)

၁၁၁။ သိမ်မာတိကာ-လှူနေရာ-စိတ်ဖြာ ဆဲ့ငါးမှု။

[သိမာယဒေတိ စသည်ဖြင့် သက်နှံးလှူပုံရှစ်မျိုး။ထိုတွင် သိမ်သည် ၁၅-မျိုးပြား၏။ခဏ်-ခဏ္ဍသိမ်ရှိသံဃာအား လှူပါ၏။ ဥ-ဥပစာရသိမ်။ သမာနသံဝါသသိမ်။ အဝိပ္ပဝါသသိမ်။လာဘသိမ်။ဂါမသိမ်။နိဂမသိမ်… လ….ဇ်ပသိမ်။ စကြဝဠာသိမ်ရှိ သံဃာအားလှူပါ၏ဟု ဆို၍ လှူလျှင် တခြားသံဃာနှင့်မဆိုင်။ ဆိုရာသံဃာနှင့် ဆိုင်၏။သုတ္တန်သံဃိကမျိုးမဟုတ်။သုတ္တန်သံဃိကနှင့်ယောင်မှားတတ်သည်။]

## ၅၀–နိဿဂ္ဂိဝတ္ထု၄ ဒုက္ကဋ်ဝတ္ထုအများ၊ကပ္ပိယဝတ္ထုအများ

၁၁၂။ ရွှေ၊ငွေ၊သပြာ၊ပဲရပ်မှာ(၄)လေးဖြာနိဿဂ္ဂိ။(နိ–၄။)

၁၁၃။ သတ္တုဓညာ(၇)ကျွန်၊လယ်၊ယာ၊ပုပ္ဖာရာမာဒိ(အများ။)

၁၁၄။ နီ၊ ပြောက်၊ မြ၊လဲ(၄)လင်း၊ ရှု၊ ခွဲ(၃)နှာ–လဲ(၁)ဒုက္ကဋ်သိ။ (ဒုက်–အများ။)

၁၁၅။ စိဝရာဒိက(အများ)ကပ္ပိယ-မှတ်ကြသုံးမျိုးရှိ။ (ကပ်-အများ။)

[နိဿဂ္ဂိပစ္စည်း၊ဒုက္ကဋ်ပစ္စည်း၊ကပ္ပိယပစ္စည်း-ဤသုံးမျိုးကွဲစေလျက်ပစ္စည်းဖလယ်ပုံကိုးမျိုးကို အပြစ်နှင့်တကွ သိနိုင်သူဖြစ်စေရမည်။ ။နို၊ပြောက်၊မြ၊လဲ-စသော ရှစ်ပါးနှင့် ရွှေငွေသည် ရတနာဆယ်ပါးဖြစ်၏။]

## ၅၁ ကပ္ပိယကာရက တကျိပ်

၁၁၆။ ရွှေအပ်၊ ပြန်ကြား၊ စေ၍ကြား၊ မှာထား သွားသည့်သာ (ညွှန်းအပ်၄။)

၁၁၇။ ရွှေအပ်မကြား၊ကွယ်အပ်ထား၊နှစ်ပါးမညွှန် ရာ(မညွှန်းအပ်၂။)

၁၁၈။ ရဟန်းညွှန်းလေး၊ တမန်လေး၊ ဒွေးမှာ မညွှန် ရာ (ကပ္ပိယ တကျိပ်။)

၁၁၉။ ရာဇ၊မေဏ္ဍ၊အညာတ-ကျင့်ရစဉ်တိုင်းသာ။

[ရွှေအပ်-မျက်မှောက်ညွှန်း၍ငွေလက်ခံစေ၍ ဤသူထံတောင်းပါဟုပြောကြားသော ကပ္ပိယတယောက်(၁)။ ပြန်ကြား-မျက်ကွယ်ညွှန်း၍ ငွေလက်ခံစေ၍ ပြန်ပြောကြားသော ကပ္ပိယတယောက်။ စေ၍ကြား-မျက်ကွယ်ညွှန်း၍ ငွေလက်ခံစေ၍စေလွှတ်၍ပြောကြားသော ကပ္ပိယတယောက်။မှာထားသွား-မျက်ကွယ်ညွှန်း၍ မှာထားပြောကြား၍ သွားပြီး ငွေလက်ခံစသော ကပ္ပိယ တယောက်(၃)။ ။မျက်မှောက်တယောက်။မျက်ကွယ်သုံးယောက်။ရဟန်းညွှန်းလည်း ဤလေးယောက်။ တမန်ညွှန်းလည်းဤလေးယောက်။ ပေါင်းရှစ်ယောက်ဖြစ်၏။ ငွေလာလှူလျှင် ကိုယ်နှုတ်ဖြင့်ပယ်ရသည်။ငါတို့အားမအပ်ဟုစိတ်ဖြင့်သော်လည်း ပယ်ရသည်။ ကပ္ပိယရှိပါသလားဟုပြောက်လျှင် ညွှန်းပြအပ်၏။ ရဟန်းညွှန်းလေးဖြစ်၏။တမန်ကညွှန်းလျှင် တမန်ညွှန်းလေးဖြစ်၏။ ရွှေအပ်မကြား-မျက်မှောက် ငွေအပ်၍ဘယ်သူမျှညွှန်းမပြောက်သော ကပ္ပိယတယောက်(၁)။ကွယ်အပ်ထား-မျက်ကွယ် ငွေအပ်၍ ဘယ်သူမျှမပြောက်သော ကပ္ပိယ တယောက်(၁)။ မှောက်၁။ ကွယ်၁။မညွှန်းသူနှစ်ယောက်။ဤသို့ ကပ္ပိယတကျိပ်ရှိ၏။

ဤတကျိပ်တို့တွင်ရဟန်းညွှန်းလေးယောက်၌ ရာဇသိက္ခာပုဒ်အတိုင်းအပ်သော ပစ္စည်းကို ခြောက်ကြိမ်ထိတောင်း၊ပိုမတောင်းရ၊ ပစ္စည်းကျန်သေးလျှင် လှူသူထံ "ဤမျှကျန်သေးသည်။သင်တို့ပစ္စည်းပြန်တောင်းကြ" ဟုပြောရသည်၊တမန်ညွှန်း လေးယောက်၌ မေဏ္ဍကသိက္ခာပုဒ် အတိုင်း ပိုင်းခြားမရှိ လိုတိုင်းတောင်း။ ငွေကျန်သည်ဟု ပြန်ပြောဘွယ်မရှိ၊ ရွှေငွေကိုကား ဘယ်နည်းဖြင့်မျှမတောင်းရ၊ မညွှန်းသောကပ္ပိယနှစ်ယောက်၌ အညာတကဝိညတ္တိသိက္ခာပုဒ်အတိုင်း အလျှင်း မတောင်းရ၊လှူသမျှလက်ခံရသည်။တမန်ညွှန်း အကောင်းဆုံးတည်း။ အချို့ကား ငွေကိုဆန်အမည်မှည့်၍ ဆွမ်းဆန်တော် တင်းတရာကို အရှင်အားလှူပါ၏ဟု ပရိယာယ် ဆို၏။ ဝိနည်းအားလျော်ပေသည် ထင်ရ၏။ ဝိနည်း၌ အနှစ်သာရ

ဘာမျှမရှိသော စကားသုံးသာ စကားလိမ်သာဖြစ်၏။ မအပ်။ ဤငွေတရာကို ဆွမ်းဆန်တော် အလို့ငှါ သင်္ကန်းအလို့ငှါ လှူပါ၏ဟုဆိုလျှင်အပ်၏။ပစ္စည်းလေးပါး အလို့ငှါဟူသည် ဝိနည်းစကားဖြစ်၏။]

## ၅၂–ဘေသဇ္ဇ-ဆေးငါးပါး

၁၂၀။ ထော၊ ဦး၊ ဆိ၊ ပျား (၄) တင်လဲအား (၁) ငါးပါးလျက် ဘွယ်ဆေး။

[ထောပတ်၊ဆီဦး-စသည်ဖြင့် ဘေသဇ္ဇအမည်ထူးရသော ဆေးအစာငါးမျိုး၊ ထောပတ်ဖြစ်လုနီးကို ဆီဦးဟု ခေါ်သည်။ထောပေး၊ မသကာလည်းခေါ်သည်။]

## ၅၃–အစမ္မိကဒါနကိုးပါး

၁၂၁။ စေတီ၊သံဃာ၊ပုဂ္ဂလာ (၃) ဤမှာ လှူမည်ညွတ်။

၁၂၂။ ညွတ်ရာမှခြား၊ လှူနိုင်းငြား၊ ကိုးပါးပြားအောင်မှတ်။

၁၂၃။ လှူသူ၊ခံသူ–ပြစ်မမူ–နိုင်းသူအပြစ်ကပ်။

၁၂၄။ နိဿဂ်ပါစိတ်၊ သုဒ်ပါစိတ်၊ နောက်ဝိတ်ဒုက္ကဋ်–တပ်။

[ဤစေတီစသည်အား လှူမည်ဟု နှုတ်မြွက်လျှင် ညွတ်သည်မည်၏။ အလှူမပြောက်သေး။ထိုညွတ်ပြီးကို တပါးသောစေတီ၊ သံဃာ စသည်အား လှူနိုင်းခြင်းဖြင့် အဓမ္မိကဒါနကိုးပါးဖြစ်၏။လှူသူပိုင်ပစ္စည်းသာဖြစ်သောကြောင့်လှူသူ၊ ခံသူ၊သုံးဆောင်သူ အပြစ်မပြ။ နိုင်းသူအားသာ အပြစ်ပြသည်။ သံဃာအားညွတ်ပြီးကို မိမိဟူသော ပုဂ္ဂိုလ်သို့ ညွတ်စေလျှင် နိဿဂ္ဂိပါစိတ်။တပါးသောပုဂ္ဂိုလ်သို့ ညွတ်စေလျှင် သုဒ္ဓပါစိတ်။ ကြွင်းညွတ်စေရှစ်ချက်၌ ဒုက္ကဋ်သာ။လှူပြီးကိုညွတ်စေလျှင် ဘဏ္ဍာစားပေးရသည်။ ခွေးဖြူအားကျွေးရန် ညွတ်သောအစာကို ခွေးနီအားကျွေးနိုင်းအံ့ ဒုက္ကဋ်။ ခွေးဖြူစားနေစဉ် မောင်းပစ်၍ ခွေးနီအား စားစေအံ့၊ အနာပတ္တိ။ ဤဝိနည်းကို ဂရုမပြုလျှင် ဇာယာ၊ မဏ္ဍိုယဉီးစီးလျက် ဂရုအလွဲလွဲ အချော်ချော်ဖြစ်နိုင်သည်။]

---

## ပါစိတ်(၁၂၅–မှ၁၇၇)
## ၅၄–ဆဲရေးခြင်းဆယ်မျိုး

၁၂၅။ မည်၊ နွယ်၊ မှု၊ ဇာတ်(၄) နာ၊ သွင်၊ တတ်(၃) ကိ၊ ပတ်၊ ဆဲ (၃) ဆယ်ပါး။

[မည်-အမည်ဖြင့် နာကျည်းအောင် ဆိုခြင်း၊ ...အနွယ်၊ အမှု၊ ဇာတ်၊ အနာ၊ အသွင်၊အတတ်၊ကိလေသာ၊အာပတ်။ဆဲ အယုတ်တမာအဆဲကြမ်းဖြင့် နာအောင် ဆိုခြင်း။]

## ၅၅—ပဒသောဓမ္မ-ပုဒ်ပြိုင်လေးမျိုး

၁၂၆။ အချို၊ အချ-ပြိုင်တူကျ-ပဒ-မည်သည်သာ။
၁၂၇။ အချိုမမျှ-ပြိုင်တူချ-အနုပဒ သာ။
၁၂၈။ အစဘာချ-ပြိုင်တူပြု အနုအက္ခရာ။
၁၂၉။ အနိဋ္ဌနှစ်ချ-ပြိုင်တူပြု-အနုဗျဉ္ဇနာ။
၁၃၀။ လေးမျိုးလုံးပင်-ရွတ်ဆင်ခြင်-ပြိုင်လျှင်ပါစိတ်သာ။

## ၅၆—တိရစ္ဆာန်နှင့်သဟသေယျ၊ဥဘဏ်သက်ခဲ၏၊ မဟုတ်ဟုထင်သူများ၏။

၁၃၁။ တိရစ္ဆာန်အိပ်—ထိ—ပါစိတ်၊မ—အိပ်—ဒုက္ကဋ်တည်း။

## ၅၇—မိဇဂါမ်ငါးပါး၊ကပ္ပိခြင်းငါးပါး

၁၃၂။ မူလ၊ ခန္ဓ(၂)ဖဠု-ဂ္ဂ(၂) ဗီဇ(၁)မျိုးငါးတန်။
၁၃၃။ စေ့၊ ညွှန့်၊ အဆစ်(၃)ပင်စည်၊ မြစ်(၂)ငါးဖြစ်ဗီဇဂါမ်။
၁၃၄။ လက်သည်း၊မီး၊ဓား(၃)နှုံ၊ထုတ်စား(၂)ငါးပါးကပ္ပိယံ။

## ၅၈—သေယျဆယ်ပါး

၁၃၅။ ဘိသိ၊ဗိဗ္ဗိ(၂)(အရုတ်)ဥတ်၊ဘူမိ(၂)တဋ္ဋိ၊စမ္မခဏ်(၂)
၁၃၆။ နိသိ၊ပစ္စ(၂)မြက်၊ပဏ္ဏ(၂) သေယျဆယ်ချမှန်။

[ဘုံလျှို၊ပုဆိုးကြမ်း(၂)။ဥစ္စတ္ထရဏ-ညောင်စောင်းအထက်ခင်း၊ဘူမတ္ထရဏ-မြေအခင်း(၂)။ကံပိုင်ကဲလားအခင်း၊သားရေပိုင်း(၂)။နိသီဒိုင်၊အိပ်ရာခင်း(၂)။ မြက်အခင်း၊ သစ်ရွက်အခင်း (၂)။ သံဃိကေဝိဟာရေသေယျံသန္ထရိတွာဝါ၊ သိက္ခာပုဒ်နှင့် ဆိုင်သည်။ ပရိဝါ၌သေနာသနဆယ်ပါးပြရာ၌ ဘူမိ၊ ပစ္စ မပါဘဲ မဉ္စပီဌ၊ပိဗ္ဗောဟနနှင့်ပြသည်။]

## ၅၉—ဘိက္ခုနောဝါဒကသမ္မုတိအင်္ဂါရှစ်ပါး

၁၃၇။ သီလ၊သုတ(၂) နေ့ကိုရ၍(၁) ကောင်းလှစကား(၃)
အများချစ်ခင်(၁) သွန်သင်တတ်စွမ်း(၁)မယ်ရဟန်းနှင့်
ဖက်ယပ်မေထုန်-မကြုံစဘူး(၁) လွန်ကျူးနှစ်ဆယ်(၁)
ဤရှစ်သွယ် မှတ်ဘွယ်ဩဝါဒ။

## ၆၀–ဂရုဓမ်တရားရှစ်ပါး

၁၃၈။ ရှိခိုး၊ ဝါကပ်(၂) လခွဲကပ် (၁) နှစ်ရပ်ပဝါရဏာ (၁)
၁၃၉။ နှစ်နှစ်သိက္ခာ(၁) ပက်မာန (၁) ပြန်ဟာ မဆဲရန် (၁)
၁၄၀။ ရဟန်းဆိုသမျှ–ငုံခံရ (၁) အဌ ဂရုဓမ်။

[ဝါတရာရစေကာမူရဟန်းမြင် ရှိခိုး၊ ရဟန်းအနီးရှိမှဝါကပ်(၂)။ လခွဲတိုင်း ရဟန်းတို့ထံဥပုသ်မေးတရားနာသွား(၁)။ဥဘတောသံဃာ၌ပဝါရဏာပြု(၁)။ သိက္ခမာန်နှစ်နှစ် ကျင့်ပြီးမှ ရဟန်းပြု(၁)။ ဂရုကအာပတ်အတွက် ပက္ခမာနတ်ကျင့်(၁)။ ရဟန်းကိုဆဲခြင်း ခြိမ်းခြောက်ခြင်းမပြုရ(၁)။ ရဟန်းဆိုသမျှနာခံရမည်။ရဟန်းကိုဘာမျှမစီမံရ မဆိုရ(၁)]

## ၆၁-ပဝါရိတ်သင့်ကြောင်းအင်္ဂါငါးပါး

၁၄၁။ စားဆဲ၊ ဘောဇဉ် (၂) ဆောင်ငင်၊ နီးကပ် (၂) ပယ်မြစ်
လတ်(၁) ငါးရပ် ပဝါရိတ်သင့်ကြောင်းတည်း။

## ၆၂–ဘောဇဉ်ငါးပါး

၁၄၂။ ထမင်း၊ ငါး၊သား(၃)မုန့်–နှစ်ပါး(၂)ငါးပါးဘောဇဉ်တည်း။

[သတ္တုမုံ့လုံး….စပါးမျိုးခုနစ်ပါးကျက်စွာလှော်၍ ပြုသော ဆန်မှုန့်၊ရင်းဆန်မှုန့်ဖြင့်ပြုသောမုံ့ဟူသမျှတည်း။ ကုမ္မာသ-မုယောမုံ့….မုယောဂျုံဖြင့် ပြုသောမုံ့။ ဤကားမုံ့နှစ်ပါး။]

## ၆၃–စပါးမျိုးခုနစ်ပါး

၁၄၃။ သလေး၊ ကောက်၊ မုယော (၃) နတ်ကောက်နှော (၁)
ဆပ်ရော၊ ပြောင်းနှင့်၊ လူး (၃)

[သာလိ၊ဝိဟိ၊ယဝေါ(၃)ဂေါဓုမော(၁) ကင်္ဂု၊ ဝရကော၊ ကုဒြူသကော (၃) ပြောင်းဖူးသည် စပါးမျိုးခုနစ်ပါး၌မပါဝင်သောသစ်သီးခဲဘွယ်ဖြစ်၏။]

## ၆၄- အတိရိတ်ဝိနည်းကံအင်္ဂါခုနစ်ပါး

၁၄၄။ အပ်လျှင်၊ကပ်ခံ(၂)မြှောက်ပြန်၊ နီးမြွက်(၂) သင့်လျက် မထ
(၁)စားပြီးမှသာ(၁)အလမေတံ(၁)ခုနစ်တန်-မှတ်ရန် အတိရိတ်
အင်္ဂါတည်း။

[အပ်အပ်စပ်စပ်ကပ္ပိပြီးကို၊အကပ်ခံ၍(၂)ဝိနည်းမိုရ်ထံမြှောက်ချီလျက် အနီး၌ အတိရိတ်ကံကရောသဘာနွေ ဟု ဆိုရသည် (၂)ဤအင်္ဂါ ၄-ပါး။ ။ဝိနည်းမိုရ်ကား

ပဝါရိတ်သင့်ခဲ့လျှင် မထသေးမိဖြစ်၍(၁)ယနေ့ ဘာမျှမစားသေးလျှင် လိုသမျှ စား၍(၁)အလမေတံသမ္ဘ ဟုဆိုရသည်(၁)ဤ၌သုံးပါ။]

## ၆၅-ခဲဘွယ် ၁၂-ပါး

၁၄၅။ မြစ်၊ဥ၊ စွယ်၊ ညှောက်(၄)ပင်၊ ခေါက်၊ ရွက်၊ ပွင့် ၄ သီး၊ စေ့ဆင့်(၂)မှုန့်နှင့်၊စေး(၂)ဘဲ့နှစ်။

[ယာဂုကျဲ နို့ရည်အရသာတို့သည် ဤ ၁၂-ပါး၌ မပါသော်လည်း ဘောဇဉ် မဟုတ် ခဲဘွယ်သာ တည်း။ဘိက္ခုနီသိက္ခာပုဒ်အချို့၌ဘောဇဉ်ငါးပါးနှင့် ရေဒန်ပူမှ လွတ်သမျှ ကာလိကလေးပါးလုံးပင် ခဲဘွယ်ဟု ပဒဘာဇနီဖွင့်သည်။]

## ၆၆-ကပ္ပိယကုဋီလေးလုံးပျက်ပုံ ပဉ္စမိကုဋီမပျက်ပုံ

၁၄၆။ ဥဿာဝနန်(၁)တိုင်ခြေရံ-မကျန်အားလုံး-ပျက်။

၁၄၇။ ဂေါနိသာဒိ(၁)ကာရံမိ-ပျက်၏-ပြည့်ဆက်ဝက်။

၁၄၈။ ဂဟပတိ၊သမ္မုတိ(၂)မရှိအမိုး-ပျက်၊

၁၄၉။ ဝါသာဂါရ-မဟုတ်က-ပဉ္စ-မိ(၁)မပျက်။

[နောက်ဆက်တွဲသမျှတိုင်အားလုံးမကျန်မှ ဥဿာဝနန်ပျက်သည်။ခြံစည်းရိုး ထက်ဝက်ပြည့်အောင် ကာလျှင် ဂေါနိပျက်သည်။ အမိုးအနည်းငယ်မျှမကျန်မှ ဂဟပတိ၊သမ္မုတိပျက်သည်။ဝါသာဂါရ နေစရာကျောင်းမဟုတ်လျှင် ပဉ္စမိ ကပ္ပိယ ကုဋီမည်၏။ ပျက်ပုံမပြ။ ထိုကုဋီတို့၌ ရဟန်းပိုင်ယာဝ၊ ယာမကို ညဥ့်သိပ်ခြင်း၊ ချက်ပြုတ်ခြင်းပြုရသည်။ကုဋီပျက်၌သိုမှီးလျှင် မစားအပ်။ အန္တောဝုတ္ထဒုက္ကဋ်။ ဝါ မုခသန္နိဓိဒုက္ကဋ်။ချက်ပြုတ်လျှင်မစားအပ် အန္တောပက္ကဒုက္ကဋ်။ (အစိမ်းကို နေရာ မရွေးချက်စားလျှင် သာမံပက္ကဒုက္ကဋ်။ နို့စိမ်းဆားစိမ်းကို ရေနွေးပူ၌ ကိုယ်တိုင် သည့်မှုလျှင်မစားအပ်။သာမံပက္ကဒုက္ကဋ်)ကပ္ပိယကုဋီလေးမျိုးသိအပ်၏။]

## ၆၇-အကပ်ခံခြင်းအင်္ဂါငါးပါး

၁၅၀။ ရှေ့ရှုလည်းဆောင်(၁) နှစ်တောင့်ထွာရောက်(၁)မြောက်နိုင် ဝတ္ထု(၁) သုံးခုပေးခြင်း(၁) ခံခြင်းနှစ်လှောက်(၁)ကျန်းလာ ထောက်-ကပ်မြောက်အင်္ဂါငါးပါးတည်း။

[သုံးခုပေးခြင်း-ကာယ၊ ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိဖြင့်ပေး။ ခံခြင်းနှစ်လှောက်- ကာယ၊ ကာယပဋိဗဒ္ဓဖြင့်အကပ်ခံ။ ကာယ ပဋိဗဒ္ဓခံရာ၌ မန်ကျည်းရွက်စသော တည်ရာငယ်ဖြင့် မခံအပ်။ရှေ့ရှုဆောင်စဉ် အစက်ကျခြင်းသည် အပ်၏။ ပြန်ရုပ် သိမ်းမှ အစက်ကျလျှင် အကပ်မမြောက်။]

## ၆၈-အကပ်ပျက်ကြောင်းခြောက်ပါး

၁၅၁။ စွန့်၊ချ၊ပေး၊ လု(၄)မစွူ၊ လိင်ပြန်(၂) ဤခြောက်တန်–ကပ်ခံ ပျက်ကြောင်းတည်း။

[စွန့်-အာလယပြတ်လက်လွှတ်စွန့်ခြင်း။ ချ-သိက္ခာချခြင်း။ပေး-လူသာမဏေအားပေးခြင်း။လု-လူတို့လုသွားခြင်း- ဝါ-ကျွမ်းတဝင်ယူသွားခြင်း(၄)။သေခြင်း၊ လိင်ပြန်ခြင်း(၂)။ အများပိုင်ကို တဦးက စွန့်၊ ချ၊ပေး၊ သေ၊လိင်ပြန်လျှင် အကပ်မပျက်။]

## ၆၉-အဖျော်မအပ်သောသီးကြီးကိုးလုံး

၁၅၂။ ထန်း၊ အုန်း–နှစ်တွဲ(၂) ပိန္နဲနှစ်ပုံ(၂)ဖူး၊ ဖရုံ(၂)မှတ်တုံ–သုံး သခွါး(၃)

[တောင်ပိန္နဲ၊အိမ်ပိန္နဲ နှစ်ခုကိုစုံပြုသည်(နှစ်တွဲ၊နှစ်စုံသည် လေးခုဟုမယူရ။) သုံးသခွါး-ပုဿ-သခွါးငဆစ်။ တိပု-သခွါးငပြုတ်။ ဧဠာဠုက-သခွါးခြောင်ဟု ဖော်။]

## ၇၀-အဖျော်ရှစ်မျိုး၊အနုလောမအဖျော်အများ

၁၅၃။ သပြေ၊ သရက်(၂)နွယ်သပြက်(၁)ဖက်သက်၊ သစ်မည်စည်။ (၂)

၁၅၄။ တော၊ အိမ်-ငှက်ပျော(၂) ကြာစွယ်နှော(၁) မှတ်လောရှစ် ဖျော်ရည်။

၁၅၅။ ရေဇ၊နေချက်(၂)သောက်အပ်လျက်။မီးချက်(၁)မအပ်ပြီ။

၁၅၆။ ရှောက်၊မန်ကျည်းစ(အများ) နုလောမ–လျော်လှအဖျော်ရည်။

[သပြက်-မုဒရက်တူ၏။ဖက်သက်-မြရာတူ၏။ သစ်မည်စည်၊ မယ်ဇယ်၊တရော်တူ၏။ယာမကာအဖျော် မီးချက်လျှင် ယာငကာတင်လဲဖြစ်၏။ နေလွဲမအပ်။]

## ၇၁-သုရာငါးပါး၊ သေ-နယ်ရည်

၁၅၇။ ပိဋ္ဌ၊ပူဝ၊ဩဒန(၃)ကိဏ္ဏ၊သမ္ဘာရာ(၂)

၁၅၈။ မှုံညက်၊ မှုံ၊ ထမင်း(၃)ဆေး၊ ဖန်သွင်း(၂) နယ်ခြင်း-သေ ငါးပါး။

[မုံ့ညက်စသည်ဖြင့် နယ်၍မှေး၍ပြုလျှင် သုရာ-သေမည်၏။ ဆေး– တဆေးဖြင့်… ။ဖန်သွင်း- ဖန်ခါးသီး အဆောက်အဦးဖြင့်…။]

## ၇၂–မေရယငါးပါး၊အရက်–စိမ်ရည်

၁၅၉။ ပုပ္ဖ၊ဖလာ၊မဓွာ၊ဂုဠ(၄)သမ္ဘာရ(၄)ပဥ္စမေရယာ။
၁၆၀။ ပွင့်၊သီး၊စည်၊ကြိ(၄)တိဖလံ(၁)စိမ်ပြန်–အရက်ငါး။

[ပွင့်-ပန်းပွင့်ဖြင့် စိမ်၍ထုံ၍ပြုသောအရက်။စည်-သစ်မည်စည်ရည် သက်သက်ဖြင့်....။ (ဖျားရည်ဖြင့်....လည်းဆိုကုန်၏။) ကြိ-ကြိရည်ဖြင့်....။ တိဖလံ-တိဖလစသည်ဖြင့်....။အာသဝ၊မေရယ၊အရက် အနက်တူ။ သေ၊အရက် နှစ်မျိုးသည်ပင်မဇ္ဇလည်းမည်၏။]

## ၇၃–နတ်ရွာနိဗ္ဗာန်–အန္တရာယ်ငါးပါး

၁၆၁။ ကံ၊ကိလေသ(၂)ဝိပါက(၁)ငါဒ၊တိက္ကမာ(၂)
၁၆၂။ နတ်ရွာချီသွား–မဂ်ကိုတား–ငါးပါးအန္တရာ။

[ကံ-ပဉ္စာနန္တရိယကံ၊ ဘိက္ခုနီဒူသကကံ၊ကိလေသ-မိစ္ဆာဒိဋ္ဌိ(၂)။ဝိပါက-အဟိတ်၊ဒွိဟိတ်ပဋိသန္ဓေ(၁)။ဝါဒ-အရိယူပဝါဒ-အရိယာကိုစွပ်စွဲခြင်း။တိက္ကမာ-ပညတ္တိ ဝီတိက္ကမ သိက္ခာပုဒ်ကိုလွန်ကျူးခြင်း(၂)-ဤငါးပါးသည်နတ်ရွာ၊နိဗ္ဗာန်၊ဈာန်၊ မဂ်၊ ဖိုလ်ကို တားသောကြောင့် အန္တရာယမည်၏။သို့ရာတွင် ဒူသကကံနှင့် ဝိပါက နှစ်ပါးသည် နတ်ရွာမတား။မိစ္ဆာဒိဋ္ဌိ အယူစွန့်လျှင်၊ အရိယူပဝါဒ-ကန်တော့ပြီးလျှင်၊ဝီတိက္ကမ-ကုစားပြီးလျှင် အန္တရာယ်မဖြစ်။ ပဉ္စာနန်၊ဒူသက၊ ဝိပါက ကုစားမရ။]

## ၇၄–နာသနသုံးပါး

၁၆၃။ သံဝါ၊လိင်၊ဒဏ်ကမ္မ(၃)သုံးဝနာသနာ။

[သံဝါသကြဉ်၊အသွင်ဖျက်၊ဒဏ်ပေးခြင်းဖြင့်(၃)ဖျက်ဆီးခြင်း။]

## ၇၅-ဝိနည်းမိုရ် အကျိုးငါးပါးမှ.... ၁၁-ပါးထိ

၁၆၄။ သီလလုံစွာ(၁)အားထားရာ(၁)သံဃာလယ်၌ဆို(၁)
၁၆၅။ သာသနာတည်ထား(၁)ရန်သူတား(၁)ကျိုးငါး ဝိနည်းမိုရ်။
၁၆၆။ ဥပုသ်ဒိ-ရ(၁)ကံဗိုးရ(၁)ဗိုးရပဝါရဏာ(၁)
၁၆၇။ ဥပဇ္ဈာယ်ပေး(၁)သာယည်းပေး(၁)မွေးနိုင်ရှင်များစွာ(၁)
၁၆၈။ ခြောက်မှ ဆဲ့တစ်၊ချစ်လှစ်၊ ဖြစ်၏ နိသံသာ။

[နိဿယည်းပေး၊ သာမဏေမွေး နှစ်ပါးသည် တူသောအင်္ဂါရှိ၏။ ဥပဇ္ဈာယ်ပေးနှင့်လည်း အင်္ဂါတူဖြစ်၏။]

## ၇၆-တဖြတ်ထည်းသိက္ခာပုဒ်သုံးခု

၁၆၉။ အညဝါဒ၊ ရူပိယ၊ ဥပဿုတိ( ၃ )တဖြတ်ထည်း။

[အညဝါဒကေ ဝိဟေသကေ၊ ရွှေ ငွေခံတိုင်ပင်သည်ကိုနားထောင် ဤသုံးခုသည် သိယာကြိယ၊ သိယာအကြိယတဖြတ်ထည်း။ ရံခါပြုခြင်းကြောင့် ရံခါမပြုခြင်းကြောင့်။]

## ၇၇-ကံလေးပါး၏ဌာန- ၅၊၉၊၇၊၇

၁၇၀။ သွင်း၊ ထုတ်၊ ဗြဟ္မဒဏ်( ၃ )လက်၊ ရိတ်ဆံ( ၂ )အပန်-ငါးဌာန။

၁၇၁။ သွင်း၊ ထုတ်၊ ပ၊ ဥ( ၄ ပေး၊ ခံ၊ မွှ( ၃ )ငင်မှု၊ လက်( ၂ )ညွှတ်ကိုး။

၁၇၂။ သွင်း၊ ထုတ်၊ ပေး၊ သမုတ် ၄ )ပြော၊ လက်နှုတ်( ၃ )ညွှတ်ဒုတ် ခုနစ်ဌာန်။

၁၇၃။ သွင်း၊ ထုတ်၊ ပေး၊ မွှ( ၄ )နှိပ်၊ လက်၊ နှု( ၃ )စတု-ခုနစ်ဌာန်။

၁၇၄။ ပန်-ငါးဌာန၊ ညွှတ်-နဝ၊ ဒု၊ စ-ခုနစ်စီ။

## ၇၈-မျက်ကွယ်ကံ-ရှစ်ပါ

၁၇၅။ တမန်၊ မှောက်၊ လှန်( ၃ )(အုပ်) ဥမ်း သောက်၊ ဖြမ်( ၃ ) ကာ၊ ဝန်( ၂ ) မျက်ကွယ်ရှစ်။

[တမန်ဖြင့် ရဟန်းခံ၊ သပိတ်မှောက်၊ လှန်( ၃ ) ဥမ္မတ္တက သမ္မုတိ၊ သေက္ခသမ္မုတိ။ ဗြဟ္မဒဏ်ပေး( ၃ )။ ပကာသနီယကံ၊ အဝန္ဒိယကံ( ၂ )-ဤကား အသမ္မုခကံရှစ်ပါးတည်း။ အချို့ကား ကမ္မဝါစာ၌ အယံနာဂေါ စသည်ဖြင့် ဇာမသဒ္ဒါ အစဲ့မပါလျှင် အသမ္မုခကံဟု စွဲလမ်းကုန်၏။ သိမ်သမုတ်ကံ၌လည်း ဇာမအစွဲမပါ သောကြောင့် အမှားစွဲလမ်းခြင်းသာတည်း။]

## ၇၉-ဂရုဘဏ် ၂၅-ပါး။ ငါးစု

၁၇၆။ နှာ၊ နှစ်၊ လေးခု၊ ကိုး၊ ရှစ်ခု-ဂရု-နှစ်ဆဲ့ငါး။

## ၈၀-နန်းတော်ဝင် အပြစ်ဆယ်ပါး

၁၇၇။ ပြီး၊ ကိုယ်ဝန်၊ ပျောက်( ၃ )သတင်းရောက်၊ လုပ်ကြံ ( ၂ )ဌာနံ နိမ့်၊ တက်( ၂ ) စစ်ထွက်၊ ပြန်ခေါ်( ၂ )ကိုးဘော် ထင်ခံ၊ ကျဉ်း မြောင်းပြန်( ၁ )ဆယ်တန်-နန်းတော်ပြစ်။

[ပြုံး- မောင်းမနှင့်ရဟန်း ပြုံးမိကြလျှင် အဆင်လွှဲခံရခြင်း....စသည်ဖော်။]

## သမထ(၁၇၈-မှ ၁၈၅)
## ၈၁-အဓိကရုဏ်းလေးပါး

၁၇၈။ ဓမ္မာဓမ္မ၊ ငြင်းခုံကြ၊ ဝါဒဓိကရုဏ်း။
၁၇၉။ ဝိပတ္တိလေးချ၊ စွပ်စွဲမှု၊ နုဝါဓိကရုဏ်း။
၁၈၀။ ခုနစ်ပါးသာ၊ အာပတ်မှာ၊ ပတ္တာဓိကရုဏ်း။
၁၈၁။ အပလောကာ၊ ကံလေးဖြာ၊ ကိစ္စာဓိကရုဏ်း။

## ၈၂-ငြိမ်းကြောင်းသမထ-၂၊၄၊၃၊၁ ပေါင်း၇-ဖြစ်စေ

၁၈၂။ မုခါ၊ ယေဘု(၂)ဝိနည်းပြု၊ ငြိမ်းမှု ဝိဝါဒါ။
၁၈၃။ မုခါ၊ သတိ၊ မုဠှ၊ ပါပိ(၄)ငြိမ်းဘိ နုဝါဒါ။
၁၈၄။ မုခါ၊ ဋိညာဉ်၊ တိဏာယှဉ်(၃)ငြိမ်းစင် အာပတ္တာ။
၁၈၅။ မုခါဖြင့်ချည်း (၁) ကိစ္စပြီး၊ ငြိမ်းနည်း ဤသို့လာ။

[ဓမ္မ၊အဓမ္မစသော ၁၈-ပါးဖြင့်ငြင်းခုံလျှင် ဝိဝါဒါဓိကရုဏ်း။ သမ္မုခါဝိနည်း တပါးထည်းဖြင့်ရင်း။ မုခါ၊ ယေဘု-နှစ်ပါးဖြင့်ရင်း ငြိမ်း၏။ သီလ၊ အာစာရ စသော ဝိပတ္တိလေးပါးဖြင့်စွပ်စွဲလျှင် အနုဝါဒါ…။ သမ္မုခါဖြင့်လည်း ငြိမ်း၏။ ရဟန္တာအားစွပ်စွဲလျှင် မုခါ၊သတိ-နှစ်ပါးဖြင့်…။ ရဟန်းရူးအားစွပ်စွဲလျှင် မုခါ၊ မုဠှ- နှစ်ပါးဖြင့်…။ရဟန်းယုတ်မာအားစွပ်စွဲလျှင် မုခါ၊ပါပိ-နှစ်ပါးဖြင့် ငြိမ်း၏။ အာပတ်ခုနစ်ပါးသည် အာပတ္တာဓိကရုဏ်း။ မုခါ၊ ပဋိညာ နှစ်ပါးဖြင့်ရင်း။ မုခါ၊ တိဏ နှစ်ပါးဖြင့်ရင်းငြိမ်း၏။ မုခါသက်သက်ငြိမ်းမရှိ။ အပလောကန စသော ကံလေးပါးသည် ကိစ္စာဓိကရုဏ်း၊ မုခါတပါးထည်းဖြင့်ငြိမ်း၏။ နေရာတိုင်းသမ္မုခါထပ်သည်။]

---

## ဘိက္ခုနီပါစိတ်(၁၈၆-မှ ၁၉၀)
## ၈၃ ကြက်သွန်ငါးမျိုး၊ မြှောင့်၊ဆင်း စဉ်တိုင်း

၁၈၆။ ပလဏ်၊ ဘဒ္ဒ၊ ဟာရိတ(၃)စာပ၊(၁)လသုဏာ(၁)
၁၈၇။ တစ်၊နှစ်၊သုံးမြှောင့်(၃)မရှိမြှောင့်(၁)အမြှောင့် များလှစွာ(၁)။
၁၈၈။ မြှော့၊ နီ၊ စိမ်းမှု(၃)ဆင်းရောင်ပြ၊ ရှေ့က သုချသာ။
၁၈၉။ ဆိက္ခုနီလသု၊ပါစိတ်ချ၊ ဘိက္ခု ဒုက္ကဋာ။

[ပလဏ္ဍုက-ကြက်သွန်မြှော့-တမြှောင့်ရှိ။ဘဒ္ဒုနက-နီ-နှစ်မြှောင့်ရှိ။ ဟာရိတ-စိမ်း-သုံးမြှောင့်ရှိ။ စာပလသုဏာ-အမြှောင့်မရှိ-အမြှုတ်သာရှိ။ လသုဏာ-အမြှောင့်

များ၏။ အဆင်းမပြသော်လည်း အဖြူဟုဆိုကုန်၏။ လသုဏ-ကြက်သွန်ဖြူ အစိမ်းသာ ပါစိတ်။ ဒုက္ကဋ် အကျက်။ လက်သုတ်ဖြစ်အံ့ အနာပတ္တိ။ ကြွင်းလေးမျိုးလည်း အနာပတ္တိ။]

### ၈၄-သိုးခြင်းလေးပါး၊ (ပါရိဝါသိယ)

၁၉၀။ ပရိသတ်ထ-သိုး(၁) ညဥ့်လွန်သိုး(၁) ဝွန့်သိုး-ဆန္ဒ၊ အဖွာသယ(၂)

---

## မဟာဝါ (၁၉၁-မှ ၂၂၄)

### ၈၅-ကျောင်းထိုင်အင်္ဂါ ငါးပါး

၁၉၁။ ဆယ်ဝါပြည့်တင်း(၁) ဝိဘင်းနှစ်ဖြာ(၁) ကမ္မာ ကမ္မ(၁) ခန္ဓကပုဒ်(၁) နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်(၁) ကျောင်းထိုင်အင်္ဂါငါး။

[ပါဠိတော်၌ ဆက္ကxခုနစ်လီ ၄၂-ပါးဟောသည်။ အာပတ် အင်္ဂါ၂၀-ရှိသည်။ ဤငါးပါးပြည့်စုံလျှင် အာပတ်အင်္ဂါ၂၀-လုံး ပြည့်စုံ၏။]

### ၈၆-နိဿယမုစ္စကအင်္ဂါခုနစ်ပါး၊ လိုရင်းသုံးပါး

၁၉၂။ ဧဒမာတိကာ၊ ကမ္မာ ကမ္မ၊ ငါးဝါရဟု(၃)လိုရင်ရှုနှင့်၊ ဝဇ္ဇတပါး၊ တရားသုံးပုဒ်၊ သုတ်-နှစ်အင်္ဂါ၊ ဘာဝနာလည်း(၄) မှီရာလွတ်ကြောင်း ခုနစ်တည်း။

[လိုရင်းသုံးပါးစုံသော်လည်း လူတို့နှင့်ဆက်ဆံရေး မိမိတရားအားထုတ်ရေး အတွက် ခုနစ်တည်း။]

### ၈၇-နိဿယည်းငြိမ်းကြောင်း ၆-ပါး၊ ဥပဇ္ဈာယ်မှ ၅-ပါး

၁၉၃။ ဖဲ၊ထွက်၊သေ၊ပြောင်း(၄)နှင့်၊ ဆုံပေါင်း(၂) ငြိမ်းကြောင်း ခြောက်ပါးတည်း။

၁၉၄။ ဆုံပေါင်းမပါ(၅) ဥပဇ္ဈာ၊ ငါးဖြာငြိမ်းကြောင်းတည်း။

[ဖဲ-မိမိဖဲခြင်း၊ဆရာဖဲခြင်း။ ထွက်-ဆရာလူထွက်ခြင်း၊ သေခြင်း၊ တိတ္ထိဘောင်သို့ ပြောင်းခြင်း(၄) နှင်ခြင်း။ ဆုံပေါင်း-မိမိဥပဇ္ဈာယ်နှင့်အဆင်းမြင်၊ အသံကြား၊ နှစ်နည်းဖြင့်ပေါင်းဆုံမိခြင်း(၂)]

### ၈၈-ဥပသမ္ပဒါကံပတ္တကလ္လအင်္ဂါငါးပါး (ဝိဋ္ဌ)

၁၉၅။ ဝတ္ထုပြည့်ခြင်း (၁) စင်ကင်းအနုဿာရဟယ် (၁) သိမ်ဝယ်၊ ပရိသတ် (၂) ရှစ်ရပ်ပြုလုပ်–ပုဗ္ဗကိစ္စ (၁) ဤငါးတန်–ရဟန်းခံပတ္တကလ္လတည်း။

### ၈၉-ရဟန်းခံပုဗ္ဗကိစ္စရှစ်ပါး (ဝိဋ္ဌ)

၁၉၆။ ဥပဇ္ဈာယ်အား- ယူပြီးငြား (၁) ပြောကြား သပိတ် သင်္ကန်း (၁)
၁၉၇။ ပြင်ထုတ်အနှ–သာကံပြု(၁)ဖြစ်မှုဆုံးမခဏ်း (၁)
၁၉၈။ ခေါ်သွင်း၊တောင်းပန်(၂)မေးစစ်ရန်·တဖန်သမုတ်မန်း(၁)
၁၉၉။ မေးစစ်တဝ (၁) ရှစ်ခုမျှ-ပုဗ္ဗကိစ္စမှန်း။

### ၉၀–ဝါပန်ခွင့်ရကြောင်းတိုသုံးချက်

၂၀၀။ ဒါတုံ၊သောတုံ၊ ပဿိတုံ (၃) ပင့်တုံဝါပန်ကောင်း။

### ၉၁–ခုနစ်ယောက်ထံမပင့်သော်လည်းသွားရခြင်း

၂၀၁။ သုံးဘော် (၅) မိ၊ဘ (၂) မပင့်ကြ–သွားရအကြောင်းကြောင်း။

### ၉၂-အကြောင်းကြောင်း—၁၀၊၉၊၆၊၆၊၆၊၁၊၁

၂၀၂။ နှာ၊ပျင်း၊ကုက်၊ယူ(၄)မာ၊မူ၊ဝါသ်၊ဘွာန်(၄)လို၊ပြီး ကံ(၂) ဆယ်တန်ဘိက္ခုကြောင်း။
၂၀၃။ နှာ၊ပျင်း၊ကုက်၊ယူ(၄) မာ၊ မူ၊ အဘွာန် (၄)လို၊ပြီး ကံ(၂) ကိုးတန်နီ အကြောင်း။
၂၀၄။ နှာ၊ပျင်း၊ကုက်၊ယူ (၄) ပျက်မှုသိက္ခာ (၁) သမ္ပဒါမှု (၁) ခြောက်ခုရ-သိက္ခမာန်အကြောင်း။
၂၀၅။ နှာ၊ပျင်း၊ ကုက်၊ ယူ (၄)မေးမှုဝဿာ (၁) သမ္ပဒါမှု (၁) ခြောက်ခုရ–သာမ–ဏေ အကြောင်း။
၂၀၆။ နှာ၊ပျင်း၊ကုက်၊ယူ (၄) မေးမှုဝဿာ (၁) သိက္ခာယူမှု(၁) ခြောက်ခုရ-သာမ ဏေရီ အကြောင်း။

၂၀၇။ မကျန်းမာကြ (၁) မိန္နင့်ဘ—သွားရတင်အကြောင်း။

၂၀၈။ ကျွ-ဆယ်၊ နီ—ကိုး၊ သုံး- ခြောက်မျိုး၊ တမျိုး-မိန္နင့်ဘ။

[နာသည်ဟု ကြားလျှင် ပြုစုရန်သွားအပ်၏။ ပျင်းသည်၊ ကုက္ကုစ္စဖြစ်သည် အယူမှားသည်ဟုကြားလျှင် တရားဟော၍ ဖြေဖျောက်ခြင်းငှါ····(၄)။ပရိဝါသ်၊ မာနတ်၊ မူလာယ၊ အဗ္ဘာန်ထိုက်သည်ဟုကြားလျှင် ကံဆောင်ပေးခြင်း၊ ကူညီခြင်း ငှါ····(၄)။ကံကြီးပြုလိုသည်ဟု ကြားလျှင် မပြုပါနှင့်၊ ကံငယ်မျှ ပြုပါဟု သံဃာကို တောင်းပန်ခြင်းငှါ··။ ကံကြီးပြုပြီးပြီဟုကြားလျှင် ကံငြိမ်းအောင် ဖြည့်ကျင့်ပါဟု ကံပြုခံရသူကို တိုက်တွန်းခြင်းငှါ····(၂)။ သိက္ခာပျက်သည်၊ ရဟန်းပြုလိုသည်၊ အသက်မေးလိုသည်၊ သိက္ခာယူလိုသည်ဟုကြားလျှင် ကူညီခြင်းငှါ သွားအပ်၏။ ပင့်လျှင်ဆိုဘွယ်မရှိ။ ပဋ္ဌိတော်ကင်းလျှင် အဋ္ဌကထာဖြင့် အနက်မှန် ယူဆနိုင်ခဲ၏။ သတိပြုဘွယ်တည်း။]

## ၉၃—တနည်း၊ ဝါပန်သွားနိုင်ကြောင်းလေးပါး

၂၀၉။ သံဃာကွဲ၊ ကတိကပြုရာ၊ ဆရာစေအပ်၊ ဖူးလိုလတ် (၄) လေးရပ် သွားထိုက်ကြောင်း။

[စေတီ၊ ရဟန်းကျောင်းစသည်ပြုဘွယ်သံဃာကိစ္စရှိအံ့။ဤနေ့ ဤနေ့၌ ကျောင်း၌ တရားနာခြင်းစသည်ပြုမည် ဟုသည်ဖြင့်ကတိကဝတ်ပြုထားအံ့။ဆရာမထေရ်စေခိုင်းအံ့။ဆရာမထေရ်ကို ဖူးမြော်လိုအံ့၊ ဤလေးပါးကြောင့်မပင့်သော်လည်း ခုနစ်ရက်တွင်း ပြန်ဝါပန်၍သွားအပ်၏။]

## ၉၄—ဥဗ္ဗာသယန၊ မဟာသယန ၁၉—မျိုး

၂၁၀။ ပလ္လင်၊ ခြေရှည်။လဲ၊ မွေးရှည်။နီနီ (၅) တခုချင်း။

၂၁၁။ ကုန်-နှီးသုံးဖြာ (၃) ရတနာနှစ် (၂) သားရေနှစ် (၂) ချုနှစ်-သားမွေးခင်း (၇)။

၂၁၂။ နေရာမြင့်မြတ်၊ ဆဲ့ကိုးရင်—မအပ်ပယ်လေခြင်း။

၂၁၃။ တဘက်၊ နှစ်ဘက်မှ၊ ဆဲ့ခြောက်က၊ ဆန်းလှ၊ ရုပ်၊ ပြူ၊ နီ (သာ၊ မွေးခင်း ၇။)

[ပလ္လင်-အရုပ်ဖြုက်သုံးအံ့။ ခြေရှည်-တဘက်ရှည်သော အာသန္ဒိ၌ခြေရှည်ကို ဖြတ်၍ မြုပ်၍သုံးအံ့။ လဲ-ဘုံသိကာ-လဲဖြေထုတ်၍သုံးအံ့။ အပြစ်မရှိ။ (လေးထောင့်ညီသော အာသန္ဒိကားတတောင့်ထွာသက် အလွန်ခြေရှည်သော်လည်း အပ်၏၊) မွေးရှည်-လေးသစ်သက်ရှည်သောခြေကော်ဇော-ဂေါနက။နီနီ-မျက်နှာကြက်နီ။ ခြေအုံး ခေါင်းအုံး နီရှိသော အိပ်ရာ-သဥတ္တရစ္ဆဒ ဥဘတောလောဟိတကူပဓာန(၅)။

ဆင်မြင်းရထားကုန်းနှီးခင်းနှီး။ဟတ္ထတ္ထရစသည်(၃)။ရွှေချည်ငွေချည် ရောရက်သော ကန္ဒိုသ၊ ထိုရတနာချည်ဖြင့်ချုပ်သော ကောသေယျ ၂။အဇိန-သစ်နက်ရေ၊ကဒလိမိဂ-ဝံပိုင်ရေ၂။ ။သားမွေးခင်းတို့ကား ဥဒ္ဒလောမီ၊ဧကန္တလောမီ၊ကုတ္တက၊စိတ္တက၊ဝိကတိက၊ပဋိက၊ပဋ္ဌလိက(၇)။ ။ပလ္လင်စသော သုံးခုမှတပါးကို ညောင်စောင်း၌မခင်းရ၊ မြေ၌ကြမ်း၌ခင်းသုံးလျှင် အပ်၏။ သံဃိကတို့ဖြစ်မူ မွေးညှင်း၊ ချွေးစသည်မထိအောင် မိမိ၏ကပ္ပိယအခင်း ထပ်ခင်း၍ သုံးရသည်။ သံဃိကညောင်စောင်း အင်းပျဉ်လည်း ထိုအတူ မွေးညှင်းမထိအပ်။မိမိ၏သင်းပိုင်ကော်ငင်းဖြစ်စေဆပ်ခင်းရသည်။]

## ၉၅-အကပ္ပိယမံသဆယ်ပါး၊ကိုးပါးဒုက္ကဋ်

၂၁၄။ လူမှာ-ဓာတ်ချင်း (၁) ထုလ္လစ္စည်းတည်း။ မြင်းနှင့်၊ဆင်မှာ-မင်းအင်္ဂါဖြစ် (၂) သစ်၊ကျားရင်း၊ဝံ၊အောင်း၊ ခြသေ့်၊ ဘေးရန်တွေ့တတ်(၅) ရှုံအပ်၊ခွေး၊မြွေ(၂) ဒုက္ကဋ်ပေ-ဆယ်ထွေမအပ် အသားတည်း။

[အစိတ္တက၊မသိလည်းအာပတ်သင့်၏။မမေးမမြန်းမစားအပ်။သိလျှင် မေးဘွယ်မရှိ။ မေးခြင်းကား ကျင့်ဝတ်ဟုတ်၏။ အသား၊ အသွေး၊ အမွေး၊ အရိုး၊ အရေ၊ ငါးပျိုး၊ လူ၌အဆီနှင့်ခြောက်မျိုးမစားအပ်။ ကြွင်းနို့ ရည်စသည်ကားအပ်၏။]

## ၉၆-ဥဒ္ဒိဿမံသသုံးမျိုး

၂၁၅။ ရည်၍သတ်ငြား-ထင်၊မြင်၊ကြား(၃)သုံးပါးမံသ-သင်္ကြန်ကာ။

[ရဟန်းတို့အား ရည်၍ရင်း၊ ရဟန်းတို့အား လည်းလှူမည် ငါတို့လည်း စားမည်ဟူ၍ရင်း။ ရဟန်းမကင်းသော ရည်စူးခြင်းဖြင့် သတ်သောအသားသည်ဥဒ္ဒိဿမံသမည်၏။ မသိလျှင်အပြစ်မရှိ။သိသူကရလာ၍ မသိသူအားကျွေးအံ့၊ မသိသူစားလျှင် ဘယ်သူအားမျှအပြစ်မရှိ။]

## ၉၇-သြဒိဿ ခုနစ်ပါး

၂၁၆။ ဗျာဓိ၊ပုဂ္ဂလာ(၂)ကာလာ၊သမယော(၂)ဒေသော၊ ဝသ(၂) ဘောသဏ္ဍ(၁)သင်္ကာ သြဒိဿ။

[ဘီလူးပူးသောရဟန်းအား သားစိမ်းခေါက်ခေါက် အာမကမံသ နှင့်ပြုခြင်းသည် ဗျာဓိသြဒိဿ ။စားပြီး ပြန်တက်သော ရဟန်းအား နေလွဲစားပြီး ပြန်နှင့်ပြုခြင်းသည် ပုဂ္ဂလောဒိဿ (၂)။ မြွေခဲသောအခါ ဆေးကြီးလေးပါးကပ်သူမရှိလျှင် ယူစားခြင်းငါ့နှင့်ပြုခြင်းသည် ကာလောဒိဿ ။ ကာဘောဇန သမယခုနစ်ပါးစသည်သည် သမယောဒိဿ (၂)။ပစ္စန္တရာဇ်ငါးပါးဖြင့် ရဟန်း

ခံစသည် ခွင့်ပြုခြင်းသည် ဒေသောဝိဿ….။ လူဆိမှတပါး ဝံဆိုးငက်ဆိ စသော ဝသောတေလကို သတ္တာဟကာလိက ခွင့်ပြုခြင်းသည် ဝသောဝိဿ….(၂)။ သောပတ်စသောငါးပါးကို ဆေးဟူသောအမည်ဖြင့် ခွင့်ပြုခြင်းသည် ဘေသဇ္ဇော ဝိဿမည်၏(၁)။မြွေခဲသောအခါ ဆေးကြီးလေးပါးကား-ကျင်ငယ်၊ ကျင်ကြီး၊ ပြာ၊မြေကြီး-လေးပါးတည်း။ ကပ်သူမရှိလျှင် ယူစားနိုင်သည် ဘိက္ခုနီအား ခြေဆုပ်နယ်၍လူယောကျ်ားရှိနိုးခြင်း၊ဆံရိတ်ခြင်း၊လက်သည်းခြေသည်းလှီးခြင်း၊အနာဆေးကုခြင်းတို့ကို သာယာသော်လည်း အနာပတ္တိ၊ ဩဝိဿအနုညာတ၍ပင် တည်း။]

## ၉၈–ဒါယကာလေးမျိုး

၂၁၇။ ဝတ်ကားမေမူ-ဘိတ်ကြားသူ(၁)တောင်းယူ-မပေးအင်။
၂၁၈။ ဘိတ်ကြားမကြေ–ဝတ်ကားကြေ(၁)ပေးလေ-မတောင်းအပ်။
၂၁၉။ ဘိတ်ကြားသဖြင့်–ဝတ်သည်းကျင့်(၁) တောင်းသင့် ပေးသင့် မှတ်။
၂၂၀။ ဘိတ်ကြားကင်းဝေး-ဝတ်သည်းဝေး(၁)မပေး-မတောင်းအင်။

[ဤနည်းသိ၍ကျင့်လျှင် ကုလဒူသန၊အနေသန၊မိစ္ဆာဇီဝ၊အကတဝိညပ်အပြစ် ကင်း၏။]

## ၉၉ ဆိုးရည်ခြောက်မျိုးဌ်မအပ်ကိုးခု

၂၂၁။ မြစ်၊ပင်၊ခေါက်၊ရွက်(၄)ပွင့်၊သီးစွက်(၂)ခြောက်ချက်ဆိုးရည် ဝယ်။
၂၂၂။ နနွင်းမြစ်နှင့်(၁)ပင်စည်ဆင့်–ထန်းကျင့်၊ပိန္နဲနွယ်(၂)
၂၂၃။ မဲ၊ ဒန်း-ရွက်လျှောက်(၂)ကြပိုင်ခေါက်၊အခေါက်တောက်ရပ် ဆွယ်(၂)
၂၂၄။ ဝတ်ပန်း၊ပေါက်ပွင့်(၂)ဆိုးရည်နှင့်၊မသင့်ကိုးပါးဖယ်။

[အမြစ်၁။ပင်၊ခေါက်၊ရွက်၊ပွင့် ၂ စိ မအပ်။သီး၌မအပ်မရှိ။ ။သန်းကျင့်-တိန်းညက်တူ၏။ကြပိုင်-မဒမ-တောက်ရပ်နို- တူ၏။]

---

## ၇၉၀ါ(၂၂၅-မှ၂၃၀)
## ၁၀၀-မအပ်သောစားခွက် ၁၁-လုံး

၂၂၅။ ကြေးပြူ၊စဉ့်၊ဖန်(၃)ကုံ့ယ်ပိုင်မှန်–ကြေနံမအပ်စပ်။
၂၂၆။ အိုးအုံ၊ပူးအုံ(၂)ရံခါကြီ–မြဲတုံးအပ်စပ်။

၂၂၇။ သစ်သားခွက်ကား(၁)အလျှင်းထား–ပယ်ရှားမအာပ်စပ်။
၂၂၈။ မျက်ရွဲ၊မြဲ၊ရွှေ(၃)ဖသ်စစ်၊ငွေ(၂)ကိုင်ချေမကိုင်အပ်။

[ကြွေပန်းကန်သည်စဉ့်ခွံဝင်၏။ ရတနာခွက်ငါးခုကား ကျောင်းသုံးဖြစ်လျှင် သုံးအပ်၏။]

## ၁၀၁-အပ်သောခွက် သုံးလုံး

၂၂၉။ သံ၊ကြေးနီ၊မြေ(၃)ခွက်သုံးထွေ၊စားလေအပ်ပေသည်။

## ၁၀၂–မအပ်သော ကနုတ်ခြောက်ချောင်း

၂၃၀။ ကွဲ၊ကြမ်း၊ဆစ်ပု(၃)ဆူး၊ခေါင်း၊ပု(၃)ကနုမအပ်ခြောက်။

[ဖာလိတကဋ္ဌ-ကွဲသောကနုတ်။ ခရ- ကြမ်း။ ဂဏ္ဍိက-အဆစ်အဖုရှိ…(၃)။ ကဏ္ဍက-ဆူးရှိ…။သုသိရ-အခေါင်းရှိ…။ ပူတိ-ပုတ်ဆွေးသောကနုတ်… (၃)။ ဤခြောက်မျိုးဖြင့် မသုတ်သင်ကောင်း။]

---

## ပရိဝါ(၂၃၁-မှ ၂၃၄)
## ၁၀၃-ရှိမခိုးအပ်သူ ၂၅-ယောက်။ ၁၂ ယောက်၌ဒုက္ကဋ်

၂၃၁။ မှောင်မိုက်ထဲဟု(၁) ယာဂုနေရာ(၁) ဆွမ်းနေရာတွင်(၁) ရွာဝင်၊လမ်းသွား(၂)တခြားကြီတုန်(၁)အိပ်တုန်၊စား၊ခဲ(၃) ပြုဆဲသီးသီး(၁) ကျင်ကြီး၊ကျင်ငယ်စွန့်မှု(၁)ရန်သူ မုန်းလွယ်(၁)ဆဲ့သုံးသွယ်–ရှိခိုးမသွယ်ဟောသတည်း။

၂၃၂။ မူလာယထိုက်(၂)မာနတ်ထိုက်နှင့်(၁)ဘွာနတ်ထိုက်၊ဝတ်ကျင့်(၂) မာနတ်ကျင့်ဆဲ(၁)လဒ္ဓိနာနာ(၁)ကံနာနာလျှင်(၁)နဂ္ဂါ၊နဝက(၂) နူပသမ္ပန်(၁)ထိ၊ ပဏ်-ညစ်ထပ်(၂) ဆဲ့နှစ်ရပ်–ရှိခိုးဒုက္ကဋ် ဟောသတည်း။

[ပြုဆဲသီးသီး-ကိစ္စပွားသုတဖြစ်၍ ရှိခိုးသည်ကို နှလုံးမသွင်းနိုင်သော အသမန္နာဟရန္တ။ ရန်သူမုန်းလွယ်-ရန်သူဘက်၌တည်၍ တဘက်သတ် ဒေါသထွက်နေသော ကောဝတ္တပုဂ္ဂိုလ်။ (ကော်တို့ကား ကိုယ်ရှုံကင်းသော ကောဝတ္တဟု ဆိုကုန်၏။ မမှတ်အပ်။) ဤပုဂ္ဂိုလ်၁၃ ယောက်တို့၌ ဒုက္ကဋ်မသင့်။ လဒ္ဓိနာနာ ဥက္ခိတ္တကသို့ အတုလိုက်သော အဓမ္မဝါဒီသီတင်းကြီး (ဓမ္မဝါဒီဖြစ်လျှင် ရှိခိုးကောင်း၏။) ကံနာနာ-မစွန့်၊မကျ၊ပြစ်မရှုကြောင့် ဥက္ခိတ္တကကံပြုခံရသူ။]

## ၁၀၄–ရှိခိုးအပ်သူငါးဦး

၂၃၃။ ဘုရားမြတ်စွာ(၁)ဥပဇ္ဈာယ်နှင့်(၁) ဆရာငါးခင်း(၁)သိတင်းကြီး ဘိ(၁)လဒ္ဓိမညီ-ဝါဒိဝမ္ဘ-ဝုဋ္ဌတ(၁)ရှိခိုးပဉ္စဟောသတည်း။

[ဆရာငါးခင်း- ပြဇ္ဇာဝါဒါစရိယ၊ ပဗ္ဗဇ္ဇာစရိယ၊ ဥပသမ္ပဒါစရိယ၊ နိဿယာစရိယ၊ ဥဒ္ဒေသာစရိယ-ဤဆရာငါးဦးသည် တပည့်များကောင်းကျိုး တိုးပွါးရာ လယ်ကြီးငါးခင်းနှင့်တူ၏။နိဿယာ-ဥဒ္ဒေသာဆရာတို့ကို ဝါငယ်လျှင်ကား ရှိမခိုး အပ်၊လက်အုပ်ချီအပ်ကုန်၏။အဘိဝါဒနနှင့် အဥ္ဇလိ-တမျိုးစီ-မတူ။]

## ၁၀၅-ပဥ္စပတိဋ္ဌိတငါးပါး

၂၃၄။ ကိုယ်ရုံစမွယ်(၁) ချိရှယ်လက်အုပ်(၁) နယ်ဆုပ်ခြေရုံ(၁) ကြည်သုံမြတ်နိုး(၁) ညွတ်ရိုကျိုး(၁) ရှိခိုးငါးတည်ဟော သတည်း။

[ပဥ္စဓမ္မေ အဋ္ဌုပ္ပတ္တိ ဥပဋ္ဌာပေတွာ ပါဒါဝန္ဒိတဗ္ဗာ-ဟု ပရိဝါ၌ဟောသည်ကို ဝိနယာလင်္ကာရ၌ ပဥ္စပတိဋ္ဌိတသရုပ်ဟုဆိုသည်။ဤအင်္ဂါငါးပါး၌ တည်၍ ရှိခိုး ရသည်ဟူလို။ဒူး၊လက်၊နဖူး ဤငါးခိုး မြေ၌ ကြမ်း၌ တည်စေ၍ ရှိခိုးခြင်းလည်း ပဥ္စပတိဋ္ဌိတဟု ဆိုသေး၏။]

---

## ဝိသုဒ္ဓိမဂ်(၂၃၅ မှ ၂၅၆)

## ၁၀၆–ချစ်ကျွမ်းဝင်၍ ဆွမ်းမခံအပ်သော အိမ်–၆–အိမ်

၂၃၅။ သူရာသောက်ထုတ်-သေတင်းကုပ်(၁)ပဏ္ဍုက်၊ ဘိက္ခုနီမ(၂)

၂၃၆။ မုဆိုးကြီးဝေဟာ(၁)ပြည့်တန်ဆာ(၁)လင်ကွာမုဆိုးမ(၁)

၂၃၇။ ဤခြောက်အိမ်တွင်–ကျွမ်းဝင်၊ဆွမ်းလျှင်မခံရ။

## ၁၀၇–ပရိဘောဂလေးပါး

၂၃၈။ ထေယျ၊ ဣဏ(၂) ဒါယဇ္ဇနှင့်(၁) မိုင်လှသာမိ(၁)လေးချက် ပရိဘောဂတည်း။

[ထေယျ-ခိုး၍သုံးဆောင်ခြင်း။လူတို့သည် အကျိုးကြီးလို၍ သီလရှိသောသံဃာ အားသာ လှူကြသည်။ ဘုရားရှင်သည် သီလရှိသော တပည့်သားတို့အား သုံး ဆောင်ခွင့်ပြုသည်။ သီလမရှိသူ၏ သုံးဆောင်ခြင်းကား ခိုးစားသည်နှင့်တူ၏၊ ထေယျပရိဘောဂမည်၏။ အရုဏ်တက်အောင် ပစ္စဝေက္ခဏာ မဆင်ခြင်လျှင်

ဈာန....။ အရိယာတို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇ....။ ဘုရားရဟန္တာတို့၏ သုံးဆောင်ခြင်းသည် သာမိ....။ ပုထုဇဉ်ကလျာဏကို ဒါယဇ္ဇ၌သွင်းသည်။ ဆင်ခြင်၍ရင်း၊ဂုဏ်တော်၊ မေတ္တာပွါးခြင်းစသည်ဖြင့်ရင်း သုံးဆောင်ခြင်းသည် အဏဏျပရိဘောဂမည်၏ဟုဆို၏။]

## ၁၀၈–သုဒ္ဓိလေးပါး

၂၃၉။ သီလ လေးဖြာ-ပါ၊ ဏ္ဍုံအာ(၃)ဣယာသန္နိဿိ(၁)

၂၄၀။ အပြစ်ကားလေး-ပတ်၊ ကိလေး၊ သက်မွေး(၃) ကြွေးတင် ဘိ(၁)

၂၄၁။ သုဒ္ဓိလေးဝ-ဒေ၊ သံ၊ ပ(၃)ပစ္စဝေက္ခဏာ (၁)

၂၄၂။ ပြခန်းလေးရှိ-ဒ္ဓါ၊ သတိ၊ ဝိရိ(၃)ပညာသာ (၁)

[သီလ၊ အပြစ်၊ သုဒ္ဓိ၊ ပြခန်းလေးခုစီရှိ၏။ အစဉ်အတိုင်းတွဲရမည်။ ပါ-ပါတိမောက္ခသံဝရသီလ မလွန်ကျူးရ။ ပတ်-လွန်ကျူးလျှင် အာပတ်သင့်သည်။ ဒေ-ဒေသနာသုဒ္ဓိဖြင့် စင်ကြယ်သည်။ ဒ္ဓါ-သဒ္ဓါပြခန်းသည်။ ဣန္ဒြိယသံဝရသီလ လုံစေရသည်။ မလုံလျှင် ကိလေသာနှိပ်စက်သည်။ သံဝရသုဒ္ဓိဖြင့် စင်ကြယ်သည်။ သတိပြခန်းသည်။ ။အာဇီဝပါရိသုဒ္ဓိစင်ကြယ် စေရသည်။ မစင်ကြယ်လျှင် အသက်မွေးယုတ်ညံ့သည်။ ပရိယေဋ္ဌိသုဒ္ဓိဖြင့် စင်ကြယ်သည်။ ဝီရိယ ပြခန်းသည်။ ။ပစ္စယသန္နိဿိတသီလဆင်ခြင်ရသည်။ မဆင်ခြင်လျှင် ဣဏပရိဘောဂ ကြွေးတင်သည်။ ပစ္စဝေက္ခဏာသုဒ္ဓိဖြင့် စင်ကြယ်သည်။ ပညာပြခန်းသည်။]

## ၁၀၉–သီလကျိုး၊ပေါက်၊ ကျား၊ပြောက်

၂၄၃။ စဆုံး နှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ် ခေါ်ခဲ့လျှ။

၂၄၄။ အလယ်အတွင်း၊ ပျက်စီးခြင်း၊ပေါက်ထွင်း မည်ဆိုဒ္ဒ။

၂၄၅။ စဉ်တိုင်အများ၊ ပျက်စီးပြား၊ ကြောင် ကျား သဗလ။

၂၄၆။ အကြားကြားကွက်၊ ပျက်စီးလျက်၊ ပြောက်ကွက်–ကမ္မာသ။

## ၁၁၀ မေထုန်ငယ် ခုနစ်ပါး

၂၄၇။ ရှဉ်းစုံမကာပ်၊ ပွတ်သပ်မကျူး၊ ရယ်မြူးမရှိ၊ မျက်ဝံမှဆုံ(၄) သံမျိုးစုံပစ်၊ ရှေးဖြစ်မကြံ၊ မောင်နှံ ၄ရှောင်၊ နတ်ဘောင် မရွယ်၊(၄)ဤခုနစ်သွယ်၊ လွတ်ဘွယ် မေထုန်ဘည်း။

[မာဘုဂါမနှင့်!ရှဉ်းစုံမကာပ်သော်လည်း(မေထုန်ကြီးမှ ကင်းသော်လည်း) ပွတ်သပ်သည်ကိုသာယာအံ့၊ ရယ်မြူးကာ....မျက်စိချင်းစိုက်ကြည့်ကာ....(၃)။အသံ

နှားထောင်ကာ… ။ရှေးဖြစ်ဟောင်းစိတ်ကူးကာ….။မောင်နှံစုံကို အားကျကာ….။ နတ်ပြည်ဆုတောင်းကာ သာယာအံ့(၄)။ မေထုန်ငယ်မည်၏။ ခုနစ်ပါးရှိ၏။ ။ ရှောင်နိုင်လျှင် မေထုန်လွတ်ကြောင်းရှစ်ရှိ၏။]

## ၁၁၁-စုတင်တေရသ

၂၄၀။ ပံ၊ တော၊ ပိဏ်၊ သပ်(၄)၉၊ ပတ်၊ ခ၊ အာ(၄)ရက်၊ အဗ်၊သာ (၃) ယထာ၊ နေ(၂)ဆဲ့သုံး။

[ဥာဏ်နည်း၍ တွေဝေသောကြောင့်ရင်း, အလိုဆိုးရှိသောကြောင့်ရင်း, ရှုး၍ စိတ်ပျံ့လွင့်သောကြောင့်ရင်း ကျင့်လျှင်. စုတင်မမည်။ ဗုဒ္ဓ-ဗုဒ္ဓသာဝကတို့ချီး မွမ်းသောကြောင့်ဟု ကျင့်ရသည်။ အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ကိလေသာ ခေါင်းပါးခြင်း၊ ဆိတ်ငြိမ်ခြင်း၊ ဤအကျင့်ဖြင့် အကျိုးရှိခြင်း၊ ဤသဘောတို့ ကို မှီ၍ကျင့်ရသည်။ ထိုသို့ကျင့်မှစုတင်မည်သည်။ စုတင်ကျင့်ခြင်းကြောင့် သမာ ဓိဆုတ်ယုတ်လျှင် စုတင်မကျင့်အပ်။ သမာဓိတိုးလျှင် ကျင့်အပ်၏။ ကျင့် မကျင့် သမာဓိတိုးလျှင် တပါးသူတို့အတုလိုက်စေခြင်းငှါ ကျင့်အပ်၏။ ကျင့်မကျင့်သမာ ဓိမတိုးခြင်းတူလျှင် နောင်အခါ ဝါသနာပါဖို့သောငှါ ကျင့်အပ်၏။ စုတင်တန် သူ ၃။ မတန်သူ ၁။]

## ၁၁၂-ပံသုကူဠာန ၂၃-ပါး

၂၄၉။ သုသာန်၊ ဈေးဘန်း၊ လှည်းကြိုလမ်း၊ လူလမ်း၊ မှိုက်ပုံပါ(၅)
၂၅၀။ ကိုယ်ဝန်ညစ်ပေ၊ ဘုတ်ချီးရေ၊ စွန့်လေ ချီးဆိပ်မှာ(၃)
၂၅၁။ မီးလောင်၊ နွားဝါး၊ ကြွက်ကိုက်ထား၊ ချစား၊ ပြတ်-စွန်း၊ ဆာ(၆)
၂၅၂။ တောင်ပို့၊ လေယူ၊ ရဟန်းလှူ၊ နတ်လှူ တံခွန်လွှာ (၅)
၂၅၃။ သုသာန်ပြန်ထုတ်၊ ဘိသိက်အချပ်၊ သမုဒ်၊ တန်ခိုးသာ (၄)
၂၅၄။ နှစ်ဆဲ့သုံးဟူ၊ ပံသုကူ၊ ကောက်ယူ သုံးဆောင်ရာ။

## ၁၁၃-မနေအပ်သောသစ်ပင် ခုနစ်ပင်

၂၅၅။ တိုင်းကြား၊ နတ်ကြီး(၂)အသီး၊ စေးထွက်(၂) ခေါင်းသက်၊ ကျောင်းလယ်(၂)လင့်နို့တွယ်(၁)ရှောင်ဘွယ်ခုနစ်ပင်။

[ရုက္ခမူစုတင်ပျက်သည်မဟုတ်။ သမာဓိပျက်တတ်သည်။ ဘေးရန်မလွတ်။]

## ၁၁၄-ရတင်ဩပယ်သောအမိုးငါးပါး

၂၅၆။ အုတ်၊ ကျောက်၊ သစ်ရွက်(၃)ဂိတော၊ မြက်(၂)ငါးချက်အမိုးလာ။

[ငါးပါးဟုဆိုသော်လည်း အဝတ်မိုး၊ ပျဥ်မိုး၊ ဖျာမိုးများလည်း သဟသေယျ၌ မအပ်ကုန်။ ရတင်အရာ၌ အဝတ်မိုးတခုသာအပ်သည်။ ကြွင်းအားလုံး မအပ်။]

၁၃၀၀-ပြည့်နှစ်တွင် ညောင်လေးပင်မြို့ တောရကျောင်း နာယကဆရာတော်အရှင် ရဆောင်းထားသည်။

ဝိနည်းမှတ်စုလက်ာပြီး၏။

---

## နိဂုံး

သဗ္ဗုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟဒယေန ဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။
ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

အဟံ၊ ငါသည်။ သဗ္ဗုကပ္ပံ၊ သက်တော်ထင်ရှား မြတ်ဘုရားနှင့် အလားတူသော။ သုဝိနယံ၊ ကောင်းစွာပုံသေ ဆုံးမပေတတ် ဝိနည်းမြတ်ကို။ ဟဒယေန၊ စိတ်ကောင်း ထုံစိမ်ံ နှလုံးအိမ်ဖြင့်။ ဓာရေမိ၊ ဆောင်ရပေ၏။ ဝိနယံ၊ ဝိနည်းဂိုဏ်ကတ် ဘုရားမြတ်ကို။ သဗ္ဗဒါ၊ အခါခင်သိမ်။ နမဿမာနော၊ ဦးခိုက်မြတ်နိုး ရှိခိုးလျက်။ ဝိဟရိဿာမိ၊ နေရပေတော့အံ့။

ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ အာသယော၊ အိပ်စရာ နေစရာဖြစ်၏။ ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ ဌာနစင်္ကမံ၊ ရပ်ရာစင်္ကြံသွားရာဖြစ်၏။ ဝိနယေ၊ ဝိနည်း၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေမိ၊ ပြုရပေ၏။ ဝိနယော၊ ဝိနည်းသည်။ မမ၊ ငါ၏။ ဂေါစရော၊ အာရုံစားကျက် ဖြစ်ပေ၏။ ။အရှင်ဥပါလိသည် ဤသို့ ဥဒါန်းကျူးလေ့ ရှိသည်ဟု ထေရအပဒါန်ကျမ်း၌ ဆို၏။

ဤမှုဖြင့် ညောင်လေးပင်မြို့ တောရကျောင်းတိုက် နာယကဆရာတော်စီရင်သော ဒွေမာတိကာအရသာသည် ဝိနယကောသလ္လ၊ မှတ်ရ၊ လက်ဘတ်ကိုနှင့်တကွ ၁၃၀၀-ပြည့်နှစ်၌ ပြီးစီးခြင်းသို့ရောက်လေသတည်း။

ငါတို့ဆရာ ဘုရားမြတ်စွာသည် သုံးကျိပ်သုံးယောက်သော နတ်မင်းတို့၏စံရာ ဝတိံသာသို့ နှစ်လှမ်း သုံးဘဝါးဖြင့် ကြွသွားတော် မူနိုင်၏။ ထိုတန်ခိုးတော်သည် ငါတို့၏ ကာယဂမန၊ ဉာဏဂမနကို ပြည့်စုံစေ၊ ပေါက်သန်စေလျက် အရှင်ဥပါလိဥဒါန်းဖြင့် ရွှင်လန်းစေသတည်း။